
www.burmeseclassic.com



# ချစ်ဦးညို

# လက်ရွေးစင်ဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

သီဟရတနာစာအုပ် - (၇၈)

# လက်ရွေးစင် ဝတ္ထုတိုများ

ချစ်ဦးညို

လက်ရွေးစင်ဝတ္ထုတိုများကို စုစည်းထုတ်ဝေသည်

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် – | ၈၆၁/၂၀၀၄ (၈) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် – | ၉၃၇/၂၀၀၄ (၉) |

ပုံနှိပ်မှတ်တမ်း ■ ပထမအကြိမ်

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ

သီဟရတနာစာပေ

အုပ်ရေ ■ (၁၀၀၀)

ထုတ်ဝေသူ ■ ဦးသိမ်းစိုး

(မြ-၀၃၉၈၂)

(သီဟရတနာစာပေ)

အမှတ် (၁၇၀-D)၊ အင်းယားလမ်း၊

ကမာရွတ်မြို့နယ်။

မျက်နှာဖုံးနှင့် ■ ဒေါ်ခင်အေးမြင့်

အတွင်းပုံနှိပ် (ရာပြည့်အော့ဖ်ဆက်)

၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်။

ကွန်ပျူတာစာစီ ■ Glory

မျက်နှာဖုံးဝန်းဒီ ■ ဝသုန်

စာအုပ်ချုပ် ■ ကိုမြင့်

တန်ဖိုး ■ (၁၅၀၀)ကျပ်

BURMESE CLASSIC .com

## သီဟရတနာစာပေတိုက်မှထုတ်ဝေပြီးစာအုပ်များ

၁။ ဂျာနယ်ကျော်မမလေး၏ သူမ
၂။ ဂျာနယ်ကျော်မမလေး၏ ရင်မှတစ္ဆိုက်
၃။ ဂျာနယ်ကျော်မမလေး၏ မေတ္တာ
၄။ ဂျာနယ်ကျော်ဦးချစ်မောင်၏ သူ
၅။ ဂျာနယ်ကျော်မမလေး၏ နတ်ရေးငယ်ရွှေစာ
၆။ ဂျာနယ်ကျော်မမလေး၏ ကမ္ဘာမြေဝယ်
၇။ ဂျာနယ်ကျော်ဦးချစ်မောင်၏ အိမ်ကြီးမာယာ
၈။ ဂျာနယ်ကျော်မမလေး၏ စိတ်
၉။ ဆောင်းဝင်းလတ်၏ လွမ်းလောက်ပေသည်
၁၀။ ဂျာနယ်ကျော်မမလေး၏ သူလိုမိန်းမ
၁၁။ မောင်သိန်းတန်၏ သည်အရွယ်
၁၂။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ သေခြင်းနှင့် အားမာန်
၁၃။ ပါရဂူ၏ သုရားကျောင်း တံမြက်လှည်းသမား
၁၄။ ဒေါက်တာခင်လေးမြင့်၏ ကျွန်ုပ်၏သဒ္ဒါ
၁၅။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ မုန်တိုင်း
၁၆။ ဂျာနယ်ကျော်မမလေး၏ ရွှေလင်းယုန်
၁၇။ ဂျာနယ်ကျော်မမလေး၏ ပဂ္ဂလပညတ်
၁၈။ မြတ်ဆွေ၏ စာရေးဆရာတို့၏ အိုးအိမ်ထောင်ပုံရိပ်များ
၁၉။ မင်းဆွေ၏ နာမည်
၂၀။ မိချမ်းဝေ၏ အလွမ်းပင်ဆင့် ကျွမ်းရင်နှင့်
၂၁။ ဦးလှမို၏ ရှယ်နွာအစ ကောလျှာသ
၂၂။ လှထုစိန်ဝင်း၏ ပထမအမျိုးသမီးလမ်းထွင်သူများ
၂၃။ ဂျာနယ်ကျော်မမလေး၏ ရဲဘော်ဖခင်မှတ်တမ်း
၂၄။ မင်းခိုင်ဦး၏ ပန်းတို့သည်လည်း ရှုံ့ချင်းပြိုင်မည်နိုင်
၂၅။ ဇော်နောင်၏ အာရုံမျက်လုံးများဖြင့် အနောက်ကမ္ဘာကိုကြည့်ရှုခြင်း
၂၆။ ဟိန်းလတ်၏ သိစိတ်စီးကြောင်းဖြစ်တည်မှုသစ် ပဉ္စလက်သရုပ်မှန် နှင့် စာပေအနုပညာရေးရာ
၂၇။ ဂျာနယ်ကျော်မီသားစု၏ ဂျာနယ်ကျော်စီးဆင်းမှု
၂၈။ ရွှေဒေါင်း၏ ဘေဝရာဟင်လင်ကွန်း
၂၉။ ဒဂုန်တာရာ၏ မေ
၃၀။ နတ်နွယ်၏ ရင်သွေးနှင့် မိုဝရေးတီးယား ဝတ္ထုတိုများ
၃၁။ ဂျာနယ်ကျော်မမလေး၏ သူ့ခမအနုပညာရှင်
၃၂။ ဂျာနယ်ကျော်မမလေး၏ တမြူ
၃၃။ ချစ်ဦးညို၏ လက်ဘဒီပဋ္ဌာန်သူ
၃၄။ ဂျာနယ်ကျော်မမလေး၏ တွေးတစိမ့်စိမ့်
၃၅။ မန္တလေးကလောင်စုံ၏ မဆုံဖြစ်ကြသူများ
၃၆။ လူထုဒေါ်အမာ၏ ငွေနှင့်လက်နက်
၃၇။ ဒဂုန်တာရာ၏မြိုင်
၃၈။ ရွှေဒေါင်း၏ ရိုက်စပီးယား ဝတ္ထုတိုများ
၃၉။ မိချမ်းဝေ၏ လိုင်းနှစ်ထပ်ပင်လယ်
၄၀။ လှထုစိန်ဝင်း၏ အရှေ့ကိုမျှော်၍ အနောက်ကိုကြည့်ခြင်း
၄၁။ မြသန်းတင့်၏ ကံကောင်း
၄၂။ ချစ်ဦးညို၏ သုဝဏ္ဏဘုမ္မိဝေဓနာ
၄၃။ မင်းသုဝဏ်၏ ပန်းနှင့်ပင်စည်
၄၄။ ဂျာနယ်ကျော်မမလေး၏ မုန်းရှိမဟု
၄၅။ ဂျာနယ်ကျော်မမလေး၏ သွေး
၄၆။ ဟိန်းလတ်၏ကမ္ဘာကျော်စာရေးဆရာများနှင့် သူတို့၏စာများ

www.burmeseclassic.com

www.burmeseclassic.com


၄၇။ အောင်ဝေး၏ အေးမြမြမိုးလွှဲ
၄၈။ မောင်ဝံသ၏ ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၏ နိုင်ငံရေး၊စီးပွားရေး
မြင်ကွင်းကျယ်လေ့လာချက်
၄၉။ ဆောင်းဝင်းလတ်၏ မီးပြတိုက်
၅၀။ ဂျာနယ်ကျော်မမလေး၏ သူလိုလူ
၅၁။ ဒေါက်တာခင်လေးမြင့်၏ LET US SPEAK FRENCH
၅၂။ လူထုဒေါ်အမာ၏ မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ
၅၃။ ဂျာနယ်ကျော်မမလေး၏ မြန်မာ့ဆေးပညာ
၅၄။ ကျော်ဝင်း၏ လူများ ဖြစ်ရပ်များ တုရှုချက်များ(နိုင်ငံတကာအိုင်ဒီယာမိတ်ဆက်)
၅၅။ ချစ်ဦးညို၏ အချစ်ဖြင့်လောင်ကျွမ်းတောက်ပသူများ
၅၆။ ရွှေဘိုမိမိကြီး၏ ဗုဒ္ဓသာသနာ့ပြုပုဂ္ဂိုလ်ကျော် အနာဂါရိကဓမ္မပါလ
၅၇။ ဝသန်၏ သားကလေးအမည်မသိနှင့် ဝတ္ထုတိုများ
၅၈။ ချစ်ဦးညို၏ ချစ်သူသုန္ဒရီ
၅၉။ မြသန်းတင့်၏ အညတရရုပ်ပုံလွှာများ
၆၀။ တက်တိုး၏ မေတ္တာမွန် (Silas Marner)
၆၁။ မောင်ပေါ်ထွန်း၏ အကြီးအကဲ (The Haj-Leon Uris)
၆၂။ ချစ်ဦးညို၏ ပန်းမှုန်ဝေ
၆၃။ ကြည်ဦး၏ လွမ်းပင်တိုင်စံနှင့် နန်းဘုံသီဟာဘွေ
၆၄။ စံတင့်ထွန်း(လှကွန်း)၏ ရွှေမည်း၊ တိုယိုတာစီးရီးနှင့် အီကွေဲတာယဉ်ကျေးမှု
၆၅။ ဒဂုန်တာရာ၏ စန္ဒရားဆရာ (သို့) မဟာအချစ်
၆၆။ အောင်ပွင့်ဦး၏ ပညတ်ချက်အမှတ် (၁၁) သင့်အားမဖမ်းမိစေရ (Jeffrey Archer-
The Eleventh Commandment)
၆၇။ ချစ်ဦးညို၏ သစ္စာကပရိုဝ်နှင့် ကာဠုဗုဒ္ဓရက္ခိတ
၆၈။ မောင်မိုးသူ၏ ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်
၆၉။ မောင်ဝံသ၏ နိုင်ငံတကာအတွေး၊ နိုင်ငံတကာအမြင်
၇၀။ ချစ်ဦးညို၏ တရားရှင်နှင့်ရာဟုလာ
၇၁။ မောင်ပေါ်ထွန်း၏ ပက်တီဟတ်စ် နှင့် အက်စ်အယ်အေဂိုဏ်း
၇၂။ တက်တိုး၏ ကမ္ဘာကျော်သူလျှိုမယ် မာတာဟာရီ
၇၃။ ဂျာနယ်ကျော်မမလေး၏ မာလာရီ
၇၄။ နတ်နွယ်၏ တက္ကသိုလ်နှင့်ပြင်ပကမ္ဘာ
၇၅။ ဒေါက်တာခင်လေးမြင့်၏ မင်းသားလေး (Le Petit Prince)
၇၆။ မောင်ဝဏ္ဏ၏ ချစ်တဲ့သူငယ်လေ
၇၇။ သန်းမြင့်အောင်၏ ငိုခြင်း၊ ရယ်ခြင်း၊ နီးခြင်း၊ ဝေးခြင်း၊ . . . ဝတ္ထုတိုများ

လက်ရွေးစင်ဝတ္ထုတိုများ

**ဆက်လက်ထုတ်ဝေမည့်စာအုပ်များ**

၇၉။ လူထုဒေါ်အမာ၏ သက်တန့်ရောင်
၈၀။ မောင်သန်းဆွေ(ထားဝယ်)၏ အိမ်ရှေ့စံလိုင်မင်းမှသည်ဗျန်ဝီလီယံမောင်လတ်သို့
၈၁။ ညီမေမင်း၏ နလုံးသားမဲ့ဒေဝီ (သို့) အဲလစ်ဗောက်နှင့် သမိုင်းနောက်ခံ
ဇာတ်သားပြင်ကွန်ရက်များ
၈၂။ ဒဂုန်တာရာ၏ စိမ်းမြရော
၈၃။ ဂျာနယ်ကျော်မမလေး၏ လက်ရွေးစင် ဝတ္ထုတိုများ
၈၄။ ချစ်ဦးညို၏ မိမိနှင့် အဝိဇ္ဇာဏကများ
၈၅။ ပိုလ်အေးမောင်၏ မြားနက်
၈၆။ စည်သူမြသန်း၏ ဆရာမြသန်းတင့်၊ ဒေါက်တာဘဦး၊ ကျော်မောင်၊ အမှောင်ရိပ်ဝယ်
နှင့် အခြားဖြစ်ရပ်များ
၈၇။ ဒေါက်တာခင်လေးမြင့်၏ အိပ်မက်ဆန်သောဘဝ
၈၈။ မိုးဟိန်း(သားဂျာနယ်ကျော်)၏ ဆင့်၍ ဆင့်၍ ဆက်၍ ဆက်၍
၈၉။ ပါရဂူ၏ နေရွှေရာ
၉၀။ ညီပုလေး၏ လိဒ္ဒိဟူးကောင်း မင်ခြစ်မှတ်စုများ


# မာတိကာ


စာရေးသူ၏ ပဏာမစကား ၉
၁။ စရိုက်နှစ်မျိုးဖြင့်ပါဝင်သရုပ်ဆောင်သည် ၁၃
၂။ သောင်းထိုက်ကကျော် ၂၁
၃။ ဖျောက်ဆိပ်ကြယ် ၃၁
၄။ သူလည်းလေအနုပညာသမားပေမို့ ၄၁
၅။ အေသင်၏ချိုမြိန်သောအဆိပ် ၅၃
၆။ အင်တာဗျူးနှင့်တွေ့ဆုံခြင်း ၆၅
၇။ အမေနှင့် အမေ၏အာမခံ ၇၅
၈။ နတ်ကျုံးတောရ အိပ်မက် ၈၃
၉။ တမောင်း . . . တမောင်း . . . တို့တမောင်း ၉၇
၁၀။ ဘူဖေးစားသူများ ၁၀၇
၁၁။ ရဲမြတ်စွာသိပါသည် ၁၁၇
၁၂။ လိပ်တစ်ကောင်အကြောင်း ၁၃၁
၁၃။ ဘက်ဂရောင်း ၁၄၃
၁၄။ တြိမေတ္တာ သီတာဒေဝီ ၁၅၃
၁၅။ အဲမွန်ဒယာရဲ့ သူရဲကောင်း ၁၆၅
၁၆။ ဤမှန်သောသစ္စာစကားကြောင့်
ဤမီးတောက်မီးလျှံများသည် ၁၇၉
၁၇။ ကော်ကေးဆပ်တောင်/ဆိုင်သီယာကျောက်ဆောင်စွန်း ၁၈၉
၁၈။ လပြည့်ညပုညရှင်စေတီရင်ပြင် ၁၉၉
၁၉။ ပန်းပုပြိုင်ပွဲ ၂၁၃
၂၀။ ဖြတ်ကျော်ကူးသန်းကြသူ နှစ်ယောက်အကြောင်း ၂၂၇
၂၁။ ဒေါက်တာမဟိန္ဒနှင့် သူ၏လောကနဝှာများ ၂၃၉
၂၂။ မဏ္ဍိမ ချစ်ခြင်းမေတ္တာ ၂၅၃
၂၃။ ဗျူဟ ၂၆၅
၂၄။ စိုင်တစ်ကောင်၏ ရာဇဝင် ၂၇၇
၂၅။ တစ်ဆိုဆို့ ဇေယျာအောင်ချာ ၃၀၃


www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ပဏာမစကား

ဝတ္ထုတိုများ စုစည်းထုတ်ဝေခြင်းအဖြစ် "ကောင်းလှချည်လား၊ ဒေါင်းမြကြည်"ဝတ္ထုတိုများ (၁၉၈၂) "တစ္ဆေနှင့်အခြားဝတ္ထုတိုများ"၊ (၁၉၈၄) "ဗုဒ္ဓယဉ်ကျေးမှု ဝတ္ထုတိုပေါင်းချုပ်၊ (၁၉၈၉) (၂၀၀၂) "ရက္ခစိုးမယားနှင့် အခြားဝတ္ထုများ"၊ (၁၉၉၅) (၂၀၀၂) စသည့်စာအုပ်များ ထွက်ရှိပြီးခဲ့ပေပြီ။ ယခု- လက်ရွေးစင်ဝတ္ထုတိုများ" . . . . ။

ဝတ္ထုတိုဟူသော စာအနုပညာပုံစံနှင့်ပါတ်သက်၍ အထွေအထူးဆိုရန်မရှိတော့ပါ။ ဆိုလျှင်လည်း အကျယ်အကျယ် စာဆိုရမည်ဖြစ်ပါသည်။ ဝတ္ထုတိုအကြောင်း ပြောပြသောဖွင့်ဆိုချက်တွေလည်း အများအပြားရှိကြပါသည်။ အားလုံးပင် လေးစားအပ်သော ဖွင့်ဆိုချက်များဖြစ်ကြပေသည်။

ဤ"လက်ရွေးစင်ဝတ္ထုတိုများ"ကို ထုတ်ဝေဖို့ စုစည်းစီစဉ်ကြချိန်မှာသည်း မိမိစိတ်ထဲတွင် ခိုအောင်းနေခဲ့သည့်ကိစ္စမှာ "လက်ရွေးစင်"ဆိုသောစကားဖြစ်၏။ အဘိဓါန်က လက်ရွေးစင် = အများအစား၊ အရည်အချင်းစသည့် သာလွန်ကောင်းမွန်ချက်အရ ရွေးချယ်ထားသောပုဂ္ဂိုလ်, အရာဝတ္ထုဟု ဖွင့်သည်။ အင်္ဂလိပ်ဝေါဟာရအရ လက်ရွေးစင်ကို Selected, Choice, Elite ဟု ပြသည်။ Elite ကို တစ်ခုသော အဘိဓါန်က ဖွင့်ပေးထားပုံမှာ အထက်တန်းလွှာ လူ့မလိုင်ဟူ၏။ နည်းနည်းများရင့်သီးနေသလားဟူ၍ နောက်တစ်အုပ်ကို ကြည့်သောအခါ "ဩဇာတိက္ကမအရ၊ လွှမ်းမိုးနိုင်မှု၊ အင်အားအရ၊ အသိဉာဏ်အရ၊ ဓနဥစ္စာအရ၊ အများထက်ပိုမိုမြင့်မားကောင်းမွန်သော အုပ်စုအဖွဲ့"ဟု အနက်ပေးထားသည်ကို တွေ့ရပါသည်။

●

အလောင်းမင်းတရားလက်ထက် လက်ဝဲ၊ လက်ယာ ၁၆-တပ်ခွဲရာတွင် ရွေးလက်ယာတပ်၊ ရွေးလက်ဝဲတပ်ဟူ၍ ပါဝင်သည်။ ထိုရွေးလက်ယာ၊ ရွေးလက်ဝဲ သေနတ်အစုမှာ၊ ရဲယောင်မြန်မာ သံစွမ်းမှုများကို ထပ်မံရွေးကောက်ကာ သေနတ်စု လက်ဝဲသွေးသောက်တပ်အဖြစ် ထပ်ဖွဲ့သည်။ "လက်ရွေးကြီး လေ့သင်းဗိုလ်"ဟူသော ရာထူးမှာ မြန်မာဘုရင်၏ရေတပ်၌ အဆင့်မြင့်ရာထူးဖြစ်သည် . . . စသည်ဖြင့် စာအုပ်များတွင် ဖတ်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်"လက်ရွေးစင်"ဆိုသည်မှာ အများထဲမှ ထပ်၍ကောက်၊ ထိုအထဲမှ ထပ်၍ထပ်၍ကောက်သော တကယ့် ဒေါင်ဒေါင်မြည်သဘောကို ညွှန်းလေသည်။ ရွေးချယ်ခံရသော ပုဂ္ဂိုလ်၊ အရာဝတ္ထုဆိုသည်မှာ သတိကြီးစွာဖြင့် စိစစ်ကောက်ယူထားသည့် အကောင်းဆုံး အလျှော်ကန်ဆုံး ဂုဏ်ရည်များဖြင့် ပြည့်စုံရပေမည်။

တစ်ချိန်တုန်းအခါဆီကမူ နိုင်ငံရေးသိပ္ပံဘာသာရပ်၊ နိုင်ငံရေးဒဿနဘာသာရပ်များတွင် ကမ္ဘာ၌ထင်ရှားခဲ့သော ပုဂ္ဂိုလ်ကြီးများရေးသားပြုစုခဲ့ကြသည့်စာပေများမှ ကောက်နုတ်လျှက် "လက်ရွေးစင်ကျမ်းများ"အဖြစ် ပြဋ္ဌာန်းထားသည်များကို ဖတ်ရှုလေ့လာခဲ့ရပါသည်။ ဥပမာ . . . လီနင်ဆိုပါစို့ သူ့ကျမ်းတွေက အတွဲ (၄၀၊ ၅၀) ရှိမည်။ ယင်းတို့အထဲကမှ ကျမ်း အမှတ်ဘယ်၍၊ ဘယ်လောက်ကို ထပ်မံရွေးချယ်စုစည်းကာ လက်ရွေးစင်ကျမ်းအဖြစ် ထပ်ပြဋ္ဌာန်းကြသည်။ ကျမ်းပေါင်းချုပ် COLLECTIVE WORKS မှသည် လက်ရွေးစင်ကျမ်း SELECTED WORKS အဖြစ်သို့ ထပ်မံရွေးကောက် စုစည်းခြင်းဖြစ်လေသည်။

အလိုလေး . . . "လက်ရွေးစင်"ဟူသော ဝိသေသသို့ရောက်ဖို့ဆိုတာ မလွယ်ပါလား . . . . . ။

●

ယခု "လက်ရွေးစင်ဝတ္ထုတိုများ"ဟု အမည်နာမတပ်လိုက်ပါသည်။ ရေးခဲ့သမျှ ဝတ္ထုတိုများထဲမှ တကယ့်အနှစ်အသားပါပါ၊ ဒေါင်ဒေါင်မြည်ဝတ္ထုများ ဟုတ်ပါလေစ။ ဟုတ်ပြီဆိုလျှင် ဤလက်ရွေးစင်စာရင်း၌ မပါဝင်ဘဲ ကြွင်းကျန်ရစ်ခဲ့သော ဝတ္ထုများကကော သာမန်မှတ်တမ်း သို့မဟုတ် ခပ်ညံ့ညံ့များဖြစ်သွားကြလေသလား . . .။ ဒါဆိုရင် ကျွန်တော်တို့ စာရေးသူများသည် စာဖတ်သူဆီသို့ အလေး၊ အကာ၊ အနာ၊ အဖျင်းတွေကိုလည်း ပို့ပေးနေကြသတဲ့လား။ တစ်ခါတစ်ခါကျမှ မျက်ကန်း ဖတ်လို့ခံစားလို့ရနိုင်သည့် ဝတ္ထုများကို ထုတ်လုပ်တတ်ကြလေသလား . . .။

"လက်ရွေးစင်"ဟူသောစကားလုံးကို အခြေခံ၍ ကျွန်တော်အတွေးတွေ တစ်လှေကြီး သီမိနေတော့သည်။

ကျွန်တော်သည် လူသုံးကုန်ပစ္စည်းတစ်ခုခုကို ထုတ်လုပ်ရောင်းချသူတစ်ယောက်သာဖြစ်ပါလျှင် အလွန်စျေးခေါ်ညံ့သော၊ ကြော်ငြာအတတ်ပညာ-



ချို့တဲ့သော သူဖြစ်ပါလိမ့်မည်။ တကယ်တမ်းရေးသင့်သည်က ဤစာအုပ်ပါဝတ္ထုများသည် ရေးခဲ့ပြီးသမျှ စိတ်ကြိုက်အတွေ့ဆုံး၊ အကြိုးစားဆုံး၊ အားအထုတ်ဆုံး ဝတ္ထုများချည်းသာ ဖြစ်ပါကြောင်း၊ တကယ့်ကို လက်ရွေးစင်စကာတင်များဖြစ်ပါကြောင်း . . . စသည်ဖြင့် စျေးခေါ် ကြော်ငြာသင့်ပေသည်။ စာဖတ်သူအတွက် တစ်ခုခုကို ဧကန်ရရှိစေရမည်ဟု အာမခံကြောင်း ဘာညာစသည်ဖြင့်ပြောသင့်ပေသည်။ ကျွန်တော့် နှုတ်မှထိုသို့မထွက်ပါ။

●

ဝတ္ထုတစ်ပုဒ်ဖြစ်ပေါ်ပေဖို့ အခြေခံများတွင် အတွေ့အကြုံများ၊ စာဖတ်ခြင်းများ၊ လေ့လာအားထုတ်မှုများ၊ စုစည်းသုံးသပ်မှုများ၊ ထက်သန်စေတနာများ ပါဝင်နေကြသည်ဆိုတာကို အများသိပြီးဖြစ်ပါသည်။ ဇာတ်ကောင်များကို ဖန်တီးခြင်း၊ ဒိဋ္ဌလောကဖြစ်ရပ်နှင့် စိတ်ကူးဖြစ်ရပ်ကို ဆက်စပ်ခြင်း၊ ဇာတ်ကောင်စရိုက်များ၌ ပူးကပ်ခြင်း၊ ရင်ငွေ့ပေးခြင်း၊ မျက်ခြေမပြတ်ကြည့်ရခြင်း . . . စသည့်အချက်များကိုလည်း အများသိပြီးဖြစ်ပါသည်။

ထိုအထဲတွင် ပြောဖို့ခက်သောအရာမှာ ဖန်တီးမှုစွမ်းအင်ကို "နိုး"လာစေသည့်၊ ဩဇာသက်ရောက်မှုပင်ဖြစ်သည်။ ဒါကိုအချို့က လက်မိုင်းပူးခြင်း၊ မှော်ဝင်ခြင်း၊ လိပ်ပြာနိုးခြင်း၊ အာရုံဝင်စားခြင်း . . . ဟူ၍လည်း ခေါ်ကြပါသည်။ အင်္ဂလိပ်လို [INSPIRATION] ဟုခေါ်ပါသည်။

အင်စပီရေးရှင်းသည် စာပေအပါအဝင် အနုပညာအလုပ်တစ်ခုခုဖြစ်ပေါ်လာဖို့အတွက် အလွန်သိမ်မွေ့စွာပါဝင်နေသော စွမ်းအင်ကြီးတစ်ခုဖြစ်သည်ဟု ထင်ပါသည်။ သူက စိတ်လှုပ်ရှားမှု၊ စိတ်ခံစားမှုနှင့်လည်းမတူပါ။ ဝတ္ထုတစ်ပုဒ်ကို သာဓကဆောင်၍ ဤသို့ ဤနှယ် "အင်စပိုင်းယား"ဖြစ်လာပြီးရေးဖြစ်ပါသည်ဟု ပြောရန်လည်းမလွယ်ပါ။ ဆရာဇော်ဂျီကတော့ ဗေဒါလမ်းကဗျာတစ်ပုဒ်ဖြစ်လာခဲ့ပုံကို အဆင့်ဆင့်အသေးစိတ်ဖွင့်ပြခဲ့ဘူးလေသည်။ ဆရာဇော်ဂျီဘာသာပြန်သည့် "ပလေးတိုးနိဒါန်း"မှ ဆော့ခရတ္တီးကဗျာသဘောအယူအဆတွင်မူ စာဆိုတို့စိတ်သည် စာဆိုနေသည့်အခိုက် အပူးအဝင်ခံကြရ၍ နဂိုစိတ်အဖြစ်၌ မရှိပြီဟု ဆိုပါသည်။

ဤစာအုပ်ပါ လက်ရွေးစင်ဝတ္ထုတိုများနှင့် ပတ်သက်၍ ကျွန်တော် အဓိကပြောချင်သည်မှာ ဤ INSPIRATION ပင် ဖြစ်ပါသည်။

ဤဝတ္ထုတိုများကို ဖတ်ရှုပြီးသကာလ၊ စာဖတ်သူ၌ . . . …တစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com

ရရှိသွားစေရမည်ဟု ကျွန်တော်အာမမခံနိုင်ပါ။ အာမမခံစကောင်းဟုလည်း ဆိုချင်ပါသည်။ အမှန်တော့ အနုပညာပစ္စည်းတစ်ခုခု၏ တစ်ဖက်တစ်ချပ်စီ၌ ရှိနေသော ရေးသူ၊ ဖတ်သူတို့အကြား ပေးခြင်း၊ ယူခြင်း သဘောကိုယ်နှိုက်ကပင် သိမ်မွေ့ပါသည်။ ထို့ကြောင့်ပင် မျှဝေခံစားနိုင်ကြပါစေဟူ၍ အချို့က မယုတ်မလွန် ပြောလေသလားမသိပါ။

ကျွန်ုပ်စာအုပ်ထဲမှ ဝတ္ထုတစ်ပုဒ်စီတိုင်း၏ နောက်ကွယ်တွင် စာရေးသူ၏ အင်စပီရေးရှင်း ရှိနေသည်။ ထိုလိပ်ပြာ (ဆိုပါစို့)၏ နိုးမှု၊ အတောင်ပံခတ်မှုသည် စာဖတ်သူထံ၌ တစ်နည်းနည်းဖြင့် ကူးစက်၍ စာဖတ်သူကိုယ်တိုင် တစ်ခုခု "အင်စပိုင်းယား" ဖြစ်သွားသည်ဆိုပါလျှင် ကျွန်တော်တို့၏ ရေးခြင်း၊ ဖတ်ခြင်းအမှုသည် ကိစ္စပြီးမြောက် ရောက်ရှိသွားပြီဟု ဆိုချင်ပါသည်။

ထိုသို့မဟုတ်မူဘဲ၊ ဘေးထွက်သက်ရောက်မှု တစ်ခုခု ဖြစ်ပေါ်လာပြီဆိုပါက ထိုသို့ဖြစ်ပေါ်စေသော ထိုဝတ္ထုကို စာဖတ်သူအနေဖြင့် "လက်ရွေးစင်" စာရင်းက ထုတ်ပယ်ပစ်လိုက်ဖို့ အားမနာပါနှင့်။

တကယ်တော့ လက်ရွေးစင်ဆိုသည်မှာ စာရေးဆရာကသာ ပိုင်ဆိုင်ထားသည့် တစ်ဘက်သက်အခွင့်အရေးမှ မဟုတ်ဘဲ၊ သူရွေးတိုင်း လက်ရွေးစင်ဖြစ်ရမှာလား . . . ။ ထိုသို့ပင် . . . စာဖတ်သူက၊ ရိုးရှင်းဖြောင့်မတ်စွာ မှတ်ကျောက်တင်စေလိုပါကြောင်း . . . . ။

ချစ်ဦးညို
(၂၀၀၄ - ခုနှစ်၊ ဩဂုတ်လ)

## စရိုက်နှစ်မျိုးဖြင့်ပါဝင်သရုပ်ဆောင်သည်

"လွင်မိုး - ဒွေး လာလာ ကျော်သူ၊ စိုးသူ၊ ရဲအောင် လာလာလာ ဟဲ့ ဟိုဘက်က စိုးမြတ်သူဇာက ဘယ်ကွေ့သွားတာလဲ။ ငါ ရိုက်လိုက်ရနော်။ အဲ့မယ် ဟောဒီ ရန်အောင်တစ်ယောက်တော့ ခက်နေပါပြီကော။ သူပဲ ဖွဲ့ဖွဲ့ ဆွက်ချင်နေတယ်။ ဟဲ့-ဟဲ့ စိုးမြတ်နန္ဒာ ဘယ့်နှဲ့ကြောင့် သူများကို သွားလုပ်နေရတာလဲ။ ထွန်းအိန္ဒြာဗိုကော သမီးဘယ်ရောက်နေသလဲ။ ဪ ဒီမှာကိုး။ လာလေဟဲ့၊ ဟောဟိုရှေ့က မင်းမော်ကွန်းက ဘာလုပ်နေပြန်တာတုံး။ အဲ့မှာ ကိုကိုလင်းမောင်နဲ့ ရန်စောင်နေကြပြန်ပြီ။ ပါးစပ်ကလဲ မနားတမ်းအော် လက်ထဲကဘာဘ်ကိုလဲ မနားတမ်းယမ်းကာ တာရိုးနိမ့်လျှောပေါ် လျှောက်နေရတာမို့ ခြေဘုပ်မြဲအောင်လဲ သတိထားရသေး။ "ဟဲ့-ဟဲ့ မျိုးသန္တာထွန်း ဘာကြီးဆွဲထုတ်နေတာလဲ။ အိုမလုပ်နဲ့လေ။ မော့စ် မော့စ် နင်အားကြီးဆိုးတယ်။ ဘယ်နှယ့် သူများအစာကို ဇွတ်လုနေရတာလဲ။ ဟော ရဲကိုကို ဘာဖြစ်လို့ နောက်ပြန်ကွေ့တာလဲ။ ဟိုငါရိုက်လိုက်ရနော်"

တတ်နိုင်ဘူး။ တာရိုးစောင်းကနေ ရွှံ့စပ်ထဲအထိ ဆင်းလိုက်ရတယ်။ ဒီမှာ လုယက်နေကြပြီလေ။ မော့စ်က အားကြီးဆိုးတာ။ ကြည့်လေမျိုးသန္တာထွန်းဆီက အစာကိုသူရသွားပြီ။ အဲတော့ သူ့နောက်ကို ကျော်ဟိန်းရယ်၊ မိုးဒိုးဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



တင့်တင့်ထွန်းရယ် ဝိုင်းအုံလိုက်သွားကြပြီ။

"ဟဲ့ ထက်ထက်မိုးဦး သမီးနေမကောင်းဘူးလား။ အမွေးတွေထောင်လို့။ လာလာ ဒီဘက်လာ။ အိုအို နေအောင်နော်။ အကောင်းကြီးဆိုပြီး အနိုင်မကျင့်နဲ့နော်။ ငါ ကျော်ဟိန်းနဲ့ လွှတ်ပေးလိုက်မယ်။ အံ့မယ် ဟိုဟာက လင်းဇာနည်ဇော်လေးလား။ အေး တစ်ကောင်တည်း နောက်ကျန်နေဦးမယ်။ လာဟဲ့ ဒီဘက်ကို"

အဟင်းဟင်း မောလဲမောရရဲ့။ ပျော်လဲပျော်ရရဲ့။ ဒီဘဲအုပ်နဲ့ ကျုပ်က တော့ဟုတ်လို့။ ဘာတဲ့ဟိုသီချင်းလိုလေ။ ဘဲအုပ်ကတစ်ရာနှစ်ရာမပေဒါက တစ်ပင်တည်းဆိုလား။ ရွာကလူတွေကတော့ ဖျက်ဆိုကြတယ်လေ။ ဘဲအုပ်က တစ်ရာနှစ်ရာ လုံးတင်မကတစ်ကောင်တည်း။ဟွန်းကျုပ်ကိုများ"ကောင်"တဲ့ လေ။

ပြီးတော့ပြောကြသေး။ လုံးတင်မ နင့်ဘဲတွေက လူတွေဖြစ်ပြီး နင်က တိရစ္ဆာန်ဖြစ်သွားပြီတဲ့။ ပြောလဲပြောစရာ။ ကျုပ်က ကျုပ်ဘဲတွေကို အကုန်လျှောက်ပြီး လူနာမည် ဟီဟိ မင်းသား၊ မင်းသမီးနာမည်တွေပေးထားတာကိုး။

ဟိုမျက်လုံးပြူးပြူးနဲ့ကောင်က ရန်အောင်၊ မှုန်သိုးသိုးက ကျော်သူ၊ နှုတ်သီးပိုချွန်တာက စိုးသူ၊ အမောက်တိုတိုနဲ့က ဒွေး၊ လည်ပင်းကို တအားတအား ဆန့်ထုတ်တာက လွင်မိုး။ မျက်လုံးအရစ်မည်းနေတာက ကိုကို လင်းမောင်။ ခဏခဏ ရေငုပ်တာက ရဲအောင်၊ လည်ဆံမွေးဖွာနေတာက ဇော်စစ်၊ ခေါင်းကြီးကြီးက မိုးဒီ၊ တဂပ်ဂပ် အသံအကျယ်ဆုံးက ကျော်ဟိန်း။

လင်းဇာနည်ဇော်ကတော့ ကိုယ်လုံးသေးတဲ့ ဘဲမလေးပေါ့။ နည်းနည်းဖွံ့တဲ့ဟာလေးက စိုးမြတ်သူဇာ၊ လည်ရစ်လှလှနဲ့ဟာက ထွန်းအိန္ဒြာဗို၊ အစာရှာဘတ်တာက မိုးသန္တာထွန်း၊ လုံးလုံးလေးက နန္ဒာလှိုင်၊ နှုတ်သီးအရစ်ကြီးကြီးက ခေသန်းနု၊ ခေါင်းဝိုင်းဝိုင်းလေးက ထက်ထက်မိုးဦး။

ရှိသေးတယ်။ ဘယ်လောက်စားစား ပိန်နေတဲ့ စိန်ဂွတ်ထော်တို့၊ ဖောင်းဖောင်းလုံးလုံး မတူးတို့၊ လည်ဆံတွေ ကြို့တို့ကြဲတဲ စံမတူတို့၊ လှစ်ခနဲလှစ်ခနဲရေငုတ်တတ်တဲ့ ဇာဂနာတို့။

ရွာကပြောကြတော့တာပေါ့။

"နွေလည်းနွေပ့ါ လုံးတင်မရယ်။ ကိုယ်ကျောင်းတဲ့ ဘဲအုပ်ထဲက ဘဲတွေကို အကုန်လုံး အကောင်စေ့ မင်းသား၊ မင်းသမီးနာမည်တွေ လျှောက်ပေးထားရတယ်လို့"





ကိုယ့်ဘာသာကိုယ်ကြိုက်လို့ပေးတာပဲ။ တော်တို့လဲ ကိုယ့်စိတ်ကူးရှိရင် ပေးကြပေ့ါလို့ ပြန်အော်ထည့်လိုက်တယ်။ ဒီတော့မှ . . .

"ပေးတတ်ပေါင်ဟယ်၊ နင့်လို ပေါက်ပေါက်ရှာရှာ။ အင်းလေ ဟုတ်တော့ ဟုတ်သားဟ။ လုံးတင်မက သူ့ဘဲတွေကို တစ်ကောင်ချင်း နာမည်နဲ့ တပ်ပြီး မှတ်မိတယ်" တဲ့။

ဘဲကျောင်းသမဆိုတာ နွားတွေ ကျွဲတွေကျောင်းရတာလောက် မခက်ဘူးထင်ရပေမယ့် တကယ်မောတဲ့အလုပ်တွေ၊ [illegible] နွားကို၊ ကျွဲတို့က အကောင်ကြီးကြီးတွေဆိုတော့ စားကျက်ထဲလွှတ်ထား [illegible] ပါမြဲသိမှာ လျှော့နေလဲသိသာတယ်။ ခဏလောက်သံနားစွင့်ပြီး ဘယ်အကောင် ဘယ်ရောက်နေတယ်ဆိုတာ ရှာလို့လွယ်တယ်။ ပြီးတော့ နွားတွေ၊ ကျွဲတွေက အစာဝရင် စားမြုံ့ပြန်ပြီး ငြိမ်သွားကြတာ။

ကျုပ် ဘဲအုပ်ကတော့ ပြောမနေနဲ့။ ခြံထဲက လွှတ်လိုက်ပြီဟေ့ ဆိုတာနဲ့ တဂပ်ဂပ်နဲ့ မနားတမ်းအော်။ ဟိုထိုးဒီထိုးနဲ့ ရေငုပ်လိုက်၊ အစာရှာလိုက်၊ ကူးလိုက်နဲ့ တစ်ချက်မှ အငြိမ်နေတာမဟုတ်ဘူး။ ဘဲကျောင်းသမားဆိုတာ လွယ်မှတ်လို့။ မျက်စိလျှင်ရတယ်။ ခြေသွက်ရတယ်။ ရေစပ်၊ ကုန်းစပ်၊ အိုင်စပ်၊ ဒိုက်တော၊ ဗွက်တော၊ ကိုင်းတော၊ ကန်သင်းရိုး မနားတမ်းနင်းရတာ။ နွားကျောင်း၊ ကျွဲကျောင်းသမားလို သစ်ပင်ရိပ်ထိုင်ငိုက်၊ ပလွေတိုမှုတ် ဆိုတာမျိုး လုပ်လို့ရတာမဟုတ်ဘူးတော့်။

ထားပါလေ၊ ကျုပ်တို့ရွာက ကလေးတွေ၊ လူကြီးတွေမှန်သမျှ ဘဲမကျောင်းဘူးတဲ့ လူမရှိဘူး။ ဒီလိုပဲ တုတ်တယမ်းယမ်းနဲ့ ဟေ့ဟဲ့အော်ပြီး ဘဲကျောင်းကြတာချည်းပဲ။ ဒါပေမယ့် အဟင်း-ဟင်း လုံးတင်မတို့ကိုတော့ ဘယ်ဘဲကျောင်းသမမှ မမီဘူးတော့်။ သိလား။

ကျုပ်က ဘဲတွေကို ချစ်တတ်တယ်လေ။ သူတို့ ဝရုန်းသုန်းကားနဲ့ မျက်စိနောက်စရာ ဖြစ်နေတာတွေကိုပဲ ကျုပ်က သဘောကျနေတာ။

ရှေ့ဆုံးကအကောင်နောက်ကို နောက်က အကောင်တွေ တစ်အုပ်ဘစ်မကြီး လိုက်လိုက်သွားကြတာကိုလဲ ကျုပ်ကကြည့်ပြီး သဘောကျရင်း နားနေမိတယ်။ ဘာမှမသိကြရှာဘူး။ ရှေ့ဆုံးကကောင် ကွေ့ရင်ကွေ့၊ ရပ်ရင်ရပ် နောက်ကောင်တွေဟာ ရှေ့ကောင်တွေအတိုင်း အတုန်လိုက်လုပ်ကြတာ။

အဲ-သူတို့ကို သနားမိတာရယ်၊ ဘဲကျောင်းရင်းနဲ့ ကျုပ်ကိုယ်တိုင်ချစ်



www.burmeseclassic.com

www.burmeseclassic.com



အပျင်းပြေအောင် လုပ်ချင်တာရယ်၊ အဲဒါနဲ့ပဲ ကျုပ်ကြိုက်တဲ့ ဗွီဒီယိုထဲက မင်းသား၊ မင်းသမီး ဇာတ်လိုက်တွေနာမည်ပေးဖို့ စိတ်ကူးရခဲ့တာ။ ဇာတ်လိုက်နာမည်တွေပေးထားတော့ ကျုပ်ဘဲတွေကို ကျုပ် ပိုပြီး သံယောဇဉ်ကြီးလာတယ်။ သူတို့ကိုကျောင်းရင်းနဲ့ ကိုယ်ပေးထားတဲ့နာမည်တွေ အော်ရ ခေါ်ရတာကလဲ ကျုပ်အတွက် ပျော်စရာကြီးဖြစ်နေတယ်လေ။

ဘယ်လောက်ဟန်ကျသလဲ။ ဘဲကျောင်းလို့ရတဲ့ ပိုက်ဆံထဲကနေပြီး [illegible] မအောင်ပင်းမောင်။ ဇာတ်လိုက်နာမည်တွေကို ဘဲတွေပေး။ ဘဲ တောဟုတ်[illegible]ကို မထင်မိဘူး။ ဗွီဒီယိုထဲက မင်းသား၊ မင်းသမီးတွေနာမည် အော်အော်ခေါ်နေရတာနဲ့ပဲ မောလို့မောမှန်းမသိ။ ဘယ်လောက်ဟုတ်သလဲ။

ဒါကြောင့် ရွာကပြောတာ . . .

လုံးတင်မတို့ကတော့ ဟုတ်ဟုတ်သေးတော့ကွာ။ ဘဲကျောင်းလို့ရတဲ့ ပိုက်ဆံနဲ့ ဗွီဒီယိုရုံပြေးလိုက်၊ သူ့ဘဝကတော့ ဘဲနဲ့ ဗွီဒီယိုပါပဲတဲ့၊

ဘဝတွေ၊ ဘဝက်တွေနဲ့ကို ချိုပြီးပြောကြတာ။ ဒီစကားကိုတော့ ကျုပ်ကဘ မှ ပြန်မပက်တော့ပါဘူး။ သူတို့ပြောတာလဲ ဟုတ်နေတာကို။

"လုံးတင်မ နင့်ဘဲတွေကို ဒီနေ့ ခြံထဲစောစောပြန်သွင်း။ ခါတိုင်းလို ထမင်းစားချိန်ထိ စောင့်မနေနဲ့သိလား"

သန်းရင်မမျက်နှာက ရေးကြီးသုတ်ပြာနဲ့ ဒီကောင်မ ဒီလိုချည်းပဲ။ ဘာမဆို သေးရေးရှင်ရေး ဖြစ်နေတာ။

"ဘာဖြစ်လို့လဲဟ"

"နင်မသိသေးဘူးလား။ ဘကြီးထိန်တို့ဘဲခြံရဲ့ တောင်ဘက်ကွင်းမှာ ဗွီဒီယိုလာရိုက်မလို့တဲ့"

အမလေး တစ်ကိုယ်လုံးကိုတုန်သွားတယ် အောက်မေ့ရတယ်။

ဘကယ်၊ ဘယ်သူ၊ ဘယ်သူတွေပါမတဲ့လဲ ဟင်. . .

"မင်းသားက လွင်မိုးတဲ့၊ မင်းသမီးက ထွန်းအိန္ဒြာဗိုတဲ့။ ပြီးတော့ ဝတ်ရည်ရွှေစင် တဲ့"

"ဟယ် ကောင်မရယ်၊ တကယ်၊ တကယ်လား၊ ဝတ်ရည်ရွှေစင် တဲ့လား၊ သေချာတယ်နော်"

"သရက်ကွင်းနားမှာ ပြင်ဆင်နေကြပြီတဲ့။ ငါအခု ထမင်းအိုးနှပ်ပြီးရင် သွားတော့မလို့။ ငါတို့တော့ ဒီနေ့ ဘဲကျောင်းမထွက်တော့ဘူး။ ယမင်း





ထုပ်နဲ့ကို သွားကြည့်မှာ။ ဗွီဒီယိုရိုက်တာ တစ်နေကုန်ကြည့်"

သန်းရင်မ စကားဆုံးအောင် ကျုပ်မစောင့်တော့ဘူး ဝုန်းခနဲ ထပြေးခဲ့တော့တာပဲ။ အမယ်လေး ဝတ်ရည်ရွှေစင်ပါသတဲ့၊ အပြင်မှာ လူကိုယ်တိုင် မြင်ဖူးရတော့မယ်။ ဝတ်ရည်ရွှေစင်ကို အပြင်မှာ မြင်ဖူးရရင် သေပျော်ပါပြီတော်။ ကျုပ် တအား တအား ကြိုက်တဲ့ မင်းသမီးလေး။

မနေ့ညကမှ သူပါတဲ့ ဗွီဒီယိုကား ကြည့်ထားသေးတယ်။ ဒွေးနဲ့ ထက်ထက်မိုးဦးနဲ့ ဝတ်ရည်ရွှေစင်က နှစ်ကိုယ်ခွဲလေ။ တစ်ယောက်က အေးအေးနူးရိုးလေး။ အငယ်မက ခေတ်ဆန်ဆန်၊ ဇာတ်ကားအမည်က အချစ်ငါမသိတဲ့၊ ဝတ်ရည်ရွှေစင်ကလေ အဲဒီကားထဲမှာ အကြီးမလုပ်တာကို ကျုပ်က တအားချစ်တာ။ အငယ်အတွက် အနာခံပြီး သူကြိုက်တဲ့ဒွေးကို မကြိုက်ချင်ဟန်ဆောင်ရတာ ကျုပ်ဖြင့် မျက်ရည်သုတ်ခဲ့ရသေးတယ်။

အမလေး ဝတ်ရည်ရွှေစင်ပါသတဲ့။ ကျုပ်ကုသိုလ်ကံထူးလိုက်တာ။ အပြင်မှာ မြင်ဖူးရတော့မယ်။ လုံးတင်မတို့ သေပျော်ပါပြီတော်။

လွင်မိုးကလဲချောလိုက်တာတော်။ အိုလို့၊ အရပ်ကြီးကလည်း အရှည်ကြီး။ ကျုပ်တို့ဘက်လှည့်ပြီးပြုံးပြတော့ ကျုပ်တို့တတွေ ဟီး ဆိုအော်ကြတာပဲ။

ထွန်းအိန္ဒြာဗိုကလဲ လှချက်ကတော့ အပြင်မှာ ပိုလှတယ်တော့။ ချစ်စရာလေး။ ကုသိုလ်ကောင်းလိုက်တာနော်။ လှလဲလှ၊ နာမည်ကလည်းကြီး၊ ရုပ်ရှင်မင်းသမီးကလည်းဖြစ်၊ ပိုက်ဆံတွေကလည်းပေါ၊ သူ့ခြေဖဝါးဟာ တို့ပါးထက်တောင် နူးညံ့မှာ သေချာတယ်။

ဒါပေမယ့် ဝတ်ရည်ရွှေစင်၊ ဝတ်ရည်ရွှေစင် ကျုပ်ရဲ့ ရွှေမင်းသမီးကို မတွေ့ရသေးဘူး။ ဘုရား၊ ဘုရား သူပါမှပါရဲ့လားမသိ။

သရက်ပင်ကွင်းမှာတော့ ကျုပ်တို့တစ်ရွာလုံးကို အုံးအုံးထနေတယ်။ ရွာမှာ လူတောင်ကျန်သေးရဲ့လား မသိဘူး။ ကလေးတွေကတော့ မိုးဒီကြီးနားမှာ ဝိုင်းအုံလို့။ တပေးပေးနဲ့။ ပွက်လောကိုရိုက်လို့။

ကျုပ်ကတော့ ဝတ်ရည်ရွှေစင်ကိုပဲ ရှာနေတော့တာ။ မနေ့ညက ကြည့်တဲ့ အချစ်ငါမသိအပြင်မှာ၊ ကိုကို့ညီမလေး၊ နှလုံးသားနိဒါန်း၊ နှုတ်ခမ်းချစ်လို့ခေါ်ပါနဲ့ကွယ်၊ အို သူပါတဲ့ကားတိုင်း ကျုပ် မလွတ်တမ်းကြည့်ထားတာ။ ပြောလို့ပြောတာ မဟုတ်ဘူး။ ထွန်းအိန္ဒြာဗိုထက်တောင် ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ ကြိုက်ရုံတင်မကဘူး။ အဲ ဘယ်လိုပြောမလဲ ကျုပ်က ဝတ်ရည်ရွှေစင်ကို ချစ်ကို ချစ်တာ။

ကျုပ်ဘဲတွေကို မင်းသား၊ မင်းသမီး နာမည်တွေပေးထားပေမယ့် ခုထိ ဝတ်ရည်ရွှေစင်နာမည်နဲ့ တစ်ကောင်မှ မမှည့်သေးတာ ကြည့်။ အချောဆုံး အလှဆုံး၊ ချစ်စရာအကောင်းဆုံး ဘဲမလေးကျမှ ဒီနာမည်ပေးမလို့။ အဲဒီလောက်အထိ ဝတ်ရည်ရွှေစင်ကိုချစ်တာ။

ကြုံတောင့်ကြုံခဲ ကျုပ်တို့ရွာကို ဗွီဒီယိုလာရိုက်တာ၊ ကျုပ်ရဲ့ ဝတ်ရည်ရွှေစင်လေးပါ ပါစေတော်။ သူမပါလာဘူးဆိုရင် ကျုပ်ဖြင့် ငိုချပစ်လိုက်မှာ။

ဟော ကားအဖြူလေးတစ်စင်း။

သူမှသူ အစစ်။ ဝတ်ရည်ရွှေစင်။ ကျုပ်ရဲ့ ဝတ်ရည်ရွှေစင်။ ကျုပ်ဆုတောင်းပြည့်ပြီ။ အောင်မယ်လေး လှလိုက်တာနော်။ အုနေတာပဲ။ ကားပေါ်က ဆင်းလာပုံလေးကိုက အောက်မှာ ကျုပ်လက်ဖဝါးထိုးခံပေးချင်စိတ်ပေါက်လာတယ်။ ဒီရွှံ့ခြောက်နဲ့ သလင်းခဲတွေကို နင်းရရင် ခမြာ ခြေဖမိုးနုနုလေး နာရှာတော့မယ်။

အပြင်မှာပိုလှတဲ့ ဝတ်ရည်ရွှေစင်။ ရက်ရက်စက်စက်ကို လှတာပါလား။ သူ့ကိုကြည့်ရင်း သူပါတဲ့ဇာတ်ကားတွေထဲက သူ့ရုပ်ပုံလေးတွေကို ကျုပ်တသီကြီးပြန်မြင်နေတယ်။

အချစ်ငါမသိထဲမှာ အစ်မကြီးလုပ်တဲ့ အမူအရာလေး။ ရည်စားကို ညီမလုပ်သူဆီ လွှဲပေးလိုက်ရတော့ ကြောင်ကလေးကိုပွေ့ပြီး စကားပြောရင်း မျက်ရည်တွေကျလာတာများ ကျုပ် အားပါးတရ ငိုခဲ့ရတာကော။

ငှက်ဆိုတဲ့ဇာတ်ကားကျတော့ ပတ်ဝန်းကျင် အနှိမ်ခံ ကံဆိုးမလေးလုပ်သွားတာ။ ပြီးတော့ နှလုံးသားနိဒါန်းထဲမှာ ဆင်းရဲသားတွေဆီက ပိုက်ဆံမယူဘဲ တောထဲတောင်ထဲအထိ ဆေးလိုက်ကုရင်းသေသွားတဲ့ဆရာဝန်မလေး။

ပြီးတော့ နှလုံးသားနိဒါန်းထဲမှာလဲ ချစ်သူကောင်းစားရေးအတွက် ဟန်ဆောင်ပြီး မုန်းပေးရတဲ့ ကျောင်းဆရာမလေးအဖြစ် သရုပ်ဆောင်သွားတာကော။ အို ဝတ်ရည်ရွှေစင်ဟာ သိပ်ကို စိတ်ဓာတ် နာဖြူစင်တဲ့၊ ကြင်နာတတ်တဲ့ မင်းသမီးကလေး။ ရုပ်လှသလောက် သဘောကောင်းတဲ့ မင်းသမီးကလေး။





ဟော . . . သူ . . . သူ သစ်ပင်ရိပ်အောက်ရောက်သွားပြီ သစ်ငုတ်တိုမှာ မိန်းမကြီးတစ်ယောက်က ပက်လက်ကုလားထိုင်လိုဟာမျိုး လှလှလေး ခင်းပေးလို့။ ဝတ်ရည်ရွှေစင်လေးက ဝင်ထိုင်လို့။ ကျက်သရေရှိလိုက်တာကွယ်။ ဖြစ်နိုင်ရင် ကျုပ်ကျောင်းနေတဲ့ ဘဲအုပ်ထဲက ဘဲတစ်ကောင်လောက် လက်ဆောင်ပေးလိုက်ချင်ပါရဲ့။ ကိုယ့်အပိုင် မဟုတ်လို့သာ။ အင်း . . . သူများ ဘဲ အငှားကျောင်းပေးရတဲ့အလုပ်ကို စိတ်မနာစဖူး နာမိတယ်။ ကိုယ်ချစ်တဲ့ မင်းသမီးလေးကို ကိုယ့်အနေနဲ့ ဘာလက်ဆောင်မှ မပေးနိုင်တဲ့ဘဝ။

"ငြိမ်ကျပါ။ အသံမထွက်ပါနဲ့"ဆိုတဲ့ အော်သံကြီးထွက်လာတယ်။ ကျုပ်က ကျုပ်မင်းသမီးလေးကို တစိမ့်စိမ့်ကြည့်ရင်းနဲ့ စိတ်ကူးတွေ ယဉ်နေတာဆိုတော့ ဒီအသံကြီးကြားလိုက်ရတာ တုန်သွားတာပဲ"

မီးလုံးကြီးတွေဖွင့်။ လွင်မိုးနဲ့ ထွန်းအိန္ဒြာဗိုတို့ အခန်းရိုက်ကြမှာတဲ့။ ကျုပ်ကတော့ ဝတ်ရည်ရွှေစင်လေးကိုပဲ အားရပါးရကြည့်နေတာမို့ ဗွီဒီယို ရိုက်တာကိုယ်တောင် မကြည့်အားတော့ဘူး။

"ဟဲ့ကောင်မလေး နောက်ဆုတ်စမ်း"

ချစ်လွန်းလို့ကြည့်ကောင်းကောင်းနဲ့ ကြည့်ရင်း ဘယ်လောက်များ အနားကပ်သွားမိသလဲ မသိပါဘူးတော်။ မိန်းမကြီးငေါက်သံကြားမှပဲ ကျုပ် လန့်ပြီး နေရာမှာတင် ခြေစုံရပ်နေမိတယ်။

ဝတ်ရည်ရွှေစင်က မျက်စိလေးမှေးထားပြီး အလိုက်သင့်ရွှရွှလေး ထိုင်လို့။ လှလိုက်တာနော်။

မင်းသမီးလေးဖြတ်ခနဲ မျက်လုံးပွင့်လာတယ်။

ဖွေးအုနေတဲ့ သူ့မျက်နှာလေးလဲ တစ်မျိုးဖြစ်သွားသလိုပဲ။ ပြီးတော့ သူ့ဆီက အသံထွက်လာတယ်။

"နံလိုက်တာ ဘာနံ့ကြီးမှန်းလဲမသိဘူး"

အဲဒီလိုပြောပြီး သူက အနီးတဝိုက်ကြည့်တော့ ကျုပ်ကို မြင်သွားတယ်။ ဟုတ်ပါရဲ့ ဗွီဒီယိုရိုက်တဲ့ဆီ အုံနေကြတဲ့အချိန်မှာ ကျုပ်တစ်ယောက်တည်း သူ့အနားမှာရှိတာကိုး။

"အို . . . ဆိုးလိုက်တာ ဘာအနံ့ကြီးလဲ၊ လုပ်ပါအုံး အန်တီရေ ဟောဒီမှာ"

သူ့မျက်လုံးလှလှလေးနဲ့ တစ်ချက်အကြည့်ချင်းဆုံမိလို့ ကျုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သေမလောက် ကြည်နူးနေရတာ ခုလို သူက. . . သူက. . .

“အား အား ဘဲချေးနံ့ကြီး လုပ်ပါဦး အန်တီရဲ့”

အန်တီကြီးဆိုတဲ့ မိန်းမကြီးက ခြေကားရားလက်ကားရားနဲ့ ရောက်လာပြီး . . .

“ဟွဲ. . . ဟွဲ. . . ဒီကောင်မလေးဆီကလာတဲ့ အနံ့ဟွဲ့ဝတ်ရည်”

“ဟုတ်ပါရဲ့ အောက်စော်ကြီး၊ ဘဲချေးနံ့ကြီး”

“တော်ရာဆွဲထုတ်လိုက်စမ်းပါ။ ဒီမှာ ခေါင်းကိုက်တော့မယ်။ဆိုးလိုက်တဲ့ အနံ့ကြီး”

“ဟဲ့ကောင်မလေး သွားစမ်း၊ ဒီနားမလာနဲ့ သွားလေ”

ကျုပ်ယောင်ယောင်အမှားမှားနဲ့ ဆို့တက်လာပြီး ငိုချင်သလိုလို၊ အော်ဟစ်ချင်သလိုလို။ ခြေထောက်တွေလဲ နောက်ဆုတ်နောက်ဆုတ်။ လုံးတင်မဆီက အနံ့ဆိုးကြီးတဲ့လား မင်းသမီးလေးရယ်။ ဒါဆို လုံးတင်မ ရှောင်သွားပါမယ်နော်။

နောက်နှစ်လလောက်ကြာတော့ ကျုပ်တို့ရွာ သရက်ပင်ကွင်းမှာ လာရိုက်တဲ့ အဲဒီဇာတ်ကားပြတယ်လေ။ ဇာတ်ကားနာမည်က“မေတ္တာရှင်မလေးရဲ့ရင်ခွင်ထက်မှာ” တဲ့။

ဟင်း . . . ဘာပြောကောင်းမလဲ လုံးတင်မတို့ မနေနိုင်ပါဘူး။ ဘဲကျောင်းခထဲက ဆယ့်ငါးကျပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဗွီဒီယိုရုံရှေ့ပြေးခဲ့တာပေါ့။ ပိုစတာထဲက ဝတ်ရည်ရွှေစင်လေး လှလိုက်တာ. . .

ဒါပေမယ့် သူ့ပုံနား ကျုပ် သိပ်မကပ်ရဲဘူးတော့။

တော်ကြာ ပိုစတာထဲက ဝတ်ရည်ရွှေစင်လေးက တော်ရာသွားစမ်းဟဲ၊ ဘဲချေးနံ့ကြီး ဆိုးလိုက်တာလို့များ ပြောလိုက်မှဖြင့် . . .

ရုံထဲဝင်ခဲ့ပေမယ့် ဒီတစ်ခါ ဗွီဒီယိုကြည့်ရတာ စိတ်ထဲ မပျော်လှပါဘူးတော်၊ စိတ်ထဲမလဲ ဘယ်လိုကြီးမှန်းမသိဘူး။

“ဟဲ့ လုံးတင်မ ဒီလာဟေ့” တဲ့။

သန်းရင်မရဲ့အသံလေ. . . ။

*တောင်သာမြို့နယ်မဂ္ဂဇင်း၊ ၁၉၉၇*

❖ ❖ ❖

## သောင်းထိုက်ကကျော်

သုဝဏ္ဏမာခန်းမ နန်းဆောင်ကြီးဆီမှာ နတ်ပရိသတ်တို့ စုံညီစုဝေးမိနေကြပြီး သည်တစ်ကြိမ် နတ်သဘင်အစည်းအဝေးကြီး၌ တရားဟောမည့်နတ်မင်းမှာ ဂန္ဓဗ္ဗနတ်မျိုးကြီး ပဉ္စသိခ်ဖြစ်သည်။ နတ်ပြည်၏သဘင်နတ်မျိုးကြီးလည်းဖြစ်၊ ကိုယ်တိုင်လည်း ဗေဠုဝစောင်းဆရာဖြစ်၊ သိကြားမင်း၏အားထားရာ လက်ရုံးလည်းဖြစ်သော ပဉ္စသိခ်နတ်မင်းကြီးကိုယ်တိုင် တရားဟောမည့် အလှည့်။

ဥသျှစ်သီးမှည့်အဆင်းရှိသော၊ ဗေဠုဝစောင်းကြီးကို အဝေးကပင် မြင်နေရ၏။ ပဉ္စသိခ်နတ်မင်းကြီးသည် သူ၏သျှောင်ငါးခုကို ပုလဲများဖြင့် တန်ဆာဆင်ထား၏။ တာဝတိံသာမှနတ်သမီးများမှာ တရားဟောပလ္လင်နားမှာ သဲသဲလှုပ်နေကြသည်။ အင်း-နတ်သဘင်မှာ ပရိသတ်အများစုက နတ်သမီးတွေ။

ကျွန်ုပ်နောက်ကျနေပြီ။ ဘုံစံအားဖြင့်လည်းကောင်း၊ တန်ခိုးဣဒ္ဓိပါတ်အားဖြင့်လည်းကောင်း၊ ပိုင်နက်အားဖြင့်လည်းကောင်း၊ မထင်မရှားအညတြသာဖြစ်သော ကျွန်ုပ်အဖို့ရာ ဖွေးဖွေးလှုပ် ဝင်းဝင်းလက်နေသော ဤနတ်သဘင် နတ်ပရိသတ်ထုကြီးကို တိုးဖောက်ဖို့မလွယ်ပေ။ ဒါပေမဲ့ ဂန္ဓဗ္ဗနတ်မျိုးကြီး ပဉ္စသိခ် အနီးထံပါးသို့ မရောက်ရောက်အောင်တော့ တိုးဝှေ့သွားရပေမည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကိုယ်တိုင်က အညာတြနတ်သားဖြစ်သော်လည်း ကျွန်ုပ်သယ်ယူလာသည့် ကိစ္စကား အညာတြမဟုတ်။ လူပြည်၏အမျိုး၊ ဘာသာ၊ သာသနာနှင့်ပတ်သက် နေသည်။ ဒါကို ပဋ္ဌာသိခ်နတ်မှူးကြီးသိအောင် သတင်းပို့လျှောက်တင်ရမည့် တာဝန် ကျွန်ုပ်မှာရှိနေသည်။

တန်ခိုးကြီးနတ်မင်းများအား တိုးလျှိုးတောင်းပန်လျက် ကျွန်ုပ်တိုးဝှေ့ ဖြတ်ကျော်ခဲ့၏။ နတ်သမီးများ၏ လှပသောမျက်စောင်းများကိုလည်း မသိ ကျိုးကျွံပြုခဲ့ရ၏။ အင်း ဂန္ဓဗ္ဗနတ်မင်းကြီးထိုင်ရာ ပလ္လင်အခြေသို့ရောက်ပေပြီ။ ဗေဠုဝစောင်းကြီး၏ စောင်းကြိုးများကိုပင် လှမ်း၍ ထိတို့နိုင်လောက်သည့် နေရာ. . .။ ကျွန်ုပ် အကျအနနေရာယူလိုက်၏။

"ဟဲ့ . . . ဟဲ့ . . . ကိုယ်ရောင်ကိုယ်ဝါကလဲ မတောက်မပ၊ နတ်ဝတ် တန်ဆာကလဲ ချို့ချို့ငဲ့ငဲ့နဲ့ ဘယ်ကနတ်သားလဲ"

ပလ္လင်ဘေးမှ အခြံအရံနတ်မင်းတစ်ပါးက လှမ်းမေးသည်။

"ကျွန်ုပ်ရုံစောင့်နတ်ပါ"

"ဘာ . . . ဘယ်လို"

ရုံစောင့်နတ်ပါ။ လူ့ပြည်က. . . အဲ. . . စတုမဟာရာဇ်ဘုံ နယ်နိမိတ် တစ်ခုက လာခဲ့တာပါ"

"ဘယ်လို . . . . . ရုံစောင့်နတ်လဲ . . . .။ ကိုယ်စောင့်နတ်လဲမဟုတ်၊ ဘုမ္မစိုး အာကာသစိုး၊ ရုက္ခစိုးလဲမဟုတ် . . .။ ဘယ်နှယ့် ရုံစောင့်နတ်ရယ်လို့"

"အဲ . . . . . ဟိုဒင်း . . . . . နစ္စ၊ ဂီတ၊ ဝါဒိတ သဘာဝ်ဂီတအမှုတွေ ကျင်းပတဲ့ရုံ၊ ဇာတ်ရုံကြီးတစ်ခုကို စောင့်တဲ့နတ်ပါ . . . . . ဂန္ဓဗ္ဗနတ်မှူးကြီး ဒီနေ့တရားဟောမယ်ဆိုလို့ သံတော်ဦးတင်စရာတွေလဲရှိလို့ လာခဲ့ခြင်းဖြစ်ပါ တယ် နတ်မင်းကြီး"

"အံမာ . . . . . လာလာချည်သေး၊ ပလ္လင်ရဲ့ဒီရှေ့တန်းနေရာတွေဟာ တန်ခိုးကြီး နတ်တွေနဲ့ အလွန်အရေးကြီးသော ဒေဝတာတွေအတွက် သီးသန့် နေရာဆိုတာ သင်မသိရှာ့သလား . . . . . . ။ သင့်လို အညာတြ"

"သိပါတယ် နတ်မင်းကြီးရယ် အခုဟာက လူသားတွေရဲ့ အမျိုး၊ ဘာသာ၊ သာသနာရေးအတွက် . . . . ."

"ဟာ . . . . . ရှုပ်လိုက်တာ . . . . . ဟော. . . . . ဟော . . . . . နတ်သဘင် အစည်းအဝေး စတော့မယ်"





ခရုသင်းသံများကိုပင် ကျေးဇူးတင်ရတော့မည်။ ကျွန်ုပ်အား သတောက် သတာန်းလုပ်နေသော နတ်မင်းမှာ ခရုသင်းသံများနှင့် ဟိုမှာဘက်မှ နတ်သမီး များဆီ အာရုံပြောင်းသွားလေသည်။

ကိုင်း . . . . . သူတို့တတွေ နတ်သဘင်အစည်းအဝေးကြီး၏ အစီ အစဉ်များဖြင့် အလုပ်ရှုပ်နေကြချိန်မှာ ကျွန်ုပ်လည်း ရုံစောင့်နတ် ကိုယ့်ရှိစုမဲ့စု တန်ခိုး ဣဒ္ဓိပါတ်ကိုသုံးလျက်၊ ကိုယ့်ကိစ္စကိုယ် နှလုံးသွင်းဆင်ခြင်လိုက်၏။

ပဋ္ဌာသိခ်နတ်မင်းကြီး တရားစဟောတော့မည်။ ဟောပစေ၊ ကျွန်ုပ်လာ တာက တရားနာဖို့မဟုတ်။ သတင်းပို့လျှောက်တင်ဖို့သာဖြစ်သည်၊ ကိုင်း . . . မင်းပြောရမယ့်စကားတွေကို အစီအစဉ်တကျဖြစ်အောင် လုပ်စမ်း၊ မင်းတွေ့ခဲ့ ကြုံခဲ့၊ ကြားခဲ့ရတာတွေ . . . . . လေ့လာ . . . . .။

၂

မြို့လယ်ခေါင်က ဇာတ်ရုံကြီး . . . . ။ အဲ . . . . . ဇာတ်ရုံကြီးလို့တော့ ပြောရမှာ ခက်သည်။ အမှန်က ရုပ်ရှင်ရုံကြီးဖြစ်သည်။ ဒါကို ဇာတ်ရုံအဖြစ် သာယီ အသုံးပြုလိုက်ကြတာဖြစ်သည်။ သူ့ဘာသာသူ ရုပ်ရှင်ဖြစ်ဖြစ်၊ ဇာတ် ဖြစ်ဖြစ်၊ ဘာပြုပြု ဘာမှမပြုဘဲ ပိတ်လို့ပဲထားထား ကိုယ်က စတုမဟာရာဇ် နတ်မင်းကြီးတစ်ပါး၏ ခွင့်ပြုချက်ဖြင့် ဒီရုံကိုစောင့်ရှောက်ရင်း ဗိမာန်ပြုနေထိုင် ရတာဖြစ်သောကြောင့် ဒီရုံကြီးနှင့်ပတ်သက်သမျှ ကိုယ့်တာဝန်ပေါ့။

ဟေမန္တဥတု။ တစ်ခုသောညဉ့်ဦး အဲဒီဇာတ်ရုံကြီး၏ အတွင်းဘက် ဇာတ်သဘင်သည်တို့ အဝတ်အစားလဲရာ နားနေရာ အခန်းတစ်ခန်း။ ထိုအခန်း ငယ်ထောင့် တစ်နေရာမှာ ကျွန်ုပ်ရပ်နေခဲ့သည်။ လူသားတွေကတော့ ကျွန်ုပ်ကို ခမြင်နိုင်ဘူးပေါ့။

ခေါင်းဆောင်၊ ဇာတ်ဆရာ မင်းသားလေး၏အဝတ်လဲနေရာလေးကို ကျွန်ုပ်သဘောကျမိသည်။ ကိုယ်လုံးပေါ်မှန်ချက်အထက်တွင် မြတ်စွာဘုရား ပုံတော်ကို ပူဇော်ထားသည်။ ပြီးတော့ ချောင်းဝဆရာတော်၊ သာမည ဆရာတော် များ၏ပုံတော်။ သာဓု၊ သာဓု၊ သာဓု။ ရတနာသုံးပါးကိုင်းရှိုင်းသော မင်းသား လေးပဲ။

အနီးတစ်ဝိုက်မှ ကျန်ပစ္စည်းတွေကိုတော့ ကျွန်ုပ်သိပ်နားမလည်၊ ဓာတ် ပုံ တရွက်တွေလည်း ချိတ်ထားသည်။ ကြော်ငြာဓာတ်ပုံတွေလည်း ရှိသည်၊ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ တဝှီးဝှီးလည်နေသော လျှပ်စစ်လေရဟတ်၊ ဘော်ကြယ်ထိုးဇာတ်ဝင် ဝတ်စားတန်ဆာများ။ အဲ . . . . . ပြောင်ပြောင်လက်လက် အဲဟိုဒွာဒရာတစ်ခု က ကျွန်ုပ်၏ခါးထက်မှ ခါးစည်းကြိုးထက်ပင် ပို၍ အရောင်တောက်ပါသေးသကော။

မင်းသားလေးနှင့် သူ့ဇနီးဖြစ်ပုံရသည့် မိန်းကလေးတို့ စောစောကပင် ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေခဲ့ကြသည်။ အမျှဝေသည့်အထဲမှာ ရုံစောင့်နတ်ဆိုတဲ့စကားလုံးပါသည်။ ကျွန်ုပ်သာဓုခေါ်ခဲ့သေးသည်။ အသင်တို့၏အမျှမေတ္တာကို ခံယူလျက် အကျွန်ုပ်ကလည်း ကိုယ့်ပိုင်နက်ဗိမာန်အတွင်း ရောက်နေသော အသင်တို့အား ပြန်လည်စောင့်ရှောက်မစ ရပေမပေါ့ကွယ်။

ကဲ . . . . . ကဲ . . . . . ဘာများလိုအပ်ကြသလဲကွဲ့ . . . . .။ ဘေးကင်းရန်ကင်းရှိစေဖို့ စောင့်ရှောက်မယ်။ ရန်သူမျိုးငါးပါးဘေးကနေ လွတ်အောင် လုံခြုံစေရမယ်။ အသင်တို့ရဲ့ တင်ဆက်ကပြမှု သဘင်အနုပညာကိစ္စ အစစချောမွေ့အောင် စောင့်ရှောက်မယ်။ အင်း . . . . . လှူနိုင်တန်းနိုင်ဖို့အတွက် ရွှေငွေ၊ ရတနာအသပြာများ ရရှိအောင် မစ . . . . အဲ . . . . ဒါတော့ ခနဆိုင်းဦးကွဲ့။ အသင်တို့ပွဲကို လာရောက်ကြည့်ရှုတဲ့ ပရိသတ်က ရုံရဲ့သုံးချိုးတစ်ချိုးတောင် မရှိချင်ဘူး။

သို့သော်လဲ စိတ်မပျက်လေနဲ့။ အသင်လူသား၊ မင်းသားမောင်နှံတို့။ အသင်တို့ ယခုကပြတဲ့ နောက်ပိုင်းဇာတ်ထုပ်ဟာ မြတ်စွာဘုရားဟောကြားခဲ့တဲ့ ဇာတ်ကြီးဆယ်ဘွဲ့ဝင် မဟာနိပါတ်ဇာတ်တစ်ဆယ်ထဲက အလောင်းတော်ဇာတ်ထုပ်ဖြစ်သမို့ အသင်တို့မှာ ကုသိုလ်လဲရ ဝမ်းလဲဝရပေမကွဲ့။ ဒါတွင်မကသေးဘူးကွဲ့။

ရုံစောင့်နတ်ဆိုတော့ ကျွန်ုပ်ကောင်းကောင်းသိသပေါ့။ သည်တိုင်းနိုင်ငံ၏ မြို့ရွာဇနပုဒ်အရပ်ရပ်ရှိ အခြားအခြားသော ရုံစောင့်နတ်များနှင့် ဆွေးနွေးတိုင်ပင်နေကျ ဖြစ်သည်။ ရုံစောင့်နတ်မင်းများအားလုံးလိုလို၊ တစ်သံတည်း အညီအညွတ် ထွက်လာကြတဲ့စကား။

"နတ်မင်းတို့ရယ် အသင်တို့ စောင့်ရတဲ့ဇာတ်ရုံတွေမှာတော့ ပွဲတွေ၊ သဘင်တွေ ခင်းကျင်းလိုက်ကြတာ . . . . . ဘာတွေမှန်းကိုမသိဘူး။ အလွန်တရာမှ ဆူညံစူးရှတဲ့ ဂီတသံတွေ အလွန်တရာထူးဆန်းတဲ့ ဝတ်စားဆင်ယင်မှုတွေ၊ အလွန်တရား[illegible]က်စိရှုစရာ လှုပ်ရှားမှုတွေနဲ့ တစ်ရုံလုံးကို ဝက်ဝက်ကွဲနေ





တော့တာကလား။ ဟိုးယခင့်ယခင် အနှစ်ငါးဆယ်တစ်ရာကလို ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်၊ ထူပဝင်၊ ဝင်ကိုးဝင်ဇာတ်နိပါတ်တွေ မကကြတော့ဘူးဗျ။ ပွဲကြည့်သူကို ဘာဝနာမဖြစ်စေတော့ဘူးဗျ။ ကြည့်တတ် မကြည့်တတ် တဏှာတွေချည်းဘဲ ပေးနေသဗျ။ အဲ သူ့အရပ်သူ့ဇာတ်ဟုတ်ပေဗျား။ ကသူက ကတော့၊ ကြည့်သူကလဲ လက်ခုတ်သြဘာ တဖြောင်းဖြောင်းနဲ့ဗျ။ ဘာတွေဖြစ်ကုန်ကြပြီလဲ။ သင်တို့စောင့်တဲ့ ရုံတွေမှာကော နတ်မင်းတို့"

"ထိုနည်းလည်းကောင်းပါပဲဗျာ၊ ထိုနည်းလည်းကောင်းပါပဲဗျာ"

သို့ကလို အခြေမှာ အခုကျွန်ုပ်စောင့်ရတဲ့ ရုံကို ဝင်ရောက်ကပြလာတဲ့အဖွဲ့ကတော့ ရိုးရာအစဉ်အလာ သဘင်အနုပညာဆိုပြီး၊ မဟာနိပါတ်ဝင်ဇာတ်ကြီးကို ကပြပေတာမို့ . . . . . အင်း . . . . . သာဓု . . . . . သာဓု . . . . . သာ . . . . . . .။

အလို . . . . . . အလှပြင်မှန်ချပ်ကြီးရှေ့ ကော်ဇောပေါ်မှာ ငိုသည့်သည် တစ်ဦး ထိုင်လို့ပါလား။ သူ့ကြည့်ရတာ တစ်ခုခုထူးခြားနေသလိုလို။ အလို . . . . . မင်းသားလေးရဲ့ ဇနီးနဲ့ တပည့်တစ်ဦးကို သူကဘာတွေမေးနေပါလိမ့်။ စာအုပ်ဖွင့်၊ ကလောင်တန်ဝင့်လို့။ ကိုင်း . . . . . . ရုံစောင့်နတ်တို့ရဲ့ ဒိဗ္ဗသောတနဲ့ နားစွင့်ကြည့်လိုက်စမ်းမယ်လာလေ့"

၃

"ကိုင်း . . . . . မလေး . . . . . အခုဟာက မင်းသားရဲ့ဇနီးလေးနဲ့ အင်တာဗျူးမဟုတ်ဘူး။ ဇာတ်အဖွဲ့ရဲ့ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးနဲ့ တွေ့ဆုံတာလို့ သဘောထား။ ကြီးကြီးကျယ်ကျယ်ပြောရရင်၊ ယနေ့ဇာတ်သဘင်နှင့် တွေ့ဆုံခြင်းပေါ့။ အကြမ်းဖျဉ်း အချက်အလက်တွေကိုတော့ ညီတော်မောင် မင်းသားလေးနဲ့ တွေ့ခဲ့လို့သိပြီးပါပြီ။ အသေးစိတ်အတွင်းကျကျလေးတွေ သိချင်လို့ မလေးနဲ့ တွေ့ရတာပါ"

"ကျွန်မ ဘာတွေပြောရမလဲ ဆရာ"

"ကျွန်တော် မေးတာတွေဖြေပေါ့ဗျာ။ ပြီးတော့ မလေးပြောချင်တာတွေလဲ ပြောပေါ့။ အင်း - အားတော့နာသား . . . . . အခြေအနေသိနေတာထိုး"

"ရပါတယ် ဆရာ။ အားမနာပါနဲ့ ကျွန်မစိတ်ဓာတ်မကျပါဘူး။ လူဆိုစိတ်ပါ အဲ ငွေကြေးအရပါ ပင်ပန်းအားနည်းနေပေမယ့် ကျွန်မ ကြည့်နေနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . . ဟုတ်ပြီ. . . ဒီအခြေခံနဲ့ မလေးကို တွေ့ရတာ သိပ်ကောင်းပါတယ်။ အခုဒီရုံကြီးမှာ ဝင်ကခဲ့တာ၊ သုံးပါတ်နီးပါးရှိသွားပြီနော်။ အခု မလေးဆီက သိချင်တာက ငွေရေးကြေးရေးအခြေအနေပဲ"

စာအုပ်ဖွင့်၊ကလောင်တံကိုင်ထားသောမျက်မှန်နှင့်ပုဂ္ဂိုလ်၏အမေးစကားတွေနှင့် ထပ်ကြပ်မကွာလိုက်ပါဖြေဆိုသည့် မင်းသားလေးဇနီး၏ အဖြေ စကားများကို အကျွန်ုပ်အံ့သြစွာ၊ စာနာစွာ၊ စိတ်မကောင်းစွာ။ သို့သော် ဘာမျှ မတတ်နိုင်စွာ ကြားလိုက်ရချေ၏။ အို. . . ဖြစ်ရလေ. . . အသင်လူသားတို့ . . . ။

"ကုန်ကျစားရိတ် ဟုတ်လား။ ဟင်း ဟင်း . . . ဒီမြို့လယ်ရုံကြီးမှာ နောက်ပိုင်းဇာတ်ထုပ်စစ်စစ်ကို ကမယ်လို့ . . . ကျွန်မတို့ မနှစ်ကအစည်းက ကြံရွယ်ထားတာပါ။ တကယ်ကဖို့က တစ်လခွဲနှစ်လလောက်ကစပြီး ပြင်ဆင်ခဲ့ပါတယ်။ အခုလိုလရာသီမှာ တခြားနေရာတွေမှာကမယ့် ပွဲခွင်တွေရှိပြီးသားပါ။ ကြိမ်းသေအမြတ်အစွန်းရမယ့် ပွဲချီတွေပေါ့ဆရာ။ ဒါပေမယ့် အဲဒီညပွဲချီတွေကို လက်လွှတ်ပြီး ကျွန်မတို့ဒီမြို့တော် မြို့လယ်ရုံကြီးကို ဝင်ခဲ့ပါတယ်။ ဆရာ့ညီတော်မောင်ရဲ့ စိတ်ဓာတ်လဲ ဆရာသိသားပဲလေ"

"ရုံခက တစ်ပါတ်ကို သုံးသောင်းပေးရတယ်။ တစ်ညကို လေးထောင့်သုံးရာနီးပါးပေါ့။ ဇာတ်မဝင်ခင် တစ်ပါတ်ကြိုပြီး ရုံသန့်ရှင်းခ ခြောက်ထောင့်ခြောက်ရာ သွင်းရသေးတယ်။ တယ်လီဖုန်းသုံးခ၊ ဒီပိုးဇစ်ပေါ့ဆရာ။ ငါးထောင် သွင်းရတယ်။ ကြိုတင်ပြင်ဆင်ခက တစ်သောင်းငါးထောင်"

"ကြော်ငြာကိုလည်း ဂရုစိုက်ရပါတယ်။ ကိုယ်ကတာ လူသိမှုဖြစ်မှာ တိုး။ ဒါကြောင့် သတင်းစာကြော်ငြာ ရုံရှေ့ဂိတ်ထိုး ပန်းချီကား၊ ပိုစတာ . . . . ဘာညာ . . . . . ကြော်ငြာခချည်း တစ်သိန်းနီးပါး သုံးခဲ့ရတယ်လေ"

"မြို့တော်ကြီးရဲ့ မြို့လယ် အချက်အခြာရုံမှာ ကရမှာဆိုတော့ အဝတ်အစားတွေလဲ အသစ်တွေချည်း ပြန်ချုပ်ပါတယ်။ သူ့အတွက် နှစ်ပါးသွား ဝတ်စုံအသစ်၊ နောက်ပိုင်းဝတ်စုံအသစ် . . . . . ဟင်း . . . . . . ဟင်း . . . . . ကိုယ့်ခင်ပွန်းအတွက်တင် မဟုတ်ပါဘူးဆရာ။ ဘုရင်နေရာကမယ့် အဘအတွက် မိဖုရားကြီးနဲ့ နတ်သမီးအတွက်လဲ . . . . ဘယက်ဒွါဒရာ၊ ထိုင်မသိမ်း ပုဆိုး၊ ထဘီကအစ အသစ်တွေ ချုပ်တာပါ။ မြို့တော်ကြီးမှာ ဝင်ရမှာကိုး ဆရာရဲ့"

"ဟုတ်ပါတယ် အစကတည်းက ရုပ်ရှင်ရုံဆိုတော့ ခုံတွေနဲ့ပေါ့။ ဟုတ်ကဲ့





တစ်ရာငါးဆယ်၊ တစ်ရာ၊ ခုနှစ်ဆယ့်ငါးကျပ်၊ ငါးဆယ် ဆိုပြီးလေးမျိုးခွဲပါတယ်။ တင်း . . . . . ဟင်း. . . . . ဒါပေမဲ့ . . . . . ငါးဆယ်တန်းမှာပဲ ပွဲကြည့်ပွဲမှန်ရှိတယ်လေ။ ခုံအပြည့်ဆိုရင်လား . . . . . အင်း ခုံပြည့်ရုံပြည့်ဆိုရင်တော့ တစ်ပွဲကို ခြောက်သောင်းကျော် ခုနှစ်သောင်းလောက် ရမှာပါ"

"အခုကခဲ့သလောက်လား . . . . . ဟင်း . . . . ဟင်း . . . . တစ်ပွဲမှာ ခြောက်ထောင့်ငါးရာပဲရတဲ့ နေ့တွေရှိတယ်။ တနင်္လာကနေ သောကြာအထိ ရက်တွေဆိုရင် တစ်ဝက်၊ တစ်ဝက်ကျော် လူဝင်တယ်။ ကြွားတယ်မထင်နဲ့နော် ဆရာ"

"ရှင် ကုန်ကျစရိတ်လား။ အဲ . . . . . . စားစရိတ်က ဇာတ်အဖွဲ့လူ အင်အား ၇၀ ကျော်အတွက် တစ်နေ့နှစ်ထောင်၊ သန့်ရှင်းခ၊ ခရီးစားရိတ်၊ ပညာရှင်တွေအတွက် ညကြေး။ အားလုံးပေါင်းရင် တစ်နေ့ကို ကုန်ကျငွေ နှစ်သောင်းခွဲနဲ့ သုံးသောင်းကြားမှာ ရှိပါတယ်။"

"ဟုတ်ပါတယ် ဆရာ။ ပွဲခွန်က ဆယ့်ငါးရာနှုန်းပါ။ ဒါကလဲ ရရှိငွေထဲက ကုန်ကျစားရိတ်နှုတ်၊ အသားတင်ထဲက ကောက်တာမဟုတ်ဘူးလေ။ ဝင်ငွေကို ဆယ့်ငါးရာနှုန်းကောက်ခံတာ . . . . ဒီရုံမှာ အသားတင်ထဲက ကောက်မယ်ဆိုရင်လည်း ပွဲခွန်တော်ဌာန မျက်စိလည်သွားနိုင်တယ်။ အသားတင် အမြတ်မှ မရှိတာကိုး ဆရာရဲ့။"

"ရှင် . . . . . အခုထိ သုံးပါတ် အရက်နှစ်ဆယ်ကျော် ကခဲ့ပြီးနောက်လား . . . . . အင်း . . . . . ကြွားလိုက်ရဦးမယ် ဆရာရေ။ သုံးသိန်းခွဲနဲ့ လေးသိန်းအကြား အရှုံးစာရင်းပြပါတယ်။"

"ငွေကြေးအရ ရှုံးမယ်ဆိုတာ ကျွန်မတို့နှစ်ယောက်စလုံး ကြိုတွက်ပြီးသား၊ မျှော်လင့်ပြင်ဆင်ထားပြီးသားပါ။ ဒါပေမဲ့ ဒီလောက်ကြီး အရှုံးပြမယ် ထင်ခဲ့တာတော့ အမှန်ပဲဆရာရေ့၊ အခုတာက ဟင်း . . . . . ဟင်း . . . . မျှော်လင့်တာထက် အကျော်လေး ပိုများသွားတယ်။ ဆရာ့ညီတော်မောင် ကတော့ လင့်ရိုဗာကားကို မျက်မှောင်ကြုတ်နေပြီ။ ပွဲစားတန်းမှာ စျေးမေးခိုင်းထား သလားမသိဘူး။ ရောင်းသင့်လဲ ရောင်းရမှာပေါ့ရှင်"

"ဒါပေမဲ့ ဆရာ . . . . . ။ အနုပညာအရ ဂုဏ်သိက္ခာအရ ကျွန်မတို့ မရှုံးဘူးလို့ ကျွန်မယုံကြည်ပါတယ်။ ပါရမီဖြည့်ဘက်တို့ အနုပညာစိတ်ဓာတ်တို့ ဘာတို့ဆိုတဲ့ စကားလုံးတွေကတော့ ကျွန်မ မသုံးတတ်ဘူးဆရာ။ ဒါပေမဲ့ အခု



www.burmeseclassic.com

www.burmeseclassic.com



ပြောရဲပါတယ်။ ငွေကြေးအရရှုံးပေမယ့် ပင်ပန်းလွန်းမက ပင်ပန်းပေမယ့် . . . သူရော ကျွန်မရော ဇာတ်အဖွဲ့သားတွေအားလုံးပါ စိတ်ဓာတ်မကျကြဘူး။ ကျွန်မက မပြောတတ်ဘူးဆရာ။ ဘာခေါ်မလဲ . . . . . ။ ရှုံးရကျိုးနပ်တယ် ခေါ်မလား ဆရာညီတော်မောင်တော့ ပြောတတ်မှာပါ"

"ဘာကြောင့်လဲ ဟုတ်လား . . . . . ကျွန်မမဖြေတတ်ဘူးဆရာ။ ဇာတ်ပွဲဆိုရင် ညမှကြည့်ရတာဆိုတဲ့ အစဉ်အလာကြောင့်လား . . . . ၊ အခုဟာက နေ့ပွဲကိုး၊ ပြီးတော့နောက်ပိုင်းဇာတ်ထုပ်ဆိုတာကို စိတ်မဝင်စားကြလို့လား၊ မသိပါဘူးဆရာ၊ အဲဒါတွေတော့ ကျွန်မ မသိဘူး မပြောတတ်ဘူးဆရာ"

အလို ဖြစ်မှဖြစ်ရလေ။ အသင်လူသား မင်းသားဇနီးမောင်နှံတို့၊ ကျွန်ုပ်ရုံစောင့်နတ်မင်းတစ်ပါးလုံး ရှိပါရက်နှင့် ဤသို့ ဖြစ်ရမည်လော . . . . . ။ တကယ်စစ်၊ တကယ်မှန်၊ တကယ်လုပ်သူ့စွန့်စားသူ၊ စေတနာကောင်းထားသူ၊ အမျိုးဘာသာ သာသနာကို မိမိတို့တတ်စွမ်းသောပညာဖြင့် တိုးမြှင့်လိုသူ မနုဿ လူသားတို့အတွက် ကျွန်ုပ်တို့သမာဒေဝနတ်များမှာ တာဝန်ရှိပေ၏။

ရုံစောင့်နတ်ဖြစ်ပေသော ကျွန်ုပ်အဖို့ ဤရုံမှာ လူဝင်စည်ကားဖို့ တကယ်ကောင်းတာကို အရသာခံတတ်ကြဖို့ . . . . . ပရိသတ်တို့ သဲသဲလှုပ် အားပေးကြဖို့ ကူညီညာဝိုင်း၍ မှိုင်းမရချေမည် . . . . . လာလေ့။

၄

အလို - ဘာသံပါလိမ့် ဇာတ်ခုံပေါ်မှာ မီးတွေမှောင်လို့ တစ်ရုံလုံးလည်း တိတ်လို့ ဟဲ့ . . . အလို . . . မင်းသားလေးကိုယ်ပေါ်မှာ အကျမြူရောင်ခြည်တွေ ပက်ဖြန်းလို့ပါကလား . . . မှန်းစမ်း။ အို . . . ကဗျာရွတ်သံပါတကား။

"မနက်ခင်းကလေးရေ တို့နှစ်ယောက်ရဲ့ အလင်းရောင်ဟာ ဘယ်တော ဘယ်တောင်မှာ ရောက်နေပြီလဲ။ မီးဖွင့်လိုက်။"

စိမ်းလန်းခြင်းကို ဘယ်ခါမကျွေးမွေးတဲ့ လယ်ကွင်းတွေပျော်ရွှင်ဖို့ . . . . မီးဖွင့်လိုက်။

"ဒီမှာမိတ်ဆွေ . . . . . ငါတို့အားလုံးရဲ့ အမေ့ရင်ခွင်ထိန်ညီးစေဖို့ ကမ္ဘာကြီးကို မီးဖွင့်လိုက်"

ကဗျာရွတ်ဆိုနေသော မင်းသားလေး . . . . ။ ဝိုးခနဲဝင်းခနဲ လက်





သွားသည့် အလင်းတန်း . . . ။ ငြိမ်ဆိတ်နစ်မျောလိုက်လှဲ့ ပရိသတ် . . . . . ။

ရှေ့ခုံတန်းများမှာ . . . . . အလယ်ခုံတန်းများမှာ နောက်ခုံတန်းများမှာ အလို . . . . . အများစုဟာ စာပေနယ်က ပုဂ္ဂိုလ်တွေပဲ။ ကျွန်ုပ်၏ နတ်တို့ တန်ခိုးဖြင့် သိသပေါ့။ ဟုတ်ပေစွ။ စာရေးဆရာတွေ၊ ကဗျာဆရာတွေ၊ တက္ကသိုလ်က ဆရာဆရာမတွေ၊ သမိုင်းပညာရှင်တွေ အို . . . . . တကယ့် ဝရိသတ်ပါတကား . . . . . ။

"မီးဖွင့်လိုက် . . . . . မီးဖွင့်လိုက် . . . . . ကဗျာရွတ်သံ . . . . . ။

မင်းသားလေးဇနီး ပြောပြခဲ့သော စကားများ၊ ကိန်းဂဏန်းများ . . . ။

ဒေဝတာဣန္ဒြိပါတ် တန်ခိုးကို နှိုးကြည့်လိုက်၏။ အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်ကြချင်သူတွေ။ အမှန်အစစ်ကို ချစ်ကြသူတွေ။ အမှန်အစစ်ကို ချစ်ကြသူတွေ . . . . . သည်ရုံကြီးထဲ လှိမ့်ဝင်လာအောင် ကျွန်ုပ်စွမ်းဆောင်နိုင်မည်လား ကိုင်း . . . . . ငါ့ရဲ့နတ်တန်ခိုးတွေ နိုးထကြစမ်းပေါ့ . . . . . . ။

ဟင်း . . . . ။ ငါဟာ စတုမဟာရာဇ်ဘုံထဲက သာမာန်အညတြ ရုံစောင့်နတ်တစ်ပါးပါကလား . . . . . ။ သည်အမှုမှာ ငါ့ဝိမာန်ပိုင်နက်အတွင်း ဖြစ်သော်လည်း တွေ့ကြုံရင်ဆိုင်နေရသောအမှု . . . . ငါမစွမ်းနိုင်သောအမှု။

မဖြစ်ချေပြီကဘူး။ သုဓမ္မာနတ်သဘင် အစည်းအဝေးကြီးမှာ ဂန္ဓမ္မနတ်မှူးကြီး ပဉ္စသိခ် ဝေဠုဝအရှင် တရားဟောမည့်အလှည့် ဘယ်တော့ရောက်မလဲ . . . . . . ။ မြို့စောင့်နတ်နှင့် ပုထိုးစေတီစောင့် နတ်မင်းကြီးများထံမှတဆင့် နတ်သဘင်တက်ခွင့် ရွှေလွှာ ချပ် လက်မှတ်တောင်းယူလေမှပဲ . . . . ။

နတ်သဘင်မှာ ပလ္လင်အနီးဆုံး အရောက်သွားပြီး သျှောင်ငါးခုအရှင်၊ ဆဠုဝစောင်းတော်သခင်၊ ပဉ္စသိခ်နတ်မှူးကြီး ရွှေနားတော်ပေါက် အရောက် ကြားသိ သံတော်ဦးတင်လေမှ . . . . . ။

"ဟောသလို . . . . . ဟောသလိုတော့ ဖြစ်နေကြပါပေါ့ အရှင်နတ်မင်းကြီးဘုရား . . . . . . အစချီပြီး . . . . . "

မြန်မာ့ခေနေ၊ ၁၉၉၅

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



"လှသင်း . . . မင်း. . . မိတ်ကပ် လိမ်းမလို့လား"

"ဟုတ်ကဲ့ဆရာ"

"မလိမ်းနဲ့တော့၊ မင်းမိတ်ကပ်ပစ္စည်းတွေ ယူပြီး ငါ့ဆီလာခဲ့ . . .၊ ပြီးတော့ ငါ့ကိုလိမ်းပေး"

"ခင်ဗျာ"

"ငါ့ကို မိတ်ကပ်လိမ်းပေးပြီးရင် မင်းဝတ်မယ့် အာနန္ဒ ဝတ်စုံကိုလဲ ငါ့ကိုဝတ်ပေး"

"ဆရာ. . . ဆရာက"

"ဘာမှ ထပ်မမေးနဲ့ ငါပြောတာလုပ်"

ဧးထန်းထန်း ဖောင်းဒေးရှင်း အရည်များ၊ ပြီးတော့ . . . မွှေးသလိုလို နံ့သလိုလို လှသင်း လက်ချောင်းတွေဆီက တစ်ဆင့်ပွတ်တိုက်ပြေးလျှောနေ ကြသည်ကို ပူနွေးရှိန်းတိမ်း ခံစားထိတွေ့လိုက်ရ၏။

"ဟိုကောင်. . . သိုင်းဆရာ. . . တင်ဆောင် ကိုခေါ် လိုက်စမ်း. . ."

မိတ်ကပ် လိမ်းနေရာသို့ တင်ဆောင်ရောက်လာသည်။

"ဓားကွက်သုံးလေးကွက်လောက်ငါ့ကို ပြပေးစမ်း၊ တင်ဆောင် သိဒ်



www.burmeseclassic.com

www.burmeseclassic.com



အခက်ကြီးမတွေမလုပ်နဲ့၊ လွယ်ရမယ်၊ ရှင်းရမယ် ပုံစံလှရမယ်”

“ဆရာ့ကို”

“အေး . . . ဒီည ငါအာနန္ဒ နေရာက ကမလို့ဟာ . . . သိလား”

သိုင်းဆရာ တင်ဆောင် မျက်လုံးဝိုင်းသွား၏။ ဇာတ်ခုံဒါရိုက်တာက ဇာတ်ညွှန်းဖိုင်ပိုက်လျက်သားကြောင်ကြည့်နေသည်။ အနီးအနား ခုတင်များမှ မင်းသားကြီး အဘဦးနဂါး၊ လူကြမ်း ဒင်းဂါးတို့က လိမ်းလက်စမိတ်ကပ်များ မျက်နှာပေါ် တန်းလန်းဖြင့် လှမ်းကြည့်ကြသည်။ ရှေ့မှ ဖြတ်သွားသူများလည်း ခြေလှမ်းတုံ့၊ လည်ပြန်ကြည့် အံ့သြမျက်လုံးများ”

“ကိုယ်လုပ်စရာရှိတာ လုပ်ကြ၊ ဘာမှမဟုတ်ဘူး။ ဒီည အမ္ဗပါလီ ပြဇာတ်မှာ အာနန္ဒနေရာ ငါကမလို့ဟာ . . . ဒီအကောင်လှသင်းကို အားမရလို့ . . . ဒါပဲ . . . ကဲ . . . လုပ်စရာရှိတာ ဆက်လုပ်ကြ၊ တီးဝိုင်းက အသံကို လျှော့ဟော့၊ နရေးရှင်း ပြောတဲ့ မိုက်ကိုဇော်လျှုမ်တင်ပေး၊ နောက်ခံတီးလုံးဆိုတာ ဖြူးရုံလေးဖြူးပေးရတာကွ၊ ဟိုကောင် ပေတိုး ဘာလုပ်နေတာလဲ . . .၊ နန်းတော်ကားလိပ်ကို နောက်ရွှေ့ပစ်၊ တောကားကို ရှေ့မှာတပ် . . . အခန်းစဉ်ကို သေချာမမှတ်ဘူးလား . . . ဟော့ဟော့ . . . ထရော်လီလိုင်း သေချာရိုက်နော် မြင်းရထားကို အစမ်းတွန်းကြည့်ဦး”

ဘီးသံတွေ ဒလိမ့်သံတွေ မပြည်စေနဲ့ ဟိုကောင် တင်ဆောင် . . . တင်ဆောင် ဘယ်ရောက်သွားပြန်သလဲ၊ ငါ့ကို ဓားကွက်နှစ်ကွက်၊ သုံးကွက် ပြပေးစမ်းလို့ဆိုနေတာ”

တစ်ယောက်မှ စိတ်တိုင်း မကျချင်၊အလုပ်ပေါ်မှာ လေးလေးစားစား မရှိကြ၊ ဒါကြောင့် သဘင်သည်တွေဆိုရင် အထင်သေးချင်ကြတာ၊ အလကား တတ်လို့လုပ်စားနေကြတာ မဟုတ်၊ ငတ်လို့ လုပ်စားနေကြတဲ့ဟာတွေ . . .။ စိတ်ချဉ်ပေါက်ပေါက်ဖြင့် ပြင်းပြင်းထန်ထန် တွေးပစ်လိုက်၏။

●

မှုတ်ခုံးမွေး အဆွဲခံဖို့ မျက်လှာကို စင်းမေးထားခိုက်ရှေ့မှာ ပုဆိုးကွက်တစ်ခုတွေ့လိုက်ရသည်။ ဒါ . . . ဇာတ်ပိုင်ရှင်ဝတ်နေကျ လုံချည်ကွက်၊ ဇာတ်ပိုင်ရှင် ဦးဖိုးမှန်က သေတ္တာပေါ်တင်ပါးလွှဲ ဝင်ထိုင်၏။

“ဆို . . . ဦးဖိုးမှန်၊ ဘာဖြစ်လာပြန်ပြီလဲ၊ ပွဲခွင်ဌာနက လူတွေ ရောက်လာပြီလား၊ ပြဇာတ်ပြီးမှ တွေ့မယ်ပြောလိုက်ဗျာ”





“မဟုတ်ပါဘူး ဆရာရယ်၊ သတင်းထူး တစ်ခုကြားလို့လာတာပါ”

“ဘာသတင်းထူးလဲ၊ ဘယ်သူဘာဖြစ်ပြန်ပြီလဲ”

“ဘယ်သူမှ ဘာမှ မဖြစ်ပါဘူး။ ဆရာကိုယ်တိုင် ဖြစ်တာပါ”

“ကျုပ်က ဘာဖြစ်လို့”

“ဆရာက ဒီည အမ္ဗပါလီ ပြဇာတ်ထဲကိုယ်တိုင် ဝင်ကမလို့ဆို . . .”

“အေးလေ . . . ခင်ဗျားမြင်တဲ့အတိုင်းပဲ အခုကျုပ်မိတ်ကပ်လိမ်းနေတယ်၊ ဟောဒီမှာ လှသင်းကို မိတ်ကပ်အလိမ်းခိုင်းနေတယ်”

“လှသင်းက ဘာဖြစ်လို့လဲ . . . ဆရာနေထိုင်မကောင်း . . .”

“ဘာမှမဖြစ်ဘူး၊ ဒီကောင် အကောင်းကြီးပဲ၊ ဒါပေမဲ့ . . . ဒီကောင် အမ္ဗပါလီထဲမှာ အစ်ကိုတော် အာနန္ဒ လုပ်တာကို . . . ကျုပ်အားမရလွန်းလို့၊ ဘာဖြစ်လို့လဲ . . . ဒီမှာဦးဖိုးမှန် ကျုပ်ကိုညကြေးပိုမပေးရပါဘူး”

“ဖြစ်ပါ့မလားဆရာ”

မျက်ခုံးမွေးဆွဲတံကိုင်ထားသော လှသင်းလက်ကို ဖယ်ပစ်လိုက်၏။

“ဘာ . . . ဗျ . . . ဘာဖြစ်ပါ့မလားတုန်း”

“ဟို . . . ဆရာ ကိုယ်တိုင်ဝင်ကတာ”

“ဟား . . . ဦးဖိုးမှန် ဘယ်လိုပြောလိုက်တာလဲ၊ ကျုပ်ရေးထားတဲ့ ဇာတ်ညွှန်းပါဗျ၊ ကျုပ်စီထားတဲ့ဇာတ်ထုပ်ဗျ၊ တစ်ဇာတ်ထုပ်လုံးကို ကျုပ်အလွတ်ရထားတာ . . .၊ အဲဒါဖြစ်ပါ့မလားဆိုတာက ကျုပ်ကို . . .”

“အာ . . . ဒီလိုပါဆရာရယ်၊ ဖြစ်ပါ့မလားဆိုတာက . . . ဟိုဒင်း . . . ဆရာက ကိုယ်တိုင်ပြဇာတ်ဝင်က ခုံပေါ်ရောက်နေတော့ တခြားဟာတွေများ ဟာသွားမလားလို့ပါ”

“သူ့ဆိုင်ရာ ဆိုင်ရာတွေကို . . . ကျုပ်ဖိုင်တစ်ခုစီပေးထားပြီးသား၊ မီး၊ ဆက်တင်၊ တီးဝိုင်း၊ သူ့ဇာတ်ညွှန်းနဲ့သူ ဘာမှဟာစရာမရှိဘူး၊ ဒီကောင် . . . လှသင်းသာ အာနန္ဒကတာ ကျုပ် အားမရလွန်းလို့ . . . အမ္ဗပါလီ ဇာတ်ထုပ်ထဲမှာ အာနန္ဒ ဆိုတာ သိပ်ကိုအရေးကြီးတဲ့ ဇာတ်ရုပ်”

“ဆရာ က ဖြစ်တယ်ဆိုရတာလဲ ပြီးတာပါပဲဆရာ . . .”

“တလိမ့်လိမ့် လှည့်ထွက်သွားသော ဦးဖိုးမှန်၏ ကျောပြင်ကြီးကို ငူငူကြည့်ပစ်ကာ လှသင်းကို လှမ်းပြောလိုက်၏။

“ကဲ ဆက်လုပ်၊ ဒီည မင်းပုဏ္ဏားကွယ်ကြားထဲကနေ . . . . အဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပွဲထိုင်ကြည့်၊ အာနန္ဒနေရာမှာ ငါဘယ်လိုလုပ်သလဲဆိုတာ အသေအချာမှတ် . . . . . ကြားလား”

●

စာရေးဆရာကြီး ပါရဂူဘာသာပြန်ထားသော ဝတ္ထု-အမ္ဗပါလီ။

ဝေသာလီပြည် . . . . . ဂဏလွှတ်တော်၊ သန္တရရုံးတော် နိုင်ငံတော်တချေသည် အမ္ဗပါလီ။ သူ၏ချစ်သူ မဂဓပြည့်ရှင်၊ ဘုရင်ဗိမ္ဗိသာရ၊ ရန်သူနိုင်ငံဘုရင်ကိုမှ ချစ်မိလေသူနှမ အမ္ဗပါလီအတွက် ဒုက္ခများရရှာသူ အစ်ကိုအာနန္ဒ။

အာနန္ဒသည် တကယ်အရေးကြီးသော ဇာတ်ရုပ်ဖြစ်၏။ သူမှာ စရိုက်နှစ်မျိုးပြောင်းသွားသည်။ ပထမပိုင်းမှာ လိစ္ဆဝီသူရဲကောင်းလုလင်၊ ကျွမ်းကျင်သော မားသမား၊ လိစ္ဆဝီသေနာပတိကြီး အဘယနှင့်ရင်ဆိုင်၊ ဒိုင်ယာလော့ဂ်တွေကို တောက်တောက်ခါးခါး အပီပြောရမည်။ တောလမ်းခရီးမှာ ဓားခုတ်ရမည်။ ဒါတွင်မကသေး။

နှမလေး အမ္ဗပါလီအပေါ် အချစ်ကြီးချစ်ရှာသူ၊ အမ္ဗပါလီကို နိုင်ငံတော်ကချေသည်အဖြစ် ဝေသာလီပြည်၏ တန်ဆာဆင်ဂုဏ်ဆောင် ပြည့်တန်ဆာဖြစ်စေရမည်ဟု ဂဏလွှတ်တော်က ဆုံးဖြတ်လိုက်သောအခါ မချိတင်ကဲကြေကွဲစွာဖြင့် နှမဆီပြန်လာပြော . . . . .။

“ပါလီ . . . . အခု . . . . နင့်ကို ဝေသာလီရဲ့ နိုင်ငံတော်ကချေသည်အဖြစ် တင်မြှောက်လိုက်ကြပြီ။ နင်ဟာ နိုင်ငံတော်ကချေသည်၊ နင့်ကို ဝေသာလီကပိုင်တယ်။ နင်ဘယ်သူ့ကိုမှ ချစ်ခွင့်မရှိဘူး။ ဘယ်ယောကျ်ားကိုမှ လက်ထပ်ခွင့်မရှိဘူး။ ကမ္ဘာလောကမှာ ဘယ်ယောကျ်ားတစ်ဦးတစ်လေကိုမှ ချစ်ခွင့်မရှိတော့ဘူး။ နင့်အလှ၊ နင့်ဘဝ၊ နင့်အနုပညာမှန်သမျှကို နိုင်ငံတော်အတွက် ပေးအပ်ရမယ်။ နင် . . . . နင်ဟာ နိုင်ငံတော် ပြည့် . . . . ပြည့် . . . . တန်ဆာ . . . . ဖြစ်သွား . . . . . ပြီ”

ဒုတိယပိုင်းမှာတော့ အာနန္ဒသည် ဗုဒ္ဓ၏သာသနာ့အာဝါသတွင် ခိုလှုံသွားသောရဟန်းတစ်ပါးအဖြစ် တည်ငြိမ်လေးနက်စွာ သရုပ်ဆောင်ရမည်ဖြစ်၏၊ အင်မတန်ကို အရေးကြီးသော ဇာတ်ရုပ်ဖြစ်သည်။ အမ္ဗပါလီဇာတ်ထုပ်ထဲမှ အဓိကဇာတ်ဆောင် ဗိမ္ဗိသာရနှင့် မင်းသမီးအမ္ဗပါလီတို့ကို ပို့ပေးနိုင်သော ဇာတ်ကောင်။

ဒါကို ဟိုကောင်လှသင်း သရုပ်ဆောင် ကပြသွားတာတွေက ထိထိမိမိ





မျိုး လျော့ရဲရဲနိုင်လှသည်။ အာနန္ဒဝိညာဉ်ကို ပြည့်ပြည့်ဝဝမဖမ်းဆုပ်နိုင်သဖြင့် သမိုင်းမကပ်၊ သင်းကိုအထပ်ထပ်အခါခါ ပြောပေးသော်လည်း လှသင်း၏ သရုပ်ဆောင်မှုမှာ အားရစရာ ဖြစ်မလာချေ။ ထို့ကြောင့် ငါကိုယ်တိုင် ဝင်ကမယ်၊ မင်းဘေးက ထိုင်ကြည့်ဟု စိစဉ်ပစ်လိုက်ခြင်း ဖြစ်လေသည်။

ဇာတ်ညွှန်းဆရာမည်ကာမတ္တမဟုတ်ဘူးဟေ့ . . . . အများသူငါလို ဒါရိုက်တာ မဟုတ်ဘူးကွ . . . . စာရွက်ပေါ်မှာတင် စာလုံးရေးတတ်တဲ့ ဇာတ်ညွှန်းဆရာ မဟုတ်ဘူး။ လက်ညှိုးတငေါက်ငေါက်နဲ့ မင်းက ဘာလုပ်၊ မင်းက ဘာပြောလို့ညွှန်ကြားရုံးတွင် ညွှန်ကြားတတ်တဲ့ ဒါရိုက်တာမျိုး မဟုတ်ဘူး ကိုယ်တိုင်ကပြ သရုပ်ဆောင်တတ်တဲ့ ဇာတ်ညွှန်းဆရာဒါရိုက်တာကွ . . .”

တစ်ခုလေးပဲ အခက်အခဲ ရှိသည်။ ဇာတ်ဝင်ခန်းတစ်ခန်းမှာ အာနန္ဒ ဓားခုတ်ရမည်၊ တောလမ်းခရီး တစ်နေရာမှာ တောပုန်းလေးငါးယောက်နှင့် ယှဉ်၍ ဓားစွမ်းပြရမည်။ ဓားကွက်၊ သိုင်းကွက်တွေကိုတော့ ကိုယ်က သိပ်မကျွမ်းကျင်လှ၊ ဟိုကောင်လှသင်းက အမူအရာ လေယူလေသိမ်းစကားပြောမှာ သိပ်အားရစရာ မရှိပေမယ့် ဓားခုတ်တာတော့ အတော်လေးကြည့်ကောင်းသည်။ ကိစ္စမရှိ၊ ဓားကွက်သုံးလေးကွက်ကို သိုင်းတတ်သူ တင်ဆောင်ဆီမှာ တစ်ပွဲတိုး သင်လိုက်ရုံပါပဲ။ အရေးကြီးတာက . . . . ဟို တောပုန်းလုပ်တဲ့ ကောင်တွေအား အီး အူး အော်ပြီး ဘိုင်းခနဲ ဘိုင်းခနဲ အကွက်လှလှဖြင့် ပစ်လဲကျတတ်ဖို့ပဲ။ သူတို့ ဖောလ် အကျကောင်းရင် အာနန္ဒဓားကွက် ပိုအသက်ပါမှာပဲ . . . .။ အင်း . . . . . ဒီကောင်တွေနဲ့ နည်းနည်းတော့ ဓားကွက်သိုင်းကွက် တိုက်လိုက်ဦးမှ။

တစ်ပွဲတိုး အသားကျ ဓားကွက်ရလျှင် ပြီးပြီ။

လာပြီဟေ့ . . . . ဇာတ်ညွှန်းဆရာ ဒါရိုက်တာကိုယ်တိုင် အထူးပါဝင်သရုပ်ဆောင်တဲ့ အာနန္ဒ . . . . လာပြီဟေ့”

●

“ဒီမှာ . . . . သေနာပတိကြီး အဘယရဲ့ . . . . ဂဏလွှတ်တော်တက် သေနာပတိဆိုပြီး ဒီလိုတစ်ဖက်စောင်းနင်း မပြောပါနဲ့လေ၊ ကျုပ်ဟာ အမ္ဗပါလီရဲ့ အစ်ကိုပါ။ ကျုပ်ရဲ့ခမည်းတော်ဟာ သန္တရလွှတ်တော်ရဲ့ သဘာပတိပါ။ ကျုပ်ကိုယ်တိုင်ကလဲ လိစ္ဆဝီသွေး စွေးစွေးနီနီနေတဲ့ ဝေသာလီသူ့ရဲကောင်း တစ်ယောက်ဆိုတာ . . . .ကွ



www.burmeseclassic.com

www.burmeseclassic.com



"အသင်အဘယ . . . . မေ့ထားပြီနဲ့တူတယ် ဟင်း . . . . ဟင်း"

ဒီလို မထီမထင် မာန်မာနတွေနဲ့ ရဲရဲတောက် စကားဆိုရမည်။

"ပါလီ . . . . . ပါလီ . . . . နှမလေး . . . . နင် . . . . . ဘာကြောင့် ဒီလောက်လှနေတာလဲ ဟင်၊ နင့်ရဲ့မျက်လုံး၊ နင့်ရဲ့မျက်ခုံး၊ နင့်ရဲ့နှုတ်ခမ်းအို . . . . . ဘာကြောင့် နင် ဒီလောက် လှနေရတာလဲ . . . . . ဒီအလှတွေကြောင့် နင် ဒုက္ခရောက်ရပြီ ပါလီရဲ့ . . . . ၊ အခု . . . . . နင့်ကိုလေ ရွှေချည်ဖောက် ပဝါလွှမ်းတဲ့ ပဝေဏီပေါ်တွက်ကကျမ်းမြတ်အရ ဂဏာလွှတ်တော်ကြီးကနေ ဆုံးဖြတ်လိုက်ပြီ သိရဲ့လား၊ နင် . . . . . နင်ဟာ တိုင်းပြည်ရဲ့ ဂုဏ်ကို တန်ဆာဆင်တဲ့ နိုင်ငံတော် ပြည့် . . . . . ပြည့်တန်ဆာ . . . . . အဖြစ် . . . ."

ဒါက ချစ်လှစွာသော နှမလေးအတွက် အစ်ကိုတစ်ယောက်၏ ကြေကွဲဆို့နစ်မှုနှင့် သည်းထန်လှိုက်လှဲသော စကားများ။

"ရုပ်နာမ်ခန္ဓာကို ပိုင်ဆိုင်နေရခြင်းသည်ပင်လျှင် ဒုက္ခဖြစ်တယ် . . . . ပါလီ၊ လောကီလူ့ဘုံဟာ ဒုက္ခအပေါင်းနဲ့ပြည့်နှက်နေတယ်။ ဒီဒုက္ခတွေက လွတ်မြောက်ရာလမ်းစမှာ ငါရောက်ရှိနေပြီ။ ငါသာမက နင့်ရဲ့သား . . . . ငါရဲ့တူ . . . . . ဝိမလကိုပါ အဲဒီလွတ်မြောက်ခြင်းလမ်းပေါ် ဆွဲခေါ် ပို့ဆောင်ပေးဖို့ ငါလာခဲ့ခြင်း ဖြစ်တယ်။ ဝိမလကို ငါ့လက်ထဲအပ်ပါ။ ဗုဒ္ဓရဲ့ဝိဟာရဆီကို ငါခေါ်ဆောင်သွားတော့မှာမို့ . . . . ."

ဇာတ်ညွှန်း အစအဆုံး၊ ဇာတ်ထုပ်တစ်ခုလုံးကို မွှေနှောက်ချောက်ချားနိုင်စွမ်းသော ဒါရိုက်တာ၊ ဟာ. . . တို့ဆရာဟာ ရေးသားညွှန်ကြား ဦးစီးရုံသာ မဟုတ်ပါတကား။ ကိုယ်တိုင်ပါဝင် လှုပ်ရှားကပြတော့လဲ အံ့မခန်းပါတကား ဟူ၍ တစ်ဖွဲ့သားလုံး သိစေအံ့၊ တကယ်ပညာရှင်ပါတကားဟူ၍ အားလုံး လေးစားဦးညွှတ်ကြစေအံ့ . . . . ပေါ့။

●

ထုံးစံအတိုင်း ညကအတွေ့အကြုံအပေါ် တွင် သုံးသပ်ဆွေးနွေးသော အစည်းအဝေး ထိုင်ကြသည်။

"ကိုင်း . . . . မနေ့ညက ငါကိုယ်တိုင်ဝင်ကခဲ့တဲ့ အမ္ဗပါလီနဲ့ ပတ်သက်ပြီး ပြန်ဆွေးနွေးကြရအောင် . . . . . ဟိုကောင်လှသင်း မင်း အစအဆုံး ထိုင်ကြည့်ခဲ့တယ် မဟုတ်လား။ ဘာပြောစရာရှိသလဲ၊ ဘယ်လိုပညာတွေ ရယူနိုင်ခဲ့သလဲ . . . . ကဲ . . . . မင်းက စပြော"





လှသင်း ဘာမှမပြောဘဲ မျက်နှာအောက်ချ မလှုပ်မယှက်ထိုင်နေ၏။

"ကဲ . . . . ဆွေးနွေးစရာရှိတာ ဆွေးနွေးကြနော် . . . . ."

"ညက . . . . ဆရာ . . . . အာနန္ဒကသွားတာ တကယ်ပြောင်မြောက်တာပဲ။ ဆရာ့ကို ဇာတ်ညွှန်းဆရာ၊ ဒါရိုက်တာ သက်သက်ပဲလို့ ထင်မိခဲ့တာ အလွဲကြီးလွဲသွားပြီဆရာ၊ ဆရာဟာ တကယ့်ကိုသရုပ်ဆောင်ကောင်း တစ်ယောက်လဲ ဖြစ်နေတာပါလား။ ဆရာကိုယ်တိုင် ဝင်ကြလိုက်တော့မှ အမ္ဗပါလီဇာတ်ထုပ်ဟာ အပြည့်အဝကြီးကို လမိုင်းကပ်တော့တာပါပဲ ဆရာ"စသည် . . . . စသည် ကြားရလေမလား နားစွင့်နေလိုက်၏။

ဟင်း . . . . . ဟင်း . . . . ဟိုအကောင် လှသင်းတော့ . . . . ဘာတို့မှ ပြောနိုင်တော့ဘူး ကြက်ကြီးလည်လိမ်ထားသလို ခေါင်းငိုက်စိုက်ကျနေပြီ။ ဆင်း . . . . ဟင်း"

သို့သော် ဝိုင်းထိုင်နေကြသော မီး၊ ဆက်တင်၊ တီးဝိုင်း၊ သရုပ်ဆောင် ဇာတ်သမားများအားလုံး ဘာသံမှ ထွက်မလာဘဲ ရှိနေကြသည်။ သူတို့မျက်နှာတွေ ကြည့်လိုက်တော့ အိုးတိုး အမ်းတမ်းလိုလို၊ ရွံ့သလိုလို ချိန်ဆနေသလိုလို ထူးဆန်းသော အငွေ့တွေဖုံးနေသည့် မျက်လုံးအစုံတွေကိုသာတွေ့နေရ၏။

"ကိုင်း . . . ပြောစရာရှိတာ ပြောကြလေကွာ၊ ဘာမှ မရှိဘူးလား"

ဦးစွာလှုပ်ရှားလာသူကမင်းသမီးငြိမ်း။ အမ္ဗပါလီအဖြစ်သရုပ်ဆောင်သူ။

"ဆရာ ကျွန်မစကားများရင် ခွင့်လွှတ်ပါနော် . . . "

"အေးပါ ပြောပါဟ"

"ဟိုဒင်းလေ. . . ညက ဆရာ အာနန္ဒလုပ်သွားတာသိပ်ကောင်းပါတယ်။ ဒါပေမဲ့ လေ. . ဟို. . . ကျွန်မနဲ့ရင်ဆိုင်စကားပြောခန်းတွေမှာ ဆရာက ချည်း ဦးဆောင်ပြီး ဒိုင်ယာလော့တွေပြောသွားတော့ ဟို. . . ကိုလှသင်းနဲ့တုန်းကလို အပေးအယူအဝင်အထွက်တွေ လွတ်သွားတော့လေ. . . ကျွန်မမှာ ကိုယ်ပြောရမယ့် ဒိုင်ယာလော့တွေကို ပြောခွင့်မရဘူး ဖြစ်သွားတယ် ဆရာ. . . ဟို . . . ကျွန်မပြောရမယ့် စကားတွေလဲ ဆရာကယူပြီး ပြောပြောသွားတော့. . . အဲဒါလေ. . . ကျွန်မ ဘာလုပ်လို့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားတယ်ဆရာ"

မင်းသမီးငြိမ်းပြောပြီး ခေါင်းငုံ့သွားချိန်၌ နောက်တစ်သံ ထွက်လာ၏၊

"ကျွန်တော် နည်းနည်း ပြောပါရစေဆရာ . . . "

လူကြမ်းခေါင်းဆောင် အောင်ပိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောချင်လဲ ပြော"

"ဟိုဟာပါဆရာ. . . ညက ဓားခုတ်ခန်းမှာ ခါတိုင်း ကိုလှသင်းနဲ့ ကျွန်တော်နဲ့ ခုတ်ခဲ့တဲ့ ဓားကွက်တွေအတိုင်း မဟုတ်တော့လုပ်ရတာ အဲ. . . ဘာခေါ်မလဲဆရာ အားမပါဘူးပေါ့ဆရာ. . .၊ ဓားကွက်တွေ လွဲနေတော့. . . "

"နောက်ဘယ်သူပြောဦးမလဲဟေ့. . . "

အောင်ပိုင် စကားကို ဖြတ်ချလိုက်သည်တွင် သေနာပတိအဘယကိုသန်းထိုက် ပါးစပ်တပြင်ပြင် ဖြစ်လာ၏။

"ကိုသန်းထိုက် ခင်ဗျားက်ကော. . . "

"ငြိမ်းငြပြောသလိုပါပဲ . . .၊ အာစရိနဲ့ . . . ကျွန်တော်နဲ့ ရင်ဆိုင်တွေ့ခန်းတွေမှာ ဒိုင်ယာလော့တွေက ကျွန်တော်ပြောနေကျအတိုင်း . . . အင်း . . . မှတ်ထားတဲ့ ဘန်ဒစ်အတိုင်းဖြစ်မလာတော့ဘူးလေ၊ အာစရိကချည်း ပြောသွားတော့ . . . ကျွန်တော့်မှာ ပြောစရာမရှိတော့ဘူး ဖြစ်သွားတယ် . . . အဲဒါလေးပါပဲ . . . "

မီးသမား ကိုဘကြိုင်က -

"အာစရိကို . . . စပေါ့လိုက်ထိုးရတာခါတိုင်း ကျွန်တော်တို့ လုပ်နေကျအတိုင်းမဟုတ်တော့ စပေါ့က လွဲလွဲထိုးမိတယ်ခင်ဗျ . . . "

တီးဝိုင်းခေါင်းဆောင် ကိုမြင့်လွင်က-

"အာနန္ဒ . . . ရဟန်းဝတ်သွားပြီးနောက်မှာလည်း ဟို . . . ဒိုင်ယာလော့အဖြတ်အတောက် နေရာတွေ ဖမ်းလို့မရတော့ . . . ကျွန်တော်တို့ တီးလုံးပို့ပေးရတာနည်းနည်း . . . ကသိကအောက် ဖြစ်သွားတာလေး . . . "

စောစောက အားတုံ့အားနာ မျက်နှာထားများမှာ ပြောရင်းပြောရင်း ပွင့်လင်းပြုံးကျယ်လာကြ၏။ ဟိုထောင့် သည်ထောင့်များမှလည်း လှုပ်လှုပ်ရွရွ . . . ။

"ကျွန်တော်ခါတိုင်းလို နောက်ဆုတ်ရှောင်တာပဲ၊ အာစရိက ရှေ့တစ်လှမ်းတည်း တိုးရမယ့်အစား နှစ်လှမ်းတိုး ခုတ်လိုက်တော့ ကျွန်တော့်လက်ကောက်ဝတ်နား ထိသွားတယ် . . . "

"ခါတိုင်းကရင် ကိုလှသင်းက မြင်းဇက်ကြိုးကို တစ်ခါတည်း ကိုင်လှုပ်တာ၊ ဒါမှတ်ထားပြီး ကျွန်တော်တို့ကလဲ မြင်းရထားထရော်လီကိုဆွဲတာ။ အခု အာစရိက နှစ်ခါလှုပ်တော့ . . . "





"ကဲဟေ့ . . . အစည်းအဝေးဖြုတ်မယ်၊ ထမင်းစားမယ်၊ ညနေ ၄ နာရီ ပြန်စမယ်"

စကားဝိုင်းကို ဖြတ်ချရင်း မျက်နှာသုတ်ပဝါပိုင်းဖြင့် နဖူးစပ် နထင်စမှ ချွေးများကို သုတ်လိုက်ရလေသည်။

●

ငါက စီစဉ်သူပဲ . . . .၊ ညွှန်ကြားသူပဲ၊ ဇာတ်ညွှန်းဆရာပဲ၊ ဒါရိုက်တာပဲ တစ်ထုပ်လုံးကိုနှောကြေနေအောင် ငါသိထားတာပဲ၊ ဘယ်ဇာတ်ရုပ်ပဲ ဝင်ကဘာ ငါဖြစ်ရမှာပေါ့ . . . စသည့်စသည့်အတွေးများက ဘယ်လိုလုပ်ပြီး ခြေမအထိလျှောကျသွားသည်မသိ . . . . ။

အင်း . . . ညနေအစည်းအဝေးမှာတော့ ကိုယ့်လူတွေကို လူကြီးရှက်ပြုံးဖြင့်ပြုံးရယ်ရင်း တောင်းပန်စကား လေပြေထိုးရဦးမည်။

အာနန္ဒ နေရာလဲ လှသင်းပဲ ကောင်းပါတယ်လေ။ သူ့ကိုပဲ ပိုပြီး ပြောင်မြောက်အောင် သင်ကြားပေးရတော့မှာပေါ့။

**ရွှေဒေါ်ပုံ၊ ၁၉၉၈**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## သူလည်းလေ အနုပညာသမားပေမို့

၁

အုတ်သမံတလင်း ကြမ်းပြင်ပေါ်က အနားတွေဖွာထွက်နေသည့် ဖျာကြမ်း၌ သူထိုင်နေသည်။ သူထိုင်နေပုံမှာ တရားရှုမှတ်နေသူ ယောဂီတစ်ဦးလို တင်ပလ္လင်ပုံစံ ထက်ဝယ်ဖွဲ့ခွေမျိုး မဟုတ်ပေ။ သို့သော် တင်ပလ္လင်ခွေပုံစံတွင် ဒူးနှစ်ဖက်ကို လျှော့တိလျှော့ရည်းထား၍ ခြေထောက်များကို ခပ်ချဲ့ချဲ့ဝိုက်ထားပုံမှာ ကလေးငယ်တစ်ယောက်၊ အိုးပုတ်ချိုးရုပ်များကို ရှေ့မှာဖြန့်ကြဲချထားရင်း ခြေထောက်များဖြင့် ပွေ့ဖက်ဝန်းရံထားသလိုမျိုး သူ့လက်ထဲမှာ ပလာယာ၊ သို့မဟုတ် ကတ်ကျေးတစ်ခုခု ကိုင်စွဲရင်း သွပ်နန်းကြိုး သို့မဟုတ် ဘန်နီကြိုး၊ သို့မဟုတ် ဝါယာကြိုးတစ်ခုခုကို့ သူဖြတ်တောက် သို့မဟုတ် ဆွဲလိန် သို့မဟုတ် ထုံးဖွဲ့နေသည်။

သူ့ ရှေ့နောက်ဝဲယာ ဝန်းကျင်မှာ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုမရှိဟုဆိုနိုင်သော ပစ္စည်းပစ္စယတွေ ဖရိုဖရဲကြဲပြန့်၊ စုပုံ၊ ထပ်ဆင့်ပြိုလဲနေသည်။ အဲဒီ ပစ္စည်းပစ္စယတွေကို တတ်နိုင်သလောက် အမျိုးအမည်တပ်ပြောရလျှင် . . . ။ ကတ်စက္ကူပြား၊ ပလာစတာတိပ်၊ အုန်းဆံကြိုး၊ သဘော်ဆေးခွက်၊ ဗူးတ်တန်ပြား၊ စုတ်တန်ချွန်၊ ကော်ကျိုထားသော ကော်ထည့်သည့်အင်တုံ



www.burmeseclassic.com

www.burmeseclassic.com



ဝက်အူမှုလီ၊ ဖန်ဂေါ် လီလုံး၊ အမျှင်မျှင်ဖွာဆွထားသော နိုင်လွန်ကြိုးအပိုင်းအစ၊ အသင့်ချွန်ထားပြီး တစ်ထွာခန့်သစ်သားချောင်းများ၊ ညစ်ညစ်ရောင် မြေဆေးသုတ်ထားသော ကတ်စက္ကူခံပိုတ်စ၊ စတက်ပလာချုပ်စက် . . . . . ၊ ဝါးနှီးသပ်အမှိုက်စတွန့်လိပ်၊ ရွှေဘော်အမှိုက်၊ သဘော်ဆေးစက်၊ ရွှေမင်ဘူး၊ ငွေမင်ဘူး၊ ပန်းစက္ကူလိပ် . . .။

ဖယောင်းညှော်နံ့၊ ဝါယာကြိုးညှော်နံ့၊ သဘော်ဆေးနံ့၊ . . . . ချွေးနံ့။

ထိုအနံ့များ၊ ထိုမြင်ကွင်းများကြားမှ သူ၏တကုပ်ကုပ် တချောက်ချောက်လှုပ်ရှားမှုများကို မှန်ပြောင်းစက်ဝန်းမြင်ကွင်းလို၊ စူးစိုက်ကြည့် . . . . .၊ ပြီးတော့ မှန်ဘီလူးမိုက်ခရိုစကုပ်တစ်ခုအောက်မှ ရှုကွက်လို စူးစိုက်ကြည့်လျှင်၊ တစ်ချက်ကလေးမှ မရပ်မနားလှုပ်ရှားနေသော သူ့လက်ချောင်းများ။ ထိုလက်ချောင်းများထိပ်မှ လက်သည်းများမှာ၊ ကော်စ၊ ဆေးရည်တွေစွန်းထင်းစွဲကပ်လျက်။ အသေအချာထပ်ကြည့်ဦးမည်ဆိုလျှင်၊ အဲဒီ လက်သည်းတွေမညီမညာကျိုးပဲ့နေတာ၊ လက်ချောင်းထိပ်မှာ၊ ပွန်းပဲ့ထိရှရာ အစင်းကြောင်းများစွဲနေတာကို တွေ့နိုင်သေးသည်။

ထိုလက်ချောင်းများ ထိုပစ္စည်းကိရိယာများ ထိုတကုပ်ကုပ် တချောက်ချောက်လှုပ်ရှားမှုများမှ အသီးအပွင့်အဖြစ် ထွက်ပေါ်လာသော အရာဝတ္ထုများကို ကြည့်ကြဦးစို့။

မြင်းတစ်ကောင်၏ ဦးခေါင်းပိုင်း(လည်ပင်းအပါအဝင်ဖြစ်ပြီး၊ အောက်မေးရိုး၊ နားရွက်များလှုပ်လို့ရ၏။) မောက်တိုဦးထုပ်၊ ရှေးမြန်မာစစ်သည်သုံး (၁၈၈၆ခုနှစ် ကာလ)၊ ကျည်ခါးပတ်၊ ဓား၊ လှံ၊ သေနတ်၊ ကောက်ရိုးထုံးအဆာသွပ်လူပုံ၊ ပန်းပွင့်၊ မြားကျည်တောက်၊ လက်တစ်ဖက်တည်းဖြင့် မ,လို့ရသောရောမကျောက်တုံးကြီး. . .။

သူဟာ၊ အနုပညာသမားတစ်ယောက် ဖြစ်သည်ဆိုသော အချက်ကို မိတ်ဆွေ၊ ရဲရဲကြီး ယုံလိုက်စေလိုပါသည်။

၂

"လူတစ်ယောက် သေဆုံးတဲ့အခါမှာ လွမ်းသူပန်းခွေပို့တယ်ဆိုတာ အလကားအပိုအလုပ် ပကာသန အလုပ်လို့ ကျွန်တော်ယူဆခဲ့တယ်။ အစ်ကို စဉ်းစားကြည့်လေ. . .။ ပန်းခွေကို ကမန်းကတမ်းနဲ့ ဆိုင်မှာဝင်ဝယ်။ ပန်းခွေ





ဆိုင်ကလဲ၊ ဆိုင်ရာ ဆိုင်ရာ တန်ဖိုးအလိုက်ပေါ့။ အသင့်လုပ်ထားတယ်လေ။ ဝယ်သူက၊ ပန်းခွေပိုင်ရှင်. . . အဲ. . . သေဆုံးသူရဲ့ ဂုဏ်အဆင့်အတန်း၊ မိမိနဲ့ပတ်သက်ရာ ပတ်သက်ကြောင်းခင်မင်မှု ပြီးတော့. . . မိမိတက်နိုင်တဲ့ ငွေကြေးပမာဏတွေ အပေါ်မှာ စဉ်းစားပြီးသင့်တော်မယ်ထင်တဲ့ ပန်းခွေဝယ်လိုက်တယ်။ ပြီးတော့ အသင့်ရေးလာတဲ့ ကတ်ပြားစာတမ်းလေးကို ကမန်းကတမ်းချိတ်ချည်ပြီး တင်ယူလာတယ်၊ သုသာန်ရောက်တော့ ပန်းခွေကို သယ်မပြီး၊ ရုပ်အလောင်း ပြင်ထားတဲ့ဆီ ယူလာတယ်"

သူပြောနေပုံက သက်သက်သာသာပင် ဖြစ်သော်လည်း၊ လွမ်းသူပန်းခွေတစ်ခုအကြောင်း၊ အသေးစိပ်ပါဝင်နေလေသည်။

"ပန်းခွေကို အဲဒီလို ရုပ်အလောင်းပြင်ထားတဲ့ဆီ သယ်ယူလာချိန်နဲ့ အလောင်းစင်ရဲ့ ခေါင်းရင်းတစ်နေရာက စင်မှာချိတ်တင်လိုက်တဲ့အချိန်. . . ဒီအချိန်နှစ်ချိန်ကလေးမှာပဲ ပန်းခွေက အဓိပ္ပာယ်ရှိနေတယ်။ အဟင်း . . . ပန်းခွေရဲ့ အသုံးတော်ခံမှုကာလ အပိုင်းအခြားပေါ့ အစ်ကိုရာ"

ပန်းခွေ၏ အဓိပ္ပာယ်။ ပန်းခွေရဲ့ အသုံးတော်ခံမှုကာလအပိုင်းအခြားသူ့စကားကို ကျွန်တော် သိပ်သဘောမပေါက်ချင်ပေ။ ဒါကို သူကလည်း ရိပ်မိဟန်ဖြင့် ဆက်ပြောသည်။

"ဒီလိုလေ အစ်ကိုရဲ့။ အဲဒီလို ကားပေါ်ကနေ ပန်းခွေကို သယ်ယူလာတဲ့ အချိန်နဲ့၊ စင်ထက်မှာချိတ်လိုက်ချိန် နှစ်ချိန်မှာပဲ၊ အသုဘရှုလာတဲ့ပရိသတ်က ပန်းခွေနဲ့ ပန်းခွေသယ်လာသူ၊ ပြီးတော့ ပန်းခွေထဲက ကတ်ပြားပေါ်က စာကို သတိပြုလိုက်မိကြတယ်လေ. . .။ သြော် ဘယ်သူဘယ်ဝါ ဘယ်အဖွဲ့အစည်း ကပါလားပေါ့။ တချို့ကတော့. . . အင်း. . . ပန်းခွေရဲ့ တန်ဖိုးကို မှန်းတွက်ကြည့်တာလဲ ရှိမှာပေါ့။ သြော်. . . ဒါဟာဖြင့် နှစ်ရာတန်ပဲ၊ သုံးရာတန်ပဲပေါ့။ နှင်းဆီအနီတွေ အဖြူတွေနဲ့ အသေအချာ ဒီဇိုင်းဖော်ထားရင်လဲ သြော်. . . အသေအချာလုပ်လာတာပါလားပေါ့. . . အံမယ် အစ်ကို့နှယ့် ပြောရဦးမယ်"

သူက အားပါးတရ ပြောနေသော်လည်း၊ ကျွန်တော့်မှာ အသုဘတစ်ခု၏မြင်ကွင်းကို မြင်ယောင်ရင်း အမွှေးတိုင်နံ့လိုလို လူနံ့လိုလို ချွေးအိုစူးရဲ အနံ့တစ်မျိုးကိုပင်၊ ရှူရှိုက်မိယောင်ဖြစ်ကာ၊ မအီမသာကြီးခံစားနေရလေသည်။ (အစွဲကြီးသူ၊ ဆင်းဇတစ်ပ်ဖြစ်သူဟု ပြောချင်ပြော အသုဘများတွင် ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



အလောင်းခေါင်းရင်း၌ ထွန်းညှိပေးထားကြလေ့ရှိသော၊ အမွှေးတိုင်တစ်မျိုးကို ကျွန်တော်သည် မိမိအိမ်ဘုရား ပူဇော်ရာ၌ မသုံးတော့ပါ)။

အစ်ကို့နှယ်ပြောရဦးမယ်ဟူသော စကားကို သူဆက်သည်။

"ပန်းခွေ သယ်လာသူကလဲ သူဖာသာ ပုဂ္ဂလိက ဖြစ်ဖြစ်၊ အဖွဲ့အစည်း ကိုယ်စားပြုပဲဖြစ်ဖြစ်ပေါ့လေ. . . သူ့ပန်းခွေက အသိုးတန်အကောင်းစားဆိုရင် အဟင်း သူ့မျက်နှာက ခပ်ကြွားကြွားရယ်။ ပြီးတော့ ပန်းခွေချိတ်ဖို့ ထောင်ဖို့နေရာကိုကပဲ အကောင်းဆုံး အဲ အမြင်သာဆုံးနေရာမှာပဲချိတ်တတ်တယ်လေ. . .။ အဲဗျာ တော်ရုံပန်းခွေမျိုးဆိုရင်တော့. . . သယ်လာသူကလဲ ခပ်လို့လို့ပဲ လှမ်းကြည့်လိုက်တဲ့ သူတွေကလဲ သာမကာလျှံကာပဲ။ အဲ. . . ချိတ်တဲ့ နေရာကလဲ. . . ဘေးအစွန်တို့၊ အောက်ဖက်တို့မှာပဲ. . . ပန်းခွေ၏ အဆင့်အတန်းပေါ့လေ"

မင်္ဂလာဧည့်ခံပွဲများ၏ ပကာသနအကြောင်းကိုစာရေးဆရာတို့အတော်လေးရေးခဲ့ကြဖူးသည်။ ယခု သူ့ဆီက ကြားနေရသော အကြောင်းအရာမှာ အသုဘ၏ ပကာသနအကြောင်း။ ကျွန်တော်စိတ်မသက်မသာကြီးဖြစ်နေမိသည်မှာ အမှန်ပင်။ နောက်ခံအကြောင်းအရာ အခင်းအကျင်းက အသုဘကိစ္စဖြစ်နေသောကြောင့်လား၊ သူ၏ တွေးမြင်ပုံက နှိုက်နှိုက်ချွတ်ချွတ် အပြစ်မြင်ပုံမျိုးဖြစ်နေသောကြောင့်လား။ ကျွန်တော့်အဖို့ နားမချို သည်မှာတော့ အမှန်ဖြစ်လေသည်။

သူက မရပ်သေးပါ။

"ဇာတ်လမ်းက မဆုံးသေးဘူး အစ်ကိုရ။ အလောင်းပြင်ထားတဲ့ နေရာကနေ မီးသင်္ဂြိုဟ်စက် ဒါမှမဟုတ် ဂူသွင်းမယ့်နေရာကို သွားကြပြီဆိုတော့ တော အကောင်းဆုံး၊ အလှဆုံး အဘိုးတန်ဆုံးပန်းခွေပြီးတော့ ပန်းခွေပို့သူရဲ့ ဝုဏ်ဒြပ် အဆင့်အတန်းအလိုက်၊ ရှေ့နောက် တန်းစီပြင်ကြတယ်။ အင်း. . . ဒီနေရာမှာ အသုဘပို့သူတွေက လမ်းအတိုင်းလျှောက်ခဲ့ကြတာဆိုတော့ အခမ်းအနားကို ဘေးဝဲယာကနေကြည့်သူတွေက တခြားပရိသတ် မြင်သွားပြီလေ။ ဒီတော့. . . ပရိသတ်ရဲ့ အမြင်မှာ ပန်းခွေချင်း အဆင့်အတန်းကွာပုံက ပိုသိသာလာတာပေါ့" တော်ပါတော့ဗျာဟု ကျွန်တော့်စိတ်ထဲက ပြောနေမိသည်။

"အစ်ကိုသတိထားမိမှာပါ။ အဲဒီပန်းခွေတွေဟာ မကြာခင် မိနစ်ပိုင်းအတွင်းမှာ ဖရိုဖရဲနဲ့ အလဟဿဖြစ်သွားကြတာပါပဲ။ မီးသင်္ဂြိုဟ်စက်ရဲ့အပြင်ဘက်မှာ စင်





တစ်ခုထောင်ထားပါရောလား. . . ပန်းခွေတွေမှန်သမျှကို အဲဒီမှာ ချိတ်ဆွဲထားပခဲ့ကြရတယ်လေ. . . နာရီပိုင်းမခံကြပါဘူး။ ပန်းတွေ ပြုတ်ကျ ကြိုးတွေပြတ်ကျ။ ဟိုကတ်ပြားလဲ၊ အပိုင်းပိုင်းနဲ့. . .၊ ဒါပေမယ့် ဒါကိုအသုဘပို့သူထဲက ဘယ်သူမှ ဂရုမစိုက်ကြတော့ပါဘူး။ ကိုယ့်ကားပေါ် ကိုယ်ရောက်ဖို့ အပြေးအလွှားဖြစ်နေကြပြီလေ. . ."

သူပြောပုံက၊ ပန်းခွေကိုပဲ၊ တသသလုပ်ထားရဦးမလိုလို။

"တစ်ချို့တလေလဲ ရှိပါရဲ့။ ကွယ်လွန်သူအပေါ် သံယောဇဉ်ကြီးလွန်းသူ၊ ဒါမှမဟုတ် လေးစားမြတ်နိုးတဲ့ သူတစ်ယောက်ယောက်တတော့ ပန်းခွေက၊ ပန်းတစ်ပွင့်တလေကို အမှတ်တရဖြုတ်ယူခဲ့သတဲ့. . . အံမယ် စာရေးဆရာကြီး ဗန်းမော်တင်အောင်တုန်းကဆိုရင်" သူကျွန်တော့်ကို ဖြတ်ခနဲ လှမ်းကြည့်ကာ၊

"အသုဘပို့ပြန်တဲ့ သူတွေရဲ့ရင်ပတ်ပေါ်မှာ လွမ်းသူ့ပန်းခွေက ပန်းအနီပွင့်တွေကို ချိတ်ဆွဲယူခဲ့ကြသတဲ့ ကြားဖူးတယ်. . . ဒါမျိုးကရှားပါတယ်လေ. . ."

သူလေသံ လျှော့ချလိုက်သည်။ "အဲဒါပဲ အစ်ကိုရ။ လွမ်းသူ့ပန်းခွေပို့တယ်ဆိုတာ၊ ပကာသနပဲ၊ အဲဒီလို ကျွန်တော်ယူဆတယ်၊ ခွင့်လွှတ်နော်အစ်ကို၊ ကျွန်တော်က တွေးစရာရှိရင် ကိုယ်တတ်နိုင်သလောက်တော့၊ လက်တစ်ဆုံးနှိုက်တွေးတတ်တဲ့ အကျင့်ရှိတယ်။ မှားသလား မှန်သလားတော့ အစ်ကိုတို့က ပိုသိမှာပါ။ အဲ. . .ကျွန်တော် ပြောချင်တာက" ရော မပြီးသေးပါလား။

"လွမ်းသူ့ပန်းခွေပို့တယ်ဆိုတာ၊ အပိုအလုပ် အလကားပကာသနကိစ္စလို့ စွဲခဲ့တဲ့၊ ကျွန်တော့်အယူအဆဟာ၊ ကျွန်တော့်အမေဆုံးတဲ့ အချိန်မှာ လုံးလုံးကြီးပြောင်းလဲသွားခဲ့ပါတယ်။ ကျွန်တော်ပြောချင်တာက ဒါပါ။"

၃

အိုဟင်နရီ၏ ဝတ္ထုတို တစ်ပုဒ်လို၊ အဆုံးသပ်ဇာတ်သိမ်းအလှည့်တလေးဝင်လာတော့မည်ဟု ကျွန်တော် နားစွင့်လေလိုက်သည်။

"ကျွန်တော့် အမေဆုံးတော့လာလိုက်ကြတဲ့ ပန်းခွေတွေအစ်ကို တော် အံ့သြယူရတယ်။ အမေ့အတွက် ရည်စူးဂုဏ်ပြုတဲ့ ပန်းခွေ တော်မသိတဲ့ သူတွေဆီကလဲ ရောက်လာကြတယ်။ အဲဒီ



www.burmeseclassic.com

လို့ ပူဆွေးသောကရောက်နေတဲ့ ကျွန်တော့်ရင်ထဲမှာ ဘယ်လိုအတွေးဝင်လာတယ်မှတ်သလဲ အစ်ကို. . .” သူ့လေသံရော အမူအရာပါပြောင်းသွားသည်။

“အို. . . ငါ့အမေ အသက်ရှင်နေစဉ်တုန်းက အမေဟာ၊ အခုပန်းခွေလာပို့တဲ့ လူတွေအပေါ် ဘယ်လိုများ ကျေးဇူးတွေပြုခဲ့သလဲမသိ။ အခုပန်းခွေလာပို့တဲ့ လူတွေဟာ အမေ့ကို ဘယ်လောက်များ ချစ်ခင်လေးစားကြသလဲမသိ”

“ကြည့်စမ်း သူတို့ အမေ့ကိုနှုတ်ဆက်နေကြတာ အရေးတယူ တလေးတစားနဲ့ နှုတ်ဆက်နေကြတာ. . . အဲဒီလို အတွေးဝင်လာပြီး ကျွန်တော့်ရင်ထဲက အပူတွေသက်သာရာရခဲ့တယ်။ လက်စသပ်တော့ အစ်ကိုရေ . . . .”

“လွမ်းသူ့ပန်းခွေဆိုတာ၊ သေသွားသူကို ဂုဏ်ပြုရာကနေပြီး၊ ကျန်ရစ်သူတွေကိုအပူသက်သာစေတဲ့ အရာပါလား၊ သူဖာသာ ဘယ်လောက်ပဲတန်တဲ့ ပန်းခွေဖြစ်ဖြစ် ဘယ်လိုကြိုးမျိုး ကတ်ပြားမျိုးပဲ ဖြစ်ဖြစ်၊ ဘယ်လိုနည်းနဲ့ သယ်လာတာပဲဖြစ်ဖြစ်. . .၊ လွမ်းသူ့ပန်းခွေဆိုတာ၊ အပိုအလုပ် ပကာသနအလုပ်မဟုတ်ပါလား။ တွေးတတ်ယူတတ်ရင် တန်ဖိုးရှိတဲ့ ကိစ္စပါလား . . . လို့ ကျွန်တော် အမြင်ပေါက်သွားတယ် ကျွန်တော့်အစွဲကျွတ်သွားတယ်. . .။”

အပေါ်ပိုင်း ကြယ်သီးအချို့မရှိသဖြင့်၊ အကျီရင်ပတ်ဟင်းလင်းနဲ့ ပွင့်နေသော လည်းပင်းအောက်ခြေရင်ညွန့် နေရာကို သူလက်ဖဝါးများဖြင့် ပွတ်သပ်နေသည်။ သူ့လက်ချောင်းတွေကို ကျွန်တော်အလိုလိုပင် သတိပြုမိပြန်သည်။ ဆေးရောင်စွဲနေကာ၊ လက်သည်းတွေ မညီမညာဖြစ်နေသော တုတ်ခိုင်ခိုင်လက်ချောင်းများ။

“အယူအဆတစ်ခု၊ အစွဲတစ်ခုဆိုတာ ကိုယ်တိုင် ကိုယ့်ဘဝနဲ့ အတွင်းကျကျခံစားပြီး သိလာရတဲ့အခါကျတော့မှ၊ ကျွတ်သွားတတ်တာပါလားလို့လဲ ကျွန်တော်သဘောပေါက်ရပြန်တယ်။ ဒီလွမ်းသူ့ပန်းခွေကိစ္စကို အကြောင်းပြုပြီး ကျွန်တော်လဲ နောက်ဆိုဘယ်ဟာကိုမှ ပုံသေကြီး မစွဲရဲတော့ဘူး၊ တစ်ခုခုနဲ့ ပတ်သက်ပြီး၊ တစ်ခုခုကိုယ်ထင်လာရင် အဲဒါဟာ၊ ဟုတ်ချင်မှ ဟုတ်မှာနော်။ ရမ်းမစွဲလိုက်နဲ့ဦး . . . မင့်ဟာ တစ်ဖက်သပ် အမြင်ဖြစ်နေဦးမယ် . . . လို့ ကိုယ့်ကိုကိုယ် သတိပေးထားရတယ်”

စကားကို အဆုံးသပ်ပြီးနောက် သူသည် ကွမ်းတစ်ချက်ထွေးလိုက်၏။ ပစ်ခနဲစင်ထွက်သွားအောင် ထွေးထုတ်လိုက်ခြင်းမဟုတ်ပါ။ ခြေဖမိုးအနီးသို့





အသာကိုင်းငုံ့ကာ ထွေးလိုက်ပြီး ခြေထောက်ဖြင့် ဖုံမှုန့် မြေမှုန့်များကို ဖယ်စုပုံကာ၊ ကွမ်းတံတွေးကို ဖုန်းအုပ်သည်။

“ကဲ. . . အလုပ်ကလေး လက်စသပ်ရဦးမယ် အစ်ကိုရေ။ သွားလိုက်ဦးမယ်”

သူလှည့်ထွက်သွားသည်။ ပလာယာ၊ ကတ်ကျေး၊ တူများဖြင့် တကုပ်ကုပ် တချောက်ချောက် သူ အလုပ်လုပ်ပေဦးမည်။ သူ့နောက်ကျောပြင်ကို ကြည့်ရင်း ဝပ်ရှော့မှတွင်ခုံ တစ်ခုကို ကျွန်တော်သတိရသွားသည်၊ တွင်ခုံက ထွက်လာသော မူလီ၊ နပ်၊ ဝက်အူလေးတွေက အသေးစိပ်လေးတွေ၊ ညီညီညာညာတွေ။ တွင်ခုံကြီးကိုယ်တိုင်ကတော့ ထိရာရှရာ ပွန်းပဲ့ရာတွေဖြင့် မြင်မကောင်း။ စက် ဆီ၊ စက်ချေး၊ သံမှုန့်၊ မြေမှုန့်၊ ဆီချေးများဖြင့်မြင်မကောင်း။

၄

ကတ်ထူစက္ကူပြားပေါ်မှာ၊ ဖျဉ်ကြမ်းစကို ပတ်ချုပ်ထားသည်။ ဖျဉ်ကြမ်းစတို၊ မြေဆေးနှင့် ဘားနစ်လိုဆီတစ်မျိုးရော၍ သိုတ်လိမ်းလိုက်သောအခါ သားရေရောင်ညိုညစ်ညစ်အရောင်ထွက်လာ၏။ အဲဒါဟာ ခါးပတ်ဖြစ်သည်။ နိုးရိုးခါးပတ်မဟုတ်၊ ကျည်ခါးပတ်။

ကျည်ထောင့်လေးတွေကို ခါးပတ်ပြားပေါ်မှာ စီရရီမြှုပ်ထားဖို့ အိတ်လေးတွေ လုပ်ထားရပြန်သည်။ ကျည်ထောင့်လေးတွေကတော့ လုံးပတ်လက်ခနဲ့ သစ်ကိုင်းစတွေကို ဖြတ်တောက်ပြီး ထည့်သွင်းလိုက်တော့ အဲဒါ ကျည်ထောင့်တွေဖြစ်သွားသည်။ ခါးပတ်မှာ ခါးပတ်ခေါင်းဘတ်ကယ်မရှိပါ။ နှစ်ဖက်အစကို ခပ်ရှည်ရှည်ထုတ်ထားပြီး ခါးမှာပတ်ချည်ထုံးဖွဲ့လိုက်ရုံပင် ဖြစ်သည်။

ဤကား မြန်မာသေနတ်စုရဲမက်တို့အတွက် ကျည်ခါးပတ်ဖြစ်ချေသည်။ ဒီလို ကျည်ခါးပတ်မျိုးတစ်ရာတိတိသူလုပ်ရမည်။ ကတ်စက္ကူပြား၊ ဖျဉ်ကြမ်းစ၊ မြေဆေး၊ သစ်သားတုံးငယ်များ ဆေးစပ်အင်တုံ ပင်အပ်ချုပ်စက်၊ စုတ်တံအများကြီးကြီး . . .။

အဆင့်မြင့်နည်းပညာဆိုင်ရာ အထောက်အကူပြု ကုန်ထုတ်ကိရိယာ လက်နက်ပတ္တူ၍ မပါဝင်သောကြောင့် သူ၏၊ လုပ်ငန်းခွင်မြင်ကွင်းမှာ နည်းနည်းတော့ ရယ်စရာကောင်းသည်။ ဒါပေမယ့် အဲဒီရယ်စရာတွေထဲကပဲ ပြည့်စုံချော အသုံးတည့်လှသော ပစ္စည်းလေးတွေ ထွက်ထွက်လာလေသည်။

www.burmeseclassic.com


"ယာဂုအိုးကွဲမှ ရွှေစည်းခုံလှူဆိုတဲ့ စကားရှိပါရောအစ်ကိုရဲ့"

သွပ်နန်းကြိုးတစ်ခုကို ပလာယာဖြင့် ကျွမ်းကျင်စွာ ကွေးလိန်ရင်း သူ ...ကားစလာပြန်သည်။

"ဆိုပါဦး"

"ဒီစကားကို ကြားခါစတုန်းကတော့ ကျွန်တော်လဲ မဲ့ပြုံးပြုံး ပစ်လိုက်တယ်။ သြော် သစ္စာတရားခေါင်းပါးလိုက်တာပေါ့"

ဘူးနွယ်တစ်ခုလို ညီညီညာညာ ရစ်ခွေသွားသည့် သွပ်နန်းကြိုးအစနှစ်ဖက်ကို ပလာယာဖြင့် သူထောက်ခနဲတိဖြတ်လိုက်၏။ ဒီပစ္စည်းလေးကတော့၊ ဘယ်နေရာမှာ ဘာအသုံးတည့်ဦးမလဲမသိ။

"ပြောင်းတိုသေနတ်အတွက်လေ. . .။ မောင်းတံတကယ်ရိုက်စေချင်တာတဲ့. . .၊ ဒါကြောင့် လုပ်ပေးနေရတာ"

"လုပ်ပါဦးဗျ။ ယာဂုအိုးကွဲနဲ့ ရွှေစည်းခုံကိစ္စ" သူတစ်ချက်ရယ်ကာ. . .

သြော်-ဒီလိုလေ. . . ကျွန်တော် လက်ပတ်နာရီ ပျောက်တော့မှ အမြင်မှန်ရသွားတယ်။ အစကတော့ ယာဂုအိုးကွဲမှ ရွှေစည်းခုံလှူတယ်ဆိုတာကို ကျွန်တော် အတော်ကြီးကို အထင်သေးတာ စောစောက ပြောသလိုပေါ့၊ သစ္စာတရား ခေါင်းပါးလိုက်တာ စေတနာသုံးတန်မပါလိုက်တာပေါ့. . .၊ အံမယ် ပြန်တွေးကြည့်တော့မှ သူဟာက မဆိုးလှဘူးဗျ။ သူယာဂုအိုးကွဲတဲ့အချိန်မှာ ရွှေစည်းခုံလှူဖို့ သတိရတာကိုက၊ မဆိုးဘူး"

သစ်သားဖြင့် လုပ်ထားသော ပြောင်းတိုက်သေနတ်မောင်းအံထဲသို့ စောစောက စပရင်ချောင်းလေးကို သူထည့်နေသည်။

"ကျွန်တော် လက်ပတ်နာရီပျောက်တော့ အဲ ကျွန်တော်က လက်ပတ်နာရီလဲ ပတ်လေ့ရှိတာ မဟုတ်ပါဘူး၊ ကိုယ့်အလုပ်နဲ့ လက်ပတ်နာရီနဲ့က၊ တခြားစီလေ၊ တစ်ခါတော့ တပည့်တစ်ယောက်က ပတ်စေချင်လွန်းလို့ တကူးတကန့် ဘန်တော့ရှာတာ။ တစ်တိုနီအမျိုးအစား။ ကျွန်တော်လဲ ကြိုက်တယ်။ ဒါပေမယ့် ပတ်လေ့မရှိဘဲပတ်တာဆိုတော့ လက်ကောက်ဝတ်ပေါ်မှာ ရှုပ်နေသလိုလို ယားသလိုလို လေးသလိုလို ဖြစ်နေတာပေါ့"

လူတစ်ယောက်မှာ လက်ပတ်နာရီတစ်လုံးမရှိဘဲ၊ ရပ်တည်လို့ရသည်ဟု အဓိပ္ပာယ်ရသော၊ ကဗျာဆရာတစ်ယောက်၏ စကားကို သတိရသွားမိသည်။

"အဲဒါနဲ့ ကျွန်တော်လဲ ခုလိုပဲပေါ့အစ်ကိုရာ။ လုပ်စရာရှိတာ လုပ်ရင်း





နဲ့ လက်ပတ်နာရီလေး ထိသွားမှာစိုးလို့ ချွတ်ပြီးချထားလိုက်တာပဲ။ အလုပ်ထဲဝင်ကလဲရောက် အစကတည်းက နာရီပတ်လေ့လဲမရှိတာဆိုတော့၊ ဘယ်ချွတ်ထားမှန်းကို သတိမရဘူး။ ရှာလို့လဲမရတော့ဘူး၊ စုပ်စမြုပ်စကို ပျောက်ရောဆိုပါတော့။"

ပြောင်းတိုသေနတ်အံထဲ၊ စပရင်ထည့်ပြီးသွား၏။

"နှမြောလိုက်တာမှဗျာ ထမင်းကိုစားလို့ မရဘူး။ ကိုယ့် ကိုယ်ကိုယ်လဲ အပြစ်တင်မဆုံးဘူး။ ပတ်နေရတုန်းက သိပ်သတိမထားမိပေမယ့် ပျောက်သွားပြီဆိုတော့မှ ငါ့နာရီလေး ငါ့နာရီလေး . . . ဆိုပြီး တန်ဖိုးကြီးသွားတယ်။ လက်ကောက်ဝတ်ကို ခဏခဏငုံ့ကြည့်မိတယ်။ အရင်က ဒီလိုငုံ့ကြည့်တိုင်း လက်တံလေး တရွေ့ရွေ့သွားနေတာ၊ နားနားကပ်နားထောင် လိုက်ရင်းတချပ်ချပ် အသံလေးမြည်နေတာကို မြင်ယောင်ကြားယောင်ပြီး ကျွန်တော့်မှာ နာရီတစ်လုံးပျောက်တာနဲ့မတူဘဲ၊ အချစ်ဆုံးလူတစ်ယောက် ပျောက်သွားသလိုခံစားရတယ်၊ တကယ်ကို မအိပ်နိုင်မစားနိုင် ဖြစ်သွားတယ်။"

စပရင်တပ်ပြီး မောင်းကို သူဆွဲညှစ်လိုက်၏။ ချပ်-အသံလေးမြည်လာသည်။ သို့သော် အသံလျော့နေသည်။

"အဲဒီလို ခံစား. . . ခံစားနေရင်းကနေ ကိုယ့်မှာ ဝေဒနာက အစိုင်အခဲလိုကို ဖြစ်လာတာကလား။ စိတ်ကလဲ ပျော့တယ်ထင်ပါရဲ့။ ဒါနဲ့ တနုံ့နုံ့ဖြစ်နေတာကြာလာတော့ ကြာရင်ခက်ချည်ရဲ့ ငါဟာနာရီလေးတစ်လုံးနဲ့ စိတ္တဇဖြစ်ရမယ်လို့ လန့်လာတယ်။ အဲဒီမှာပင် ကျွန်တော်တစ်ခုကို လှည့်တွေးယူလိုက်မိတယ်။ အစ်ကိုရဲ့ . . ."

"ဘယ်လိုပါလိမ့်"

"ရိုးရိုးလေးပါပဲ။ ငါ့နာရီလေးကို လိုချင်လို့ တမင်ယူသွားတဲ့ သူပဲဖြစ်ဖြစ်၊ မတော်တဆကောက်ရတာပဲဖြစ်ဖြစ်၊ အဲဒီလူမှာ အသုံးဝင်ပါစေ၊ အသုံးတည့်ပါစေ။ နာရီကို သူ မသုံးဘဲ ရောင်းစားလိုက်တယ်ဆိုရင်လဲ အဲဒီငွေဟာ သူ့အတွက် သူ့မိသားစုအတွက် တစ်ခုခုကျေးဇူးရှိမှာပဲ . . . အို နောက်ဆုံးကျ ဒီနာရီရောင်းပြီး သူအရက်သောက်တယ်ထားဦး . . . သူကြိုက်ရာ လုပ်နိုင်ခွင့်ရသွားတာပဲလို့ တွေးယူလိုက်တယ်"

စပရင် အနေအထားကို ပြန်ချိန်ရင်း ခလုတ်ကို သူညှစ်သည်။ ချပ်၊ ချပ် အသံနည်းနည်းမာလာသည်။


www.burmeseclassic.com

www.burmeseclassic.com



"အကောင်းဆုံးကတော့၊ အသုံးတည့်သူ ရသွားပါစေပေါ့ဗျာ။ ဒီနာရီကို ငါသည် ဘယ်သူမှန်းမသိသူ တစ်ယောက်ထံလှူပါတယ်လို့ တကယ်ကို ကျွန်တော်လှူတဲ့စိတ်သွင်းပစ်လိုက်တယ်။ ဟား . . . အစ်ကိုရေ၊ မီးပုံထဲက ခုန်ထွက်ပြီး ရေကန်ထဲဆင်းလိုက်ရသလိုပဲ၊ လှူပြီးပြီလဲဆိုရော။ တစ်ခါတည်းစိတ်ကို အေးသွားတာပဲဗျာ။ စောစောကဟာတွေရှိကို မရှိတော့ဘူး။ အဟင်း . . . ပျောက်တဲ့ပစ္စည်းကို လှူတယ်ဆိုတော့၊ ရယ်စရာကြီးဖြစ်ချင်ဖြစ်နေမှာ။ ကျွန်တော်ကတော့ ကိုယ်တွေ့ပဲ။ နှမြောစိတ်နေရာမှာ အလှူစိတ်ထည့်လိုက်တော့ စိတ်ကို အေးသွားတာပဲ။ ဒီတော့မှ ဟိုယာဂုအိုးကွဲတဲ့ ပုဂ္ဂိုလ်ကို ကျွန်တော် လေးစားရကောင်းမှန်းသိလာတယ်။ ရွှေစည်းခုံလှူဖို့ သူသတိရတာကိုက မဆိုးဘူးဆိုရမယ်"

စပရင်ကြိုးကြားထဲသို့ သူအုန်းဆီနည်းနည်း အစက်ချသည်။ ခလုတ်ကို ဆွဲညှစ်ရာ၊ ချပ်ဟူသောအသံသည်တင်းတင်းပြည့်ပြည့် ထွက်လာလေသည်။

၅

လေးစားအပ်သော စာဖတ်သူမိတ်ဆွေ။

လူတစ်ယောက်ကို သူပြောသော စကားအချို့နဲ့ ယှဉ်တွဲ၍ မိတ်ဆွေအား၊ ကျွန်တော် မိတ်ဆက်တွေ့ဆုံပေးခဲ့ပါပြီ။

ဝတ္ထုအဖွင့်တွင် ထိုသူ၏ ပြုမူလှုပ်ရှားဆောင်ရွက်မှု အနည်းငယ်ကို ကျွန်တော် သရုပ်ဖော်ပြခဲ့သည်။ သူ့အလုပ်အကိုင် သူ့အသက်မွေးဝမ်းကျောင်းပညာကို အမည်နာမ တပ်၍ကျွန်တော်မပြောခဲ့ပါ။ ဒါကလည်း ကျွန်တော် အလှည့်တွေ တွစ်(TWIST) တွေဖြင့် မြူးတူးဆော့ကစားလိုသောကြောင့် မဟုတ်ပါ။

သူ့ဆီသို့ မိတ်ဆွေအား ဆွဲခေါ်ပြသော သဘောပင်ဖြစ်သည်။ အံ့အားသင့်သွားအောင် မြှုပ်ကွက်တွေ လုပ်နေခြင်းမဟုတ်ပါ။ သူ့ကို ထဲထဲဝင်ဝင် ထိထိတွေ့တွေ့လေး မိတ်ဆွေမြင်စေချင်သောကြောင့် ဖြစ်သည်။ ယခု သူ ဘယ်သူလဲဆိုတာ ကျွန်တော်ပြောသင့်ပြီ။





၆

ကန့်လန့်ကာ နောက်ကွယ်မှ ပုဂ္ဂိုလ်များသည်၊ ကန့်လန့်ကာ ရှေ့ထွက်ထားသော ပုဂ္ဂိုလ်များထက် ပို၍စိတ်ဝင်စားစရာကောင်းသည်။

ကံသုံးပါး အပြုအမူတို့အားဖြင့် ထင်သာမြင်သာ သိသာသော ကန့်လန့်ကာရှေ့ပုဂ္ဂိုလ်များ၏ ထင်ရှားမှုမှာ၊ ထင်ရှားနေလွန်းသဖြင့်ပင် ရိုးကာသွားတတ်ကြသည်။ သူတို့သည် လူအများ၏ စိတ်ဝင်စားမှုကို အများဆုံးခံယူရရှိတတ်ကြပြီး သူတို့ဘာပြော၊ ဘာလုပ်၊ ဘာတွေးဆိုတာကိုလည်း သိချင်ကြသည်။ သိချင်စိတ်ဖြင့် မျက်စိနားဖွင့်စွင့်ထားကြရာ၌ သူတို့ကပြောလာသောအခါ ကြားရသောစကား၊ မြင်ရသောမြင်ကွင်းတွေမှာ၊ မျှော်လင့်ထားသလို မဟုတ်တော့ဘဲ မည်းပြာပုဆိုးပေါ်က ချုပ်ရိုးသစ်များသာ ဖြစ်နေတတ်ကြသည်။

(မှတ်ချက်။ ။ မည်းပြာပုဆိုးပေါ်က ချုပ်ရိုးသစ် ဟူသောစကားလုံးသည် မြို့တော်အင်အားသစ် ဇာတ်အဖွဲ့မှ ဒါရိုက်တာမောင်ယဉ်အောင်၏ ပြဇာတ်တစ်ထုပ်ဖြစ်၏။ ဤစကားလုံး၏ လက်ရင်းပိုင်ရှင်မှာ မြို့တော်မောင်ယဉ်အောင်ဖြစ်သည်။)

မသိသာ၊ မထင်သာ၊ မမြင်သာသော၊ ကန့်လန့်ကာနောက်ကွယ်မှ ပုဂ္ဂိုလ်များကား သူတို့ဘာမှ ပြောခွင့်မရကြသဖြင့်လည်းကောင်း၊ ပြောသော်လည်း တစ်ဆင့်ထုတ်လွှင့်မည့်သူမရှိသဖြင့်လည်းကောင်း၊ တစ်ဆင့်ထုတ်လွှင့်သော်လည်း တွင်ကျယ်ပျံ့နှံ့မှုမရှိသဖြင့်လည်းကောင်း ဖုံးကွယ်ထားသောအရာများမှာ စိတ်ဝင်စားစရာများရှိနေတတ်ကြသည်မှာ သဘာဝပင်ဖြစ်သည်။ အဲဒီအရာလေးတွေ အကြောင်းတစ်စုံတစ်ခုကြောင့် 'လှပ်' သွားပြီဆိုလျှင် ပို၍စိတ်ဝင်စားစရာကောင်းသည်။ အဲဒီ 'လှပ်' လိုက်သောအရာထဲမှ မှတ်လောက်သားလောက်သော အတွေ့အကြုံ အယူအဆ သဘောထားတွေပါလာလျှင်ပို၍ တန်ဖိုးရှိလာတတ်သည်။

ကန့်လန့်ကာ နောက်ကွယ်မှ ပုဂ္ဂိုလ်များတို့ ကျွန်တော်စိတ်ဝင်တစားကြည့်မိသည်မှာလည်း၊ စင်စစ်အများနည်းတူ သောကောရောကောကို ဖွဲ့ထွက်ပြီး တမင်စတန့်ထွင်ခြင်း မဟုတ်ပါ။ သူများတွေက ကန့်လန့်ကာရှေ့ကို စိတ်ဝင်စားနေကြချိန်မှာ ကျွန်တော်က ကန့်လန့်ကာနောက် ရွှေ့မဟဲ့ဆိုပြီး ခွဲချင်သောကြောင့် မဟုတ်ပါ။ ကျွန်တော်ကိုယ်နှိုက်ကပင် အဲဒါမျိုးကို စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားတတ်သည့် ဝါသနာရှိခြင်းကြောင့် ဖြစ်ပါသည်။ ယခု ကျွန်တော့်ဝါသနာလေးတ၊ အတိုူးမယုတ်တန်ကောင်းဟု ထင်သည်။

'လွမ်းသူ့ပန်းခွေ' နှင့် 'ယာဂုအိုးကွဲ' ကိုစွဲနှစ်ခုမှသည် ကျွန်တော်တွေ့ကြုံခဲ့ရသော ထိုသူ၏ စကားများကို စာဖတ်သူမိတ်ဆွေ၊ အတော်အတန်ဘဝင်ကျနိုင်လိမ့်မည် ထင်ပါသည်။

၃

ကျွန်တော့် ဝတ္ထုထဲမှာဇာတ်လိုက်ဘယ်သူဆိုတာ ပြောပြရင်း ဤဝတ္ထုကို နိဂုံးသပ်ရမည် ဖြစ်သည်။

ထိုသူမှာ ရုပ်ရှင်၊ ဗီဒီယိုများ၌ ရံခါဇာတ်ပို့ ဇာတ်ရံအဖြစ် ဝင်သရုပ်ဆောင်တတ်သူဖြစ်သည်။ သူ၏ ပင်မ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအစစ်ကတော့၊ ရုပ်ရှင် ရိုက်ကွင်းတွေမှာ၊ သွေးအတု၊ သစ်ပင်အတု၊ လူအတု၊ သေနတ်အတု။ ကျောက်တုံးအတု. . . စသည့် အတုများကို ဖန်တီးသော မြန်မာပြည်မှ စပယ်ရှယ်အဖက်ပညာရှင် ကမ္ဘာကျော်ငွေလှိုင်ဖြစ်ပါကြောင်း။

မတ္တိုင်မဂ္ဂဇင်း၊ ၁၉၉၇

❖ ❖ ❖

## အေသင်၏ ချိုမြိန်သောအဆိပ်

မျက်လုံးပြူးပြူးနှင့် နှာခေါင်းတို့၍ လန်နေသောရုပ်ဆိုးသည့် သူ့မျက်နှာသည် ကြည့်နေရင်းမှာပင် လှပတင့်တယ်လာ၏။ တုတ်ခိုင်သော ခန္ဓာကိုယ်သည် သွယ်လျပြေပြစ်လာ၏။ ဖွာရကျဲနေသော ပြောင်းဖူးမွှေးရောင် ဆံပင်တို့သည် ရွှေရောင်အဆင်း ဖြစ်လာ၏။

အို. . . အပိုလိုနတ်သား ကိုယ်တိုင်ပဲလား။

ဆော့ခရတ္တီသည် ကျွန်ုပ်မျက်စိရှေ့မှောက်မှာပင် အပိုလိုဒေဝတာအသွင်သို့ ကူးပြောင်းသွားပြီလား။

သူ့လက်ထဲမှာ ကိုင်ထားသော အဆိပ်ခွက်သည်လည်း အပိုလိုနတ်သားဒေဝနှင့်တံ၊ အဖရိုဒိုက်နတ်သမီး၏ ပန်း၊ အာသီနနတ်သမီး၏ အမြိုက်ရေခွက်လား၊ မျူးဆနတ်သမီး၏ ကဗျာကလောင်၊ ဒိုင်အိုနိုဆနတ်သား၏ ပဝါဖြူအဖြစ်သို့ ပြောင်းလဲသွားသည်။

အို ဆော့ခရတ္တိ၏ ပခုံးနှစ်ဘက်အပေါ်တွင် လောကပါလနတ်ဒေဝတာတို့ ရပ်တည်နေကြပါပကော။

"ဒါရီတော် နေဝင်သွားပြီလား"

ဆော့ခရတ္တိ၏ အမေးစကား၌ ကျွန်ုပ် တုန်လှုပ်သွားလေသည်၊ နေဆင်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီလားတဲ့။ သူကတော့ တစ်နေ့တာ၏ အချိန်သမယကို မေးခြင်းဖြစ်သည်။ ရိုးရိုးလေးမေးလိုက်ခြင်းဖြစ်သည်။ သို့သော် "နေဝင်"ဆိုသော စကားလုံးကို သည်တစ်ခါကြားရခြင်းလောက် ဘယ်တုန်းကမှ မတုန်လှုပ်ဖူးခဲ့။ ဒါဟာ တစ်နေ့တာရဲ့ အချိန်ကာလ အပိုင်းအခြားကို ရည်ညွှန်းနေတာ မဟုတ်ဘူး။ ဆော့ခရတ္တိရဲ့ ဒါဟာ ဘဝတစ်ခု ရှင်သန်မှုတစ်ခု၊ ဉာဏ်ပညာ ဝိဇ္ဇာတရားနဲ့ မနောသတ္တိတို့ရဲ့ နိဂုံးအချိန်ကို ပြောနေတဲ့စကားလုံး။ ဒီလောက်ကြောက်စရာကောင်းတဲ့ စကားလုံးကို ဘာကြောင့် သင်ပြောလိုက်တာလဲ ဆော့ခရတ္တိရယ်။

"ခရိတော် မိတ်ဆွေကြီး ကျုပ်မေးနေတယ်လေ။ နေဝင်သွားပြီလားလို့ သင့်နေရာကကြည့်ရင် အပြင်ကိုလှမ်းမြင်ရတယ် မဟုတ်လား။"

သူ့အမေးကို မဖြေရဲအောင် ကြောက်လန့်နေရင်းကပင်။ သူမေးသည်ကို ဖြေဖို့ခွန်အားများ မွေးမြူလိုက်ရ၏။

ကျွန်ုပ်ထိုင်နေသည့် ကျောက်ခုံမှာ သံတိုင်ပြတင်းပေါက်နှင့် အနီးဆုံး ဖြစ်နေသည်။ ခက်ခဲပင်ပန်းစွာပင် အပြင်သို့ လှမ်းကြည့်လိုက်ရ၏။

အေသင်ကောင်းကင်မှာ နေလုံးမရှိတော့ပေ။

ဖိလိုပိုနီးရှား ကျွန်းဆွယ်၏အနောက်ဘက် တောင်တန်းစွယ်များဆီတွင် နေလုံးကြီး စတင်တိုးဝင်နေပေပြီ။ မကြာမီ ငုပ်လျှိုးသွားတော့မည်။

"နေမဝင်သေးပါဘူး၊ ဆော့ခရတ္တိ"

"ဟုတ်လား၊ ဒါပေမဲ့ ဒီမှာကတော့ မှောင်လာပြီနော်"

ဆော့ခရတ္တိစကားအဆုံးတွင် အကျဉ်းထောင် အမှုထမ်းလုလင် တစ်ယောက်က မီးတိုင်တစ်ခုယူလာပြီး ကျောက်သားနံရံတွင် ချိတ်လိုက်၏။ ကောင်ကလေးသည် မီးတိုင်ကို နေရာချပြီးနောက် ဆော့ခရတ္တိရှိရာသို့ တစ်ချက် လှမ်းကြည့်လိုက်သည်။ သူ့မျက်လုံးများ စိုစွတ်နေသည်ကို ကျွန်ုပ်အတိုင်းသား တွေ့ရသည်။

"ခရိတော်ရေ ကျုပ်ရေချိုးလိုက်မှနဲ့တူတယ်၊ တော်ကြာ ဆော့ခရတ္တိ ဆိုတဲ့ အဘိုးကြီးဟာ ဝိညာဉ်ကတော့ သန့်ရှင်းမရှင်းမသိဘူး၊ ခန္ဓာကိုယ်အတ္တ ဘောကြီးကတော့ ညစ်ပတ်ပေ့ကွာလို့ ကျုပ်ကို သဂြိုဟ်တဲ့လူတွေက ပြောနေကြဦးမယ်"

သူ၏ဟာသကို ကျွန်ုပ်မရယ်နိုင်ပေ။ ကျွန်ုပ်သာမကပါ။ အကျဉ်းကိုယ် အခန်းထဲရှိ သူ့မိတ်ဆွေများအားလုံး မည်သူမျှ မရယ်နိုင်ကြ။ အပေါ်လိုဒေါ်ရော





အံကြိတ်ထားသည်။ ဖိဒေါ်က လက်သီးကျစ်ကျစ်ဆုပ်သည်။ ဟာမော်ဂျိနီနှင့် အပ္ပိဂျိနိတို့က ဝတ်ရုံစများကို ဆုပ်ချေနေသည်။ အေသင်မြို့သားများအပြင် သီးဗ်မြို့မှ ဆိမိအ၊ ဖိဒွန်ဒီနှင့် မိဂရိမြို့မှ ယူကလစ်တို့လည်း တင်းမာစွာ ကြေကွဲနေကြသည်။

ဆော့ခရတ္တိကို ကျွန်ုပ်တွဲယူလိုက်သည်။ အမှန်တော့ သူရောကျွန်ုပ်ပါ အသက် ခုနစ်ဆယ်အရွယ် အဘိုးအိုများဖြစ်သည်။ သူက ကျွန်ုပ်ထက်ပို၍ ခွန်အားဗလတောင့်တင်းသည်။ ယခုလည်း တွဲယူရသည်သာ ဆိုရသည်။ အတွဲ ခံရသော ဆော့ခရတ္တိ၏ ပခုံးကို ကျွန်ုပ် အားပြုဆုပ်ကိုင်နေမိသည်။

ရေချိုးခန်းဆီသို့ လျှောက်လာကြရင်း သူပြောပြန်၏။

"ပလေတိုဆီလည်း သွားလိုက်ကြဦး၊ ဆေးကောင်းဝါးကောင်းလေးနဲ့ ဓာတ်စာလေးတွေ ယူသွားကြဦး"

ဩော် သူ့တပည့်ကြီး ပလေတို မကျန်းမမာဖြစ်နေ၍ ရောက်မလာနိုင်သည်ကို သူမမေ့ပါလား။ ကျွန်ုပ် ဒူးများပျော့ခွေချင်လာသည်။

ရေချိုးကန် သစ်သားစည်တော်အနီးတွင် သူရပ်သည်။

ဝတ်ရုံကို ခွာ၍ သင်တိုင်းဖျင်စကို ပြင်ဝတ်သည်။ လှုပ်ရှားမှုတွေမှာ အားဆေးသက်သာရှိလွန်းလှသည်။ ကျွန်ုပ်ဆောက်တည်တန့်ရပ်မနေနိုင်တော့။

"ဆော့ခရတ္တိ အချိန်ရှိသေးတယ်၊ ကျုပ်ဟာသူကြွယ်တစ်ယောက်ဆိုတာ သင်မေ့မနေပါနဲ့၊ အခုလည်း အကျဉ်းတော် အမှုထမ်းတွေကို ကျွန်ုပ် ပေးကမ်းထားတယ်။ အလားတူ အဆိပ်ကျွေးသမားနဲ့ အကျဉ်းစောင့်တွေ၊ ဝါးကွက်သားတွေကို မိနေဒဂါးတစ်ရာလောက် ပေးလိုက်ရင် ရနိုင်တယ်။ သင့်ကို လျှို့ဝှက်ခေါ်ဆောင်သွားနိုင်တဲ့၊ မိတ်ဆွေတွေလည်း စုရုံးရောက်ရှိနေကြတယ်။ အချိန်ရှိသေးတယ် ဆော့ခရတ္တိ၊ ထွက်ပြေးကြရအောင်"

သစ်သားစည်ပြတ်ထဲ ဆင်းရင်း ဆော့ခရတ္တိက ကျွန်ုပ်ကို မော့ကြည့်ပြီး ဖြုံးလေသည်။

"ခရိတော် ထွက်ပြေးကြရအောင်ဆိုတဲ့စကား ထပ်မပြောနဲ့တော့လေ၊ သင့်အချစ်ဆုံး မိတ်ဆွေကြီးကို အမှန်တရားဆီက ထွက်ပြေးဖို့ တိုက်တွန်းစကား မပြောအပ်ဘူး"

သူ့ကို ကျွန်ုပ်စကားယှဉ်ပြိုင် မပြောနိုင်တော့ပေ။ ကျောက်ဆောင်ကြီးအောက် အရောက်တွင် လှိုင်းတို့ကျေပျက်မည်သာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ခန္ဓာကိုယ် အတ္တဘောကြီး သန့်ရှင်းသွားပြီ ခရီးတော်ရေ၊ အကျဉ်းခန်းထဲ ပြန်ကြစို့၊ ဟိုမှာ စောင့်နေတဲ့ မိတ်ဆွေတွေကို ကျုပ်စကား ပြောစရာလေးတွေ ရှိသေးတယ်"

●

သူ့အနီးတွင် ဝိုင်းရံနေသော မိတ်ဆွေများ၊ တပည့်များကို တစ်ယောက်ချင်း စကားပြောနေသည်။ သူကြည့်ရသည်မှာ အေသင်အာဏာပိုင်အဖွဲ့၏ သေဒဏ်စီရင်ချက်ကို ကျခံထားရသူနှင့်မတူဘဲ၊ စစ်ထွက်ခါနီး၌ သေနင်္ဂများကို မှာကြား အမိန့်ချနေသော သေနာပတိကြီးနှင့် တူနေ၏။ သို့သော် မိတ်ဆွေများ၊ တပည့်များကမူ စစ်မှုထမ်းစစ်ကဲများနှင့် မတူကြပေ။

အေးစိမ့်နေသော အကျဉ်းတိုက် ကျောက်နံရံကိုမှီလျက် ကျွန်ုပ်ကြည့်နေမိ၏။ သူ ဘာတွေပြောနေသည်ကို ကျွန်ုပ်လည်း သဲသဲကွဲကွဲ မကြားနိုင်ပေ။ အာရုံတွေ တစ်စတစ်စ ဆုတ်ယုတ်နေပြီထင်ရသည်။

ဝံပိုင့်ကြီးတစ်ကောင်နှင့်တူသော သူ့အသွင်ကို ကြည့်ရင်း သူ၏ အနှစ်ခုနှစ်ဆယ်ဘဝခရီးကို ကျွန်ုပ်တစ်ကြောင်းဆွဲရုပ်ပုံကား ရေးဆွဲကြည့်မိ၏။

ဪ - ဆော့ခရတ္တိ။ မနည်းမနောအတွေ့အကြုံများကို ဖြတ်သန်းခဲ့သော ကဝိကြီးတစ်ယောက်ပါတကား။ သူ့အသက် လေးဆယ်ခန့်အထိ၊ သူသည် ပရိကလိမင်းလက်ထက်တွင် ကြီးပြင်းခဲ့သည်။ သူချစ်သော အေသင်မြို့နိုင်ငံသည် ထိုစဉ်ကတော့ ရွှေထီးဆောင်းခဲ့ပေသည်။ သူချမ်းသာပေါ်များသောခေတ်၊ ဒေါ်မဒီမိုကရေစီ ထွန်းကားခဲ့သောခေတ်။ စိတ်မာန်တက်ကြွလျက် အေသင်သားဖြစ်ရတာကို ဂုဏ်ယူမဆုံး ရှိခဲ့ကြသောခေတ်။ ဗိသုကာ၊ ပန်းတမော့နှင့် စာပေအတွေးအခေါ်တွေ ပွင့်ထွန်းလာသောခေတ်။ ဆော့ခရတ္တိသည် ဆာမိုစစ်ပွဲနှင့် ပေါတိဒိစစ်ပွဲတို့မှာ ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့ပေသည်။

ထို့နောက်မှာတော့ ဆော့ခရတ္တိ၏ အသက်လေးဆယ်မှ ခြောက်ဆယ်ကျော်အတွင်း သူသည် အပြောင်းအလဲကြုံခဲ့ပြန်၏။ ဒေါ်မအချင်းချင်း တိုက်ခိုက်ကြသော ပဲလပါနီဆ စစ်ပွဲကြီးကာလ။ ကျွန်ုပ်၏မိတ်ဆွေကြီးသည် အေသင်စပါတာအုပ်စု စစ်ပွဲများကို ဖြတ်သန်းခဲ့ရပြန်ချေသည်။

အေသင်မြို့နိုင်ငံ ခေါင်းဆောင်များ အကျင့်ဖောက်ပြန်ခဲ့ကြပြီး ရောဂါနတ္ထရကပ်ကြီးကျရောက်လာချိန်။ ပရိကလိ မင်းနှင့်တကွ တိုင်းသားပြည်သူအများအပြား သေကြေပျက်စီးကြချိန်။ သတ္တန္တရကပ်၊ အာဏာလုပွဲများ၊ စစ်ပွဲ





များ နောက်ဆုံး စပါတာထံ၌အေသင်အရှုံးပေးလိုက်ရခြင်း။

ကျွန်ုပ်၏ မိတ်ဆွေကြီးသည် သူ့ဘဝ၏ တတိယကာလကိုတော့ ခင်း သုံးဆယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ဒီမိုကရေစီစနစ်တို့ အားပြိုင်ကြသော ခေတ်အတွင်းဖြတ်သန်းရှင်သန်ခဲ့ပြန်လေသည်။

ဆော့ခရတ္တိ၏ အဖသည် ကျောက်ခေတ်ပညာရှင်ဖြစ်၏။ ဆော့ခရတ္တိမှုကား၊ လူတို့၏ စိတ်မနောကို ထုဆစ်သူဖြစ်ခဲ့ပေသည်။ သူ့ဖခင်က ကျောက်တုံး၏ အပေါ်ယံအလွှာတွေကို ထုဆတ်လျက်၊ လှပကြီးကြရုပ်တုများကို ပုံဖော်ခဲ့သည်။ သူကမူ အေသင်မြို့နိုင်ငံသားများ၏ နှလုံးသားထက်မှ အင်္ဂလာ၊ ဟန်ဆောင်မှု၊ လှည့်စားမှု၊ အတုအယောင်နှင့် လွန်ကဲသော အတ္တများကို အစအနများပဲ့လွင့်သွားအောင် အလွှာလွှာကွာကျသွားအောင် ထုဆတ်ခဲ့ချေသည်။

လူတွေမသိတာကို မသိပါဟု ကိုယ်တိုင်ဝန်ခံစေအောင် အသိပညာတို့ မြှတ်နိုးတတ်အောင်၊ လိမ်ညာလှည့်ဖျားမှုတွေ ကျေပျက်သွားအောင် ဆော့ခရတ္တိကြီးလုပ်ခဲ့၏။ ရဲဝင့်စူးရှမေးခွန်းတွေကို မေးလျက်၊ ရိုးသားသောအဖြေများရအောင် ဆွဲထုတ်ခဲ့၏။ တစ်လမ်းဝင် တစ်လမ်းထွက်၊ ဈေးရုံတံခါးဝ၊ သစ်ပင်အောက်၊ အားကစားရုံ၊ ပန်းခြံတွင်း၊ မြက်ခင်းပေါ်၊ အေသင်မြေကမ္ဘာပေါ်တွင် သူ၏အဝိဇ္ဇာတိုက်ဖျက်ရေး စစ်တလင်းများ အနှံ့အပြား ပေါ်ပေါက်ခဲ့လေသည်။

အေသင်သားတို့၏ ဆင်ခြင်တုံဉာဏ်နှင့် နှလုံးသားတို့သည် သူ၏ ပွတ်တိုက်ဆေးကြောပေးမှုဖြင့် ပင်ကိုစိတ်ခံဉာဏ်အရောင်များ ပွင့်ထွန်းလင်းဖြာခဲ့၏။ ရိုးအမှု၊ မသိနားမလည်မှု၊ အတ္တလွန်ကဲမှု၊ ရေစုန်အလိုက်သင့်မျောပါမှုတို့ဖြင့် ထုံထိုင်းနေသော အေသင်သားတို့သည် ဆော့ခရတ္တိ၏ ဝိဇ္ဇာယမထာကြိမ်ဖြင့် ရိုက်ပုတ်မှုကြောင့် နိုးထလာကြပေသည်။

အေသင်မြို့ နိုင်ငံသားတို့၏ ဉာဏ်မျက်စိကို ဖွင့်ပေးသည့်အတွက် အေသင်အာဏာပိုင်အဖွဲ့က ဆော့ခရတ္တိကို စွဲချက်တင်လိုက်ကြ၏။ ကျွန်ုပ်၏ "မိတ်ဆွေကြီးသည် လူငယ်လူရွယ်များကို လမ်းမှားပို့လိုက်စေသူ၊ နှုပ်ဖျိုးသူများအားဖျက်ဆီးသူ၊ နတ်ဒေဝတာအသစ်များကို ဖန်တီးသူ" တဲ့။ ဤစွဲချက်ကို ဘင်သူမှာ သုံးဦးပေါင်းအဖွဲ့ဖြစ်သည်။

နိုင်ငံရေးသမားများနှင့် လက်မှုပညာသည်များကို ကိုယ်စားပြုသည်ဟု [illegible] ဆိုသော အနိုင်တာ။ ပြဇာတ်ဆရာနှင့် စာဆိုကဝိတို့ကို ကိုယ်စားပြု[illegible] ဆိုနိုင်သော မီလီတနှင့် ဝစနာလင်္ကာရ အဟောအပြောဆိုမီဆ[illegible]



www.burmeseclassic.com

www.burmeseclassic.com



စားပြုသည်ဟုဆိုသော လိုင်ကုန္။ သုံးဦးပေါင်းအဖွဲ့။

ဤစွဲချက်အတွက် ဆော့ခရတ္တိသည် အေသင်တရားရုံးတော်၌ ကိုယ်တိုင်ခုခံ လျှောက်လဲချက်တင်ခဲ့၏။ အမှန်တရားဖြင့်ထုံးမွမ်းသော ထိုလျှောက်လဲချက်ကို အေသင်အာဏာပိုင်တို့ ချောက်ချားသောနားများဖြင့် နားထောင်ခဲ့ကြရ၏။ နောက်ဆုံးတွင် သူ့တပည့်များဖြစ်ကြသော ပလေတို၊ ခရီတော်၊ ခရီတော်ဗုလနှင့်အပေါ် လိုဒေါရတို့က မီနေဒင်္ဂါးသုံးဆယ်ကို အာမခံအဖြစ်တင်မည် ငွေဒဏ်ဆောင်မည်ဟုဆိုကြသည်။

အေသင်အာဏာပိုင်အဖွဲ့သည် ငွေဒဏ်လား၊ သေဒဏ်လားဟု မဲခွဲကြပြန်၏။ ခုံရုံးသူကြီးငါးရာခန့်က မဲခွဲလိုက်သောအခါ၊ တရားလိုဘက်က မဲနှစ်ရာ့ရှစ်ဆယ်၊ တရားခံဘက်က မဲနှစ်ရာ့နှစ်ဆယ်ရလာသည်။ အဂိတလေးပါးဖြင့် လုံးထွေး စေးကပ်နေသော သဘာဝတိလည်း ဘာမှမလုပ်နိုင်။ ဤသို့ဖြင့် ကျွန်ုပ်၏မိတ်ဆွေကြီးအတွက် ထွက်ပေါ်လာသော စီရင်ချက်မှာ

"သေဒဏ်၊ ဟင်မလောက် အဆိပ်ခွက်သောက်စေ"

●

ဖီလိုပိုနီရှန်ကျွန်းဆွယ်၏ အနောက်ဘက် တောင်တန်းများနောက်တွင် နေလုံးသည် စတင်နစ်မြုပ်နေပေပြီ။ အေသင်ကို အမိအရဖက်တွယ်ဖို့ ကြိုးစားနေသော နီကြန့်ဝါရွှေ နေခြည်လက်တံများလည်း တစ်စတစ်စ ပြေလျော့နေကြပြီ။

ဟစ်၍ငိုလိုက်သော သူ့ဇနီး ဇန်သီပီကို၊ ခရီတော်က ချော့မော့၍ ခေါ်ထုတ်သွားသည်။ ဆော့ခရတ္တိသည် သူ့ခြေသလုံးနှင့် ခြေကျဉ်းဝတ်မှ သံခြေကျဉ်းတို့ ထူးခတ်ထားခဲ့၍ အညိုအမည်းစွဲသော ဒဏ်ရာကို ပွတ်သပ်နေ၏။ ထိုနောက် သူပြောသည်။

"မိတ်ဆွေတို့ ကြည့်စမ်း၊ သုခဆိုတာ အံ့ဩစရာပဲ။ သုခဟာ ရန်ဘက်ဖြစ်တဲ့ ဒုက္ခနဲ့တစ်ဆက်တည်းဖြစ်နေတယ်။ တစ်ခုခုကို ခံစားရယူရင် အခြားတစ်ခုတို့ပါ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ လက်ခံရတယ်။ အခုကြည့်လေ၊ သံခြေကျဉ်းတွေ ဖြုတ်ပေးလိုက်တဲ့အခါမှာ သံခြေကျဉ်းကြောင့် ခံစားရတဲ့ဒုက္ခက လွတ်ပြီး သုခရောက်လာတယ်"

ဆော့ခရတ္တိရယ်၊ ခင်ဗျားခြေထောက်တွေကနေ သံခြေကျဉ်းကို ဖြုတ်ပေးလိုက်တာဟာ ခင်ဗျားလက်ထဲကို အဆိပ်ခွက် ထည့်ပေးဖို့လုပ်တာဟု ကျွန်ုပ်





ရင်ထဲမှ အော်မိ၏။ ဒါကို သူမသိမဟုတ်၊ သိလျက်နှင့် ဆော့ခရတ္တိသည် သုခနှင့် ဒုက္ခတို့ ဆက်သွယ်မှုသဘောကိုခိုင်ခန့်စွာ ပြောဆိုနေနိုင်ချေသည်။

အကျဉ်းထောင် အပေါ်ဆင့်လှေကားခန်းများမှ တံခါးများတစ်ချပ်ပြီးတစ်ချပ် ဖွင့်သံ၊ လှေကားထစ်များအတိုင်းဆင်းလာသော ခြေသံများကိုကြားလိုက်ရ၏။

ဒါဟာ ဟင်မလောက်အဆိပ်ခွက်ကို သယ်ယူလာတဲ့ အဆိပ်ကျွေးသူလင်ရဲ့ ခြေသံ။

"ဆော့ခရတ္တိ၊ သင့်ရဲ့ သားငယ်တွေအတွက်၊ ဘာမှာစရာရှိပါသေးသလဲ၊ တခြားကောဘာတွေမှာစရာရှိသလဲ ပြောပါ။ ကျွန်ုပ်တို့ဆောင်ရွက်ပေးပါ့မယ်" ဖီဒေါ်၏ ပြိုကွဲနေသောအသံပေါ်လာသည်။

ဆော့ခရတ္တိက အေးဆေးစွာပင် သူ၏ လက်ဖဝါးများကို ပွတ်သပ်လျက်

"အင်း . . . မှာစရာတော့ အထွေအထူးမရှိပါဘူး၊ မှာနေကျစကားတိုပဲ ထပ်ပြောချင်တယ်၊ ကိုယ်နှုတ်နှလုံးကို မမေ့မလျော့သော သတိနဲ့ထိန်းကြပါ၊ ဒါကလည်း သင်တို့က ထိန်းပါမယ်လို့ ကတိပေးခြင်းမပေးခြင်းက အရေးမကြီးပါဘူး၊ တကယ်ထိန်းခြင်းကသာ အရေးကြီးပါတယ်၊ ဟုတ်ပြီလား ဖီဒေါ်"

"ထိန်းသိမ်းနိုင်အောင် အားထုတ်ပါမယ် ဆော့ခရတ္တိ၊ နောက်ပြီးတော့"

ဖီဒေါ်ပြောနေရင်း အသံနစ်သွား၏။ ကျွန်ုပ်ကို သူလှမ်းကြည့်သည်။ သူ ဆက်ပြောမည့်စကားလုံးကို ကျွန်ုပ်နားလည်လိုက်သည်။ ထိုစကားလုံးများကို သူမပြောရက်သည့်အတွက် သူ့ကိုယ်စား ကျွန်ုပ်ပြောပါဟူသော အဓိပ္ပာယ်။

အသက်ပြင်းပြင်း ရှိုက်လျက်၊ အသံ မတုန်အောင် သတိထားရင်း ကျွန်ုပ်ဝင်ပြောလိုက်၏။

"ဆော့ခရတ္တိ သင့်ကိုကျွန်ုပ်တို့ ဘယ်လို သင်္ဂြိုဟ်ရမလဲဟင်"

ကျွန်ုပ်မှ မပြောလျှင် ပြောမည့်သူ မရှိတော့သဖြင့် ပြောလိုက်ရသည်၊ ရတ်စက်ခါးသီးလှဘိခြင်း။

ဆော့ခရတ္တိကမူ တစ်ချက်ပြုံးပြီးတည်ကြည်သွား၏။

"ကြိုက်သလိုသာသင်္ဂြိုဟ်ကြပါလေ၊ ဒါပေမယ့်မိတ်ဆွေတို့၊ ခရီတော်သဘောပေါက်အောင် ပြောပေးကြပါဦး၊ ဆော့ခရတ္တိဆိုတဲ့ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကောင်ကြီးကိုသာ မီးသင်္ဂြိုဟ်ခြင်း၊ မြေမြှုပ်ခြင်းဖြစ်တယ်၊ ဆော့ခရတ္တိကို မီးသင်္ဂြိုဟ်တာ မြေမြှုပ်တာ မဟုတ်ဘူးလို့ နားလည်ပါ။ မိတ်ဆွေကြီး



www.burmeseclassic.com

www.burmeseclassic.com



ခရီးတော် သတိထား။ စိတ်ဖောင်းထား၊ ကျွန်ုပ်ကို မြေမြှုပ်တာမဟုတ်ဘူး။ ကျွန်ုပ်ရဲ့ ရုပ်ခန္ဓာကိုယ်တောင်ကြီးကိုသာ မြေမြှုပ်တာလို့ သင်ပြောနိုင်ရမယ်၊ ဒါဖြင့် ဆော့ခရတ္တိကကောလို့ မေးရင် သူကတော့ သူဂတိဘုံကို သွားပြီလို့ သင်ပြောပြ။ နားလည်တယ်မဟုတ်လား။ ခရီးတော်"

ကျွန်ုပ် ခေါင်းညိတ်ပြလိုက်ရ၏။

ခြေသံသည် အကျဉ်းတိုက်တံခါးလှေကားဝသို့ ရောက်လာသည်အဆိပ်လှေကားဝသို့ ရောက်လာသည်။ အဆိပ်ကျွေးလုလင်ရောက်လာပြီ။

ဟင်မလောက်အဆိပ် အင်တုံကိုကိုင်ဆောင်လာသည့် လုလင်သည် လှေကားရင်းအရောက်တွင် ရှေ့ဆက်မလှမ်းဘဲ ရပ်နေ၏။ ကမ္ဘာပေါ်လာကတ်၌ မဖွယ်ရာဆုံး အလုပ်ကို လုပ်ရန်၊ သူ့ခြေလှမ်းများကပင် ခွင့်မပြုကြောင်း ကျွန်ုပ် နားလည်လိုက်သည်။

ထိုစဉ် အဆိပ်ကျွေးလုလင်နောက်မှလူတစ်ယောက်ထွက်လာ၏။ သူကားအကျဉ်းထောင်မှူးကြီးဖြစ်လေသည်။

ထောင်မှူးကြီးသည် ဖြူလျော်သောမျက်နှာဖြင့် ဆော့ခရတ္တိအနီးသို့ ချဉ်းကပ်လာပြီး ခြေရင်း၌ ဒူးထောက်ချလျက် . . .

'ဆော့ခရတ္တိခင်ဗျား၊ ထောင်ပိုင်ဆယ့်တစ်ဦးအဖွဲ့ရဲ့ အမိန့်အရ၊ အဆိပ်ဆေးကိုသောက်ပါတော့လို့ ပြောဖို့ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ထောင်မှူးတစ်ယောက်ရဲ့ ဘဝကို ကျွန်တော်အစက သတိမထားမိခဲ့ပါဘူး။ အခုတော့ ဒီတာဝန်ကို ထမ်းဆောင်ရခြင်းဟာ ဘယ်လောက် စက်ဆုပ်စရာကောင်းကြောင်း ကျွန်တော်သိနေပါပြီ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာကြီးရယ်"

ရက်စက်ကြမ်းကြုတ်ခြင်းများကိုသာ သူ၏ ဦးနှောက်နှင့် နှလုံးတွင် အစာသွတ်ထားသည်ဟု ကျွန်ုပ်တို့ နားလည်ထားသောထောင်မှူးကြီးသည် ပြောပြောဆိုဆို ငိုကြွေးနေပါပေါ့ကလား။

ဆော့ခရတ္တိက ထောင်မှူး၏နီကြန်ကြန်ဆံပင်များကို ပွတ်သပ်လျက်ပြော၏။

"ကျွန်ုပ်နားလည်ပါတယ်၊ သင့်ကိုလည်း ခွင့်လွှတ်ပါတယ်၊ သင်ဟာ ယဉ်ကျေးဖွယ်ရာတဲ့သူပါ၊ ကဲ ကဲ အဆိပ်ဆေးက စီရင်ပြီးသားလား၊ ယူလာခဲ့ပါစေကွယ်"

အံကြိတ်သံ၊ ရှိုက်ငင်သံ၊ ညည်းတွားသံများ ထွက်လာလေသည်။

ကျွန်ုပ်လည်း ဆို့နစ်တင်းကြပ်မှုကို မခံနိုင်တော့ဘဲပြောမိတော့၏။





"ဆော့ခရတ္တိ နေဝန်းဟာ လုံးဝကွယ်ပျောက်မသွားသေးပါဘူး။ အချိန်ရှိပါသေးတယ်၊ ဘာကြောင့် အလျင်လိုနေရတာလဲဟင်"

"ခရီးတော် အချိန်ဆွဲထားခြင်းအားဖြင့် အကျိုးရှိတယ်လို့ ထင်နေကြသူတွေက အချိန်ဆွဲကြပါလိမ့်မယ်။ ကျွန်ုပ်အဖို့တော့ ဒီလိုမဟုတ်ဘူး။ အဆိပ်ဆေးကို နောက်အကျခံသောက်ခြင်းအားဖြင့် ကျွန်ုပ်အဖို့ အကြောင်းမထူးဘူး။ မေ့ဇာတရားထံ ဝကွက်အပ်နှံထားပြီးဖြစ်တဲ့ကျွန်ုပ်ဟာ ကိုယ့်အသက်ကို တွယ်တာနေသေးတယ်ဆိုရင် ကိုယ့်ကိုကိုယ် ကဲ့ရဲ့စရာပဲ ဖြစ်တော့မယ်၊ ကဲလုလင်လေးရေ"

ဆော့ခရတ္တိက လက်ပြလိုက်၏။ အဆိပ်ကျွေးလုလင်သည် အိပ်မက်ခက်ရင်း လမ်းလျှောက်နေသလို လျှောက်လာလေသည်။

"လူကလေး မင်းက ဒီကိစ္စမျိုးမှာ ကျွမ်းကျင်သူပါ။ ကျွန်ုပ်ဘယ်လိုလုပ်ရမယ်ဆိုတာလေး ပြောပြပေးပါ"

အဆိပ်ကျွေးလုလင်ထံမှ မသဲမကွဲအသံများထွက်လာသည်။

"ဒါ. . . ဒါကို သောက်ပြီးရင် ခဏ စင်္ကြံလျှောက်ပါ၊ ဆရာကြီးခြေထောက်တွေလေး လေးလာတဲ့အခါ၊ အိပ်ရာမှ လဲလျောင်းလိုက်ပါ။ ဒါက သူ့သတ္တိကိုပြ ပြလာပါလိမ့်မယ်ဆရာကြီး"

လုလင် လှမ်းမပေးသော အင်တုံကို ဆော့ခရတ္တိလှမ်းယူလိုက်၏။ တုတ်ခိုင်ရှည်လျားသော လက်ချောင်းတို့သည် အရုပ်ဆိုးလှသော အဆိပ်အင်တုံကို သပ္ပာစွာဆုပ်ကိုင်ထားကြချေသည်။

"လူကလေး သမ္မာဒေဝနတ်တွေကို ပူဇော်သောအားဖြင့် ဒီထဲက အဆိပ်ရည်လေးနည်းနည်းလောက်ကို မဟာပထဝီမြေကြီးမှာ သွန်းခွင့်ပြုနိုင်လား"

"ဆရာကြီးရယ် ဆေးရည်ကို စီရင်ရာမှာ၊ အတိုင်းအတာပမာဏကို မှတအောင် စီရင်ထားတာမို့"

"သြော် သြော် ဟုတ်ပါပြီးကွယ်၊ ဒါဆိုလည်း မြေမှာမသွန်းတော့ပါဘူး"

ဆော့ခရတ္တိသည် အင်တုံကို လက်နှစ်ဘက်ဖြင့် ကိုင်၍အပေါ်သို့ မြှောက်လိုက်သည်။ ထို့နောက်

"သမ္မာဒေဝနတ်အပေါင်းတို့၊ ကျွန်ုပ်ဆော့ခရတ္တိ ဘဝတစ်ပါးသို့ ကူးတော့မည်ဖြစ်ပါတယ်၊ စောင်မကြပါကုန်" ဟု ရေရွတ်လျက် အင်တုံကိုနှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



တွင် တော့လိုက်လေသည်။

အဝိဇ္ဇာနှင့်၊ အတု အယောင်လှည့်စားမှုတို့ကို တစ်သက်လုံးဖွင့်ချတိုက်ထုတ်ကာ အမှန်တရားနှင့် ဓမ္မကို တတွတ်တွတ်ဖွင့်ဟ မြွက်ဆိုခဲ့လေသော နှုတ်ခမ်းတို့သည် ယခုတော့ အဆိပ်အင်တုံ့ခွက်ကို . . .။ ကျွန်ုပ် မကြည့်ရဲ။ မကြည့်ရက်။

မျက်စိအစုံ မှိတ်ထားလိုက်၏။ ဤတွင် ကျွန်ုပ်၏ပါးပြင်နှစ်ဘက်၌ ပူနွေးစိုစွတ်သွား၏။ မျက်ခွံများ ပြန်ဖွင့်လိုက်သောအခါ ပိုးတဝါးမြင်ကွင်းထဲတွင် . . .

တစ်ဖက်သို့ လှည့်ထွက်သွားသည့် ဖီဒေါ်။ ဟစ်၍ ငိုလိုက်သော အပေါ်လိုဒေါရ။ ဝတ်ရုံဖျင်ဖြင့် မျက်နှာအုပ်ရင်း တစ်ကိုယ်လုံး သိမ့်သိမ့်ခါနေသည့် ဟာမော်ဂျိနိ။ တစ်ယောက်ကို တစ်ယောက်ဖက်ငိုနေကြသည့် ဆိမိနှင့် ဖီဒွန်ဒီအို . . . အားလုံး ကစဥ့်ကလျားဖြစ်ကုန်ကြပါလား။

တည်ငြိမ်နေသူဆို၍ ဆော့ခရတ္တိတစ်ယောက်တည်း . . .

"ဘာတွေဖြစ်နေကြသလဲ မိတ်ဆွေတို့၊ မိန်းမသားတွေသာ ဒီလိုဖြစ်တတ်ကြလို့ ဇန်သီပိကို အပြင်ထုတ်ခိုင်းလိုက်တာ။ သင်တို့က တိတ်တိတ်ဆိတ်ဆိတ်နေကြမှပေါ့၊ စိတ်တင်းကြမှာပေါ့ မိတ်ဆွေတို့ရယ်"

သေအံ့မူးမူးလူတစ်ယောက်၏ စကားကို ရှင်သန်ကျန်ရစ်ခဲ့မည့် ကျွန်ုပ်တို့ အားလုံး တညီတညွတ်တည်း နာခံလိုက်ကြ၏။ ဖရိုဖရဲအသံများ၊ ယောက်ယက်ခတ်လှုပ်ရှားမှုများ၊ ငြိမ်သက်တိတ်ဆိတ်သွားကြလေသည်။

ဆော့ခရတ္တိ စင်္ကြံထလျှောက်သည်။ အေသင်မြို့ နိုင်ငံအနှံ့၊ ဖီလိုပါနီ ရှုန်းကျွန်းဆွယ်အနှံ့ လျှောက်ခဲ့သော ခြေလှမ်းများနှင့် မခြား၊ ဝံ့စားသော ခြေလှမ်းများ။

"ကောင်လေး ပြောတာမှန်တယ်၊ ခြေထောက်တွေလေးလာပြီ"

ဆော့ခရတ္တိသည် စင်္ကြံအလျှောက်ရပ်လျက် အိပ်ရာထက် လှဲသည်။

ခဏကြာတော့ အဆိပ်ကျွေးလုလင်က ဆော့ခရတ္တိ၏ ခြေဖျားနှင့် ခြေထောက်ကို ဆိတ်ကြည့်သည်။

"နာပါသလား ဆရာကြီး"

"ဟင့်အင်း မနာဘူးကွဲ့" ပေါင်ရင်းကို ဆိတ်သည်။

"ဆရာကြီး ဒီနေရာကော ခင်ဗျ"





"မနာဘူးကွဲ့"

လုလင်၏ မျက်နှာနှင့် အသံမှာပြိုအက်လာ၏။ လုလင်က ကျွန်ုပ်နားနားကပ်၍ ပြောသည်။

"အေးစက်တောင့်တင်းလာပြီ၊ ခဏကြာရင် နှလုံးထဲကို အဆိပ်ရောက်သော့မယ်၊ အဲဒီအခါမှာ . . ."

လုလင်၏ စကားမဆုံးမီ ဆော့ခရတ္တိအသံပေါ်လာသည်။

တုန်ယင်ထစ်ငေါ့ခြင်းမရှိသော်လည်း သဲ့သဲ့ယဲ့ယဲ့မျှသာ ထွက်နိုင်တော့သည့်အသံ။

"မိတ်ဆွေတို့ အဆိပ်ဆေးဟာ ကိုယ်ခန္ဓာအတွက်တော့ လောင်မြိုက်ပူပြင်းတယ်၊ ဒါပေမယ့် အဓမ္မနဲ့ အဝိဇ္ဇာကို တိုက်ခိုက်တဲ့ ဝိညာဉ်အတွက်တော့ ချမ်းမြိန်နေပါလား၊ ရုပ်ခန္ဓာကိုသတ်တဲ့ အဆိပ်ဟာ စိတ်ဝိညာဉ် အတွက်တော့ ဩသရေည် ဖြစ်နေပါလား"

နံရံ မီးတိုင်အလင်းစက်ဝန်းမှအပ အကျဉ်းထောင်အတွင်း မှောင်မည်းလာပေပြီ။

"မိတ်ဆွေကြီးရယ် သွားတော့မှာလား၊ တကယ်ကိုသွားတော့မယ်ပေါ့ ဟုတ်လား"

"ခရီတော် ခဏ"

တိုးတိတ်လွန်းသောအသံ။

သူ့မျက်နှာအနီးသို့ ကျွန်ုပ်နားကို ကပ်လိုက်သည်။

"အကဲစခလိပိအနတ်ကွန်းမှာ ကြက်ဖတစ်ကောင် ပသစရာရှိနေတယ်၊ အဲဒါ ကျွန်ုပ်ကိုယ်စား သင်လုပ်ပေးပါ"

"ကောင်းပါပြီ ဆော့ခရတ္တိ၊ နောက်ကော . . ."

သူ့ထံမှ စကားသံပြန်မထွက်လာတော့။

တစ်ချက် သူတွန့်သွား၏။ ထို့နောက် သူငြိမ်သက်သွားသည်။

●

"ဆော့ခရတ္တိ ကျွန်ုပ်နားလည်လိုက်ပါပြီ၊ အက်စခလိပိအနတ်ကွန်းမှာလည်း သင့်ကိုယ်စား ကျွန်ုပ် ကြက်ဖတစ်ကောင် ပသလိုက်ပါပြီ။ ဆေးဆရာနတ်၊ သမားတော်နတ်ဖြစ်ခဲ့တဲ့ အက်စခလိပိအဒေဝတာထံမှာ ရောဂါပျောက်ကင်းသွားသူတွေဟာ ကျေးဇူးဆပ်တဲ့အနေနဲ့ ကြက်ဖနဲ့ပသကြတယ်။ သင်



www.burmeseclassic.com

www.burmeseclassic.com



လည်း သင့်ကိုယ်စား ပသခိုင်းတယ်။ ဒီအမိပ္ပာယ်ကို ကျွန်ုပ်နားလည်ပါတယ် ဆော့ခရတ္တိ၊ ဘ၀တဏှာဆိုတဲ့ ရောဂါကနေ သင်ပျောက်ကင်းလွတ်မြောက်သွားပြီဆိုတဲ့ အဓိပ္ပာယ်နဲ့ သင်မှာသွားတာ ပါကလား . . . ”

“ဆော့ခရတ္တိရယ် . . . ။”

**ဆရာဇော်ဂျီ မြန်မာပြန်သော ပလေတိုးနိဒါန်းစာအုပ်မှ အခန်း ၂၁၊ ၂၂၊၂၃၊ ၂၄ တို့ကို ပြန်လည်ခံစားပါသည်။**

**ရွှက်နဝေ၊ ၁၉၉၆**

❖ ❖ ❖

## အင်တာဗျူးနှင့် တွေ့ဆုံခြင်း

၁

ခြေကုန်လက်ပန်းကျခြင်း ဆိုသည့်စကားကို အဲဒီည အိပ်ရာမ၀င်မီမှာ သူ ကောင်းကောင်းကြီး သဘောပေါက်နေသည်။ သူ့အသွေးအသား၊ အရိုး၊ အကြောတွေအားလုံး . . . ကလာပ်စည်းလေး တစ်မျှင်ပင်မကျန်၊ ချည့်နဲ့အား ယူသွားသည်ဟု ခံစားရသည်။ ခန္ဓာကိုယ်တစ်ခုလုံး ချိုးချိုးကျသော ယန္တရားကြီးတစ်ခုလိုဖြစ်သွားသည်။ ခွေးသွားစိပ်လေးတွေ ပုံကြွေ၊ ၀က်အူရစ်လေးတွေ မြန်း၊ ယန္တရားကြီးသည် ဟဲဟဲမြည်ကာ နေးကွေးနေတော့သည်။

အလိုလို အသက်ရှူရှိုက်နေမိခြင်းမှတစ်ပါး စိုက်ထုတ်ပြုလုပ်နိုင်မည့် အင်အားဟူ၍ သူ့မှာ တစ်စက်ကလေးမှမရှိတော့။

မျက်ခွံများသည် စက်သီးကြီး ရှုပ်နေသော ပြည်ဖုံးကားတစ်ခုလို သူ့ မျက်လုံးများပေါ်မှ ကစဥ့်ကလျား ဖုံးအုပ်သွား၏။

၂

ဒီလောက်ကြီးမားသော ပါးစပ်ကြီးတစ်ခု၊ ဤလောကမှာ ရှိနေပါလား ဟု အံ့သြနေရင်းက ကြောက်ရွံ့ရမည်ကို မေ့နေသည်။ ဟင့်အင်း . . . နေပါ



www.burmeseclassic.com

www.burmeseclassic.com



ဦး၊ ပါးစပ်ကြီးတဲ့လား။ ဟုတ်မှာပါ။ ပုံသဏ္ဌာန်ကတော့ ပါးစပ်ကြီးတစ်ခုရဲ့ ပုံပါပဲ။ အပြင်နှုတ်ခမ်းသားတွေ ရှိတယ်။ စိုစွတ်နီမြန်းတဲ့ လျှာကြီးလည်းရှိတယ်၊ အရစ်အရစ်ထနေတဲ့ အာခေါင်လည်းရှိတယ်။ ဟောဟိုဟာက အံသွားတွေပဲ၊ အံသွားတွေနစ်မြုပ်ရာ သွားဖုံးတွေကိုတောင် မြင်ရသေး။ ပြီးတော့ ဟိုဟာက. . . အား. . . အဲဒါ လျှာခင်ပေါ့။ ပါးစပ်ကြီးတစ်ခုဆိုတာ သေချာသွားပြီ။

ဒါပေမယ့် ကောင်းကင်နဲ့မြေကြီးတို့ကို နယ်နိမိတ် လုပ်ထားတာကတော့ ဒါ. . . အဆမတန် ကြီးမားလွန်းနေသည်။ ပါးစပ်တစ်ခုဟာ ဒီလောက်ဧရာမ မဖြစ်သင့်။ အခုတော့ ပါးစပ်ကြီးနဲ့ပဲ မြင်ကွင်းတစ်ခုလုံး အပြည့်နေရာယူထားသည်။ ပါးစပ်ကြီးက ဒီလောက်ကြီးမားနေရင် ဦးခေါင်းတို့၊ ပခုံးတို့ ကိုယ်ခန္ဓာတို့မှာ စကြဝဠာထဲ ထည့်ပြီး နေရာယူထားရမှာပဲ။

နေဦး။ နှုတ်ခမ်းတွေကလည်း စေ့မနေကြတော့ဘူးလား။ ဒီလိုပဲ ခံတွင်းကြီးကို ဖွင့်ဟထားတော့မှာလား။ သွားဖုံး၊ အာခေါင်၊ လျှာခင်တို့၏ ဟိုမှာဘက် ခံတွင်းပေါက်ကြီးက တစ်မျှော်တစ်ခေါ် မဆုံးနိုင်တော့ဘူး။

"ခင်ဗျား ဘယ်သူလဲ"

"ငါ ပါးစပ်ကြီးလေ"

"ပါးစပ်ကြီးမှန်းတော့ သိတာပေါ့။ ဘယ်သူ့ ပါးစပ်ကြီးလဲလို့ မေးတာ"

လျှာခင်သီးကြီး လှုပ်သွား၏။

"ပါးစပ်ကြီးဟာ ပါးစပ်ကြီးပေါ့ကွ။ ဘယ်သူ့ ပါးစပ်ကြီးမှ မဟုတ်ဘူး"

"ခင်ဗျားမှာ တခြား အင်္ဂါအစိတ်အပိုင်း ရှိရဦးမှာပေါ့ဗျ"

"မင်း သိပ်ခက်တဲ့ကောင်ပဲ။ ပါးစပ်တစ်ခုဟာ ပါးစပ်တစ်ခု ဖြစ်နေမှတော့ တခြားဘာမှ မလိုအပ်တော့ဘူး။ အေးလေ၊ ဒါကို မင်းမသိနိုင်ပါဘူး"

"ဒါဖြင့် ခင်ဗျား. . ."

အူကြောင်ကြောင် မေးခွန်းတစ်ခုပဲဟု တွေးမိရင်း ဆက်မေးဖြစ်၏။

"ခင်ဗျား စားသောက်ဝါးမျိုထားတဲ့ အစာတွေကို ဘယ်မှာသိမ်းမလဲ၊ ဥပမာ အစာအိမ်၊ ပြီးတော့ အစာဟောင်းတွေကို သယ်ယူသွားမယ့် အူလမ်းကြောင်း၊ စွန့်ပစ်မယ့်. . . အဲ. . . ဒွါရပေါက်။ အဲဒါတွေကကော"

ပါးစပ်ကြီးရယ်ပုံရ၏။ ဒါပေမယ့် အသံက သူ့ဧရာမ အတ္တဘော (အတ္တဘောလို့ ခေါ်ရမှာတောင် သိပ်အဓိပ္ပာယ်မရှိလှ) ကြီးနှင့်စာလျှင် အသံက





ချိုမြသေးမျှင်နေ၏။ သူ တကယ်အား ပါးတရ ရယ်ရင်တော့ ကမ္ဘာကြီးဟာ အခြားစကြာဝဠာ တစ်ခုသို့ လွင့်စဉ်သွားနိုင်သည်။

"ပြောပါဦးဗျ၊ အစာအိမ်တို့၊ အူတို့၊ ဒွါရတို့က ဘယ်မှာလဲ"

"ငါ့မှာ အဲဒါတွေရှိဖို့ မလိုဘူးကွ၊ ဘာကြောင့်လဲဆိုတော့ ငါက အစာမှ မစားဘဲကိုး"

"ဒါ လုံးဝမဖြစ်နိုင်ဘူး"

"ဘာကွ"

"ပါးစပ်ဆိုတာ စားရမယ်။ စားဖို့အတွက ပါးစပ်ဖြစ်နေတာ၊ မစားမသောက်တဲ့ ပါးစပ်ဆိုတာ မရှိအပ်ဘူး"

"မင်း မှားတယ်"

ပါးစပ်ကြီးနှင့် ငြင်းရခုန်ရတာ ပျော်စရာကောင်းလာ၏။

"မင်းမှားတယ်။ မင်းတို့တွေ ပြောကြတယ် မဟုတ်လား။ **ပါးစပ်တာ** စားခြင်းနှင့် စကားပြောခြင်း အလုပ်နှစ်ခုကို လုပ်ကြတယ်မဟုတ်လား"

"ဟုတ်တယ်လေ"

"အေး . . . ငါက စားခြင်းအလုပ်ကို အလျဉ်းမလုပ်တဲ့ ပါးစပ်ကွ၊ ပြောခြင်းအလုပ်တစ်ခုတည်းပဲ လုပ်တဲ့ပါးစပ်ကွ။ ကမ္ဘာလောက ရှိရှိသမျှ ပါးစပ်တကာမှာ မစားဘဲနဲ့ စကားပဲပြောတဲ့ ပါးစပ်ဆိုလို့ ငါ တစ်ပေါက်တည်းပဲရှိတယ်။ မှတ်ထား"

"သြော် . . . ဒါကြောင့် ခင်ဗျား ဒီလောက်ထိ ကြီးမားနေတာကိုး၊ နေပါဦးခင်ဗျားမှာ ပါးစပ်ဆိုတာအပြင် နာမည်တစ်ခုခုကော မရှိဘူးလား"

"ရှိတာပေါ့ကွ"

"ဘာတဲ့လဲ"

"ငါ့နာမည် အင်တာဗျူးတဲ့"

၃

သူ သိလိုက်ပြီ။ တစ်နေကုန် သူအင်တာဗျူးတွေ မေးနေခဲ့သည်။ ရုပ်ရှင် ဗီဒီယိုရိုက်ကွင်း၊ အသံသွင်း စတူဒီယိုတွေမှာ သရုပ်ဆောင်တွေ၊ အဆိုတော်တွေ၊ ဒါရိုက်တာတွေ၊ ဂီတမှူးတွေနဲ့ တွေ့မေးလုပ်ခဲ့သည်။ ကုမ္ပဏီဘော်ဒါရိုက်တာဘုတ်အဖွဲ့ဝင်တွေနဲ့လည်း ဗျူးခဲ့သည်။ ပြီးတော့ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



စုပါမားကတ်ကြီးတစ်ခုမှ ရောင်းအားမြင့်ဝန်ထမ်း၊ အရောင်းစျေးသည်၊ ဈေးဝယ်ပရိသတ်များနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့သည်။ သူ့လက်ထဲမှ မိုက်ကရိုဖုန်းသည် သူ့ပါးစပ်ပေါက်နှင့် အဖျူးခံရသူများ၏ ပါးစပ်ပေါက်တို့အကြား အကြိမ်တစ်သောင်းလောက် လူးလာခေါက်တုံ့ ပြေးလွှားနေခဲ့၏။ တစ်နေ့ကုန်ပါပဲ။

အလုပ်ချိန် ဖြုတ်လိုက်သောအခါ သူ့မှာ လျှာတွေလေးကျန်ရစ်ခဲ့သည်။ အာခံတွင်း တစ်ခုလုံး ခြောက်သွေ့သွားခဲ့သည်။ နှုတ်ခမ်းများ ထူပိန်းဖူးရောင်သာသည်ဟု ခံစားရသည်။ မိုက်ကရိုဖုန်းကို ဆုပ်ညှစ်ထားရသော လက်ချောင်းတွေ ကိုင်းဖပ်ကိုက်ခဲကာ သူ့ပါးစပ်နှင့် ဟိုအမေးခံပါးစပ်အကြား အပြန်အလှန်ရွှေ့ပေးရသဖြင့် တစ်တောင်ဆစ်တွေ ပြုတ်ကျတော့မည်ဟု ခံစားရသည်။

ခြေကုန်လက်ပန်းကျသွားချိန်မှေးခနဲ တစ်ချက်ငိုက်မျဉ်းရင်း အူကြောင်ကြောင် အိပ်မက်တစ်ခု မက်နေခြင်းပင်ဖြစ်ရမည်။ အိပ်မက်ပဲလို့ ငိုက်မျဉ်းသိသိနေတာကတော့ သူ သတိကောင်းလွန်းလို့ပဲ။

ဟာ ဟုတ်၊ ရယ်စရာ ကောင်းလိုက်လေ။

အင်တာဗျူးဝါး (Interviewer) တွေ့ဆုံမေးမြန်းသည့် 'ပါးစပ်ကြီး'

"ခင်ဗျား အခုစကားပြောဖို့ လာတာပေါ့ ဟုတ်လား"

"ဟုတ်သပ။ ဒါ ငါ့အလုပ်ပဲ ငါ့ရဲ့တစ်ခုတည်းသော အလုပ်ပဲ။ မင်းကို အင်တာဗျူးမလို့"

"တခြားသွားဗျူးစမ်းပါဗျာ။ ကျုပ်ကိုယ်တိုင်က အင်တာဗျူးဝါးဗျ၊ ကျုပ်က ဒီအလုပ်လုပ်တဲ့သူ"

"ငါသိပါတယ်။ မင်းကချည်း ဗျူး ဗျူးနေတော့ မင်းကို ဗျူးမယ့်သူ မရှိဘူး။ ဒါကြောင့် ငါ လာဗျူးတာ"

"ကျုပ် သိပ်ပင်ပန်းနေတယ်ဗျာ။ တခြားသွားဗျူးစမ်းပါ"

"ဟင့်အင်၊ ဒီနေ့အဖို့ မင်းကိုပဲ ဗျူးဖို့ ငါဆုံးဖြတ်ထားတယ်။ ဘာကြောင့်လဲဆိုတော့ မင်းဟာ အဗျူးခံရမှ ဖြစ်တော့မယ်။ ခုအချိန်မှာ မင်းကို ငါမှ မဗျူးနိုင် မင်းဒုက္ခရောက်တော့မယ်"

"ဘာဗျ၊ ကျုပ်က ဘာကြောင့် ဒုက္ခရောက် . . ."

"ငါပြောတာ နားထောင်စမ်းပါ။ မင်းကို ငါ ကယ်တင်ဖို့လာတာ"

"ကယ်တင်ရအောင် ကျုပ်က ဘာဖြစ်နေလို့လဲ"

"အေး . . . ကိုယ်ဘာဖြစ်နေတယ်ဆိုတာ ကိုယ့်ဘာသာကိုယ် မသိ





ခြင်းဟာ အဆိုးဆုံးပဲ၊ ကဲ စောဒက တက်မနေနဲ့ ငါ ဗျူးတာကို ဖြေ။ မင်းသိထားဖို့က ငါဟာ ဒိကမ္ဘာလောကမှာ စကားပြောဖို့ သက်သက်အတွက် ပါးစပ်သာ ဖြစ်နေတာ။ လောကမှာ ရှိရှိသမျှ ပါးစပ်တကာတို့ရဲ့ ကေရာဇ်၊ ပါးစပ်သနင်း ပါးစပ်သင်းကျစ်ဆိုတာဟာ ငါပဲ"

၄

တလှုပ်လှုပ် ဖြစ်နေသော လျှာခင်၊ အာသီးစိုစွတ်စွတ်ကြီးကို ကြည့်ရင်း သူနာခံရတော့မည်ဟု သဘောပေါက်လာသည်။

"မင်းအနေနဲ့ ငါမေးသလောက်ပဲဖြေ။ မေးခွန်းမဟုတ်ရင် ဝင်မပြောနဲ့၊ မေးပြီဆိုရင်လည်း မဖြေဘဲ မနေနဲ့။ အမှန်ကတော့ ငါက မေးခွန်းတွေကို မေးရင်းနဲ့ မင်းရဲ့စိတ်ကို ဆွဲထုတ်ယူမှာပဲ။ မင်းဆီက ငါလိုချင်တာ မင်းရဲ့အသံ မင်းရဲ့စကားလုံး မည်ကာမတ္တ မဟုတ်ဘူး။ မင်းရဲ့စိတ်"

သွားစမ်းပါ။ ဒါတွေ ငါသိပြီးသားပါ။ ငါ ဗျူးတဲ့ အခါတိုင်းမှာလည်း ဘယ်လိုခံစားရပါသလဲ၊ ဘယ်လို ယုံကြည်ထားပါသလဲ။ ဘာဆန္ဒများ ရှိပါသလဲ၊ ဒီလိုမေးခွန်းတွေနဲ့ အဗျူးခံတွေကို ငါမေးခဲ့တာပါ။ ဒါတွေဟာ သူတို့ရဲ့စိတ်ကိုငါက ဆွဲထုတ်တာပဲပေါ့ဟုတွေးလိုက်၏။

"ကိုင်း . . . ငါစမေးမယ်။ မင်းဘာကြောင့် အင်တာဗျူး လုပ်သလဲ"

ကျုပ် . . . အဲ . . . ဟိုဒင်း . . . အလို၊ ဘာဖြေရမှာပါလိမ့်။ ကိုယ့်အလုပ်မို့ ကိုယ်လုပ်တယ်၊ ဒါပဲပေါ့။ အထက်ကခိုင်းလို့ပေါ့။

"အာ . . . အဲဒါ ကျုပ်အလုပ်ကိုးဗျ"

မိမိအဖြေ ခွန်အားမရှိသဖြင့် ကိုယ့်ကိုယ်ကို စိတ်တိုင်းမကျ ဖြစ်သွားသည်။ ဒါ့ထက်လေးနက်တဲ့အဖြေ မရှိတော့ဘူးလားကွာ၊ ဟင်း . . .။

"ကိုယ့်အလုပ်မို့ ကိုယ်လုပ်တယ်ဟုတ်လား၊ ထားပါတော့။ အဲဒီအလုပ်ရဲ့ ရည်ရွယ်ချက်က ဘာလဲ"

ရည်ရွယ်ချက် . . .။ နေဦး . . . စဉ်းစားလိုက်ဦးမယ်။ အဲ . . . ရပြီ။

"အဗျူးခံပုဂ္ဂိုလ်တွေ အကြောင်းကိုပရိသတ် သိစေဖို့ပေါ့ဗျ။ ပြန်ကြားပေးဖို့၊ ဆက်သွယ်ပေးဖို့၊ အင်ဖော်မေးရှင်း မီဒီယာ . . . ပတ်ဗလီကေးရှင်း"

"အဲဒီ ကြားဖူးနားဝစကားလုံးတွေနဲ့ လျှောက်ပြောမနေစမ်းပါနဲ့။ ကိုယ့်ရည်ရွယ်ချက်ကို ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတော့ အောင့်သွား၏။ ဒါငါ့ရဲ့ အသက်မွေးဝမ်းကျောင်းမှုကို စော်ကားလိုက်တဲ့သဘော။ စိန်ခေါ်လိုက်တဲ့သဘော။

"အင်တာဗျူးဆိုတာကိုက ဒါပဲဗျ။ အဗျူးခံနဲ့ ပရိသတ်အကြား ဆက်သွယ်ပေးတာ၊ တံတားခင်းပေးတာ"

"ထားပါတော့။ အင်း. . . တံတားခင်းပေးတာ။ မဆိုးပါဘူး။ ဒါဖြင့် မင်းရည်ရွယ်ချက်က မင်းကိုယ်မင်း တံတားကောင်းတစ်ခု ဖြစ်ရေးပေါ့။ ဟုတ်လား"

"ဟုတ်တယ်ဗျာ"

"မင်း တောင့်တင်းခိုင်မာမှုကော ရှိရဲ့လား"

"ဘာဗျ"

"တံတားကောင်းတစ်ခုဆိုတာ တောင့်တင်း ခိုင်မာရမယ်လေ၊ မင်းအပေါ်ကနေ ကျော်ဖြတ်သွားကြမှာမဟုတ်လား"

"ကျုပ် တောင့်တင်းခိုင်မာတယ်"

"ကောင်းပြီ။ ဒါဖြင့် မင်းကိုယ်မင်း တစ်ဖက်သော တံတားစွန်းကို ဘယ်အထိခင်းပြီး အခြားတစ်ဖက်သော တံတားစွန်းကို ဘယ်အထိ ခင်းထားသလဲ"

"ဘာပြောတာလဲ၊ ကျုပ် နားမလည်ဘူး"

"အဗျူးခံ ပုဂ္ဂိုလ်ရဲ့ အတွင်းဘက်အထိ မင်းရောက်သလား။ တစ်ဖက်ကလည်း ပရိသတ်ရဲ့ အတွင်းဘက်အထိရောက်သလား။ ဒါကိုမေးတာ"

"ကျုပ် မရှင်းသေးဘူးဗျာ"

"တောင့်တင်းခိုင်မာရုံနဲ့ မပြီးသေးဘူးလေ။ တံတားရဲ့ ဟိုဘက်ဒီဘက် အစွန်းဟာရောက်သင့်တဲ့ အရပ်ကို ရောက်နိုင်ပေါက်နိုင်မှ ကူးဖြတ်မှုဟာလည်း ပေါက်မြောက်မယ် မဟုတ်လား။ ဟိုဘက်ဒီဘက် အစွန်းမထိဘဲ၊ မပေါက်ဘဲ သွားနေရင် ဘယ်လာ တံတားကောင်းဖြစ်နိုင်မလဲ"

"အာ. . . ကျုပ် အဲဒီလိုလည်း ရောက်တယ် ပေါက်တယ်ဗျာ"

"အခုထိတော့မင်းဟာ ငါ့ရဲ့ မေးခွန်းတွေကို ပကတိစိတ်ရင်းနဲ့ ဖြေတာမဟုတ်ဘဲ ကိုယ့်ကိုယ်ကို မယုံမရဲနဲ့ စိတ်ချဉ်ပေါက်ပြီး ဖြေနေတာလို့ ငါယူဆတယ်။ ထားတော့ . . . ဆက်မေးမယ်"





၅

"ဆက်မေးမယ်၊ မင်း အာတာဗျူးလုပ်တဲ့အခါ ဗျူးမယ့် မေးခွန်းတွေကို ဘယ်လိုစီစဉ်သလဲ၊ ဘယ်လို ရယူသလဲ"

ဟား . . . ဒါတော့ ငါ့ခွင်ထဲ ရောက်ပြီဟုဝမ်းသာအားရ တွေးကာ. . .

"အဗျူးခံ ပုဂ္ဂိုလ်အကြောင်းလေ့လာထားတယ်ဗျာ၊ ပြီးတော့ အဲ. . ."

တကယ်ပြောရမယ်ဆိုတော့ ပိုင်ပိုင်နိုင်နိုင် မရှိပြန်။

"ပြီးတော့ ဘာဖြစ်သလဲ၊ ဆက်ပြောလေ။ အဗျူးခံပုဂ္ဂိုလ်နဲ့ ကြိုတင်ညှိနှိုင်းမေးခွန်းတွေ စဉ်းထားတာကော မလုပ်ဘူးလား။ ဟိုဟာတော့ မေးမယ်နော်။ ဒါတော့ မမေးနဲ့နော်။ ဟိုဟာလေး ထည့်မေးပေးပါဦး။ ဒါမျိုးကော မလုပ်ဘူး"

"ဒါ လုပ်ရတာပေါ့ဗျာ၊ နို့မို့ရင် အိုးနင်းခွက်နင်း ဖြစ်နေမှာပေါ့"

"ဒါဆိုရင် မင်းရဲ့ အင်တာဗျူးဟာ ကြိုတင်စီစဉ် ဇာတ်တိုက် ပုံရိုက်ထားတာပေါ့"

"ဒါ ရီဟာဇယ်လုပ်တယ်လို့ ခေါ်တယ်လေဗျ"

"ငါမေးတာ တည့်တည့်ဖြေပါ။ မင်းအင်တာဗျူးဟာ ဇာတ်တိုက်ထားတာလား"

"ဟုတ်. . . ဟုတ်တယ်၊ ဒါပေမယ့် တစ်ခါတစ်ခါလည်း ဘာမှကြိုမပြင်ဘဲဘူး။ အွန်သစပေါ့ မေးချလိုက်တာလည်း ရှိပါတယ်ဗျာ"

"ငါမေးတာပဲဖြေလေ၊ မမေးဘဲ မဖြေနဲ့လေ"

အင်တာဗျူးနှင့် မတူတော့ဘဲ တရားခွင် တစ်ခုနှင့်တူနေပြီဟု မသက်သာတွေးမိ၏။

"ဆက်မေးမယ်၊ မင်း ဗျူးလိုက်တဲ့ပုဂ္ဂိုလ်ဆီက မင်းရဲ့ မေးခွန်းကို သူဖြေရာမှာ သူ့အဖြေတွေကကော တကယ့် အဖြေမှန်လို့ မင်း ယုံကြည်သလား"

"အဖြေမှန်"

"အဗျူးခံရဲ့ စိတ်ရင်းအတိုင်းအဖြေမှန်ရမယ်လို့ မင်းယုံသလား"

"အာ. . . ဒါကတော့ သူ့စိတ်ရင်းအတိုင်း ဖြေ မဖြေ ကျုပ် ဘယ်သိနိုင်မလဲ"

"ဒါဆို မင်းရတဲ့ အဖြေတွေဟာအဖြေမှန် ဟုတ်ချင်မှ ဟုတ်မယ်လို့ မင်းယူဆတယ်ပေါ့"

"ဒါက သူ့အပိုင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါမေးတာဖြေပါ။ အဖြေမှန် ဟုတ်ချင်မှဟုတ်မယ်လို့ မင်းယူဆသလား"

"ဒါပေါ့ဗျာ၊ အဖြေမှန် ဟုတ်ချင်မှ ဟုတ်မှာပေါ့"

"မင်းကိုယ်တိုင်က အဖြေမှန် ဟုတ်ချင်မှ ဟုတ်မှာလို့ ယူဆတဲ့ အရာကို မင်းက ပရိသတ်ဆီ ပို့ဆောင်ပေးတယ်ပေါ့။ ဒါဆို မင်းဟာ ဘယ်မှာ တံတားကောင်းတစ်ခု ဟုတ်လို့လဲ"

ဒီမှာ ပါးစပ်ကြီးရဲ့ ခင့်ဗျားကြီးကကော ဘာရည်ရွယ်ချက်နဲ့ ကျုပ်ကို [illegible]နေရပြန်သလဲ ဟု ကုန်းအော်လိုက်ချင်၏။

"မင်းရဲ့ မေးခွန်းတွေအပေါ်မှာကော မင်း ယုံကြည်မှုရှိရဲ့လား"

"ဗျာ"

"မင်း မေးခွန်းတွေကို မင်းနှစ်သက်သလား၊ စိတ်ချသလား"

"အင်တာဗျူးဝါး တစ်ယောက်ဟာ သူ့မေးခွန်းကို သူ ယုံကြည်နှစ်သက် စိတ်ချဖို့ မှဲလို့လားဗျ"

"မင်းက ငါ့ကို ပြန်လှန်မေးခွန်းထုတ်စရာ မလိုဘူး၊ မင့် တာဝန်က ငါမေးတာ ဖြေဖို့ပဲ၊ မင်းမေးခွန်းတွေကို မင်းယုံကြည်သလား"

"တချို့လည်း ယုံကြည်တယ်ပေါ့ဗျာ၊ ဒီလိုပဲပေါ့"

"အင်း ဟုတ်ပြီ၊ မင်း နည်းနည်းဖြေတတ်လာပြီ။ ဆက်မေးမယ်၊ မင်းကိုယ်မင်းကော မေးခွန်းမေးဖူးသလား"

"ဘာမေးခွန်းလဲဗျ၊ မိမိကိုယ်မိမိ ဗျူးဖို့လား"

"မင်းပြောသလိုပဲ ထားပါ။ ကိုယ့်ကိုယ်ကို ဗျူးဖူးသလား"

"ဘာတွေ ဗျူးရမှာလဲဗျာ"

"အင်တာဗျူး၊ အိုင် အင် တီ အီး အာရ် ဗွီ အိုင် အီး ဒဗလျူ . . . အင်တာဗျူး။ အင်တာ . . . ဆိုတာ မြုပ်နှံခြင်း၊ မြုပ်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ ဗျူးဆိုတာ မြင်ခြင်း၊ ကြည့်ခြင်း . . . မင်းကိုယ်မင်း အတွင်းနှိုက် ကြည့်မြင်သုံးသပ်ဖူးသလား"

"ကျုပ် . . . ကျွန်တော်၊ အဲဒါ . . ."

"ဥပမာ . . . ငါ့အခု ဗျူးမယ့်သူအကြောင်း ငါ အသေအချာသိရဲ့လား။ ငါအခုဗျူးမယ့် ကိစ္စကို ငါလေ့လာထားရဲ့လား။ အဗျူးခံပုဂ္ဂိုလ်ရဲ့ စိတ်ကို ငါ ဘာကယ်နှိုက်ထုတ်ဖို့ အသင့်ဖြစ်ပြီလား။ ပရိသတ်ကကော ဘာကို သိချင်နေတာလဲ။ ငါ့မေးခွန်းနဲ့ သူ့အဖြေတွေဟာ ပရိသတ် သိသင့်သိထိုက်တဲ့ ကိစ္စတွေ





[illegible] ဖြစ်ပါ့မလား။ အဲဒီလို မေးခွန်းမျိုးတွေနဲ့ မင်းကိုယ့်ကိုယ်ကို မေးဖူးသလား"

"ကျုပ်က . . . အဲ . . . အလုပ်တွေ တန်းစီနေတာဗျ၊ ဒါတွေ လိုက်[illegible]နေရင် အလုပ်ပြီးမှာ မဟုတ်တော့ဘူး"

"ဒါဆိုတော့ မင်းကိုယ်မင်း ဒီလိုပြန်မဗျူးဖူးဘူးပေါ့၊ ဟုတ်လား"

"ခုထိတော့ . . . အင်း . . သေချာမလုပ်ရသေးဘူးဗျာ"

"မင်းဟာ တံတားကောင်း တစ်ခုဟုတ်သေးရဲ့လား"

"ဒီမှာ ပါးစပ်ကြီး၊ ခင်ဗျား ထင်ချင်ရာထင်၊ ပြောချင်ရာပြော၊ ကျုပ်[illegible] တံတားကောင်း တစ်ခုပဲ။ ဒါပဲ။ ခင်ဗျားက ပါးစပ်ကြီးဆိုပြီး ခင်ဗျားကိုယ်ခင်ဗျား စကားပြောတဲ့ အလုပ်တစ်ခုပဲ လုပ်ရတယ်ဆိုပြီး စွတ်တင်ခနေနဲ့။ ကျုပ်ပါးစပ်က စကားလည်းပြောရတယ်။ စားလည်း စားရတယ်၊ အလုပ်နှစ်[illegible]၊ ခင်ဗျားလို မဟုတ်ဘူး။ ထွက်သွား . . . ခင်ဗျားကြီး ထွက်သွား . . ."

ငယ်သံပါအောင် ကြုံးအော်ထည့်လိုက်ရတော့သည်။

လျှာခင် အာသီးကြီး တိုဝင်သွား၏။ နှုတ်ခမ်းထူကြီး နှစ်ခုအပေါ် စိုစွတ်[illegible]နှိုကြီး လိမ်းသုတ်လှုပ်ရွ။ သွားဖုံးကြီးတွေ နီမြန်းခုံးကြွ။ သွားဖြူဖြူကြီးတွေ [illegible] တကျစ်ကျစ် အော်မြည် . . .။

ထို့နောက် လေလျှော့လိုက်သော ပူဖောင်းတစ်ခုလို ဝူခနဲ အသံတစ်ခု[illegible] ပါးစပ်ကြီး အဝေး အဝေး အဝေးဆီသို့ ပျံသန်းလွင့်စဉ်သွား၏။

ဘုရား . . . ဘုရား . . .။ နောက်ဆိုလျှင် မြေကုန်လက်ပန်းကျနေချိန်[illegible] ဒီအတိုင်း အိပ်ရာမဝင်ဘဲ ရေမိုးလေးသန့်စင်ပြီးမှ အိပ်ရာဝင်ရမည်ဟု [illegible]ဘိပေးလိုက်ရသည်။

'ပါးစပ်ကြီး' နောက်တစ်ခေါက်လာချင် လာနိုင်သေးသည်။

အဲဒီကျရင်တော့ သူ့မေးခွန်းတွေကို ကောင်းကောင်းကြီး ဖြေနိုင်ဖို့ ခုက[illegible]ည်းက အသင့်ပြင်တော့မည်။

အဲ . . . မေးခွန်းအသစ်တွေ မမေးရင်ပေါ့လေ . . .။

ရုပ်သံမဂ္ဂဇင်း၊ ၁၉၉၇

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အမေနှင့် အမေ၏အာမခံ

၁

"ဗဟုဆိုတာ များပြားသော၊ သုတဆိုကာ အကြားအမြင်၊ ဗဟုသုတဆိုတော့ များသောအကြားအမြင် အသိကိုဆိုလိုတား လူဆိုတာ လူ့လောကကြီးထဲမှာ နေထိုင်သမျှ ကာလပတ်လုံး လူ့လောကကြီးနဲ့ ပတ်သက်တဲ့ အကြား၊ အမြင်၊ အသိရှိရမယ်ကွ။ မင်းတို့ရဲ့ နား၊ မျက်စိ၊ ဦးနှောက်တံခါးတွေကို ပိတ်ထားနဲ့၊ ဖွင့်ထား . . .။ တံခါးဖွင့်ထားတဲ့ အခန်းတစ်ခုမှသာ နေရောင်ခြည်နဲ့ လေကောင်းလေသန့်ရနိုင်တယ်။ အလားတူပဲ၊ လူဆိုတာ ဖွင့်ဟပွင့်လန်းနိုးကြားနေမှ"

၂

ပြဿနာ ဘယ်ကနေဘယ်လို စလိုက်သည်မသိ။ အဖေ့ဩဝါဒတွေက အသီးတန်းကြီးထွက်လာပေပြီ။ ထုံးစံအတိုင်း သားသမီးတွေက ပြုံးစေ့စေ့မလုပ်ချက်ချက်ဖြင့် အဖေ့စကားတွေကို ကြားသလိုလိုမကြားသလိုလို လုပ်နေကြ၏၊

ပညာရေးဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူလိုက်ပြီးနောက် အဖေသည် တစ်သက်လုံးလုံး သင်ကြားပို့ချခဲ့သည့် သူ၏အလုပ်ကိုမှ ဆက်၍ အနားမထား



www.burmeseclassic.com

www.burmeseclassic.com



ဘဲ မိသားစုအတွင်းသို့ ရွှေ့ပြောင်းယူလိုက်ဟန်တူ၏။

ကျောင်းဆရာကြီးမဟုတ်တော့သော အဖေ့မှာ သင်ရိုးညွှန်းတမ်းအသစ်တွေ ပိုများလာသည်။ အရင်ကလို စာသင်ချိန်သတ်သတ်မှတ်မှတ် မရှိတော့သောအခါ အချိန်တိုင်းသည် အဖေ၏ လက်ချာချိန်များအဖြစ်သို့ ရောက်ရှိသွားသည်။

မီးခြစ်ဂက်စ်ထည့်တာကအစ၊ ဘုရားပန်းလဲတာအဆုံး၊ အဖေမပါသောနေရာမရှိ။ ပါဝင်ပတ်သက်တိုင်းလည်း အဖေ့မှာအလိုမကျမှုတွေဖြင့်သာ အတိပြီးနေတတ်လေသည်။ အဖေ့အမြင်တွင် သားကြီး၊ သမီးကြီးတွေသည် ရာထူးဌာနန္တရများကိုယ်စီဖြင့် လူလားမြောက်နေပြီဖြစ်သည့်တိုင် ဘဝအသိများစွာ လျော့ရဲနေပေသည်။

“ဝီရိယဆိုတာမှာ ‘စ၊ လယ်၊ ဆုံး’ သုံးပါးရှိတယ်ကွ။ သုံးပါးစလုံးမှာ အရှိန်ကောင်းမှ ညီညွတ်နေမှ အထမြောက်တာ။ အစပိုင်းလေး ဝုန်းခနဲဝီရိယစိုက်၊ အလယ်နဲ့အဆုံးမှာလျော့သွားလို့ မဖြစ်ဘူး။ ကားတစ်စင်းဟာ စတတ်ဘယ်လောက်ကောင်းကောင်း ဝူးခနဲဘယ်လိုထွက်ထွက်၊ ခရီးစဉ်တစ်လျှောက်မှာ ဂီယာ၊ လီဗာ၊ ဘရိတ်တွေနဲ့ လှုပ်ရှားသွားမှသာ လိုရာခရီးရောက်မှာပေါ့၊ စတတ်ကောင်းလို့ ဝေါခနဲဆောင့်ထွက်ပြီးမှ ရပ်သွားတာမျိုး မဖြစ်စေရဘူး”

အဖေ့ဩဝါဒတွေထဲမှာ ဥပမာ၊ ဥပမေယျတွေကလည်း စုံလင်လှ၏။ ရေချိုးခန်းအဝ၊ ဂုန်နီအိတ်ရေစိုနေတာကိုအကြောင်းပြုပြီး ဘော့စနီးယား၊ ဟာဇီဂိုဗီးနားအထိ ရောက်သွားတတ်သည်။ သတင်းစာဟောင်းတွေသိမ်းတာကိုအကြောင်းပြုပြီး ရီလေတစ်ဗစ်တီသဘောတရားကို ရှင်းချင် ရှင်းတတ်သည်။ ယုတ်စွအဆုံး ဟင်းချို ဆားလေးသွားတာမှ အစပြုကာ ကောသလမင်းကြီးနှင့် ဝိဋူဋဘတို့ စစ်ပွဲကိုပြောပြတတ်သည်။

သည်လိုဖြင့်ပင် အဖေသည် မိသားစုထဲမှာ သားသမီးတွေမှ ကွယ်ရာကြိတ်ပေးကြသောဘွဲ့နာမများကို ရရှိလာခဲ့၏။ ဂျင်နရယ်ဒယ်ဒီ။ ဗိုလ်ချုပ်ကြီးဟုသော အနက်ဖြင့်မဟုတ်။ အထွေထွေဆိုင်ရာ ဖခင်ကြီးဟူသောအဓိပ္ပာယ်။ ပြီးတော့ မစ္စတာနိုးအော်လ် (Mr. Know All) အစစအရာရာမတတ်တာ မသိတာမရှိ။ ဦးတတ်၊ ဦးသိ။ ပြီးတော့ မုတ်ဘီးဘဲအလိုအလျောက်မြည်ဟည်းနေသော စည်ကြီးတဲ့။ ဒါကိုတော့ အငယ်ဆုံးသားဖြစ်သူက သည်ဂရိတ်အော်ဒရမ်ဟု စကားလုံးထွင်သည်။ သားတွေ၊ သမီးတွေအထူးတလည် မှတ်ချက်ချ





ရော အမည်တပ်စရာ မရှိသောသူမှာ အလွန်အေးဆေးသော အမေပင်ဖြစ်လေသည်။

၃

ရေအောက်နျူကလီးယား စမ်းသပ်ဖောက်ခွဲမှုပြုသော ပြင်သစ်အစိုးရ၏ လုပ်ရပ်ကို တစ်ကမ္ဘာလုံးက ဆန့်ကျင်ကြရာ၌ အဖေလည်း လက်နေ့မနေသေး၊ နယူးစ်ဝိခ်နှင့် တိုင်းမ်ကို ကိုင်လျက် အဖေသည် ပြင်သစ်တို့ ဘယ်လောက်မှားကြောင်း၊ နျူကလီးယားလက်နက်ကို ဟန့်တားရန်အရေးမှာ နျူကလီးယားဖောက်ခွဲပြဖို့ မဟုတ်ဘဲ၊ အကြွင်းမဲ့ လက်နက်ဖျက်သိမ်းရေးပင်ဖြစ်ကြောင်း အဖေဝင်ရောက်ဝေဖန်၏။ အဖေ့လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှာ မိသားစုအတွင်းရှိ သားသမီးများ ဖြစ်လေသည်။

ဆာ့ဘ်လက်နက်ကြီးတွေ ပြန်ရုပ်သိမ်းနေပြီဟူသော သတင်းပါလာသောအခါအဖေက “ငါပြောခဲ့တယ်မဟုတ်လား၊ နေတိုးကဗုံးကြဲတာဟာ ကြာမယ်၊ ဒါမဟာဗျူဟာအရ လုပ်ကိုလုပ်ရမယ့်ကိစ္စ၊ ကုလသမဂ္ဂဟာ ဒီတစ်ခါတော့ ဆုံးဖြတ်ချက်မှန်သကွ” ဟု အားပါးတရဆို၏။ ၉၇ခုနှစ်တွင် တရုတ်အစိုးရလက်ထဲရောက်မည့် ဟောင်ကောင်ကျွန်းအတွက် ဖြစ်နိုင်ခြေအလားအလာများကို ခန့်မှန်းတွက်ချက်နေသည့် တစ်ချိန်တည်းမှာပင် အိုကီနာဝါကျွန်းမှ အမေရိကန်စစ်စခန်းများကို ဂျပန်တို့ ကန့်ကွက်ဆန္ဒပြသည့် အရေးကိုသုံးသပ်နေတတ်ပြန်သည်။ ဝန်ကြီးချုပ် ဂျွန်မေဂျာနှင့် သူ၏ပါတီကို အားမလို အားမရဖြစ်ကြောင်း ပြောပြတတ်သလို ဒလိုင်းလားမား ဂိုဏ်းချုပ်ကြီးအား အမေရိကန်က လက်ကမ်းတံခါးဖွင့်ပေးလိုက်သည့်အတွက် တရုတ်အာဏာပိုင်တို့ ပူစပ်လောင်ဖြစ်သွားပုံကို “ဟုတ်ပေ့ကွာ၊ ဟုတ်ပေ့ကွာ” ဟူ၍ရေရွတ်နေပြန်၏။

သို့သော် တစ်လလောက်နိုင်ငံတကာအရေးအခင်းများ၌ ကျင်လည်ကျက်စား အားပါးတရပြောဆိုခဲ့ရာတွင် သားသမီးတွေက “အင်း. . . အဲ” ဖြစ်နေသောကြောင့် အဖေသည် “မင်းတို့နဲ့ ဆွေးနွေးရတာကလည်းကွာ၊ တောင်ကျွန်းပါးယံတွေကြားထဲသွားအော်နေရသလိုပဲ။ ကိုယ့်အသံကိုယ် ပဲ့တင်ပြန်ကြားတာပဲ အဖတ်တင်တယ်။ မင်းတို့ဟာက ခေတ်ကာလသားသမီးတွေလည်း မဟုတ်သေး၊ အမြင်ကိုဖွင့် မထားတတ်ကြဘူးကိုးကွ” ဟု ညည်းပြောပြောကာ အဖေသည် သူ့လုံခြုံရေးကောင်စီညီလာခံကို ရပ်စဲပစ်လိုက်လေသည်။

သည့်နောက်တွင် အဖေသည် တရားစာအုပ်ထူထူကြီးတွေဘက် ရှည်



www.burmeseclassic.com

www.burmeseclassic.com



သွားပြန်၏။ ပန်းဆိုးတန်းစာအုပ်ဆိုင်များနှင့် ရွှေတိဂုံဘုရား စောင်းတန်းဆိုင်များဆီသို့ အဖေမွှေနှောက်ကာ ကျမ်းစာအုပ် အထူကြီးတွေကို ပွေ့ပိုက်လာပြန်သည်။ အနီ၊ အနက်၊ အပြာ ဘောလ်ပင်သုံးချောင်းဖြင့် တဲကုတ်ကုတ် အန်ဒါလိုင်းတားလိုက်၊ မှတ်စုထုတ်ယူလိုက်ဖြင့် အဖေမွေ့လျော်နေအခါ သမီးကြီးက 'အဖေငြိမ်သွားပြီ'ဟု ဆို၏။ သားအငယ်ဆုံးကမူ 'ကြည့်နေပါဗျာ။ သည်ဂရိတ်အော်တိုဒရမ်ပါဆိုမှ ဘယ်အချိန်မှာ စည်ကြီးထမြည်မလဲဆိုတာ ကြည့်. . .' ဟု မှတ်ချက်ချသည်။

မကြာပါချေ။ နှစ်လလောက်ရှိတော့ သူပြောသလို စည်ကြီး အလို အလျောက် ထမြည်ဟည်းပါလေသည်။

"တစ်စတစ်စ၊ စွန့်ဝံ့မှလျှင် ဘဝနောက်နှောင်း၊ ဆက်တိုင်းကောင်း၏. . တဲ့ကွ။ ပါရမီမြောက် လုပ်ငန်းနဲ့ ပါရမီရှင်ကြီးတွေရဲ့ ကြွေးကြော်သံ၊ အဲ. . . လက်ကိုင်ဆောင်ပုဒ်ဟာ ဒါပဲ။ ပါရမီဆိုတာ မြင့်မြတ်သော သူတို့ရဲ့ ခရီးလမ်း. . ."

ဤစကားမျိုးတွေ ပြောလာသောအခါတွင်မူ အဖေသည်ဘော့စနီးယားတို့၊ အိုကီနာဝါတို့တုန်းကလို၊ မိသားစုကို လုံခြုံရေးကောင်စီအဖြစ် သဘော မထားတော့။ ဓမ္မဝိဟာရဓမ္မာရုံတစ်ခုနှယ် အဖေဖွဲ့စည်းယူ၏။

"သစ်ပင်တစ်ပင်မှာ အခွံရယ်၊ အကာရယ်၊ အနှစ်ရယ်ဆိုပြီး သုံးမျိုးရှိတယ်။ အခွံဟာ အကာကို ကျေးဇူးပြုဖို့၊ အကာဟာ အနှစ်ကို ကျေးဇူးပြုဖို့ဖြစ်တယ်။ ဒီနေရာမှာ ပရိယတ္တိဟာ အခွံနဲ့တူတယ်။ ပဋိပတ္တိဟာ အကာနဲ့တူတယ်။ ပဋိဝေဓဟာ အနှစ်နဲ့တူတယ်။ အခွံမရှိဘဲ အကာရှိလို့ မရစကောင်းဘူး။ အခွံဟာ သစ်ပင်အတွက် များစွာပြဋ္ဌာန်းသလို ဓမ္မဝိနယအတွက် ပရိယတ္တိဟာ များစွာ ပြဋ္ဌာန်းတယ်"

ဟောင်ကောင်ကျွန်း၊ တရုတ်ပြည်နှင့် ဗြိတိသျှပါလီမန်တုန်းကမှ ရေး တေးတေးရှိခဲ့သေးသည်။ ဓမ္မဝိနယနှင့် ပဋိဝေဓကေဏ္ဍရောက်သောအခါ သားသမီးများမှာ ပို၍အလှမ်းဝေးသွားကြ၏။ အဖေကတော့ ဒါကို သတိမထားမိ။ ကောင်းစွာ နားမရှင်းသဖြင့် ငြိမ်သက်နေကြသော သူ့ပရိသတ်ကို တရားမွှေ့ စူးစိုက် နာယူနေကြသည်ဟု အဖေထင်ဟန်ရှိသည်။ ဤတွင် အဖေသည် မဟာဂန္ဓာရုံ၊ သပြေကန်၊ မင်းကွန်း၊ မိုးကုတ်ဆရာတော်ကြီးများအကြောင်းတို့ တသွင်သွင် ဆက်ပြောဟောလေတော့သည်။





သားသမီးများက ခပ်လှမ်းလှမ်းမှထိုင်နေသော အမေ့ကိုလှမ်းကြည့်ကြသည်။ အေးဆေးလွန်းသော အမေက ဘာမှဝင်မပြော။ "ဟုတ်တယ်မဟုတ်လားကွ"ဟု အဖေက စကားထောက်တရားထောက်လှမ်းပြောသည်ကိုပင် အမေ အင်းအဲမလှုပ်ရှိလေသည်။ ထို့နောက် အမေသည် တိတ်ဆိတ်စွာ ထကာ၊ ဘုရားခန်းထဲသို့ဝင်သွား၏။ ပဋ္ဌာန်းပါဒ်ကားချပ် စက်ဝိုင်းကြီးရှေ့မှာ အမေ ထိုင်တော့မည်ဖြစ်၏။ ဤတွင် အဖေသည် အမေ့ကို အားနာသောအားဖြင့် လေသံကိုတော့ လျှော့ချလိုက်လေသည်။

"မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး လေးဆယ့်ငါးနှစ်လုံးလုံး ဟောကြားတော်မူခဲ့တဲ့ ဓမ္မနဲ့ဝိနယဆိုတာ . . . . ."

သားသမီးများ၏ သက်ပြင်းခိုးရှိုက်သံကို အဖေမကြားချေ

၄

"ပင်စင်နာဆိုတာ ဒါပဲနဲ့တူတယ်။ အဖေဟာ အငြိမ်းစားယူလိုက်ပြီး နောက်မှာ စကားတွေ သိပ်ပြောလာတယ်နော်။ ပြောလိုက်တာတွေကလည်း စုံလို့၊ နားကို အူနေတာပဲ"

"အိုကွာ၊ အနှစ်လေးဆယ်လောက် ကျောင်းဆရာဘဝနဲ့ တပည့်တွေကို စာသင်ဆုံးမ၊ ဆရာလုပ်လာခဲ့တာဆိုတော့ ခုလိုပြုန်းခနဲပင်စင်ယူလိုက်ပြီး နောက်မှာ အဖေ့မှာ မနေတတ်မထိုင်တတ် ဖြစ်သွားမှာပေါ့။ သိပ်လည်းအပြစ် မပြောကြပါနဲ့၊ အသက်ကြီးသူတွေကို ကိုယ်ချင်းစာမှပေါ့"

"ပြောပါစေကွာ၊ ပြောပါစေ၊ ပင်စင်ယူပြီးဘာမှ လုပ်စရာမရှိတော့တဲ့ အတွက် ကိုယ့်ကိုယ်ကို လူပိုကြီးလို့ ထင်နေတဲ့ ပင်စင်သမားကြီးတွေရှိတယ်တဲ့။ အခုအဖေက အဲဒါမျိုးမဟုတ်တာ တော်သေးတာပေါ့။ ငြိမ်သက်ရပ်တန့်မသွား ဘူးလေ။ စာအုပ်တွေဖတ်၊ စကားတွေပြော၊ အင်း. . . တရားတွေဟောနဲ့လှုပ်ရှားရှင်သန်နေတယ်။ အများကြီးတော်သေးတာပေါ့။ စိတ်ဓာတ်ကျပြီး ထိုင်ကျသွားတာနဲ့စာရင် ခုလိုစာတွေဖတ်၊ စကားတွေပြောနေတာက တော်သေးတယ်"

"တော်သေးတာက ကိစ္စမရှိဘူး။ ကျွန်တော်တို့မှာ သူ့ကွန်ဖရင့်တက်ရတာ မသက်သာဘူးဗျ"

"မပြောကြပါနဲ့ဟယ်၊ နင်းတို့အသက်ကြီးမှ သိမယ်"

အဖေလမ်းလျှောက်ထွက်သွားစဉ် သားသမီးတွေဝိုင်းဖွဲ့၍ အဖေ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောဖြစ်ကြသည်။ မည်သို့ရှိစေ၊ မိသားစုထဲမှာ အဖေ့အကြောင်း ကတော့ တခုတ်တရ စကားပြောစရာ ဘာသာရပ်တစ်ခု ဖြစ်လာသည်ကား အမှန်။

“အမေနဲ့များတော့ တခြားစီပဲနော်၊ အဖေစကားတွေပြောသလောက် အမေက စကားမပြောဘူး။ အမေ့ကြည့်ရတာ ငြိမ်းလိုက်တာ”

စကားဝိုင်းက အမေ့ဘက်လှည့်သွား၏။

“အမေက စကားမပြောဘူး။ တစ်ချိန်လုံးလိုလို တရားထိုင်နေတော့ အဖေ့လိုလည်း စာအုပ်ကြီးတွေဘာတွေ သိပ်ဖတ်တာ မဟုတ်ဘူးနော်”

“အမေက ပြောဖူးတယ် မဟုတ်လား။ ရိပ်သာမှာပဲ တရားစခန်းတွေ ဆက်တိုက် ဝင်နေချင်တာတဲ့။ မတတ်သာလွန်းလို့ အိမ်ပြန်ပြန်လာရတာတဲ့”

“ငါ တစ်ခုတွေးမိတယ်”

“ဘာလဲ”

“အဖေကချည်း အမေ့ကို တရားတွေလှမ်းဟော၊ တရားစကားတွေ လှမ်းပြောနဲ့ အမေကတုတ်တုတ်မျှ မလှုပ်ဘူး။ အမေ့အနေနဲ့ အဖေ့ကို တစ်ခွန်းလောက် ထိထိမိမိ တရားဟောလိုက်ရင် ကောင်းမှာပဲလို့”

“အလုပ်လုပ်တဲ့သူက စကားမပြောဘူးဟ၊ စကားပြောတဲ့သူကလည်း အလုပ်မလုပ်ဘူး၊ အပြောနဲ့အလုပ်က တကယ်တမ်းတစ်ထပ်တည်းကျတာဆိုလို့ ငါထင်တာကတော့ ဘုရား ရဟန္တာအရိယာပုဂ္ဂိုလ်ကြီးတွေပဲ ရှိမယ်ထင်တာပဲ”

“အံမယ်၊ ဖအေတူသား ဖအေလို့ စကားတွေများပြောဦးမလို့လား”

ရယ်ရယ်မောမောဖြင့်ပင် စကားဝိုင်းကို လက်စသတ်လိုက်ကြ၏။

၅

ကျမ်းစာအုပ် ထူထူကြီးတွေဖြင့် နှစ်လ၊ သုံးလလောက် လုံးထွေးနေခဲ့ပြီးနောက်တွင် အဖေသည် တစ်မူပြောင်းသွားပြန်၏။

“မားကက်အီကော်နမီရဲ့ အနှစ်သာရက ဒီလိုကွ” ဟု အစချီလာပြန်သည်။ ထို့နောက် အရှေ့တောင်အာရှမှ ကျားနိုင်ငံများအကြောင်း၊ ကုန်ပစ္စည်းအရည်အသွေး မြင့်မားရေးအကြောင်း ကြော်ငြာနည်းပညာအကြောင်းတွေဘက် အဖေ ရောက်လာပြန်သည်။ ထိုအခါ ဓမ္မသဘင်အဖြစ် စုစည်းခံခဲ့ကြရသော သားသမီးများ၏ အနေအထားသည်လည်း အလိုလိုပင် အဖေ၏ စီးပွားရေးပညာဆွေးနွေးပွဲ ဝှပ်ရှော့အလုပ်ရုံအဖြစ် ရောက်ရှိသွားလေသည်။





ဘဏ်လုပ်ငန်းအကြောင်း ပြောရင်းဖြင့် အဖေသည် အင်ရှုးဝါးရင့်စ်...သော စကားလုံးကို ပယ်ပယ်နယ်နယ် ဆွေးနွေးလာ၏။

“ဘာတဲ့. . . လိုက်ဖ်အင်ရှုးဝါးရင့်စ် ဟုတ်လား၊ အသက်အာမခံပေါ့။ အင်ရှုဝါး ဆိုတာအဘိဓာန်အနက်အရ ပြောရရင်ဆုံးပါးပျက်စီးမှုမရှိစေရန် အာမခံခြင်းတဲ့၊ စိတ်ချရစေခြင်း၊ လုံခြုံစေခြင်းပေါ့ကွာ. . . အဲ. . . ဒီနေရာမှာ ...ွဲလွဲချက် ရှိသကွ”

သားသမီးတွေက ဆတ်ခနဲခေါင်းထောင်ကြည့်ကြသည်။

အဖေက ဦးဆောင်ဆွေးနွေးသူ၏ အပိုင်အနိုင်လေသံမျိုးဖြင့် . . .

“အာမခံ. . . ဟုတ်တယ်နော်။ ဒီစကားလုံး။ အင်း. . . ဒီဝေါဟာရမှာ အာမဆိုတာ ပါဠိစကားလုံးကွ။ အဓိပ္ပာယ်က ‘ဟုတ်ပါသည်’ ဟု ဝန်ခံသောစကားပဲ။ ဒါပဲ။ ကိုးခန်းပျို့မှာ ရိုးရိုးဝန္တ၊ အာမခံသည်၊ ထွေသံမဆန် ငြင်းတည်းလို့ လာတယ်။ တကယ့်ပါဠိမှာ အာမဆိုတာ အေး. . . အင်း. . . ...ဘ်ကဲ့. . . ဒါပဲ၊ အဓိပ္ပာယ်ထွက်တယ်”

မိသားစုကို ဖြန့်ကျက်ကြည့်ကာ အဖေပြုံး၏။ ပြီးမှ “အာမဘန္တေဆိုတဲ့ ...ကားရှိပါရောလား။ အဓိပ္ပာယ်က ကောင်းပါပြီ အရှင်ဘုရားတဲ့။ ဘန္တေအရှင် ...ဘုရား။ အာမကောင်းပါပြီတဲ့။ ဒီတော့ အာမဆိုတာ အင်္ဂလိပ်လို Yesနဲ့အတူတူ ...ဲ ဒါ့အပြင် ပိုပြီးအဓိပ္ပာယ်မထွက်ဘူး။ ဒီစကားလုံးကို တို့ကအာမခံတယ်ဆိုပြီး သုံးတာ။ အာမခံဆိုတာကျတော့ ကျယ်ပြန့်သွားပြီကွာ။ ဖြစ်ရစေမယ်၊ ရရစေမယ်။ စိတ်ချယုံကြည်ပါ၊ စသည်ဖြင့် ကတိဆိုတဲ့ပရောမစ်စ်၊ အင်း. . . ပြောရင် ကောမစ်မင့်ပါသွားပြီကွ၊ ဒီအတိုင်းသဘောတူထားတယ်။ ဒီအတိုင်း အပို အလိုမရှိဖြစ်ရစေမယ်။ စိတ်ချ။ တာဝန်လုံးဝယူတယ်ဆိုတဲ့ သဘောပါသွားပြီ”

ထို့နောက် အဖေသည် အသက်အာမခံ၊ မီးအာမခံ၊ ယာဉ်တိုက်မှု အာမခံ စသည်များကို ဆက်၍ ပြောပြနေ၏။

“လိုက်ဖ်အင်ရှူဝါးရင့်စ်ကို ဟိုတုန်းကတော့ သက်ပေါင်ထားတယ်လို့ ခေါ်ကြတယ်ကွ။ အဓိပ္ပာယ်ကတော့ မိသကွာ။ အသက်ကို အပေါင်ထားတာ၊ ...င်း. . . ဟင်း ဒါပေမယ့် တစ်မျိုးကြီး ဖြစ်နေလို့ ဒီနောက်ပိုင်းမှာ အသက် အာမခံလို့ ခေါ်ကြတာ၊ ဩော်. . . အင်း. . . ဘာလဲဟေ့”

အဖေ့စကား တုန့်ဆိုင်းသွားသဖြင့် လှည့်ကြည့်လိုက်ကြသောအခါ စကားဝိုင်းနားသို့ မရောက်စဖူး ရောက်လာသည့် အမေ။



www.burmeseclassic.com

www.burmeseclassic.com



အဖေက အမေ့ကို တစ်လက်စတည်း ဆက်ပြောလိုက်သည်။

"အသက် အာမခံကိစ္စကို ရှင်းပြနေတာကွ၊ ပေါ်လစီတွေအကြောင်း တောင်မရောက်သေးဘူး။ ဘာလဲ . . . ထမင်းပြင်ပြီးလို့လား"

တည်ငြိမ်လေးနက်သော အမေ့မျက်နှာသည် အဖေနှင့် ဆန့်ကျင်စွာ အေးဆေးနက်ရှိုင်းနေလေသည်။

ထို့နောက် အလွန်စကားနည်းသော အမေ့ထံမှ အသံထွက်လာ၏။

"ကျွန်မ ကြားပါတယ်။ ပြောချင်တာလေးတစ်ခု ရှိလို့ပါ"

"ပြောလေကွာ၊ ပြောစမ်းပါ"

အဖေက အားပါးတရ ဖိတ်ခေါ်၏။ သားသမီးတွေကလည်း နားစွင့်လိုက်ကြ၏။ အမေအခုလို စိတ်လိုလက်ရ စကားပြောချင်သည်ဟု ဆိုခြင်းမှာ ကြုံတောင့်ကြုံခဲ။

အမေက အဖေ့ကို တစ်ချက်မျှ စူးခနဲကြည့်ကာ အကြည့်လွှဲပြီး ပြောလေသည်။

"အသက်ပဲ ခေါ်ခေါ်၊ ဘဝပဲခေါ်ခေါ်၊ ဒီရုပ်နာမ်ခန္ဓာကြီးရဲ့ တကယ့်အာမခံချက်က ဗုဒ္ဓတရားတော်ပါ။ တရားကိုသိ၊ တရားကို ကျင့်ခြင်းသာလျှင် ဒီဘဝ၊ ဒီအသက်နဲ့ နောင်သံသရာတစ်ခုလုံး နိဗ္ဗာန်မျက်မှောက် မပြုနိုင်မီအထိ။ စိတ်အချရဆုံး အာမခံချက်ပါ ကိုဘတင်။ ဒီတော့ ရှင့်အနေနဲ့ ကိုယ့်အရွယ်၊ ကိုယ့်အသက်၊ ကိုယ့်အသိနဲ့ သံသရာအာမခံချက်ရှိအောင် လုပ်ဖို့ လိုပါပြီ။ တရားကို သိဖို့၊ တရားကို ကျင့်ဖို့ပါပဲ"

စကားဆုံးသည်နှင့် အမေသည် ချာခနဲလှည့်ထွက်သွား၏။

အမေ့ခြေလှမ်းများ တူရှုရာမှာ ဘုရားခန်း . . . ။

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းတရား ကားချပ်ကြီး ရှေ့တွင် အမေထိုင်လေတော့မည်။

သားသမီးတွေက အဖေ့ကို အလိုလို ပြိုင်တူလှမ်းကြည့်လိုက်ကြ၏။

အဖေ့မျက်နှာမှာ . . . . . ။

မုခိတာ၊ ၁၉၉၅

❖ ❖ ❖

## နတ်ကျုံးတောရ အိပ်မက်

၁

'နတ်ကျုံးတောရ အိပ်မက်' ဟု ခေါင်းစီးတပ်ထားသော ဤစာကို အမှန်စင်စစ်၊ ကျွန်တော်သည် ဆောင်းပါးတစ်ပုဒ် အဖြစ်ရေးသင့်သည်ဟုထင်သည်။ ဝတ္ထုဆိုတာက၊ (ကိုယ်တွေ့ဖြစ်ရပ်များကို ဝတ္ထုအသွင်ဖြင့် ရေးထားသော ပုံစံမျိုးမှလွဲလျှင်) စာရေးသူ၏ စိတ်ကူးထဲမှ ဇာတ်ကောင်များဖြင့် ဖွဲ့စည်းကြတာများသည်။ ဒိဋ္ဌဘဝမှ ဖြစ်ရပ်များ၊ လူသားများကို စာရေးဆရာက သူ၏ စိတ်ကူးကွန့်မြူးမှုတည်းဟူသော 'ပေါင်းအိုး' ထဲတွင် လိုအပ်သလို စိမ်ချက်ပြုတ်ကာ ဇာတ်လမ်းများ ဇာတ်ကွက်များ ဇာတ်ဆောင်များအဖြစ်သို့ ကူးပြောင်းခန့်တီးယူတတ်ကြသည်။

ဝတ္ထုဟူသည်မှာ၊ ဒိဋ္ဌဘဝဖြစ်ရပ်များမှ အသွင်ကူးပြောင်းယူထားသော၊ စိတ်ကူးအသီးအပွင့်ရလဒ် ဖြစ်သည်ဟုဆိုကြပါသည်။ ဤအဆိုအမိန့်အတိုင်းဆိုလျှင် ဤ 'နတ်ကျုံးတောရအိပ်မက်' အမည်ရစာသည် ဝတ္ထုတစ်ပုဒ်လုံးဝဖြစ်သင့်။ ဆောင်းပါး မှတ်တမ်း၊ အောက်မေ့ချက် တစ်ခုခုဖြစ်သင့်သည်။ မဂ္ဂဇင်း အယ်ဒီတာများအနေဖြင့်လည်း မာတိကာစဉ်ရာတွင် ကိုယ်တွေ့ဖြစ်ရပ် သို့မဟုတ် ဆောင်းပါးဟူသောခေါင်းစဉ်အောက်တွင် နေရာထားပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်ကပင်လျှင် ဤစာကို ဝတ္ထု၊ ဆောင်းပါး . . . အစရှိသော နယ်နိမိတ်မျဉ်းကို ကျွန်တော် ချိုးဖောက်ကူးဖြတ်ချင်နေသည်။ ဒါက ကျွန်တော်သည် အတင့်ရဲခြင်းမဟုတ်ပါ။ လိုင်စင်ယူခြင်းလည်း မဟုတ်ပါ။ စာပေပုံစံတစ်ရပ်ကို ရဲဝံ့စွာစမ်းသပ်လိုက်ခြင်းလည်းမဟုတ်ပါ။

ဒါဖြင့် ဘာကြောင့်၊ ဝတ္ထုအဖြစ်ရေးသလဲ။

ရယ်စရာ၊ မဲ့ပြုံးပြုံးစရာဖြစ်နေမလားမသိပေ။

လေးစားအပ်သော စာဖတ်သူ . . . ယခုဖတ်ရတော့မည့် 'နတ်ကျုံးတော်ရအိပ်မက်' တွင် မိတ်ဆွေသည် တကယ့်ဖြစ်ရပ်များနှင့် တကယ့်သက်ရှိထင်ရှားဇာတ်ဆောင်များကို တွေ့ရမည်ဖြစ်ပါသည်။ ဖတ်ပြီးသွားသောအခါ မိတ်ဆွေအနေဖြင့်လည်း၊ ဒါဟာ၊ ဆောင်းပါးတစ်ပုဒ်ပဲ ဖြစ်သင့်တယ်ဟု မှတ်ချချင်စိတ် ပေါ်ကောင်းပေါ်လာပါလိမ့်မည်။ ဒါဟာ ဝတ္ထုတဲ့လား၊ကွာဟု မိတ်ဆွေသည် တစ်ခုခုကို အလိုမကျဖြစ်နေကာ၊ စိတ်တိုနေသည်ဆိုပါက မကျေချမ်းစွာရေရွတ်ပေလိမ့်မည်။ အကယ်၍ မိတ်ဆွေသည် ဝေဖန်စာရေးဖို့ နိုးကြားဝါသနာထုံသူဖြစ်ပါက၊ သို့ . . . စာရေးဆရာချစ်ဦးညို . . . ဟုလိပ်မူလျက် ချက်ခြင်းပင် ပြင်းထန်သော တုံ့ပြန်ချက်ထ, ရေးပေလိမ့်မည်။

မတတ်နိုင်တော့ပါ။ အဲဒီတုံ့ပြန်ချက်များက လေးစားအပ်သော စာဖတ်သူတို့၏ အပိုင်းပဲဖြစ်သည်။ ကျွန်တော်ကတော့ ဝတ္ထုတစ်ပုဒ် အဖြစ်ရေးဖြစ်နေပါပြီ။

ဤဝတ္ထုထဲတွင် (ဝတ္ထုလို့ပဲကျွန်တော်သုံးတော့မည်) ပါဝင်သော၊ ပုဂ္ဂိုလ်များ ဖြစ်ရပ်များသည် ဒီဌလောကတွင် တကယ်သက်ရှိထင်ရှားရှိနေကြသော ပုဂ္ဂိုလ်များ၊ ဖြစ်ရပ်များဖြစ်သည်။ ဘာတစ်ခုကိုမှ ကျွန်တော်အမည် နေရာလွှဲပြောင်းဖန်တီးထားခြင်း မရှိပါ။ အဖြစ်အပျက်အစီအစဉ်နှင့် ဇာတ်ဆောင်တို့၏ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု ကံသုံးပါးအပြုအမူတို့သည်လည်း တကယ်အပြင်အတိုင်းပဲ ဖြစ်သည်။ ကျွန်တော်က ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း လိုတိုးပိုလျှော့ခြင်းများမလုပ်ပါ။

'နတ်ကျုံးတော်ရ အိပ်မက်' ကို ဖတ်ပြီးမှ မိတ်ဆွေအနေနှင့် ကျွန်တော့်ကို ကြိုက်သလိုသာ ပြောပါလေ။





၂

တကယ့်ကို စိမ့်ကြီးမြိုင်ကြီးရိပ်ကြီးတောတောင် ဖြစ်၏။

ပြင်ဦးလွင်မြို့မှ လားရှိုးလမ်းအတိုင်းတက်သွား ဘီအီးဖောလ်တို့ ဘာတို့ ဆိုကျော်၊ အတော်လေးရောက်ပြီဆိုလျှင်၊ ကားလမ်း၏ လက်ဝဲဘက်၌ သိပ်သားသားနားနား မဟုတ်သော လမ်းညွှန်ဆိုင်းဘုတ်တစ်ခုတွေ့ရမည်။ ကားလမ်းဆား၊ မြေနီလမ်းအတိုင်း ဝဲဘက်သို့ ကွေ့ကောက်သော ကားအမောင်းရခက်သော လမ်းကြမ်းကို တွေ့ရမည်။ ဆက်ဆင်းဆက်ဆင်း ကျောက်ခဲအကြီးစားများခင်းထားသော (လမ်းကြိတ်စက်ဖြင့် မဖိရသေးသော) ပိုကြမ်းသည့် လမ်းရှိသည်။ အဆင်းလမ်း ပို၍ မတ်စောက်လာသည်။ ဝဲယာမှာ ဆီးဖြူချုံလေးများရှိသည်။ ဆင်ခြေလျှောကုန်းပြင်များမှာ၊ ပန်းနေကြာခင်းများရှိသည်။ စိတ်ကူးယဉ်ရော၊ အဝါရောင်တခင်းတပြန့်ကြီးတွေ ဟိုအဝေးမှာ မှိုင်းညို့တောင်တန်းအထပ်ထပ် ဟိုးအထက်မှာ ဖြူလွလွတိမ်ဆုပ်နှင့် ကောင်းကင်ပြာ။ အိုး PANORAMA ဟု မြည်တမ်းချင်စရာ။ သိပ်လှတဲ့ အဝါ၊ အပြာ၊ အဖြူ၊ အစိမ်းရှုခင်းမြင်ကွင်းနှင့်ခွာသွားသော ချစ်သူတစ်ယောက်အတွက် ပူပူနွေးနွေးအသည်းကွဲထားသည်ဆိုလျှင် အင်မတန်ကို ချိုမြပူပြင်းစွာ ခံစားလို့ကောင်းသည့် မြင်ကွင်းဖြစ်သည်။

ဒါပေမယ့် ဒီ ဝါပြာဖြူစိမ်းကမ္ဘာကို ထားခဲ့ပြီး ဆက်ဆင်းသွားပါဦး၊ ဘယ်ကွေ့ညာကွေ့ ကွေ့ဦး၊ တောင်ကြားလွင်ပြင်တစ်ခုဆီဦးတည်သည့် လမ်းကြမ်း။

လျှိုကြီးအောက်ခြေမှာတော့၊ မမျှော်လင့်သော မြင်ကွင်းကို ဘွားခနဲ တွေ့ရသည်။ စိမ့်ကြီးမြိုင်ကြီးရိပ်ကြီးတောတောင်။ ရေတံခွန်သံသဲ့သဲ့ကြားရသည်။ ဘုန်းတော်ကြီးကျောင်းရှိသည်။ စေတီတစ်ဆူရှိသည်။ အာရုံခံတန်ဆောင်းရှိသည်။ အရိပ်ကောင်းသော သစ်ပင်ကြီးတွေအောက်မှာ ထိုင်ခုံတွေရှိသည်။ ကွပ်ပျစ်တွေခင်းထားသည်။ အမျိုးအမည်ခွဲခြားခြင်းငှာ မစွမ်းနိုင်သော ပန်းရနံ့များကြိုင်လှောက်လို့နေသည်။

ကျွန်တော်တို့အားလုံး ထိုနေရာမှာ အပန်းမဖြေနိုင်ကြသေး။

'ရန်ကုန်ချောင်း' ဟု အမည်ရသော၊ ထိုစခန်းမှ ညာဘက်တောလမ်းအတိုင်း ဆက်လျှောက်ခဲ့ကြသည်။ ကားတွေကိုတော့၊ အဲဒီမှာပဲထားခဲ့ရသည်။ စက်ကြီးတင်သည့် တီအီးအလဲပင်းကားကြီး၊ မာဇဒါဂျစ်၊ အာဗင်၊ ဟိုင်းလပ်စ်ကားတွေ။ တိတ်ဆိတ်ခြင်းဖြင့် လှပစွာငြိမ်သက်နေခဲ့သော၊ တောအုပ်၌



www.burmeseclassic.com

www.burmeseclassic.com



မြောင်လေးမှာ၊ လူသံ၊ ကားသံ၊ စက်သံတွေကြောင့် ယောက်ယက်ခတ်သွားတော့သည်။

တောလမ်းအတိုင်း ကျွန်တော်တို့ ဆက်လျှောက်ခဲ့ကြသည်။ ပန်းနေကြာခင်းတွေ အလယ်က မြေနီလမ်းကလေး၊ မြင့်မားတဲ့မိုးထိ သစ်ပင်ကြီးတွေအောက်မှ အနီရောင် ဖဲကြိုးမျှင်လမ်း ကလေးတစ်ယောက်သွားသာရုံလမ်း. . . ဟင်း . . .။ မဟာဇနကမင်းကြီးနှင့် သီဝလိဒေဝီတို့ ရှေ့နောက်လျှောက်ခဲ့ကြသည့် တစ်ယောက်သွားသာရုံလမ်းမျိုးတော့ မဟုတ်လေခြင်း။ အလောင်းတော်ကြီးများကတော့ သံသရာမှ ရုန်းထွက်ဖို့ နေကွမ်မှပါရမီဖြည့်ဖို့ တောတောင်လျှိုမြောင်သို့ဝင်ကြသည်။

ကျွန်တော်တို့က . . . အင်း . . . . ကျွန်တော်တို့က . . .

ကင်မရာ၊ မီးမောင်း၊ မီးကြိုး၊ ဖိုင်တွဲ၊ အသံဖမ်းစက်၊ ကလက်ပစ္စည်းပစ္စယတွေ။ လူတွေ ပြီးတော့မြင်းတွေ။

နတ်ကျူးတောရ စခန်းသည် 'သူကျွန်မခံပြီ' ရုပ်ရှင် အဖွဲ့ကြောင့် အားနာစရာ လန့်နိုးသွားလေသည်။

၃

"တောတကယ်နက်ပြီဆိုရင် အခုလိုပဲ။ မြေပြင်မှာ ကပ်ပေါက်နေတဲ့ အပင်တွေက ထူထဲသိပ်သည်းလာတယ်။ ဟိုးလိဝုဒ် ကားတွေမှာ၊ တောနက်ကြောင်းကို ခုလို မြေကပ်ပင်ချုံဖုတ်တွေနဲ့ ပြကြတယ်။ ဆရာတော့ ဒီနေရာကို သိပ်ကြိုက်တယ်" ဟု ဆရာ တက္ကသိုလ်ဘုန်းနိုင်က ပြောနေသည်။

ကျွန်းပင်မြင့်ကြီးတွေ၏ ဟိုးအထက်ကိုင်းတွေမှာ၊ တုတ်ခိုင်နေသော နွယ်ဒါန်းကြီးတွေယှက်နွယ်နေသည်။ တစ်ပင်နှင့် တစ်ပင်၊ နွယ်ဒါန်းများဖြင့် မလွတ်စတမ်းပွေ့ဖက်ဆက်သွယ်ထားကြသည့်နွယ်။

ဒါရိုက်တာကြည်စိုးထွန်းက၊ ရိုက်ကွင်းနေရာကို သတ်မှတ်လိုက်သည်။ ပင်စည်ရင်းမှာ အပျဉ်းအပျဉ်းကျနေသော သစ်ပင်ကြီးအောက် ဖြစ်မည်။ မီးခိုလေးတစ်ခုဖိုသည်။ မီးခိုးငွေ့နှင့်မီးတောက်များက ဇာတ်ကွက်၏ အရေးပါသော သက်မဲ့ဇာတ်ပို့များ ဖြစ်လာမည်။ ငှရင်ကောက်ပင်လေးတွေက မြေပြင်မှာ ပင်စည်မှာဟိုတစ်စု သည်တစ်စု။

ကင်မရာ တည်လိုက်သည်။ ထရော်လီရွှေ့ယူမည်။ ကြိုးကရိန်းဆင်





သည်။ နတ်ကျူးတောရ၏ နက်ရှိုင်းခြင်းအလှကို 'ဘောင်' ထဲမှာ အရအမိယူဖြရမည်။ နေပြောက်တကယ်မထိုးသောတော။ ပင်ချင်းယှက်၊ ရွက်ချင်းဆက်ထား၊ ကောင်းကင်နှင့် နေရောင်ကို မမြင်ရသောတော။ တစ်ချက် တစ်ချက်မှ နေရောင်မျှင်တန်းကလေးကို သစ်ရွက်တွေအကြားလုစ်ခန်လှမ်းတွေ့လိုက်ရသောတော။ စိမ့်အေးစိုစွတ်မြေအပြင်။

ပဝေသဏီ တစ်ချိန်ကတော့ ဤနေရာမှာ ရှင်မွန်လှ၏ အစ်ကိုတော်ကဆင်ကျူး၊ မြင်းဇောင်းတွေတည်ခဲ့သည်ဟုဆိုသည်။ ကတုတ်လို ခံတပ်လို ကျောက်တုံးတွေလိုတွေ့ရသည်။ ရေညှိအလိမ်းလိမ်းတက်နေသော၊ ထိုကျောက်သားများသည် အတိတ်ဇာတ်လမ်းတွေကို လျှို့ဝှက်လုံခြုံစွာ သိမ်းဆည်းထား ကြပေသည်။ ဒက္ခာရီနှင့် သမိုင်းရာဇဝင်တို့ အကြားမှ ပပါသည် ပါးလွှာလှချေသည်။

အဲဒီ လွန်ခဲ့သော နှစ်ပေါင်းကိုးရာ နှစ်ဆယ်ကျော်တုန်းက ဤနေရာအစ်ဝိုက်မှာ အဘယ်သို့သော မြင်းသည်ကျော်များ၊ ရဲမက်စစ်သည်များ၊ တပ်ခင်းဦးလ်များ၊ အမတ်ဝန်များ၊ သွားလာလှုပ်ရှားခဲ့ကြသည် မသိနိုင်။ ယခုတော့. . .

နတ်ကျူးတောရ သစ်ပင်ကြီးအောက် မီးဖိုလေးဘေးမှာ ဦးဥတ္တမ၊ ဦးမင်းရောင်၊ မိုးနဲ့စော်ဘွား၊ သွေးသောက်ကြီးမြတ်ကျော်တို့ စုရုံးနေကြသည်။ ဦးဥတ္တမကိုယ်တော်က တောင်ဝှေးကို တင်းတင်းဆုပ်ကိုင်ရင်း မျက်နှာတင်းထားနေသည်။ လွယ်အိတ်နှစ်လုံးကို တစ်ဖက် တစ်ချက်စီ စလွယ်သိုင်းလွယ်ထားသော၊ နတ်မောက်မြို့လုလင်သူကြီး ဦးမင်းရောင်သည် ကျေညက်ပြီး သားမွှေးကိုပင် မေးကြောကြီးများ ပြိုင်းပြိုင်းထသည် အထိ၊ ဖိကြိတ်ဝါးမြုံနေသည်။ မိုးနဲ့စော်ဘွားက မသာယာမျက်နှာဖြင့် လက်သီးကျစ်ကျစ်ပါဆုပ်ထားသည်။ သွေးသောက်ကြီး မြတ်ကျော်မှာတော့ စိုးရိမ်သောက မျက်နှာ။

သွေးသောက်ကြီး မြတ်ကျော်၏ ရင်ခွင်ထဲမှာ ဒဏ်ရာပြင်းထန်စွာဖြင့် သတိလစ်နေသော လူတစ်ယောက်ရှိသည်။ သူ့အမည်မှာ ဗိုလ်ထွန်းစံ။ ဗိုလ်ထွန်းစံသည် သွေးသောက်ကြီး မြတ်ကျော်၏အစ်ကိုဖြစ်သည်။ ညီအစ်ကိုချင်း ကွဲကွာနေသည်မှာ ကြာပြီ။ ဗိုလ်ထွန်းစံက၊ ညောင်ရမ်းကိုယ်တော်ကြီးနှင့် အတူ ယိုးဒယားပြည်ရောက်နေသူ။ ယခု အရေးကြီးသော ထိပ်တန်းလျှို့ဝှက်ချက် သတင်းတစ်ရပ် အတွက် မြန်မာပြည်သို့ ပြန်လာသူ။ ညောင်ရမ်းလူ သူလျှိုမှန်း သတင်းရသွားကြပြီး ရန်သူများက ဝိုင်းလုပ်ကြံသဖြင့်၊ ဒဏ်ရာသည်းစွာရခဲ့သော်လည်း အသက်ဘေးလု၍ ပြေးခဲ့ရသူ။ ဗိုလ်ထွန်းစံဒဏ်ရာဖြင့် သတိလစ်နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



သွေးသောက်ကြီးမြတ်ကျော်တို့က ရေတံခွန်တောစပ်မှာတွေ့ပြီး ဤနေရာသို့ သယ်ဆောင်လာခဲ့ကြခြင်းဖြစ်သည်။

သွေးသောက်ကြီး မြတ်ကျော်၊ ဦးဥတ္တမကိုယ်တော်၊ ဦးမင်းရောင်၊ မိုးနဲ့စော်ဘွား . . . လေးယောက်သားကလည်း ကြီးလေးလှသော ရာဇဝတ်သင့်ခဲ့သူတွေ ဖြစ်သည်။ ရွှေမြို့တော်ကဲမြင့်မြို့တံခါးအနီးတွင်၊ သူတို့သည် ဘုရင့်တပ်သားများကို တိုက်ခိုက်ပြီး အလွတ်ရုန်းလာရသူတွေ ဖြစ်သည်။

မီးမသေ့တသေ မီးဖိုမှ မီးတောက်ကြွင်းများနှင့် မီးခိုးကျန်များက၊ ချည့်နဲ့စွာ ဝေ့ဝိုက်တောက်လောင်လျက်။

၄

တစ်ယောက်ကို တစ်ယောက်မူလက မသိကြ။ ကဲမြင့်မြို့တံခါး၌အမှတ်မထင် ဆုံစည်းကြရာမှ၊ ဘုရင့်တပ်သားများနှင့် တွေ့ကြုံတိုက်ပွဲဖြစ်ကာ၊ အလိုအလျောက် မဟာမိတ်များဖြစ်လာကြသော၊ သူတို့ အချင်းချင်းမိတ်ဆက်ကြ၏။

“ဦးပဉ္စင်းကတော့ လျှို့ဝှက်စရာမရှိပါဘူး၊ ဘွဲ့ကဦးဥတ္တမတဲ့၊ မင်းဘူးနယ်ဘက်က၊ ရင်းနှီးတဲ့ ဒကာများကတော့ ဗိုလ်ဥတ္တမလို့ ကွယ်ရာမှာ ကျိစယ်ပြီးခေါ်ကြဆိုပဲ”

ဦးဥတ္တမက မိတ်ဆက်စကားဆို၏။

“တပည့်တော်နာမည်က ဦးမင်းရောင်လို့ခေါ်ပါတယ် နတ်မောက်မြို့လုလင်သူကြီးပါ။ ဦးဇင်းလိုပဲ တပည့်တော်လဲ တိုင်းရေးပြည်ရေး သာသနာတော်ကြီးအရေး စိတ်မအေးတာနဲ့ သတင်းစနည်းနာဖို့ နေပြည်တော်ကိုတက်လာခဲ့တာပါ”

ဦးမင်းရောင်ကရှင်းပြသည်။ မိုးနဲ့စော်ဘွား၊ စောခွန်ကြည်ကိုတော့ စော်ဘွားမှန်း ကျန်လူတွေက သိပြီးကြပြီးပြီ။ သွေးသောက်ကြီးမြတ်ကျော်ကလည်း သူ့အကြောင်းကို အကျဉ်းချုပ်ပြောပြ၏။

“တပည့်တော်က မြတ်ကျော်ပါ။ ရာထူးက သွေးသောက်ကြီးပါ မတရားမင်းနဲ့ တိုင်းခြားတစ်ပါးမင်းတို့ရဲ့ ရန်က နိုင်ငံတော်ကို ကယ်တင်ဖို့ ကြိုးစားနေကြတဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ တပည့်တော်တို့ အရှင်က အခုအခါ တစ်တိုင်းပြည်လုံး တမ်းတအားကိုးမျှော်လင့်နေကြတဲ့ ညောင်ရမ်းကိုယ်တော်လေး ဖြစ်ပါတယ်”





“ညောင်ရမ်းကိုယ်တော်” ဟူ၍ ကျန်လူများ အာမေဋိတ်ပြုကြ၏။

ဦးဥတ္တမ၊ ဦးမင်းရောင်၊ မိုးနဲ့စော်ဘွားတို့အားလုံးက သူတို့လည်း ညောင်ရမ်းကိုယ်တော်ကို မျှော်လင့်နေကြကြောင်း စစ်ဖြစ်ကြလျှင် အင်္ဂလိပ်က အနိုင်တိုက်၍ သီပေါဘုရင်ကို နန်းချပြီး ညောင်ရမ်းကိုယ်တော်ကို နန်းတင်မည်ဟု သတင်းပြေးနေကြောင်း သို့သော် အင်္ဂလိပ်ကို စိတ်မချရကြောင်းဆွေးနွေးကြ၏။

ထိုစဉ်မှာပင် သတိလစ်နေသော ဗိုလ်ထွန်းစံ သတိရလာသည်။

သူ အားယူ၍ ဗလုံးဗထွေးရေရွတ်သည်။

“ညောင်ရမ်းကိုယ်တော်ကို ထောက်ခံသူတွေဟာ ဘယ်သူတွေလဲ”

သွေးသောက်ကြီး မြတ်ကျော်က ဗမ်းသာအားရဖြင့် “အစ်ကို သတိရပြီလား ကျွန်တော်လေ မြတ်ကျော်လေ”

“မြတ်ကျော် ငါ့ညီမြတ်ကျော်လား”

ညီအစ်ကို နှစ်ဦးမှာ၊ အပြန်အလှန်ပွေ့ဖက်၍ ယောက်ျားကြီးများ တန်မဲ့ဝမ်းသာဝမ်းနည်းဖြစ်ကာ မျက်ရည်များကျလာ၏။ ဘေးမှ ကြည့်နေသူများ ဆို့နစ်ထိခိုက်ကြသည်။

၅

‘ကတ်’ ဟု ဒါရိုက်တာက အော်လိုက်သည်။ နောက်တစ်ကတ်ယူမည်။ ကင်မရာ ချိန်ရွှေ့သည်။ မီးအလင်းတွေချိန်ဆသည်။ မီးဖိုမှ မီးခိုးလေးမှာ အပူပျောက်ဖို့တပ်ဆွ ပေးရသည်။ သရုပ်ဆောင်များက ဒိုင်ယာလော့ဂ်များ ပြန်နွေးလေ့ကျင့်ကြသည်။

ဇာတ်ရှိန်မြင့်မည့် အခန်းဖြစ်သည်။ သိပ်အရေးကြီးလာပြီ။

သရုပ်ဆောင်တွေအားလုံး အမှုအရာမှားလို့မရ။ မု(ဒ်)အပြည့်ရှိရမည်။ ဤအခန်းသည် ၁၈၈၅ခု၊ ပါတော်မူခါနီးခေတ်ကာလ၏ အရေးပါလှသော သမိုင်းဇာတ်ကွက်ကို ဖော်ထုတ်မည့်အခန်းဖြစ်သည်။

ဗိုလ်ထွန်းစံအဖြစ် သရုပ်ဆောင်သူ ကိုစိန်သန်းက မု(ဒ်) အပြည့်သွင်းနေ၏။ ခါတိုင်း နောက်ပြောင်ပြောင်ဆိုနေတတ်သော ကိုအောင်ခိုင်သည် ထူးခြားခြားကြီး၊ တိတ်ဆိတ်လေးနက်နေ၏။ မျက်ဝန်းအိမ်တွေနီနေသည်။ တစ်ခုခုကို နက်ရှိုင်းစွာ ခံစားတွေးပူနေဟန်။ သူက သွေးသောက်ကြီးမြတ်ကျော်အဖြစ် သရုပ်ဆောင်သူ . . . သူပေါက်ကွဲစွာ ငိုကြွေးရမည့် သရုပ်ဆောင်ချက်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ထွန်းစံ (ကိုစိန်သန်း) သည် နာကျည်းကြေကွဲမှု ဝေဒနာတုကို မွေးမြူပြီးထောင်နေသည်။ ဒါဟာ ယောက်ျားကြီးတစ်ယောက်၏ ငိုကြွေးခန်း ဖြစ်သည်။ တိုင်းပြည်အတွက် လူမျိုးအတွက် နှလုံးကြေကွဲ ငိုပွဲဝင်ရမည့်အခန်း။

ဘင်္ဂလားမြို့တွင် ရှိနေသော ညောင်ရမ်းကိုယ်တော် နတ်ရွာစံကံတော်ကုန်ခဲ့ပြီ။ ဤသတင်းကို ဗိုလ်ထွန်းစံ ထုတ်ဖော်ပြောကြားရတော့မည်။

တစ်ပြည်လုံးက မျှော်လင့်အားထားစောင့်စားနေကြသည့် ညောင်ရမ်းကိုယ်တော် . . . ။ မရှိတော့။ ဒါက ကြေကွဲစရာသတင်း

နောက်သတင်းက ကံတော်ကုန်သွားသည့် ညောင်ရမ်းကိုယ်တော်အကြောင်းကို အင်္ဂလိပ်က ဖုံးဖိထားသည်။ သီပေါဘုရင်ကို နန်းချပြီးလျှင် ညောင်ရမ်းကို နန်းတင်တော့မည်ဟု လှည့်စားနားယောင်စေမည်။ မြန်မာတစ်ပြည်လုံး အငိုက်မိ၊ အလိမ်ခံရမည့် အရေးဖြစ်သည်။ ဒါကို ဗိုလ်ထွန်းစံ ပြောပြမည့်အခန်း။

ဦးဥတ္တမနှင့် ဦးမင်းရောင်တို့က ဗမာများဖြစ်ကြသည်။ ထို့ကြောင့် ညောင်ရမ်းအစွဲရှိသည်။ ညောင်ရမ်းလိုလားသူများဖြစ်သည်။ ထို့ကြောင့် ညောင်ရမ်းကိုယ်တော်မရှိတော့ဟူသော သတင်းနှင့်အတူ နယ်ချဲ့တို့လှည့်စားဖို့ကြံနေပြီဟူသော သတင်းကိုကြားရချိန်တွင် ဦးဥတ္တမနှင့် ဦးမင်းရောင်တို့(သိသိသာသာ) ထိခိုက်ခံစား သွားကြရ၏။ ဒါက ဦးဥတ္တမအဖြစ် သရုပ်ဆောင်သူ စိုင်းကောင်းစံနှင့် ဦးမင်းရောင်အဖြစ် သရုပ်ဆောင်သူ ကိုဇော်ဦးတို့ လုပ်ရမည့် အမူအရာ။

ညောင်ရမ်း၏ လက်ရုံးအစစ်ဖြစ်သော ဗိုလ်ထွန်းစံ(ကိုစိန်သန်း) နှင့် အလေးရောက်ဘက်တော်သား သွေးသောက်ကြီးမြတ်ကျော် (ကိုအောင်ခိုင်)တို့ ဆိုလျှင်လည်း ပြောစရာမလိုတော့။ ငိုကြွေးရှိုက်ငင်၊ အံကြိတ်နားကျည်း . . . တောင်းကောင်းကြီး သရုပ်ဆောင်ခွင့်ရကြမည်။ အက်တင်အပြည့်ဖွင့်ပြီးလုပ်ခက်နေသည်က မိုးနဲစော်ဘွား စောခွန်ကြည်။

မိုးနဲစော်ဘွား၏ အနေအထားကို ပြောပြဖို့ လိုအပ်မည်ထင်ပါသည်။

သမိုင်းအရ မိုးနဲစော်ဘွားသည် သီပေါဘုရင်၏ ရန်သူဖြစ်၏။ သီပေါဘုရင် ရန်သူ မီးဝိုင်းခံရပြီး အင်္ဂလိပ်စစ်ရောက်လာလျှင် သူတို့စော်ဘွားများအဖွဲ့က နေပြည်တော်အထိ ချီတက်အောင်ပွဲခံရန် အစီအစဉ်ရှိထားသည်။ လင်းဝင်ကိုယ်တော်၏ အလံတော်အောက်ဝယ် စော်ဘွားများစုရုံးကာ၊ လင်းပင်ကွန်ဖက်ဒရေရှီအဖွဲ့ ထူထောင်ထားကြသည်။ မိုးနဲစော်ဘွား၏ အနေအထားက ဦးဥတ္တမတို့ ဦးမင်းရောင်တို့ မြတ်ကျော်တို့ ဗိုလ်ထွန်းစံတို့နှင့်မတူ။





ညောင်ရမ်းကိုယ်တော်မရှိတော့။ အင်္ဂလိပ်က လှည့်စားပြီး နေပြည်တော်ကိုသိမ်းပိုက် သီပေါဘုရင်ကိုနန်းချ . . ။ ဒါတွေသည် မိုးနဲစော်ဘွားပါဝင်သော လင်းပင်ကွန်ဖက်ဒရေရှီအတွက် အခွင့်အရေးပေါ်သည့်အကွက် ဖြစ်သည်။ မိုးနဲစော်ဘွားသည် ညောင်ရမ်း၏ လူမဟုတ်။ ဒါပေမယ့် . . .

မိုးနဲစော်ဘွား စောခွန်ကြည်သည် . . .

တကယ့်တကယ် ညောင်ရမ်းမရှိတော့ခြင်းနှင့် အင်္ဂလိပ်က လှည့်စားဖို့ကြံဆင်နေပြီဆိုခြင်း သတင်းကို သိလိုက်ရသောအခါ ဝမ်းသာမနိုင်ခဲ့။

သူသည် ဦးဥတ္တမ၊ ဦးမင်းရောင်၊ မြတ်ကျော်၊ ဗိုလ်ထွန်းစံ တို့လို . . . (ဒီလောက်ကြီး) စိတ်ထိခိုက်စရာ အကြောင်းမရှိသော်လည်း သူစိတ်ထိခိုက်ရသည်ဖြစ်၏။

၀၁၆၀

အကြောင်းမူကား တစ်နိုင်ငံလုံးကျွန်ဖြစ်တော့မည့်အရေးကို မိုးနဲစော်ဘွား သဘောပေါက်လိုက်သောကြောင့်ဖြစ်သည်။ ဒါက မိုးနဲစော်ဘွား၏ အနေအထားဖြစ်၏။

ကောင်းပါပြီ။ နောက်ခံအခင်းအကျင်းကတော့ ဟုတ်ပါပြီ။

အဲဒီလို(ပုဂ္ဂိုလ်ရေးအရ ထိခိုက်ခံစားမှု မရှိသော်လည်း တစ်မျိုးသားလုံးအရေးတွေးကာ၊ ထိခိုက်ခံစားရမည့်) ခံစားမှု (MOOD) ကို ပေါ်လွင်အောင် မိုးနဲစော်ဘွားအဖြစ် သရုပ်ဆောင်သူ မည်သို့မွေးမြူစိတ်သွင်းမည်နည်း။

မိုးနဲစော်ဘွားအဖြစ် သရုပ်ဆောင်သူကား ဇာတ်မင်းသားကလေး သိန်းဇော်။

## ၆

"အစ်ကို . . . . ကျွန်တော် အက်လုပ်ဖို့ နည်းနည်းအခက်အခဲဖြစ်နေတယ်။ ညောင်ရမ်းသတင်းသိရချိန်မှာ ကိုခိုင်တို့၊ ကိုဇော်ဦးတို့၊ ကိုစိန်သန်းတို့က သိသိသာသာထိခိုက်ကြေကွဲကြမယ်။ ကျွန်တော်က မိုးနဲစော်ဘွားက အဲဒီလို တွေတတ်ဘူး ဟုတ်လား . . . . ."

ဇော်ကြီး(မောင်သိန်းဇော်)နှင့် ကျွန်တော်တို့မှာ ညီအစ်ကိုလိုရင်းနှီးလည်ကြသူများဖြစ်၏။ သူ့ကျွန်မခံတွင် မိုးနဲစော်ဘွားအဖြစ် သူသရုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရမည်ဟု သတ်မှတ်လိုက်ကြသောအခါ၊ ဖော်ကြီးသည် ငြိမ်သက်ပီတိများဖြင့် ဝမ်းသာနေခဲ့လေသည်။

ကဗျာစပ်သော၊ ဂီတနက်သန်သီချင်းများဆိုသော ရုပ်ရှင်ဗီဒီယိုရိုက်သော သမားစဉ်သဘင်မှုကို အပတ်တကုတ်အားထုတ်သော မောင်သိန်းဇော်သည် အနုပညာရှူးသွပ်သူလည်း ဖြစ်၏။ ရသဗေဒကို စရဏတရားနှင့်ယှဉ်၍ နားလည်သူလည်း ဖြစ်၏။

ယခု-သူ မိုးနဲ့စော်ဘွားနေရာမှ မေးနေပြီ။

*"ကျွန်တော် မှု(ဒ်)ကို ပြောပြထားပေးစမ်းပါ . . . ."*

*လင်းပင်ကွန်ဖက်ဒရေစီ . . . . ဘာညာ ကျွန်တော်ပြောပြသည်။*

*"ညောင်ရမ်းကိုယ်တော်ကြီး ကံတော်ကုန်သွားတဲ့သတင်းဟာ မင်းအတွက် ပုဂ္ဂိုလ်ရေးအရ ထိခိုက်မှုမရှိဘူးကွာ၊ ဒါပေမဲ့ တစ်နိုင်ငံလုံး တစ်မျိုးသားလုံး ကျွန်ဖြစ်မယ့်အရေးကို မင်းမြင်လိုက်တယ်ကွာ ပုဂ္ဂလိက ခံစားမှုမဟုတ်ဘူး အများအတွက် ခံစားမှု။*

*ယေဘုယျမြင်ကွင်း . . . . ဒီအတွက်၊ မင်းခံစားရမယ်ကွ - အဲဒီမှု(ဒ်)*

*"ဟုတ်ပြီလေ။ အဲဒါ ကျွန်တော်သဘောပေါက်ပြီ။ ဒါပေမဲ့ အဲဒါကို အသေးစိတ် . . . . . အင်း ကျွန်တော်ဝိညာဉ်ထဲဝင်အောင် အစ်ကိုတစ်ခုခု လုပ်မပေးနိုင်ဘူးလား"*

*"ကဗျာဆရာ K ဇော်သည် ဤသို့နှယ်သောသူ" ကျွန်တော် ဘာလုပ်ရမည်နည်း။ ကျွန်တော် ဒါရိုက်တာမဟုတ် အမူအရာသင် ဆရာမဟုတ်။*

ကိုကြည်စိုးထွန်းသွားမေးကွဟုလည်း ကျွန်တော်တွန်းမလွှတ်ရက်။ ကိုကြည်စိုးထွန်းမှာလည်း သူ့ကင်မရာမင်းတွေ၊ မီးသမားတွေ အသံဆရာတွေနှင့် အလုပ်ရှုပ်နေသည်။ ဇာတ်ညွှန်းကိုကြည့်ရင်း ကတ်တွေထပ်စိပ်ခွဲကာ၊ ဒိုင်ယာလော့တွေအတွက် ဆရာတက္ကသိုလ်ဘုန်းနိုင်နှင့် ခေါင်းချင်းဆိုင်နေသည်။

မောင်သိန်းဇော်က ကျွန်တော့်ထံမှ တစ်ခုခုရရှိလိမ့်မည်ဟူသော မျှော်လင့်ယုံကြည်ချက် မျက်လုံးများဖြင့် ကျွန်တော်ကို ကြည့်နေ၏။ မိုးနဲ့စော်ဘွား စောခွန်ကြည်၏ အကြည့်များ . . . . . . ။

မောင်သိန်းဇော်ကို ပြန်ကြည့်ငေးရင်း ကျွန်တော့်ခေါင်းထဲသို့ ဖြတ်ခနဲ အတွေးတစ်ခုဝင်လာ၏။ ပျော်စရာကောင်းသော အတွေးတော့မဟုတ်ပါ။ သို့သော် သူ့မေးခွန်းအတွက် အဖြေဖြစ်ကောင်းဖြစ်နိုင်သည်။





"ဖော်ကြီး . . . . . ငါပြောမယ် ဒီလို . . . . ."

၇

ရုပ်ရှင်သရုပ်ဆောင်တို့သည် ဇာတ်ဝင်အမူအရာတစ်ခုကို အလေးအနက်လုပ်ရတော့မည့်အခါများ၌ သူတို့၏ တကယ့်ဘဝထဲမှ ထိခိုက်ဆို့နစ်ရာတွေကို ပြန်လည်အောက်မေ့ တူးဆွ-ဝင်စားခံစားတတ်ကြသည်ဟု ဆို၏။

ပျော်စရာ မောစရာ ငိုကြွေးစရာ၊ ရှိုက်ငင်စရာအမူအရာတွေ လုပ်တော့မည်ဆိုလျှင် သရုပ်ဆောင်တို့သည် သူတို့၏ နှလုံးအိမ်ထောင့်တစ်ထောင့်တွင် (တမင်)သိမ်းဆည်းထားသော ဝေဒနာတစ်ခုခုကို ပြန်တူးဆွတတ်ကြ၏၊ အဲဒါကို ပြန်ဖော်ထုတ်မွေးယူလိုက်၏။ အဲဒီအရှိန်ကိုယူကာ ဇာတ်ဝင်အမူအရာသို့ ဌာပနာခြင်းပြုလေသည်။ ဒါကို Inspiration ဟုလည်းခေါ်ကြသည်။ ပူးဝင်ခံစားမှု၊ ပွားယူခံစားမှု၊ ဇာတ်မင်းသားလေးသိန်းဇော်(မိုးနဲ့စော်ဘွား)ကို ကျွန်တော်ပြောချလိုက်ပါသည်။ စေတနာကောင်းဖြင့်ယှဉ်သော ရက်စက်မှုဖြစ်လေမည်လား မသိပါ။

"ဖော်ကြီး . . . . . ဝဇီရာရုံမှာ မင်း-တေမိကခဲ့တာကို ပြန်အောက်မေ့ကြည့်ပါလားကွာ"

ရန်ကုန်မြို့လယ် ဝဇီရာရုံ။ မန္တလေးသိန်းဇော်၊ တေမိယဇာတ်ထုပ်၊ ဖော်ကြီးက ကာယကံရှင်ဆိုတော့ ကျွန်တော့်ထက်ပိုသိ၊ ပိုထိခဲ့ပေမည်။ ၁၉၃၄ ခုနှစ်ဆီက။

ထိုအကြောင်းကို ၁၉၉၅၊ ဖေဖော်ဝါရီလထုတ် မြန်မာ့ဓနမဂ္ဂဇင်းတွင် "သောင်းတိုက်ကကျော်"အမည်ဖြင့် ကျွန်တော် ဝတ္ထုတစ်ပုဒ်ရေးခဲ့ဖူး၏၊ ရန်ကုန်မြို့လယ်၊ ဝဇီရာရုံမှာ နေ့ပွဲဇာတ်ကဖို့ သူကြိုးစားခဲ့ပုံတွေ၊ တစ်လခွဲနှစ်လကြိုတင်ပြင်ဆင်ခဲ့ပုံတွေ၊ ကြိမ်းသေမြတ်မည့် အခြားပွဲခွင်တွေကိုဖျက်ပြီး ဝဇီရာသို့ဝင်ခဲ့ပုံတွေ . . . . . ရုံခ တစ်ပတ်သုံးသောင်း (တစ်ည-လေးထောင်ကျော်)နှုန်းရှင်းခ၊ ခြောက်ထောင့်ငါးရာ၊ တယ်လီဖုန်းသုံးခ ဒီပို့ဇစ်ငါးထောင်၊ ကြိုတင်ပြင်ဆင်ခ တစ်သောင်းငါးထောင်၊ ကြော်ငြာပိုစတာတစ်သိန်း။ ဝတ်စုံသစ်များချုပ်ခက . . . . .

ရုံဝင်ခမရှိ၊ ကုလားထိုင်တစ်ရာ့ငါးဆယ် တစ်ရာကျော် ခုနစ်ဆယ်ငါးကျပ်၊ ငါးဆယ်ကျပ်၊ လေးမျိုး၊ ရုံပြည့်လျှင် တစ်ပွဲကို ခြောက်သောင်းကျော်



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်သောင်းရမည်။ သို့သော် တစ်ပွဲမှ ခြောက်ထောင့်ငါးရာပဲရတဲ့နေ့တွေလဲ ရှိ။ စနေ၊ တနင်္ဂနွေလိုနေ့မျိုးမှာ တစ်ဝက်ကျော်လူဝင်။

အင်း . . . . . ကျွန်တော် မှတ်မိနေသေးသည်။ ဇော်ကြီး၏ဇနီး(မငယ်)ကို အင်တာဗျူးလုပ်ပြီးမှ ဝတ္ထုရေးခဲ့သည်ကိုး။ ကုန်ကျစရိတ်က ဇာတ်အဖွဲ့လူအင်အား ခုနစ်ဆယ်ကျော်အတွက် စားစရိတ်တစ်နေ့နှစ်ထောင်၊ သန့်ရှင်းခရီးစရိတ်၊ ပညာရှင်ညကြေး(နေ့ကြေး) အားလုံးပေါင်း တစ်နေ့လျှင်ကုန်ကျစရိတ်၊ နှစ်သောင်းခွဲနှင့် သုံးသောင်းအကြား။ အဲ့ ပွဲခွန် - ၁၅ ရာခိုင်နှုန်း (အသားတင်မှ ကောက်ယူခြင်းမဟုတ်၊ ဝင်ငွေထဲမှ ကောက်ယူခြင်း)၊ သုံးပတ်အရက်နှစ်ဆယ်ကျော် "တေမိယ"ဇာတ်ထုပ်ကြီး ကခဲ့ပြီးနောက်တွင် သုံးသိန်းခွဲနှင့် လေးသိန်းအကြား အရှုံးစာရင်းပြခဲ့၏။ မောင်သိန်းဇော် ဖြေသာစရာတစ်ခုတော့ ရခဲ့သည်။ ဝဇီရာဇာတ်ပွဲသို့ စာရေးဆရာ၊ ကဗျာဆရာ၊ စာပေပညာရှင်များ လာရောက်အားပေးကြည့်ရှုခဲ့ကြတာ။ သို့သော် တေမိယဇာတ်ကြီးနောက်သို့ လင်ရိုဟာကားတစ်စင်း ပါသွားခဲ့လေသည်။

ဒါကို ရည်ညွှန်း၍ "မင်း-ဝဇီရာရုံမှာ တေမိယကခဲ့တာကို ပြန်အောက်မေ့ကြည့်ပါလားကွာ"ဟု ကျွန်တော်ပြောခဲ့ခြင်းပင်။

မောင်သိန်းဇော် တွေသွား၏။

မိုးနဲစော်ဘွား တွေသွား၏။

၈

ပုဂ္ဂိုလ်ရေးအတွက် ထိခိုက်နာကျင်ရတာမျိုး မဟုတ်ဘဲ၊ ယေဘုယျမြင်ကွင်းကြီးအတွက် ခံစားထိခိုက်ရတဲ့ မိုးနဲစော်ဘွားရဲ့ မှ(ဒ်)"

မော်သိန်းဇော် တိုးတိမ်စွာပြောသည်။

"ရုပ်ပြီအစ်ကို . . . . . . "

၉

လေးစားအပ်သော စာဖတ်သူ။ ။ နတ်ကျုံးတောရ အိပ်မက်ကို ဆောင်းပါးအဖြစ်ရေးသင့်သည်ဟု မိတ်ဆွေဆုံးဖြတ်ပြီးလောက်ပြီ ထင်ပါသည်။ တကယ့်ဖြစ်ခဲ့တာနှင့် တကယ့်လူတွေအကြောင်း ထင်ရှားပါသည်။ ဒါပေမဲ့ ကျွန်တော်က ဝတ္ထုလို့ပဲ ခေါင်းမာမာနှင့်ရေးဖြစ်လိုက်ပါပြီ။ ဘာကြောင့်လဲဆို





တော့ စိတ်ကူးဝတ္ထုတစ်ပုဒ်ပဲ ဖြစ်စေချင်သော ဆန္ဒကြောင့်ပင်။ ဒါဟာ တတယ်တုတ်ဘူး၊ ဝတ္ထုတစ်ပုဒ်၊ စိတ်ကူးကွန့်မြူးတဲ့ ဝတ္ထုတစ်ပုဒ် အဲဒီလိုပဲ ရှုတ်ကြီးအမင် ကျွန်တော်အော်မြည်လို့ နေချင်သည်။ ထို့ကြောင့် ခေါင်းစီးကိုပင်လျှင် "နတ်ကျုံးတောရ အိပ်မက်"ဟု တပ်သည်။ အိပ်မက်ဟု သုံးလိုက်သည်။ အိပ်မက်ဆိုတာ အိပ်လို့မပျော်တပျော်မှာ ဝင်လာတဲ့ အာရုံရိပ်တွေမဟုတ်လား၊ တကယ်အဖြစ်အရှိ မဟုတ်ပါလေ။ အိပ်မက်ဆိုးများဆိုလျှင် လန့်နိုးထလာသည်နှင့် ပျောက်ပျက်သွားကြသည် မဟုတ်လား။ ထိုအခါမှ တော်ပါသေးရဲ့ ဒါအိပ်မက်မို့လို့ဟု စိတ်သက်သာရာ ရကြသည် မဟုတ်ပါလား၊

ရုပ်ရှင်ရိုက်ကွင်းတစ်ခု၊ တကယ့်ဖြစ်ရပ်၊ တကယ့်လူတွေနှင့် ဖွဲ့စည်းသော ဤစာကို မိတ်ဆွေအနေဖြင့် ဆောင်းပါး(သို့)မှတ်တမ်းဟု သတ်မှတ်နိုင်ပါသည်။

သို့သော် . . . . . ကျွန်တော့်အတွက် ဖြေသိမ့်စကားလေးတစ်ခုတော့ ပြောပေးစေချင်ပါသည်။

"ဩော် . . . အေး. . . . အေး . . . မင်းက ဝတ္ထု ဖြစ်စေချင်တာလား . . . အေးကွယ် ဝတ္ထုလို့ပဲ သဘောထားလိုက်ကြပါစို့ . . . . " ဟု၊

အဆုံးသတ်မှာ တစ်ခုတော့ ကျွန်တော်ပြောပါရစေ။

ဒါမျိုး ဝတ္ထု နောက်ထပ် ကျွန်တော်မရေးချင်ပါ။ ရေးရသောကိုယ် မဖြစ်ရလိုပါ။

မဟာမိုင်၊ ၁၉၉၃

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## တမောင်း . . . တမောင်း . . . တို့တမောင်း

၁

မြနန်းတော်ရှေ့တွင် တပ်ထားသော အရာအထောင်အသောင်း တပ်ဆောင်ကြီးဆီမှ ဟေး ဟေး ကြွေးကြော်သံများသည် တစ်ခဲနက်။

ကြက်သွေးရင့်ဝတ် တပ်များနှင့် ရေညှိစိမ်းဝတ်တပ်များသည် အကန့်ထိုင်ခံနေရာယူထားသည်။ မြင်စိုင်းမြို့တော်တစ်ခုကို အနီနှင့်အစိမ်းယက်ကွက်ခြယ်လှယ်ထားပြီး ထင်ရသည်။

ကွက်လပ်ပြင်ကျယ်ကြီး၏ လက်ယာဘက်ကွင်းစပ်တွင် ယာယီဆင်တင်းကုပ်ငါးခု ဆောက်ထားသည်။ ထိုတင်းကုပ်များတွင် ကကြိုးတန်ဆာအစုံအလင်ဖြင့် ကျွန်ုပ်၏ ဆင်ဖြူတော်ငါးစီးတို့လည်း ရှိနေကြသည်။ ဆင်အမှုထမ်းများက တင်းကုပ်ရှေ့တွင် အသင့်နေရာယူထားကြသည်။

တပ်မင်းဥဇနာ ကျွန်ုပ်ရှေ့သို့ရောက်လာ၏။ ကျွန်ုပ်က ခေါင်းဆတ်ပြလိုက်သည်နှင့် သူပြန်လှည့်ထွက်သွားကာ ဗိုလ်ရှုခံစင်ဘေး မြေပြင်တွင် နေရာယူလျက် အဲမောင်းအသွားကို အပေါ်သို့မြှောက်လိုက်သည်။ တပ်တော်ကြီးဆီမှ ဟေးဟေးအသံများတိခနဲ တညီတည်းစဲသွား၏။

တစ်ခဲနက် ကျယ်လောင်ခြင်းက ရုတ်ခြည်းရပ်သွားသောအခါ ပကတိ



www.burmeseclassic.com

www.burmeseclassic.com



သော တိတ်ဆိတ်မှုကပို၍ သိသာထင်ရှားသွားသည်။ ထိုတိတ်ဆိတ်မှုအပေါ်သို့ ထုထည်ကြီးစွာ လွှမ်းခြုံလာသည်ကား ဗိန့်ဗိန့်စည်တီးသံပင်ဖြစ်လေသည်။ စည်ကြီး၏ ဗိန့်ဗိန့်အသံနှင့် ယှဉ်၍ လင်းကွင်းကရှဲရှဲသံဖြင့် စည်းချက်ချလိုက်လာသည်။

ထို့နောက်မှ . . .

ကြီးစွာသော သစ်တောကြီးအတွင်းမှာ မြင့်စွာသော သစ်ပင်ကြီးတို့ တစ်ပြိုင်တည်း လဲပြိုကျသံနှင့်မခြား "ဖြောင်း" ခနဲ မြည်ဟီးသံကြီးတစ်ချက် ပေါ်လာ၏။ ဤအသံကား တပ်တော်ကြီးတစ်ခုလုံးရှိ မြင်းစိုင်းစစ်သည်တော်တို့ထံမှ ထွက်ပေါ်လာခြင်းပင်ဖြစ်သည်။

ကျွဲသားရေ နွားသားရေ သံ၊ လောဟာစပ်သော သတ္တုတို့နှင့် ပြုလုပ်အပ်သည့် "ကာ" ကို လက်ထဲမှ ဓားပြား လှံရိုးတို့ဖြင့် ရိုက်ချလိုက်သောအသံ။

ထို့နောက် စစ်မောင်းသံကြီးသိမ့်ခနဲပေါ်လာ၏။

"ကာ" ကဖို့ အချက်ပေးလိုက်ပြီ။

ဝင်းပနေရောင်တို့ လင်းဖြာသည့် ကွင်းပြင်ကွက်လပ်သည် ကာကမည့် စစ်သည်တော်တို့ကို ကြိုပေပြီ။ ထွားကြိုင်းသော တပ်ဗိုလ်လေးတစ်ယောက် ကွင်းလယ်သို့ထွက်လာသည်။ လက်ဝဲတွင်ကာ၊ လက်ယာတွင် ဓားစွဲလျက် ကာကိုရင်ရှေ့တွင် ဆီးကပ်၊ ဓားကိုလက်ဝဲရင်ပုံတွင် ကန့်လန့်ဖြတ်ကပ်လျက် ကျွန်ုပ်ရှိရာသို့ သူ ဦးညွှတ်သည်။ သူနှင့် ဆန့်ကျင်ဘက်နေရာတွင် စစ်သည်တော်အစုတစ်စုထွက်လာကာ နေရာယူကြပြန်သည်။ သူတို့လက်ထဲတွင် လှံလျှင်များစွဲထားကြသည်။

စည်သံ၊ လင်းကွင်းသံသည် ဖြည်းညှင်းလေးတွဲ့ရာမှ တစတစသွက်လာ၏။ စည်းချက်သည် ကြဲရာမှ စိပ်လာသည်။ ဓားပြား လှံရိုးနှင့် ကာတို့ ဖြောင်းဖြောင်းရိုက်သူကလည်း နရည်ချက်သွက်လက်လာသည်။

ကာကိုင် တပ်ဗိုလ်လေးစတင်လှုပ်ရှားပြီ။ ဝဲလက်က ကာကိုမြှောက်၊ ယာလက်က ဓားကိုဝင့်၊ ခြေအစုံက လေးကွက်သိုင်းစ နင်းသည်။ အရပ်လေးမျက်နှာသို့ ပုံဟန်တစ်မျိုးတည်းဖြင့် လှည့်သည်။ မူလမျက်နှာပြန်အရောက်တွင် မျက်နှာချင်းဆိုင် စစ်သည်အစုကလှံလျှင်များဖြင့် ထိုးစိုက်တော့မည့်ဟန် ရှေ့သို့ခြေလှမ်းလိုက်ကြသည်။ တပ်ဗိုလ်လေးက လေးကွက်သိုင်းဖြင့်ပင် နောက်ဆုတ်၍ ကာကို မြှင့်ယူသည်။ ထို့နောက် ဓားကိုဝဲယာထက်အောက် ဝင့်လျက်





ခုန်ပြန်တက်သည်။ သူက တိုးသောအခါ လှံလျှင်ကိုင်အစုက ဆုတ်သည်။ သူကဖိအတက်၊ စစ်သည်အစုက နောက်ဆုတ်ဆင်း၍ခံ။ ဗိန့်ဗိန့်ဗိန်းစည်သံ၊ ရှဲရှဲလင်းကွင်းသံ၊ ဖြောင်းဖြောင်းရိုက်သံတို့ပို၍ စိပ်လာကြပြီ။

လေးကွက်၊ ထို့နောက် ရှစ်ကွက်၊ ထို့နောက် ဆယ့်ခြောက်ကွက် သိုင်းကိုနင်းလျက်၊ ကာကပြီးနောက် ဗိုလ်လေးသည် အသွက်ဆုံး အမြန်ဆုံးအချိန်တွင် သူ၏ကာကကို အဆုံးသပ်လိုက်၏။ ထို့နောက် ကျွန်ုပ်ဘက်သို့လှည့်ကာ လက်အုပ်ချီလေသည်။ ပထမအစု၏ အလှည့်ပြီးသွားပြီ။

စစ်မောင်းသံကြီး တစ်ချက်ပေါ်လာ၏။

နောက်တစ်စုကို ဖိတ်ခေါ်လိုက်သော အချက်ပေးသံဖြစ်သည်။

သည်တစ်ခါ ကာကမည့်သူမှာ စစ်ကဲကြီးတစ်ယောက်ဖြစ်သည်။ ကာကမည့်သူနှင့် တစ်ဖက်အစုတို့ မျက်နှာချင်းဆိုင် နေရာယူလိုက်ကြ၏။ ထွားကြိုင်းခိုင်ပြီး လှသောစစ်ကဲကြီး၏ ခန္ဓာကိုယ်နှင့် လိုက်ဖက်စွာဝင်း သွင့်သွဲ့သော ဓားနှင့် သူကိုင်သော ကာတို့မှာလည်းကြီးမားလှချေသည်။

သူ၏ ကာရေးကစားကွက်နှင့် ဓားအဝင့်အပင့်၊ အတွက်အခုတ်၊ ကာအမြှောက်အချီကို ကြည့်ရင်း သူ့ကာက ပို၍ကြမ်းတမ်း သွက်လက်တော့မည်ဟု ကျွန်ုပ်နားလည်လိုက်သည်။

ကျွန်ုပ် ထင်သည့်အတိုင်းပေပင်။ စည်သံနှင့် လင်းကွင်းသံကလည်း တေတည်းက အသွက်အစိပ်ဖြစ်သည်။ တပ်တော်ကြီးဆီမှ ဓားပြား၊ လှံရိုးနှင့် ကာတို့ရိုက်သံမှာလည်း အသွက်အမြန်။

မဆိုစလောက် လွင့်တက်နေသည့် တံလျှပ်ရောင်တွင် စစ်ကဲကြီး၏ ကာကနေသောရုပ်ပုံသည် တစ္ဆေတစ်ကောင်နှယ် တရိပ်ရိပ် စဉ်ဆက်မပြတ် လှုပ်ရှားနေ၏။ သူ့လက်ထဲမှာ ဓားအစင်းပေါင်းများစွာ ကိုင်ထားသည်ဟုထင်ရသည်။ ကာအချပ်ပေါင်းများစွာ စွဲထားသည်ဟုထင်ရသည်။ ကာချီမြှောက်ပုံ၊ ဓားကွက်ဝှေ့ပုံများမှာ အကယ်ပင် မောင်းဂွတ်တာတာ ရန်သူများနှင့် ရင်ဆိုင်ထိုးနှက်နေသည့်အလား ကြမ်းတမ်းလျင်မြန်လှပေသည်။

သူ၏ ကြမ်းတမ်းလျင်မြန်သောအခါ တစ်ဖက်က သူ့ကိုတိုက်ခိုက်ဟန်ပြုရသည့် စစ်သည်အစုတို့လည်း တစ်ပါတည်းလျင်မြန် ကြမ်းတမ်းရတော့သည်။ ထိုအခါတပ်တော်ကြီးဆီမှ ဓားပြား၊ လှံရိုးရိုက်သံ ဖြောင်းဖြောင်းတို့သည်း စိပ်သည်ထက်ပို၍ စိပ်၊ သွက်သည်ထက်ပို၍သွက်။



www.burmeseclassic.com

www.burmeseclassic.com



အို့ . . မြင်စိုင်းရွှေပြည်ကြီး၏ မိုးကောင်းကင်နှင့် မြေပြင်တို့အကြားဝယ် မြင်စိုင်းစစ်သည်တော်တို့၏ စစ်သံများဖြင့်သာ အခြားမလပ် တရစပ်ထစ်ချုန်း မြည်ဟီးနေပြီထင်ရသည်။

စစ်ကဲကြီး၏ ကာရေးအက။ စစ်သည်တော်တို့၏ အထိုးအခုတ်၊ အတိုး အဆုတ်၊ တပ်တော်ကြီး၏ ဖြောင်းဖြောင်းနှရည်ချက်။

ကျွန်ုပ်၏ နှလုံးသွေးများပွက်ဆူလာသည်။ နှလုံးအိမ်မှသည် လက်ဖဝါး များဆီသို့ ထို့နောက်လက်ချောင်းများဆီသို့၊ တစ်စုံတစ်ရာသည် ဖျန်းဖျန်းစီးဝင် လာ၏။ လက်ရုံးများ ပူနွေးရှိန်းမြလာ၏။

ကျွန်ုပ်တို့၏ မြင်စိုင်းရွှေပြည် ကျွန်ုပ်တို့၏ ပင်းယရွှေပြည် ကျွန်ုပ်၏ စစ်သည်တော်များ။ အို ကျွန်ုပ်တို့၏ ခြင်းခြင်းစွေးစွေးနီသောသွေးများ။ မောင်း ရုံးလက်သန် အဖမှန်သူတို့၏ သားကောင်းများ၊ သာလျောင်း တောင်တော်ထက် မှ စေတီတော်များ၊ ရေအလျဉ်ခွေစီးဝင်လာသည့် သင်းတွဲမြောင်းကြီး ကျုံးနက် ရေလေးဘက်လေးတန် ဝိုင်းသည့် နန်းတော်မြို့ရိုး၊ စုလစ်မွန်းချွန်ပြာသာဒ် ရွှေနန်းတော် . . .

ပွက်ဆူလောင်မြိုက်သော မြင်စိုင်းသွေးတို့ကို ကျွန်ုပ်ဆည်တန့် ထိန်း သိမ်းခြင်းငှာ မစွမ်းနိုင်ပြီ။

ဗိုလ်ရှုခံ တဲနန်းတော် အပြင်သို့ထွက်ကာ၊ နေရောင်ကျ မြေကွက်လပ် ပြင်သို့ ဆင်လိုက်၏။ သူတို့၏ ဘုရင်မင်းမြတ်နှင့်အတူ ဖြိုင်ဖြိုင်လိုက်ပါကြ တော့မည့်ဟန် ပြင်နေကြသော အမှူးအမတ်၊ သေနာပတိဗိုလ်မင်းနှင့် ကိုယ် ရံတော်ရဲမက်များကို ကျွန်ုပ်လက်ကာ ဟန့်တားလိုက်သည်။ ထို့နောက် အနီး ရှိ ဗိုလ်မင်းထံမှ ကာနှင့်ဓားကိုကျွန်ုပ် လှမ်းယူလိုက်၏။

"ငါ ကာကမယ်။ ကာချင်းဆိုမယ်။ သံတော်ဆင့်ဟစ်ဆင့် တပ်တော် အလုံးသိရအောင် ကြေညာလိုက်စမ်း"

ကွင်းလယ်တွင် ကျွန်ုပ်ခြေစုံရပ်လိုက်ချိန်၌ သံတော်ဆင့်၏ အသံဝါကြီး ထွက်ပေါ်လာသည်။

"ပင်ယ ရွှေနန်းသခင် မြင်စိုင်းငါးစီးရှင်ကျော်စွာ မင်းတရားကိုယ်တော် တိုင် ကာချင်းဆို၍ ကာချင်းကစား ကာကမည်ဖြစ်ကြောင်း တပ်တော်သိစေ လိုက်သည်။"

ဟေးခနဲ အော်သံသည် နားပွင့်မတတ်ပင် . . . . ။





၂

မျိုးနွယ်စဉ်ဆက် ဘဘိုးဘေး လက်ထက်ကတည်းက ယောကျ်ားကောင်းများဖြစ်ခဲ့ကြလေသော ကျွန်ုပ်၏ မြင်စိုင်းသားများကို ဦးစွာ ဦးညွှတ်ရပေမည်။ သူတို့၏ မောင်းရုံးထဲမှ မြင်စိုင်းခွန်အားများသည် အဘတို့၏ သားကောင်းသားမြတ်များ အဖြစ်ကို ပြဆိုနေကြကြောင်း စတင်ဖော်ကျူးဟစ်ကြွေးရမည်။

"တမောင်း၊ တမောင်း၊ တို့တမောင်းသည်၊ တမောင်း ဘကောင်း သားလော"

ကျွန်ုပ်၏ "အတိုင်သံ" အဆုံးတွင် တပ်တော်ကြီးတစ်ခုလုံး ဗေသွားလှဲ့သွားများ အထက်သို့ဖြိုင်ဖြိုင်မြောက်ချီလျှက် တစ်ခဲနက်သော အသံကြီးတ "အဖောက်သံ" အဖြစ် ဟိန်းထွက်လာ၏။

"ဘကောင်း ဘကောင်း"

"အနီးမြင်မှတ်၊ စေတီထွတ်သည်၊ တောင်မြတ်သာလျောင်းလေ"

"သာလျောင်း၊ သာလျောင်း"

"သင်းတွဲမြောင်းကြီး၊ အလျဉ်စီးသည်၊ ဖြင်ညီးမြစ်လောင်းလော"

"မြစ်လောင်း၊ မြစ်လောင်း"

"ဥတည်ရဲဝန်း၊ ပြသွန်းသွန်းသည်၊ ထက်ဝန်းတန်ဆောင်းလော"

"တန်ဆောင်း၊ တန်ဆောင်း"

"ပေါင်းကွပ်စေ့ပျဉ်၊ နန်းရင်ပြင်ကား၊ ဆင်လှျှင်နင်းကောင်းလေ"

"နင်းကောင်း၊ နင်းကောင်း"

"အမွှမ်းစွင့်စွင့် ကန္နားမြင့်သည် ကြံ့လင့်သာလျောင်းလေ"

"သာလျောင်း၊ သာလျောင်း"

နေရောင်ခြည်တန်းများက ကျွန်ုပ်၏ ကိုယ်ပေါ်သို့ အနှံ့အပြားထိုးနှုတ်ဖြာပေပြီ။ ကိုယ်ကြပ်နှင့်မောက်ဂူ၊ ခါးစည်းနှင့် တာလီကွေးတို့တွင် ချွေးတွေစိုနေကြပြီ။ သို့တစေ မောပန်းမှုက စိုးစဉ်းမျှ သိမလာခဲ့။

ကာကိုမြောက်၊ ဓားကိုပင့်၊ ကာကိုဝှေ့ ဓားကိုရမ်း၊ ကာကိုလွှင့်၊ဓားကိုချိုး

လျှပ်စီးခြိမ့်လည်း ကောင်းကင်ညိုမည်း မိုးကြီးမစဲ၊ မိုးကြီးပစ်ခွဲအောက်တွင် မြင်စိုင်းစစ်သည်များ ရန်သူကိုကြံ့ကြံ့ခံတွန်းလှန်နေသည့် စစ်ပွဲမြင်ကွင်း ပာ ကျွန်ုပ်၏ အာရုံရိပ်တွင် ထင်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်အား အဆမတန်ကြီးမားလှသော ရန်သူ့ဘက်မှ လွှတ်လိုက်သည့် မြားတံများက မိုးသီးမိုးပေါက်များနှင့်မခြား။ သို့သော် စစ်ပွဲအပြီး စစ်မြေပြင်တွင် အတုံးအရုံး ကျန်ရစ်သည်ကား ရန်သူ့အလောင်းများသာဖြစ်၏။ ထိုစစ်မြေပြင်၏ ထက်ကောင်းကင်တွင် ရန်သူ့အလောင်းကို စားမည့်လင်းတတို့သည်လည်း မိုးပြင်ပြည့်မျှ။

"ရဝေဆီးသည်၊ လယ်တီးလေးတံခါး၊ ရန်သူလာသည်၊ ရိုက်ရိုင်လော"

"ရိုင်ရိုင်"

"မြားမိုးရွာသည်၊ ဖြိုင်ဖြိုင်လော"

"ဖြိုင်ဖြိုင်"

"လင်းပြင်ပြည့်မျှ၊ ငှက်လင်းတ၊ လတိုင်းလော"

"လတိုင်း၊ လတိုင်း"

"မြင်းသည်သိန်းသန်းများစွာလွန်းသည်၊ ထက်ဝန်းရံ"

"မနိုင် မနိုင်"

"လျှပ်စစ်တိမ်ပြင်၊ မှိုင်းမင်းလွင်သည်လည်း"

"မင်းလွင်သည်လည်း"

"တိမ်လည်း မည်းမည်း"

"မည်းသည်လည်း မည်းသည်လည်း"

"တိမ်မည်းတက်ရွာ၊ မိုးကြီးပါ၍၊ ရွာသည်မိုးကား၊ ရိုက်ကြိုးကြည်းသည်လည်း"

"ကြည်းသည်လည်း"

"ရွာသည်အသည်း၊ ရေချည်းဖြစ်သည်လည်း"

"ကန်သင်းစွေ မမြင်သည်လည်း"

တပ်တော်ကြီး တစ်ခုလုံးဆီမှ တညီတည်းသော "အဖောက်သံ" သည် ကျွန်ုပ်၏ မြင်စိုင်းသွေးကို ပို၍ပူနွေးပွက်ဆူစေလေပြီ။ အို ကျွန်ုပ်သည် ငါးစီးရှင်ကျော်စွာမဟုတ်တော့။ စစ်ဒေဝတာသည် ကျွန်ုပ်ကိုယ်တွင်းသို့ ဝင်ရောက်ပူးကပ်ပြီ။ သူကိုယ်တိုင်ပင်လျှင် ကျွန်ုပ်နှလုံးတွင်း၌ ဝင်ရောက်သီဆိုကခုန်နေပြီ။

တာဝတိံသာနှင့် တူစွာသော ပန်းပွင့်သီးနှံ သစ်ဝလံနှင့် ကျေးငှက်သားကောင်မျိုးစုံတို့ ပေါကြွယ်သော စေတီအဆူဆူတို့ဖြင့် တင့်တယ်သပ္ပာယ်သော





[illegible]ရှင်၊ စစ်သည်တော်၊ တိုင်းသားပြည်သူများ၊ ကောင်းကင်ယံသို့တက်ချွန်းမြေပြင်ပေါ်မှ မြင်စိုင်းရွှေပြည်။ ကျွန်ုပ်၏နှုတ်မှ အလိုလိုရှုန်းတြွ ဖွင့်ထွက်သွား၏။

"တာဝတိံသာ နတ်ရွာလော၊ နတ်ရွာလော"

"ဟုတ်တည်း ရှင်ချင်း ရှင်ချင်း"

"ဟုတ်တည်း ဆွေရင်း ဆွေရင်း"

"ဟုတ်တည်း သည်းရင်း သည်းရင်း"

ကျွန်ုပ်၏ ကာချင်း "အခေါ်သံ"ကို ကောင်းစွာနားလည်ကြသော တပ်တော်ကြီးသည်လည်း မြေပြင်သိမ့်တုန်၊ မိုးခြိမ့်ကုန်မျှ၊ သံပြိုင်ညီညာအောင်တစ်ချက် "အဖောက်သံ"ပြန်ပေးကြချေသည်။

"မြင်စိုင်းဟူသည် ရွှေပြည် ရွှေပြည်"

"မြင်စိုင်းရွှေမြေ ပန်းသင်းခွေ၊ ပင်ခြေချုံထက်နွယ်"

"ချုံထက်နွယ်"

"တောင်လေ ရှုန်းရှုန်း၊ မိုးခတ်အုန်း၊ ကင်ပုန်းပွင့်ချီချယ်"

"ပွင့်ချီချယ်"

" . . . . . . . . . "

ကာချင်းသီဆိုမှု ပြီးသောအခါ စည်သံနှင့်လင်းကွင်းသံကို နရည်လေးချက်အတိ၊ လွှတ်ထားပြီးမှ ကာနှင့်ဓားကိုစွဲလျက် ကျွန်ုပ် "စစ်သည်တော်အက" ကခုန်လျက်သည်။ တပ်တော်ကြီးဆီမှ နရည်အချက်အလိုက်၊ ကာနှင့်ဓားရိုး၊ လှံရိုးရိုက်သံက တဖြောင်းဖြောင်း နှောင်ထုံးတွင်ကား ကျွန်ုပ်တို့အားလုံး သံပြိုင်ဟစ်ကြွေးလိုက်ကြ၏။

"အထူးလော တက်တိမ်လော နေရောင်လော"

မိုးကောင်းကင်ကြီး ပွင့်ထွက်သွားပြီလားဟေ့။

၃

ပိုလ်ရှုံခံတဲနန်းသို့ ပြန်အဝင်တွင် "ခေင်ညို"က အသင့်စောင့်လျက် အွေးများ၍စွဲနစ်နေသော ကျွန်ုပ်၏ ဝတ်ရုံကိုယ်ကြပ်ကို လဲလှယ်ပေးရန် ပြင်ဆင်သည်။

"စစ်ဒေဝတာ ကိုယ်တိုင်ပူးကပ်စီးဝင်ပြီး သီဆိုကခုန်သွားတာထင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ် အရှင်"

"အေး ဟုတ်မယ် ငခင်ညို"

"ဘုရင်မင်းမြတ်မှာ မောပန်းနွမ်းနယ်ဟန် လုံးဝမရှိပါဘူး"

"ဆိုတာ ကတာက ငါမှမဟုတ်တော့ပဲကိုးကွယ့်"

မှူးမတ်ဗိုလ်ပါများ အားလုံးလွတ်လပ်စွာ ပြုံးရယ်ကြ၏။

"ဒါပေမဲ့ ချွေးတွေကတော့ ရွှဲနစ်နေတယ်။ ကိုယ်တော့်ကိုယ်က ထွက်တဲ့ ချွေးတွေမို့ ဝတ်လဲတော်အသစ်ယူပါ အရှင်"

စကားတတ်လှသော ငခင်ညိုကို ပြုံးကြည့်ရင်း ကျွန်ုပ်ပြောလိုက်သည်။

"မြင်စိုင်းတစ်ပြည်လုံး၊ မင်းတို့အားလုံးရဲ့ ချွေးတွေပါကွယ်"

နံ့သာဖြန်းသော မွေးနုပဝါဖြင့် ကျွန်ုပ်ကိုယ်လုံးအနှံ့ သုတ်သင်ပေးသည်ကို ခံယူရင်း ငခင်ညိုနှင့်ပတ်သက်သည့် မဝေးလှသေးသော အတိတ်ဖြစ်ရပ်တစ်ခုကို ကျွန်ုပ်တွေးလိုက်မိလေသည်။

ကျွန်ုပ် မြင်စိုင်းထီးနန်းကို မရမီ ပင်လယ်မြို့စားမင်းသားဘဝကတည်းက ငခင်ညိုသည် ကျွန်ုပ်၏ လူယုံလက်ရုံးဖြစ်၏။ ထီးရေးနန်းရေးမှအပ ဘာမျှ မသိနားမလည်နိုင်ခဲ့သော ကျွန်ုပ်သည် ထိုစဉ်က စစ်ကိုင်းစားညီတော် အသင်္ခယာစောယွမ်းအား နန်းမွေပြိုင်ဘက်အဖြစ် သတ်မှတ်ခဲ့သည်။ သူသည် ကျွန်ုပ် ထီးနန်းအတွက် အဟန့်အတား။ ထို့ကြောင့် သူ့ကိုလုပ်ကြံရန် ငခင်ညိုအား ကျွန်ုပ်စေလွှတ်ခဲ့၏။ ငခင်ညို စစ်ကိုင်းသို့ထွက်သွားသည်။ သူပြန်လာသည်။

"စစ်ကိုင်းစားကို ရှင်းခဲ့ပြီလားဟေ့"ဟုကျွန်ုပ်ကမေးသောအခါ ငခင်ညိုသည် ဝံ့ဝံ့စားစားမော်ကြည့်လျက် လျှောက်တင်လေသည်။

"ကျွန်တော်မျိုး မလုပ်ကြံခဲ့ပါ"

ဟုန်းခနဲ ထတောက်သောဒေါသဖြင့် ငခင်ညိုကိုခုတ်သတ်ရန် ကျွန်ုပ်ဓားဆွဲထလိုက်၏။ သို့သော် သူက တုန်လှုပ်ဟန်မပြဘဲ လျှောက်သည်။

"အသင်္ခယာစောယွမ်းရဲ့ စက်ရာဆောင်ထဲအထိ ကျွန်တော်မျိုး ရောက်ခဲ့ပါတယ် အရှင်။ ဒီအချိန်မှာ ကျွန်တော်မျိုးဟာ အစာရေစာငတ်မွတ်ပြီး ယိမ်းယိုင်လဲပြိုမတတ် ဖြစ်နေပါပြီ။ သူ့လည်ပေါ် ဓားဝဲသည်အထိ ကျွန်တော်မျိုး ရွယ်ခဲ့ပြီးမှ စက်ရာဆောင်ထဲက ဘုရားစင်မှာ သူတင်ထားတဲ့ ဆွမ်းတော်ကျန်ကို ကျွန်တော်မျိုး ငတ်လွန်းလို့ စားခဲ့ပါတယ်။ ဒီအချိန်မှာ သူဟာ ကျွန်တော်မျိုးရဲ့





ထမင်းတစ်နပ် ကျေးဇူးရှင်ဖြစ်သွားပါပြီ။ ထမင်းရှင်ကို ကျွန်တော်မျိုး မသတ်နိုင်ပါ။ သို့သော် စက်ရာဆောင်ထဲအထိ ရောက်ခဲ့ကြောင်း သက်သေပြဖို့ အသင်္ခယာစောယွမ်းရဲ့ ပတ္တမြားကျောက်စီဓားကို ကျွန်တော်မျိုး ယူလာခဲ့ပါတယ်။ ဟောဒီမှာပါ အရှင်"

ဩော် . . . . တစ်လုတ်တစ်နပ် ထမင်းအတွက်ပင်၊ ကျေးဇူးသိတတ်လေသော ငခင်ညိုသည် ထမင်းအနပ်ပေါင်းများစွာကို ကျွေးသော ကျွန်ုပ်၏ ကျေးဇူးတရားကို အသက်နှင့်လဲ၍ ဦးထိပ်ရွက်မည်မုချ။

ငခင်ညိုကို ကျွန်ုပ်ခွင့်လွှတ်ကာ အဆောင်အယောင်ချီးမြှင့်၏၊

အတိတ်ဖြစ်ရပ်မှ လွန့်လူးနိုးထကာ ပစ္စုပ္ပန်သို့ ပြန်ရောက်လာ၏။ ကျွန်ုပ်ဝတ်လဲတော်အသစ်ကို လဲလှယ်ဆင်မြန်းပြီးလေပြီ။

"ကျွန်တော်မျိုး တစ်ခုတင်ပါစေ အရှင်"

"ဆို ငခင်ညို"

"ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ရုတ်ခြည်းဖွဲ့စပ်သီဆို ကခုန်လိုက်တဲ့ သာချင်းနဲ့ ကာကကို နားဆင်ခံစားရပြီးနောက်မှာ ကျွန်တော်မျိုးရင်ထဲ အသိတစ်ခု ဝင်လာပါတယ်"

"အင်း တင်စမ်း"

"ဓားကိုစွဲ၊ ကာကိုကိုင်ပြီး လက်ရုံးစွမ်းနဲ့ ရန်သူကို ခုခံတိုက်ခိုက်ခြင်းဟာ ယောကျ်ားကောင်းတို့ရဲ့ သူရဲကောင်းအရည်အသွေးဖြစ်ကြောင်း အထူးပြောဖွယ်မရှိပါ"

"အင်း"

"သို့သော် ဓားနဲ့ကာကို စွဲကိုင်တတ်တဲ့ လက်ရုံးစွမ်းတစ်ခုတည်းနဲ့ မလုံလောက်ပါအရှင်"

"ဆက်တင်စမ်း ငခင်ညို"

"အဝိဇ္ဇာကို ခုခံကာကွယ်ပြီး ဝိဇ္ဇာအလင်းကို ထွန်းညှိမည့်အသိဉာဏ်သော အရည်အသွေးလည်း မုချလိုအပ်လှပါတယ်။ နှလုံးအိမ်ထဲမှာ ရိုးဖြောင့်ခြင်း၊ တရားမှန်ခြင်း၊ တည်ကြည်ခြင်း အစရှိတဲ့ နူးညံ့သိမ်မွေ့နက်နဲလှတဲ့ "ကာ" တစ်ချို့ကိန်းအောင်း စွဲကိုင်ထားမှသာ ယောကျ်ားကောင်းစင်စစ် ပီသမှာဖြစ်ပါတယ် အရှင်"

"င - ခင် - ညို"



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာရှင်းသန့်စွာ ကြည်လင်တောက်ပနေသော ခေင်ညို၏မျက်လုံးများကို စေ့စေ့ကြည့်ရင်း ကျွန်ုပ် ရေရွတ်ကျူးရင့်မိလိုက်တော့သည်။

"ငါးစီးရှင်ကျော်စွာရဲ့ ကာချင်းနဲ့ကာက၊ မြင်စိုင်းရွှေပြည်ရဲ့ ဂုဏ်ရောင်လင်းတဲ့ ရာဇဝံသဟာ နောင်နှစ်ပေါင်း အရာအထောင်ကြာမြင့်တဲ့ အနာဂတ်မှာ ဆက်လက်တည်ချင်လည်း တည်မယ်။ ကွယ်ချင်းလည်း ကွယ်မယ်။ ဒါပေမဲ့ မင်းအခုဆိုလိုက်တဲ့ စကားကတော့ လူတွေရဲ့ နှလုံးအိမ်အတွင်းမှာ ဘယ်တော့မှ မငြိမ်းသေးတဲ့ မီးတောင်လို အနန္တချဉ်းပြီး ထာဝရထွန်းလင်းတောက်ပသွားမှာ မုချပဲလို့ ငါ ဥဒါန်းကျူးလိုက်ပါရဲ့ ခေင်ညို"

*အကောက်ခွန်၊ ၂၀၀၃*

❖ ❖ ❖

## ဘုဖေးစားသူများ

၁

"A Man is what he eats"

ဤသို့ ရေရွတ်ပြီးနောက် ကျွန်တော့်မိတ်ဆွေသည် လူ့အဖွဲ့အစည်းတစ်ရပ်၏ ယဉ်ကျေးမှု၊ တိုးတက်မှု၊ ရောနှောပေါင်းစည်းမှု၊ ဗဟုယဉ်တွေးမှု လက္ခဏာရပ်များအကြောင်းကို တသီကြီးဆက်ပြောလေသည်။ သူ့စကားလုံးများက ကြီးကျယ်ခမ်းနား၍ အဓိပ္ပာယ်တွေကလည်း နက်ရှိုင်းလှသည်ဖြစ်သဖြင့် ကျွန်တော်အကုန်အစင် နားမလည်ပါ။ နားလည်သလောက်ကိုလည်း ပြန်ပြောပြတတ်ပါ။

"လူတစ်ယောက် စားပုံသောက်ပုံကိုကြည့်ပြီး အဲဒီလူက ဘယ်လိုလူလဲဆိုတာကို ပြောလို့ရသတဲ့ဗျ။ တစ်နည်းအားဖြင့် စားပုံသောက်ပုံကနေပြီး လူတစ်ယောက်ရဲ့ ယဉ်ကျေးမှုနဲ့ အသိဉာဏ်အဆင့်ကို ဖော်ပြတယ်။ အဲ . . . . စိတ်နေသဘာဝကိုလည်း ဖော်ပြတယ် . . . . "ဟု အစချီပြီးသကာလ . . . . သမိုင်းဦးခေတ်မှသည် တစ်ဆင့်တစ်ဆင့် တိုးတက်ပြောင်းလဲလာသော လူသားတို့၏ စားသောက်မှုဘဝကို သူသာကေတွေထုတ်ကာ ထုတ်ကာ ပြောပြသည်။

အစိမ်းစားဘဝမှသည် မီးကင်စားဘဝ၊ ယင်းမှသည် ချက်ပြုတ်ကျော်

www.burmeseclassic.com



လော့်စားသောဘာဝ၊ အဲဒီနောက် ကိုရိယာတန်ဆာပလာများ ကိုင်တွယ်အသုံးပြု၍ စားသောဘာဝ၊ ပြီးတော့ ချက်ပြုတ်၊ ကြော်လှော်၊ ဖုတ်ကင်၊ အမျိုးစုံဖြစ်ထွန်းများပြားလာသော အစားဆိုင်ရာနည်းလမ်းများ၊ မီးဖိုချောင်ပစ္စည်းများ ထမင်းသွေးလောင်စာမှသည် ရေနံဆီ၊ ဓာတ်ငွေ့ . . . . . အီလက်ထရောနစ် ပစ္စည်းများ . . . . . ။

"နရသီဟပတေ့မင်း . . . . ဟင်း ခွက်သုံးရာနဲ့ ပွဲတော်တည်တယ်ဆိုတာ ပုဂံခေတ်ရဲ့ ယဉ်ကျေးမှုတိုးတက်မှုပြယုဂ်တစ်ခုဗျ။ အဲ . . . . . ဘုရင်ရဲ့စည်းစိမ်ခံစားမှု ရသတဏှာကိုလည်း ဖော်ပြတယ်ပေါ့လေ။ စားကောင်းသောက်ဖွယ် အမယ်များများ စုံစုံလင်လင်ကြိုက်တယ်ဆိုတာ စဉ်းစားဉာဏ်နည်းပါးခြင်းရဲ့ လက္ခဏာတစ်ခုလည်း ဖြစ်တယ် . . . . . ဗျ"

ကျွန်တော် ခေါင်းကိုညိတ်လည်းမညိတ်၊ ခါလည်းမခါ နားထောင်နေမိတယ်။

"နည်းနည်းနဲ့ ကောင်းကောင်းစားသူတွေဟာ အကြံကြီးတတ်ကြတယ်။ အချိန်ကိုတန်ဖိုးရှိစွာ အသုံးချတတ်တယ်။ တစ်ခုခုကို စွဲစွဲမြဲမြဲမမုန်းနိုင်အောင်စားတတ်သူတွေကျတော့ ကွန်ဆာဗေးတစ်ဆန်တယ်လို့ ပြောနိုင်တယ်"

ငါးပိကောင်၊ ငါးပိရည်၊ ငံပြာရည်ချက်ကို ရာစုနဲ့ချီပြီး ကြိုက်တတ်စားတတ်တဲ့ မြန်မာလူမျိုးတွေအားလုံး၊ ကွန်ဆာဗေးတစ်ဖြစ်ကုန်ပြီလားဗျာဟုမေးချင်သော်လည်း မျိုသိပ်လိုက်၏။

"စားစရာ . . . ဟင်းလျာအမယ်တွေကို အမျိုးအစားပေါင်းများစွာ စီမံဖန်တီးပြီးတော့ ဒါကိုပဲ ဂုဏ်ယူဖွယ်လုပ်တတ်သူမျိုးကတော့ ကိန်းကြီးခန်းကြီးနိုင်ပြီး ဇာတိပုညဂုဏ်မာန အင်မတန်လွန်ကဲတယ်လို့ အဓိပ္ပာယ်ထွက်တယ်"

အစားအသောက်နှင့် လူ့သဘာဝဆက်နွယ်မှု သဘောတရားတွေကို သူဘယ်တုန်းက သူဘယ်နေရာက ဘယ်လိုလေ့လာခဲ့ပါလိမ့်ဟု စဉ်းစားရင်းနားစွင့်နေမိပြန်သည်။

"တိရစ္ဆာန်တွေ စားပုံကြည့်ဗျာ။ စားစရာကိုစားတဲ့ အင်္ဂါအစိတ်အပိုင်း။ ဥပမာ နှုတ်သီးနဲ့ တိုက်ရိုက်စားတယ်။ ချင်ပန်ဇီတွေကျတော့ လက်နဲ့ခွာစား၊ နွှာစားလုပ်တတ်လာတယ်။ ဟော . . . လူကျတော့ ဇွန်း၊ ခက်ရင်း၊ ဓား၊ တူတွေနဲ့စားလာကြပြီ။ အဲ . . . အာကာသယာဉ်ထဲက ယာဉ်မှူးတွေကျတော့ ကျူ(ဘ်)ကို ညှစ်စားကြရတယ်။ မတူခြားနားမှုတွေလေ၊ အဆင့်တွေလေ . . ."

ပဲဟင်းနှင့် ချာပါတီကို လက်ချောင်းများဖြင့် ယူစားသော မဟတ္တမဂန္ဒီ





ကိုရော ဘယ်လိုသဘောထားမလဲ . . . ဟု မေးလိုက်တော့မည်အပြု . . .

"ချက်ပြုတ်စီရင်စားသောက်ခြင်းဟာ လူတစ်ယောက်၊ လူမျိုးတစ်မျိုးရဲ့ယဉ်ကျေးမှု စတေးတပ်စ်ကို တစ်နည်းတစ်ဖုံပြနေတယ်ဗျ. . . ။ လာဗျာ. . . ချပ်လက်တွေ့ပြမယ် . . . ဘူဖေးသွားစားရအောင်" ရုတ်တရက်ကြီး သူ့ဘောနပ်အောင်ငကာ စီစဉ်သည်။ ကျွန်တော်ငေးကြောင်နေဆဲ။

"ဟုတ်. . . ဟုတ်ကဲ့ . . . . ကြိုက်တယ်လို့တော့ . . . ."

"လှာစမ်းပါဗျာ . . . ကားပေါ်တက်"

၂

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေလည်းရှိသည်။ ဘူဖေးပြင်ထားသည့် ခုံတန်းရှည်နေရာတိုင်းမှာ စားသုံးသူတွေ အပြည့်ရှိ၏။ ကျွန်တော်တို့နှစ်ယောက်ပင်လျှင် ပန်းကန်ပြားယူဖို့ တန်းစီလိုက်တော့ ရှေ့နောက်နိုင်ငံခြားသားများ အကြားနေရာရသည်။ အိုး . . . ၊ ဆောရီး . . . ၊ အိတ်စ်ကယုဇ်မီ . . . ၊ မေ . . . ၊ အိုင် . . . ၊ ဟဲလို . . . ၊ ဟိုင်း . . . ၊ အိုး . . . ၊ အိုင်လပ်ဖ်အောက်တ် . . . ၊ ဝှပ်အစ်သစ်စတပ်ဖ် . . . . ၊ ဇွန်းသံ၊ ပန်းကန်သံ၊ ခွက်သံ၊ ရေမွှေးနံ့၊ ချွေးနံ့၊ ချွေးနံ့။

"ဘူဖေးဆိုတာရဲ့ အဓိပ္ပာယ်အရင်းအမြစ်က ခုံရှည်စားပွဲရှည်ပဲဗျ။ ဘာရစ်တိန်မှာတော့ ဘူတာရုံ၊ ရထားတွဲပေါ်မှာ နံရံတစ်ခုခုနဲ့ကပ်ထားတဲ့ စားပွဲရှည်။ အဲဒီဟာပေါ်က စားစရာသောက်စရာတွေကို ယူစားကြရတာ။ အမှန်က ဘူဖေးဆိုတာ စားပွဲနဲ့ ကုလားထိုင်နဲ့ အကျအနေအထိုင်စားတာကို မဟုတ်ဘူး။ သွားရင်းလာရင်းနဲ့ မတ်တတ် ငုတ်တုတ်စားကြတာ"

သူ့စကားထဲမှ မတ်တတ်ငုတ်တုတ်ဆိုသောအသုံးကို သတိထားမိ၏။

"ဘူဖေးစနစ်ဆိုတာ အဆင်သင့် ချက်ပြုတ်စီမံပေးထားတာတွေကို ကိုယ်တိုင်ကြိုက်၍ ထည့်ယူစားစနစ် . . . လို့အခုတော့လူတွေက အသိအမှတ်ပြုကြတယ်။ တကယ့်အရင်းအမြစ်ကြည့်ရင်တော့ . . . . . ဟင်း . . . . . တင်း . . . . . အချိန်ကို ချွေတာခြင်းပဲ"

"ဗျာ. . . ဘယ်လို"

"ဟဲ. . . ဟဲ သွားသုတ်သုတ်၊ စားသုတ်သုတ်လေ။ အချိန်သည်ငွေကြေးဖြစ်၏ဆိုတဲ့ ဒီနေ့ခေတ်ကြီးထဲမှာ အသင့်တော်ဆုံး စားသောက်နည်းပုံစံပေါ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ပြားထဲသို့ စိတ်ကူးရသမျှအစားအစာတွေ ပုံထည့်ရင်း သူ့နောက်မှလိုက်ခဲ့သည်။ အစားအစာအမျိုးအမည်တွေ ဖော်ပြထားသည့် ကဒ်ပြားလေးတွေကိုပင် အသေးအချာမကြည့်နိုင်တော့။

သူက ကျွန်တော့် ပန်းကန်ကိုတစ်ချက်ငုံ့ကြည့်ကာ . . .

"ဟော့လူ . . . ဟော့လူ . . . တွေ့ကရာတွေ ကောက်မထည့်နဲ့လေ။ ကိုယ်ကြိုက်နိုင်သလား၊ ကိုယ်စားတတ်သလား . . . ဆိုတာကို စုံစမ်းဦး . . .၊ ဒါဟာလည်း လူ့အရည်အသွေးကိုပြတာပဲ" ဟု လေသံဖြင့်ပြော၏။

"ဗျာ . . . လူ့အရည်အသွေး"

"ရွေးချယ်စရာတွေများပြားလှတဲ့ တစ်ပုံတစ်ခေါင်းကြီးထဲကနေပြီး မိမိနဲ့ ကိုက်ညီသင့်တော်မယ့်အရာကို ရွေးချယ်ကောက်နှုတ်ယူတတ်ခြင်းလေ။ ဒါဟာ ဗဟုဝါဒနဲ့ မိမိတို့ရဲ့အကြားက စိန်ခေါ်မှု၊ အဲဒီစိန်ခေါ်မှုကို မှန်မှန်ကန်ကန်လက်ခံရင်ဆိုင်မှု . . ."

ပန်းကန်ပြားက ကျွန်တော့်လက်ထဲမှာ ပိုမိုလေးလံလာသည်ဟု ထင်၏။ စားစရာတွေ အမို့အမောက်ထည့်စားသောကြောင့်မဟုတ်။ သူ့စကားလုံးတွေကြောင့်ဖြစ်၏။

တန်းစီရင်း တရွေ့ရွေ့လျှောရင်း ခပ်ထည့်အလှည့်စောင့်ရင်း စားပွဲရှည်စွန်းနားရောက်လာသည်။

"နောက်တစ်ခုရှိသေးတယ်"

ပန်းကန်ပြားကို အားစိုက်ပင့်မထားလိုက်ရ၏။

"ဘူဖေးဟာ . . . အရည်အသွေးသာမက အရေအတွက် ပမာဏကိုလည်းပြဆိုတယ်"

"အရေအတွက်ပမာဏ"

"ကိုယ်စားနိုင်သလောက်တန်ရုံသင့်ရုံချင့်ချိန်ပြီး ကိုယ့်ပန်းကန်ထဲ ထည့်ရတယ်လေ။ လောဘတကြီးနဲ့ ဟိုဟာလည်းကောက်ထည့်၊ ဒီဟာလည်းကောက်ထည့်၊ ပြီးတော့မှ မကုန်နိုင်မခမ်းနိုင်ဖြစ်၊ ကိုယ်ကစားသောက်ပြီးထသွားရော ကိုယ့်ပန်းကန်ထဲမှာ အပုံလိုက်ကြီးကျန်ရစ်ခဲ့ရော။ ဒါဟာ . . . စီဗီလိုက်ဇ် မဖြစ်ခြင်းကို ပြတာပဲ"

"စီဗီလိုက်ဇ်"

"မိမိစားသုံးနိုင်တဲ့ ပမာဏကိုချင့်ချိန်တိုင်းဆနိုင်ခြင်းမရှိ၊ ချင့်ချိန်နှိုင်းဆ





ခြင်းမပြုဘဲ တွေ့သမျှကောက်ထည့်၊ ရသမျှကိုယူဆောင်၊ ပြီးတော့ . . . ကျန် ...ည်းမကုန်နိုင် . . .၊ ဘေးအမြင်မှာ . . . ဒါဟာသိပ်ရှက်စရာကောင်းတယ်။ ...တ်တိကယ်မဲ့တယ်။ စီဗီလိုက်ဇ် မဖြစ်ဘူး"

"လောဘပေါ့နော်။ ပုံးပေါလအော အကျင့်ပေါ့နော်"

"ကိုယ်လိုအပ်တာထက် ပိုယူတဲ့စိတ်ဓာတ်။ ဒီစိတ်ဓာတ်နဲ့ အပြုအမူ ...ကြောင့် အထင်အမြင်သေးတာလည်း ခံရတယ်။ ပိုလျှံကြွင်းကျန်ပစ္စည်းတွေ ...တာလည်း အလဟဿ . . . အဟောသိကံဖြစ်ရတယ်။ နိုင်ငံကြီးသားမပီသ ...ား၊ ကဲလာ . . . ဟောဟိုထောင့်စားပွဲလေးလွတ်နေတယ်။ သွားထိုင်ကြစို့၊ ခင်ဗျားပန်းကန်ပြည့်စုံပြီလား"

သူ့စကား နားစိုက်ထောင်မိလိုက်သဖြင့် မိမိပန်းကန်ထဲမှာ နည်းနည်း ...မောက်မောက်ဖြစ်ချင်နေတာကို သတိထားမိပြီး . . . စီဗီလိုက်ဇ်မဖြစ်တော့ ...ဘူးဟု ရှက်စနိုးခံစားမိနေ၏။ ကုန်အောင်စားပစ်ရတော့မှာပလေ၊

၃

ထောင့်ကျကျစားပွဲလေးမှနေ၍ ကျန်စားပွဲများကို မြင်နိုင်သည်။ မိတ်...ဆွေက ငွေခက်ရင်းကို သပ်ရပ်ခမ်းနားစွာကိုင်လျက် ခေါက်ဆွဲဖတ်များထဲ ထိုး...တ်ကာလှည့်ယူသည်။ ခေါက်ဆွဲဖတ်များ အမျှင်မျှင်ကျမနေတော့ဘဲ၊ သူ့ခက်...င်းဖျား၌ လှပစွာ ရစ်ပတ်လိပ်နှောင်သွားကြ၏။

"ခင်ဗျားကို လက်တွေ့ပြမယ်။ ဘူဖေးကတစ်ဆင့် လူ့ယဉ်ကျေးမှုကို ...က်တွေ့မျက်မြင်လေ့လာကြမယ်။ ခင်ဗျားစိတ်ဝင်စားမှာပါ။ ဟောဟိုစားပွဲကို ကြည့်လိုက်စမ်းဟော့ . . . . ဟော့လူ . . . . စူးခနဲစိုက်မကြည့်ရဘူးလေ။ မသိ...သာ အကဲခတ်ကြည့်ရတယ်"

သူ့မျက်လုံးများဖြင့် ညွှန်ပြသည့်စားပွဲကို လှမ်းကြည့်လိုက်၏။ ဟာဝေယံ...ဖြင့် အသားဖြူဖြူ၊ ဂင်တိုတို၊ ခပ်ဖိုင့်ဖိုင့် အမျိုးသားတစ်ဦး။

"တွေ့လား . . . . သူ့ပန်းကန်ထဲမှာ အမယ်တွေကလည်း စုံမှစုံ၊ ထည့်...ထားတာလည်း အများကြီး။ ပြီးတော့ . . . . ကြည့်ကြည့် သူစားနေပုံ။ တစ်မျိုး...းမှ တစ်မျိုးမဟုတ်ဘူး။ တစ်လုတ်ကိုတစ်မျိုး၊ သူ့ပါးစပ်ထဲ အကုန်သွင်းထည့်...နေတာ . . . . တွေ့လား။ ဝါးနေလိုက်တာလည်း မနားတမ်း ပလုတ်ပလောင်း...သော . . . . ဘီယာကောက်မော့လိုက်ပြန်ပြီး . . . ."



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေပြောလည်း ပြောစရာ။ ထိုလူစားသောက်ပုံမှာ အခုလိုမှ အရှိန်အဟုန်ဖြင့်မစားလျှင် စားစရာတွေက ပန်းကန်ထဲမှနေ၍ ကိုယ်ပျောက်သွားတော့မည့်အလား။

"ကဲ . . . . ဆိုစမ်းဗျာ။ ဒီလူ့ကိုခင်ဗျား ဘယ်လိုမှတ်ချက်ချမလဲ"

"ဗျာ . . . ."

သူ့ရဲ့ဘူဖေးကနေ . . . . သူ့ရဲ့ကာရိုက်တာကို ဘယ်လိုထုတ်ယူမလဲ။

"ဟို . . . အဲ . . . . အချိန်မရလို့ နေမှာပေါ့ . . . . သုတ်သုတ်စား . . . . ကုန်အောင်စား"

"နိုး . . . . နိုး . . . . မပြည့်စုံသေးဘူး။ သူဟာ အလွန်ကို လောဘကြီးသူ ဖြစ်တယ်။ ဗိုက်မြန်မြန်ပြည့်ပြီးရောဆိုပြီး စားနေပုံက အစားကောင်းကို အရသာမခံတတ်သူဖြစ်တဲ့အတွက် ရသမျှကဲ့ယူ . . . . နင်းကန်စား . . . အင်း . . . . ပညာမတတ်ဘဲ ပိုက်ဆံရှိသူဖြစ်ရမယ် . . . ."

ပညာမတတ်ဘဲ ပိုက်ဆံရှိသူ။ အင်း . . . . ပစ်မလွဲမှတ်ချက်တစ်ခုပါပဲဟု တွေးကာ ကြက်သားတုံးကိုသာ မားဖြင့် လှီးဖွဲ့နေလိုက်၏။

"ဟောဟို . . . . ပန်းအိုးနားက စားပွဲကိုကြည့်စမ်းဗျို့။ ပိုစိတ်ဝင်စားစရာကောင်းတယ်"

ဖြူဖြူချောချော ကောင်မလေးနှစ်ယောက်၊ ခေတ်ပေါ်ဒီဇိုင်း။

"တွေ့လား။ တစ်စားပွဲတည်းမှာ ဘူဖေးအတူစားနေပေမယ့် ခြားနားတဲ့စရိုက်နှစ်မျိုးပေါ်နေတယ်။ အနက်ဝတ်ထားတဲ့ ကောင်မလေးက ရယ်ရယ်မောမော ပြောပြောဆိုဆိုနဲ့ . . . . ဟော . . . . ပေါင်မုန့်ကို လက်နဲ့ကောက်ဖွဲ့လိုက်တာကလည်း သက်သက်သာသာပဲ။ လက်ချောင်းသုံးရန်ကောလို့မထင်နဲ့ . . . ဒါဟာ သူ့ရဲ့ လွတ်လပ်ပွင့်လင်းမှုကို ပြတာ . . . တွေ့လား။ ထောပတ်ကို မားနဲ့ယူပြီး သုတ်တာကျတော့လည်း စနစ်တကျပဲ . . . ကဲ . . . ဘယ်လိုမြင်လဲကိုယ့်လူ"

"ကြည့်လို့တော့ကောင်းတာပဲဗျာ"

"အိုး . . . အို . . . ခင်ဗျားကလည်း . . . သူ့ ကာရိုက်တာကို ပြောတာဗျ"

"ကျွန်တော် မပြောတတ်ဘူးဗျာ"

"ဒီချာတိတ်မလေးဟာ လွတ်လပ်မှုကို ကြိုက်တယ်။ သူ့ကိုယ်သူ ယုံ





ကြည်မှုရှိတယ်။ မာနရှိတယ်။ သူ့မှာ ချစ်သူရှိတယ်ဆိုရင် . . . ငနဲလေးတော့ သူ့ရဲ့ ဩဇာခံလုံးလုံးဖြစ်ပြီ။ ပြီးတော့ . . . ဒီချာတိတ်မဟာ အလေးအနက်တွေ မကြိုက်ဘူး။ သူ့ပန်းကန်ထဲကြည့်ပါလား . . . ဝက်ပေါင်ခြောက်ရယ်၊ ကြက်ဥကြော်ရယ်၊ ထောပတ်တုံးလေးရယ်ပဲရှိတယ်။ ကြာဆံကြော်တို့၊ ထမင်းကြော်တို့ ဟင်းအသားတုံးတို့ ထည့်မထားဘူး . . ."

"သူဝမှာစိုးတာလည်း ပါမှာပေါ့ဗျာ"

ကျွန်တော့်စကားကို မကြားယောင်ပြုလျက် . . . မိတ်ဆွေစကားဆက်၏။

"ဟို့ . . . အပြာနုချာတိတ်မကျတော့ ကြည့်စမ်း . . . ဟင်းရွက်ကြော်တွေကို ဇွန်းနဲ့သတိကြီးစွာ ခပ်ပြီးစားနေတယ်။ ဘယ်လက်ထဲက တစ်ရှူးနဲ့လည်း မကြာခဏနှုတ်ခမ်းကိုတို့တယ်။ မျက်လွှာချရင်းကနေ ဘေးဘီကို လှမ်းလှမ်းကြည့်တယ်။ ကိုင်း . . . ဘယ့်နှယ့်လဲ"

"သူ . . . သိပ်မဆာလို့နေမှာပေါ့ . . ."

မိတ်ဆွေက စိတ်ပျက်ဟန်ဖြင့် ခေါင်းယမ်းလေသည်။

"နိုး . . . ။ ဒီချာတိတ်မဟာ စိတ်ကူးယဉ်တတ်ရမယ်။ အရှုံ့စိတ်၊ အင်ဒီတ်ရှိမယ်။ သူဟာသူ လွတ်လပ်စွာမနေတတ်ဘဲ သူများက သူ့ကို ဘယ်လိုများမြင်လေမလဲ . . . ဆိုပြီး အမြဲတမ်းတွေးနေရမယ်။ အုံ့ပုန်းစိတ်ရှိတယ်၊ အနုပညာတစ်ခုခုမှာ ခရေဇီဖြစ်ရမယ်။ ဥပမာ - ပန်းချီလိုဟာမျိုး"

"ဟား . . . အတိအကျကြီးကို လုပ်နေတော့တာပါပဲလား"

"ကျုပ်ပြောတာတွေ . . . ရှစ်ဆယ်ရာနှုန်း မှန်ရမယ်ဗျာ။ လောင်းအောင်လောင်းလိုက်ချင်သေး"

"မလောင်းတော့ပါဘူးဗျာ"

၄

နောက်ထပ်စားပွဲသုံးဝိုင်းကို သူဆက်လက်ခွဲခြမ်းစိတ်ဖြာသည်။ မိသားစုဝိုင်းထဲမှာ ကလေးများနှင့် ဖအေဖြစ်သူတို့ တဝါးဝါး တဟားဟား စားသောက်နေစဉ် မအေလုပ်သူမှာ ငြိမ်ငြိမ်ကုပ်ကုပ်ဖြစ်နေတာကို မိတ်ဆွေသုံးသပ်၏၊

"လက်ဖွာတတ်တဲ့ ယောကျ်ားနဲ့ နှမြောတတ်တဲ့ မိန်းမလေး၊ ခုခိုနံ့သောက်ဆို မိန်းမလုပ်သူတွက်နေပြီ။ ဒီဘူဖေးတစ်ဝိုင်းစာဆိုရင် အိမ်ဆေးဆိုဘယ်နှရက်စာ့ရမှာပဲ။ နှမြောလိုက်တာ၊ ဘာညာပေါ့။ အောင်မယ် အဲဒယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကြည့်စမ်းဗျို့။ ဒီကောင်ဘရိုက်ဖြစ်တယ်။ တွေ့လား။ ဖျော်ရည်ခွက် ထဲ စထရောနဲ့စုပ်ယူပြီး စထရောကိုအပြင်ဘက်အစွန်းထုတ်ထားတယ်။ ဖျော် ရည်တွေက စထရောကနေကျလာတယ်၊ ဒါဟာကလေးသဘာဝ ဆော့တော့ ဆော့တာပဲ . . . ဒါပေမယ့် ဆော့ပုံက . . .

"ခင်ဗျားတို့ကားထဲက မာတ်ဆီကို ပိုက်နဲ့စုတ်ထုတ်ယူပုံမျိုးနဲ့ တူတယ် နော်" ဟု ကြားဖြတ်ပြောလိုက်မိ၏။ မိတ်ဆွေတဟားဟားရယ်၍ ဒါကြောင့် ဘရိုက်ဖြစ်တယ်ပြောတာပေါ့။ သူ့အဖေလုပ်ပုံကို အတုခိုးတာနေမှာဟု ဆိုသည်။

ဒုတိယစားပွဲမှ ယောကျ်ားလေးယောက်ကို သူဆက်သုံးသပ်ပြန်သည်။

"ဟောဟို ဆံပင်တိုတိုနဲ့လူဟာ အစားကောင်းကြိုက်တယ်။ ယဉ်ကျေး မှုလည်းရှိတယ်။ တွေ့လား . . . သူ့ပန်းကန်ထဲမှာ ကုန်သွားလို့ ထယူနေ တယ်။ အောင်မာ. . . စိတ်ကြိုက်လှည့်ရွေးနေတာဗျ။ ပြီးပြီးရော မဟုတ်ဘူး စနစ်ကျတဲ့ငနဲပဲ။ ပညာတတ်ဖြစ်ရမယ်။ ဟော. . . ဟိုလူကျတော့ တို့ဟ နန်းဆိတ်ကနန်းစားနေပါလား။ အင်မတန် အားနာတတ်သူပဲ။ အပေါင်းအသင်း သို့မဟုတ် သူ့အပေါ်သြဇာရှိသူ အလိုကျလိုက်လုပ်နေတာ။ သူဘူဖေးကြိုက် ဟန်မတူဘူး။ အဲဒါပဲကြည့် ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်ရွေးရဲတဲ့လူ မဟုတ်ဘူး အလိုက်အထိုက် ပေါင်းတတ်တဲ့လူစား။ အောင်မာ . . . . မီးခိုးရောင်စပို့ရှပ် နဲ့လူ ကြည့်စမ်းဗျို့။ စားနဲ့ ခက်ရင်းကိုင်ပြီး ဟန်ပန်တွေနဲ့ စကားပြောနေလိုက် ပုံက အင်မတန်တွင်ကျယ်ချင်တဲ့ လူစားမျိုးပဲ။ နည်းနည်းလည်း ဘဝင်မြင့်နေ ပုံရတယ်။ ဟိုလူကတော့ . . ."

ကျွန်တော့်ပန်းကန်ထဲမှာ စားစရာကုန်သွားပြီ။

"သစ်သီးပွဲယူဦးလေဗျာ" ဟု မိတ်ဆွေကပြော၏။

"မယူတော့ဘူးဗျာ . . . ဗိုက်ပြည့်သွားပြီ"

"ဟင်း . . . ခင်ဗျားကလည်း မတန်လိုက်တာ . . . အချိုပွဲလေးနဲ့ ပိတ်မှပေါ့ဗျ။ ကျုပ်တော့ ဆွဲလိုက်ဦးမယ် . . . တန်အောင်စားပစ်မှပေါ့ဗျ. . ."

သူထသွားသည်။ သင်္ဘောသီး နှစ်စိတ်၊ နာနတ်သီးသုံးစိတ်၊ သာကူတစ် တုံး၊ နန္ဒင်းမကင်းစာစ်တုံးတို့ကို သယ်ဆောင်လျက် သူပြန်လာသည်။

"အိုး . . . မေ့နေလိုက်တာ" ဟုပြော၍ သူပြန်ထသည်။ ကော်ဖီတစ် ခွက်၊ သကြားသုံးခဲယူလျက် ပြန်လာသည်။ မိတ်ဆွေ အတော်စားနိုင်သားဟု





အောက်မေ့၏။ စောစောက သူစားခဲ့သည်များကို ပြန်မြင်၏။ ခေါက်ဆွဲကြော် ဆောင်မုန့်ညို၊ ကြက်သားရိုးစ်၊ ဝက်အူချောင်း၊ ကြက်ဥကြော်နှစ်လုံး၊ ဒိန်ချဉ်တစ် ခွက်၊ အသီးအရွက်အသည်းအမြစ်ကြော်၊ ဝက်သားပဲပြားနှပ်၊ ခရမ်းချဉ်သီးနှစ် မြှေး ပဲပင်ပေါက်ကြက်ဥကြော်။ အဲ . . . ကျန်နှစ်မျိုးသုံးမျိုးကို မမှတ်မိတော့။

"ဂျူ(စ်)တစ်ခွက်နဲ့တော့ ပိတ်ဦးမှဖြစ်မယ်ဗျ"

ကော်ဖီနှင့် သစ်သီးအချို့ပွဲကို လက်စသတ်ပြီး သူထသွားပြန်၏။

"တန်အောင်စားမှပေါ့ဗျ။ လောကကြီးမှာ ကိုယ်ပေးရသလောက် ကိုယ် က ပြန်မယူတတ်ရင် ခင်ဗျားရှုံးတာပဲ။ ခင်ဗျားမယူလည်း ဒီဗြင်လူတွေတ သူပစ်မှာ။ အဲ. . . ဘူဖေးယဉ်ကျေးမှုတော့ရှိရမှာပေါ့။ ကုန်လို့ကတော့ စားသာ စား လိုရင်ထပ်ယူ၊ လူမြင်မကောင်းအောင် ကိုယ့်ဆီမှာ အပုံလိုက်ကြီး တန်းမ နေအောင်တော့လုပ်။ မဝသေးရင်ထပ်ယူ၊ ထပ်ထည့်၊ ကိုယ့်လူလည်း ခြေသာ ပြောရတာ၊ ခင်ဗျားနဲ့ ဘူဖေးနဲ့မကိုက်ပါဘူး။ ခင်ဗျားကြည့်ရတာရွေးလည်းမရွေး တတ်၊ စားလည်းမစားတတ် ကိုယ့်ဘက်ကရှုံးတာပေါ့ဗျ"

"အေးဗျာ . . . ခင်ဗျားပြောတာဟုတ်မှာပါ . . ."

"ဘယ့်နှယ်လဲ ကိုယ့်လူ . . . ဘူဖေးက စိတ်ဝင်စားစရာမကောင်းဘူး လား"

စိတ်မသက်မသာ ကြားထဲမှပင် စကားတစ်ခွန်း ထွက်သွား၏။

"စိတ်ဝင်စားစရာကောင်းပါတယ်။ ဒါပေမဲ့ . . . . ပြောလည်းခံရတော့ မှာပဲ။ ကျွန်တော်က တစ်ချိန်လုံးလုံး အိမ်ကမိသားစု ထမင်းစားပွဲလေးပဲ မြင် ယောင်နေတယ်ဗျာ"

"အိုး . . . . အိုး . . . ."ဟုဆိုကာ စုတ်သပ်ပြီးမှ မိတ်ဆွေတဟားဟား ရယ်နေတော့၏။

*ပိတောက်မြေ၊ ၂၀၀၃*

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ရဲမြတ်စွာ သိပါသည်

ဘုရင်မင်းမြတ်၏ ဆင်အစု အမှူထမ်းဝင် ဆင်ဦးစီးတစ်ယောက် တိုင်တည်ဟစ်ကြွေးသောစကားကို မည်သူလက်ခံ သိမ်းပိုက်ပါအံ့နည်း။ အိုကျွန်ုပ်သည် မထင်မရှား အညတြဆင်ဦးစီးတစ်ယောက်သာ ဖြစ်ပါ၏။ ကျွန်ုပ်လို အညတြတစ်ယောက်၏ စကားကို မည်သူယုံကြည်ကြမည်နည်း။ ကျွန်ုပ်တတော့ လောကပါလနတ်မင်းများကိုသာ တိုင်တည်လိုက်ပါ၏။ လောကကို စောင့်ရှောက်သည့် သမ္မာဒေဝနတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့၊ ဤအခြင်းအရာ၏ ဝမ်းနည်းကြေကွဲဖွယ် နောက်ဆက်တွဲတို့လည်း အမှန်တကယ် ပေါ်ပေါက်ခဲ့ပါသည်။ တရားစောင့်သူအား တရားက ပြန်စောင့်သည်မဟုတ်ပါလော။ အို သမ္မာဒေဝနတ်အပေါင်းတို့ လောကတွင် တရားဆိတ်သုဉ်းပြီလော။ အဓမ္မတို့ လွှမ်းမိုးခြယ်လှယ်ကြပြီလော။ ရိုးသားဖြောင့်မတ်သူတို့၏နေရာ အဘယ်မှာနည်း။

အို မည်သူမည်သို့ရှိစေ ဤအဖြစ်မှန်ကို "ရဲမြတ်စွာ"သိပါသည်။ ဆင်တော်ရဲမြတ်စွာ သိပါသည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၁

ကျွန်ုပ်ကို ဘုရင့်ဆင်တပ်အမှုထမ်းကောင်းဖြစ်အောင် ပို့ဆောင်ပေးသူမှာ ကျွန်ုပ်၏ဆရာ "ဆင်ကဲ"ဖြစ်ပါသည်။ သူ့အမည်နာမ အရေးမကြီးပါ။ ဘယ်သောအခါမှလည်း သူ့ကို အမည်နာမတပ်၍ ကျွန်ုပ်ခေါ်ဝေါ်လိမ့်မည်မဟုတ်ပါ။ ဆရာဟူသော ဝေါဟာရသည်ပင် သူ့အတွက် ကျွန်ုပ်အတွက် လုံလောက်ပြည့်စုံပါပြီ။

ဆရာနှယ်သော ဆင်ကဲမျိုး ကျွန်ုပ်မတွေ့ဖူးပါ။

အင်းဝရွှေနန်းသခင် ဘုရင်မင်းခေါင် သားတော် မင်းရဲကျော်စွာတို့၏ ဆင်တပ်တွင် ဆင်ကဲပေါင်းများစွာ ရှိပါသည်။ အောက်စားဝန်၊ အောက်စားစာရေး၊ အစီအရင်၊ ဆင်ရုံသား၊ ဆင်မှူး၊ ဆင်ကဲ၊ ဆင်ကြားသား၊ ဆင်စမ်းသားအောက်စားအမှုထမ်း၊ ဆင်စီးသူရဲ၊ ဆင်ဦးစီး၊ ဆင်နောက်ထိုင်၊ ဆင်ဆေးဆရာရာထူးအဆင့်ဆင့် များစွာရှိကြပါသည်။

ဤအမှုတော်ထမ်းများစွာတို့အနက် ကျွန်ုပ်၏ဆရာသည် ဆင်ကဲရာထူးရှိသူဖြစ်သည်။ သို့သော် သူသည် အခြားဆင်ကဲများနှင့်မတူ တစ်မူထူးခြားသူပါ။ မည်သို့ထူးခြားပါသနည်း။ မိမိဆရာမို့ မိမိအမွှမ်းတင်ခြင်း မဟုတ်ရပေါင်ပါ။

ဆင်တို့၏ ကြန်အင်သျှတ္တရလက္ခဏာကို ကျွမ်းကျင်သောကြောင့်လားမဟုတ်ပါ။ ဆရာနှယ် ကျွမ်းကျင်သူ ဆင်ကဲများစွာ ရှိပါသည်။ အမှုတော်ထမ်းကျေပွန်သောကြောင့်လား၊ မဟုတ်သေးပါ။ ဆိုကြပါစို့။ ဆင်ကဲကောင်းတစ်ဦးတွင် ရှိသင့်ရှိအပ်သော ဂုဏ်ရည်များအားလုံးကြောင့်လား။ မဟုတ်သေးပါ။ ထိုဂုဏ်အရည်အသွေးများအားလုံး ကျွန်ုပ်၏ဆရာ ဆင်ကဲထံမှာ ရှိပါသည်။ ထိုဂုဏ်အရည်အသွေးတကာတို့အထက်တွင် ကျွန်ုပ်ဆရာ၏ မည်သူနှင့်မျှမတူထူးခြားသော ပင်ကိုအရည်အသွေးကား ဆရာသည် "တစ်ပါးသူတို့အပေါ်လိုက်လျောကူညီတတ်လွန်းခြင်း"ပင် ဖြစ်ပါ၏။

ဆရာ့မှာ အတ္တဆိုတာ ရှိမှရှိပါသေးစဟု ကျွန်ုပ်ထင်မိသည်။ ဆရာ့အသွေးအသားထဲတွင် တစ်ပါးသူအကျိုး၊ ပရဟိတစိတ်ဓာတ်သည်သာ အစဉ်အမြဲလှည့်ပတ်နေသည်ဟု ကျွန်ုပ်ဆိုရဲပါသည်။ ဆရာသည် သူ့ဘဝဖြစ်တည်ရှင်သန်မှုအား သူ့ကိုယ်တိုင်အတွက် မဟုတ်လေဘဲ အခြားတစ်ပါးသူအတွက် တည်ဆောက်ထားခြင်းသက်သက် ဖြစ်သည်ဟုပင် ကျွန်ုပ်ဆိုချင်တော့သည်။

ဆင်အမှုထမ်းအစုသို့ ကျွန်ုပ်စတင်ဝင်ရောက်ချိန်မှာ ကျွန်ုပ်၏အဆင့်





သည် သာမန်ဆင်ကိုင်ဆင်အား ချွန်းလက်နက်ကိုတော့ အရင်ထက်ပိုပြီး ဇနအတွက် အစာရေစာနှင့် မြက်သွင်း—မှုပေါ့"

၏ မိဘမဲ့တစ်ကောင်ကြွက်ဖြစ်ခြင်း၊ ငယ်ရွယ်သော်လည်းစွဲမြဲ ကြိုးစားသည့် ကျွန်ုပ်သဘောကြိုးကြိုးစားစွာ လုပ်ဆောင်ခြင်းတို့အပေါ် မူတည်လျက် ဆရာ့ သိရပါသည်။ "အောက်သားအမှုထမ်းဝင်" ယရည်းအဆင့်အထိ တိုးမြှင့်ခံခဲ့ရပြောင်းပြင်ဆိုင်ကြသည်းသည် ဆင်ကျုံးမှူး၏လက်အောက်တွင်ရှိပြီး ဆင်ထွန်၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် အမှုထမ်းရသူဖြစ်သည်။

စင်စစ်မူ ကျွန်ုပ်သည် ဂဇသျှတ္တရခေါ် ဆင်လက္ခဏာအရုပ်ရုပ်ဆိုင်ရာညာတို့ကို ကျွမ်းကျင်သူမဟုတ်ပါ။ ယရည်းအဆင့်ရောက်မှသာ **ဆရာ၏အနီးကပ်** သွန်သင်မှုတို့ဖြင့် ဆင်အကြောင်း နားလည်ရသူဖြစ်သည်။ **ဆရာ၏** ကျေးဇူးအဖုံဖုံကား ကျွန်ုပ်အဖို့ ဆပ်၍ကုန်နိုင်ဖွယ်မရှိပါ။

အို - မိမိကို ပြုစုစောင့်ရှောက်မြှင့်တင်ပေးသောကြောင့် **ဆရာမှာဆရာ**ထူး၍ ပုဂ္ဂိုလ်စွဲဖြင့် ကျွန်ုပ်အမွှမ်းတင်ရာရောက်နေပြီ။ သည်သို့မဟုတ်ပေါင်ပါ။ ဆရာသည် ကျွန်ုပ်အတွက်သာမက အခြားသော ဆင်အမှုထမ်းရာထူးအဆင့်ဆင့်ရှိ လူတိုင်းအတွက်ပါ ကူညီစောင့်ရှောက်တတ်လွန်းသူဖြစ်ပေသည်။ အင်းဝနေပြည်တော် ဘုရင့်ဆင်ကျုံးတစ်ခုလုံးတွင် ဆင်ကဲစိတြဟူသော အမည်သည် ကောင်းသတင်းများဖြင့် ပျံ့သင်းနေသည်သာ ဖြစ်ပါသည်။

သာဓကအချို့ကိုပဲ ဆောင်ပါမည်။

"ဆင်ကျော့သွားရာ၊ ရှောင်အပ်စွာကား၊ ပမာမမှတ်၊ လက်ပမ်းခတ်ထွင်၊ စီးသည့်ဆင်ကို၊ တောဆင်ဝှေ့တိုး၊ ယောက်မရိုးကို၊ အိုးမှာတုံလျှင်၊ တန်ခန့်တင်မူ၊ တောဆင်လိုက်ရာ၊ တုတ်ဆီးကာ၏ . . . . "

စသော အောက်စားဆင်တော်နှင့် ဆင်ရုံသားတို့ ဆင်ဖမ်းထွက်သည့်အခါ အထူးရှောင်ကြဉ်အပ်သော အချက်များကို တစ်လုံးချင်း တစ်ပိုဒ်ချင်းစိတ်ရှည်လက်ရှည် ရှင်းလင်းပို့ချပေးသူမှာ ဆရာစိတြဖြစ်ပါသည်။

ဆင်အမှုထမ်းတို့ တောဒ္ဓနေစဉ် အိမ်၌ကျန်ရစ်ခဲ့ကြသော မိန်းမသားများနှင့် သားချင်းဆွေမျိုးတို့ကိုလည်း ဆရာအမြဲမပြတ် သွန်သင်ဆုံးမပါသည်။

"ဦးခေါင်းမလျှော်ကြနဲ့၊ ဆံပင်ဖားလျားချမထားကြနဲ့၊ အိမ်ဘူးသီး ကင်းပတ်သီးဟင်းမစားကြနဲ့၊ ရက်တက်ပုံးရည် ကိုယ်ကလဲမယူနဲ့၊ သူတစ်ပါးအပေးနဲ့။ အိမ်တက်၊ အသုဘ အခမ်းအနားတွေလဲ မသွားကြနဲ့၊ ကာလသာ



www.burmeseclassic.com

www.burmeseclassic.com


၁

ကျွန်ုပ်ကို ဘုရင့်ဆင်တပ်အမှုထမ်း ဂျီ တစိုက်ဖြင့် တတွတ်တွတ်မှာ ကျွန်ုပ်၏ဆရာ "ခင်ကြဲ" ခေါ်ပါသော ရာစီတြဲပင် ဖြစ်ပါသည်။ သောအခါမှလည်း ဘုရာမှာ ဒဏ်ရာရလာသူများကို အနာဆေးထည့်၊ ဆေးစည်းပါ။ ဆရာဟု ထိုသသူနေကောင်းမလာမချင်း သူ၏မိသားစု ထမင်းအိုးကို ဖြည့်တင်းပေးသူမှာလည်း ဆရာစီတြဲပင်ဖြစ်ပါသည်။

ဆရာ့အကြောင်း ဟိမဝန္တာချီးမွမ်းခန်းဖွဲ့၍ မကုန်နိုင်ပါ။

ထို့ကြောင့်ပင် ဆရာ၏ချစ်မြတ်နိုး လေးစားဖွယ် ဂုဏ်ရည်များကို စုစည်း၍ အချုပ်စကားဆိုရခြင်း ဖြစ်ပါသည်။

ဆရာသည် အတ္တကင်းစင်နည်းပါးသူ ဖြစ်ပြီး သူတစ်ပါးအကျိုးရှိရာ ရှိကြောင်းကို အမြဲတစေ လှုပ်ရှားဆောင်ရွက်ပေးနေသူ၊ ပရဟိတသမား။

၂

အင်းဝ ဟံသာဝတီ စစ်ဖြစ်ပြီဟူသော သတင်းစကားနှင့်အတူ ကျွန်ုပ်တို့ ဆင်အမှုထမ်းအားလုံးသည်လည်း တစ်မဟုတ်ချင်းပင် ဆင်တပ်သားများအဖြစ် ပြောင်းလဲရောက်ရှိသွားကြသည်။

"တို့များ စစ်မြေပြင် ဆင်းကြရတော့မယ်ကွယ့်၊ တို့ရဲ့ဆင်တွေလဲ တိုက်ဝင်ယာဉ်ရထားကြီးတွေ ဖြစ်ကြတော့မယ်။ သူ့ဆန်စားရဲ့မှုကိုး၊ ကိုယ့်အရှင်သခင်က တစ်ပါးဘုရင်နဲ့ စစ်ပြုပြီဆိုမှတော့ တို့လဲ စစ်သည်တော်တွေ ဖြစ်ကြပြီပေါ့" ဟု ဆရာက မချမ်းမြေ့သော မျက်နှာဖြင့် ဆိုပါသည်။

"တပည့်ရေ၊ မင်းလဲ ဦးစီးအဖြစ် အမှုထမ်းပေတော့၊ ငါတော့ ဘုရင့်စီးတော်ဆင် ရဲမြတ်စွာကို တာဝန်ယူရလိမ့်မယ်"

ကျွန်ုပ်ဘက် လှမ်းကြည့်၍ ဆရာပြောသည်။ ယရည်းအဆင့်မှ ဦးစီးအဖြစ်သို့ တိုးမြှင့်ခြင်းခံရသည်မှာ သာမန်အခြေအနေဆိုလျှင် ထခုန်မိမတတ် ဝမ်းမြောက်ဖွယ်ပင်။ သို့သော် စစ်ကာလအတွင်း အရာအဆင့် တိုးမြှင့်ခံရခြင်းဖြစ်သည့်အတွက် အလွတ်အကျွတ် ဝမ်းမမြောက်နိုင်ပါ။

"ကျွန်တော်တို့ ဓားလှံတွေ ကိုင်ရမှာလား ဆရာ"

ကျွန်ုပ်မေးလိုက်သည်။ ဆရာက အသာအယာ ခေါင်းယမ်းဖြေသည်။

"တို့က စစ်သူရဲတွေမှ မဟုတ်တာပဲ၊ ဓားလှံလေးမြားလက်နက်တွေ





ကိုင်စရာမလိုပါဘူးကွယ်၊ အေး ချွန်းလက်နက်ကိုတော့ အရင်ထက်ပိုပြီး ဝဒုတစိုက် သတိကြီးစွာနဲ့ ကိုင်ရတော့မှာပေါ့"

အင်းဝနှင့် ဟံသာဝတီတို့ ဘာကြောင့်စစ်ပြုကြသည် ကျွန်ုပ်သေချာမသိပါ။ ဟံသာဝတီမှာ ရာဇာဓိရာဇ်ဘုရင် နန်းတက်ပြီဟုတော့ သိရပါသည်။ ကျွန်ုပ်တို့၏ ဘုရင်မင်းခေါင်နှင့် ရာဇာဓိရာဇ်တို့ ဘုန်းလက်ရုံးချင်း ပြိုင်ဆိုင်ကြခြင်းဟုလည်း ပြောကြသည်။ အောက်ပြည်ရွာရှိ မြောင်းမြအမည်ရှိ ဒေသမှ လာက်ဖြားအမည်ရှိ မြို့စားတစ်ယောက်၏ စနက်ကြောင့်ဟုလည်း ပြောကြသည်။ အချို့ကလည်း ဘုရင်မင်းခေါင် တိုင်းနိုင်ငံချဲ့ထွင်လို၍ဟု ဆိုကြပါသည်။ မည်သို့ဆိုစေ "စစ်"ဟုသော အနိဋ္ဌာရုံကြီးတစ်ခုကမူ သေသေချာချာကြီးပင် ကျရောက်လာပါပြီ။

ဦးစီးဆင်အမှုထမ်းမျှသာ ဖြစ်သော ကျွန်ုပ်အဖို့ သူတို့ဘုရင်နှစ်ပါးကြား စစ်သေနင်္ဂအရေးကို နားမလည်ပါ။ ဂဇသျှတ္တရကိုပင် ကောင်းစွာမကျွမ်းကျင်သေးသော ကျွန်ုပ်မှာ သူတို့အကြောင်း နားလည်နိုင်ဖို့ ဝေးလွန်းလှပါသည်။ ထိုသော် "ဆရာ"နှင့်တွဲဖက်လျက် စစ်ပွဲဝင် ဆင်တော်ရဲမြတ်စွာ၏ ဦးစီးအဖြစ် ကျွန်ုပ်အမှုတော်ထမ်းရပါပြီ။

"သတ္တန္တရကပ်ဆိုတာ ကပ်သုံးပါးအဝင်အပါ ဘေးကြီးတစ်ခုပဲတွယ်၊ စစ်မက်ဆိုတာ ယောက်ျားသားများရဲ့ သွေးကို ထွက်ယိုစီးကျစေတယ်၊ မိန်းမသားများရဲ့ မျက်ရည်ကို ထွက်ယိုစီးကျစေတယ်။ သားကွဲမယားကွဲ၊ သေကွဲရှင်ကွဲ ဒုက္ခကြုံကြရမယ်၊ လယ်မြေဥယျာဉ်တို့ဟာလဲ စစ်တလင်းစစ်မြေပြင်အဖြစ်သို့ ရောက်ကြရတယ်။ မကောင်းပါဘူးကွယ်၊ သို့ပေမယ့် တို့များမှာတအင်းဝဘုရင်ရဲ့ ဆင်အမှုထမ်းများဖြစ်လေတော့ စစ်ဖြစ်ကြပြီဆိုတဲ့အခါ ဆင်တပ်သားတွေ ဖြစ်ရတော့တာပေါ့ကွယ်"

ကျွန်ုပ်၏ဆရာသည် ရင်ခေါင်းသံကြီးဖြင့် ညည်းညူရင်းပင် ဆင်တော်ရဲမြတ်စွာ၏ ဆင်ကဲတာဝန်ကို ယူခဲ့ရပေသည်။

စစ်မြေပြင်ထွက်ကာနီးတွင် ဆရာသည် သူ၏ဇနီးမယားနှင့် သားသမီးတို့ကို စုရုံးစေလျက် ဆုံးမဩဝါဒစကားများ ဆိုခဲ့သည်။ မိသားစုနှင့်ပတ်သက်သော ဆုံးမစကားများပြောပြီးနောက် ဆရာသည် ဤသို့သူ့စကားကို နိဂုံးချုပ်လေသည်။

"ငါမရှိစဉ်အတွင်း ဆင်အမှုထမ်းဝင် မိသားစုတို့၊ ကျန်ရစ်သူတို့သို့လဲ


www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုယ်စား ကြပ်ကြပ်မတ်မတ် ဂရုစိုက်ကြကွယ်၊ သူတို့တစ်တွေရဲ့စားဝတ်နေရေး၊ နာဖျားမကျန်းရေးကစပြီး အစစလုပ်ဆောင်ပေးကြ၊ ကိုယ်ချင်းစာစိတ်နဲ့ ကူညီကြ၊ ခမျာများမှာလဲ အိမ်ဦးခင်ပွန်းလင် စစ်မြေပြင်ထွက်လို့ ကျန်ရစ်ခဲ့ကြ သူများပါလားလို့ စာနာနားလည်ကြ၊ ကြားလား၊ စပါးရိက္ခာလိုတဲ့သူကို စပါး ရိက္ခာထုတ်ပေး၊ ဆေးဝါးလိုသူကို ဆေးဝါးပေး၊ စိတ်ပျက်စိုးရိမ်အားငယ်သူတွေကို ချော့မော့ဖျောင်းဖျပေး၊ မှတ်ထားနော်၊ အားငယ်သူချင်း၊ ဒုက္ခရောက်သူချင်း ဖေးမယိုင်းပင်းရမယ်နော်"

စစ်ပွဲဝင်တော့မည့် တိုက်ဆင်ရဲမြတ်စွာပေါ် တက်တော့အံ့ဆဲဆဲ ဆင်ကဲတစ်ဦး၏စကားမှာ နူးညံ့သိမ်မွေ့လွန်းနေပေသည်။

"ကိုင်း လာဟေ့တပည့်ရေ၊ သူဆန်စားရဲကြစို့၊ စစ်ပွဲလမ်းခရီးမှာ ဂဇသျှတ္တရအကြောင်းတွေ မင်းကိုငါ သေသေချာချာ လက်တွေ့ပွဲတွေ့သင်ကြား ပေးရပြီပေါ့ကွယ်"

စစ်ပွဲ၊ ဆင်တော်ရဲမြတ်စွာ၊ ထို့နောက် ချစ်မြတ်နိုးလေးစားရသော ဆရာနှင့်အတူ ဆင်တစ်စီးတည်း လိုက်ပါရမည့်အရေးအတွက် ကျွန်ုပ်မှာ တက်ကြွ နေမိလေသည်။

၃

စစ်အကြောင်း ကျွန်ုပ်မသိပါ။ သေနင်္ဂပရိယာယ်များအကြောင်းလည်း မသိပါ။ ပွဲရသူရဲကောင်းကြီးများအကြောင်းကိုလည်း ကျွန်ုပ်မသိပါ။ ဟံသာဝတီ ဘက်မှ ရာဇာဓိရာဇ်၊ သမိန်ဗြတ်စ၊ အမတ်ဒိန်၊ လဂွန်းအိန်၊ ဥပါကောင်း သမိန်ဗရမ်း၊ အဲမွန်တာယာ စသည့် သူရဲကောင်းအမည်နာမသတင်းများ အကြောင်း ကြားရသော်လည်း ကျွန်ုပ်စိတ်မဝင်စားပါ။ အင်းဝဘက်မှ ဘုရင် မင်းခေါင်သားတော် မင်းရဲကျော်စွာ၊ ရမည်းသင်းစည်သူ၊ သီဟပတေ့၊ ပြည်စား ပျံချီ၊ ကျေးတောင်ညိုသတိုး စသည့်အမည်သတင်းများကိုလည်း ကျွန်ုပ်နား တွင်သာ ကြားသိပါသည်။

ကျွန်ုပ်သည် ဦးစီးတစ်ယောက်မျှသာ ဖြစ်ပါသည်။ ဆင်တော်ရဲမြတ်စွာ ကျန်းမာသန်စွမ်း ရှိနေရေးကိုသာ ကျွန်ုပ်စိတ်ဝင်စားသည်။ ရဲမြတ်စွာကြီး နှာ မောင်းနှင့်အမြီး အမြဲမပြတ် လှုပ်ရှားလွှဲယမ်းနေရဲ့လား၊ နားရွက်မကြာခဏ ခတ်ရဲ့လား၊ ကိုယ်လုံး၊ ဦးခေါင်းတစ်ဖက်မှတစ်ဖက် လွှဲရဲ့လား၊ ခြေတစ်ဖက်





ခြေတစ်ဖက်ဖြင့် ပွတ်ရဲ့လား၊ အမွေးအမျှင်များ မာကြောထောင့်တင်းရဲ့လား နှာနှင့်အာခေါင် ပန်းနုရောင်ထရဲ့လား၊ မျက်စိသူငယ်အိမ်တို့ ကြည်ရဲ့လား . . . . ကျွန်ုပ်စိတ်ဝင်စားသည်မှာ ဒါပဲဖြစ်သည်။

ရဲမြတ်စွာ၏ ဆီးဝမ်းကို အမြဲစစ်ပေးရန်၊ ခြေဆီလက်ဆီများ ခိုနေစေ နားရွက်များ နွေးနေစေရန် ကျွန်ုပ်အာရုံစိုက်ရမည်မှာ ထိုအရာများသာဖြစ် သည်။ ထို့နောက် စစ်ခရီးလမ်းတစ်လျှောက်ချီတက်ရင်း ဆရာ့ထံမှ တန်ဖိုးရှိ သော ဂဇသျှတ္တရဆင်လက္ခဏာကြန်အင်များကို လက်တွေ့မျက်တွေ့သင်ယူ ရလာခြင်း။ အင်းဝ ဟံသာဝတီစစ်တွင်း ကျွန်ုပ်အတွက် အဖိုးတန်သော အတွေ့အကြုံနှင့် ပညာမှာ ဒါပဲဖြစ်သည်။

အင်းဝနေပြည်တော် ဆင်ကျုံးမှာသာဆိုလျှင် ဤသို့လက်တွေ့မျက် တွေ့ ပွဲဝင်သင်ကြားမှုမျိုး ကျွန်ုပ်ရရှိနိုင်မည်မဟုတ်ပါ။ စစ်ပွဲကာလမို့ ဤအခွင့် ထူးကို ရနေခြင်း ဖြစ်ပါသည်။ အလိုစစ်ပွဲကို အကြောင်းပြုလျှက် ကျွန်ုပ် သည် ပညာအရယူ အမြတ်ထုတ်နေခြင်းလား။ မဟုတ်ပါ။ ဂဇသျှတ္တရကို မရ ခင်နေပါစေ။ စစ်ဆိုသော အနိဋ္ဌာရုံကြီးဆီမှတော့ မရယူချင်။ စစ်ပြီးစေချင် သည်။ သတ္တန္တရကပ်ဘေး ပြီးဆုံးချုပ်ငြိမ်းစေချင်သည်။

သို့သော် ကျွန်ုပ်၏ဆုတောင်း မပြည့်ခဲ့ပါချေ။

၄

"မျိုးရိက္ခာ နည်းပါးလာတဲ့အတွက် တပ်ဆုတ်မယ်လို့ ဘုရင်မင်းမြတ် အမိန့်တော်ချလိုက်ပြီ တပည့်ရေ၊ မိုးသောက်မှပဲ တို့မှာဆုတ်ကြမယ်၊ ဘုရင် မင်းမြတ်က ရဲမြတ်စွာပဲ စီးလိမ့်မယ်"

"အိမ်ပြန်ကြရတော့မှာပေါ့၊ ဟုတ်လားဆရာ"

"အေး တပ်ဆုတ်ပြီး ဘယ်မှာအားမွေးမယ်တော့ မသိဘူးကွယ်၊ သို့သော် ဘုရင်မင်းမြတ်နောက်မှာ တပ်ရှစ်တပ် နောက်ချန်ဝန်းရံလိုက်ပါလိမ့်မယ်တဲ့"

"အဲဒါက ဘာကြောင့်လဲဆရာ"

"ရန်သူတပ်တွေ လိုက်တိုက်မယ့်အရေးရှိလို့ပေါ့ကွယ်၊ တပ်ဆုတ်ရင်းနဲ့ တိုက်ပွဲတွေ ဖြစ်လိမ့်ဦးမယ် တူပါရဲ့"

စစ်မြေပြင်မှာ အောက်ပြည်ရပ်ရွာဒေသဖြစ်သည်။ မုတ္တမဝန်းတောင် သာတောင်လွင်ပြင်ဒေသ တပ်ဆုတ်ခရီးတစ်လျှောက်တွင် ချောင်းမြောင်းများ



www.burmeseclassic.com

www.burmeseclassic.com



တောမျှား အတိပြီးသည်။ ခရီးကြမ်းဖြစ်မည်မှာ သေချာသည်။

"ကိုင်း . . . ရဲမြတ်စွာကို အသေအချာ ထ,တင်ပေတော့၊ အဆုတ်ခရီး ကြမ်းလိမ့်မကွဲ့"

ဆရာလည်း ကျွန်ုပ်နှယ်ပင် တောက်ချက်ချပါသည်။

"ရဲမြတ်စွာက ဘယ်တုန်းကနဲ့မှ မတူအောင် လန်းဆန်းသန်မာနေ ပါတယ်ဆရာ"

"အေး . . . အေး ကောင်းပါလေ့ကွယ်"

တကယ့်တကယ်မူကား ကျွန်ုပ်တို့ ဆရာတပည့် ထင်သလိုဖြစ်မလာခဲ့ပါ။ အင်းဝဘုရင်မင်းခေါင် တပ်ဆုတ်လမ်း၏ နောက်ပါးမှ ရဲ၍လိုက်ပါခဲ့သည့် တပ်ရှစ်တပ်ကို ရာဇာဓိရာဇ်၏ တပ်ကြီးခြောက်တပ်က စစ်ပြိုင်ပြုပါသည်။ ဘုရင်မင်းခေါင်က ရဲမြတ်စွာစီး၍ ဟံသာဝတီသူရဲကောင်းလဂွန်းအိမ်နှင့် ဥ ကောင်းတပ်တို့ကို ထိုးစစ်ဆင်သည်။ တိုက်ပွဲအဦးအစ၌ ဘုရင်မင်းခေါင် အနေ သာသော်လည်း မြင်းနှင့်ပြေးလာသော သူရဲကြီးတစ်ယောက်က စစ်ဖျားပေ သည်ကို တိုက်၍နိုင်သည်မှာ အရေးမဟုတ်။ ရန်သူများ နောက်ပါးကထ ကြပ်လိုက်လာသည်မှာ အင်အားကြီးလှကြောင်း၊ သူနီး၍တိုက်လျှင် အခွာခ မည်ဖြစ်ကြောင်း၊ ရှေ့တပ်နှင့်လည်း အဆက်အသွယ် ဝေးနေပြီဖြစ်ကြောင်း လျှောက်တင်လာသည်။

ဘုရင်မင်းခေါင် သဘောတူပါသည်။ အလျှင်အမြန် ခွာတော်မူရ ဆုံးဖြတ်ပါသည်။ သို့သော် ရဲမြတ်စွာမှာ ပင်ပန်းနေပါပြီ။ စစ်ဆုတ်ခရီးတ လျှောက် တိုက်ပွဲဝင်ခဲ့ရသည်မှာ တစ်နေကုန်ပင်ဖြစ်သည်။ ရဲမြတ်စွာ ဘယ် လောက် ပင်ပန်းနေကြောင်း အထွေးအထူး စစ်ဆေးရန်မလိုပါ။ ကျွန်ုပ် ချွန်းကိုင်လက်ချောင်းများပင် အကြောအချဉ်ကိုက်ခဲကာ လှုပ်ရှားမရ ဖြစ်ခ နေပေပြီ။

ထိုအချိန်တွင် ဆရာက ကျွန်ုပ်ကို ဆိုပါသည်။

"တပည့်ရေ၊ ဘုရင်မင်းမြတ်ဟာ နလံမဆင်မတော်ကို ပြောင်းစီးပြီး အပြင်းခွာလိမ့်မယ်၊ ရဲမြတ်စွာကိုတော့ မင်းနဲ့ငါပဲ တာဝန်ယူစီးနင်းယူလာခဲ့ မယ်တဲ့"

ဆင်မတော် နလံမသို့ ပြောင်းစီးသော ဘုရင်မင်းခေါင်နှင့်အတူ မိဖုရား ရှင် မိနောက်၊ တောင်မိဖုရားတို့လည်း အတူပါသွားကြသည်။





ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်တည်းပင် ရဲမြတ်စွာကိုထိန်းတော့ နင်းလျက် တောတောင်ကို ဖြတ်ခဲ့ရသည့် ခရီးလမ်းကား ကြမ်းတမ်းလွန်းလှ ပါသည်။ ရဲမြတ်စွာ ပင်ပန်းချည့်နဲ့မည်စိုးသဖြင့် ကျွန်ုပ်တို့သည် အပြင်းမစီး ဘဲ တောရိပ်တောင်ရိပ်ခိုကာ ဆုတ်ခဲ့ကြသည်။

ဤအဆုတ်ခရီးသည်ပင် ကျွန်ုပ်တို့အတွက် တစ်သက်ထာဝရ မမေ့နိုင် တော့သော ဖြစ်ရပ်ကို မွေးဖွားပေးခဲ့သည်တကား။

၅

"တပည့်ရေ . . . ရပ် . . . ရပ်လိုက်စမ်း"

ဆရာက လှမ်းအော်သံဖြင့် ရဲမြတ်စွာကို ကျွန်ုပ် ထိန်းလိုက်သည်။

"ဘာဖြစ်လို့လဲဆရာ"

ဆရာသည် က,ပေါ်မှ အလျှင်အမြန် ခုန်ဆင်းကာ နဘူးချုံ ခနောင် ချုံများအတွင်း တိုးဝင်သွားပါသည်။ ထို့နောက် ရေပစ်စပ်အိုင်တစ်အိုင်ရှေ့ တွင်ရပ်လိုက်သည်။ ဆင်ဦးကင်းပေါ်မှနေ၍ကျွန်ုပ်ကောင်းစွာမြင်လိုက်ရသည်။

ရေအိုင်စပ်တွင် လဲကျနေသော မိန်းမသားတစ်ဦး။

"အို . . . တောင်မိဖုရားပါကလား"

ဘုရင်မင်းခေါင်တပ် အဆုတ်ခရီးမှာ အဆောတလျှင်ရှိလှ၍ ဤချောင်း ရေစပ်တွင် တောင်မိဖုရား ဆင်ပေါ်မှလျှောကျကျန်ရစ်ခဲ့ခြင်းပင် ဖြစ်ချိမ့် သည်။ မိဖုရား ကျကျန်ရစ်သည်ကို ဘုရင်မင်းမြတ်နှင့် သူလူများသိကြလိမ့် မည်မဟုတ်။

"တပည့် ရဲမြတ်စွာကို မက်ခိုင်း၊ မိဖုရားသတိမေ့နေတယ်၊ ပုခက်ကို ကောင်းကောင်းပြန်ပြင်၊ မိဖုရားကိုတင်ခဲ့ရမယ်၊ ခြေလက်များ ကျိုးသွားလေသ သားမသိ၊ အင်း ကိုယ်လက်အင်္ဂါ ဘာမှမထိခိုက်ပါစေနဲ့ ဆုတောင်းရမှာပဲ"

သတိမေ့နေသော မိဖုရားကို ပုခက်ပေါ် ပွေ့တင်ခဲ့ကြသည်။ ကံကောင်း ထောက်မ၍ ပွန်းပဲ့ဒဏ်ရာများမှအပ ခြေလက်ထိခိုက်ခြင်း မရှိပါ။ မိဖုရားသည် ထိတ်လန့်ခြင်းကြောင့် သတိမေ့နေခြင်းသာ ဖြစ်သည်။

ပုခက်ထဲရောက်ပြီး ရဲမြတ်စွာကို ဆက်မောင်းလာကာစမှာပင် မိဖုရား သတိပြန်လည်လာသည်။ ဆရာသည် နန်းရင်ပြင် ရွှေရေးဆောင်အတွင်း ကဲ့သို့ပင် မိဖုရားကို လက်အုပ်ချီကာ တရိုတသေ ကိုင်းညွတ်ဆတ်ဆံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ကဲစိတြလား"

"မှန်ပါအရှင်မဘုရား"

"မင်းတို့နဲ့ တွေ့လို့သာပေါ့ကွယ်၊ မဟုတ်ရင် တောထဲတောင်ထဲသခင်မ အသေဆိုးနဲ့ သေရမှာ၊ ကျေးဇူးကြီးလှပါကွယ်"

"သခင်မရဲ့ ဘုန်းကြောင့်ပါဘုရား"

"တို့ အခုဘယ်နေရာ ရောက်နေသလဲ"

"မုတ္တမနယ်ကိုတော့ လွန်ခဲ့ပါပြီ သခင်မဘုရား၊ တောတောင်ဒေသထဲ မှာပဲ ရှိသေးတာမို့ ဘယ်မြို့ဘယ်ရွာ မလျှောက်တတ်ပါဘုရား"

"နေပြည်တော်ရောက်အောင် ဘယ်နှစ်နေ့ ဘယ်နှစ်ညများ ခရီးဆက် ကြရဦးမှာလဲ ဆင်ကဲ"

"ညဥ့်အခါ စခန်းချနား၊ နေ့အခါ တိတ်တဆိတ် လျှို့ဝှက်ခရီးဆက်ရ မှာမို့ နေ့ညရက်မမှန်းတတ်ပါဘုရား"

"လနဲ့များချီကြာမှာလားကွယ်"

"မကြာနိုင်ပါဘုရား၊ ပန်းကျော့်မြင်ရရင်တော့ ခြောက်ရက်လို့ အတိ အကျပြောနိုင်ကြောင်းပါဘုရား"

"အေးကွယ်၊ မင်းနဲ့တွေ့ရပေလို့သာပဲနော်"

လှပငယ်ရွယ်သော တောင်မိဖုရား၏အသံကို နားစွင့်မိရင်း ကျွန်ုပ်မှာ ဘာကြောင့်မှန်းမသိ၊ မအီမသာ ခံစားနေရတော့သည်။

၆

ညဥ့်အခါ စခန်းချလျှင် ကျွန်ုပ်က အိပ်ဖန်စောင့်ရပါသည်။ တောစခန်း ကြုံလျှင် သစ်ပင်တွင် လင့်စင်ဖွဲ့လျက် မိဖုရားကို လင့်ပေါ်တက်စေကာ ကျွန်ုပ် တို့က သစ်ပင်အောက်မှ စောင့်ကြရပါသည်။ ရွာစခန်းကြုံသောအခါ မိဖုရား ကို တဲအိမ်ထက်မှာ အိပ်စေလျက် ကျွန်ုပ်တို့က မြေပြင်မှာ အိပ်ကြသည်။

ဤအရာအားလုံး ဆရာ့အစီအမံပင် ဖြစ်သည်။

"တပည့်ရေ၊ မိဖုရားကိုပို့ပြီးဂရုစိုက် စောင့်ရှောက်ရမယ်ကွယ့်၊ ခမ များ ရွှေနန်းထက်မှာ ရွှေလင်ပန်းနဲ့ အချင်းဆေးခဲ့တာ၊ အင်မတန် နုနယ်တာ ကလား၊ ပြီးတော့ မိန်းမသား၊ စစ်ကြီးအတွင်းက မိန်းမသား၊ ကိုယ့်နှမလို၊ ကိုယ့် အစ်မလို သဘောထား စောင့်ရှောက်ကြရမယ်ကွယ့်" ဟု ဆရာ တဖွဖွပြောသည်





သို့သော် ဆရာ့မျက်နှာမှာ မသာမယာ ရှိနေသဖြင့် ကျွန်ုပ်စိတ်ထဲမှာ လည်း သရိုးသယီ ခံစားနေရလေသည်။ ဆင်ကဲကောင်းတစ်ယောက်အနေ ဖြင့် ဆရာသည် ခရီးပမ်းမှုဒဏ်ကြောင့် ညှိုးငယ်ခြင်း မဖြစ်တန်ရာ။

တစ်ရက်-နှစ်ရက်-သုံးရက် . . . ငါးရက်လွန်မြောက်ပြီးနောက်တွင် ကျွန်ုပ်တို့၏ အပြန်ခရီးမှာ ခရီးကြမ်းဟု မဆိုသာတော့ပါ။ အထက်အညာ ဒေသ သို့ ချဉ်းနင်းမိပြီဖြစ်သဖြင့် ရဲမြတ်စွာလည်း ချွန်းပင်မတို့ရတော့ပါ။

သို့သော် ဆရာ့မျက်နှာမှာ နေပြည်တော်ဘက်နီးလေလေ ညှိုးငယ်လေ လေ ဖြစ်လာသည်မှာ သိသာလွန်းပါသည်။ ဆရာ့ကို ထိုအသွင်ဖြင့် တွေ့ရ သောကြောင့် ကျွန်ုပ်လည်း နှလုံးဝမ်း မချမ်းမြေ့ပါ။

ရှစ်ရက်မြောက်နေ့တွင် ကျွန်ုပ် မနေနိုင်တော့ပါ။

"ဆရာ ဘာဖြစ်လို့လဲဟင်၊ နေမကောင်းဘူးလား၊ ဆရာ့မျက်နှာ သိပ် ညှိုးနေတယ်"

"ငါ နေကောင်းပါတယ် တပည့်ရယ်၊ ဘာမှမဖြစ်ပါဘူး"

"တစ်ခုခုတော့ ဖြစ်ရမယ်ဆရာ၊ အခုဆိုခရီးလမ်းလဲ မကြမ်းတော့ ပါဘူး၊ ရဲမြတ်စွာတောင်မှ အတော်ကြီး လန်းဆန်းနေပါပြီ"

"ဘာမှမဖြစ်ပါဘူး တပည့်ရယ်"

ကျွန်ုပ်၏ ရင်ထဲ၌ ဇလုံးဇလုဖြင့်ပင် နေလိုက်ရပါသည်။ သို့ဖြင့် ဆယ် ရက်မြောက်နေ့တွင် ကျွန်ုပ်တို့အင်းဝနေပြည်တော် ရောက်ခဲ့ကြသည်။ အဖွေ့ အရှာ အကြိုထောက်သည်ဆိုသော မြင်းသည်အဖွဲ့နှင့်ကား မတွေ့ပါ။

မြို့ပြင်တွင် ကျွန်ုပ်တို့ဆရာတပည့်နှင့် မိဖုရားပါ ဦးဆံဆေးကြောသန့် စင်ပြီးမှ ရွှေတော်မှောက် ဝင်ခွင့်ရကြသည်။

ကျိုးကြောင်းစုံလင်ကို ဘုရင်မင်းမြတ်အား အသေးစိတ် သံတော်ဦးတင် ကြရပါသည်။ ဘုရင်မင်းမြတ်သည် တိတ်ဆိတ်စွာ စူးစိုက်နားဆင်ရင်း ကျွန်ုပ် တို့၏ သံတော်ဦးစကား ဆုံးသောအခါ -

"အိမ်း၊ ငါ့မိဖုရားရှင် မိနောက် ရန်သူ့လက်ပါသွားပြီး ရာဇာမိရာဇ်က ရားမြောက်တယ်ကြားရကတည်းက ငါ နှလုံးမသာ ဖြစ်ခဲ့ရတာ၊ တောင် မိဖုရားကို မောင်မင်းတို့ ခုလိုတွေ့ပြီး ဆောင်ကြဉ်းလာတော့မှ စိတ်ထဲသက် သာတော့တယ်၊ အားရလှတယ် မောင်မင်းတို့" ဟုဆိုကာ ကျွန်ုပ်တို့နှင့်အား ဆုလာဘ်များ ချီးမြှင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စာသာပိတ်အုပ် ငွေခွက်တို့ကို လက်ခံရင်း ဆရာ့ကို ကျွန်ုပ်လှမ်းကြည့်လိုက်သည်။ အလိုဆရာ့မျက်နှာ သွေးဆုတ်ဖြူလျော်နေပါလား။ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် နှစ်ထောင်အားရ ဆိုတော်မူကာ ဆုလာဘ်ချီးမြှင့်ခြင်းခံယူနေချိန်ဝယ် ဆရာဘာကြောင့် မျက်စိမျက်နှာ ပျက်ရသနည်း။ ကျွန်ုပ်နားမလည်ပါ။

၂

ယခုတော့ -

ကျွန်ုပ်နားလည်ရပါပြီ။ ဩော် နားလည်ရပါပြီ။

လောကစံဆိုသည်မှာ ဤအရာပဲလား။ ဆုလာဘ်ဆိုတာ ဤအရာလား။ ဖြစ်ရလေခြင်း ဆရာသခင်ရယ်။

မိဖုရားတစ်ပါး၏ အမှတ်မဲ့ယောင်ရမ်းဆိုမြည်သော နှုတ်ထွက် စကားသံလေးတစ်ချက်။ 'အို. . . ဆင်ကဲလေ' တဲ့။ တောင်မိဖုရားသည် ဘုရင်မင်းမြတ်နှင့်အတူ စံစားရင်း ကွမ်းညှပ်ကွမ်းကျပ်လွတ်အကျ၌ 'အို ဆင်ကဲ... ဟု ယောင်ရမ်းလိုက်သည်တဲ့။

ဘုရင်မင်းမြတ် အမျက်တော် ထွက်ခဲ့ပြီ။

ယောင်ရမ်းဆိုမြည်စကား ဆိုသည်မှာ စိတ်ထဲစွဲလမ်းနေသောအရာတဲ့ ဖုံးကွယ်ထားသော အရာတဲ့။ လျှို့ဝှက်ထားသောအရာတဲ့။ 'အို ဆင်ကဲ... ဟု ယောင်ရမ်းခြင်း၏ နောက်ကွယ်တွင် . . .။

ကျွန်ုပ်ဆရာကို ဘုရင်မင်းမြတ် ထပ်မံဆင့်ခေါ်စစ်မေးသည် ... နောက်မှသိရပါသည်။

"စိတြ၊ နင် ငါ့မိဖုရားနဲ့ အဆက်အဆံအငြိအစွန်း မုချရှိခဲ့ရမယ်၊ မှန် ... ထွက်ဆို" တဲ့။

ဆရာက ဖြစ်ကြောင်းကုန်စင်ကို သံတော်ဦးတင်ခဲ့ပါသည်။ တောစခန်း ... တောလမ်း၊ ရွာစခန်း၊ ရွာလမ်း၊ လင့်စင်ထိုး၍ အိပ်စက်စေပုံ၊ အိမ်ပေါ် ... အိပ်စက်စေပုံ၊ ကျွန်ုပ်တို့က သစ်ပင်အောက်၊ အိမ်အောက်မြေပြင်မှာ ... ကြပုံ၊ ဆရာ သစ္စာရဲရဲကြီး ဆိုခဲ့သည်။

သို့သော် ဘုရင်မင်းမြတ် ယုံကြည်တော်မမူပါ။

"နင် စကားလှအောင်လျှောက်တာ နင်ငြိစွန်းခဲ့လို့သာ၊ အို ဆင်ကဲ...





ယောင်ရမ်းစကားထွက်တာ . . . "

ဟုဆိုကာ အင်းဝပြည့်ရှင်သခင်ကြီးသည် သူ့မိဖုရားသူ မည်သို့မျှအရေး... တော်မယူဘဲ ကျွန်ုပ်၏ဆရာကိုသာ . . .

"ကွပ်မျက်စေ" အမိန့်တော်မှတ်လိုက်ပါသည်။

မိဖုရားတစ်ပါး၏ ယောင်ရမ်းစကား တစ်ချက်ဘုရင်တစ်ပါး၏ ဒေါသ ...အမျက်၊ သံသယတစ်ချက်လွှတ် အမိန့်တော်အောက်၌ ကျွန်ုပ်၏ဆရာ သူတော် ...ကောင်းကြီး၊ တစ်ပါးသူကို ကူညီဖို့သာနားလည်သူကြီးအသက်ဆုံးခဲ့ရပါပြီကော။

၈

ဆရာ့ကို ကွပ်မျက်ပြီးမှ ဘုရင်မင်းမြတ်သည် ကျွန်ုပ်ကို ခေါ်ယူစစ် ...ဆေးပြန်ပါသည်။ ကျွန်ုပ်က ဆရာ့အကြောင်းကို သိသမျှအားလုံး အစအဆုံး ...သံတော်ဦးတင်လိုက်ပါသည်။ ဆရာသည် မြင့်မြတ်သော ပရဟိတသမား... ...ကြောင်း ရဲရဲကြီး သစ္စာဆိုအာမခံလိုက်ပါသည်။ ရဲမြတ်စွာနှင့် အဆုတ်လမ်း ...နီးတစ်လျှောက် အတွေ့အကြုံကိုလည်း အံသေးစိတ် ရှင်းပြလိုက်ပါသည်။ ဆရာသည် အပြစ်ဆို၍ မြူတစ်မှုန် မှဲ့တစ်ပြောက်မစွန်းသူ . . .။

သည်တော့မှ ဘုရင်မင်းမြတ် ကြေကွဲစွာဆိုမြည်သည်။

"သစ္စာရှိကျွန်ကိုမှ ငါသတ်မိပါပကော" တဲ့။

ပြီးတော့ ဆရာ့သားကို ဆင်ကဲခန့်၍ ကျေးရွာမြို့ပြစား ပေးသနားပါ ...သည်။ သို့သော် ဆရာကား မရှိတော့ပါပြီ။

အို . . . လောကပါလ နတ်မင်းတို့။

ဤလောကဝယ် တရားမဆိတ်သုဉ်းဟုဆိုပါသည်။

မှန်မြတ်သန့်ရှင်းသော နှလုံးသားရှင် ဆရာဆင်ကဲတစ်ယောက်ကမူ ...ကားတစ်ချက် ဒေါသတစ်ချက်၌ အသက်ဆုံးခဲ့ရပါပြီ။

နတ်မင်းတို့ မသိကြပါသလော။

အို . . . အဟိတ်တိရစ္ဆာန်စင်စစ်ဖြစ်လေသော ဆင်တော်ရဲမြတ်စွာ ...သိပါသည်။ ရဲမြတ်စွာသိပါသည်။ ရဲမြတ်စွာ သိပါသည် . . .။

မှန်နန်းရာဇဝင်တော်ကြီး၊ သတ္တမတွဲ၊ စာ-၄၈၃-...
ကို ကိုးကား...

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## လိပ်တစ်ကောင်အကြောင်း

ဘူရိဒတ်ဇာတ်တော်ကြီးကို အခြေခံလျက် "စာမရှိသို့ထူးထူးခြား" အမည်ရှိ ဝတ္ထုတစ်အုပ် ကျွန်တော်ရေးခဲ့သည်။ လက်ရင်းထားသော ကျမ်းတိုးမှာ မင်းပူးလေသာ ဆရာတော်အရှင်နန္ဒမေဓာ၏ ဘူရိဒတ်ဇာတ်တော်ကြီး တအုပ်ဖြစ်၏။ ရေးဖို့အတွက် လက်လှမ်းမီသမျှ ဆန့်ထုတ်ကာ ရှာဖွေဖတ်မှတ်ရသည်မှာ ပင်ပန်းသလောက် ပီတိလည်းဖြစ်ရ၏။ စာရေးဆရာအချို့ ကြုံဖူးသလိုပင် ကျွန်တော်လည်း ကြုံရသည်မှာ မှီငြမ်းကိုးကားစာအုပ်များကို ဖတ်ရင်းဖတ်ရင်း ကိုယ်ရေးဆဲဝတ္ထုကို ဆက်မရေးဖြစ်သေး (ဆက်မရေးချင်သေး)ဘဲ တအုပ်စင်မှနေ၍ တစ်အုပ်ပြီးတစ်အုပ် ဆွဲဖတ်မိခြင်းပင် ဖြစ်ပါသည်။

ရေးနေရင်းမှ ဖတ်ခြင်းဘက်လှည့်သွား၏။ ရေးသည့်ဘက်ပြန်မလှည့်ဖြစ်။ မင်းပူးလေသာဆရာတော်၏ ဘူရိဒတ် ဇာတ်တော်ကြီးကို ဖတ်ရင်းဖတ်ရင်း "နဂရအခန်း"သို့ ရောက်သွားသည်။ နောက်ထပ်ပေါက်ဖွားမှုတစ်ခု ကြုံလိုက်ရ၏။

"နာဂရအခန်း"ထဲမှ စိတ္တစူဠလိပ်အကြောင်း ဖတ်မိသောအခါ ရေးနေဆဲ 'စာမရှိသို့ ထူးထူးခြားခြား' ကိုမေ့သွားကာ၊ စိတ္တစူဠလိပ်အကြောင်း ရေးချင်လာ၏။ လုံးချင်းဝတ္ထုရေးရင်း၊ ထိုဝတ္ထုအတွက် မှီငြမ်းကိုးကား စာအုပ်အချို့ရှင်း

www.burmeseclassic.com

ဝတ္ထုတိုတစ်ပုဒ် 'ကြားဖြတ်အစီအစဉ်' ဖြင့် ကောက်ရေးချင်လာသည်။ ပင်မ ရေစီးကြောင်းကြီးမှ ခွဲထွက်စီးဆင်းသွားသော ချောင်းငယ်လက်တက်လေး သဖွယ်ပင်။

ယခုဝတ္ထုတိုကား၊ ထိုသဘောကိုဆောင်သည့် ဝတ္ထုတိုတစ်ပုဒ်ဖြစ်ပါသည်။

၁

ကိုင်း . . . ဘယ်နဲ့ လုပ်ရပါ့မလဲကွယ်ရို့။

အသက်နဲ့ခန္ဓာ အိုးစားကွဲဖို့ဟာ တည်းတည်းလေးပဲ ရှိတော့တယ်။

သေမင်းရဲ့ အနံ့ကို နီးနီးကပ်ကြီး ရှူရှိုက်မိနေပြီ။

ကျုပ်ကို သတ်ဖို့ သူတို့တိုင်ပင်နေကြပြီ။

မြိန်ရည်ယှက်ရည် ဆွေးနွေးနေကြပြီလေ။

"ဆုံထဲထည့်ပြီး ကျည်ပွေ့နဲ့ မှုန့်မှုန့်ညက်ညက် ကြေမွသွားအောင် ထောင်းပစ်ကွာ"အသံလေး . . . လေး ရက်စက်လှချည့်၊ သူ့အသက် မဟုတ်တိုင်း

"ဟာ . . . အဲဒီနည်းမကောင်းဘူး၊ ဒီလိုလုပ်"

ကျုပ် အသက်မရှူရဲဘဲ နားစွင့်နေရတယ်။

"ချက်စားပစ်မယ်၊ ချက်တာမှ သုံးမျိုးချက်မယ်၊ တချို့အသားကို နူး နေအောင် ပြုတ်ပြီး၊ ဆီသပ်ကြော်ချက်လုပ်၊ တချို့အသားကို အရေကျဲလေးနဲ့ ဆီပြန် ရေပြန်ချက်၊ တချို့ကိုတော့ အနှစ်များများနဲ့ လုံးချက်၊ ဘယ့်နှယ့်လဲ လိပ်သားတစ်မျိုးတည်းနဲ့ ဟင်းသုံးခွက် . . ."

ဟာ . . . သူက ပိုဆိုးပါလား၊ ဒယ်အိုးထဲမှာ မြေအိုးထဲမှာ ဆီပူမြုပ်တွေ ပွက်ပွက်ဆူနေတဲ့ ရေတွေကြားမှာ ပေါလောပေါ်နေမယ့် ကျုပ်ကိုယ်က အသား စိုင်အသားခဲတွေကို မြင်ယောင်လိုက်မိ။ အမယ်လေး လေး . . . ရက်စက်ရဲ့ တင်မက အစားအသောက်ပါ မက်မောအားကြီးတဲ့ လူပါကလား။

အလိုလို ကိုယ်ထဲ အခွံအောက်ပုဝင်သွားတဲ့ ကျုပ်ရဲ့ခေါင်းကို အပြင် မထုတ်ရဲတော့ဘူး။ ဒီဒုတိယလူက စိတ်မြန်လက်မြန်နဲ့ လည်ပင်းဆွဲထုတ်ပြီး ခုတ်ချလိုက်မှဖြင့် . . .။

"ဟာ . . . အဲဒါ ရှုပ်ပါတယ်ကွာ၊ မီးပုံကြီးဖိုပြီး မီးတောက်ထဲ ပစ်ချလိုက်၊ ကင်ပြီးသားဖြစ်ရော၊ လိပ်သားဟာ ကင်စားလို့လည်း ကောင်းမှာပဲကွ"

ပိုးဆိုးသထက် ဆိုးလာပါရော့လား။





"ဟော့ . . . ဟော့ . . . အကောင်းဆုံးနည်းကို ငါစဉ်းစားမိပြီ"

လာပြန်ပြီတစ်ယောက်၊ အကောင်းဆုံးနည်းတဲ့၊ အဆိုးဆုံးဖြစ်မှာပါ . .

"ဘာမှ ကရိကထများစရာ မလိုဘူး၊ ဖိုခနောက် သုံးခုလိုတယ်၊ ဖိုခ နောက်ပေါ်မှာ သင်းကို ပက်လက်လှန်တင်ထားလိုက်၊ သူ့အခွံက သူ့အိုး ပြန် ဖြစ်သွားရော . . . အဲဒါမှ လတ်လတ်ဆတ်ဆတ်"

သွားပါပြီ . . . သွားပါပြီ၊ အရက်စက်ဆုံးနည်းတွေနဲ့ ကျုပ် သေရတော့ မယ်၊ ဘယ်သူမှ မကယ်နိုင်ကြတော့ဘူးလား၊ သည်ကမ္ဘာလောကမှာ 'လိပ်' ဆိုတဲ့ သတ္တဝါတွေ၊ အသိန်းအသန်းချီရှိနေပါရက်နဲ့ ကျုပ်ကျမှ ကြုံရသေခြင်း၊

၂

ဟရာဏသီမြို့တော်ထဲက ရေကန်တွေမှာ ကျုပ် ကျင်လည်ကျက်စား ခဲ့တာ၊ ကာလမနည်းကြာခဲ့ပါပြီ၊ လိပ်တစ်ကောင်အနေနဲ့ ကျုပ် ဘာတစ်ခုမှ ဟုတ်တာမလုပ်ခဲ့ပါဘူး၊ ကူးလိုက်၊ ခတ်လိုက်၊ ရေမှော် ရေညှိတွေ စားလိုက်၊ အချိန်တန်တော့ အိပ်လိုက်၊ ဒါပါပဲ၊ ကျုပ်ဟာ သာမန်မှ တကယ့်သာမန်လိပ် တစ်ကောင်ပါ။ ဘယ်သူ့ကိုမှ ဘာပြဿနာမှ မပေးတဲ့လိပ်ပါ။

ဒါပေမယ့် ကံဆိုးချင်တော့ . . .

တစ်နေ့၊ နန်းမြို့တွင်းက အထောင့်လေးခုရှိတဲ့ ရေကန်တစ်ကန်ထဲ ကျုပ်ရောက်သွားတယ်၊ ဒါကလည်း ဆတ်ဆတ်ဆော့ဆော့ နယ်ကျူးတာ မဟုတ်ရပါဘူး၊ အဲဒီရေကန်ထဲကို ရေသွင်းတဲ့ အပေါက်ရှိတယ်။ ရေသွင်းပေါက် ကနေ ကျုပ်ရောက်သွားတာပါ။ ရေတွေ တဝေါဝေါ ပလုံစီစီးနေတဲ့အထဲမှာ ယက်လိုက် ကန်လိုက်နဲ့ ကျုပ်အဲဒီကန်ကြီးထဲဝင်သွားတာပါ။

ရေရှိတဲ့ ကန်တစ်ကန်ထဲ လိပ်တစ်ကောင် ရောက်သွားတာဟာ ဘာ များထူးခြားလို့လဲ၊ ဒါပေမယ့် ဒီရေကန်ဟာကျုပ်အတွက်သေကန် ဖြစ်လာခဲ့ပေါ့ဗျာ

ရေကန်ရောက်တော့ လိပ်တို့သဘာဝအတိုင်း ရေအောက်ငုပ်သွားလိုက် ရေပေါ်ဖော်ပြီး ခတ်သွားလိုက်ပေါ့၊ ဘာတစ်ခုမှ ကျုပ် အတတ်မဆန်းခဲ့ရပါ ဘူး။ ဒါပေမယ့် . . . .။

ရေပေါ်အသာလေးယက်သွားရင်း ကျုပ် သူတို့လေးတွေကို တွေ့လိုက်ရ တော့တာပါပဲ။ ချစ်စရာ လူသားကလေးငယ်လေးတွေပါ။ ရေထဲမှာ သူတို့လေး နှစ်ယောက် ပျော်ရွှင်စွာ ကူးခတ်ဆော့ကစား နေကြတာကို တွေ့လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနဲ့ ကြာဖက်လေးတစ်ဖက် နားမှာကွယ်ပြီး ကြည့်နေမိတယ်။

အဲဒီအချိန်မှာ သူငယ်မလေးက ကျုပ်ကို လှမ်းမြင်သွားပါလေရော။ ဖြစ်ပုံလေ လူကိုကြောက်တာပေါ့၊ ကလေးမလေးလှမ်းအမြင်မှာ ကျုပ် ရေထဲ စွတ်ခနဲ ငုပ်ချလိုက်တယ်၊ ပြီးတော့ ရေကန်ထောင့်ဘက်ကနေ ခေါင်းအသာဖော်ပြီး ကျုပ်ပြန်ကြည့်မိတယ်၊ သည်တစ်ခါတော့ သူငယ်လေးက ကျုပ်ကို လှမ်းမြင်ပြန်ရော . . .။

တကတည်းဗျာ၊ ကျုပ်တို့ လိပ်တွေဟာ ဒီလောက်ပဲအရုပ်ဆိုးသလား။ သူငယ်ကလေးနဲ့ သူငယ်မလေးဟာ စူးစူးဝါးဝါးအော်ဟစ်ပြီး ရေကန်ထဲကနေ ပြေးတက်သွားကြပါလေရော။

ကျုပ်လေ သူတို့ကို လုံးဝ၊ လုံးဝ ခြောက်လှန့်ခြင်းမပြုပါဘူး၊ ဖြစ်နိုင်ရင် သူတို့လေးတွေနဲ့ လိုက်တမ်း ကူးတမ်းဆော့ကစားချင်တာပါ။

ချစ်စရာလေးတွေပါ၊ တကယ်ပါ၊ သူတို့လေးတွေကို ချစ်တဲ့စိတ်နဲ့ ကျုပ်ကြည့်မိတာပါ၊ ဒီကမ္ဘာရဲ့ သတ္တလောကမှာ သက်တမ်းအရှည်ဆုံးဆိုတဲ့ ကျုပ်တို့ လိပ်မျိုးရဲ့ ဟိုး . . . ပဝေသဏီ ဘိုးဘေးဘီဘင် ကမ္ဘာလိပ်ကြီးတွေရဲ့ ဂုဏ်သိက္ခာနဲ့ ဝိညာဉ်များကို ကျုပ်တိုင်တည် ကျန်တွယ်လိုက်ပါရဲ့။ ကျုပ် သူတို့ကို လုံးဝမခြောက်လှန့်ခဲ့ပါဘူး။

ဒါပေမယ့် . . . ကျုပ် ကံဆိုးခဲ့ပြီကော။

အဲဒီကလေးနှစ်ယောက်က ဟာရာဏသီ မင်းကြီးရဲ့ သားတော်သာဂရနဲ့ သမီးတော် သမုဒ္ဒဇာ . . . တဲ့။

၂

ရေကန်ထဲမှာ ဘီလူးတစ်ကောင်ရောက်နေပြီ၊ သူတို့ကို ခြောက်လှန့်ပါတယ်လို့ ကလေးနှစ်ယောက်က ဘုရင်ကြီးကို တိုင်ကြသတဲ့။

သားသမီးချစ်တဲ့ စိတ်ကြောင့် တစ်ဖက်မှာ ဒေါသလှိုင်းတံပိုး ဖြစ်သွားတာကို ကျုပ်အပြစ်မပြောလိုပါဘူး။ ဒါပေမယ့် ပြည့်ရှင်မင်းနှယ်ဗျာ၊ အတိုင်ခံရတိုင်း မစူးမစမ်း ယုံသတဲ့လား၊ ဘီလူးလား၊ လိပ်လား စုံစမ်းစစ်ဆေးမှုလေးများ ပြုပါဦးတော့၊ အခုတော့ “အမှုနဲ့ လျော်စွာစီရင်ကြ” လို့ အမိန့်တော်မှတ်၊ မှူးမတ် ရဲမက်တွေ လက်ထဲအပ်၊ ဟော. . . အခု၊ ဆခင်အားရ ကျွန်ုဒဏ်ဝ၊ တို့လူတွေက ကျုပ်ကို ခုတ်ထစ်လှီးဖြတ်၊ ဖုတ်ကင် . . . ဖို့ စီရင်ရေး နည်းလမ်းတွေ





တိုင်ပင်ဆွေးနွေးကြ။

ဟင်းသုံးမျိုး ချက်မတဲ့။ မီးပုံထဲပစ်ထည့်ကင်စားမတဲ့၊ အခွံကို အိုးလှုပ်ပြီး အသားကို ကျက်စေမတဲ့။ သွားပါပြီဗျာ၊ သက်တမ်းအရှည်ဆုံးလို့ ကမ္ဘာ့ဦး ဆိုးရတဲ့ လိပ်မျိုးသတ္တဝါထဲမှာ ကျုပ်ဟာကျော်မကောင်း ကြားမကောင်း အရှက်ဆုံးနည်းနဲ့ အသေဆိုးသေရတော့မယ် အသက်အတိုဆုံးလိပ် ဖြစ်ရတော့မှာပါလား။

ကြောက်လွန်းလို့ အခွံအောက်ထဲကို အစွမ်းကုန်ထိုးသွင်းထားတဲ့ ခေါင်းနဲ့လက်၊ ခြေတွေလည်း အခွံထဲမှာ အကြောက်လွန်ပြီး အရည်ဖျော်ကုန်ကြပြီလားမသိ။

သတ်ရင်လည်း မြန်မြန်သတ် လိုက်ကြပါတော့၊ ကျုပ်တစ်ကောင်လုံးကို အလယ်မှာထားပြီး အဲဒီနည်းလမ်းတွေကို မတိုင်ပင်ကြပါနဲ့တော့လို့ အသံကုန်အော်နေမိတယ်၊ ဒါပေမယ့် ကြောက်လွန်းလို့ အသံပျောက်နေတယ်။

အဲဒီအချိန်မှာ . . .

“ရောင်းရင်းတို့ . . . ကျုပ်ပြောတာ နားထောင်စမ်း၊ အကောင်းဆုံးနည်းလမ်းကို ရပြီ”

လာပြန်ပြီ တစ်ယောက်။ ဘယ်လိုများ လုပ်ဦးမှာပါလိမ့်၊ မြင့်မိုရ်တောင်ထိပ်ကနေ ပစ်ချမှာလား၊ ဆင်နဲ့ နင်းသတ်မှာလား ရေနွေးပူ လောင်းဘည့်မှာလား၊ ခေါင်းနဲ့ လက်ခြေလေးဖက်ကနေ ကြိုးဆွဲပြီး ကားစင်တင်မှာလား။

“အဟမ်း . . . ဘယ်လိုလုပ်မလဲဆိုတော့ကာ . . . ဒီလိပ်ယုတ်မာကို”

အံကြိတ်သံ၊ ရင်ခေါင်းသံကြီးနဲ့ အမယ်လေး . . .

ဟင် . . .. ကြားလိုက်ရတဲ့စကား တကယ်မှ မဟုတ်ပါလေစ၊ သွေးနွှေးသွေးတန်းနဲ့ ကြားချင်ရာ ကြားလိုက်မိတာများလား . . .။

“ဘယ့်နဲ့လဲ ရောင်းရင်းတို့၊ ယမုနာမြစ်ဝကြီးထဲ ပစ်ချလိုက်မယ်လေ၊ အလကား အလုပ်ရှုပ်ခံပြီး ချက်ပြုတ်ဖုတ်ကင် လုပ်မနေကြနဲ့၊ လိပ်ယုတ်မာရဲ့ အသားဆိုတာ မစားချင်နဲ့၊ ကျုပ်တို့လဲ ဟဲ. . . ဟဲ. . . ဟဲ. . . ဟိုဒင်း. . . သိပ်သားနဲ့တည့်မှာ မဟုတ်ဘူး၊ တော်ကြာ ဟိုဒင်းပြုနေလိမ့်မယ်”

ကယောင်ကတမ်းကြားတာ မဟုတ်ဘူးဗျို့၊ တကယ်ကြားတာ၊ ဒီပုဏ္ဏားတကယ်ပြောတာ၊ တန်တော့ ဒီလူဟာ ရေကြောက်သူဖြစ်ရမယ်၊ ရေထဲပစ်ချဆိုတာ သူအကြောက်ဆုံး ကိစ္စမို့ သူ့ အကြံရတာဖြစ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း။ လူတွေ . . . လူတွေ . . . ကိုယ် ကိုယ်တိုင် အကြောတ်ဆုံးကိစ္စကို သူများအတွက်ကျတော့ အကောင်းဆုံးလုပ်ပြီး စူးစူးရောက်ရောက် စဉ်းစားနိုင်တတ်ကြပါပေ့။ ဟယ်. . . ဒါတွေမတွေးနဲ့၊သူတို့ဟာသူတို့အကြောတ်ဝဲမြစ်ဖြစ် အကြိုက်ပဲဖြစ်ဖြစ်. . . ဒါ. . . ငါ့အတွက် အခွင့်ကောင်းကွ၊ ကဲ. . .။

တစ်ချိန်လုံး မထုတ်မပြူစတမ်း ဝှက်သွင်းထားတဲ့ ခေါင်းကို အစွမ်းကုန်ဆန့်ထုတ်၊ မျက်လုံးပေကလပ် ပေကလပ် လုပ်ပြီး ကျုပ်ပြောလိုက်တယ်. . .။

“မလုပ်လိုက်ပါနဲ့ ခင်ဗျ၊ ကြောက်လှချည်ရဲ့ခင်ဗျ၊ တခြားဟာတွေ လုပ်ချင်လုပ်ကြပါ၊ ဒီယမုနာမြစ်ဝဲကြီးထဲ ပစ်ချမယ့်ဟာတော့. . . အရှင်ကြီးတို့. . . အမယ်လေးဗျာ၊ လုပ်တော်မမူလိုက်ကြပါနဲ့၊ ပြုတော် မမူလိုက်ကြပါနဲ့ခင်ဗျ”

အမတ်ရဲမက်တွေ မျက်တောင်ပုတ်ခတ်ပုတ်ခတ် ဖြစ်သွားကြတယ်၊ မြစ်ဝဲထဲ ပစ်ချဖို့ အကြံပြုလိုက်တဲ့ ပုဂ္ဂိုလ်ကြီးကတော့ ပါးစပ်ထောင့်စွန်းနှစ်ခုနားရွက်တက်ချိတ်တော့မယ့်အတိုင်း ပြုံးပြုံးကြီးနဲ့ . . .။

“ဟော့. . . ဟော့ ကြားလား၊ အယုတ်တမာလိပ် အကြီးအကျယ်ကြောက်နေပြီ၊ ဒါကို တို့များဘုရင်မင်းမြတ်ဆီ သံတော်ဦးတင်ကြရအောင်၊ လာဟေ့. . .”

သူတို့ထွက်သွားကြတယ်၊ ခဏအကြာ ပြန်ရောက်လာတယ်၊ အမိန့်တော်ရလာခဲ့ပြီပေါ့လေ။ ကျုပ်ကို ယမုနာမြစ်ဆီသယ်မ သွားကြတယ်။ တစ်လမ်းလုံး ကျုပ် ဘာလုပ်တယ် ထင်သလဲ၊ ကယ်ပါ ယူပါ သံကုန်အော်ပြီး တတ်သမျှ မှတ်သမျှ တောင်းပန်စကားတွေကို မနားတမ်းရွတ်တာပေါ့။ ကျုပ်ကတောင်းပန်လေလေ . . . သူတို့က တဟီးဟီး တဟားဟား ရယ်ကြလေ . . .။ ရယ်နှင့်ကြဦးပေါ့ကွာ။

ယမုနာမြစ်ကမ်း ရောက်ပြီဆိုရင်ပဲ၊ အားကောင်းမောင်းသန် လူနှစ်ယောက်က ကျုပ် လက်ခြေတွေကို တစ်ဖက်စီကိုင်ရင်း လွဲယမ်းနေကြချိန်မှာ . . . အမတ်တစ်ယောက်က အာလုပ်သံကြီးနဲ့ . . .

“တရားဇာသီပြည့်ရှင် ဘုရင်မင်းတရားကြီး အမိန့်တော်. . . သားတော်လေး သာဂရနှင့် သမီးတော်လေး သမုဒ္ဒဇာတို့အား ပေါက္ခရဏီ မင်္ဂလာရေကန်တော်အတွင်း ဝင်ရောက်ခြောက်လှန့်သော ဤရန်သူတော် အယုတ်တမာအား ယမုနာမြစ်ဝဲကြီးအတွင်း ခနေးအလျင် အဝေးသို့ စင်ထွက်သွားအောင် ပစ်ချစေ. . . အမိန့်တော်. . .”

မြစ်ရေပြင်နဲ့ မထိတွေ့ခင် သူတို့လွှဲယမ်းပစ်ချလိုက်တဲ့ အရှိန်နဲ့ ဇော





ဆဲမှာ လိမ့်ခေါက်ကွေး လွင့်ဝဲနေရင်းမှာပဲ၊ ကျုပ်အသံကုန်ထုတ် ကြွေးကြော်လိုက်တယ်။

“လိပ်ကို ရေထဲပစ်ချ စီရင်သတဲ့၊ ဟားဟားဟား . . . ဟီးဟီးဟီး . . . အောင်မယ်မင်း အရပ်ကတို့၊ အမိန့်တော်တဲ့ . . . ဟေး လွတ်ပြီ၊ ကျွတ်ပြီ၊ စိတ္တစူဠတဲ့ဟေ့ . . .”

၄

ရေဝဲကြီးက ကျုပ်ကို စုပ်ယူသွားတယ်။ ရေအောက်မှာ ခွားခုဟတ်လည်ရင်း မျှပ်ဆင်းသွားတော့တယ်။ ကြည့်စမ်း . . . လကခေလောကမှာ အပြောင်းအလဲ မြန်လိုက်တာ၊ စောစောလေးကတင် ကျုပ်ဟာ ကမ္ဘာပေါ်မှာ ကံအဆိုးဆုံးလိပ်၊ ဟော. . . အခု ကံအကောင်းဆုံးလိပ်။ အဲ. . . ဉာဏ်ကောင်းလို့ ကံကောင်းတာပေါ့နော်. . .။

ဝဲကြီးက စုပ်ယူသွား၊ စိတ်လွတ်ကိုယ်လွတ်၊ ခေါင်းလွတ် ခြေလွတ်ကျွမ်းထိုး မှောက်ခုန်နဲ့ ပါသွားလိုက်တာ တဖြည်းဖြည်း နက်သည်ထက် နက်၊ မှောင်သည်ထက် မှောင်. . . နောက်ဆုံးကိုယ့်လက်ကိုတောင် ပြန်မမြင်နိုင်တော့အောင် ပိန်းပိတ်သား မှောင်မိုက်သွားတဲ့အဆုံး . . .

ဟာ. . . ဘယ်လိုဖြစ်တာလဲ၊ အမှောင်ထုကြီးဟာ တိနခဲဆုံး၊ ရေအောက်မြင်ကွင်းကြီးတစ်ခုလုံး လင်းထိန်တောက်ပသွားပါလား။

“ဟေ့. . . လိပ်တစ်ကောင်ပါလား”

“ဖမ်းကြဟေ့ ဖမ်းကြ၊ ကျက်သရေမရှိတဲ့လိပ်”

အုတ်အုတ်ကျက်ကျက် အသံတွေနဲ့ ကျုပ်ဆီ တစ်ဟုန်ထိုး ကူးခတ်လာကြတဲ့ စိမ်းဖန့်ဖန့် ဝင်းလက်လက် အကြေးခွံတွေ အလိပ်လိပ်. . .။

“ဟင်. . . နဂါးတွေပါလား”

တုန်လှုပ်သွားတဲ့ ကြောက်စိတ်ကို ချက်ချင်းပြန်ထိန်းလိုက်တယ်။ ကုန်းနေသတ္တဝါလည်းဖြစ်၊ အသိဉာဏ်အမြင့်ဆုံးဆိုတဲ့ သတ္တဝါလည်းဖြစ်တဲ့ လူသားတွေကိုတောင် လှလှပပကြီး လှည့်စားနိုင်ခဲ့သေးတာ ရေနေသတ္တဝါချင်းဖြစ်တဲ့ နဂါးလောက်များတော့ ငါက ဘာ ဖြစ်လို့ကြောက်ရမှာလဲ။ စိတ္တစူဠပါကွာ ဟင်း. . . . ဟင်း။

ကျုပ်ကို ဝိုင်းရံထားတဲ့ နဂါးတွေကြည့်ရတာ အရွယ်စုံ နဂါး



www.burmeseclassic.com

www.burmeseclassic.com



လုလင်တွေပဲ၊ သူတို့ကြည့်ရတာ ရေလောကကြီးအကြောင်း သိပ်သိသေးဟန်မတူပါဘူး။ ကျုပ်က ကြောက်စိတ်ကို အမူအရာမပျက်ထိန်းပြီး . . .

"သင်တို့ . . . ဘယ်က နဂါးတွေလဲ"

"ကျုပ်တို့ဟာ၊ မတေရွှေ နဂါးမင်းရဲ့ သားတွေပဲ"

"ဩ . . . ဟုတ်လား၊ မတေရွှေ နဂါးမင်းရဲ့ သားတော်တွေ ဖြစ်လျက်နဲ့ ရှုန့်ရင်းကြမ်းတမ်းစွာ ပြုမူပြောဆိုရသလားကွ ဟေ"

သူတို့ တစ်ချက် တွေခနဲဖြစ်သွားကြချိန်မှာ ကျုပ်က ခပ်ဖိဖိကလေး ဆက်ဟောက်လိုက်တယ်။

"မှတ်ထားကြစမ်း၊ ငါ့ နာမည်က စိတ္တစူဠ လို့ခေါ်တယ်၊ ငါဟာ တာရာဏသီမင်းကြီးရဲ့ တမန်အမတ်ကြီး ဖြစ်တယ်၊ မင်းတို့အရှင် မတေရွှေနဂါးမင်းထံ ငါ့အရှင်ရဲ့ သမီးတော်ကို ဆောင်နှင်းဖို့အရေးတော်အတွက် လာခြင်းဖြစ်တယ် သံတမန်ကို ဒီလိုဆက်ဆံရသလားကွဲ့ . . . ဟင်"

"ဟာ . . . ဒီလိုမှန်း မသိလို့ပါ၊ တမန်လိပ်ကြီးရယ်"

"အေး . . . မသိလို့ဆိုလဲ ငါခွင့်လွှတ်လိုက်တယ်၊ သို့ပေမယ့် ငါ့အရေးတော်ဆောင်ရွက်ဖို့ မင်းတို့အရှင်နဂါးမင်းကြီးရှေ့တော်မှောက် အခုပဲ ငါ့ကို ဆောင်ပို့ကြစမ်း"

နဂါးမင်းကြီး ရှေ့မှောက် အရောက်ခေါ်သွားကြချိန် လမ်းမှာကျုပ်စဉ်းစားမိသေးတယ်။ လုလင်တွေကို လှည့်စားလို့ရပေမယ့် မတေရွှေမင်းကို လှည့်စားလို့မှရပါမလား၊ နဂါးဆိုတာ အမျက်စောင်မာန်ကလည်း ကြီးပါဘိနဲ့ အို . . . ကုန်းပေါ်မှာတောင် ငါဥပါယ်နဲ့ လွတ်မြောက်ခဲ့သေးတာပဲ၊ ရေအောက်မှာ ဘာကြောင့် မလွတ်နိုင်ရမလဲ။ ငါ့ဟဲ့နေဘ် . . . စိတ္တစူဠ လိပ်။

ထင်တဲ့အတိုင်းပါပဲ။ မတေရွှေမင်းကြီးဟာ ကျုပ်ကိုလည်း မြင်ရော မျက်မှောင်ကြုတ် မျက်လုံးတွေ နီလာပြီး . . .

"အဆင်းယုတ်တဲ့ ကိုယ်ခန္ဓာ အတ္တဘောနဲ့ ဒီလို လိပ်သတ္တဝါမျိုးကို တာရာဏသီမင်းက တမန်အဖြစ် မလွှတ်တန်ကောင်းဘူး"

ကျုပ်က လည်ပင်းကို အရှည်ဆုံးဆန့်ထုတ်ပြီး အာလုပ်သံနဲ့ ပြောလိုက်တယ်။

"နဂါးမင်းကြီး ဘယ်သို့ဆိုလိုက်ပါသလဲ၊ ထန်းပင်လောက်ကြီးမှ မြင့်မှ တမန်တော် ခေါ်ထိုက်ပါသလား၊ တမန်တို့မည်သည်မှာ ကြီးခြင်း၊ ငယ်ခြင်း ပမာဏက အရေးမကြီး၊ သွားရောက်လေရာမှာ တမန်တို့လက္ခဏာနှင့်အညီ





ပြုရမယ့် အရေးကို တင့်တယ်ပေါက်ရောက်၊ ပြေပြစ်စွာ ပြီးစီးနိုင်ခြင်းသာ အဓိကဖြစ်ပါတယ်"

မတေရွှေမင်းက ကျုပ်ကို ငိုင်ကြည့်နေတယ်။

"နဂါးမင်းကြီး၊ ကျုပ်တို့ရဲ့ တာရာဏသီမင်းကြီးမှာ တမန်မျှ တယ်။ ကြည်းကုန်းမှာ လူသား၊ ကောင်းကင်မှာငှက်၊ ရေမှာတော့ ကျွန်ုပ် စိတ္တစူဠကို တမန်စေတယ်၊ သာမည လိပ် မဟုတ်လေသော ကျွန်ုပ်၊ အရာအထူးရတဲ့ လိပ်အမတ်၊ တာရာဏသီပြည့်ရှင်မင်းနဲ့ ရင်းနှီးကျွမ်းဝင် အထူးခင်မင်ယုံကြည်သော လိပ်မြတ်၊ လိပ်ကောင်းကို အရှင်မင်းကြီး ပုတ်ခတ်နှိပ်နယ်စကားဆိုတော်မမူ သင့်ကြောင်းပါ . . ."

နဂါးမင်းရဲ့ အနီရောင်မျက်လုံးဖျော့လာတယ်။

"သင် . . . . ဘယ်အကြောင်းနဲ့ ဒီကိုရောက်လာသလဲ"

ကျုပ် ရွှန်းရွှန်းဝေအောင် ဆက်ပြောလိုက်တာပေါ့။ တာရာဏသီမင်းကြီးဟာ ဇမ္ဗူဒိပ်ကျွန်း အပြင်လုံးမှာ တစ်ရာ့တစ်ပါးသောမင်းတို့နှင့် မဟာမိတ်ပြုကြောင်း . . . . . ယခုအခါ မတေရွှေမင်းတစ်ပါးသာ ကျန်တော့ကြောင်း၊ သမီးတော် သမုဒ္ဒဇာနဲ့ မတေရွှေမင်းကို ရွှေလက်ဆက်စေပြီး နှစ်ပြည့်တစ်ပြည် ရွှေလမ်း၊ ငွေလမ်းဖောက်လိုကြောင်း၊ သာသာထိုးထိုးပေါ့လေ။ သမီးတော် သမုဒ္ဒဇာ၊ ရွှေလမ်း၊ ငွေလမ်းဆိုတဲ့စကားတွေလည်း ကြားရော၊ နဂါးမင်းရဲ့ မျက်လုံးအနီရောင်ဟာ တစ်ခါတည်း ပျောက်သွားတယ်။ ဟင်း . . . . ဟင်းဒါမျိုးဆိုရင် နဂါးမင်းကြီးလည်း ဘယ်ခံနိုင်လိမ့်မတုံး။

မတေရွှေမင်း ငိုင်နေတုန်းမှာ ကျုပ်က ဆက်နင်းလိုက်တယ်လေ။

"အဲဒါကြောင့် အရှင်မင်းကြီးအနေနဲ့ မင်းချင်းစုံရာတို့ကို ကျွန်ုပ်နဲ့အတူ ထည့်လွှတ်စေတော်မူပါ။ ထိမ်းမြားဆောင်နှင်းရမယ့်အချိန်အခါကို မနှေးအမြန် ချိန်းချက်သတ်မှတ်စီစဉ်တော်မူပါ"

ဘာပြောကောင်းမလဲ၊ ချက်ချင်းပဲ ကျုပ်ကို တမန်တော်လိပ်ကြီးဆိုပြီး အဆောင်အယောင်တွေ၊ ဘွဲ့ထူးတွေနဲ့ဂုဏ်ပြုချီးမြှောက်၊ နောက် နဂါးလုလင်လေးယောက်ကို ခေါ်ပြီး . . . . . ။

"မြတ်သော တမန်တော်လိပ်ကြီးနဲ့အတူ သင်တို့ တာရာဏသီကို လိုက်သွားကြ။ သမုဒ္ဒဇာမင်းသမီးလေးနဲ့ ကိုယ်တော်နဲ့ထိမ်းမြားဆောင်နှင်းဖို့ အရေး မင်္ဂလာရက်မြတ် ချိန်းချက်သတ်မှတ်ကြစေ"



www.burmeseclassic.com

www.burmeseclassic.com

၅

ည့်နောက်မှာတော့ အားလုံးအလွယ်တကူ ဖြစ်သွားခဲ့မြိလေ။

တမန်တော်ကြီးအဆောင်အယောင်နဲ့ နဂါးတွေအလယ်မှာ အခန့်သား လိုက်ပါလာရင်း ယမုနာမြစ်နဲ့ တာရာဏာသီပြည်အကြား လမ်းခရီးတစ်နေရာက ကြာအိုင်ကြီးတစ်ခုဆီ အရောက်မှာ . . . .

"ဟဲ့ . . . . . လုလင်တို့၊ ခဏရပ်ကြစမ်း၊ ဒီကြာအိုင်မှာ စခန်းတစ်ထောက် နားကြမယ်"

တမန်တော်လိပ်ကြီးရဲ့ အမိန့်လေ။

"ငါ့အရှင်ရဲ့ သားတော်၊ သမီးတော်များက မှာလိုက်တယ်ကွဲ့၊ နဂါးပြည်က အပြန်မှာ ထူးကဲတဲ့ကြာပွင့်ကြာရွက်တွေကို ဆောင်ကြဉ်းခဲ့ပါတဲ့ . . . . မင်းတို့ယူလာတဲ့ ပဏ္ဏာတော်တွေကလည်း တစ်မျိုးတစ်ဘာသာပေါ့ကွယ်။ ငါကလည်း အရှင့်သားတော်၊ သမီးတော်များကို ပဏ္ဏာဆက်ဖို့ ကြာပန်းတွေ ချိုးရဦးမယ်၊ ကြာအိုင်ကြီးထဲမှာ ငါ့ကို ခဏလွှတ်ပေးကြစမ်း"

တမန်တော်တို့ မဟာဗ္ဗြန္တေနဲ့ ကျုပ်နေရာယူလိုက်ပြီးမှ

"အင်း . . . . တာရာဏာသီနန်းဆောင်ဆီ မင်းတို့သွားနှင့်ကြ၊ ငါ့ကိုမေးရင် ကြာပန်းတွေခူးနေပါတယ်လို့ သံတော်ဦးတင်လိုက်ကြ။ အေးလေ ငါက မင်းတို့အလျင် နန်းတော်တံခါးဝ ရောက်နေနှင့်မှာပါ . . . ."

ကြာအိုင်တစ်ဖက် ချုံကွယ်ဆီကို ကျုပ်တစ်ရွေ့ရွေ့ထွက်လာခဲ့တယ်။ နဂါးလုလင်တွေ မမြင်နိုင်တဲ့လုံခြုံရာတစ်နေရာရောက်တော့ မတရဋ္ဌမင်းချီးမြှင့်လိုက်တဲ့ ပုလဲလည်ဆွဲတွေ၊ ရတနာတွေ အဆောင်အယောင်တွေ အားလုံးကို ချွတ်၊ ပကတိလွတ်လပ်သော လိပ်တစ်ကောင်ရဲ့အနေအထားကို ယူ ကြာနံ့သင်းတဲ့လေကို တစ်ဝကြီးရှူရှိုက်။ အား . . . . အရသာရှိလိုက်လေခြင်း

ချုံအကွယ်ကထွက်၊ မြက်ဖုတ်ကမူလေးပေါ် တက်။

ကုန်းလောက၊ ရေလောက၊ သတ္တလောကတစ်ခုလုံး ပဲ့တင်မြည်ဟည်းသွားအောင် (သူတို့ကြားတာ မကြားတာတော့ ကျုပ်မသိ) ကြွေးကြော်လိုက်တယ်။

"စိတ္တာစုဋ္ဌတဲ့ဟေ့ . . . . ."

သီဟရတနာစာပေ



ရေအိုင်မျက်နှာပြင်ဆီ ကျုပ်ရဲ့ကိုယ်လုံးလိုမ့် ထိုးဆင်းလိုက်တဲ့ 'ဘွမ်း' ခနဲရေသံနှင့်အတူ တာရာဏာသီမင်း၊ မတရဋ္ဌနဂါးမင်း၊ နဂါးလုလင်များ၊ သမီးတော် သမုဒ္ဒဇာတို့နှင့်တကွ၊ ဟိုး . . . . ကျုပ်ကို ဆုံထဲ ထည့်ယောင်းယင်းသုံးမျိုးချက်စားမယ့်၊ အမတ်ရဲမတ်တွေအားလုံး . . . . အားလုံး . . . . ပြော် . . . . . အထူးသဖြင့် ယမုနာမြစ်ဝဲထဲ ပစ်ချကွာလို့ အကြံပေးခဲ့တဲ့ မောင်မင်းကြီးသား ပုဂ္ဂိုလ်ကြီးရောပေါ့ . . . . . သင်းတို့အားလုံး နောက်ပိုင်းဖြစ်ချင်ရာဖြစ်ကြ။ ကျုပ်နဲ့မဆိုင်။ ကျုပ်ကတော့ လွတ်ပြီ၊ ကျွတ်ပြီမို့ . . . . .

"စိတ္တာစုဋ္ဌ . . . . . တဲ့ . . . . . ဟေ့ . . . ."

ရွှေပုဇွန်တွေအင်း ၁၉၉၇

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ဘက်ဂရောင်း

အတ်တာဂယ်လာရီတစ်ခုဖွင့်ပေးမည်ဟု ကျွန်တော့်မိတ်ဆွေက ပြောသောအခါ ဝမ်းသာရိပ်ကလေး ရင်မှာဖြတ်သွားသည့်အထဲကပင် ကျွန်တော် ပြန်ပြောလိုက်၏။

"အေးအေးဆေးဆေး နေစမ်းပါဗျာ။ ခင်ဗျားရဲ့ငွေတွေကို အစုရှယ်ယာလုပ်ငန်းတွေမှာပဲ မြှုပ်နှံပြီး တိုးပွားအောင် လုပ်စမ်းပါ"

မိတ်ဆွေက သွားကြားထဲမှ ကျစ်ခနဲအသံပြုကာ . . . .

"ခက်များ ခက်ရချည့်ရဲ့။ ခင်ဗျားရဲ့ အနုပညာတွေ မှိုတက်ဆွေးမြည့်သွားမှာ ကျွန်တော်မကြည့်ချင်လို့လုပ်တဲ့ ဥစ္စာများ။ ကျွန်တော်က အနုပညာကို ဖန်တီးနိုင်သူမဟုတ်ဘူး။ ဒီတော့ ဖန်တီးနိုင်သူနဲ့ ပါရမီရှင်ဆိုပါစို့လေ။ ဒီလိုလူမျိုးကို ကျွန်တော်တတ်နိုင်တဲ့ဘက်ကနေ ကျောထောက်နောက်ခံပြုပေးချင်တာ။ အနုပညာကိစ္စဆိုတာ လူသာမုခေါ်၊ နတ်သာမုခေါ်ဗျ။ ကျွန်တော် လုပ်စမ်းပါရစေ"

လူသာမုခေါ် နတ်သာမုခေါ်။ သူ့စကားကိုနှစ်လိုစွာ ကျွန်တော်ပြုံးမိ၏။ သူ့ကိုမကြည့်ဘဲ ကျွန်တော်ပြောရပြန်သည်။

"ကျွန်တော့်ကို အတ်တ်ဂယ်လာရီ ဖွင့်ပေးမယ်ဆိုတာ ဒီအတိုင်းဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ ခင်ဗျားက ကုသိုလ်ရချင်လို့ပေါ့၊ ဟုတ်လား”

အငေါ်တူးစကားကို ကျွန်တော်ဆိုသည်ကိုသိလျက် သူပြုံး၍ . . . .

“ကျုပ် ကုသိုလ်ရမယ့်ကိစ္စတစ်ခုကို ခင်ဗျားက လုပ်မပေးချင်ဘူးလား”

“ငွေကုန်ကြေးကျတွေများ၊ ကြံရွယ်တိုင်းမအောင်မမြင်တွေဖြစ်၊ စိတ်အနှောင့်အယှက်တွေဝင်ပြီး အကုသိုလ်ဖြစ်မှာစိုးလို့ ပြောတာပါဗျာ”

“ဒီမှာ ပန်းချီဆရာ။ မိတ်ဆွေတစ်ယောက်ရဲ့ ကောင်းသောဆန္ဒကို ဖြည့်စွမ်းခြင်းဆိုတာ ဘယ်ရှုထောင့်ကကြည့်ကြည့် လုပ်ကောင်းတဲ့အရာပဲ။ တိုယ့်လူဝေ့ဝိုက် မနေနဲ့။ ခင်ဗျားအတွက် ကျုပ် အတိတ်ဂယ်လာရီကို ဖွင့်မယ်။ နာမည်သာ ရွေးပေတော့”

‘ဗြဟ္မစိုရ် အတ်တ်ဂယ်လာရီ’ ကို ကျွန်တော်တို့ ဖွင့်ဖြစ်သွားကြပါသည်။

ဂယ်လာရီတစ်ခု၏ ထူးခြားမှုဟာ ဘယ်အရာလဲ။ ကျွန်တော်ကတော့ ကျွန်တော့် ‘ဗြဟ္မစိုရ်’ ကို မြန်မာပြည်အရပ်ရပ်ရှိ အခြားအခြားသော ဂယ်လာရီများထက်ဘာမှပိုမထူးခြားဟု ထင်သည်။ ဆိတ်ငြိမ်၍ အသွားအလာ သိပ်မခက်ခဲသော နေရာမှာတည်ရှိသည်။ ခမ်းနားထည်ဝါမှုကင်း၍ ရိုးစင်းစွာဆွဲဆောင်သော အဆောက်အဦလေးတစ်ခုဖြစ်သည်။ ပန်းချီကားများပေါ်မှ အရောင်များကို အနှောင့်အယှက်မပေးသော အလင်းရောင်နှင့် လေကောင်းလေသန့်ရရှိသည်။ နေရောင်ခြည်မှ အပူဓာတ်ကို မယူဘဲ နွေးသော အလင်းကိုသာခံယူသည်။ ပြီးတော့ ဧည့်သည်များအတွက် အဆင်ပြေပြေ ကြည့်ရှုခံစားနိုင်မည့် ပန်းချီကားချိတ်ဆွဲခင်းကျင်းမှုစနစ်။

ကျွန်တော့် ‘ဗြဟ္မစိုရ်’သည် ဒါပဲဖြစ်သည်။ ဧည့်သည်ကို ညို့အားကြီးစွာ ဖမ်းစားသည့်အဆင်အပြင်မျိုး မရှိပေ။ ပန်းချီကားများကလည်း ခမ်းနားသိုက်မြိုက်စွာ ဟန်ရေးပြမနေကြပေ။

သို့သော် ပြုံးချင်စရာလေးတစ်ခုတော့ ကြုံကြုံဖန်ဖန်ကြုံရသည်။ ဗြဟ္မစိုရ် (Byamasore) ဟူသော . . . ဝေါဟာရကို နိုင်ငံခြားသားများက အဲဒါဘာအဓိပ္ပာယ်လဲဟု မေးလာကြခြင်း ဖြစ်၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားလေးပါးအကြောင်းကို သူတို့သဘောပေါက်အောင်ရှင်းပြရသည်မှာ အလုပ်တစ်ခုဖြစ်နေလေသည်။ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်ဘုရားကြီး အရှင်သေဋ္ဌိလ၏စာအုပ်ကို ကျွန်တော်ဖတ်ရတော့သည်။ မေတ္တာကို Pure Love ၊ကရုဏာကို Compassion မုဒိတာကို Sympathetic Joy ဥပေက္ခာကို





Equani-mity . . . ဟူသော စကားလုံးများနှင့် ရှင်းပြကာ ဤတရားလေးပါးသည် လူသားအတွက် တကယ့်ပျော်ရွှင်မှုနှင့် ငြိမ်းချမ်းရေးကို ပေးစွမ်းသည့် အခြေခံများ ဖြစ်ကြောင်း၊ ကိုယ်ကျင့်သိက္ခာနှင့် စိတ်ဓာတ်မွန်မြတ်သန့်ရှင်းမှု၊ အထက်တန်းကျမှုကို ပြဆိုကြောင်း သူတို့နားလည်အောင် အတော်လေး ရှင်းပြရသည်။

ဗြဟ္မစိုရ်တရားလေးပါးကို သူတို့ခေါင်းတညိတ်ညိတ်နှင့် နားထောင်ကြပြီးနောက် ထပ်မေးသော မေးခွန်းက ပို၍အရေးကြီးလာ၏။

“ခင်ဗျားရဲ့ ပန်းချီကားတွေမှာ ခင်ဗျား အဲဒီလေးခုကို ထည့်သွင်းရေးဆွဲပါသလား” တဲ့။

အကောင်းဆုံး အဖြေကို ကျွန်တော်ကြိုးစားရှင်းပေးခဲ့သည်။

“ပန်းချီကားအပေါ်ကြည့်ရှုခံစားတဲ့ လူကြီးမင်းအပေါ်မှာ မူတည်ပါတယ်။ ပန်းချီတစ်ချပ်ဟာ သာမန်အမြင်မှာတော့ မျဉ်းများ၊ ဆေးရောင်များသာ ဖြစ်တယ်။ ဒီထဲကနေ လူကြီးမင်းက ဗြဟ္မစိုရ်တရားတစ်ခုခု သို့မဟုတ် တစ်ခုထက် ပိုသောဗြဟ္မစိုရ်တရားကို တွေ့ထိဆင်ခြင်မိတယ်ဆိုရင် လူကြီးမင်းရဲ့နှလုံးသားကိုယ်၌က အစွမ်းထက်မြက်လို့ ဖြစ်ပါလိမ့်မယ်”

ဤအဖြေကို ကြားရသောအခါ ပြင်သစ်အမျိုးသမီးက မင်းလိမ္မာတယ်ဟု ပြောသွားသည်။ ဂျာမန်ကြီးတစ်ယောက်ကတော့ ယူအာရ်စပရစ်ကျူယယ် (မင်းက နာမ်ဆန်တယ်) ဟုတ်မှတ်ချက်ချကာ အမေရိကန်အဘိုးကြီးကမူ ဂရိတ်ဂရိတ်ဟု ရေရွတ်လေသည်။ မှတ်သားလောက်သည်က ဂျပန်တစ်ယောက်၏ အာမေဋိတ်ဖြစ်၏။ “မင်းပြောတဲ့အရာလေးခုအတွက် တစ်ခုကို ပန်းချီကားတစ်ကားစီ ရေးဆွဲပေးနိုင်ရင် ငါ ပန်းချီကားတစ်ချပ်အတွက် ဒေါ်လာသုံးထောင်နှုန်းနဲ့ လေးချပ်တစ်သောင်းနှစ်ထောင် ပေးဝယ်မယ်” တဲ့။

အစ္စရေးတစ်ယောက်နှင့်စင်ကာပူ တရုတ်တစ်ယောက်၏မှတ်ချက်က ပိုရှင်းပါသည်။ “မင်း ရှင်းပြတာတွေ ငါတို့ ဘာမှ နားမလည်ဘူး”

ဘာပဲဖြစ်ဖြစ် . . . ဗြဟ္မစိုရ်အတ်တ်ဝယ်လာရီသည် ကျွန်တော်၏ သွေးလွှတ်၊ သွေးပြန်ကြောများ ဖြစ်လာခဲ့သည်။

သည်းခံခြင်းနှင့် သင့်တင့်စွာနှလုံးသွင်းခြင်းတို့ကို ပန်းချီရေးခြင်းမှတစ်ဆင့် ကျွန်တော် ရရှိလာပြီဟု ခံစားရသောနေ့မှာပင် ကျွန်တော့်မိတ်ဆွေဧည့်သည်တစ်ယောက်ကို ဗြဟ္မစိုရ်သို့ခေါ်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မြန်မာတစ်ယောက်ဖြစ်၏။

အဆီပြန်နေဖူးပြင်ကို လက်ကိုင်ပဝါဖြင့် ခဏခဏသုတ်ရင်း စပရေးဖျန်း ထားသည့် ဆံပင်ကို ပို၍ပိပြားသပ်ရပ်အောင် ခဏခဏဖိသပ်ရင်း ထိုငြေ သည်တပြောသည်။

"ဟိုဒင်းလေ. . . သီတင်းကျွတ်လ မီးထွန်းကြတာ ရှိပါရော။ အဲ. . . လပြည့်နေ့ည။ မြတ်စွာဘုရား နတ်ပြည်ကနေ လူ့ပြည်ကိုဆင်းလာပုံ စောင်း တန်းသုံးသွယ်နဲ့ဆိုတာလေ။ အဲဒီပုံ ဆွဲပေးစမ်းပါ။ ဘယ်လောက် စောင့်ရမလဲ ရက်တော့ သိပ်မပေးနိုင်ဘူးဗျာ။ နှစ်ပတ်အတွင်း ပြီးအောင်ဆွဲပေးစမ်းပါ။ တောင်းသလောက်ဈေး ပေးပါ့မယ်"

ခန္တီနှင့် ယောနိသောမနသိကာရ စမ်းပေါက်ကလေး စိမ့်ထွက်စပြု နေသည့် ကျွန်တော့်ရင်ထဲမှာ သစ်ရွက်ခြောက်နှင့် ဖုန်မှုန့်များ ကျလာသည် ဖြစ်သွားလေသည်။

မိတ်ဆွေ(ဂယ်လာရီ ဖွင့်ပေးသူ)က ကျွန်တော့်လက်ကို မသိမသာ ဖျစ် ညှစ်ရင်း သတိပေးသည်။ ဧည့်သည်က ဆက်ပြော၏။

"ခပ်ကြီးကြီးဆိုဒ်ဗျာ။ ဟိုဒင်း . . . . ဧည့်ခန်းကြီးတစ်ခုရဲ့နံရံမှာ ချိတ် ဆွဲဖို့။ သိပ်အရေးကြီးတယ်ဗျာ။ အဲဒီပန်းချီကားဟာ ကျွန်တော့်ဘဝလို့တောင် ပြောလို့ရပါတယ်။ ဆွဲပေးစမ်းပါဗျာ . . . . နော်"

ကျွန်တော့်မိတ်ဆွေကပါ အနူးအညွတ် ဝင်ကူပြောနေသည်။

ကျွန်တော်၏ရင်ခေါင်းထဲမှာ ပူဖောင်းတစ်ခု ဖြစ်တည်သွားပြီး . . . ထို ပူဖောင်းက လည်ချောင်းအတိုင်း တက်ပျံလာကာ နှုတ်ဝတွင်ပေါက်ကွဲသွား၏။

"သုံးသိန်း"

ဧည့်သည်က တစ်ချက်ငိုင်သွားပြီးမှ . . . .

"သုံးသိန်း . . . . ၊ အား . . . ယူလှချည်လား။ အဲ . . . . အင်းလေ . . . . လုပ်ဗျာ"

တာဝတိံသာမှ ကြွမြန်းတော်မူသည့် မြတ်စွာဘုရားအား လက်အုပ်ချီ ပူဇော်နေသည့် သင်္ကဿနဂိုရ် ပြည်သူပြည်သားရုပ်ပုံများထဲမှာ ကျွန်တော့်ကိုယ် ကျွန်တော် ပုံတူထည့်ဆွဲလိုက်ခြင်းဖြင့် ငြိမ်သက်မှုကို ကြိုးစားရယူခဲ့ရပါသည်။ ချိန်းသောနေ့မှာ ထိုသူရောက်လာကာ ပန်းချီကားကို တစ်ချက်ဝေ့ကြည့်ပြီး ကားပေါ် သယ်သွားခဲ့သည်။





"ဒီညပဲ သွားပေးရမယ်။ အိုကေပဲ"

သူ ပေးသွားသော ငါးရာတန်အထုပ်များကို လှမ်းကြည့်ရင်း မိတ်ဆွေကို ကျွန်တော်ပြောလိုက်သည်။

"အဲဒီသုံးသိန်း ခင်ဗျားပဲ သိမ်းပေးထားပါ။ သုံးစရာရှိလည်း သုံးလိုက်။ ငွေစက္ကူတွေဆီက ပိုးစိမ်းကောင်အနံ့ နံနေတယ်"

●

ဒုတိယအကြိမ် ထိုပုဂ္ဂိုလ်ရောက်လာပြန်သောနေ့မှာ မိုးတွေဖြိုင်ဖြိုင်ရွာ သော နေ့တစ်နေ့ဖြစ်၏။ သူသည် အနက်ရောင်သားရေအိတ်ကြီးကို ခေါင်းပေါ် အုပ်ရင်း မိုးစက်များကြား အပြေးအလွှားဖြတ်ကာ ပြပွဲစိုက်ရုံထဲသို့ ဝင်ချလာသည်။

"ဆရာနဲ့ ကျွန်တော် ကံစပ်တယ်ဗျို့။ ဟိုပန်းချီကားကြီး အလုပ် ဖြစ်တယ်"

သူ၏သားရေအိတ်မှ စင်ထွက်သွားသော မိုးစက်အချို့က ကျွန်တော့် ပြပွဲစိုက် ဆိုင်းဘုတ်လေးဆီ ထိမှန်သွားသည်။ ချက်ချင်းပင်ထ၍ အဝတ်နှင့် သုတ်ပစ်လိုက်၏။

သူ့အမော်တကော စကားလုံးများထဲမှ "ကံစပ်"နှင့် "အလုပ်ဖြစ်"ဆို သော အသုံးအနှုန်းကလည်း ကျွန်တော့်နှလုံးကို ရွံ့စဉ်သလို လာစဉ်သည်ဟု ခံစားရကာ မအီမသာဖြစ်နေဆဲ သူဆက်ပြောသည်။

"ဒီတစ်ခါ နှစ်ခုဆွဲပေးပါဦးဗျာ။ တစ်ခုက သစ်သီးဝလံတွေပုံပေါ့။ ထမင်းစားခန်းမှာချိတ်ဖို့။ နောက်တစ်ခုက . . . . အဲ ဟောဒီမှာ . . . ."

သားရေအိတ်အနက်၏ ဇစ်တွေကို တဖြည်းဖြည်းဆွဲဖွင့်ကာ . . . .

"ဟောဒီဓာတ်ပုံပဲဗျ။ ဒါကိုဆွဲပေးစမ်းဗျာ"

ဓာတ်ပုံမှာ ယောကျ်ားဝဝကြီးနှင့် မိန်းမဝဝကြီးတစ်ယောက် ယှဉ်တွဲရပ် နေပုံဖြစ်၏။

"ကဲ . . . . ဈေးနှုန်းက . . . ."

ကျုပ် . . . . ဟူသော အသံကလည်ချောင်းဝ စလုတ်ဆီအရောက်မှာ င် ကျွန်တော့်မိတ်ဆွေဝင်လာပြီး . . . . .

"သစ်သီးဝလံပုံက . . . . တစ်သိန်း။ ဓာတ်ပုံက . . . . တစ်သိန်းခွဲနှစ် သောင်း"ဟု ဈေးဝင်ဖြတ်လိုက်၏။ စကားလုံးများက ငါးအရိုးနင်သလို နင်နေ တတ်တာကို ကျွန်တော် လက်တွေ့ခံစားနေရ၏။ နှုတ်ထွက်နှောင့်နှေးသော



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်မိမိ မကျေမနပ်ဖြစ်နေစဉ်မှာပင် ညှေ့သည်သည် ငွေစက္ကူတစ်ထပ်ကို ဆွဲထုတ်ရင်း စားပွဲပေါ် တင်လေသည်။

"လုပ်ပျာ။ ဖောက်သည်တွေဖြစ်နေကြပြီပဲ။ ကောင်းကောင်းကလေးနော်။ ဒီဝိုတွေကလည်း ဟဲ. . . ဟဲ. . . အရေးကြီးတယ်ဗျ။ လက်ဆောင်ပေးရမှာ"

သားရေအိပ်ဟပြားကြီးကို ခေါင်းပေါ် ဆောင်းကာ မိုးစက်တွေအောက် သုဖြတ်ပြေးသွား၍ ကားပေါ် တက်၏။ ကားစက်သံကြားမှာ သူ လှမ်းအော်ပြောပြန်သည်။

"တစ်လလောက် အချိန်ရတယ်။ ပြီးရင် ဖုန်းဆက်လိုက်ပါ။ အဲဟိုအထုပ်ပေါ်မှာ ကျွန်တော့် ဗစ်ဇစ်တင်းကဒ်ပါတယ်။ သွားမယ်ဗျို့. . .။ ကောင်းကောင်းလေး ဆွဲပေးနော်"

မိုးအေးအေးမှာ ကျွန်တော့်မျက်နှာပြင် ပူလောင်နေပြီထင်၏။ မိတ်ဆွေက ကျွန်တော့်လက်ကို ဖျစ်၍ဆိုသည်။

"ကိုယ့်လူ . . .။ ခင်ဗျားအိမ် သွပ်လဲရဦးမယ်နော်။ နောက်ဖေးကြမ်းခင်းတွေလည်း ဆွေးနေပြီ မဟုတ်လား။ ခင်ဗျားတို့စကားလုံးနဲ့ပြောရရင် ခံစားမနေနဲ့ပေါ့ဗျာ။ ဈေးကွက်ဝင် ရောင်းကုန်တစ်ခုလို သဘောထားလိုက်"

မိုးသက်လေတစ်ချက်အသုတ်မှာ ဗြဟ္မစိုရ်ဆိုင်းဘုတ်လေး ခါယမ်းနေလေသည်။

တတိယအခေါက်။ ကိန္နရီကိန္နရာ ပန်းချီကားကို သူဝယ်သွားသည်။

စတုတ္ထအခေါက်၊ ကောင်းမှုတော်ဘုရားကြီးပုံ ဝယ်သွားသည်။

ကျွန်တော့်မိတ်ဆွေက ပြော၏။

"ဒီလူ ခွင်မိနေပြီဗျ။ သူစီးလာတဲ့ ကားတွေက တစ်ခေါက်ထက်တစ်ခေါက် မော်ဒယ်လ် မြင့်မြင့်လာတယ်။ သူ့ ဆယ်လူလာဖုန်းဟာ မတန်ဘူးဆို ၂၅ သိန်းပဲ။ သူဘာလုပ်နေသလဲ သိလား။ ဒီမှာ ကျွန်တော်ပြောပြမယ်"

"ကျုပ်မသိချင်ဘူးဗျာ။ မပြောနဲ့" ဟု ကျွန်တော် ပိတ်ပြောလိုက်၏။

"ခင်ဗျား ပန်းချီကားတွေကို ဈေးမဆစ်ဘဲ သူ ဝယ်ဝယ်သွားတာ ဘာလုပ်ဖို့လဲသိလား။ လက်ဆောင်ပေးတာဗျ။ သူ ကိုယ်တိုင် ချိတ်ဆွဲဖို့ မဟုတ်ဘူး"

သည်တစ်ခါ ကျွန်တော်ပြန်ပြောလိုက်၏။

"ကျွန်တော် သိပါတယ်။ ပန်းချီကားတစ်ကား ချိတ်ဆွဲဖို့အတွက် သူ့ဦးခေါင်းခွံမှာ သံရိုက်စရာ နေရာမရှိပါဘူး"





မိတ်ဆွေက "ဗျာ. . ." ဟုပြောရင်း ရယ်လေသည်။

"ဟား. . . ဟား. . . ဟုတ်တယ်။ သူ့ခေါင်းခွံမှာ သံရိုက်လို့ ဘယ်ရမလဲ။ သူ့ခေါင်းခွံက သံတစ်ချောင်းဗျ။ သံမှ သိပ်ကို ချွန်မြမာကျောတဲ့ အကောင်းစားသံမဏိသံ။ ဘယ်နေရာဘယ်လိုစူးဝင်ထိုးစိုက်ရမလဲဆိုတာသိတဲ့သံ"

ကျွန်တော်သည် ဆာရီယယ်လစ်သမားတစ်ယောက် မဟုတ်ပါ၊ သို့သော် ထိုညက တစ်ညလုံး ဆာရီယယ်လစ်ဇင် အငွေ့ပါသောပန်းချီကားတစ်ချပ်ကို စားဖြင့်ရေးဆွဲမိ၏။

●

ကျွန်တော့်မိတ်ဆွေကပင် သူ့ကို မမှတ်မိချင်ချင်ဖြစ်နေလေသည်၊ လူတစ်ယောက်ဟာ နှစ်ပိုင်းအနည်းငယ်အတွင်းမှာ ဒီလောက်ဝဖီးလာနိုင်သလားဟု မိတ်ဆွေအံ့သြနေ၏။ သူဝဖီးသောနေရာတွေမှာ ပါးစုန့်၊ လည်တက်နှင့်ခမ်းဗိုက်များဖြစ်သည်။ ဒီလူ့ရဲ့ကားဟာ သိန်းနှစ်ရာ ဝန်းကျင်ပဲဗျဟု မိတ်ဆွေက လက်တို့၍ပြောဆဲ သူ ဗြဟ္မစိုရ်ထဲ ဝင်လာ၏။

"မလာတာ အတော်ကြာပြီ"

မိတ်ဆွေက နှုတ်ဆက်လိုက်သည်။

"ကျွန်တော် နိုင်ငံခြား လှည့်နေတာ မအားရဘူးဗျာ"

ရေမွှေးနံ့၊ ဘီယာနံ့၊ စီးကရက်နံ့၊ ပြီးတော့ ချဉ်စုတ်စုတ်အနံ့တစ်မျိုး၊ ကျွန်တော် မတ်ရပ်ပန်ကာ ထဖွင့်လိုက်ရ၏။

"ကိုင်း . . . .။ ဒီတစ်ခါတော့ ပေါ့ထရိတ်ပေါ့ဗျာ။ အဲ . . . . လက်ဆောင်ပေးဖို့ မဟုတ်ဘူး။ ကျုပ်တိုက်ဧည့်ခန်းမှာချိတ်ဖို့။ ဆရာတို့ ပုံတူကားကို ဆိုဒ်ဘယ်လောက်အထိ ဆွဲသလဲ။ အကြီးဆုံးဆိုဒ်ဆွဲတော့ဗျာ။ ဟုတ်လား . . ."

"ဘယ်သူ့ပေါ့ထရိတ်လဲ"

"ကျုပ်ပေါ့ထရိတ်ပေါ့ဗျာ"

မိတ်ဆွေက ကျွန်တော့်ကို လှမ်းကြည့်သည်။ ကျွန်တော်၏ခေါင်းထဲမှာ အခမ်းအနားလေးတစ်ခုကို မြင်ယောင်နေ၏။ ကျွန်တော့်သား အငယ်ကောင်နေ့နေ့ (သူပိုလီယို ဖြစ်နေပါသည်)မှာ မိဘမဲ့ဘုန်းတော်ကြီးကျောင်းမှ ကျောင်းသားလေးများကို နံနက်စာ၊ နေ့လယ်စာကျွေးမွေးမည့် အခမ်းအနားလေး . . .၊

ပြီးတော့ . . . . စောင်၊ ဝတ်စုံ၊ ဝလာစာအုပ်၊ ခဲတံနှင့် ဆေးဝါးအလှူဒါန်းပွဲ၊



www.burmeseclassic.com

www.burmeseclassic.com



"မော်ဒယ်ထိုင်ပေးနိုင်မလား" ဟု ကျွန်တော် ~~မေး~~လိုက်၏။ အလုပ်လွယ်ကူစွာလက်ခံလိုက်ခြင်းကြောင့် မိတ်ဆွေပင် အံ့အားသင့်သွားပုံရသည်။

"အား . . . မော်ဒယ်လ်တော့ ထိုင်မပေးနိုင်ဘူးဗျာ။ ကျွန်တော် ဒီနေ့ညဘန်ကောက်ထွက်ရဦးမယ်၊ စင်ကာပူနဲ့ ဂျပန်ဘက်လည်းသွားရဦးမှာ"

"ဒါဖြင့် ဓာတ်ပုံတွေရိုက်ရမယ်"

"လုပ်လေ. . . ဈေးပြောရပါဦးဗျ"

"လေးပေ-သုံးပေ ကင်းဗတ်နဲ့ ဘောင်ဖိုးကိုက တစ်သောင်းကျော်ကျတယ်။ အကောင်းစား ဆီဆေး၊ စုတ်တံမပါသေးဘူး။ ပြီးတော့ ပေါ့ထရိတ်တစ်ပုံရေးပြီဆိုရင် ကျု ဘာကားမှ မရေးနိုင်ဘူး။ အဲဒီ အလုပ်ထဲနှစ်ထားရမှာ။ အဲဒီပေးရမယ့်အချိန်ကာလရဲ့ တန်ဖိုး. . ."

သူ လက်ဖျစ်တစ်ချက်တီးသည်။

"သိပ်ဟုတ်တာပေါ့ ဆရာ။ အချိန်တန်ဖိုး . . .။ အချိန်ဆိုတာ ငွေပဲပြောပါဘယ်လောက်ပေးရမလဲ"

"ကင်းဗတ်နဲ့ဘောင် တစ်သောင်းဆိုတာက ကျုပ်တို့ အခု ကိုယ့်ဘာသာကိုယ် ရေးနေတဲ့ ကားတွေရဲ့ မက်ဇီမမ်ဈေးပြောတာ။ ခင်ဗျားပုံတူပန်းချီကားဆိုရင် အကောင်းစားကင်းဗတ်၊ အကောင်းစားဘောင်၊ ပြီးတော့ ဆိုဒ်ကလည်း ဆယ့်နှစ်ပေ-ငါးပေလုပ်။ ဒါမှလိုက်ဖ်ဆိုဒ်ပေါ်လာမှာ"

"ဟား . . . သိပ်ကောင်းပေါ့။ လုပ်ဗျာ"

"ဆယ့်နှစ်သိန်း ကျမယ်"

"ဆယ့်နှစ်သိန်း . . ."

သူ့ကို စူးစူးကြည့်လိုက်၏။ ကျွန်တော့်မျက်လုံးများဆီမှ ဈေးမဆစ်နဲ့ဟူသော အသံများ ထွက်နေအောင် ညစ်ထုတ်ပို့ဆောင်ပေးလိုက်သည်။ သူ့မျက်လုံးများက များလှချည်လား၊ အင်း . . . ဟုတ်ပြီလေ၊ ကျုပ်ဆိုတဲ့ကောင်တလည်း ဒါမျိုးဈေးဆစ်ပြီး သိက္ခာကျမခံဘူးလို့ ပြန်ပြောနေသည်ဟု ကျွန်တော် ကြားနေရ၏။

"ဘယ်လောက်ကြာမလဲ"

"သုံးလ"

"နှစ်လနဲ့ တစ်ပတ် ယူဗျာ။ ကျုပ်တိုက်သစ်တက်ပွဲမှာ ဒီပန်းချီကားကိုချိတ်ချင်တာ"





"အိုကေ. . .။ အက်ဒ်ဗန့်စ် ခုနစ်သိန်း"

"အိုကေ. . ."

လိုအပ်သော ဓာတ်ပုံများရိုက်ကြသည်။ ဖလင်နှစ်လိပ်ကုန်သည်အထိ ကျွန်တော် ရိုက်ပစ်လိုက်၏။

ပါဝါဖြင့် မှန်တံခါးအနက်ကိုပင့်တင်ပိတ်ဆို့ကာ သူ့ကားထွက်သွားစဉ်မှာပင် မိတ်ဆွေက အံ့ဩတကြီးပြောတော့သည်။

"ကိုယ့်လူ . . .။ ထူးဆန်းလှချည်လား။ ဈေးစကားတွေ ငွေကြေးတွေ ပြောလို့။ ဘာပဲဖြစ်ဖြစ် အလုပ်ဖြစ်သွားတာဝမ်းသာတယ်ဗျာ"

"ကျွန်တော်က ပိုဝမ်းသာတယ်။ ကဲ. . . မီးစက်ဝယ်တာရယ်၊ ကျွန်တော့်သားလေး ဆေးရုံတက်တုန်းကရယ် ခင်ဗျားဆီကဆွဲထားတဲ့ နှစ်သိန်းအခု ပြန်ဆပ်ပြီဗျို့"

မိတ်ဆွေက တဟားဟားအရယ်မှာ သူ့မျက်နှာပေါ်သို့ ဖြဟ္မစိုရ်ဆိုင်းဘုတ်မှ အဖြူရောင်အလင်း ပြန့်ထိုးကျနေ၏။

ဆယ့်နှစ်ပေ-ငါးပေ ပုံတူပန်းချီ ကားကြီးထဲမှ ပုံတူအဆွဲခံလူပုံကို တစ်လအတွင်း ကျွန်တော်ပြီးအောင် ရေးနိုင်ခဲ့သည်။ ချိန်းရက်မတိုင်မီ တစ်လနှင့်တစ်ပတ်ကာလမှာ ကျွန်တော် ဘက်ဂရောင်းကို အချိန်ယူရေးသည်။ ပုံတူပန်းချီကား တစ်ချပ်မှာ လူ၏မျက်လုံး အရေးကြီးလေသည်။ မျက်လုံး. . .။ စိတ်ရဲ့ပြတင်းပေါက်။

အဲဒီမျက်လုံးမျက်ဆန်ထဲမှာ အနီရောင်နှင့် အစိမ်းရောင်ကို ကျွန်တော် ဖောက်ထည့်လိုက်သည်။

သားလေးမွေးနေ့ . . . မိဘမဲ့ဘုန်းတော်ကြီးကျောင်း အလှူပွဲကအပြန် ဆိုနေ့ညနေမှာပဲ နည်းနည်းဝါကြင်ကြင်ဖြစ်နေသော ဖြဟ္မစိုရ် ဆိုင်းဘုတ်ကလေးကို အသစ်ပြန်လဲရမည်ဟု ကျွန်တော်ဆုံးဖြတ်လိုက်သည်။

**သူငယ်ချင်းပန်းချီဆရာများသို့ . . . .**

မြရည်သီတာ၊ ၂၀၀၃

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

"မိန်းမသားတစ်ဦးရဲ့ ဘဝဟာ ပန်းတစ်ပွင့်ရဲ့ဘဝလိုပဲ၊ သမီးတော်"

"သမီးတော် နားမလည်ဘူး မယ်တော်"

"ပန်းတစ်ပွင့်ရဲ့အဆင်းဟာ သူ့ရဲ့အမြင့်ဆုံးဂုဏ်ကျက်သရေပဲ၊ အင်း . . . . . ရနံ့ဆိုတာဟာလဲ ဂုဏ်ကျက်သရေတစ်ပါးပါပဲ။ ဒါပေမဲ့ ပန်းတစ်ပွင့်ကို မြင်သူတွေ စိတ်ဝင်တစား ဖြစ်ကြရာမှာ သူ့ရနံ့ထက် သူ့အဆင်းကပိုပြီး အဓိက ကျနေတတ်တယ်။ အေး . . . . ရနံ့ရော အဆင်းပါ တင့်တယ်တဲ့ပန်းဆိုရင်တော့ ပြောစရာမရှိတော့ဘူးပေါ့ကွယ်"

"ပန်းပွင့်အကြောင်းကိုတော့ သမီးတော် နားလည်ပါပြီ မယ်မယ်။ ဒါပေမဲ့ အဲဒါက မိန်းမသားတစ်ဦးနဲ့ ဘယ်လိုဆက်သွယ်နေလို့လဲဟင် . . . ."

"သမီးတော်ဟာ ရနံ့ရော အဆင်းပါပြည့်စုံတဲ့ ပန်းတစ်ပွင့်ဖြစ်နေတယ်"

"သမီးတော်က . . . ."

"အေး . . . . ဟုတ်တယ်ကွဲ့ . . . . အဲဒီလို အလှတွေပြည့်စုံတဲ့ မိန်းမသားတစ်ဦးအဖို့ အဲဒီအလှသည်ပင်လျှင် သူ့အတွက် အန္တရာယ်ဖြစ်ပေတော့တယ်။ မွှေးတဲ့လှတဲ့ ပန်းကို မြင်သူတိုင်းက ခူးယူပန်ဆင်လိုတဲ့ သဘောပေါ့"

"ဟင် . . . . ဒါပေမယ့် သမီးတော်က ခူးယူပန်ဆင်လိုသူတိုင်းနဲ့ အလို



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါင်းငုံ့ခံရမယ့် ပန်းမှမဟုတ်ဘဲ။ သမီးတော်က လူသားမိန်းမတစ်ယောက်ပဲ မယ်မယ်ရယ်"

"လူသားမိန်းမမို့ ပိုခက်တာပေါ့ သမီးတော်ရယ်၊ ပန်းလှလေးတစ်ပွင့် အခူးခံရတာကို မိခင်ပန်းရုံအနေနဲ့ ဘယ်လိုမှထိခိုက်ခံစားရမှာ မဟုတ်ဘူး ဟော သမီးတော်ရဲ့ အလှကွန်မှာ ငြိတွယ်ကုန်ကြတဲ့ . . . . ဘုရင်တွေ . . . ဘုရင်တွေရဲ့ အန္တရာယ်ကိုတော့ မယ်မယ်တို့က ဒီအတိုင်း ကြည့်မနေနိုင်တော့ ဘူးပေါ့"

"သမီးတော် ဘုရင့်သမီးဖြစ်ရတာ စိတ်ပင်ပန်းလိုက်တာ မယ်မယ်ရယ်"

"စိတ်ပင်ပန်း မဖြစ်လေနဲ့သမီးတော်ရေ၊ ဒီကနေ့ကစ ခုနစ်ရက်မြောက် တဲ့နေ့မှာ သမီးတော်ရဲ့ ကြင်ယာရွေးပွဲအတွက် နန်းရင်ပြင်မှာ လေးတင်ပွဲလုပ်ဖို့ စီစဉ်ပြီးနေပြီ။ ဇနက ဘုရင့်သမီးတော် သီတာဒေဝီကို ရယူချင်တဲ့ ဘုရင်တွေ လေ၊ သူတို့လာကြတော့မယ်"

"ဟင် . . . . ."

ပထမမေတ္တာ

ဤသို့ဖြင့်ပင် ဒေဝီပင်တိုင်စံဘဝ ချုပ်ငြိမ်းပြောင်းလဲခဲ့ရပါသည်။ မိထိလာ နန်းရင်ပြင်ရှိ လေးတင်ပွဲသည် သီတာဒေဝီအား ကမ္ဘာလောကတစ်ခု မှအခြားကမ္ဘာလောကသစ်တစ်ခုသို့ ပို့ဆောင်လိုက်သောအခမ်းအနားပင်ဖြစ်ပါ သည်။

"ဩော် . . . . ယောက်ျားတွေဟာ မိန်းမသားတစ်ဦးရဲ့ အလှပေါ်မှာ ဒီလောက်အထိ တပ်မက်ယစ်မူးတတ်ကြပါလား"ဟုလည်း ဒေဝီစိတ်ထဲမှာ ရေ ရွတ်မိပါသည်။

လေးတင်ပွဲကို ဒေဝီအသေးစိတ် မမှတ်မိတော့ပါ။ ပုလဲကြိုးများ သွယ် တန်းထားသည့် နေရာမှ ရွှေသဥ္ဇာလီပေါ်တွင် ဒေဝီရှက်ကြောက်စွာဖြင့် ထိုင်နေ ခဲ့ရပါသည်။ မလှမ်းမကမ်းနေရာမှ အဌစန္ဒာ လေးတင်ခုံရှိရာသို့ ရောက်လာကြ သည့် ဘုရင်များကိုလည်း ဒေဝီမကြည့်ချင် မြင်ရက်သားဖြစ်နေခဲ့ရပါသည်။ ခမည်းတော်ဘုရား စီစဉ်ထားသော အဌစန္ဒာလေးတော်၏ အာနိသင်ကို ဒေဝီ မသိပါ။ သို့သော် ဘုရင်တစ်ပါးပြီးတစ်ပါး ရှုံးနိမ့်ဆုတ်ခွာသွားကြသည်ကို ထောက်ရှု၍ ဤလေးတော်၏ အာနိသင်ကြီးမားပုံကို ဒေဝီအံ့အားသင့်မိရသည်။





ဘုန်းစွမ်း လူစွမ်းကြီးမားသော ဘုရင်များ လက်မြှောက်အရှုံးပေးသွားကြရသည့် ဤလေးတော်ကို စိတ်ဝင်စားမိရာမှ . . .

"ဘယ်သူများ ဒီလေးတော်ကို မ,နိုင်တင်နိုင် ပစ်နိုင်မှာပါလိမ့် . . . ." ဟု သိချင်လာမိပါသည်။ တစ်ဖန် ထိုသူသည် ဒေဝီနှင့်နှစ်ပါးရွှေလက်ဂဟေ ဆက် ရမည့်သူ . . . . ဟု စဉ်းစားမိသောအခါ ဒေဝီရင်ဖိုသွားရပြန်ပါသည်။ စိတ်ပင်ပန်း နွမ်းနယ်လာမိသည်နှင့်အမျှ မိန်းမသားတစ်ဦး ဖြစ်ရခြင်းအတွက် လည်း အလိုလို အားငယ်လာမိပါသည်။

"အို . . . . ငါဟာ သူတို့ရဲ့ အရွေးချယ်ခံပါလား၊ မယ်မယ်ပြောတာ မှတ်တယ်။ မိန်းမသားရဲ့ဘဝဟာ ပန်းတစ်ပွင့်ရဲ့ အလှလိုပဲ။ ငါဟာ မိထိလာ ပြည်ရဲ့ မိန်းမပျိုအားလုံးရဲ့ အထွတ် ဘုရင့်သမီးတော်ဖြစ်တယ်။ ဒါတောင်မှ ငါဟာ ငါ့ရဲ့ကြင်ယာကို ငါကိုယ်တိုင် မရွေးချယ်နိုင်ဘဲ ဟောဟိုက အဌစန္ဒာ လေးတော်ရဲ့ ရွေးချယ်ပေးမှုကို ခံယူနေရတော့တယ်။ အိုမိထိလာက တစ်ခြား မိန်းမပျိုတွေဟာ ဒီလိုဟုတ်ချင်မှဟုတ်မှာပါ။ သူတို့ကြင်ယာကို သူတို့ကိုယ်တိုင် ရွေးချယ်နိုင်ကြမှာပါ။ ငါဟာ ဘုရင့်သမီးတော်မို့ ဒီလိုရွေးချယ်နိုင်ခွင့် မရှိတာ ဖြစ်မှာပါ။ ဩော် ကြီးကျယ်ခန်းနားတဲ့ အမျိုးအနွယ်ထဲက မိန်းမသားတွေတော့ ဒီလိုပဲနဲ့တူပါတယ်။ တကယ်လို့သာ ငါဟာ သီတာဒေဝီဆိုတဲ့ . . . . ."

ဒေဝီ၏အတွေးများ အဆုံးမသတ်လိုက်ရပါ။

အုတ်အုတ်ကျက်ကျက် ဖြစ်သွားသောအသံများနှင့်အတူ ကြီးမားထွား ကျိုင်းသော ဘုရင်တစ်ပါးသည် ကြွားဝင့်စွာဖြင့် ဒေဝီရှိနေရာ သဥ္ဇာလီသို့ လှမ်းလာပါသည်။ ဒေဝီ့အသည်းနှလုံးများ အလိုလိုတုန်လှုပ်လာပါသည်။ သူ့ကို ဒေဝီ စေ့စေ့မကြည့်ရဲပါ။

အဌစန္ဒာလေးတင်ခုံရှေ့တွင် သူရပ်လိုက်ပြီးနောက် ကျယ်လောင်နက် ရှိုင်းသော အသံကြီးတစ်ခုကို ကြားလိုက်ရပါတော့သည်။

"ကျုပ်ဟာ လင်္ကာဒီပဘုရင် ဒသဂီရိဘွဲ့ခံ ရာဝဏဖြစ်တယ်။ ကျုပ်ချစ် တဲ့ သီတာဒေဝီရဲ့ ကြင်ယာရွေးပွဲကို ကျုပ်လာရောက်တာပဲ"

●

ဒေဝီ ပြောပြချင်ပါသည်။

လင်္ကာဒီပဘုရင်သည် လေးတင်ပွဲတွင် ရှုံးနိမ့်ခဲ့ပါသည်။ ဤအကြောင်း ဒေဝီဝမ်းသာမိသည်ဆိုပါက ဒေဝီအား ရက်စက်နိုင်အားသူဟု တစ်လောကလုံး



www.burmeseclassic.com

www.burmeseclassic.com



က ဆိုကြမည်လား မသိပါ။ ဆိုကြပါစေတော့ . . . . ။ ဤစွပ်စွဲချက်ကို ဒေဝီ ဝမ်းနည်းစွာဖြင့်ပင် ခံယူရပါတော့မည်။

လင်္ကာဒီပ ဘုရင်အကြောင်းကို ဒေဝီပြောပြချင်ပါသည်။ ဘုရင် ဒဿဂီရိနှင့် သူ့အချစ်သည် ဤလောကရှိ ယောကျ်ားပေါင်းများစွာတို့ကို ကိုယ်စားပြုနေလိမ့်မည်ဟု ထင်ပါသည်။ လင်္ကာဒီပဘုရင်၏ ရဲဝံ့စွန့်စားမှုကို ဒေဝီမနှစ်သက်ပါ။

မိန်းမသားတစ်ဦး၏ စကားအဖြစ်ဆိုရပါမူ ဒေဝီသူ့ကို ကြောက်ရွံ့မိပါသည်။ ဤကြောက်ရွံ့မှုမှ မည်သည့်အရာမျှ မွေးဖွားမလာတော့ပါ။ သို့သော် ဤအကြောက်သည် အရှက်သို့ကူးပြောင်းလာသောအခါတွင်မူ ဒေဝီသူ့ကို မုန်းတီးစက်ဆုပ်လာသည်ဟုပင် ဆိုရပါတော့မည်။

မောင်တော် ရာမ၊ မတ်တော်လက္ခဏတို့နှင့် မှော်ရုံဟေဝန်ကို အဖြတ်လမ်းခရီးတွင် သူသည် ဒေဝီကို အတင်းအဓမ္မ ခိုးယူခဲ့ပါသည်။ သူ၏စစ်ရထားပေါ်တွင်တင်၍ ဒေဝီကို လင်္ကာဒီပနန်းတော်သို့ ခေါ်ဆောင်သွားပါသည်။ ကြီးစွာသော စည်းစိမ်ဖြင့် သူဒေဝီကို စံမြန်းစေပါသည်။ နေ့စဉ်နှင့်အမျှ ဒေဝီရှိရာနန်းဆောင်သို့ လာ၍ မေတ္တာတောင်းခံပါသည်။

“မိန်းမသားတစ်ဦးကို ချစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ ဒါပဲလား လင်္ကာဒီပဘုရင်၊ ရှင့်အပြုအမူအားလုံးဟာ အချစ်ရဲ့ဆန့်ကျင်ဘက်တွေချည်း ဖြစ်တယ်ဆိုတာကိုရော ရှင့်ကိုယ်ရှင် သိရဲ့လား။ ကျွန်မကို မောင်တော်ရာမဆီ ပြန်ပို့ပေးပါ၊ အခုပို့ ပြန်ပို့ပါ”

“ကျုပ်ချစ်တဲ့သူကို ကျုပ်ကလွှဲပြီး ဘယ်သူမှ မပိုင်စေရဘူး သီတာဒေဝီ”

“ထွက်သွား . . . ရှင်ထွက်သွား”

ဒေဝီကြောက်ရွံ့စွာဖြင့် အော်ဟစ်ပစ်ခဲ့ပါသည်။ တစ်ခါတစ်ရံတွင်မူ ဒေဝီသူ့အား အသနားခံခဲ့ရပါသည်။

“မိန်းမသားတစ်ဦးကြောင့် ဘာလို့စစ်ပွဲတွေဖြစ်ရမှာလဲ လင်္ကာဒီပဘုရင်၊ သတ်ဖြတ်သုတ်သင်မှုတွေ ဖြစ်လာရင် အဲဒါဟာ ကျွန်မကြောင့်လို့ ကမ္ဘာ့မှတ်တမ်းတွင်ရစ်ခဲ့တော့မယ်၊ ကျွန်မကို မောင်တော်ရာမဆီ ပြန်ပို့ပေးပါ။ အားလုံးကို မေ့ပျောက်ပစ်လိုက်ပါ။ လင်္ကာဒီပဘုရင်မှာ ကြီးကျယ်ခမ်းနားတဲ့ မင်းစည်းစိမ်တွေ ရှိနေတာပဲ မဟုတ်လား”





“အဲဒါတွေအားလုံးကို ကျုပ်အချစ်နဲ့လဲယူလိုက်မယ် . . . . သီတာဒေဝီ”

ဒေဝီငိုကြွေးရုံမှအပ ဘာမျှမတတ်နိုင်တော့ပါ။ ထွားကျိုင်းခက်ထန်သော ထိုဘုရင်ပြောသည့် သူ၏ အချစ်ဆိုသည်ကိုလည်း မသိချင်ပါ။ သူ၏ မိုက်မဲမှု သည်ပင်လျှင် သူ၏အချစ်ဖြစ်ပါလိမ့်မည်။ တစ်စတစ်စနှင့် သူ့အားကြောက်ရွံ့ ရာမှ မုန်းတီးလာပါသည်။ သူ့ကြောင့် ငါချစ်သူနဲ့တင်းကွာခဲ့ရတယ်၊ သူဟာ ငါ့ကို နှိပ်စက်ညှင်းပန်းတဲ့သူ . . . . ဟု ယုံကြည်လာပါသည်။

ယခုတော့မူ လင်္ကာဒီပဘုရင်သည် မောင်တော်ရာမပစ်လွှတ်လိုက်သော မြားအစင်းပေါင်းများစွာ ရင်အုံတွင် စူးဝင်လျက်ကျဆုံးသွားခဲ့ပါပြီ၊ သူ့လက်တွင်းမှ ဒေဝီလွတ်ကင်းခဲ့ရပါပြီ။ သူ့လက်တွင်းဟုဆိုရစေကာမူ ထိုတယ်တော့ ထိုကြမ်းတမ်းသော ဘုရင်သည်၊ ဒေဝီအပေါ်၌ အစအဆုံးစောင့်စည်းခဲ့သည်ဆိုခြင်းကိုမူကား ဒေဝီချန်လှပ်ထားခဲ့၍ မဖြစ်ပါ။ သူ၏သားတော်အကျဉ်းသားဖြစ်သော ဒေဝီကို သူလက်ဖျားနှင့်မျှ မတို့ခဲ့ပါ။ ဤအတွက် ဒေဝီ အံ့ဩခဲ့ရပါသည်။ လင်္ကာဒီပအကျဉ်းသည်ဘဝတွင် နေ့စဉ်နှင့်အမျှ ထိတ်လန့်နေခဲ့ရသော်လည်း လင်္ကာဒီပဘုရင်သည် ဒေဝီကို စကားပြောရုံ၊ ခြိမ်းခြောက်ရုံ ချော့မော့သွေးဆောင်ရုံမှအပ၊ ပကတိရှောင်ကွင်းနေခဲ့ပါသည်။ ထိုအခါ သူတို့အကြောင်းပြု၍ ယောကျ်ားတို့၏ အချစ်တစ်မျိုးကို ဒေဝီ နားလည်မိသလိုရှိလာပါသည်။

သို့သော် ထိုအချစ်၏ ဂုဏ်ရသကိုမူ ဒေဝီမတိုင်းတာတတ်ပါ။ ရှုပ်ထွေးလွန်းလှပါသည်။ ကာယကံအားဖြင့် မဖြောက်သော်လည်း မနောကံအားဖြင့် ဒေဝီသည် လင်္ကာဒီပဘုရင်ကြောင့် ဆင်းရဲညှိုးချုံးခဲ့ရပါသည်။

အို . . . . အခုတော့ လင်္ကာဒီပဘုရင်မှ ဒေဝီလွတ်မြောက်ခဲ့ပါပြီ။

## ဒုတိယမေတ္တာ

လက္ခဏ မင်းသားငယ်သည်၊ ဒေဝီထက် ငယ်ရွယ်သူဖြစ်ပါသည်။

ငယ်ရွယ် ဖျတ်လတ်သော သူ့အသွင်နှင့် ပျောင်းနွဲ့သော သူ့ရွှေရောင်ဆံပင်များကို ဒေဝီသဘောကျမိပါသည်။ လင်္ကာဒီပဘုရင် ရှုံးနိမ့်ပြီးသွားပြီးနောက်၊ သူလေးတင်သောအခါတွင်မူ သက်ဝင်လှုပ်ရှားနေသော ချစ်စဖွယ် ရုပ်ကလေးတစ်ခုကို မြင်ရသည့်နှယ်၊ ရွှင်ပျကြည်နူးစွာဖြင့် ဒေဝီ [illegible]



www.burmeseclassic.com

www.burmeseclassic.com

မိပါသည်။ သူ့ ဟန်ပန်လေးများသည် ကလေးဟန်မပျောက်ဟု ဒေဝီထင်ခဲ့ပါသည်။ **အငှစန္ဒာလေးတော်ကို တင်နိုင်သွားမလား ရှုံးနိမ့်သွားမလား** ဟုပင် ဒေဝီမတွေးမိပါ။ လက်ာဒီပဘုရင်ကို မခန့်လေးစား ဆက်ဆံဟန်၊ သူ့အစ်ကိုနှင့် သူ့ဆရာ ဘိုးဘိုးတို့အပေါ် ရှိသေကျိုးနွံဟန်တို့ကိုကြည့်ရင်း ဒေဝီပျော်ရွှင်နေမိပါသည်။

သို့သော်. . . တကယ်တမ်း သူလေးတော်၏ ညှို့ကြိုးကိုရစ်ပတ်ဆွဲငင်နေသည့် အခိုက်တွင်မူ၊ ဒေဝီ သူ့ကိုမကြည့်မိပါ။

သူ့အနီးမှာရှိနေသော၊ သူ့အစ်ကို၊ ဝတ်ရုံစိမ်းနှင့် မင်းသားဆီသို့ ဒေဝီ မျက်လုံးများ ရောက်သွားကြပါသည်။ ထိုအကြည့်ကို ဒေဝီရှက်စနိုးဖြင့် ပြန်လည်ဖယ်ခွာရန် ကြိုးစားခဲ့သော်လည်း၊ ဝတ်ရုံစိမ်းနှင့် မင်းသား၏ မျက်လုံးစိမ်းများက ဒေဝီကို ဆွဲငင်ဖမ်းချုပ်ထားသလိုဖြစ်နေပါသည်။

ထိုအခိုက်မှာပင်၊ အသံများ ဆူညံသွားခဲ့ပြန်ပါသည်။ လက္ခဏာ မင်းသားငယ်က ဒေဝီကိုညွှန်ပြ၍ သူ့ဆရာနှင့် သူ့အစ်ကိုတို့ကို တစ်စုံတစ်ရာ ပြောနေသဖြင့် ဒေဝီရှက်ရွံ့စွာ ခေါင်းငုံ့ထားခဲ့မိပါသည်။ မင်းသားငယ်၏ အသံကို သဲ့သဲ့ကြားလိုက်ရပါသည်။

"ညီကငယ်ပါသေးတယ်၊ အစ်ကိုနဲ့ပဲ ထိုက်တန်ပါတယ်"

မောင်တော် ရာမမင်းသား လေးတင်သည့်အခါတွင် အလုံးစုံသော ပွဲသဘင်သည် ပြီးမြောက်သွားခဲ့ပါသည်။ သို့သော် ဤကမ္ဘာလောကကြီး အတွင်း အမှတ်မထင်ဖြစ်ပေါ်သွားခဲ့သည့် သေးငယ်သော ဖြစ်ရပ်ကလေးတစ်ခုကို ဒေဝီမေ့ပျောက်၍မရပါ။

မင်းသားငယ်၏ ဝါရွှေသော မျက်လုံးများတွင် တန်ခိုး အင်အားကြီးမားသောအရာတစ်ခုကို ဒေဝီတွေ့လိုက်ရပါသည်။ မိန်းမသားတို့၏ သဘာဝသိမှုဟု ဆိုချင်ဆိုနိုင်ပါမည်။ ပြိုးပြက်သော ထိုမျက်လုံးအစုံတွင် ကိန်းဝပ်နေသည့် စကားလုံးနှစ်လုံးကို ဒေဝီသိလိုက်ပါသည်။ သို့သော် ထိုအမြင် ထိုအသိသည် လျှပ်စီးတစ်ချက် ဝင်းပြက်သွားသလိုသာ ဖြစ်ပါသည်။ မင်းသားငယ်၏ ဝါရွှေသော မျက်လုံးလေးများသည် ရုတ်ခြည်းပင်ရီဝေညို့မှိုင်းသွားပြီး၊ နောက်တဒင်မှာပင် အရွယ်နှင့်မမျှ လေးနက်တည်ငြိမ်လွန်းသော အရိပ်တစ်ခုသည် သူ့မျက်နှာပေါ်သို့ ဖြန့်ကျက်အုပ်မိုးသွားခဲ့ပါသည်။

မှန်သော စကားကို ဆိုရပါမူ၊ တဒင်္ဂမှ ထိုဖြစ်ရပ်ကလေးကို ဒေဝီမေ့





ထားခဲ့ပါသည်။

သို့သော် မော်ရုံဟောဝန် ထဲတွင်မူ ပြန်၍ သတိရစရာ ဖြစ်ခဲ့ပါသည်။

ထိုစဉ်က၊ မောင်တော်ရာမသည် ဒေဝီအတွက် ရွှေသမင်ဖမ်းဆီးရန် ထွက်ခွာသွားချိန် ဖြစ်ပါသည်။ မောင်တော်တွင် တောနက်ဆီမှ ကြောက်မက်ဖွယ်အသံများ ကြားလိုက်ရသဖြင့် ဒေဝီပြင်းစွာ တုန်လှုပ်သွားခဲ့မိပါသည်။

စိုးရိမ် ပူပန်စွာဖြင့်၊ မောင်တော်နောက်သို့ လိုက်သွားရန် ဒေဝီအမိန့်ပေးခဲ့ပါသည်။ မင်းသားငယ်က ဒေဝီ့ အမိန့်ကိုမနာခံပါ။ ဤနေရာတွင် မရီးတော်ကို စောင့်ကြပ်နေရန် အစ်ကိုက မှာသွားကြောင်း၊ ဤနေရာမှ ဘယ်တို့မှ မခွာနိုင်ကြောင်း အကြောက်အကန် ငြင်းဆန်နေပါသည်။

ဤတွင် မောင်တော်အတွက် စိုးရိမ်ပူပန်ရလွန်းသော၊ သောကစိတ်တို့ဖြင့် ဒေဝီသူ့ကို အော်ဟစ်ငေါက်ငမ်းမိခဲ့ပါသည်။

"လက္ခဏာ. . . မင်း ဒေဝီ့အမိန့်ကို မနာခံဘူးပေါ့လေ. . . ဟုတ်လား အေးလေ. . . ဒေဝီသိပါတယ်။ မင်းအစ်ကို တောနက်ထဲမှာ သမင်ခတ်၊ တွားသတ်လို့သေတော့မှ မင်းက ဒေဝီကို သိမ်းပိုက်မယ်ဆိုတဲ့ အကြံနဲ့ . . ."

"တော်. . . တော်ပါ. . . မရီးတော်"

သူ၏ ဝါရွှေသော မျက်လုံးများမီးဝင်းဝင်းတောက်သွားသည် ဟုထင်ရသည်။ သူဒေဝီကို စူးစူးရဲရဲကြည့်ပါသည်။ ထိုအကြည့်၏ အဓိပ္ပာယ်အနက်ဖွင့်ရန် ဒေဝီစကားအသုံးအနှုန်းရှာမရပါ။

"ကျွန်တော်. . . ကျွန်တော်ဟာ အစ်ကိုရဲ့ ညီလက္ခဏာသာ ဖြစ်ပါတယ်၊ တစ်ခြား ဘယ်သူ့ရဲ့ လက္ခဏာမှမဟုတ်ဘူး၊ အစ်ကိုရဲ့အမိန့်သာ ကျွန်တော်လိုက်နာရမယ့် အမိန့်ဖြစ်ပါတယ်၊ ဒါပေမယ့်အခုဟာက အစ်ကိုရဲ့ကြင်ယာတော်က ခိုင်းစေတဲ့အမိန့်ဖြစ်လာပြီဆိုတော့ ကျွန်တော်လိုက်နာရတော့မှာပေါ့၊ ဒါပေမယ့် မရီးတော်ကို ကျွန်တော်ရိုသေလေးစားစွာပန်ကြားပါရစေ၊ ကျွန်တော့် နှလုံးသားကိုမရီးတော်လဲ မသိပါဘူး၊ ဘယ်သူမှလဲမသိပါဘူး၊ သိစရာလဲမလိုပါဘူး၊ မသိကြတာကို ကျွန်တော်ကျေနပ်ပါတယ်၊ ဒါပေမယ့် အခုလောက်ထိ မသိတာကိုတော့ ကျွန်တော်ရင်နာလွန်းပါတယ် မရီးတော်ရယ်"

ဒေဝီ သူ့ကိုအတိုင်းမသိ ကြင်နာသွားခဲ့မိပါသည်။ သောကစိတ်ကြောင့် ပြောခဲ့မိသော ဒေဝီ့စကားများကို ခွင့်မလွှတ်နိုင်တော့ပါ။ သို့သော် မောင်တော်အတွက် အန္တရာယ်ကို စိုးရိမ်နေမိသဖြင့် သူ့ကိုဘာမှ ဆက်မပြောတော့ဘဲ


www.burmeseclassic.com

www.burmeseclassic.com



မင်းသားငယ်ကမူ ဒေဝီကို ကျောက်ဂူတစ်ခုတွင် လုံခြုံစွာပိတ်ခဲ့ပြီး၊ သူ့ အစ်ကို နောက်သို့ လိုက်သွားခဲ့ပါသည်။

**အခုလောက်ထိ မသိတာကို ကျွန်တော် ရင်နာလွန်းပါတယ် ဟူသော** သူ၏ အသံသည် မြားမှန်သော သားကောင်၏ **အော်မြည်သံအလားပင်ဖြစ်**ပါသည်။

အမှန်တော့ ဒေဝီသိခဲ့ပါသည်။ သိသည်ဟုပင် ဆိုပါရစေတော့။

နုပျိုတက်ကြွသော လက္ခဏာမင်းသားငယ်ကို အကြောင်းပြု၍လည်း အခြားယောကျ်ား တစ်မျိုးတစ်စားတို့၏ **အချစ်** ဟူသော သဘောကိုဒေဝီသိခွင့်ရခဲ့ပါသည်။ **သြော်. . . ယောကျ်ားတို့တွင် ဤသို့သောအချစ်မျိုးလည်း ရှိပါသေးလား** ဟုရင်ထုမနာ မြည်တမ်းမိပါသည်။

သြော်. . . ယောကျ်ားတို့သည်. . . အချစ်ကို ထုတ်ဖော်ဟစ်ကြွေးခြင်းဖြင့် ဆင်းရဲဒုက္ခကို ဖိတ်ခေါ်တတ်ကြသလို . . .

အချစ်ကို မျိုသိပ် သိမ်းဆည်းလိုက်ခြင်းဖြင့်လည်း ဆင်းရဲဒုက္ခကို ရင်ဆိုင်ခံစားတတ်ကြပါကလား . . . ဟူ၍။

## တတိယမေတ္တာ

အို . . . အချစ်၏ နက်ရှိုင်းမှုကို ဒေဝီ အမိပ္ပာယ်များ ဖွင့်နေမိပါပြီ။

မိန်းမသားတစ်ဦးက ဤသို့အနက် ဖွင့်နေခြင်းကို သစ္စာတရားကတော့ ရယ်မောလှောင်ပြောင်နေတော့မည်ထင်ပါသည်။

တကယ်တော့ လောကဓံတရားက ဒေဝီကို လှောင်ပြောင်နေပါပြီ။

လေးတင်ပွဲ၏ တဲနန်းတွင် စတင်တွေ့ဆုံခဲ့ရပြီး ပထမအကြည့်များမှာပင်၊ ဒေဝီ၏ ရင်ကိုလှိုက်ဖိုစေခဲ့သော၊ မျက်လုံးစိမ်းများပိုင်ရှင် မောင်တော်ရာမ မင်းသား။

အုံ့မခန်းလေးအစွမ်းကိုပြပြီး၊ ဒေဝီလက်ကို ငံ့ငံ့စားစား ဆွဲကိုင်ခဲ့သော၊ မောင်တော်ရာမ မင်းသား။ အို. . . ဒေဝီချစ်သော မောင်တော်ရာမ မင်းသား။

သူ့အချစ်ကို ကြည့်မြင်သုံးသပ်ရာတွင်ကား ဒေဝီ၏နှလုံးသားတို့ ဆောပန်းနွမ်းနယ်ရပါသည်။ သူဘုရင့်သားတော်ဖြစ်ခြင်း သူ အဋ္ဌစန္ဒာလေးတော်ကို စွမ်းဆောင်နိုင်ခြင်းတို့သည် ဒေဝီအတွက် အရေးပါသောအချက်များ မ





ဟုတ်ပါ။ ဒေဝီသိသည်မှာ တစ်ခုသာပင်ရှိပါသည်။ ဤတစ်ခုတည်းသော **အရာ**သည်ပင်လျှင်၊ လက်ာဒီပဘုရင် တစ်ခါကပြောခဲ့ဖူးသလို အားလုံးနှင့်လဲယူနိုင်သည့်အရာဖြစ်နေပါသည်။

ဒေဝီ. . . သူ့ကို ချစ်ပါသည်။ မောင်တော်သည် အချစ်အတွက်လေးတင်ပွဲသို့လာရောက်ခြင်းလား၊ လေးတင်ပွဲကြောင့်အချစ်ကိုတွေ့ဆုံခြင်းလား. . ဆိုသည်ကိုမူ၊ ဒေဝီ မသိတတ်နိုင်ပါ။ ဒေဝီသိသည်မှာ ဒေဝီသူ့ကိုချစ်သည်ဟူသော အချက်သာဖြစ်ပါသည်။ ဤအချစ်ကို ရင်ဝယ်ပိုက်လျက် ဒေဝီချစ်သောသူ့ရင်ခွင်ကို အားကိုးအားထားပြုလျက်၊ ဘုရင့်သမီးတော်ဒေဝီသည် မောင်တော်နှင့်အတူ ခမည်းတော် ဒသရထ၏ ပြည်နှင်ဒဏ်ကို ခံယူခဲ့ပါသည်။ **သားတော်ကြီးရာမ၊ သားတော်ငယ် လက္ခဏာနှင့် ချွေးမတော် သီတာဒေဝီသည် နေပြည်တော်မှထွက်ခွာ၊ တောရပ်သို့မှီး၍ တောပန်းကို ဆယ့်နှစ်နှစ် ဝန်စေ**ဟူသော အမိန့်တော်အဆုံးဝယ် အားလုံးငိုကြွေးကြသော်လည်း **ဒေဝီအာရုံ**မပျက်ပါ။

မောင်တော့် နောက်ပါးမှ ဖဝါးခြေမခွာလိုက်ခဲ့ပါသည်။ **တောလမ်း**တန္တာရတွင် ဒေဝီလက်ဖဝါး၊ ခြေဖဝါးတို့မှပွန်းပဲ့ ယိုစီးခဲ့သော သွေးများသည် ဒေဝီ၏ နှလုံးသွေးများသာဖြစ်ပါသည်။ မောင်တော်ကို ချစ်သော နှလုံးသည်မှတ်မှ ကျဆင်းသည့် ဤနှလုံးသွေးတို့ အပေါ်၌ခြေချနင်း၍၊ သွေးခင်းခြေရာတွက်များ အဖြစ်ရောက်စေခဲ့ပါသည်။

လင်္ကာဒီပအကျဉ်းသည် ဘဝတွင် နှလုံးသွေးပျက်ဖွယ် အနိဋ္ဌာရုံတို့အကြားတွင် ဒေဝီလပေါင်းများစွာ နေခဲ့ရစဉ်က၊ မယိမ်းမယိုင်သော ချစ်သစ္စာတို့ဖြင့် မောင်တော်ကို စောင့်မျှော်ခဲ့ပါသည်။ မိန်းမသားတစ်ဦးက ကြင်နာတတ်သော စိတ်ဖြင့်လင်္ကာဒီပဘုရင်၏ ကျဆုံးခန်းကို အလေးမထားနိုင်အားပါ။ **မောင်တော်ရာမနှင့် ဗိုလ်ပါစစ်သည်တို့ လင်္ကာဒီပကို တိုက်ခိုက်သိမ်းပိုက်လိုက်ပြီ၊ မောင်တော်ရာမ လင်္ကာဒီပနန်းတော်မုခ်တွင် ရောက်နေပြီ**ကြားလျှင်ကြားခြင်း ဒေဝီရာဇအိမ်ခြေကိုမှ မငဲ့နိုင်ဘဲ မောင်တော်ဆီသို့ ပြေးသွားခဲ့ပါသည်။

ဝမ်းသာ ဝမ်းနည်းခြင်းများဖြင့်မောင်တော်၏ ရင်ခွင်ထဲသို့ဝင်၍ ဒေဝီသည်းထန်စွာ ငိုကြွေးလိုက်ပါသည်။ သို့သော် . . .

"သီတာ. . . သီတာရဲ့ အချစ်နဲ့သီတာရဲ့ သိက္ခာ သမာဓိဖြူစင် နိုင်အော



www.burmeseclassic.com

www.burmeseclassic.com



မှုကို မောင်တော်သိပြီးဖြစ်ပါတယ်၊ ဒါပေမယ့် အားလုံးလူတွေက ကဲ့ရဲ့ သကြိတ် စကား မဆိုနိုင်အောင် သီတာတစ်ခုတော့ လုပ်ရလိမ့်မယ် . . .”

“ဟင် . . . သီတာ . . . ဘာလုပ်ရမလဲ မောင်တော်”

“လပေါင်းများစွာ လက်ာဒီပဘုရင် လက်ထဲရောက်ခဲ့တဲ့ သီတာဟာမိမိ ကိုယ်မိမိ ဖြူစင်ကြောင်း၊ ကျဆုံးသွားတဲ့ လက်ာဒီပဘုရင်ရဲ့ ဘေးအန္တရာယ်ထ ခဲ့တစ်ပေါက်မှ မစွန်းဘဲ၊ ကင်းရှင်းသန့်စင်ခဲ့ကြောင်း အားလုံးရှေ့မှာ သီတာ သက်သေပြဖို့ လိုမယ်”

“ဟင် . . .”

ချစ်သူ၏ မမျှော်လင့်သောစကားသည် ဒေဝီရင်ကို ထိုးဖောက်သွားခဲ့ပါ သည်။ မောင်တော့် မျက်လုံးစိမ်းကြီးများက ပို၍စိမ်းနေကြပြီ ထင်ပါသည်။ စကားအလှ တန်ဆာဆင်ထားသော ထိုစကားနောက်ဝယ်မှ မောင်တော်၏ သံသယမကင်းသော စွပ်စွဲမှုများကို ဒေဝီ သိလိုက်ပါပြီ။

“မျက်ရည်တွေ ဝဲမနေစမ်းပါနဲ့ သီတာရယ်၊ ဒါကို သီတာ သက်သေ မပြနိုင်ဘူးလား၊ မောင်တော့်ကိုချစ်ရင် . . .”

‘ချစ်’ ဟူသော စကားကို မောင်တော်သုံးလိုက်ပါပြီ။ ချစ်ရသော ချစ်သူ ၏ အင်အားကြီးမားသော လွှမ်းမိုးမှုကို ဒေဝီမခံရပ်နိုင်တော့ပါ။

“သီတာ အားလုံးရှေ့မှာ သက်သေပြတော့မယ် . . . မောင်တော်သီတာ ရဲ့ အချစ်၊ အဲဒီအချစ်ရဲ့ခိုင်မာမှု၊ သန့်စင်မှုကို သက်သေပြပါမယ်၊ ဟောဟို လက်ာဒီပဘုရင် ကျဆုံးလဲကျနေတဲ့ နေရာဘေးမှာ မီးဖိုကြီးတစ်ဖို ဖိုပေးပါ တော့၊ သီတာသစ္စာဆိုပါမယ်၊ မီးပုံထဲခုန်ဆင်းပြီး သီတာ သစ္စာဆိုပါမယ်”

ဒေဝီချစ်သော မောင်တော်ရာမ ခိုင်းစေချက်အရ . . .

ဒေဝီကို **ချစ်တယ်** ဆိုပြီး ကျဆုံးသွားသော လက်ာဒီပဘုရင်၏ အလောင်းဘေး . . .

**အခုလောက်ထိ မသိတာကိုတော့ ကျွန်တော်ရင်နာလွန်းပါတယ်** ဆိုသော လက္ခဏ မင်းသားဦးစီးပြီး၊ မီးဖိုကြီးတစ်ဖို ဖိုလို့နေပါပြီ။

မိမိ အသည်းနှင့်အောင် ချစ်ရသူဖြစ်လာသောအခါတွင်ကား ချစ်သူ၏ အချစ်ပေါ်၌ ဒေဝီ အနက်အဓိပ္ပာယ်မဖွင့်ချင်တော့ပါ။

မီးတောက်ကြီးတွေ လောင်မြိုက်မြည်ဟည်း လာပါပြီ။

စိမ်းလွန်းသော မောင်တော့် မျက်လုံးများကို ဒေဝီမကြည့်တော့ပါ။





ဤမီးလျှံများသည် ဒေဝီ၏ ခိုင်ကျည်သော ချစ်သစ္စာအောက်တွင် မှေး ငြိမ်းသေသွားကြမည်ကို ဒေဝီသိနေပါသည်။ သို့သော် . . .

အချစ် မီးလျှံများကမူ ဒေဝီ့ရင်တွင်း ဘယ်တော့မှ ငြိမ်းသေတော့မည် မဟုတ်ပါ။

လက်ာဒီပဘုရင်၊ လက္ခဏမင်းသားနှင့် မောင်တော်ရာမတို့ကို အ ကြောင်းပြု၍ ထိတွေ့ခံစား နားလည်မိသော **ယောကျ်ားတို့အချစ်** ကိုလည်း ဒေဝီမတွေးချင်တော့ပါ။ အထူးသဖြင့် ဒေဝီချစ်သော **မောင်တော်၏အချစ်ကို** ခွဲခြမ်းစိတ်ဖြာ မပြုလိုပါ။

ဒေဝီ . . . ရင်ထဲမှာ နာကျင်နေပါသည်။

အချစ်၏ အနက်အဓိပ္ပာယ်ကိုလည်း ပို၍ နက်ရှိုင်းစွာ **သိလာခဲ့ပြီ** ထင် ပါသည်။

အို . . . ဒေဝီရှေ့မှ မီးလျှံများသည် သူတို့ထက် အဆပေါင်းများစွာ ပို၍ လောင်မြိုက် ပူပြင်းသော သီတာဒေဝီကို ငံ့လင့်နေကြပါပြီ။

ဒေဝီ သစ္စာဆိုပါမည်။ ချစ်သူအလိုကျ သစ္စာဆိုပါမည်။ **ဤသစ္စာ** စကားတို့သည် အချစ်တရားမှ ခက်ဖြာလာသော အသီးအပွင့်များ ဖြစ်ကြပါ စေသတည်း။ ဤသစ္စာ စကားတို့သည် **မိန်းမသား အချစ်** ကို ကမ္ဘာ့ညည်းမော် ကွန်းထိုးမည့် စကားအစုတို့အဖြစ် ကမ္ဘာတည်ပါစေသတည်း။

**ရှုမဝ၊ ၁၉၇၈**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အဲမွန်ဒယာရဲ့ သူရဲကောင်း

၁

သူရသတ္တိဆိုတာ ဘာပါလဲ။

ဒီလိုမေးခွန်းထုတ်လိုက်မယ်ဆိုရင် သုသျှင်ရာဇာဓိရာဇ်က အစပြုပြီး ခင်းကြီးသမိန်ဗြဲ၊ အမတ်ဒိန်၊ မင်းကန်စီတို့အလယ်၊ ကျုပ်တို့သူရဲကောင်းတွေ အပါအဝင် ဟိုး . . . မြို့စောင့်တပ်နဲ့ ရိက္ခာထောက်တပ်က ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်းရဲ့မက်ငယ်လေးအဆုံး . . . ဖြိုင်ဖြိုင်ထပြီး ဖြေဆိုကြလိမ့်မယ်။ သူရသတ္တိဆိုတာ . . .

အဖြေစကားတွေလဲ အများကြီးထွက်ပေါ်လာမှာ ဧကန်ပါ။

အားလုံးဟာ စစ်ပွဲဝင်သူရဲကောင်းတွေရယ်လေ။ သူတို့အားလုံး ဆင်၊ မြင်းကျွမ်းကျင်ကြတယ်။ ဓား၊ လှံ၊ အဲမောင်း၊ လေးမြား၊ ပုဆိန် ကျွမ်းကျင်ကြတယ်။ စစ်ထိုး၊ စစ်ခံ၊ စစ်ဆုတ်၊ စစ်ဖြူသေနင်္ဂကျွမ်းကျင်ကြတယ်။ တစ်ဖက်စစ်သည်နဲ့ ကိုယ်ချင်းရင်ဆိုင်ရမလား။ တပ်လုံးရင်ဆိုင်ရမလား။ ရဲသွေးဆွေး ဆွေးနီကြတယ်။ အရှင်သခင်ရဲ့ အမိန့်ကို အသက်သွေးအပ်နှင်း စွန့်ခဲ့ရ ကြတယ်။ သုသျှင်အပေါ်မှာ မိမိရဲ့ဝိညာဉ်ကို ပေးဆက်ထားကြတယ်။ စစ်သည်တော်တွေ . . . သူရဲတွေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူတွေအားလုံး သူရသတ္တိဆိုတာ . . . ဒါလို့ မဆိုင်းမတွဖြေကြလိမ့်မယ်။ သုသျှင်ရဲ့ အနီးကပ်သူရဲကောင်းတစ်ဦးအနေနဲ့ ကျုပ်ကိုယ်တိုင်လဲ သူရသတ္တိဆိုတာ ဒါပါပဲလို့ ဖြေစရာအဖြေတွေအများကြီးရှိပါတယ်။ အမတ်ဒိန်ဓိန္နာ မင်းတန်စီတို့လို ပညာရှိမှူးမတ်ကြီးတွေအနေနဲ့ကလဲ နှလုံးရည်သတ္တိ၊ စိတ်ဓာတ်သတ္တိ၊ ကိုယ့်ကျင့်တရားသတ္တိ စသည်ဖြင့် အကျယ်တဝင့် နက်နက်နဲနဲ အဖြေပေးကြမှာ မုချပါ။

"သူရသတ္တိဆိုသည်မှာ . . ." ဆိုပြီး အဖြေစကားတွေ၊ အနက်တွေဖွင့်ဆိုချက်တွေသာ ထုတ်ရရင် ကျုပ်တို့ ဟံသာဝတီတပ်မကြီးရဲ့ တပ်မတော်သားတွေ ပေးလိုက်ကြမယ့်အဖြေတွေနဲ့၊ ပုရပိုက်ထူထူကြီးတစ်ခု ပေါ်ပေါက်လာမှာ သေချာပါတယ်။

ဒါပေမယ့် . . . . .

သူရသတ္တိဆိုတဲ့ စကားဝေါဟာရရဲ့ နက်ရှိုင်းလှတဲ့ အဓိပ္ပာယ်ဝှပ်တွေကို အခုအခါ ကျုပ်အများကြီးစဉ်းစားတွေးခေါ်နေရပါပြီ၊ ကျုပ်တို့ သူရဲကောင်းတွေဘယ်လိုပဲ၊ ဘယ်လောက်ပဲ အဖြေတွေထုတ်ထုတ်၊ ကျုပ်တို့မသိသေးတဲ့ မသိနိုင်သေးတဲ့ အဓိပ္ပာယ်သစ်တွေ အများကြီးထွက်ပေါ်လာဦးမယ်လို့ ကျုပ်စိတ်ထဲ ထင်မြင်နေမိပါတယ်။

ကျုပ်တို့မသိသေးတဲ့ သူရသတ္တိဖွင့်ဆိုချက် ခက်ဆစ်အဓိပ္ပာယ်အနက်တွေရှိနေပါသေးတယ်။ ကျုပ်တို့ သူရဲကောင်း၊ မင်းယောက်ျားကြီးတွေ မစဉ်းစားမိသေးတဲ့ အမြင်ထောင့်၊ ကျုပ်တို့အဲ့အားသင့် မျက်မှောင်ကြုတ်ရမယ့် အဓိပ္ပာယ်သစ်။

ကျုပ်တို့ရဲ့ လက်ရုံးစွမ်း၊ နှလုံးစွမ်း၊ သေနင်္ဂအတတ်၊ သတ္တာစောင့်သိမှုစတဲ့ သူရဲကောင်းနယ်ပယ်ကနေ ကျော်လွန်နေတဲ့ အဓိပ္ပာယ်တစ်ခုခုရှိနေပါသေးတယ်။

ဒီအတွေးကို ကျုပ်ရလိုက်တာ။ မင်းကြီးသမိန်ပြုဠ္ဌဆီကလဲမဟုတ်၊ အမတ်ဒိန်ဆီကလဲမဟုတ်၊ မင်းကန်စီထံကလဲမဟုတ်။ မသလုံဆီကလဲမဟုတ်၊ တစ်ဖက်က အင်းဝဘုရင်မင်းခေါင်၊ သူ့သားတော်မင်းရဲကျော်စွာနဲ့ အင်းဝသူရဲကောင်းတွေဆီကလဲ မဟုတ်။

ဘုရင့်သူရဲကောင်းရင့်မကြီးတစ်ယောက်လုံး ဒီလိုတွေးခေါ် ဆင်ခြင်လောက်အောင် ဖန်တီးလိုက်သူကတော့ ကျုပ်ရဲ့ ဇနီးမယား (ဆိုတဲ့) မိန်းမသူ





တစ်ယောက်ဖြစ်ပါတယ်။

၂

ဖြစ်ရပုံက ဒီလိုပါ။

အဲဒီအချိန်က သမိန်ဗရမ်းကိုလဲ မင်းရဲကျော်စွာက လက်ရဖမ်းပြီး ခေါ်သွားခဲ့တယ်။ လဂွန်းအိမ်လဲ ရေကြောင်းတိုက်ပွဲမှာ သူရဲကောင်းပီသစွာ ကျဆုံးခဲ့ပါပြီ။ ဗိုလ်မင်းကြီး သမိန်ပြုဠ္ဌလဲ မရှိတော့ပါဘူး။

ဟံသာဝတီနေပြည်တော်ကို အင်းဝဥပရာဇာမင်းရဲကျော်စွာက တပ်တွေနဲ့ ပိတ်ဆို့ပြီး ရံထားတယ်။ မြို့ထဲမှာ သုသျှင်ရဲ့သားတော်နှစ်ပါး ဘညားကျန်းနဲ့ ရာဇမနုတို့က ကြံ့ကြံ့ခံပြီး စောင့်နေကြတယ်။

ဒီအချိန်မှာ သုသျှင်ကတော့ မုတ္တမရောက်နေတယ်။ သန်လျင်စားအမတ်ဒိန်ကိုလဲ အပါးခေါ်ထားပါတယ်။ မုတ္တမသုံးဆယ့်မြို့နယ်က ဆင်မြင်းဗိုလ်ပါ အင်အားအရပ်ရပ်ကိုလဲ ညီညွတ်အောင်ပြုပြင်စီရင်ရတယ်၊ မုတ္တမမှာ သုံးလနေပြီး၊ သန်လျင်ဘက်ကူးပါတယ်။

ဒီအချိန်မှာ သုသျှင် မိန့်တော်မူတာပါပဲ။

"ဟံသာဝတီကို မင်းရဲကျော်စွာတို့ ဝိုင်းရံထားတယ်၊ အခု ငါတို့စစ်ချီလာတဲ့အကြောင်းနဲ့ မြို့ကိုဝန်းရံထားတဲ့ အင်းဝတပ်တွေကို ငါတို့အပြင်ကနေ တိုက်ခိုက်မယ့်အချိန်အခါ အခြေအနေအကြောင်းကို မြို့ထဲမှာ ပိတ်စို့နေတဲ့ ငါ့သားဗညားကျန်းဆီအကြောင်းကြားရမယ်။ အင်းဝတပ်တွေ အထပ်ထပ်ပိတ်ဆို့ထားတဲ့ အခြေမှာ မြို့တွင်းကို ဒီသတင်းဘယ်လိုပို့ကြမလဲ"

တကယ်ခက်ခဲကြီးကျယ်တဲ့ အရေးဖြစ်ပါတယ်။ အင်းဝတပ်တွေအထပ်ထပ်ပိတ်ထားတဲ့ ဟံသာဝတီမြို့ထဲဝင်ဖို့ဆိုတာ လေးလံခဲယဉ်းလှတဲ့ အမှုပါပဲ။

ခစားနေကြတဲ့ မှူးမတ်သေနာပတိတွေ အားလုံးငြိမ်သက်နေကြပါတယ်။ သေနင်္ဂအစီအမံဆိုင်ရာ အကြံပေးစကား ဘာတစ်ခွန်းမှ ထွက်ပေါ်မလာဘူး။

သုသျှင်မသက်မသာ ဆိုမြည်ညည်းတွားပါတော့တယ်၊ "သမိန်ပြုဠ္ဌနဲ့ လဂွန်းအိမ်လုံတို့သာရှိနေရင် ငါပူပန်စရာမလိုတော့ဘူး။ အခုတော့ သူတို့နှစ်ယောက်မရှိတော့လို့ ငါ့လက်နှစ်ဖက်စလုံး ပြတ်သွားတာပဲ"

ဒီစကားကို ကျုပ်မခံနိုင်ပါဘူး။ နောက်ဆုံးမှာ ခစားနေသူတွေ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လိုက်တယ်။

"ကျွန်တော် အဲမွန်ဒယာရှိပါသေးတယ်။ သုသျှင်။ ကျွန်တော်တာဝန်ယူပါမယ်။ ဥပါယ်ပြုပြီးရန်သူတွေဝိုင်းထားတဲ့ ဟံသာဝတီမြို့ထဲ ကျွန်တော်အရောက်သွားပါမယ်။ သုသျှင်ရဲ့ အမိန့်ကိုသားတော်ထံအရောက် ကျွန်တော်ပို့ပေးပါမယ်"

သုသျှင်ရဲ့ ဖြူလျော်ယောင်မျက်နှာ ချက်ချင်းပဲ သွေးရောင် ဖြန်းသွားပြီး . . . .

"မြို့ပတ်လည်မှာ ရန်သူအလုံးအရင်းကြီးစွာ သူတို့ရံထားတယ်။ မင်းဘယ်လိုဝင်မှာလဲ အဲမွန်ဒယာ"

ကျုပ်ရဲ့ အစီအစဉ်တွေကို သုသျှင်ထံလျှောက်တင်လိုက်ပါတယ် . . .။

၃

ကျောပြင်တစ်ခုလုံး ကျိန်းစပ်နာကျင်နေတော့တယ်။ သွေးစို့နေတဲ့ ကြိမ်ဒဏ်ရာတွေက အလျှိုးအလျှိုး မြင်မကောင်းအောင် ပေါ်နေကြမှာပါ။ ဒါပေမယ့် ဒီဒဏ်လောက်ကိုတော့ ကျုပ်မမှုပါဘူး။ ကြိမ်ရိုက်သူကိုလဲ 'မညာနဲ့ အားပါးတရ အစွမ်းကုန်သာရိုက်' လို့ ကျုပ်ပြောခဲ့တယ်။ အရေပြားကိုခွဲဟပြီးအသားထဲထိနစ်ဝင်သွားအောင် အရိုက်ခိုင်းခဲ့တာမို့ ဖူးဖူးရောင်နေမှာလဲသေချာတယ်။

ကျုပ်နောက်ကပါလာတဲ့ သူရဲနှစ်ယောက်ကိုလဲ ကြိုပြောထားရတယ်။ မင်းတို့ ငါ့အရိပ်အခြေကြည့်နေကြ။ တစ်ခုပဲလုပ်။ တစ်ချိန်လုံးလုံးမျက်နှာတွေ သုန်မှုန်တင်းမာအောင်လုပ်ထားကြလို့ . . . .။

အင်းဝကင်းတပ်ရှိတဲ့ မြစ်ကမ်းသို့ဆင်းသွားပြီး "ဟေး . . . ငါတို့ ဟံသာဝတီတပ်ကပါ။ ရာဇဓိရာဇ်စစ်တပ်ကနေ ငါတို့ထွက်ပြေးလာတာ။ ရွှေနန်းရှင်သားတော်မင်းရဲကျော်စွာထံ ငါတို့ခစားမလို့ဟေ့ . . .' လို့ အားကုန်ဟစ်လိုက်တယ်။ ဒီလိုနဲ့ပဲ ပင်းယသူကြီးကနေ တစ်ဆင့်မင်းရဲကျော်စွာရှေ့မှောက်၊ ကျုပ်တို့ ရောက်ခဲ့ကြပါတယ်။

အင်းဝဘုရင့်သားတော် ငယ်ရွယ်ထက်မြက်လှတဲ့ စစ်သူရဲကောင်း ဥပရာဇာမင်းရဲကျော်စွာကို ကျုပ်ဟန်မပျက် ခစားလိုက်တယ်။

မင်းရဲကျော်စွာဟာ စစ်ရည်ဝသူ၊ စစ်အတွေ့အကြုံရင့်သူပါ။ ကျုပ်မျှော်လင့်ထားတဲ့အတိုင်းပါပဲ၊ သူမယုံသင်္ကာအပြည့်နဲ့ ကျုပ်ကိုစစ်မေးပါတယ်။ ကျုပ်





ကလဲ မှင်မောင်းအပြည့်နဲ့ အစစ်ခံလိုက်ပါတယ်။

"ကျွန်တော့်နာမည် အဲမွန်ဒယာပါ။ အရှင့်သား ရာဇဓိရာဇ်ရဲ့ ရှေ့ပြေးတပ်မှာ ဗိုလ်မင်းအရာနဲ့ လိုက်ပါသူပါ။"

"မင်းအခု ထွက်ပြေးလာတာလား"

"ရာဇဓိရာဇ်ဟာ ကျွန်တော့်ကို အခြားသူများလို အမှုတော်ထမ်းကောင်းအတွက် ဆုလာဘ်မချီးမြှင့်ပါဘူး၊ ကျွန်တော်သက်စွန့်ကြိုးပမ်းထမ်းဆောင်ပေမယ့် အသိအမှတ်ပြုမခံရပါဘူး၊ ဒီ့အထဲမှာ အမတ်ဒိန်တာ ကုန်းချောလို့ ကျွန်တော်အပြစ်ဒဏ်ခံရပါတယ်"

"အမတ်ဒိန် . . . သူဟာ ပညာဉာဏ်ကြီးတဲ့ အမတ်တစ်ယောက်ပဲ၊ သူက မင်းကိုဘာလုပ်ခဲ့သလဲ"

မင်းရဲကျော်စွာဟာ သံသယမေးခွန်းတွေကို မြားတံတွေကို တစ်စင်းပြီး တစ်စင်းပစ်လွှတ်နေတော့တယ်။ သူ့ကို တော်ရုံနဲ့လှည့်စားမရဘူးဆိုတာ ကျုပ်သိလိုက်ပါတယ်။

"ပညာဉာဏ်ကြီးတဲ့ အမတ်ဟာ၊ ကောက်ကျစ်စဉ်းလဲမှုလဲပိုကြီးတတ်ပါတယ် အရှင့်သား။ ပြီးတော့ သင်းဟာ၊ ရာဇဓိရာဇ်နဲ့လဲ အကျွမ်းဝင်သူဆိုတော့ သူ့ကုန်းစကားတိုင်းဟာ ရာဇဓိရာဇ်ရဲ့ ဒေါသအဖြစ်ကိုကောင်းကောင်းကြီး လှုံ့ဆော်ပေးနိုင်ခဲ့ပါတယ်၊ ရာဇဓိရာဇ်ဘုရင် ဆိုတာကလဲ ပင်ကိုယ်ကမှ အမျက်ဒေါသကြီးသူဆိုတော့ ကျွန်တော့်ကျောပြင် တစ်ခုလုံးကွဲအောင် ကြိမ်ဒဏ်ပေးပါတယ်။ ကျွန်တော် အဲမွန်ဒယာကျောကွဲတာ ထက် အသည်းကွဲတာက ပိုပါတယ်။

မင်းရဲကျော်စွာဟာ တင်းမာတဲ့မျက်နှာနဲ့ပါ။ စစ်ကာလအတွင်း တစ်ဖက်ကနေ ပြေးဝင်ခိုလှုံလာတဲ့ ရန်သူဘက်သားဆိုတာ ဘယ်လိုမှ မယုံရဘူးလို့ သူ့သွေးထဲက နေသိနေပုံပါပဲ။

"ဆက်တင်စမ်း"

"သင်းတို့ကို ကျွန်တော်အသည်းနာလှပါတယ်။ ဒါကြောင့် အတူဒုက္ခခံစားဘက်၊ 'ရဲမက်ရှစ်ယောက်တို့ကို အဖော်ညှိပြီး၊ အရှင့်သားတော် ဖဝါးအောက် ခိုလှုံခစားရခြင်းပါ။ အမှုတော်ကို အသက်စွန့်ထမ်းပါ့မယ်၊ ရာဇဓိရာဇ်နဲ့ စစ်တိုက်တဲ့အခါ၊ သူ့ရှေ့ပြေးတပ်တွေ ဖရိုဖရဲဖြစ်အောင် တွန်းလှန်တိုက်ပေးလိုပါတယ်။ အမတ်ဒိန်ကိုလဲ လက်စားချေလိုလှပါတယ် အရှင့်သား"



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲကျော်စွာ ပြုံးပါတယ်။ ဟန်ကျပြီလို့ ကျုပ်က ထင်လိုက်ပေမယ့် သူပြောလိုက်ပုံက . . . .

"အမတ်ဒိန်ဟာ သက်ကြီးရွယ်ကြီး ပညာရှိသေနာပတိကြီးတစ်ပါးပဲ။ ပညာလဲကြီးသူပဲ။ ငါသိသပေါ့။ သူလိုပုဂ္ဂိုလ်မျိုးက မင်းလိုငယ်ငယ်ရွယ်ရွယ် ဗိုလ်မင်းတစ်ယောက်ကို ဝန့်တိုပြီး ကုန်းချောတယ်ဆိုတာ ယုတ္တိမတန်ဘူး . . .။ ဟော့ . . . . အဲမွန်ဒယာ မင်းငါတို့ကို ထောက်လှမ်းဖို့လာတာမဟုတ်လား။ မင်းဟာ ငါ့အတွက် ဆူးငြောင့်ခလုတ်ပဲ ဖြစ်ဖို့များတယ်"

ကျုပ်ဘာမှ ပြန်ဖြေစရာမရှိတော့ဘူး။ ဒါပေမယ့် အမူအရာတစ်စုံတစ်ရာလေးမှ မယွင်းရအောင် နေလိုက်တယ်။ မင်းရဲကျော်စွာက ပင်းယသူကြီးဘက်လှည့်ပြီး ပြောပါတယ်။

"အဲမွန်ဒယာကို ငါမယုံဘူး။ အထူးသဖြင့် စစ်အတွင်း ပြေးလာတဲ့ ဗိုလ်ပါများကို ငါမယုံဘူး"

ပင်းယသူကြီးက လျှောက်ပြန်တယ် . . . .

"ရွှေနန်းသခင် သားတော်စကားမှန်ပါတယ်။ သို့သော် အကောက်ရှိသလို အဖြောင့်လဲရှိပါတယ်။ အဲမွန်ဒယာကျောက်ခွဲအောင် ရာဇဒဏ်သင့်ထားတာ အထင်အရှားပါ။ ကောင်းသောစိတ်နဲ့လာတယ်လို့ ကျွန်တော်မျိုးမြင်ပါတယ်။

မင်းရဲကျော်စွာ ဒုတိယအကြိမ် ပြုံးပြန်တယ်။ ပြီးတော့ . . . . .

"ပင်းယသူကြီး၊ သင်လူကြီးဖြစ်လျက်နဲ့ ဒီလောက်ဥပါယ်ကို မမြင်တတ်ပါလား။ သင် မဟာသဇောတ် မဖတ်ဖူးဘူးလား။ အနုကေဝဋ်လဲ ဒီလိုပဲ ကျောက်ခွဲဒဏ်ရာနဲ့ စူဠနီပြဟ္မဒတ်မင်းဆီ ဥပါယ်သုံး ဝင်ထောက်လှမ်းတာပဲ။ အခု အဲမွန်ဒယာလာတာ အနုကေဝဋ်လာနည်းမျိုး"

ဒီဥပရာဇာဟာ အသက်နုပေမယ့် အတွေးရင့်သားပါကလား။ သူကိုတော်ရုံနဲ့လှည့်စားလို့ မလွယ်ဘူးလို့တွေးရင်း နဲ့ ရန်သူဘုရင့်သားတော်ကိုကြိတ်ပြီး လေးစားလိုက်မိပါတယ်။

မင်းရဲကျော်စွာက ဆက်ဆိုပါတယ် . . . . .

"အေး . . . . အဲမွန်ဒယာကို သတ်ပစ်ရင်လဲ၊ ခိုလှုံလာသူကို စီရင်ပစ်တယ်ဆိုတာ အစဉ်အလာပျက်မယ်။ ကျင့်ဝတ်နဲ့မညီဘူး။ ပြန်ပို့ရင်လဲ ငါတို့ ကြောက်ရာကျမယ်။ ဒီတော့ . . . ."





ကျုပ်ရင်တထိတ်ထိတ်နဲ့ နားစွင့်နေရတယ်။

"ဒီတော့ အဲမွန်ဒယာတို့ကို သံခြေကျင်းခတ်ထား။ စစ်သူလျှိုဖြစ်တယ်ဆိုတာ တွေ့ရရင် သူရောသူ့လူတွေပါ ခေါင်းဖြတ်သတ်ပစ်မယ်" ဒီလိုနဲ့ပဲ သံခြေကျင်းနဲ့ အကျဉ်းသားဖြစ်ခဲ့ရပါတယ်။

၄

နောက်ဆုံးတော့ မင်းရဲကျော်စွာရဲ့ ထူထဲလှတဲ့သံမဏိ သံသယတံတိုင်းကြီးကို ကျုပ်ရဲ့ကြီးစွာသော စွန့်စားခြင်းလက်နက်နဲ့ ထိုးဖောက်နိုင်ခဲ့ပါတယ်။ ဒီလို ထိုးဖောက်နိုင်ဖို့ ကျုပ်မနည်းကြီး ကြိုးစားခဲ့ရတယ်။

အကျဉ်းတံခါးစောင့်ကနေတစ်ဆင့် အင်းဝသေနာပတိထံကို ချောက်တောားပို့ခဲ့တယ်။ ကျုပ်ကိုမယုံရင် အကျဉ်းချထားပါ။ ကျွန်ရစ်သူရဲရှစ်ယောက်ကိုထုတ်ပြီး ဟံသာဝတီတပ်နဲ့ တိုက်တဲ့တပွဲပွဲမှာ သုံးကြည့်ပါ။ ဒါမှအမှန်သိပါမယ်လို့ . . . . .။

ကျုပ်ရဲ့ သူရဲရှစ်ယောက်ကိုလဲ အလေးအနက်ကြီးစွာ မှာထားရတယ်။ မင်းတို့ကို ထုတ်ပြီးစစ်တိုက်ခိုင်းရင် ဟန်ဆောင်မတိုက်နဲ့ တကယ်သာတိုက်ကြ။ သေလုနီးပါး ဒဏ်ရာရထားပြီး သေတော့မယ့် မွန်သည်တွေကို ရအောင်ခုတ်။ အဲဒီဦးခေါင်းတွေကို မင်းရဲကျော်စွာထံဆက်သကြ။ စိတ်ကြမ်းကြမ်းထားကြပေါ့ကွာ။ အဲဒါမှ သူ့သံသယတွေပျောက်မယ်လို့ အသေအချာမှာကြား အမိန့်ပေးရတယ်။

ဒီလိုနဲ့ပဲ ကျုပ်ကို အကျဉ်းဆက်ချထားပြီး ဟိုကောင်ရှစ်ယောက်ကို အပြင်ထုတ်၊ အင်းဝရဲမက်ဝတ်စုံဆင်ပေး၊ တိုက်ပွဲဝင်ခိုင်းတယ်။ ကျုပ်အကောင်တွေကလဲ ကျုပ်မှာထားတဲ့အတိုင်း တစ်သဝေမတိမ်းလုပ်ကြတော့ မင်းရဲကျော်စွာ သံသယတွေ ပပျောက်လွင့်စင်သွားတော့တယ်။

"အဲမွန်ဒယာဟာ တကယ်ပဲ သူ့သခင် ရာဇဓိရာဇ်ကိုနာကျည်းပြီး ထွက်ပြေးလာတာအမှန်ပဲ။ သူ့လူတွေက တိုက်ပွဲမှာ ဟံသာဝတီရဲမက်တွေကို တကယ်ခုတ်သတ်တာပဲ။ ဥပါယ်နဲ့လာတယ်ဆိုရင် ကိုယ့်ဘက်သားကိုယ်ဘယ်သူဒီလိုလုပ်မလဲ"လို့ . . . . မင်းရဲကျော်စွာ အားရဝမ်းသာဆိုတယ်တဲ့။

မကြာခင် ကျုပ်ကိုလဲ အကျဉ်းကလွှတ်ပေးပါတယ်။ ပြီးတော့ ဟံသာဝတီတပ်နဲ့ တိုက်ဆိုပြီး အင်းဝဝတ်စုံဝတ်ဆင်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နဲ့ကျုပ်လူရှစ်ယောက်၊ အင်းဝဝတ်စုံဝတ်လို့။ တိုက်ရမှာက ကိုယ့်ဟံသာဝတီတပ်ကို ကိုယ်ပြန်တိုက်ရမှာ။ အင်း . . . . အရေးကြီးတာက ဟံသာဝတီမြို့တွင်း ဝင်နိုင်ဖို့အရေး . . . . ။

လက်နှစ်ဖက်စလုံး ဓားလွတ်ကိုင်ပြီး၊ ကျုပ်တို့ကိုးယောက်၊ အင်းဝတပ်ရဲ့ ရှေ့ဆုံးက ချီခဲ့ကြတယ်။ မွန်တပ်နဲ့နီးလာတော့ ကျုပ်ခေါင်းပေါင်းကို ချွတ်ပြီး ပစ်လိုက်တယ်။ ကျုပ်လူတွေလဲ ကျုပ်အတိုင်းလိုက်လုပ်ကြပြီးတော့ ကျုပ်တို့ အသံကုန်ဟစ်ကြတယ်။

"ဟေး . . . . ငါတို့ အဲမွန်ဒယာရှစ်ယောက် မြို့တွင်းပြေးဝင်ခဲ့မယ်။ ငါတို့ မွန်တွေဟေ့ . . . ."

ကျုပ်တို့မြို့တွင်းဝင်ပြီးရော မြို့တံခါးပိတ်လိုက်ကြတယ်။ မြို့ပြင်မှာတော့ အင်းဝတပ်ဟာ အံ့ဩခြင်းကြီးစွာနဲ့ ကျန်ရစ်ခဲ့ပြီလေ။

ကျုပ်ကတော့ သုသျှင်သားတော် ဗညားကျန်းရှေ့မှောက် တစ်ခါတည်းဝင်ပြီး အရေးကြီးလှတဲ့ စစ်သတင်းကို လျှောက်လိုက်တော့တယ်။

"ယခုအခါ ခမည်းတော် သုသျှင်ဇာတာတော်သန့်ပြီး၊ ဘေးအန္တရာယ်ကင်းရှင်းပြီဖြစ်လို့ မုတ္တမကခွာခဲ့ပါပြီ။ သန်လျင်မှာ စခန်းချနေပါပြီ။ အပြင်ကနေပြီး မင်းရဲကျော်စွာတပ်ကို တိုက်ဖို့ချီလာပါပြီ။ ဒီသတင်းကို အရှင့်သားသိရအောင် ကျွန်တော့်ကိုစေလွှတ်ပါတယ်။ ကျွန်တော် ဥပါယ်သုံးပြီး၊ မြို့ကိုရံထားတဲ့အင်းဝတပ်ထဲ အဲဒီနေ့မှာ ဝင်၊ မင်းရဲကျော်စွာကို လှည့်စားပြီးမှ မြို့တွင်းဝင်၊ အရှင့်သားရှေ့မှောက် အရောက်လာခဲ့ပါတယ်။ သုသျှင်ဟာ လဆန်းသုံးရက်၊ သောကြာနေ့မှ စစ်မကြီးချီပြီး အနောက်ဘက်က စတိုက်ပါလိမ့်မယ်။ အဲဒီနေ့မှာ မြို့တွင်းကလဲ အသင့်စီမံပြီး အင်းဝတပ်ကို နှစ်ဖက်ညှပ်တိုက်ဖို့ပါ အရှင့်သား . . . ."

၅

အင်းဝဥပရာဇာ မင်းရဲကျော်စွာ ဘယ်လောက်ဒေါသပေါက်ကွဲလေမလဲ မသိ။ အပြင်ကရံထားတဲ့ အင်းဝတပ်အခြေအနေကို ကြည့်ဖို့၊ မြို့ရိုးထိပ်ကို ကျုပ်တက်လိုက်တာနဲ့ ကျုပ်ကိုမြင်လိုက်ကြပြီဆိုရင်လဲ အင်းဝတပ်သားတွေဆီက ဆဲသံတွေဟာ မိုးမွှန်နေတော့တယ်။

"အဲမွန်ဒယာ လူလိမ်၊ လူကောက်၊ လူစဉ်းလဲ"တဲ့။





"ပလီပလာတွေပြော၊ လှည့်စားပြီး မြို့တွင်းဝင်ပြေးတဲ့ အကောင်"တဲ့။

"ငါတို့သခင် အရှင့်သားက နင့်ကို မိအောင်ဖမ်းပြီး ရင်ကိုခွဲအသည်းကို ထုတ်မယ်ဟေ့ . . . "တဲ့။

ကျုပ်လဲ မြို့ရိုးထိပ်ကနေ ပြန်ဟစ်လိုက်တယ်။

"ငမိုက်သားတွေ . . . . အရှက်မရှိတဲ့အကောင်တွေ၊ ဟံသာဝတီကို နင်းတို့ရမယ်ထင်သလား။ မြို့တွင်းဝင်နိုင်ခဲ့တဲ့ ငါ့အဲမွန်ဒယာဟာ နက်ဖြန်မိုးသောက်ရင် မြို့ပြင်ပြန်ထွက်ခဲ့မယ်ဟေ့ . . . ."

ပြီးတော့ အရှင့်သား ဗညားကျန်းကို ကျုပ်သံတော်ဦးတင်လိုက်တယ်။

"အရှင့်သား၊ ကျွန်တော်အရေးကြီးတဲ့ စစ်သတင်းကိုပို့ပြီးလို့ မိုးသောက်ရင် သုသျှင်ဆီပြန်ပါတော့မယ်"လို့။ ဗညားကျန်းကိုယ်တော် အံ့အားသင့်သွားပါတယ်။

"ဟင် မင်းက ပြန်ထွက်ဦးမလို့လား"

မြို့*၀၁၄၀

"မှန်ပါတယ် . . . . အရှင့်သား။ ကျွန်တော့်တာဝန်ဟာ အရှင့်သားဆီ သတင်းလာပို့ဖို့ပါ။ ဟိုမှာ ကျွန်တော့်ရဲ့ ရှေ့ပြေးတပ်လဲရှိနေပါသေးတယ်။ ကျွန်တော် ပြန်ထွက်ရပါမယ်"

"မင်း . . . . ဘယ်လိုလုပ်ပြန်ထွက်မလဲ။ အဲမွန်ဒယာ ခုချိန်ဆို သူတို့အင်းဝတပ်တွေအနေနဲ့ မြေပြင်ဆိုလဲ ပိုးလားကောင်၊ ကောင်းကင်ဆိုလဲ ငှက်တစ်ကောင်တောင်ဖြတ်လို့ မရအောင် အစေ့အစပ်စောင့်နေကြပြီ။ မင်းမြေလျှိုးမလား၊ မိုးပျံမလား၊ ကိုယ်ပျောက်မလား"

အရှင့်သား ဗညားကျန်းဟာ အံ့ဩခြင်း၊ စိုးရိမ်ခြင်းတွေနဲ့ ကျုပ်ကို စေ့စေ့ကြည့်ရင်း မေးပါတယ်။

ကျုပ်ရဲ့အကြံအစည်ကို လျှောက်တင်လိုက်ပါတယ်။

အထပ်ထပ်၊ ကွက်ညှပ်ဆော်ဖန်ထားတဲ့ အင်းဝတပ်တွေ အကြားက ထိုးဖောက်ပြန်ထွက်နိုင်ဖို့ ကျုပ်လိုချင်တဲ့ ပစ္စည်းကိရိယာတွေကို တောင်းဆိုလိုက်ပါတယ်။

"အရှင့်သား ငှက်ပျောဖူးဖူးတစ်ခုရယ်၊ ဝါးကပ်နှစ်ခုရယ်၊ ဖျာတစ်ချပ်ရယ်၊ အဝတ်ဖြူတစ်ထည်ရယ်၊ ပျားရည်ရယ်၊ ငါးပုပ်တွေရယ် လိုပါတယ် ဘုရားတော့"

ကိုယ့်စိတ်ကူးကိုယ် ပြန်သုံးသပ်ရင်း ဆက်လျှောက်လိုက်တယ်။



www.burmeseclassic.com

"မိန်းမသူတစ်ယောက်လဲ လိုအပ်ပါတယ်။ သုံဆံပင်တွေအဆုံးခံပြီး ဦးပြည်းခေါင်းတုံး ရိတ်စေရပါမယ်"

## ၆

နောက်နေ့မိုးသောက်မှာတော့ . . . . ဟံသာဝတီမြို့တံခါးတစ်ခုအ မှာ မြို့ထဲက မသာအလောင်းတစ်ခု ထွက်လာခဲ့တယ်။

ငှက်ပျောဖောင်ပေါ်မှာ ဝါးကပ်နှင့် ဝါးကပ်ပေါ်မှာ အဝတ်ဖြူခင်းလို့ အဲဒီအဝတ်ဖြူပေါ်မှာ မသာအလောင်း။ အလောင်းပေါ်မှာ ထပ်ပြီးဝါးထ တစ်ခုထပ်ဖုံး၊ ဝါးကပ်ဖုံးအောက်အလောင်းရဲ့ ဘေးတစ်ဖက်တစ်ချက်မှာတော့ ငါးပုပ်တွေတင်လို့ . . . .။ ဝါးကပ်ပေါ်မှာ ပျားရည်တွေဆမ်းလို့။

ဒီဖောင်ပေါ် ဝါးကပ်အောက်က မသာအလောင်းကတော့ ကျုပ်ကိုယ် တိုင်ပါပဲ။ ကျုပ်ဘေးတစ်ဖက်ဆီမှာတော့ လက်စွဲတော်ဓားရှည်နှစ်လက်။

အလောင်းတင်တဲ့ ဝါးကပ်ကို မြို့တွင်းက ထမ်းအထုတ်မှာတော့ နောက်ဖက်က အသံတစ်သံလဲ အဆက်မပြတ်။ အသံက မိန်းမသူတစ်ဦးရဲ့ ဆို့ဆို့နစ်နစ်ရှိုက်ကြီးတငင်ငိုသံပါ။

အင်းဝတပ်တွေနဲ့ နီးလာတဲ့အခါ ငိုသံက ပိုကျယ်လာတယ်။

"အို . . . ကျေးဇူးရှင်ကြီးရဲ့။ အေးအတူပူအမျှ လင်ကိုယ်မယားနှ ယောက် ဒီစစ်ဘေးက လွတ်အောင်ပြေးကြမယ်ဆို။ အခုတော့ တော်တကယ် အလွတ်ရုန်းပြေးပြီလား ကျေးဇူးရှင်ကြီးရဲ့ . . . . "

ဝါးကပ်အောက်မှာ လိုက်ရင်း ငိုသံကို ကျုပ်အရသာခံ နားစွင့်နေမိတယ်။

"အို . . . ငါ့လင်သခင်ကြီးရဲ့၊ စစ်ကြီးပြီးအောင် မစောင့်တော့ဘူးလား တော့။ ကျုပ်တစ်ယောက်တည်း ထားခဲ့ပြီလားတော့"

ငိုသံရှိုက်သံပိုကျယ်လာတဲ့အတွက် အင်းဝတပ်တွေနဲ့ နီးလာပြီလို့ ကျ သိလိုက်တယ်။ ဝဲယာနှစ်ဖက်ချထားတဲ့ ဓားနှစ်စင်းက ဓားရိုးတွေကို တင်းတင် ကြီး ဆုပ်ထားလိုက်တယ်။ နေရာမကျခဲ့ရင် ချက်ချင်းထခုတ်နိုင်အောင်လို့

"အောင်မယ်လေး . . . . ကျေးဇူးရှင်ကြီးရဲ့။ အသေဆိုးလေခြင်း၊ တို လင်အလောင်းမို့ မြေလဲမြှုပ်လို့မရပါလား။ ထုံစံအတိုင်းဆိုပြီး ရေလဲမျှော မရပါလား။ ရိုးရိုးသေရင် မီးသဂြိုဟ်လိုကရပါပေရဲ့။ အခုတော့ . . . . "

မိန်းမသူအသံဟာ အမြင့်ဆုံးနဲ့အဆို့နစ်ဆုံးရောက်လာတယ်။ အင်း





တွေနဲ့ အနီးဆုံး . . . . အင်း . . . . ဓားတစ်ကမ်းနေရာရောက်လာပြီ။

"အခုတော့ . . . . အောင်မယ်လေး . . . . ရိုးရိုးမသေဘဲ တော ကိုက်ပြီးသေရလေခြင်း၊ စစ်ကြီးကို ကြောက်ရာကနေ အကြောက်လွန်ပြီး ကြီးပေါက်လို့သေရတဲ့ ကျေးဇူးရှင်ကြီးရဲ့ . . . . လေး. . . . "

ဝါးကပ်စင်အောက်ဖက် နိမ့်သွားတယ်။ မြစ်ဆိပ်ရောက်ပြီ။ ဝါးကပ်နဲ့ ပျောဖက်ကို မြစ်ဆိပ်ရေကြောင်းမှာချလိုက်ကြပြီ။ အင်း . . . . မြစ်ထဲမှာတ င်းဝကင်းလှေတွေအပြည့်။ ဒီစစ်လှေတွေကြားထဲ ကျုပ်ရဲ့ငှက်ပျောဖောင်တ သွားရမှာ . . .။

"သွားပေတော့ . . . . . လင်ကြီးရေ၊ နောင်ဖြစ်လေရာဘဝတိုင်းမှာ ကျောက်ရောဂါဆိုးကြီးနဲ့ အသေဆိုးမသေပါစေနဲ့လို့ ကျုပ်ဆုတောင်းလိုက် ရဲ့၊ အောင်မယ်လေး . . . . ကျုပ်တစ်ယောက်တည်း ဘယ်ပြေးရတော့မလဲ။ ကျုပ်ကိုရော ဘာကြောင့် ကျောက်ပေါက်ပြီးမသေရတာလဲ။ တော့သူ့ တော ပေါက်ပြီး အသေဆိုးနဲ့သေရ . . . . "

မိန်းမသူအသံဟာ နစ်ဝင်သွားတယ်။ သူမူးမေ့လဲကျသွားတဲ့ ပုံပါပဲ။ ကျုပ်ရဲ့ငှက်ပျောဖောင်လဲ မြစ်ကြောင်းအတိုင်း စမျောခဲ့ပြီ။ ဓားရိုးပေါ်မှာတော့ လက်ချောင်းတွေ တင်းတင်းကြပ်ကြပ် . . . .။

"ဟော့ . . . . . ဟော့ . . . . . သွေးသောက်တို့ အဲဒီမှာ ငှက်ပျောဖောင် တွေ့လား၊ ဝါးကပ်နဲ့လေ။ အဲ . . . . . အဲဒါကြီး အနားကပ်မခံနဲ့။ အောက်က အလောင်းဟာ ကျောက်ပေါက်သေထားတဲ့ဟာဗျို့"

ငှက်ပျောဖောင်ဟာ ဇွေ့ကနဲရွေ့သွားတယ်။ ကင်းလှေပေါ်က အင်းဝ ဓမက်တွေ လှံရှည်နဲ့ ဝါးလုံးရှည်နဲ့ ထိုးထုတ်လိုက်ကြပုံပါပဲ။ သတိကြီးစွာနဲ့ ကိုကြိတ်၊ ဓားရိုးတွေဆုပ်ထားတဲ့ကြားက ကျုပ်တစ်ချက်ပြုံးလိုက်မိပါရဲ့။ ဩ . . . သတ္တန္တရကပ်ဘေးထဲမှာ ရောဂန္တရကပ်ကို ထပ်ကြောက်ကြတယ်လေ။

"ဟော့ . . . . ဟော့ . . . . ရဲမက်။ အဲဒါ ကျောက်ရောဂါနဲ့သေတဲ့မသာ အနားမရောက်စေနဲ့ . . . . လှမ်းထိုးလွှတ်လိုက်။ အမလေး . . . . ပုပ်လိုက် လဲဟောင်လို့။ ယင်တွေကလဲ တလောင်းလောင်း။ ထွီ" . . . . . ကင်းလေ ည့်ပါတယ်။ ရန်သူနဲ့မတွေ့ဘဲ၊ ကျောက်ပေါက်သေတဲ့ အလောင်းကောင်နဲ့မှ တွေ့ရတယ်လို့ . . . . "

ငါးပုပ်တွေကနံ၊ ပျားရည်ကြောင့် ယင်တွေကလဲ တလောင်းလောင်း

www.burmeseclassic.com



ပုပ်ပေမပေ့ါ။ သင်းတို့ရှိမယ်၊ ကျောက်မယ်ဆိုလဲ ရှိစရာ၊ ကြောက်စရာ...

"ဟုတ်ပ့ါဗျာ။ မွန်သူရဲ အဲမွန်ဒယာနဲ့ ကိုယ်ချင်းတွေ့ချင်တာ။ ဘယ်... ကျောက်ပေါက်တဲ့မသာနဲ့ လာတွေ့နေရသလဲ မသိပါဘူး။ ဟော့ ... သွေ့သောက် မြန်မြန်ထိုးလွှတ်လိုက်စမ်းပါဟာ။ မြစ်အလယ်ရောက်အောင် ... လိုက်စမ်းပါ။ နံလွန်းလို့ ..... ထွီ"

ဒီလိုနဲ့ပဲ ငှက်ပျောဖောင်ကို ကမ်းရောက်အောင်လှော်၊ ဓားဆွဲပြီး ... ပေါ်တက်ခဲ့တယ်။ ကုန်းပေါ်ခြေချမိတာနဲ့ ကျုပ်ရဲ့သုသျှင်ရှိရာ .... သန်... ဆီကို မနားတမ်း .... ခြေကုန်သုတ်။

၇

မင်းရဲကျော်စွာတပ်တွေက ဟံသာဝတီမြို့တံခါးနားသွားပြီး ... အော်ဟစ်ခဲ့ကြပါသတဲ့။ ဟော့ .... အဲမွန်ဒယာ မြို့တွင်းတာထွက်မယ်ဆို ... ထွက်ပါတော့လား။ ကြောက်သွားပြီလားတဲ့။

ဒီတော့ .... မြို့ရိုးထိပ်က ကျုပ်ရဲ့ဟံသာဝတီတပ်သားတွေက... ဟက်ဟက်ပက်ပက် ရယ်ပြီး ပြန်ဟစ်ခဲ့ကြသတဲ့။ ဟဲ့ .... ငကန်းတွေ၊ ... တွေ၊ အဲမွန်ဒယာထွက်သွားပြီဟဲ့ ..... ။ မမြင်လိုက်ကြဘူးလား။ ခုဆိုသု... ရှိရာ သန်လျင်ကိုရောက်လောက်ပြီ။ မယုံရင် သွားကြည့်ကြဟဲ့ ....တဲ့။

တကယ်ပဲ မင်းရဲကျော်စွာအမိန့်နဲ့ သူတို့ဗိုလ်တစ်ယောက် သန်လျင်... ရောက်လာခဲ့ပါတယ်။ သုသျှင်ကို ပဏ္ဏာဆက်ပြီး အဲမွန်ဒယာရောက်ပါသ... တွေ့ပါရစေလို့ ခွင့်တောင်းပါတယ်။

သုသျှင်အမိန့်နဲ့ ကျုပ်ထွက်ရပ်ပြလိုက်ပါတယ်။

အင်းဝဗိုလ်ဟာ မျက်လုံးတွေ ကျွတ်ကျမတတ် ကျုပ်ကို စူးစိုက်ကြ... ရင်း ..... ဩော် အဲမွန်ဒယာ တကယ်ကို ထွက်လာနိုင်ခဲ့ပါလားလို့ ရေရွ... ပြီး မင်းရဲကျော်စွာအမိန့်အတိုင်း ကျုပ်အတွက် ရွှေကနဲ့ မြင်းတစ်စီး... ပါတယ်။

သုသျှင်ရာဇမိရာဇ်ကလဲ ကျုပ်သန်လျင်ပြန်ရောက်ရောက်ချင်းပဲ ခို... အားရစကားဆိုပြီး ဆုလာဘ်များစွာ ပေးသနားတော်မူပါတယ်။

"အဲမွန်ဒယာ .....မင်းဟာ တကယ်လိမ္မာကျွမ်းကျင်သူ၊ ဉာဏ်... ထက်မြက်သူ၊ သူရသတ္တိနဲ့ ပြည့်စုံသူ ... တကယ့်သူရဲကောင်းပါပဲ ..."တဲ့...

၈

သုသျှင်ပေးသနားတဲ့ ဆုလာဘ်တွေ မင်းရဲကျော်စွာဆုချတဲ့ ရွှေကာနဲ့ ...င်း၊ ပြီးတော့ အရှင့်ရဲ့ချီးမွမ်းစကား .... ဒါတွေကို လက်ခံရယူရင်းနဲ့ ...ျုပ် .... မတွေးဘဲမနေနိုင်တဲ့ အတွေးစတစ်ခုက ခေါင်းထဲကို တွန်းထိုး... ...ာက်လာခဲ့တော့တယ်။

သူရဲကောင်း အဲမွန်ဒယာတဲ့ .....

လိမ္မာကျွမ်းကျင်သူ ..... ထက်မြက်သူ .....တဲ့

သူရသတ္တိနဲ့ ပြည့်စုံသူ .....တဲ့၊

သူရသတ္တိ .... သူရသတ္တိဆိုတာ ဘာလဲ။

ဆင်မြင်း၊ ဓား၊ ဓားလှံ၊ လေးမြား၊ အဲမောင်း၊ ပုဆိန် .....။

စစ်ထိုး၊ စစ်ခံ၊ စစ်ဆုတ်၊ စစ်မြှူ၊ စစ်ကပ်၊ စစ်ခွာ၊ သေနင်္ဂ... ...ခွေးနီ .....။ အရှင့်အသင့်အမိန့်ကို ဦးလည်မသုန်နာခံ၊ အသက်... ...ပ်နှင်းလို့ အမှုကုန်ထမ်းရွက် ....။

လက်ရုံးစွမ်း၊ နှလုံးစွမ်း၊ သစ္စာစောင့်သိခြင်း။ သုသျှင်၊ တပ်မင်း... ...မိန့်ပြဋ္ဌာန်း၊ အမတ်ဒိန်၊ မင်းကန်စီး၊ လဂွန်းအိန်၊ သမိန်ဗရမ်း ပြီးတော့ ကျုပ် ...မွန်ဒယာ ....။

ကဗ္ဗည်းရာဇဝင်အက္ခရာ တင်ကျန်ရစ်ကြမှာတဲ့လား။ မော်ကွန်းထိုးရ...ယ့် .... သူရဲကောင်းတွေတဲ့လား။ ဟုတ်ပါလိမ့်မယ်။

သို့ပေမယ့် ..... ကျုပ်ပြောလိုက်ချင်ပါရဲ့။ ပြောလိုက်ပါပေရဲ့။

အင်းဝတပ်ကို ပရိယာယ်နဲ့ အလောင်းကောင် ဟန်ဆောင်ဖောက်ထွက် ...တဲ့အရေးမှာ ....

ငှက်ပျောဖောင်၊ ဝါးကပ်နောက်ကနေ လိုက်ပါခဲ့တဲ့ အမည်မသိ ဟို... ...မသူလေးတစ်ယောက်ကော။ သူ့ဆံပင်အဆုံးခံလို့ ....။ မိန်းမသူတန်မဲ့ ...ပြည်းကာတုံးရိတ်၊ ရန်သူတွေအကြား မရှံ့မရှားဝင်။ သူနဲ့ဘာမှမဆိုင်လေတဲ့ ...မွန်ဒယာကို သူ့လင်အမှတ်ပြု။ ရိုက်ကြီးတငင်၊ ငိုကြီးချက်မ တကယ့်သရုပ် ...အောင် အော်ဟစ်မြည်တမ်းခဲ့တဲ့ မိန်းမသူတစ်ယောက်။

သူ .... ဘယ်အရွယ်လဲ။ သူ့နာမည်ဘာလဲ။

ဝါးကပ်ပေါ်က အလောင်းကို မသက်ာလို့ အင်းဝရဲမက်တွေက ... ...စ်ဆေးခဲ့ရင် ကျုပ်က ဓားနှစ်စင်းဆွဲပြီး၊ ဝုန်းခနဲခုန်ထ၊ သူသေ...

www.burmeseclassic.com

www.burmeseclassic.com



အတင်းထိုးဖောက်နိုင်တယ်ထား။

ဟို . . . . မိန်းမသူခမြာ . . . . အင်းဝစားလှံ့ချက်တွေအောက်မှာ မရှု မလှပျက်စီးရမှာ မုချ။

သူရဲကောင်း အဲမွန်ဒယာရဲ့ စွန့်စားခန်းကို သုသျှင်ရာမိရာဇ်က အင်းဝမင်းရဲကျော်စွာကပါ ချီးမွမ်းထောပနာပြုကြရဲ့။ ချပ်မိန်မဝတ်၊ ဓား လှံ့မကိုင်လေဘဲ။ ဆံပင်အဆုံးခံ၊ ဦးပြည်းရိတ်ပြီး ရန်သူစစ်သည်တွေအကြား သဏ္ဌာန်လုပ်သရုပ်တူစွာနဲ့ အော်ဟစ်ငိုယိုပေးခဲ့ရင်း ဝါးကပ်နောက်ကလိုက် ပေးခဲ့တဲ့ . . . . အဲဒီ . . . . အမည်မသိ မိန်းမသူကလေးကော . . . .

လဆန်းသုံးရက်၊ သောကြာနေ့ . . . . ကျုပ်တို့စစ်မကြီးချီလို့ ဟံသာ ဝတီကို ဝိုင်းရံထားတဲ့ မင်းရဲကျော်စွာတပ်ကို တိုက်ပြီးရင်တော့ ဟံသာဝတီ တစ်နေရာ . . . . . က။ ဦးပြည်းကတုံးနဲ့ မိန်းကလေးတစ်ယောက်ကို များ မတွေ့တွေ့အောင် ရှာရလိမ့်မယ်။

ဟင့်အင်း . . . . . မဟုတ်ရပါ။ သူ့ကို ဇနီးမယားအဖြစ် သိမ်းပိုက် မဟုတ်ရပါ။ သူ့ကို တွေ့ရင် သူ့ကို အနူးအညွတ်စကားပြောဖို့ပါ။ ပြီးတော့ . . . . သူ့သျှင်ရာဇမိရာဇ် ရှေ့မှောက်အရောက် သူကလေးကို အရခေါ်သွင်း ပါမယ် . . . . ပြီးတော့။

"မိန်းကလေးရယ် . . . . . အညတရ ပြည်သားလူထုထဲကနေပြီး ဆုလာဘ် ဘာပဏ္ဏာမှမမျှော်ကိုး . . . . ကိုယ့်အသိနဲ့ကိုယ် ရှပ်ရှပ်ခွဲ အမှုထမ်းခဲ့လေတဲ့ မင်းတို့တွေရဲ့ သူရသတ္တိကို ငါ . . . . သူရဲကောင်းကြီး အဲမွန်ဒယာက ဟံသာဝတီသူရဲကောင်း စစ်သည်ကြီးများအားလုံးကိုယ်စား ဦးညွတ်ပါတယ်"လို့ . . . .။

ရာဇမိရာဇ်အရေးတော်ပုံ ကျမ်း-နိုင်ပန်းလှ
(စာ-၃၄၃ မှ ၃၅၃ အထိ ကိုးကားပါသည်)

လှိုင်ဟံသာ၊ ၂၀၀

## ဤမှန်သောသစ္စာစကားကြောင့် ဤမီးတောက်မီးလျှံများသည်

၁

သီတာဒေဝီ မင်းသမီးအဖြစ် ကျွန်မကိုမှ တညီတညွတ်တည်း ရွေး ချယ်လိုက်ကြခြင်း၏ အဓိက အကြောင်းရင်းကို ကျွန်မသာ အသိဆုံးဖြစ်မည် ထင်ပါသည်။ ကျွန်မလှလို့ဟု ဆိုလျှင် ကျွန်မထက် အပုံကြီးလှသော ဝင်းလဲ့ ရည်ကို အားနာစရာ ဖြစ်ပါလိမ့်မည်။ ညက်ညောသိမ်မွေ့လို့ဟု ဆိုလျှင်လည်း ညင်းညှံ့လေပြေလေးတစ်ချက် အသုတ်မှာ ငှက်တောင်လေးတစ်ခု သို့မဟုတ် စကားပွင့်လေးတစ်ပွင့် ဝေ့ဝိုက်မျောလွင့် ဆင်းသက်လာသည့်နှယ် ငြိမ်သက် စွာ တင့်တယ်လှသော မမြစံပယ်ကို မငဲ့ညှာရာ ရောက်တော့မည်။

ကကြိုးကကွက်တွေ ပိုင်နိုင်လို့ ဆိုလျှင်တော့ ကျွန်မတို့ကို အကသင် ပေးသော ဆရာမ ဒေါ်မြမြရွှေကို သီတာဒေဝီ လုပ်ခိုင်းလိုက်ရုံပဲ ရှိသည်။ ဒီတော့ အခြားဘာတွေများ အကြောင်းပြစရာ ရှိပါသေးလဲ။ ညိုညက်ညတ် အသွေးရှိသော ကျွန်မ၏ အသားအရေက မိတ်ကပ်တင်ပြီး မီးရောင်အောက်ဝင် လိုက်လျှင် ဖွေးဥနေအောင် ကြည့်ကောင်းသည်ဟု အချို့က မှတ်ချက်ချကြ သည်။ အဲဒါကလဲ သီတာဒေဝီ ဖြစ်ဖို့အတွက်လုံလောက်သော အကြောင်း မဟုတ်သေးပါ။ စီးပုံ၊ ထိုင်မသိမ်း၊ ပုဝါ၊ ဘယက်ဒွါဒရာများ ဝတ်ဆင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ခမ်းနားသိုက်မြိုက်စွာပင် မဟာဆန်ဆန် ကြည့်ကောင်းသော အလှဖြစ် ပေါ်လာမည်ဟုလည်း အချို့ကဆိုပြန်ပါသည်။ ဒါလဲ မရှိမဖြစ် အရည်အချင်း မဟုတ်သေးပါဘူး။

တွဲဖက်ကပြရသည့် အခြားသော ဇာတ်ရုပ်ဇာတ်ဆောင်များနှင့် အပေးအယူ အချိတ်အဆက် ကောင်းကောင်းလုပ်တတ်လို့ဟု သမ္မာရင့် အနု ပညာရှင်အချို့က အမှတ်ပေးကြသည်။ ဟင့်အင်း. . . ဒါလဲ မပြည့်စုံသေးပါ။ ကျွန်မ (သီတာဒေဝီ) ၏ ရံရွှေတော်အဖြစ် ကပြ၊ သရုပ်ဆောင်ရသော မခင်မူ ဆိုလျှင် အဲဒီလို အပေးအယူ အချိတ်အဆက်လုပ်ရာမှာ ကျွန်မထက် အပုံကြီး တော်ပေသည်။

သီတာဒေဝီ အဖြစ်သို့ ကျွန်မရရှိလိုက်ခြင်း၏ အဓိက အကြောင်းအ ရင်းကို ကျွန်မကိုယ်တိုင်ပဲ သိသည်ဟု ပြောချင်ပါသည်။ ဒါဟာ နည်းနည်း တော့ အသိရခက်မလား မသိပါ။ ဤအချက်ကို ကျွန်မ၏ အတွေးထဲမှ နှလုံး ခုံသံထဲမှ ရရှိခြင်းဖြစ်သည်။ ဤအချက်ကို အခြားတပါးသူအား ရေလည် အောင် ပြောပြဖို့တော့ ကျွန်မမှာ လုံလောက်သည့် စကားလုံးများမရှိပါ။

သို့သော် ကျွန်မ ကြိုးစား ပြောကြည့်ပါမည်။ ညံ့ဖျင်းချို့တဲ့သော ဘာသာစကားအတွက် ခွင့်လွှတ်ပါ။

သီတာဒေဝီ ဝိညာဉ် ပူးကပ်ခွင့်ရအောင် ကျွန်မအမြဲ အဆင်သင့်ရှိ နေခြင်းပဲဖြစ်ပါသည်။ ဟင်းအင်း. . . "လမိုင်းကပ်တယ်" ဟူသော စကားလုံး ကြီးကို ကိုယ်ခန္ဓာ၊ နှလုံးသား၊ အသွေး၊ အသား၊ အသက်ရှူခြင်းများထဲမှာ ကောင်းစွာ ကူးခတ်ပျံသန်းခွင့်ရရှိလေသည်။

သီတာဒေဝီ ဆိုသော တစ်စုံတစ်ခုသည် ဟိုအဝေးဆီမှ ပျံသန်းလာ တာမဟုတ်ပဲ။ ကျွန်မ၏ ရင်တွင်းတစ်နေရာမှ ဖျက်ခနဲ ပေါက်ဖွားဖြစ်တည် လာခဲ့သည်။ အဲဒီနောက်မှာတော့ သီတာဒေဝီသည် ကျွန်မ၏ အာရုံ၊ ကျွန်မ၏ ဝေဒနာ၊ ကျွန်မ၏ ဝိညာဉ်၊ ကျွန်မ၏ စေတသိက် နယ်နိမိတ်များ အားလုံးသို့ ပြည့်ပြည့်ဝဝကြီး စီးနင်းဖွံ့ထွားလာတော့သည်။ ကျွန်မနှင့် သီတာဒေဝီသည် အရောင်ချင်းစက်ဝန်းအနားသတ်မျဉ်းကြောင်းချင်း တစ်သားတည်း ဖြစ်ပွားတွာ ထူးဆန်းသော လှုပ်ရှားမှုတွေ ပေါ်ပေါက်လာကြတော့သည်။

ဟင့်အင်း. . . ကျွန်မ သီတာဒေဝီဖြစ်သွားတာလဲ မဟုတ်ဘူး၊ လမိုင်း နတ်စီးကပ်ပူးဝင်သွားတာလဲ မဟုတ်ဘူး။ အို. . . ခက်လိုက်တာ။ ကျွန်မ





မပြောတတ်တော့ပါ။ ကျွန်မ ဆိုသော ကချေသည်မိန်းကလေးနှင့် သီတာဒေဝီ ဆိုသော အမျိုးသမီး တစ်ယောက် တစ်နေရာရာတွင်ပေါင်းဆုံ စီးဝင် ကြတာ သီတာဒေဝီဆိုသော အခြားသမူဟ ဖြစ်တည်မှု တစ်ခုမွေးဖွားလာတာ မျိုး ဖြစ်ပါသည်။

ဤအချက်ကို ကျွန်မ ပြောပြဖို့ ကြိုးစားတိုင်း ကျွန်မသည် အိမ်မက် တစ်ခုကို ဆေးရောင်ခြယ်ရသည့် ပမာဖြစ်ဖြစ်သွားသည်။ စကားလုံး ဝေါဟာရ များပါးဆင်းရဲလှသော ကျွန်မသည် ကချေသည်မှ လွဲလို့ ဘာမှ သုံးမရဘူးထင် ပါရဲ့။

ဒါပေမယ့် အဲဒီအဖြစ်ကို ကောင်းစွာနားလည်နိုင်သော လူတစ် ယောက်၊ ဟော်ဒီကမ္ဘာပေါ်မှာ ရှိနေတာက ကျွန်မအတွက် ကျွန်အရာခံသင်း နှင့် မလဲနိုင်သော ကံကောင်းခြင်းဟု ကျွန်မဆိုရဲပါသည်။

ထိုလူကတော့ "မောင်" ပဲ ဖြစ်သည်။

ကျွန်မ ချစ်ဝ...မောင်။

၂

မောင်က ကဗျာဆရာတစ်ယောက်ဖြစ်သည်။

ကျွန်မ၏ ချစ်သူ ကဗျာဆရာတစ်ယောက် ဖြစ်နေတာလောက် ဒီလောကမှာ ဂုဏ်ယူစရာ ကောင်းတာမရှိဟု ကျွန်မ ကြွေးကြော်တတ်ပါသည်။ မောင့်ကို ချစ်လို့ ကဗျာဆရာ တစ်ယောက် ဘဝကို ဂုဏ်ယူတတ်တာလားဟု မေးလာလျှင် ထိုမေးလာသူ၏ မျက်လုံးများကို တည့်တည့်ကြီး စိုက်ကြည့်က ကျွန်မ ပြောလိုက်မည်။

"ကဗျာဆရာဆိုတာကို ရှင် နားကောလည်လို့လား"

မပိုးဉကကော ဘယ်လိုနားလည်ပါသလဲဟု ထိုသူက ပြန်မေးသည် ဆိုပါစို့။

"ကဗျာဆရာဆိုတာ ကဗျာရေးတဲ့သူကို ခေါ်တာမဟုတ်ဘူးရှင့်၊ ကဗျာဆရာဆိုတာ သူ့ရဲ့ ကဗျာတွေနဲ့ လောကကြီး ပိုပိုကောင်းလာဖို့၊ လူတွေ ပိုပိုကောင်းလာဖို့ မေတ္တာ တရားနဲ့ ငြိမ်းချမ်းမှု ခြံလွှာအောက်မှာ တစ်လောက လုံး ကောင်းစွာ အိပ်စက်နားနေနိုင်ဖို့ ကြိုးပမ်းနေတဲ့ သူကိုခေါ်တာ" ဟု ကျွန်မ ကြီးကြီးကျယ်ကျယ် စကားလုံးတွေ သုံးပြီး အခိုင်အမာ ပြောပစ်လိုက်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးပမ်းနေတဲ့သူ မဟုတ်လား၊ ဒါဖြင့် မအောင်မြင်သေးဘူးပေါ့" ဟု ထိုသူက အကဲခတ်စွာ ထပ်ဆင့် ပြောလာမည် ဆိုပါစို့။ ကျွန်မက ထိုသူကို တစ်ခုပဲ ပြန်မေးကာ။ ထိုဘာသာစကားချင်း မတူသော ဆွေးနွေးပွဲကို ကျော်ခိုင်း ပစ်ခဲ့ပါမည်။

"ရှင်တို့ကော ဘယ်လောက်များ အောင်မြင်နေလို့လဲ"

မပိုးဥဟုအမည်ရသော ကချေသည်မိန်းကလေးတစ်ယောက်က ဒီလို စကားလုံးမျိုးတွေ သုံးတတ်သတဲ့လား။ စရိုက်မပီပြင်လိုက်တာဟု မပြောကြပါနဲ့၊ ဒီလိုပြောတတ်လို့ ဒီလိုနားလည်ဖို့ ကျွန်မက မောင့်ဆီမှ ရခဲ့ခြင်းဖြစ်ပါသည်။ မောင့်ကဗျာတွေကို ဖတ်၊ မောင့်စကားတွေကို နားထောင်၊ မောင့်မျက်လုံးအိမ်ထဲမှ တောက်ပသော အလင်းမျှင်တွေကို ငေးကြည့်၊ မောင့်ရင်အုံထက်မှ နိမ့်မြင့်လှိုင်းများကို နားဖြင့် အပ်နားထောင်ပြီး မောင့်ဆီမှ ရခဲ့ခြင်း ဖြစ်ပါသည်။

"ပိုးဥရယ် မင်းရဲ့ အကတွေဟာ ကဗျာဖြစ်နေတယ်" ဟု သူကပြောတာ။ ကခြင်းနှင့် ကဗျာတို့ ဆက်စပ် ပူးပေါင်းမှုကို မောင်က ရှင်းပြဖာတ်သည်။ ကျွန်မက နားမလည် တလည်ဖြင့် နားထောင်ရင်း. .

"မောင့်ကဗျာတွေကတော့ အကဖြစ်နိုင်သလား" ဟု မေးမိသည်။ ဤတွင် မောင်သည် သူ၏ မျက်မှန်ကိုင်းကို ပင့်တင်ကာ တစ်ချက်တွေသွားပြီးမှ. . ."

"ပိုးဥရယ် မောင့်ကဗျာတွေကလဲ အကဖြစ်နိုင်တာပေါ့။ ဒါပေမယ့် မင်းတို့ရာမဇာတ်ထဲက။ ဒသဂီရိထွက်လာတဲ့ အခါစည်တိုက ရောင်းခေါက်သလို၊ မောင့်ကဗျာတွေရဲ့ နောက်ခံ စည်းချက်ဟာလဲ ကရောင်းပဲ ဖြစ်နေတယ်။ ဒီတော့ မောင့်ကဗျာတွေအက ဖြစ်ခဲ့ရင် အဲဒီအကဟာ ဘီလူးအကပဲ ဖြစ်လိမ့်မယ်" ဟု ဖြေပါသည်။ ကျွန်မ မကျေနပ်ပါ။ မောင်၏ ကဗျာအကကို ဒသဂီရိကရောင်းဖြင့် မလှုပ်ရှားစေချင်ပါ။ ဒသဂီရိသည်ဘုန်းတန်ခိုး စွမ်းပကားကြီးမားသူဖြစ်ပေမယ့် သူကျဆုံးခဲ့သည် မဟုတ်လား. . .

"ဟင့်အင်း. . . ကဗျာတွေ ဘီလူးအက၊ -မကပါစေနဲ့လားမောင်။ ပိုးဥတို့ ရာမဇာတ်ကရင် နောက်ဆုံး အယူဒ္ဓယ ပြည်တော်ဝင်ခန်းရှိတယ်လေ။ အဲဒီအခန်းမှာ တီးတဲ့။ စည်တော်သံနဲ့ပဲ ဖြစ်စေချင်တယ်"

"ဟေး. . . မင်းသမီးလေးရဲ့ ပြည်တော်ဝင်ခန်းကို ရောက်ဖို့ အတွက်





ရှေ့မှာ အခန်းပေါင်းများစွာ မင်းတို့ ကခဲ့ရတယ်မဟုတ်လား"

"မဟုတ်ဘူး. . . မဟုတ်ဘူး. . . မောင့်ကဗျာတွေ ကရောင်းစည်းချက်နဲ့ ဘီလူးအက မဖြစ်ရဘူး။ အဲဒါကို ပြောတာ"

"ပိုးဥရယ်. . . စိတ်နုလိုက်တာ၊ ကရောင်း စည်းချက်နဲ့ကတဲ့ ဒသဂီရိ အကထဲမှာ ခွန်အားကြီးခြင်း ဆိုတာပါသလို လှုပခြင်းဆိုတာလဲ ပါတယ် မဟုတ်လား"

ကျွန်မ ငြိမ်နေကာ ဝန်ခံရပါသည်။

"အဲဒီလို အကမျိုး ပြောတာပါ။ မင်းကို မောင်ပြောဖူးပါတယ်၊ တဘွာမှာ အားကြီးတဲ့ လေးကိုင်းရှိသလို နွဲ့နှောင်းတဲ့ လေးညှို့ကြိုးလည်း ရှိတယ်လေ၊ အဲဒီလေးက ထွက်ပျံလာတဲ့ မြားတံဟာ မေတ္တာတရားနဲ့ ငြိမ်းချမ်းခြင်းဆိုတဲ့ ပစ်မှတ်ဗဟိုကို စိုက်ဝင်ရမယ်လေ"

ကျွန်မ ငြိမ်လွန်းမက ငြိမ်နေတော့ မောင်က ကြည်ရွှင်ဝေါဝါးသော အမူအရာဖြင့် ဆက်ပြောလေသည်။

"ဘာလဲ. . . မောင့်ကဗျာတွေရဲ့ အကကို ရာမသမင်လိုက် အခန်း ရာမလေးတင်အကမျိုးပဲ ဖြစ်စေချင်လို့လား. . ."

"ဟင့်အင်း. . . အဲလိုလဲ ဟုတ်ပါဘူး"

"ရာမက ဇာတ်လိုက် မင်းသားကွဲ့။

"ဇာတ်လိုက်မင်းသားဆိုတာ ဘာပဲဖြစ်ဖြစ် ဇာတ်ပေါင်းရင်၊ အောင်မြင်ရမယ်လို့ ဇာတ်ဆရာက ကြိုတင်စီမံဖန်တီးထားခြင်း ခံရပြီးသူလို့ ခေါ်တယ်"

"မောင်လဲ အောင်မြင်မှာပါ"

ဤစကားကို ပြောပြီးပြီးချင်းမှာပဲ ကျွန်မ မှားသွားပြီဟု သိလိုက်သည်။ ဤစကားသည် မောင်မအောင်မြင်သေးဘူး ဟူသော ပုံးတွဲ အနက်ကိုပါ ဆောင်နေသည် မဟုတ်လား. . .

မောင့် လက်ဖဝါးထဲမှ သွေးကြောမျှင်အချို့ ဆတ်ခနဲ ဖြစ်သွားသည်ဟု ကျွန်မ ခံစားလိုက်ရပါသည်။

"ကဗျာဆရာ တစ်ယောက်အောင်မြင်တယ်ဆိုတာ သူ့ရဲ့ အောင်မြင်ခြင်းမဟုတ်ဘူး၊ သစ္စာတရားရဲ့အောင်မြင်ခြင်းဖြစ်တယ်။ ရာမ [illegible] ဇာတ်ဆရာက ကြိုတင်စီမံထားပြီးသား အောင်မြင်မှု ဇာတ်သိမ်း[illegible]"



www.burmeseclassic.com

www.burmeseclassic.com



အေးစက်တောင့်တင်းသွားသော ထိုအခြေအနေမျိုးကို ကျွန်မ မကြည်နူးတတ်ပါ။ ထို့ကြောင့် ပြောမိပြောရာ ပြောထွက်သွားသည်။

"မောင်ကတော့ ကျွန်မရဲ့ ဇာတ်လိုက်မင်းသားပါ"

အရူးမ်လေးဟု ပြောကာ ကျွန်မ၏ နဖူးဆံစပ်ကို သူအသာအယာ ပုတ်လျှက် ရယ်မောလေသည်။

၃

ဘာသာပြန် အလုပ်ကို အပ်ထည်အဖြစ် လက်ခံလုပ်ကိုင်သည်။ အင်္ဂလိပ်စာပြသည်။ မဂ္ဂဇင်း တစ်တိုက်နှင့် ဂျာနယ်နှစ်တိုက်မှာ "အဆိုင်းမင့်" ယူလျက် ဆောင်းပါးများရေးသည်။ ခင်မင်ရင်းနှီးသော ရုပ်ရှင်ဗီဒီယိုဒါရိုက်တာများက အကူအညီ တောင်းလာလျှင် ဇာတ်ညွှန်းရေးပေးတော့သည်။ အဲဒါတွေကငွေကြေးပိုက်ဆံရဖို့ မောင်လုပ်သော အလုပ်များ ဖြစ်လေသည်။ ထိုအလုပ်များမှ ရရှိသော ဝင်ငွေသည် ပုံမှန်မဟုတ်ပါ။ အလုပ်ကလည်း ပုံမှန်မရှိပါ။ အကြောင်းအမျိုးမျိုးဖြင့် တစ်ခုပေးလိုက် တစ်ခုပျောက်လိုက်ဖြစ်တတ်ကြသည်။

အဲဒီ တစ်လျှောက်လုံးမှာ မောင်စိုက်စိုက်မတ်မတ် လုပ်သော အလုပ်ကတော့ ကဗျာရေးခြင်းဖြစ်လေသည်။ သို့ပေမယ့် ကျွန်မ၏ ချစ်သူသည် ကဗျာဖြင့် ဝင်ငွေရှာခြင်းဟူသည်မှာ မလုပ်ကောင်းသော အလုပ်ဟု ယုံကြည်သူဖြစ်ပေရာ မောင်အမြဲတမ်းလုပ်သော အလုပ်မှ အမြဲတမ်း ပုံမှန်ဝင်ငွေ မရရှိခြင်းမှာလည်း သဘာဝမကျသော အရာတစ်ခုပင်ဖြစ်လေသည်။

ကျွန်မကတော့ ကချေသည် တစ်ယောက်ဖြစ်နေခြင်းမှ တပါး ဘာမှ ကျယ်ဝန်းနက်ရှိုင်းခြင်းမရှိသော သာမန် မိန်းကလေးတစ်ယောက်ပီပီ မောင့်ကို ပုံမှန်ဝင်ငွေရှိစေချင်သည်။ ဒါဟာ ချစ်သူနှင့် ပတ်သက်၍ မိန်းမသားတို့ မျှော်လင့်သော သာမန် မျှော်လင့်ချက်ပဲ ဖြစ်မည်ထင်ပါသည်။ နောက်ဆက်တွဲ အိပ်မက်ကလဲ ရိုးရိုးလေးပါပဲ။ မောင့်နှင့်ကျွန်မ လက်ထပ်ပြီး တစ်အိုးတစ်အိမ် ထူထောင်ကြဖို့ ဒါပါပဲ။

ဒါပေမယ့် မောင်ငွေရှာပါတော့ ငွေစုပါတော့ဟု ကျွန်မ မပြောရပါ။ မပြောရက်ပါ။ မောင်ကလည်း ချစ်သူ မိန်းကလေးထံမှ ဤစကားမျိုးကို နားဆင်လျှော်ခံမည့် လူမျိုးမဟုတ်ပါ။ မောင့်မှာလည်း ကျွန်မ၏ လက်များကို အသေအချာ ဆုပ်ကိုင်ကာ အနာဂတ်ခရီးတစ်ခုလုံးကို လျှောက်သွားမည့်





ဆုံးဖြတ်ချက် အသေအချာရှိနေမည်ဟု ကျွန်မ အသေအချာ သိသည်။ မောင်သည် စိတ်ကူးယဉ် သူရဲကောင်းမဟုတ်ပါ။ အခြေအနေတွေကတော့ သိပ်အားရစရာ မရှိလှပါ။

မောင့်ကဗျာတွေက မဂ္ဂဇင်းတွေမှာ အပါနည်းလာသည်။ တဖြာစာမူခဆိုသည်မှာ မောင်စာအုပ်ဝယ်ဖို့ ကြားခံပစ္စည်းတစ်ခုသာ ဖြစ်သဖြင့် စာမူခနည်းလာခြင်း ဆိုသည်မှာလည်း မောင်ဝယ်ချင်သော စာအုပ်များ မဝယ်နိုင်ဖြစ်ခြင်းမှ လွဲ၍ အခြားထိခိုက်လောက်စရာ မရှိပါ။

သို့သော် မောင် ထိခိုက်လာသည်။

"မောင် ညှံ့လို့ပေါ့ကွာ" ဟု သူမကြာခဏ ပြောတတ်လာသည်။

ငွေကြေးအရ ထိခိုက်လာသည့် အခြားအခြေအနေများကတော့ ဘာသာပြန်လုပ်ငန်းရပ်ဆိုင်းသွားခြင်း မောင်ပင်တိုင် တာဝန်ယူရေးနေသော မဂ္ဂဇင်းရပ်နားသွားခြင်း၊ ဗီဒီယို ဇာတ်ညွှန်းများ လာမအပ်ကြတော့ခြင်းစသည် ဖြစ်လေသည်။

မောင်သည် ညည်းညူတတ်သူ၊ စိတ်ပျက် အားငယ်တတ်သူ မဟုတ်ပါ။ သို့သော် ပင်ပန်းနွမ်းနယ်မှုတွေဖြင့် ဝေသီမှိုင်းပျဖြစ်လာကြသော သူ့မျက်လုံးမျက်ဆန်တွေကိုမူ ကျွန်မကောင်းကောင်း တွေ့နေရတော့သည်။ ချစ်သူတို့ ကျွန်မ မကြည့်ရက်ပါ။ ကျွန်မ ဇာတ်လိုက်မင်းသားမှပဲ သည်လောက်ထိ မောပန်းရသတဲ့လား။ မောင်အမောပြေပါစေ။

"မောင် ကန်ထရိုက်အလုပ်တစ်ခု ရလာတယ်ကွာ. . . ရော့. . . ပိုးဉ စုထားတဲ့ထဲ ထပ်ဖြည့်လိုက်"

တစ်နေ့တွင် မောင်ထိုသို့ ပြောကာ ကျွန်မ လက်ထဲသို့ ငွေငါးထောင် ထည့်သည်။ ကျွန်မ နားကြားမလွဲရ သိသိကြီးနှင့် ပင် အံ့သြစွာမေးရသည်။

"ကန်ထရိုက်. . . မောင်က ကန်ထရိုက်"

"အေးကွယ်. . . စာအုပ်တိုက် တစ်တိုက်က အမှတ် တစ်နှစ်သုံး အထိစာအုပ် ထုတ်မယ် မဂ္ဂဇင်းမဟုတ်ဘူး။ အဲဒီစာအုပ် ထဲမှာ ပါမယ့် ဆောင်းပါးတွေအတွက် မောင်က စာကြည့်တိုက်တွေမှာ စာမူရှာဖွေစုဆောင်းပေးရမယ်။ စီစဉ်ပေးရမယ်"

ကျွန်မ သက်ပြင်းရှိုက်မိတော့သည်။ သူပြောသည့် အလုပ်အကြောင်း သဘာဝကို ကျွန်မနားမလည်ပါ။ သို့သော် မောင်မည်မျှ အထိ



www.burmeseclassic.com

www.burmeseclassic.com

ကလားဟူ၍ ရင်ထဲမှာ စစ်ခနဲ နာကျင်သွားလေသည်။

"မောင် ကဗျာစာအုပ်လုံးချင်းလဲ ထုတ်ဖို့ရှိတယ်။ မောင့် သူငယ်ချင်း တစ်ယောက်က ထုတ်ပေးမှာ. . ."

အို. . . ဟုတ်လား. . . ဒီ ဒုတိယသတင်းကို ဘာကြောင့် ပထမဆုံး မပြောတာလဲဟုဆိုကာ ကျွန်မ မောင့်ကို ထုမိတော့သည်။ မိုးမှောင်ကျ မုန်တိုင်းညတွင် လျှပ်တပြက် အလင်းကလေးသည် တန်ဖိုးရှိလှပါသည်။

"ကိုင်း ပြောစမ်းပါဦး ပိုးဥရေ. . . မင်းတို့ အဖွဲ့ အခြေအနေ"

"ပိုးဥတို့နှစ်ယောက်စလုံး ကံကောင်းလာကြပြီ ထင်တယ်မောင်ရေ။ ပိုးဥကို သီတာဒေဝီ အဖြစ် လုံးဝ ရွေးလိုက်ကြပြီ ပြဿနာတွေကတော့ အများကြီးပေါ့ မောင်ရယ်. . ."

"ဘယ်လို ပြဿနာတွေပါလိမ့်"

"ရွှေတံဆိပ် ဆုရထားတဲ့ကောင်မလေးက သူ့သီတာဒေဝီ အရွေးမခံရလို့လေ ပြီးတော့. . ."

ကျွန်မ၏ နှုတ်ခမ်းကို သူ့လက်ညှိုးဖြင့် ဖွဖွ ပိတ်ပါသည်။

"တော်တော့ မပြောနဲ့တော့ ပိုးဥလေး အဲဒါပြဿနာတွေ မဟုတ်ဘူး အခွင့်အရေးတွေက အခက်အခဲ ဟန်ဆောင်နေတဲ့ အနှောက်အယှက်တွေ အဲဒါဟာ အနုပညာရှင် တစ်ယောက်ရဲ့ သမာဓိကို စမ်းသပ်တဲ့ အမှောင့်ပယောဂ တွေလို့ ခေါ်တယ်။ ကဲ. . . လာ၊ သတင်းကောင်းလေးတွေအတွက် မောင်တို့ ဆိုင်တစ်ဆိုင်မှာ ညစာစားကြရအောင်" သတင်းကောင်းကိုယ်စီရှိကြသော ချစ်သူနှစ်ဦး၏ အထိမ်းအမှတ်ညစာစားပွဲမှာ စာဖွဲ့လောက်ပါသည်။ အနောက်ပိုင်းဆယ့်ကိုးလမ်းထိပ်က တရုတ်ထမင်းဆိုင်လေးတစ်ဆိုင်မှာ ထမင်းပေါင်း တစ်ပွဲစီ၊ အသားကင် တစ်ပွဲ၊ ဆွန်ထန်ဟင်းချိုတစ်ပွဲနှင့် ရေသန့်ဗူးတစ်လုံး ဖြစ်လို့ပါဘဲ။

၄

စစ်သူကြီး ဟနုမာန်၏ အကူအညီကြောင့် ရာမမင်းသားနှင့် အဖွဲ့သည်ကျောက်တန်းဆယ်ကာ သိန်းယိုပြည်သို့ ဆိုက်ရောက်ခဲ့ကြပြီ။ ရာမမင်းနှင့် လက်ဝဲဒီပ ဘုရင်တို့ စီးချင်းထိုးကာ ဒသဂီရိလည်း ကျဆုံးခဲ့ပြီ။

ဇာတ်ကွက်အရ ကျွန်မ သီတာဒေဝီသည် ရန်သူလက်မှ လွတ်မြောက်ပြီးနောက် မောင်တော်ရာမထံသို့ ဝမ်းမြောက်ဝမ်းသာ ပြေးဝင်ခစားရမည်ဖြစ်လေသည်။ အဲဒီမှာ မောင်တော်ရာမက သီတာဒေဝီ ကျွန်မတို့ ရွှေမျက်နှာတော်လွှဲကာ စိမ်းကားအေးစက်စွာ ဆက်ဆံလိုက်သည်။

သူ့အကြောင်းပြချက်က သိန်းယိုပြည်ဘုရင် ဒသဂီရိထံတွင် အကျဉ်းသားအဖြစ် ကျရောက်ခဲ့သော ကျွန်မတို့ မယုံကြည်တော့လို့ဖြစ်သည်။ မင်း. . . အပျိုစင်ဟုတ်သေးရဲ့လား. . . မင်းရန်သူ ဘုရင်နဲ့ ဖောက်ပြန်တာ လွန်ခဲ့နိုင်တာပဲ. . . မင်းကို ငါမယုံဘူး။

ထိုအခါ သီတာဒေဝီသည် နာကျင်ကြေကွဲစွာ သို့သော် ယုံကြည်မြဲမြံစွာ မီးပုံကြီး တစ်ခုပြင်ဆင်စေလိုက်သည်။ ထိုမီးပုံတွင်းသို့ သက်ဆင်းသည်။ သီတာဒေဝီ၏ အားကိုးရာကား. . . သစ္စာ။

"အကျွန်ုပ်သည် မောင်တော်ရာမမှတပါး အခြားမည်သည့် ယောက်ျားတစ်ဦးတစ်ယောက်ကိုမှ စိတ်ဖြင့် သော်မှ တစ်ဒင်္ဂအားဖြင့်သော်မှ ဖောက်ပြန်ခြင်းအလျဉ်းမရှိပါ။ ဤမှန်သော သစ္စာစကားကြောင့် ဤမီးတောက် မီးလျှံများသည် ကြာပဒုံကြာချပ်များမှ သီတာရေသို့နှယ် အေးမြပါစေသား. . ."

ဤအခန်းအတွက် ကကြိုးကကွက်များ၊ ကဟန်လှုပ်ရှားမှုများ တီးလုံးဂီတနှင့် စည်းချက်နှိုးချက်များကို အထပ်ထပ်အကြိမ်ကြိမ် လေ့ကျင့်ပြီး ဖြစ်သော ကျွန်မသည် အလွတ်ရပြီး ဖြစ်လေသည်။

ဟနုမာန် ခေါင်းဆောင်သော ကိသထိန္ဓာ မျောက်များက သီတာဒေဝီ ကျွန်မအတွက် မီးပုံကြီး တစ်ခုပြုလုပ်ထားကြပြီး လက္ခဏ မင်းသားလေးက မီးပုံတွင်း မသက်ဆင်းပါရန် အခါခါ တောင်းပန်ရသည်။

နာကျင်မှုဖြင့် ခိုင်မတ်မြဲမြံသော ကျွန်မသီတာဒေဝီသည် အားလုံး၏ တောင်းပန်ချက်ကို ငြင်းဆန်ကာ မီးပုံတွင်းသို့ သက်ဆင်းလိုက်သည်။

ကျွန်မ သစ္စာ ဆိုလိုက်ပါသည်။

"ကျွန်မ မပိုးဥသည် မောင့်ကို တကယ်ချစ်မြတ်နိုးပါသည်။ မောင်၏ ကဗျာဆရာဘဝကို လေးစားယုံကြည်ပါသည်။ ကျွန်မချစ်သော၊ မြတ်နိုးသော၊ လေးစားသော၊ ယုံကြည်သော၊ မောင်သည် ဤလောကကြီးဝယ် မေတ္တာတရားနှင့် ငြိမ်းချမ်းမှု လွှမ်းခြုံရေးအတွက် ကြိုးပမ်းနေသူ ကဗျာဆရာတစ်ယောက် ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



"ဤမှန်သော သစ္စာစကားကြောင့်. . . မောင်နှင့်ကျွန်မတို့ ယခုကြုံတွေ့နေရသော ဘဝ ခရီးအခက်ခဲများ ပြေပျောက်ပါစေ။

မောင့်ဘဝခရီး ချောမွေ့ဖြောင့်ဖြူးပါစေ။

မောင်နှင့် ကျွန်မ မပိုးဥတို့ အနာဂတ်လှပသာယာပါစေသတည်း. . ."

၅

သီတာဒေဝီ မီးပုံတွင်း သက်ဆင်းခန်း၌ ကျွန်မသည် သီတာဒေဝီဇာတ်ဆောင် အင်အားကို စုပ်ယူကာ၊ ထိုသို့သစ္စာဆိုခဲ့ကြောင်း မောင့်ကိုပြန်ပြောပြလျှင် မောင့်က "အရူးမလေး" ဟု ခေါင်းကို အသာအယာ ပုတ်ကာ ပြောလိမ့်မည် မထင်ပါ။

ရုပ်ရှင်အမြုတေ၊ ၂၀၀၀

❖ ❖ ❖

## ကော်ကေးဆပ်တောင်/ ဆိုင်သီယာကျောက်ဆောင်ပွန်း

၁

ဒါရိုက်တာ မောင်လှုလှ၏ ရုပ်သွပ်မိုက်မဲမှုမှာ သည်တစ်ချိန်အမြင့်ဆုံးဖြစ်သည်ဟု အားလုံးက မှတ်ချက်ချကြပြီ။ အားလုံးက ဝိုင်းဖျက်နေသည့်ကြားထဲမှ ဒါရိုက်တာ မောင်လှုလှသည် 'ကျွန်တော်လုပ်စရာရှိတာ လုပ်ရမှာပဲ' ဟု ကြွေးကြော်ကာ၊ အားလုံးဆန္ဒနှင့် ဆန့်ကျင်လျက် တဇွတ်ထိုးလုပ်ခဲ့ခြင်းပင်။ ချိုင်ကော့စကီး၏ ဆွမ်းလိတ်စ်ကို မြန်မာမှုပြုကာ 'ငန်းတို့ပျော်ရာ ရေကန်သာ' အမည်ဖြင့် မိနစ်နှစ်ဆယ်စာ ဘဲလေးကဇာတ်တစ်ခု စီစဉ်တင်ဆက်ခဲ့တုန်းက တစ်ကြိမ် ပြဿနာဖြစ်ခဲ့ဖူးသည်။ ဇာတ်ပိုင်ရှင် ဦးဌေးကြွယ်နှင့် အပေါင်းအပါများက ခါးခါးသီးသီး ငြင်းနေကြသည့် ကြားထဲမှ ဖြစ်အောင်လုပ်ပြခဲ့၏။

ဒုတိယအကြိမ်မှာ စာရေးဆရာကြီး ပါရဂူ ဘာသာပြန်သော စိတ္တရလေခါကို သုံးနာရီကြာ ပြဇာတ်ကြီးအဖြစ် တင်ဆက်ခဲ့သည်။ သည်တုန်းကလည်း ဇာတ်ပိုင်ရှင်နှင့် ကိစ္စများကို မောင်လှုလှ ရင်ကော့ခံ၍ မဖြစ်ဖြစ်အောင် စင်တင်ခဲ့သည်။

အနုပညာ၌ ရူးသွပ်မိုက်မဲသူများကို လောကကြီးက တောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တတ်သည်လားမသိ။ ငန်းတို့ပျော်ရာနှင့် စိတ္တရလေခါတို့ အောင်မြင်ခဲ့၏။ ပရိသတ်သည် စစချင်းအမြင်စိမ်း အကြားစိမ်းနေခဲ့သော်လည်း၊ တဖြည်းဖြည်း လက်ခံလာခဲ့ကြလေသည်။ မောင်လူလှကလည်း သူ့ကြွေးကြော်သံကို တစ်ဆင့် တိုးမြှင့်လိုက်၏၊

'အမျိုးသားယဉ်ကျေးမှု အနုပညာကို *နိုင်ငံတကာယဉ်ကျေးမှုတွေက* ထိုးဖောက်တယ်တဲ့ဟုတ်လား ယဉ်ကျေးမှုနယ်ချဲ့တယ်တဲ့ဟုတ်လား။ ဒီမှာ၊ မြန်မာ့ ဇာတ်ခုံပေါ် ကနေပြီး၊ နိုင်ငံတကာယဉ်ကျေးမှုကို လှမ်းထိုးဖောက်ဖို့တော့ ဘယ်သူမှ မစဉ်းစားကြဘူးလား။ ဥရောပယဉ်ကျေးမှုကို မြန်မာ့ဇာတ်ခုံပေါ် ကနေ ဖမ်းဆီးစုပ်ယူဝါးမြိုပြီး ကျေညက်အောင် လုပ်တယ်ဆိုရင် ဘာပြောကြဦးမလဲ။ ကဲပြောကြလေ။ အင်နိုဗေးရှင်းလုပ်တယ်ဆိုတာ အနုပညာကိစ္စမှာ လုပ်ကောင်းတဲ့ အရာဗျ သိလား။

ဤသို့ဖြင့် မောင်လူလှသည် ရှိတ်စပီးယားပြဇာတ်များကို ဘာသာပြန် ပြဇာတ်အဖြစ် တင်ဆက်ရန် ကြိုးစားခဲ့ဖူး၏။ လီယာမင်းကြီးနှင့် မက္ကဘက်ကို ဇာတ်ညွှန်းခွဲ၏။ သို့သော် ထိုပြဇာတ်များ ဇာတ်ခုံပေါ် မရောက်ခဲ့။ အဝတ်အစား အခမ်းအနား ကုန်ကျစရိတ်များပြားလွန်းလှသောကြောင့် ဖြစ်၏။ ဒါရိုက်တာ မောင်လူလှကတော့မလျှော့။

'ယဉ်ကျေးမှု နယ်ချဲ့ခြင်းခံရတယ်၊ သရုပ်ပျက်အနုပညာတွေရဲ့ ထိုးဖောက်ခြင်းကို ခံရတယ်ဆိုတာကို ကျုပ်က မခံချင်လွန်းလို့ပါ။ ဒီမှာ၊ ကိုယ့်အမျိုးသားအနုပညာကိုယ်ခံအားတောင့်နေသမျှကာလပတ်လုံး ဘယ်သူကမှ ထိုးဖောက်လို့မရဘူး။ နိုင်ငံတကာအနုပညာယဉ်ကျေးမှု၊ အပြန်အလှန် ကူးစက်စီးဝင်ခြင်းဆိုတဲ့ သဘောတရားကို ကြောက်ပြီး ရှောင်လွှဲနေရလို့ မရဘူး။ ဒါကို ကြောက်နေရင်တော့ သရုပ်ပျက် ယဉ်ကျေးမှုကို တားဆီးကာကွယ်ကြလို့ အော် နေရင်းနဲ့ပဲ ကျုပ်တို့ဟာ ဆယ်စုနှစ်ခေတ်လောက် နောက်ပြန်ရောက်သွားမှာပဲ'

ဇာတ်အဖွဲ့ စုံညီအစည်းအဝေး၌ မောင်လူလှသည် စားပွဲကို လက်ဝါးဖြင့် ပြင်းပြင်းပုတ်ကာ ပြောခဲ့လေသည်။

'အင်နိုဗိတ်ဆိုတဲ့ စကားလုံးရှိတယ်။ အဓိပ္ပါယ်က ပြောင်းလဲယူတာ သွတ်သွင်းယူတာ၊ အပြင်ကဟာကို ကိုယ့်အတွင်းထဲမှာ အဆင်ပြေအောင်လုပ်အောင် စုပ်ယူကြိတ်ချေလိုက်တာ။ အမျိုးသားရိုးရာ ထိန်းသိမ်း စောင့်ရှောက်





ရေးဆိုတာ လုပ်နေရင်း တစ်ချိန်တည်းမှာ အင်နိုဗေးရှင်းကိုလဲ ကျုပ်တို့ လုပ်ရမယ်။ ဒါကြောင့်'

ဇာတ်ပိုင်ရှင် သူဌေး၏ စိုးရိမ်မှု၊ ကန့်ကွက်ချက်များ၏ သံသယနှင့် ဇာတ်သုဇာတ်သားများ၏ သို့လော သို့လော အကြည့်များကြားမှပင် ဒါရိုက်တာ မောင်လူလှသည် ကြီးကျယ်သော **အစီအစဉ်တစ်ခုကို ချမှတ်လိုက်၏။**

ယင်းအစီအစဉ်ကား

'ကော်ကေးဆပ်တောင်၊ ဆိုင်သီယာကျောက်ဆောင်စွန်း' ဟုအမည်ပေးထားသော တစ်ခန်းလျှင် မိနစ်သုံးဆယ်၊ သုံးခန်း တစ်နာရီခွဲကြာမည့် ပြဇာတ်တစ်ထုပ်ပင် ဖြစ်လေသည်။

၂

ထုံးစံအတိုင်း ဇာတ်အဖွဲ့သားများအား မောင်လူလှက **ပြဇာတ်၏** ဇာတ်ကြောင်းကို ပြောပြရ၏။

'ဆယ့်ရှစ်ရာစုတုန်းက အင်္ဂလိပ်ကဗျာဆရာ ရှယ်လီဆိုတဲ့ **ဝါရင့်ရှင်** တစ်ဦးပေါ်ခဲ့တယ်။ ရှယ်လီဟာ အချစ်ကဗျာဆရာလို့ နာမည်ကြီးတယ်၊ **ဒါပေ** မယ့် သူဟာ ကဗျာပြဇာတ်တစ်ပုဒ်နဲ့ ကမ္ဘာကို တုန်လှုပ်စေခဲ့တယ်။ **အခုတွန်** တော်တို့ကမယ့် ကော်ကေးဆပ်တောင် ဆိုင်သီယာကျောက်ဆောင်စွန်းတာ ရှယ်လီရဲ့ အဲဒီကဗျာပြဇာတ်ကို တိုက်ရိုက်ဘာသာပြန်တာပဲ'

အဖွဲ့သားတွေ နားပေါက်အောင် မောင်လူလှ အတော်ရှင်းပြရသည်။

ဂရိမစ်သိုလိုဂျီတွင် ပရိုမီးသယတ်ခေါ် နတ်ဘုရားငယ်တစ်ပါးရှိကြောင်း၊ သူသည် မြေနတ်သမီး၏သား၊ မေတ္တာ နတ်သမီးဧရာ၏ ခင်ပွန်းဖြစ်ကြောင်း၊ ပရိုမီးသယတ်သည် လူသားတို့ကို ချစ်ခင်ကြင်နာသူဖြစ်၍ လူ့ဘုံသို့ မီးကိုယူဆောင်ပေးရန် ကြိုးစားခဲ့ကြောင်း၊ ဤတွင် နတ်ဘုံ၏ နတ်ဘုရင်မင်းကြီး 'ဇုး' က လူသားတို့ မီးကိုရသွားပါက တန်ခိုးအာဏာ ဖွံ့ထွားလာကာ နတ်ဘုရားတို့အား အံတုလာမည်ကို စိုးရိမ်ပူပန်၍ ပရိုမီးသယတ်ကို တားမြစ်ကြောင်း၊ သို့သော် ပရိုမီးသယတ်က လူသားတို့အတွက် မီးကိုယူလာလိုက်ကြောင်း ဇုနတ်မင်းကြီး အမျက်တော်ရှကာ ပရိုမီးသယတ်အား ဒဏ်ခတ်လိုက်ကြောင်း

'နတ်ဘုရားငယ် ပရိုမီးသယတ်ကို ဇုက ကော်ကေးဆပ်တောင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သီယာ ကျောက်ဆောင်စွန်းမှာ သံကြိုးတွေနဲ့ နှောင်တဲလိုက်တယ်။ ဒါတွင် မကသေးဘူး။ ဇုနတ်မင်းကြီးက ဘယ်လောက်ထိဒဏ်ခတ်ထားသလဲဆိုတော့ နေ့အခါမှာ လင်းယုန်ငှက်တွေက ပရိုမီးသယတ်ရဲ့ အသည်းနှလုံးကို ဖောက်ထွင်းစားသောက်တယ်။ ညအခါမှာ ပရိုမီးသယတ်ရဲ့ အသည်းနှလုံးတွေ ပြန်လည်ဖြစ်ထွန်းတယ်။ ဆိုင်သီယာကျောက်ဆောင်စွန်းဟာ ငရဲဘုံပါပဲ။ အဆုံးစွန်အအေးဒဏ်နဲ့ အပူဒဏ်တို့ရဲ့ လောင်မြိုက်ခြင်းကိုလဲ ပရိုမီးသယတ်ခံစားရသည်။ ပရိုမီးသယတ်အား လူသားတွေဆီ မီးပေးဖို့လုပ်တဲ့အတွက် ကာယိကဒုက္ခတို့ မရှုမလှ ခံစားရတယ်။ အဲဒီလို ခံစားရတာ နှစ်ပေါင်း သုံးထောင်ကြာတယ်'

ဇာတ်အဖွဲ့သားများသည် ဒါရိုက်တာ မောင်လူလှ၏ ဇာတ်ကြောင်းပြန်ကို နားထောင်ရင်း မျက်လုံးများ အရောင်တောက်ပလာကြ၏။

'ပရိုမီးသယတ်ဟာ မရှုမလှခံနေရတဲ့ကြားထဲကပဲ ဇုနတ်မင်းကြီးကို ဒူးမထောက်ဘူး။ ဒါကြောင့် ဇုက မြေကိုခွဲပြီး ပရိုမီးသယတ်ကို မြေမျိုစေတယ်။ ဒီလိုမလုပ်ခင်မှာ ဇုက မာကျူရီနတ်သားကို ပရိုမီးသယတ်ဆီ လွှတ်သေးတယ်။ ပရိုမီးသယတ်က ဇုရဲ့ ရှေ့ကံကြမ္မာကို ကြိုသိထားတာကိုး။ အဲဒါ ဘယ်လိုဖြစ်မလဲဆိုတာ တစ်ဖက်လှည့်နဲ့ မာကျူရီကို လွှတ်တာ။ သူ့ကြမ္မာကို ပြောပြရင် ပရိုမီးသယတ်ကို လွှတ်မယ်ပေါ့။ ပရိုမီးသယတ်က ဇုဟာ နတ်ဘုရင်အဖြစ်ထာဝရတည်နေမှာ မဟုတ်ဘူးလို့ပဲ ပြောပြတယ်။ မာကျူရီနဲ့ အတူပါလာတဲ့နတ်မိစ္ဆာမတွေကလည်း ပရိုမီးသယတ်ကို နှိပ်စက်ကလူလုပ်ကြတယ်'

'နောက်ဆုံး သူလွတ်သွားသလား မောင်လူလှ'

မင်းသားကြီး ဦးနဂါးက မအောင့်နိုင်တော့သဖြင့် မေး၏။

'လွတ်မြောက်သွားတယ်။ ပရိုမီးသယတ်က မေတ္တာတရားဟာ ကမ္ဘာလောကရဲ့ အနိဋ္ဌာရုံမှန်သမျှကို ဆေးကြော သန့်စင်ပစ်လိမ့်မယ်လို့ ယုံကြည်တယ်။ ဒီယုံကြည်ချက်နဲ့ သူ့ငရဲခန်းကို ကြံ့ကြံ့ခံတယ်။ အဲသမ္မာဒေဝနတ်တွေကလည်း သူ့ကိုအားပေးတယ်။ နောက်လူသားဖြစ်တဲ့ လူစွမ်းကောင်းဟာကျူလီက ပရိုမီးသယတ်ရဲ့ နှောင်ကြိုးတွေကို လာပြီး ဖြတ်တောက်ဖြည်လွှတ်ပေးတယ်။ ဟိုဇုနတ်မင်းကြီးလဲ နတ်ဘုရားတို့ရဲ့ ဧကရာဇ်သင်းကျစ် ဒီမိုဂေါ်ဂင်ရဲ့ စီရင်ချက်ကြောင့် ပျက်သုဉ်းသွားရတယ်။ ကမ္ဘာမှာလဲ ဒုစရိုက်တွေကင်းဝေးပြီး သာယာငြိမ်းချမ်းသွားတယ်။ ဒါကို ကဗျာဆရာရှယ်လီက





ပရိုမီးသယတ် လွတ်မြောက်ခြင်းဆိုပြီး ကဗျာပြဇာတ်ရေးခဲ့တာပဲ။ ဒါကို ကျွန်တော်တို့ ကမှာပဲ'

'ဟာ သိပ်ကောင်းတဲ့ ဇာတ်သားပဲဆရာ'

'ဆက်တင်တွေလဲ အရမ်းလှမှာပဲ၊ ကြိုက်သွားပြီ'

'အင်း ငါတော့ ဘယ်သူ၊ အဲ ဇု နတ်မင်းလုပ်ရမှာပဲနဲ့ တူတယ်'

တစ်ယောက်တစ်ပေါက် အသံများထွက်လာသည်။ လူရွှင်တော်ညှပ်ဖိက တစ်ထောင့်မှ ထအော်သည်။

'ဟာကျူလီရွတ်ရမယ့် စာသားတွေ ငါ့ကို ကြိုပေးထားစေ့'

ဝါးခနဲ ရယ်ကြ၏။ ညှပ်ဖိမှာ တကယ့်လူပလက်ကလေး။

အဘဦးနဂါးက လေးလေးနက်နက် ဆိုသည်။

'ရည်ရွယ်ချက်လဲ ကောင်း၊ အပြလဲကောင်းမယ့် ပြဇာတ်ပဲ၊ သေချာလုပ်ပေါ့ မောင်လူလှ။ အဘတို့ကျရာရုပ်ကနေ တာဝန်ကျေရစေမယ်'

ဂရိဒဏ္ဍာရီကို အခြေခံသည့် ဆယ့်ရှစ်ရာစုည အင်္ဂလိပ်ကဗျာဆရာ၏ ကဗျာပြဇာတ်သည် ဒါရိုက်တာမောင်လူလှနှင့် အနုပညာရှင်များ၏ အသည်းနှလုံးဝယ် သန္ဓေတည်ခဲ့ပြီ ဖြစ်၏။

၃

တစ်ဖွဲ့လုံး သူ့ထောင့်နှင့်သူ ကြိုးစားခဲ့ကြသည်။ ဆိုင်သီယာကျောက်ဆောင်ဆက်တင်ကို ဆက်တင်ခေါင်းဆောင် ကိုစံမြနှင့် အဖွဲ့က ပညာကုန်သုံး၍ ဆောက်ကြ၏။ မြင့်မားသီခေါင်၍ ချောက်ချားဖွယ် မြင်ကွင်းကို အမိအရဖော်ရန် နောက်ခံ၊ တိမ်တိုက်ကောင်းကင်ဆလိုက်ဖြင့် ချိန်ကြ၏။ ပရိုမီးသယတ်၏ ရင်ကိုခွဲကာ အသည်းနှလုံးကို ဖောက်စားကြသည့် လင်းယုန်ငှက်များတိုနွေလေးမှ စပ်ပန်းချီဆရာကြီးထံ အပ်နှံလိုက်၏။ ဇုနတ်မင်းကြီး၏ ဝတ်စုံကိုချုပ်သည့် ရွှေချည်ထိုးဆရာလည်း ဒီဇိုင်းလေးငါးမျိုးအထိ မောင်လူလှစိတ်တိုင်းကျသည့်အထိပြောင်းပေးရသည်။ ပရိုမီးသယတ်အဖြစ် သရုပ်ဆောင်သည့်မင်းသားလတ် သန်းဇော်ဦးမှာလည်း ရွတ်ရမည့် လင်္ကာသွား စကားပြောတွေကို ကျေညက်နေအောင် ကျက်ရသည့် တစ်ချိန်တည်းမှာပင် ကိုယ်လုံးအချိုးကောင်းဖို့ ဝိတ်မ ရသေးသည်။

ဒါရိုက်တာမောင်လူလှကိုယ်တိုင်လည်း ယခင် ငန်းတို့ဆော်ရာနှင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ္တရလေခါတို့ထက် နှစ်ဆပို၍ အပင်ပန်းခံရသည်။ ရှယ်လီ၏ ကဗျာစာသား များကို အာဘော် မိမိရရ ဘာသာပြန်နိုင်ဖို့ မောင်လူလှသည် ဆရာကြီးဦးခင် မောင်လတ်နှင့် ဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့ဆီ ပြေးရ၏။ ပညာဖြန့်ဝေမှု အတွက်ဆိုလျှင် အချိန်နှင့်အမျှ စေတနာသဒ္ဓါအားကြီးလှသော ဆရာကြီးနှင့် ဆရာမကြီးတို့က မောင်လူလှကို ဝမ်းပန်းတသာ ကြိုဆိုကာ—ရှယ်လီ၏ 'ပရိုမီးသယတ် အန်ဘောင်း' ကဗျာထဲမှ ခဲရာခဲဆစ်များကို စိတ်ရှည်လက်ရှည် သင်ကြားပို့ချပေးကြ၏။

နှစ်လနီးပါးမျှ အချိန်ယူ၍ ပြင်ကြ ဆင်ကြ၊ ဇာတ်တိုက်ကြဖြင့် ကျားကုပ်ကျားခဲ ကြိုးပမ်းလိုက်ကြပြီးနောက်တွင် 'ကော်ကေးဆပ်တောင် ဆိုင်သီယာ ကျောက်ဆောင်စွန်း' ပြဇာတ်၊ ဝတ်စုံပြည့် အစမ်းလေ့ကျင့်ပွဲ တင် ရမည့်ရက်ကို မောင်လူလှ ကျေညာလိုက်နိုင်လေပြီ။

၄

— — ဆလိုက်ပရိုဂျက်တာ စပေါ့လိုက်နှင့် ဆက်တင်တို့၏ ပေါင်းစည်းမှု မြင်ကွင်းဝယ် ဆိုင်သီယာကျောက်ဆောင်စွန်းသည် ဘယာနကရသ အပြည့်။

နောက်ခံ အဇူရာ၏ နက်မှောင်သော အပြာရင့်တွင် ဆိုင်သီယာ ကျောက်ဆောင်စွန်းသည် ကြောက်မက်ဖွယ် မိုးထိစွင့်စွင့် မြင့်မားနေ၏။ တနှံ့ နှံ့အော်မြည်တိုးဝင်နေသည့် ရေခဲလေထု၏ မရဏ ရယ်သံကို တီးဝိုင်းက အထူး ပြုလုပ်ချက်ဂီတဖြင့် ပို့ပေးထား၏။

ကျောက်ဆောင်စွန်း၌ သံကြိုးအထပ်ထပ်ဖြင့် ဇုနတ်ဘုရားမင်း၏ အပြစ်ဒဏ်ခတ်ခြင်းခံနေရ သော ပရိုမီးသယတ်။

တဝိုးဝိုး ရေခဲလေ၏ အော်မြည်သံကို ထိုးဖောက်လျက်၊ ပရိုမီးသယတ် ၏လက်ာသွား စာရွတ်သံ ပေါ်လာ၏။

'နတ်ဘုရားတို့ဘုရင် ဘီလူးတို့၏ သခင်၊ ဝိညာဉ်တို့၏အရှင်
အို အသင် ဇုနတ်မင်းကြီး
အသင်သည်ကား
သင့်အား ဒူးထောက်ရှိခိုးသူများ
သင့်ထံ ဆုတောင်းဆုပန်သူများ
သင့် ဂုဏ်တော်ကို ရွတ်ဖတ် သရဇ္ဈာယ်သူများ





အစိတ်စိတ်အမြွာမြွာ နှလုံးသား အကွဲအစတို့ဖြင့် ပူဇော်ဝသသူများ
ထိုသူသတ္တဝါတို့အား
ကြောက်ရွံ့စေခဲ့ခြင်း
မိမိကိုယ်မိမိ နိမ့်ကျည့်ဖျင်းသူဟု ထင်မြင်စေခြင်း
အချည်းအနှီး မျှော်လင့်နေစေခြင်းတို့ဖြင့်
အသင်သည် တုန့်ပြန်တတ်သူဖြစ်တကား'
သံကြိုးသံများ တချွင်ချွင် မြည်လာသည်။

ပရိုမီးသယတ်အပေါ် ထိုးကျနေသော ညဦးအမှောင်၏ နှင်းပြာရောင် နှင့် ရေခဲထုနောက်ခံသည် တစ်စတစ်စ မှိန်ဖျော့သွားကာ အနီရောင်သို့ ယှက် သမ်းလာ၏။

မောင်လူလှသည် ဒင်မာ မီးစက်ခုံကိုင်သူအား အနားမှ တင်း၍ သတိပေးနေ၏။ ညဦးမှ နေ့ ကူးပြောင်းတော့မည့်အခန်း။ မကြာမီ လင်းယုန် ငှက်တို့ ရောက်ရှိလာကြတော့မည်။ ပရိုမီးသယတ်၏ နှလုံးသားကို ထိုးဖောက် စားသောက်ကြတော့မည်။ နေ့ အခါ ငရဲခန်း။

ပရိုမီးသယတ်၏ ဦးခေါင်းဆတ်ခနဲမော်လာ၏။

'တန်ခိုးရှင် အို ဇုနတ်ဘုရင် ရှက်ဖွယ်လိလိသင့်ဆန္ဒ၌သာ အကာယ်၍ ငါသဘောတူခဲ့ပြီးအံ့ သက်ရှိအသံ၊ သက်ရှိသဏ္ဍာန်ဟူ၍ ဘာတစ်ခုမျှ မမြင်ရ မကြားရသော
ဤနေရာ၌
ငါ နှောင်တည်းခံရမည် မဟုတ်။
အို ဇုနတ်မင်းကြီးငဲ့
လရိပ်ကိုပင် အေးခဲစေသည့်
ရေခဲမြစ်၏ ကျောက်သလင်းလှံတံသွားသည်
ငါ့ကို ထိုးဆွနေလေရဲ့
လင်းလက်သံကြိုးက
တဖြိုးဖြိုး တရှိန်ရှိန် တောက်လောင်နေသော
အေးစက်ခြင်းဖြင့် ငါ့အရိုးကို စားသောက်နေလေရဲ့
အို ရက်စက်သော ဇုဘုရင်
ငါ့ရဲ့ ဖြူလျော် သောခြေစုံမှ သွေးများကို



www.burmeseclassic.com

www.burmeseclassic.com



သင်နမ်းရှုဖို့အတွက် အချိန်ကာလသည်
သင့်ကို ဆွဲချခေါ်လာတော့မည်'

အဝေးဆီမှ တောင်ဟုန်ပြင်းပြင်းခပ်သံများကို ကြားရ၏။ လင်းယုန်ငှက်တို့ လာတော့မည်။ ပရိုမီးသယတ်၏ ရင်ကိုခွဲ၊ အသည်းကိုထိုးဖောက်. . . စားသောက်ကြမည့် လင်းယုန်ငှက်တို့ အရေးကြီးဆုံး၊ အခက်ခဲဆုံး ပြကွက် ပရိုမီးသယတ်၏ ဝေဒနာအထွတ်အထိပ် ပြကွက်။ မောင်လူလှအသက်မရှူနိုင် မီး အသံ၊ ဂီတ၊ အထူးပြုလုပ်ချက်များကို အစွမ်းကုန် သုံးထားသည့် အခန်း

'တောင်ပံခတ်သံတို့ နီးကပ်လာကြပြီ'

တစ်ခွင်လုံး လင်းထိန်နေအောင် ခွင်မီးအပြည့် ပတ်ရန်၊ ဒင်မာစင် ဆရာအား မောင်လူလှ အချက်ပေးလိုက်သည်။ စက်ဆရာက ဒင်မာခုံ မောင်းတံကို တွန်းတင် လိုက်သည်။

သို့သော် လင်းခနဲ ထိန်သွားရမည့်အစား မှောင် အတိကျသွား ဟာ ဟူသော အသံကြီးက တစ်ရုံလုံး သိမ့်သိမ့်ခါသွားမတက်။

မီးပျက်သွားပေပြီ။

ခွင်မီး၊ ဇာတ်ခုံနောက်ပိုင်းမီး၊ ရုံတွင်းမီး၊ ပွဲဈေးတန်းမီး၊ လမ်းမီး အားလုံးပင် ပျက်သွားကာ မှောင်အတိကျသွားခြင်းပင်။

'သန်းဇော် မင်းအဲဒီမှာပဲနေ၊ ကားလိပ်မချနဲ့၊ ဘယ်သူမှ မလှုပ်နဲ့ ကိုယ့်နေရာ ကိုယ်နေ'

မောင်လူလှ ခပ်အုပ်အုပ်အော်ပြောကာ ဇာတ်စင်အောက်ဆင်းလာခဲ့၏။ အတွန်းတွန်း အတိုက်တိုက် အလဲလဲ အပြိုပြို။ ဘာကိုမှ ဂရုမထားနိုင်၊ ဇာတ်ရုံနောက်ပေါက်ဆီသို့သာ အပြေးအလွှား ထွက်ခဲ့၏။

'အမှောင်ထဲမှ ခြေလှမ်းများနှင့်အတူ နောင်တတစ်ခုက အဆက် မပြတ် ရိုက်ပုတ်လျက်။ ကော့ကေးဆပ်တောင် ဆိုင်သီယာ ကျောက်ဆောင်စွန်း ပြဇာတ်အတွက် အဖက်ဖက်မှ လိုလေသေးမရှိစေရအောင် ထောင့်စုံဘက်စုံ အားသွန်းလုပ်ခဲ့သော အစီအမံတွင် အရေးအကြီးဆုံးအချက်ကိုမှ မျက်စိလျှံသွား ခဲ့သောအဖြစ်။

ဘုရား ဘုရား မီးစက် အင်ဂျင်စက်။ မီးပျက်တတ်တယ်ဆိုတာကို ထည့်မစဉ်းစားမိတဲ့ ဇရာမအပြစ်။

မီးစက် အဆင်မှပြေပမလား၊ မီးစက် ကောင်လေး သံချောင်း ရှိရဲ့





ပါ့မလား။ အဆင်သင့် နှိုးလို့ရပါ့မလား၊ ဆီကောရှိရဲ့လား၊ ဘုရားရေ မီးစက် အတွက် ငါဘာမှ မပြင်ဆင်ခဲ့ပါလား။

ဇာတ်ရုံနောက်ပေါက်မှ ထွက်ပြီး ခပ်လှမ်းလှမ်း ကျူထရုံတဲဆီသို့ မြင်းမစမ်းဖြင့်ပင် မောင်လူလှ ပြေးလာခဲ့သည်။ အမှောင်ရိပ်တွင် ဘာမှသဲသဲ ကွဲကွဲ မမြင်ရ။ ဇာတ်ရုံစီမှ ပရိသတ်၏ ဝေါဝေါမြည်သံတို့ကို ကြားနေရ၏။

'သံချောင်း သံချောင်းရေ'

မောင်လူလှ အသံမှာ အမှောင်ထဲတွင် ရေနစ်သူလို ဗြစ်နေ၏၊

'သံချောင်း မင်းအဲဒီမှာရှိ'

မောင်လူလှ အော်သံမဆုံးမှီမှာပင် တထုံးထုံး အင်ဂျင်သံ ပေါ်လာ၏၊ ထို့နောက် မီးစက်ရှိရာတဲမှ တစ်ရာအား မီးလုံး ရှူးခနဲ ဝင်းလာ၏။ ဆော်ခနဲ သံများလည်း ပေါ်လာ၏။ မီးပြန်လာပြီ။ မီးစက်ကို သံချောင်းအချိန်မီ နှိုးလိုက် နိုင်ပြီ။

'သံချောင်းရေ ကျေးဇူး'

မောင်လူလှ ဆုံးအောင် မပြောနိုင်၊ လာလမ်းအတိုင်း ပြန်ပြေးခဲ့ရပြန် သည်။ ဇာတ်ရုံထဲဝင်၊ ဇာတ်စင်ပေါ်တက်၊ လင်းယုန်ငှက်တို့ ရင်ကိုခွဲ အသည်းကို စားကြမည့်အခန်း။

၅

ဝတ်စုံပြည့် အစမ်းကပွဲ ပြီးသွားသည့် ထိုညက ဖိတ်ကြားထားသော အနုပညာရှင်များ၊ စာနယ်ဇင်းဆရာများ၊ ဧည့်သည်တော်များအတွက် ညစာလယ်စာဖြင့် တည်ခင်းဧည့်ခံရာတွင် မောင်လူလှသည် စကားတစ်ခွန်းကို ခပ်တလဲလဲ ပြောဖြစ်ခဲ့လေသည်။

'ကော်ကေးဆပ်တောင် ဆိုင်သီယာကျောက်ဆောင်စွန်းပြဇာတ် ခုလို အောင်မြင်စွာ တင်ဆက်နိုင်ဖို့အတွက် ကျွန်တော်တို့ ကျေးဇူးတင်ရမယ့် ပုဂ္ဂိုလ်တွေဟာ အများကြီးပါပဲ။ ဒီပြဇာတ်မှာ ကျွန်တော်တို့အားလုံး သူ့ထောင့် သူ့လုံအောင် ဘယ်လောက်ကြိုးစားခဲ့ကြတယ်ဆိုတာ အားလုံးအသိဖြစ်ပါ တယ်။ ဒီအထဲမှာ ကျေးဇူးအထူးတင်ရမယ့်သူကတော့ မီးစက်ဆရာလေး သံချောင်းဖြစ်ပါတယ်။ ပြဇာတ်အတွက် ကျွန်တော်တို့ အာရုံစိုက်ပြီး အလုပ်ရှုပ် နေကြချိန်တစ်လျှောက်လုံးမှာ ဒီမီးပျက်တတ်တယ်ဆိုတဲ့ တိုင်းပြည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အစ မေ့သွားခဲ့တာပါ။ မီးစက်၊ အင်ဂျင်စက်ကို ကျွန်တော် လုံးဝသတိမရခဲ့ဘူး။ အခုသံချောင်းက ဘယ်သူမှ မဆော်ဩရဘဲ သူ့ထောင့် သူလုံပြီးသူ့တာဝန် သူသိခဲ့လို့သာ ကျွန်တော်တို့ပြဇာတ် ဆက်ကနိုင်ခြင်း ဖြစ်ပါ တယ်။ သံချောင်း ကယ်တာပါပဲ ခင်ဗျာ။

၆

အကယ်၍သာ မီးစက်အတွက် ဒီဇယ်ဆီဖိုးကို ဇာတ်ဆရာထံမှ နေ့နေ့ဂျာထံမှ အချိန်မီတောင်းသော်လည်း မရခဲ့သည့်အတွက် သံချောင်းသည် သူ့ညကြေးလေးစုထားသည့် ပိုက်ဆံဖြင့် စိုက်ဝယ်ကာဆီဖြည့်၊ စက်လည်စေခဲ့ ကြောင်း အဖြစ်မှန်ကို ဒါရိုက်တာမောင်လူလူ သိရပါက မီးကို လူသားများထံ မှ ဆောင်ကြဉ်းပေးသော နတ်ဘုရားပရိုမီးသယတ်နေရာတွင် သံချောင်းကို အစားထိုး သရုပ်ဆောင်စေမည်လား မသိ။

ဒီလှိုင်း . ၁၉၉၅

❖ ❖ ❖

## လပြည့်ညပုညရှင်စေတီရင်ပြင်

၁

“တစ်ဆံခြည်မျှင်
မိုက်မထင်တည်း
ကောင်းကင်ညီးညီး
ပြတ်လျှံမီးသို့
မြောက်ကြီးအောက်ထက်
ဘဝဂ်ထုတ်ချင်း
သောင်းလုံးလင်းမျှ
မှန်ကင်းဦးစွန်း
မကိုင်ရှုမှန်းသည်
စံကျွန်းသုံးလူ
နှိုင်းတုမမြင်၊ ပုညရှင်ဟု. . .”

ပုညရှင်စေတီ ရင်ပြင်ထက်သို့ ကျွန်ုပ်လှမ်းတက်ခဲ့ပြီ။ စကားပန်းရနံ့ များကို ဧရာဝတီ မြစ်အလျှံထက်လေပြည်က သယ်ဆောင်လာနေသည်။ ... ဘားရနံ့တို့က စေတီထီးတော်ဆီသို့ ပြေးဝင်လာကြသောအခါ ဆည်းလည်း



www.burmeseclassic.com

www.burmeseclassic.com



လေးများက နှုတ်ဆက်ကြိုဆိုကြသည်။

ဟိုးအဝေး အရှေ့ဆီ ရောဝတီကို ဖြတ်လျက်ငေးကြည့်လိုက်မိသည်။ မိုးရောင်လဲ့လဲ့ အင်းဝ နေပြည်တော် ကျွန်ုပ်သီတင်းသုံးခဲ့သော ပင်းယစကား ကျောင်းကိုကား မမြင်ရ။ မန်ကျည်း၊ ထနောင်းတို့အောက်၌ ကျွန်ုပ်တို့၏ ကျောင်းဝိဟာသည်တိတ်ဆိတ်စွာ အိက်မောကျနေမည်လား. . .။ အို. . . ဘယ်မှလာအိပ်မောကျလိမ့်မတုံး။ ဒီအချိန်ဆိုရင် ဗဋ္ဋင်းရှင်ငယ်တို့ ညဦးစာဝါ တက်နေကြပြီ။ စာရွတ်သံ၊ စာအံသံတို့ဖြင့် ကျွန်ုပ်တို့၏ ပင်းယ စကားကျောင်း လေး အသက်ဝင်နေဆဲရှိမည်။

ပုဂံ ရှေ့သာသနာ၊ နောက်သာသနာ အဆက်ဆက် အနွယ်နွယ်သော ရဟန်းကောင်း ရဟန်းမြတ်တို့ သီတင်းသုံးခဲ့သည့် ပင်းယစကား ခုနစ်ကျောင်း ရှိရာသို့ ကျွန်ုပ်ရော်ရမ်းလျက် လက်အုပ်ချီလိုက်၏။ ကျေးဇူးရှင်ပေတကား။

ရှင်အရိယဝံသ ဟူသောဘွဲ့အမည်ဖြင့်၊ ကျမ်းဂန်တတ် ရဟန်း တစ်ပါး ဖြစ်လာစေဖို့ အခြေတည် အမြစ်တွယ်ခဲ့ရာမြေဆီဩဇာကောင်းဖြစ် ပေသောပင်းယစကားကျောင်းပင်။

ကတညုတ၊ ကတဝေဒီ၊ ကျေးဇူးပြုဖူးခြင်းသည်လည်း ရှားပါး၍ တန်ဖိုးရှိ၏။ ထိုထက်မူ ကျေးဇူးကို သိ၍ ထိုကျေးဇူးကို ဆပ်ခြင်းသည် ရှားပါး၍ တန်ဖိုးရှိလှစွာ၏။ ပင်းယ စကားကျောင်း၏ ဂုဏ်သတင်းကို ပူဇော်လျက်ကျွန်ုပ် ကျေးဇူးဆပ်ရမည်။ ဥပဇ္ဈာယ်ဆရာ၊ စာဝါချ ဆရာ၊ ကမ္မဋ္ဌာန်းဆရာများကို ပူဇော်လျက် ကျေးဇူးဆပ်ရမည်။ သံဃာကို ကျေးဇူးဆပ်ရမည်။ အို. . . ရတနာသုံးပါးနှင့် မိဘဆရာတို့၏ ကျေးဇူးဂုဏ်ပုဒ် ကို ကျွန်ုပ် ရှင်အရိယဝံသ ကျေးဇူးဆပ်မည်။

အဘယ်အရာဖြင့် ပူဇော်ကျေးဇူးဆပ်မည်နည်း. . .။

အသပြာဖြင့်၊ မဟုတ်၊ ရတနာ ပစ္စည်းဖြင့် မဟုတ်၊ ရာထူးဌာနန္တရ အာဏာဖြင့် မဟုတ်။ ကျွန်ုပ်၏ကျေးဇူး ပူဇော်ပစ္စည်းက ပညာ။

ချိုင်းကြားတွင် လိပ်၍ညှပ်လာခဲ့သော သားရေနွယ်ကို ထုတ်ဖြန့်ကာ စေတီရင်ပြင် စကားပင်အောက်၌ ခင်းလိုက်သည်။ သက်န်းစ အဟောင်းဖြင့် ပတ်လိပ်လာခဲ့သော ပေချပ်များကို အသာအယာချ. . .၊ ကညစ်ဘူးကို ဖွင့်. . .။

လပြည့်ညလဝန်း၏ အလင်းက ကျွန်ုပ်အတွက် ကောင်းစွာတုံး





သောဆီမီးရောင်ပင်ဖြစ်သည်။ ဝန်းကျင်အားလုံးတွင် လူသံငှက်သံတို့ ဆိတ် ဆိတ်ကြပြီ။ ညဥ့်သည် ကျွန်ုပ်အတွက် မိတ်ကောင်းဆွေမွန် စင်စစ်ဖြစ်ဘိ၏၊ အသံဗလံတို့သည် သမာဓိ၏ ရန်သူစင်စစ်ဖြစ်ဘိ၏။

ရေးလက်စ ပေရွက်များကို ဦးစွာ ပြန်လှန်စစ်ဆေးရမည်၊ ပထမဆုံး ပေရွက်၌ ရေးထားသည့် စာလုံးအက္ခရာများတ လရောင်သယ် ပီသထင်ရှားစွာ ပေါ်လာကြ၏။

"မဏိသာရ မဉ္ဇူသာ"

ကျေးဇူးရှင်ရေငုံဆရာတော်ကြီး၏ စကားသံကို ကြားယောင်သည်၊

"အိမ်း. . ဒါဆို ငါ့ကိုကျေးဇူးဆပ်၊ ဘယ်ပုံဆပ်ရမတုန်းဆိုတော့ ငါ့တာ လက်သန်းအဖွင့်ရေး"

ကြည်နူး တက်ကြွစွာကျွန်ုပ်ပြုံးမိ၏။ မဝေးလှသေးသော အတိတ်ကို နီးကပ်နွေးထွေး အောက်မေ့ဆင်ခြင်မိတော့သည်။

၂

"ရှင်အရိယဝံသ၊ ကိုယ်တော်ဟာ ကိုယ်ဝန်ဆောင် မာတုဂါမတွေ သူ့သားသန္ဓေကိုယ်ဝန်ကို ကောင်းစွာရွက်ဆောင် သယ်ပိုးနိုင်တဲ့နည်းတူ ပါ အဋ္ဌကထာများကို သင်အာဂုံဆောင်နိုင်ပြီကပဲ"

ပင်းယစကားကျောင်းနေ သီတင်းသုံးဖော် သုံးဖက်များက ကျွန်ုပ်တို့ ချီးကျူး ထောပနာပြုကြသည်။ စိတ်ထဲမှာ ဝမ်းသာဂုဏ်ယူမှုကလေး၊ ရိပ်ခနဲ ဖြတ်သန်းသွားသည်။ ခပ်မဆိတ် နေလိုက်သော်လည်း တစ်စုံတစ်ခုကမူ ကျွန်ုပ်၏ ဟဒယ၌ မှောင်ရိပ်ဖုံးသလို ဖြစ်နေလေသည်။

နေ့ဝါ ညဥ့်ဝါ စာဝါများတက်ရင်းမဆုတ်မနစ်သော လုံ့လဖြင့်ကြိုးစား ခဲ့သည့်အတွက် ကျွန်ုပ်သည် ပါဠိ အဋ္ဌကထာကျမ်းဂန်များကို အာဂုံဆောင်နိုင် သူဖြစ်လာခဲ့ပြီ။ ပင်းယ စကားကျောင်းသည်လည်း ရှင်အရိယဝံသ ဟူသော ရဟန်းငယ်တစ်ပါးအတွက် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ပြီ။

ကျွန်ုပ်ကိုယ်တိုင်လည်း၊ မြင်းကောင်း ဒုန်းစိုင်းသလို ဒေါင်းဒေါင်းမြွေး နှုတ်အံနိုင်ခြင်းအတွက် မိမိကိုယ်မိမိ ကျေနပ်မဆုံး ရှိခဲ့သည်၊ ပုဒ်ဖြတ် ပါဒ်ဆင့်၊ ဂရုလဟု၊ ဌာန် တစ်စက်ကလေးမှ မယွင်းစေရ။ သဿဋ္ဌနှိ တစ်ခု ကလေးမှ မကျပေါက်စေရ။



www.burmeseclassic.com

www.burmeseclassic.com



စာချဆရာတော်က "ဟဲ့- အရိယဝံသ" ဟု ငေါက်ကာ အဖွင့်တစ်ပါဒကို စပေးလိုက်သည်ဆိုလျှင်ပင် တစ်ပုဒ်လုံး၊ တစ်ဂါထာလုံး ဝုန်းဝုန်းမြည်အောင် ကျွန်ုပ်အာဂုံအံနိုင်ခဲ့သည်သာ။

သို့သော် ပါဠိအဋ္ဌကထာကျမ်းဂန်များကို ထုံးလိုခြေရေလိုနှောက်ချောက်ချားစွမ်းအောင် အာဂုံဆောင်နိုင်ပါလျက် ဘာကြောင့် ကျွန်ုပ်ဟာဒယနှလုံး၌ အုံ့အုံ့ပျပျ ဖြစ်နေရသနည်း။

အရိယဝံသသည် ကျမ်းဂန်တတ်စာတတ်ရဟန်း မဟုတ်လား။ ပင်းယ စကားကျောင်း၏ ဂုဏ်ဆောင် ကြယ်တာရာပွင့် မဟုတ်လား။ သီတင်းသုံးဖော် အချင်းချင်းကပင် မရှုဆိတ် မဖြစ်နိုင်တော့ဘဲ "စွမ်းပါပေတယ် ကိုယ်တော်" ဟု နှုတ်မချ တသသ ချီးမွမ်းကြရသည် မဟုတ်လား။

ဘာကြောင့်နည်း။ ဂုဏ်ယူကြည်နူးရှိနေလျက်ကပင် အဘယ့်ကြောင့် ထူးကြီးဆူးငြိသော ဆင်လိုဖြစ်နေရသနည်း။

တက်ကြွချင်သူ မာန်မာနကို ချိုးနှိမ်လျက် မိမိကိုယ်မိမိဆင်ခြင်သုံးသပ်မိ၏။ အရိယဝံသ၊ မင်းဘာဖြစ်နေသလဲ။

ရက်များ မကြာမီမှာပင် ကျွန်ုပ်၏ သန္တာန်၌ အလင်းတစ်ခု ထွန်းပေါ်လာခဲ့ပေသည်။ အဖြေမှန်ကို တွေ့ပေပြီ။ အလိုလေး. . . တုန်လှုပ်ဝမ်းသာဖြစ်ရဘိခြင်း။ ဟုတ်လိုက်လေခြင်းကွယ်။

နှုတ်တက်အာဂုံ ရွတ်ဆောင်နိုင်ခြင်းသည် တကယ့်ကျမ်းတတ်စာတတ်မဟုတ်ပါကလား။ နှုတ်မှ ရွရွ ရွတ်အံနေသော စာတို့၏ သဘောနှင့်အနက်၊ အနှစ်တို့ကို ငါမသိပါတကား။

လဲ့လထုတ်လျက်၊ ဝီရိယကို အထွတ်တပ်လျက် ငါအာဂုံဆောင်နိုင်ရမည်ဟူသော ပန်းတိုင်ကို ချမှတ်လျက် နေ့နေ့ညည အချိန်လပ်ရှိသရွေ့ ဆွမ်းခံချိန်၊ ဆွမ်းစားချိန်၊ ကျောင်းတိုက် ဝေယျာဝစ္စ လုပ်ချိန်များမှအပ ကျန်အချိန်တိုင်းတွင်ကျွန်ုပ်သည် စာရွတ်စာအံ အာဂုံမာန်ကိုသာ စူးစိုက်ခဲ့၏။ ကျိန်းချိန်ပင် အနည်းဆုံးယူကာ အာဂုံဆောင်ဖို့ အရေးသာ အလေးမူခဲ့၏။

အာဂုံကိုတော့ ရွက်ဆောင်နိုင်ခဲ့ပြီ။ သဘောထားကို မသိ။ နှုတ်ဖျားမှအစီအရီထွက်ကျသွားသော စာလုံးအက္ခရာတို့၏ အနှစ်သာရနှင့် နက်ရှိုင်းမှုကို ကျွန်ုပ် တကယ်တမ်းမသိ။ ဟုတ်ပြီ။

"ကျမ်းဂန်တတ်၊ စာတတ်" ဆိုတာ ဘာပါလိမ့်၊ ဘယ်အရာလဲ





ဟူသော မေးခွန်းကို ပခုံးပေါ် ထမ်းကာ ကျွန်ုပ်သည် စစ်ကိုင်းဘက်တူးခဲ့တော့သည်။ အရိယဝံသ. . . ခုလပ်မှာတွင် ရပ်မနေနဲ့၊ ရှေ့ဆက်သွား မင်းဟာ စာတတ် ပုဂ္ဂိုလ် အဟုတ် မဟုတ်သေးဘူးကွဲ့။

၃

"စာကတော့ အလွန်တတ်ပဲ၊ စာသုံးဝါပို့ချသတဲ့၊ ဒါပေမယ့် စာဝါပို့ချချိန်ကလွဲလို့ ဘာစကားမှ မပြောဘူး။ ဘယ်သူ့ကိုမှလဲ အဆွေ့မခံဘူး၊ ပုံပန်းကြည့်ရင့် စာတတ် ပုဂ္ဂိုလ်လို့ မထင်ရဘူး၊ တောထွက် ရဟန်းကြီးလိုပဲ"

ပုညစေတီ မြောက်ဘက်တွင် ဘုန်းတော်ကြီးတစ်ပါး သီတင်းသုံးနေကြောင်း၊ စာအလွန်တော်ကြောင်း သတင်းအံနံ့ရခဲ့၏။

"လိုလိုရာရာ၊ ဟုတ်ဟုတ်ညားညား ဘာအပိုစကားမှ မပြောချင်သိုနိုပြီး ရေငုံနေတတ်တယ်၊ စကားမပြောဖြစ်အောင်လေ"

"ဟုတ်လား. . . ဘွဲ့တော်ကကော"

"ဦးပဥ္စင်းနှယ်. . . ဒီတစ်ဝိုက်ကတော့ ရေငုံဘုန်းကြီးပဲ ခေါ်ကြတာကလား၊ ဘွဲ့တောင် အသေအချာမသိကြဘူး၊ ပုညစေတီ မြောက်ဘက်က ရေငုံဘုန်းကြီးဆိုရင် မသိသူမရှိပေ"

"ကျုပ် ချဉ်းကပ်ရင်ကော လက်ခံပါ့မလား"

"စာဝါ ပို့ချချိန်က လွဲလို့ တစ်ချိန်လုံးရေငုံနေတာပဲလေ၊ ဦးပဥ္စင်း ဒီလောက်ဆို အရိပ်အကဲ သိလောက်ရောပေါ့"

"ကျုပ်ကို နေရာသာ ညွှန်လိုက်ပါ။ လိုက်မပို့ပါနဲ့၊ ကျုပ်ဖာသာပဲ ချဉ်းကပ်ကြည့်ပါမယ်"

"အထွေအထူး ညွှန်းစရာလဲ မရှိပါဘူး၊ ပုညစေတီ မြောက်ဘက်ရေငုံဘုန်းကြီး၊ ရှင်လူရဟန်း မပြောနဲ့၊ မင်းဝံတောင်ရိုးပေါ်က စကားပင်တွေ၊ မန်းကျဉ်းပင်တွေတောင် သိတယ်"

"ကောင်းပါပြီ၊ ကောင်းပါပြီ"

ရေငုံ ဘုန်းတော်ကြီးထံ ကျွန်ုပ်ရောက်ခဲ့သည်။ အသားညိုညို၊ လုံးချပ်ကိုယ်ခပ်သေးသေး၊ သက်န်း ရှားနှစ်ရောင်ဖြင့် ရုတ်တရက် ကြည့်လျှင် ဘယ်သူနှင့်မှ ထူးခြားမှုမရှိသော ဆရာတော်ကြီးပင် ဖြစ်၏။ သို့သော် ရှည်သွယ်သော မျက်ခုံးမွေးများအောက်မှ စူးရှလွန်းသော မျက်ဝန်းအိမ်အစုံတို့ထား [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကာမှ၊ ဘယ်သူ့မျက်နှာပြင် ဆီတွင်မှ မတွေ့ဖူးသော ထူးခြားချက်ပင်။

ပုညစေတီ မြောက်ဘက်ကျောင်းငယ်လေးသို့ ကျွန်ုပ်ရောက်သွားချိန်မှာ ဆရာတော်ကြီး စာဝါပို့ချချိန် ဖြစ်နေသဖြင့် ကျောင်းအောက်မှာပင် ကျွန်ုပ်နေလိုက်ရ၏။ စာဝါပြီးချိန်တွင် ခနော်ခနဲ့ လှေကားလေးအတိုင်း ကျွန်ုပ်ကျောင်းပေါ် တက်ခဲ့သည်။

ဆရာတော်ကြီးကို ဖူးတွေ့ရလေပြီ။ ထိခြင်းငါးပါးဖြင့် ဝတ်ချလိုက်၏။ ဆရာတော်ကြီးကမူ ပုရပိုက်များ၊ ပေချပ်များအလယ်တွင် နှစ်မြှုပ်နေသည်။ တဲလားပြတင်းမှကျသော အလင်းရောင်တွင် ပုရပိုက်များကို ဖတ်နေသည်။ ကျွန်ုပ်ဘက်သို့ လှည့်လည်း မကြည့်ကျွန်ုပ်ရောက်လာသည်ကိုလည်း သိပုံမရ။

ဤလောကဝယ် ပုရပိုက်နှင့် ပေများမှာအပ မည်သည့်သက်ရှိ သက်မဲ့မျှမရှိဟူသော နှစ်မြှုပ်ရှင်သန်နေပုံမျိုး၊ ကျွန်ုပ်လည်းအသံမပြုရဲပေ။ ချောင်းပင်မဟန့်ရဲ။ မိမိရောက်ရှိပါကြောင်း မလျှောက်ရဲ။ ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ အရှိန်အဝါကြောင့် ဖြစ်မည်ထင်သည်။ ပင်းယစကားကျောင်းမှ ကျော်စော ထင်ရှားသောစာတတ် ရဟန်းပျိုတစ်ပါးသည် အသွင်သဏ္ဍာန် ရိုးသားလှသော ဘုန်းကြီးအိုတစ်ပါးရှေ့တွင် ကြုံ့ဝင်နေ၏။

ဆရာတော်ကြီး၏ ဘေးတွင် ကွမ်းအစ်၊ ကွမ်းညှပ်၊ ရေနွေးကရားစသည်များမရှိ။ ရေတကောင်းတစ်လုံးနှင့် ရေဖလားတစ်လုံးသာတွေ့ရ၏။ ရှေ့မကျ ဘေးမကျ တွေ့မြင်နေရသော ဘုန်းကြီးအိုကြီး၏ မျက်နှာပြင်တွင် ထူးခြားသော အခြင်းအရာတစ်ခုမှာ ပါးစုံနှစ်ဖက်အနည်းငယ် ဖောင်းနေခြင်းပင်။ ဩော်. . . လိုလိုရာရာ၊ ဟုတ်ဟုတ်ညားညား စကားမပြောလို၍ ရေငုံထားခြင်းပါတကား. . .။ ရေငုံဘုန်းတော်ကြီးဟု ကျော်ကြားသည့် အချက်ကို မျက်ဝါးထင်ထင် တွေ့ရပေပြီ။

ဆရာတော်ကြီးကို အနှောက်အယှက်မပေးလိုပါ။ အင်းမပေးလိုပါဆိုခြင်းထက် မပေးရဲပါဟုဆိုခြင်းက ပိုမှန်လိမ့်မည်။ အသာအယာ အဖြည်းအညင်းပင် အသံမမြည်အောင် ဝတ်ချ၍ ကျွန်ုပ်ထလာခဲ့သည်။ လှေကားထိပ်အရောက်တွင် နောက်ဆုံးမျှော်လင့်မှုကတော့ဖြင့် ငဲ့စောင်းကြည့်လိုက်မိ၏။ ရေငုံဘုန်းကြီးကား ပုရပိုက်များထဲ၌ နှစ်မြှုပ်နေဆဲ။

သက်ပြင်းရှိုက်လျက် ကျွန်ုပ်ဆင်းလာခဲ့လေသည်။ မန်ကျည်းပင်တောကျောင်းသင်္ခမ်းလေးသို့ ပြန်ခဲ့သည်။





စိတ်ထဲမှာမူ ဤမှုဂိုလ်ကား ငါ့အား စာတတ်အောင်လုပ်ပေးနိုင်သည့်သူကေန်ဟု အလိုလိုသိနေ၏။ မလျှော့သော ဖွဲလုံ့လဖြင့် နောက်တစ်နေ့ ကြိုးစားရမည်သာ။

၄

ဒုတိယနေ့။

စာဝါပြီးချိန်လောက်ကိုမှန်း၍ ကျွန်ုပ်သွားခဲ့၏။ ဆရာတော်ကြီးကို မနေ့က အတိုင်းပင် ပုရပိုက်များ၊ ပေများ အကြားဝယ်ခေါင်းမဖော်တမ်း အနေအထားဖြင့်တွေ့ရသည်။ ဝတ်ချပြီးနောက် ပုဆစ်တုပ်လျက် ထိုင်နေ၍ ဆရာတော်ကြီး မျက်နှာပြန်အမော့ကို ကျွန်ုပ်စောင့်ရသည်။

ကျွန်ုပ်ထိုင်နေရာမှာ လေကွယ်သဖြင့် အနည်းငယ် ဝူအိုက်ထား၏။ လက်ကန်တော့ မထိုးဘဲသက်နှင်းရုံလာခဲ့သဖြင့် ကျွန်ုပ်မှာ မကြာမီဝင် ချွေးများ စို့ရွဲစပြုလာတော့သည်။ သို့သော် တုတ်တုတ်မျှ မလှုပ်ရဲ။ အရှိန်အဝါ ကြီးလှသည်အလိုအလျောက်ပင် ကျွန်ုပ်၏ကိုယ်ပေါ်သို့ လေးလံစွာ ဖိစီးကျရောက်နေသည်။ ချောင်းဟန့်၍ အသံပြုရန် စဉ်းစားလိုက်မိသော်လည်း ချက်ချင်းပင် ထိုစိတ်ကူးကို ပယ်ဖျက်လိုက်၏။ ပညာရှိသူတော်ကောင်းကြီးတစ်ပါး၏ တိတ်ဆိတ်ငြိမ်သက်မှုနှင့် ဝင်စားနှစ်မြှုပ်နေမှုကို ချောင်းဟန့်သံ တစ်ချက်ပေးခြင်းဖြင့် နှောက်ယှက်ဖျက်ဆီးလောက်အောင် အရိယဝံသသည် မိုက်မဲသူ မဟုတ်ပေ။

ရေငုံထားသော ပါးစောင်နှစ်ဖက်ကိုကြည့်ရင်း ကြည်ညိုစိတ်များက တဖွားဖွားဖြစ်တည်လာနေသည်။ ဩော်. . . သူတော်ကောင်းကြီးများဆိုသည်ကား တရားဓမ္မဖြင့်၊ စာပေဖြင့် စပ်လျဉ်းသော စကားမျိုးမှအပ မည်သည့်လောကဝတ် စကားကိုမျှ မဆိုချင်ကြသူများပေတကား၊ မြင့်မြတ်သော တိတ်ဆိတ်ခြင်း၊ အရိယတုဏှီဘာဝ ဝတ်ရုံလွှာကို အမြဲဝတ်ဆင်ထားသူများပါတကား။

အချိန်ကြာမြင့်စွာ ပုဆစ်တုပ် ထိုင်စောင့်ရင်း ဧကသီ တစ်ထည်လုံး ချွေးများနှစ်လာ၏။ ဒုတိယနေ့ အဖို့ ကျွန်ုပ်လက်လျှော့ ချိန်တန်ပြီဟု ဆုံးဖြတ်ကာအသံသဲ့သဲ့မျှပင် မထွက်စေရအောင် ဝတ်ချပြီး ထပြန်လာခဲ့လေသည်။

အာရိယာဝံသ၏ စိတ်ထက်သန်မှုထဲတွင် သည်းခံခြင်း ပါရမီ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ရှိသလဲဟူသော စမ်းသပ်မှုတစ်ခုဖြစ်ပေါ်နေပေပြီ။ ခွေးများ ခွဲနုစ်လှက် ကိုယ်လက်မအီမရှိသော်လည်း ကျွန်ုပ်စိတ်ကား မကြုံစဖူးအောင် ဘက်ကြွ လန်းဆန်းနေတော့သည်။

၅

တတိယနေ့။

ကဲလားပြတင်း အလင်းရောင်၊ ပေပုရပိုက်ပုံများအကြား နစ်မြုပ်နေသည့် ဆရာတော်ကြီး၊ တိတ်ဆိတ်မှု ပြီးခဲ့သော နှစ်ရက်အတိုင်းပင် မခြားမနား ကြုံရပြန်၏။ တစ်ခုပဲ ကွာခြားသည်မှာ ကျွန်ုပ်က ယနေ့မှပင် သားရေနွယ်ကို ယူလာခဲ့ခြင်းဖြစ်၏။ ဆရာတော်ကြီးနှင့် စကားမဆိုမလျှောက် ကြုံရပြီးသည့် အတိုင်း ပြန်ခဲ့ရလျှင် မင်းဝံတောင် မြောက်ဘက်ကြောသို့သွားမည်ဟူသော အကြံဖြင့် သားရေနွယ် ယူလာခဲ့ခြင်းပင်။

တတိယနေ့ ဤနေ့အဖို့လည်း လက်လျှော့ရပြီဟုတွေးကာကျွန်ုပ်သည် ခင်းဖြန့်ထားသောသားရေနွယ်ကို ခေါက်လိပ်လိုက်၏။ သားရေနွယ်မှ ချိုးချိုးချွတ်ချွတ်အသံများ ပြည်သွားလေသည်မှ တိတ်ဆိတ် ငြိမ်သက်နေသော ကျောင်းလေးထဲမှ သားရေနွယ်၏ ကျိုးကျွတ်သံက ကျယ်လောင် ဘိခြင်း အလိုလေး. . . ဆရာတော်ကြီးအား နှောက်ယှက်ရာ ရောက်ခဲ့ပြီကော ထိတ်လန့် အားနာစွာ လှမ်းကြည့်ရင်း သားရေနွယ်လိပ်ကို အသာအယာကိုင် လိုက်စဉ်မှာပင် ပုရပိုက်များကြားမှ ကျွန်ုပ်အားလှမ်းကြည့်လိုက်သော ဆရာ တော်ကြီးကို အကြည့်ချင်းဆုံဖူးမြင်လိုက်ရတော့၏။

သူ. . . ကျွန်ုပ်ကို မြင်သွားပေပြီ။

ရှည်လျားထူထဲ မျက်ခုံးမွေးများအောက်မှ စူးရှသော မျက်လုံးအိမ် အစုံ၏ အလင်းရောင်နှစ်ခု ကျွန်ုပ်ထံသို့ ပုံ့ထွက်လာသည် ထင်၏။ ဆရာတော် ကြီးသည် ထွေးခံထဲသို့ ငုံထားသော ရေများထွေးချပြီး-

"ဘယ်သူလဲဟဲ့"

ဆရာတော်ကြီးအသံ၊ ပီသအောင်မြင်သည့် ကရုဏာသံ။

"တပည့်တော် အရိယဝံသပါဘုရား။ ပင်းယစကားကျောင်းက လာခဲ့ပါတယ်ဘုရား"

"အာရိယဝံသ၊ ပင်းယစကားကျောင်းက၊ အင်း. . . ဘာအကြောင်းလဲ"





"စာဝါတောင်းချင်လို့ပါဘုရား"

"မင်းကျောင်းမှာ ဘာတွေ သင်ခဲ့သတုန်း"

ရေငုံဘုန်းတော်ကြီးနှင့် အပေးအယူ အမေးအဖြေ လုပ်ခွင့်ရခဲ့ပြီတော့ ကျွန်ုပ်မှာ ဝမ်းသာလွန်းစွာ ကတုန်ကယင်ဖြစ်နေ၏။

"ဘာသင်ခဲ့သတုန်း"

အကောင်းဆုံး အဖြေကို တစ်မုဟုတ်ချင်း ကျွန်ုပ်စဉ်းစားလိုက် သည်။ လိုရာဟုတ်ညား စကားပို မဆိုချင်သော ပုဂ္ဂိုလ်အားအတိုဆုံး အရှင်းဆုံး စကားဖြင့် တုံ့ဖြေခြင်းသာ အကောင်းဆုံး ဖြစ်လိမ့်မည်။

"မသင်ကြား မလေ့ကျင့်ဖူးတဲ့ ကျမ်းဂန် မရှိတော့ပါဘုရား"

"အိမ်း. . ."

မျက်ခုံးထူကြီးများ အတွင်းသို့စုဝင်သွားသည်ကို တွေ့ရ၏။

"ဘောက်မဲ့. . . ငါ့ဆီလာသတုန်း"

"နှုတ်တက်အာဂုံဆောင် ပြီးပေမယ့် ကျမ်းတတ် စာတတ်ဆိုတဲ့ အကြောင်းသဘောကို မသိလို့ ရောက်လာရပါတယ်ဘုရား"

"အင်း. . ."

ကျွန်ုပ်မှာ ရင်တထိတ်ထိတ် ရှိနေတော့၏။ "ပင်းယသာ ပြန်ပါ အရိယဝံသရယ်" ဟု ဆိုလိုက်မှဖြင့်. . .။

"ကျမ်းတတ်စာတတ် သဘောကို မသိလို့ ဟုတ်စ"

"မှန်ပါ့ဘုရား"

"ငါ့မှာက စာဝါသုံးဝါ ပို့ချရတယ်။ အချိန်အားမရှိ။ သို့သော် မွန်း တိမ်းရင် ပုညစေတီတက်ပြီးတံမြက်ဝတ်ပြုတယ်။ အင်း. . . ကျမ်းတတ် စာတတ် သဘောသိချင်လို့လာတဲ့ မောင်ပဥ္စင်း၊ ငါ့တံမြက်ဝတ်လေး အပျက် ခံသင်ရတာပေါ့ကွယ်"

"မှန်ပါ့ဘုရား၊ တင်ပါ့ဘုရား တပည့်တော် . . ."

ဝမ်းသာလုံးဆို့ နင်သဖြင့် ကျွန်ုပ်ဆက်မလျှောက်တင် နိုင်ဖြစ်နေစဉ်-

"ဦးကာလက်သန်းက စသင်မယ်၊ နက်ဖြန်က စစို့"

"ကောင်းလှပါပြီ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



၆

ကြည်နူး မွေ့လျော်ဖွယ် အတိတ်နွေးမှ ကျွန်ုပ်ကိုယ် ကျွန်ုပ် ဝုတ်နိုးလိုက်၏။ ကျေးဇူးရှင်ဆရာ ရေငုံဆရာတော်ကြီး၏ လမ်းညွှန်ပို့ချမှုဖြင့် ကျွန်ုပ်သည် ငှက်ကာလက်သန်းကို သင်ခဲ့ရသည်။ ဆရာတော်ကြီးက အံ့ဖွယ်သရဲ စွယ်စုံမုံသောက် ပညာရှိကြီးပေတကား။ နည်းနာနယ အထူးထူးအပြားပြား ပြဆိုလျက် ကျွန်ုပ်တစ်ပါးတည်းကို ပို့ချတော်မူသည်။

အံ့ဘိဓမ္မတ္ထသင်္ဂြိုဟ်ကို လက်သန်း အဋ္ဌကထာဟုဆို၏။ ထိုအဋ္ဌကထာ၏ အဖွင့်ကို ငှက်ကာလက်သန်းဆိုသည်။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်မြောက်သည်၏ အခြားမဲ့၌မူ ကျွန်ုပ်သည် ကျမ်းဂန်တတ် စာတတ်သဘောကို စတင်ရိပ်စားနားလည်လာပေပြီ။ သြော် သဘောသွားအနက်ကိုသိမှပါကလား။ သြော် . . . အနုလုံပဋိလုံထက်အောက်စုန်ဆန် အပြန်ပြန် အလှန်လှန်သိမှပါတကား။ သြော် ဆက်စပ်ပတ်သက်ယှက်နွယ်နေသော အခြင်းအရာများကို ဖြန့်ကျက်သိမှပါကလား။ ကျမ်းဂန်တတ် စာတတ်ဟူသည်မှာ နှုတ်တတ် ရွရွ အာဂုံဆောင်ခြင်းမည်ကာမျှ မဟုတ်ပါတကား။

သုံးရက်ပြီးနောက်တွင် ကျွန်ုပ်သည် ဆရာထံ မသွားရောက်ခဲ့။ ကျမ်းတတ်၊ စာတတ်အကြောင်းကို ငှက်ကာလက်သန်းနှင့်တွဲယှဉ်စေစားသုံးသပ်ရင်း မန်ကျည်းပင်တောကျောင်းမှာပင် နေလိုက်၏။ ဆရာပြသခဲ့သော နည်းနာနယများကို ပြန်လည်ဆင်ခြင်ရန်လည်း လိုအပ်သည်ဟု တွေးကာ စတုတ္ထမြောက်ရက်တွင် မသွားဘဲ နေလိုက်ခြင်းပင်။

စတုတ္ထရက်သာမက ပဥ္စမ၊ ဆဋ္ဌမရက်အထိ ကျွန်ုပ်သည် သီတင်းသုံးရာ ယာယီတောကျောင်းလေးထဲမှာ ထိုင်ရင်း သင်ယူခဲ့ပြီးသမျှ အစအဆုံးကို လေ့ကျက်ဆင်ခြင်နေခဲ့သည်။ သတ္တမမြောက်ရက်မှပင် ကျမ်းတတ်စာတတ်သဘောကို ခြုံငုံမိလာပြီး ထိုအကြောင်းကို လျှောက်တင်ရန်ဆရာတော်ကြီးထံ ထွက်လာခဲ့၏။

ပုညရှင်စေတီကို အဝေးမှမြင်ရသော တောင်တက်လမ်းကြား ကျဉ်းကျဉ်းလေး၏ အကွေ့တစ်ကွေ့ဝယ် ကိုရင်လေးတစ်ပါးနှင့် ဘွားကနဲ ဆုံလိုက်ရသည်။ ကျွန်ုပ်အံ့အားသင့်မိ၏။ ကိုရင်လေးက ရေငုံဆရာတော်ကြီး၏ စာသင်သား တပည့်တစ်ပါးပင်။ ကျွန်ုပ်သွားရာလမ်းဖြစ်သော ဤလမ်းကျဉ်းကွေ့လေးသို့ ဘာကြောင့် ကိုရင်ဆင်းလာသနည်း။





"မန်ကျည်ပင်တောကျောင်းမှာ သီတင်းသုံးတဲ့ အာဂန္တုဦးဇင်းမတွေ့ဘူးလားဘုရား"

"ဟုတ်ပါတယ် ကိုရင်"

"ဦးဇင်းဆီသွားချေလို့ ဆရာတော်ကြီးက လွှတ်လိုက်လို့ပါ"

"ဟင် . . . ဟုတ်လား၊ ဘာများပါလိမ့်"

"ဦးဇင်း မကြွလာတာသုံးရက်ရှိပြီတဲ့၊ ဘာကြောင့်လေသလဲ၊ မကျန်းမာများရှိနေသလားလို့ ကြည့်ခိုင်းလိုက်တာပါ"

"အို . . . ဦးဇင်းနေကောင်းပါတယ်၊ အခု ဆရာတော်ကြီးဆီ လာတာပဲ ကဲ . . . လာလာ အတူသွားစို့ ကိုရင်"

ဝမ်းမြောက်ဝမ်းသာရှိလှတော့၏။ ဆရာတော်ကြီးသည် ကျွန်ုပ်ကို တပည့်ရင်းချာဟူ၍ သိမှတ်တော်မူပေပြီ။ ကျောင်းသို့ရောက်သောအခါ ဆရာတော်ကြီး အသင့်ရှိတော်မူ၏။

"သုံးရက်မကြွလာဘူး၊ ဘာဖြစ်သတုံး အရိယဝံသ"

"မှန်ပါ့ ဘုရား၊ ပြသတော်မူတဲ့ နည်းကိုမှီးပြီး ကျမ်းတတ် စာတတ်သဘောကို ဆင်ခြင်သုံးသပ်နှလုံးသွင်းနေလို့ပါ ဘုရား'

"အခုကော ဘာကြောင့် လာသလဲ၊ ကိုရင်နဲ့ လမ်းမှာပဲ တွေ့သဆို"

"ကျမ်းတတ်စာတတ်သဘောကိုသိရပါပြီ ဘုရားလို့ လျှောက်ဖို့ လာခဲ့တယ်ဘုရား"

"အိမ်း . . . ."

ဆရာ၏ ထို 'အိမ်း'ကား ကျွန်ုပ်အရိယဝံသကို သိမှတ်ချီးမြှောက်လိုက်သည် အခြားမည်သည့်ဘွဲ့နှင့်မျှ မလဲနိုင်သည့် 'အိမ်း'ပင် ဖြစ်တော့သည်။

"အရိယဝံသ ငှက်ကာလက်သန်း အရင်းခံလောက်သင်ကာမျှနဲ့ မင်းစာတတ်သဘောကိုသိပြီ"

"တင်ပါ့ဘုရား"

"မင်း ငါ့ကို ကျေးဇူးဆပ်"

"တင် တင်ပါ ဘုရား"

"ဘယ်ပုံ ဆပ်ရမတုန်းဆိုတော့ ငှက်ကာလက်သန်းကိုအဖွင့်ရေး"

"တင်ပါ ဘုရား၊ တပည့်တော်ကျေးဇူးဆပ်ပါမယ်ဘုရား"

သြော် . . . ပညာရှိ သူတော်ကောင်းတို့၏ ကျေးဇူးဆပ်ခိုင်းပုံမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပညာပင်ဖြစ်တော့၏။ လာဘ၊ သက္ကာရ၊ သိလောက နွယ်သော မည်သည့်အရာမျှစိုးစဉ်မှ အငွေ့မသမ်း။

ပုညစေတီ အရှေ့မြောက် ချောက်လရောင်၏ အကူအညီဖြင့် ကျွန်ုပ် စီရင်ရေးသားနေသော 'မဏိသာရမဉ္ဇူသာ' ကျမ်းကား ကျေးဇူးရှင် ဆရာခိုင်သည့် ဋီကာလက်သန်းအဖွင့်ကျမ်းပင်တည်း။

2

"မဏိသာရမဉ္ဇူသာကျမ်း"

အဘိဓမ္မာ သဘောတရားတို့ကို ပါဠိဖြင့် ဖွင့်ဆိုသော ကျမ်း။

စီစဉ်ပြီးသမျှကို လပြည့်လကွယ် ရှစ်ရက် သီတင်းနေ့တိုင်း ပုညစေတီရင်ပြင်မှာ ပင့်သံဃာအများနှင့် ဖတ်ကြားရလေသည်။ မည်မျှအနှစ်သာရပြည့်ဝလိုက်ပါသနည်း။ စီစဉ်ပြီးသမျှဖတ်ကြားပြီးသမျှတိုင်းကို သံဃာက သာဓုဆိုကြ၏။ ကျွန်ုပ်၏ ဘွဲ့အမည်သည်လည်း ရှင်မဟာအရိယဝံသ ဖြစ်လာသည်။ အသိနှင့်ပညာကိုပေးကျွေးသော ဆရာအား အသိပညာတို့ဖြင့် ကျေးဇူးတုံ့ပေးဆပ်ခွင့်ရခြင်းကား ကောင်းမြတ်သော မင်္ဂလာပင်ဖြစ်တော့၏။ ကျွန်ုပ်၏ မဏိသာရမဉ္ဇူသာကျမ်းသည် နောက်အစဉ်အဆက်သော စာသင်သားရဟန်းတို့အတွက် ကြီးစွာအထောက်အကူပြုချေတော့မည်။ ပညာ၏ ဆင့်ပွားဖြစ်တည်ခြင်း လောကကမ္ဘာကို အကျိုးပြုတော့မည်၊ ကောင်းလေစွ"

လွန်စွာကြည်နူးဖွယ်ကောင်းသည့် ဖြစ်ရပ်တစ်ခု ရှိပေသေးသည်။

လပြည့်သီတင်းနေ့ တစ်ညဉ့် မဏိသာရမဉ္ဇူကို ကျွန်ုပ်စီစဉ်ဖတ်ကြားနေချိန် သံဃာက ကျွန်ုပ်၏ 'စာတမ်းဖတ်ပွဲ'ကို အာရုံစိုက်ကာ ငြိမ်သက်နေချိန်ဝယ် ပရိသတ်၏ နောက်ဘက်အစွန်ဆီမှ 'အေးအေး' ဟူသည့် ထိုအသံမှာ တစ်စုံတစ်ခုကိုသတိပေးထောက်ပြနေသည့်အသံဖြစ်ကြောင်းကျွန်ုပ်သိလိုက်၏။

ထို့ကြောင့် ထိုအသံ 'အေးအေး'ပေါ်ပေါက်ရာ ကျွန်ုပ်၏ ကျမ်းရောက်ရှိဖတ်ကြားသည့် နေရာနှစ်ချက်ကို တေးမှတ်ထားလိုက်၏။ ကျောင်းပြန်ရောက်ပြီးနောက် ထိုနေရာကို စစ်ဆေးကြည့်လိုက်သောအခါ

"အလို"

ကျွန်ုပ်၏ ပမာဒလေခြင်းပါတကား။

တစ်နေရာက ဝါကျထပ်နေခြင်း၊ တစ်နေရာက 'ကြွဒ် ဂန္တံ . . .'ဟူ၍





ရေးသားထားသောနေရာ။

ဤ 'မဏိသာရမဉ္ဇူသာကျမ်း'ဟု အနက်ရသော ပါဠိဂန္ထကျမ်းသည် ပါဠိသဒ္ဒါအရ ပုလ္လိင်ဂန္ထံကို 'ကြံမံ'ဖြင့်သာ တွဲရမည်။ ကြွဒ်ဖြင့် မတွဲရ၊ ကြွဒ်တာနေ ပုလ္လိင်။

ပုလ္လိင်ဖြစ်သော 'ဂန္ထံ'ကို ပုလ္လိင်ဖြစ်သော 'ကြံမံ'ဖြင့်သာ တွဲရမည်။

အလို . . . အတွဲမှားချေသည်ကော။ အစွဲပျက်လေသည်တော။

ဤအစွဲပျက် အမှားကို သတိပေးထောက်ပြသည့်အကြောင်း ပရိသတ်အစွန်မှ အမည်မသိပုဂ္ဂိုလ်က 'အေး အေး'ဟု အချက်ပြခဲ့ခြင်းပါတကား၊ သူ. . . ဘယ်သူနည်း။

ထိုပုဂ္ဂိုလ်ကို စုံစမ်း၍ရှာဖွေပင့်ခေါ်ရလေသည်။

"တပည့်တော်စီစဉ်ဖတ်ကြားနေချိန်မှာ အေးအေး နှစ်ခါဆိုပြီး ထောက်ခဲ့တာ အရှင်ဘုရားပါလား ဘုရား"

"ဟုတ်ပါတယ် ဘုရား၊ တပည့်တော် ပုဂံကလာတဲ့ အာဂန္တုပါဘုရား စစ်ကိုင်းမှာ ဘုရားလာဖူးရင်း ပုညရှင်စေတီရင်ပြင်မှာ အရှင်ဘုရားတာ မဏိသာရမဉ္ဇူသာကျမ်း စီစဉ်ဖတ်ကြားတယ် ကြားလို့ တက်ရောက်လာခြင်း ဖြစ်ပါတယ်ဘုရား"

"ဘာကြောင့် အေးအေး လို့ နှစ်ကြိမ်ဆိုပါသလဲ ဘုရား"

အာဂန္တု ရဟန်းငယ်လေး၏ မျက်နှာတွင် အားတုံ့အားနာ အမူအသွင်ဖြစ်သွားပြီးမှ -

"အရှင်ဘုရားရဲ့ ကျမ်းဟာ ဆိုဖွယ်မရှိ ကောင်းလှပါတယ်ဘုရား၊ ပမာတန္တု လူတစ်ယောက် လက်ထဲကျောက်စရစ်ခဲတွေဆုပ်ပြီး တိုက်နံ့ရုံကို ပစ်ပေါက်လိုက်တဲ့အခါ တစ်စေ့မကျန် တိုက်နံ့ရုံကို မှန်သလို မိန့်သမျှစကားတိုင်း လိုရင်းအနက်သို့ရောက်ပါတယ်ဘုရား၊ သို့ပေမယ့် ဝါကျတစ်ချက်ထပ်ပြီး အစွဲတစ်ချက်ပျက်တာတွေ့လို့ အေးအေးဆိုမိပါတယ်ဘုရား"

ကျွန်ုပ်တေးမှတ်ထားသော နေရာကိုပြလိုက်၏။

"ကြံမံနဲ့ ကြွဒ်အသုံးမှား အစွဲပျက်တဲ့နေရာလား အရှင်ဘုရား"

"မှန်ပါတယ် ဘုရား"

"အရှင်ဘုရား၊ တပည့်တော် အရှင့်ကို ဟောဒီဒုကုဋ်နဲ့ ပူဇော်ပါရစေ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



အမှား ထောက်ပြသူ၏ ကျေးဇူးကလည်း ကြီးမားပါဘိခြင်း။ အာသွ ဦးဇင်းလေး၏ မျက်နှာတွင် ရှက်သွေးဖျန်းသွားသည် ထင်ရ၏။

"သည်းခံပါ ဘုရား၊ တပည့်တော်က အရှင်ဘုရားထက် အသက်ရှေ ပါပါငယ်ပါတယ်အရှင်"

"မဟုတ်ဘူး ဘုရား၊ အရှင်ဘုရားကို ပူဇော်တာမဟုတ်ပါဘူး၊ အရှင် ဘုရားရဲ့ ထိုးထွင်းမြင်နိုင်တဲ့ ဂရုတစိုက်သုံးသပ်ရင်း အကျအပေါက်ကို တွေ့ တတ်တဲ့ ပညာဂုဏ်ကို ပူဇော်တာပါ လက်ခံပါဘုရား"

၈

မင်းဝံတောင်ရိုး ပုညစေတီထက်ဝယ် လပြည့်လဝန်းတို့ ထွန်းပသည့် ညဥ့်များစွာတို့ဖြစ်ပေါ်လာကြပေဦးမည်။ ထိုလပြည့်ညစေတီသည် ပညာဂုဏ် ဖြင့် လောကကို ကျေးဇူးပြုခဲ့ကြသော ပုဂ္ဂိုလ်မြတ်တို့၏ ကျေးဇူးတရားတို့ကို လည်း မကုန်ဆုံးနိုင် ဥဒါန်းသီဖွဲ့ ကျူးရင့်ကြပေဦးမည်တကား။

ဤဝတ္ထုငယ်ဖြင့် "အင်းဝခေတ် စာတမ်းဖတ်ပွဲ" ဆောင်းပါးအပါ အဝင် "သုတဥ္စလီ"ကို ရေးခဲ့သော ဆရာကြီးဦးသော်ဇင်၏ စာပေကျေးဇူးအား ဦးခိုက်ပူဇော်ပါ၏။

ရုပ်ရှင်အမြုတေ၊ ၂၀၀၂

❖ ❖ ❖

# ပန်းပုပြိုင်ပွဲ

၁

လွှတ်ရုံးတော်မှတစ်ဆင့် မင်းတရား၏ အမိန့်တော်ကို ထုတ်ပြန်လိုက် သောအခါ သုနာပရန္တတစ်တိုင်းလုံး အာမေဋိတ်စကားများကို ရွတ်ဆိုကြတော့ ၏။ နေပြည်တော်ရှိ စစ်ရေးလေ့ကျင့်ကွင်းတွင် ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုး၊ လေးမြားပစ် ပြိုင်ပွဲများကိုလည်း ကျင်းပပြီးစီးခဲ့လေပြီ။ နပမ်းသတ်ပွဲ၊ လက်ဝှေ့ပွဲ၊ ကျင်ပွဲများလည်းကျင်းပပြီးစီးခဲ့လေပြီ။ လက်ရုံးစွမ်းပြနိုင်သော သူရဲကောင်း လူချွန်များကိုလည်း ထိုက်သည့် ဆုလာဘ်များဖြင့် ချီးကျူးဂုဏ်ပြုပြီးခဲ့လေပြီ။

ယခု အမိန့်တော်မှာ-မည်သူမျှ မမျှော်လင့်သော အမိန့်တော်ဖြစ်၏၊

"ပန်းပုပြိုင်ပွဲကြီး ကျင်းပမည်။ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင် နိုင်သည်။ ပန်းပုပြိုင်ပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ သုနာပရန္တ တိုင်းသား တို့၏ ယဉ်ကျေးမှုဝိဥာဉ်ကို မြှင့်တင်ရန်ဖြစ်သည်။ တိုင်းကြီးသခင် ဘုရင်မင်း မြတ်ကိုယ်တော်တိုင် ပန်းပုပြိုင်ပွဲကို ကြီးကြပ်တော်မူလိမ့်မည်၊

သုနာပရန္တတိုင်း၏ မင်းနေပြည်တော်သစ်တည်ထောင်ခဲ့သည့် သက်တမ်းနှစ်တစ်ရာပြည့်အခါသမယဝယ် ပြိုင်ပွဲ အမျိုးမျိုးကျင်းပ

သီဟရတန

www.burmeseclassic.com



ထူးခြားသော ဤအမိန့်တော်ထွက်လာသောအခါ တိုင်းသားပြည်သူအားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေသည်။

ထင်မြင်ယူဆချက်များ ပေါ်လာကြ၏။

"ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဂန္ဓရတိုင်း တက္ကသိုလ်မှာ ဥပရာဇ အလောင်းအလျာဘဝနဲ့ ပညာသင်ခဲ့စဉ်ကတည်းက ပန်းပုပညာမှာ တစ်ဖက် တမ်းခတ် ထူးခမန်တတ်မြောက်ခဲ့သူ ဖြစ်ခဲ့တာလား-ဒါကြောင့် ပန်းပုပြိုင်ပွဲကို အလေးထားကျင်းပတာပေါ့။"

အချို့က ဤအမြင်ကို လက်မခံကြပေ။

"မင်းတရားဟာ ပန်းပုပညာရပ်မှာ သာမကဘူး၊ ပန်းချီနဲ့ စောင်းအတတ်မှာလဲ ကျွမ်းကျင်သူပေပဲ၊ ဘာကြောင့် ပန်းချီနဲ့စောင်းပြိုင်ပွဲ မကျင်းပဘဲ ပန်းပု တစ်ခုတည်းကိုမှ ရွေးပြီးကျင်းပရသလဲ။ အကြောင်းတစ်ခုခု ရှိရဦးမယ်"

အချို့က ဤသို့တွေးဆကြပြန်သည်။

"ပြိုင်ပွဲကျင်းပပြီး အကောင်းဆုံးပန်းပုလက်ရာတွေကို စုဆောင်းဖို့ အကြံရှိလိမ့်မယ်။ ခုနေခါမှာ အခြားတိုင်းနဲ့ မင်းနေပြည်တွေက ပန်းပုရုပ်တုတွေ ကို အပြိုင်အဆိုင် ဝယ်ယူစုဆောင်းနေကြတာ မဟုတ်လား"

အချို့က ဤသို့ အဖြေထုတ်ကြသည်။

"အမိန့်တော်ထဲက ရည်ရွယ်ချက်ဆိုတာကိုကြည့်။ သုနာပရန္တ တိုင်းသားတို့ ယဉ်ကျေးမှုဝိဉာဉ်ကို မြင့်တင်ရန်ဖြစ်သည်၊ လို့ အတိအလင်းဆို ထားတယ်။ ဒါဟာ ဧကန်လေးနက်တဲ့ အကြောင်းရင်းပဲ။"

ဤအတွေးကို ငြင်းပယ်သူများလည်း ပေါ်လာကြသည်။

"ဧကန်လေးနက်တဲ့အကြောင်းပဲ ထားပါ။ ဘာဖြစ်လို့ အခြားသော ပန်းမျိုးအတတ်တွေကို မညွှန်းရတာလဲ"

သက်ကြီးရွယ်အိုများက အချိန်ယူစဉ်းစားပြီးမှ ပြောကြပြန်၏။

"တို့များရဲ့ သုနာပရန္တတိုင်းကြီးဟာ စန္ဒကူးတော၊ ကျွန်းတောကြီးတွေ အထူးပေါများကြွယ်ဝတဲ့ ဒေသကြီးဖြစ်ခဲ့တယ်။ ခုထိလဲ ဒီသယံဇာတ သစ်ပင် တောအုပ်ကြီးတွေနဲ့ ကြွယ်ဝဆဲပဲ။ ဟိုး ပဝေသဏီကတည်းက ဒီသစ်တောကြီး တွေကို အကြောင်းပြုပြီး သုနာပရန္တဟာ ပန်းပုအတတ်နဲ့ ဇမ္ဗူဒိတ်မှာ ပြိုင်ဖက် ကင်းဖြစ်ခဲ့တယ်၊ ဘုရင်မင်းမြတ်ဟာ၊ ဒီ အတီတေအနှစ်သာရကို ရည်ရွယ်ပြီး





ပန်းပုပြိုင်ပွဲကြီး ကျင်းပတာဖြစ်နိုင်တယ်"

သက်ကြီးရွယ်အိုများ၏ စကားကို အတော်များများက လက်ခံလိုက် ကြ၏။ မိမိတို့ စိတ်ကူးအလျောက်၊ ဆင်ခြင်ယူဆပြောဆိုချက်များကမူ ဒေသ်ခဲ စတမ်းထွက်ပေါ်နေကြဆဲပင်။

မည်သို့ရှိစေ . . ပန်းပု ပြိုင်ပွဲကြီးကျင်းပမည့်ရက်သို့ ရောက်လာခဲ့ ပေပြီ။ ထိုအခါအဘယ့်ကြောင့် ပန်းပုပြိုင်ပွဲကျင်းပသည်ဆိုသော အမြင်များ ဆွေးနွေးငြင်းခုံမှုများ အသံတိတ်သွားကြပြီ၊ ပြိုင်ပွဲကြီး ဘယ်သို့တင်းဝင်မည်၊ ဘယ်သူတွေ ဝင်ရောက်ကြမည်ဆိုခြင်းကိုသာ အားလုံးအာရုံပြောင်းသဲ ငုံစိုက် သွားကြလေသည်။

၂

ပြိုင်ပွဲ အစီအစဉ်နှင့် စည်းကမ်းသတ်မှတ်ချက်များကပင် ထူးခြားတော့ သည် မဟုတ်ပါပဲလျက် ဆွဲဆောင်ညှို့ယူအားကောင်းနေ၏။

ပြိုင်ပွဲကြီး၏ ပထမအစီအစဉ်ကို လွှတ်ရုံးကထုတ်ပြန်လိုက်သည်။

"မည်သူမဆို မိမိကိုယ်တိုင် ထုလုပ်သော မိမိအနှစ်သက်ဆုံး ပန်းပု ရုပ်တစ်ခုကို တင်သွင်းယှဉ်ပြိုင်နိုင်သည်။"

အုံးအုံးကျွက်ကျွက်ဖြစ်သွား၏။

ပြိုင်ပွဲ မဏ္ဍပ်ကြီးတစ်ခုလုံး ပြိုင်ပွဲဝင်ပန်းပုရုပ်များဖြင့် ပြည့်နှက်သွား လေသည်။ သစ်သား၊ ရွှံ့၊ မြေစေး လက်ရာ ပန်းပုများ တဖွဲဖွဲရောက်လာ ကြ၏။ အရုပ်များကလည်း ပုံစံအရွယ်အစား အမျိုးမျိုး၊ ဘုရားပုံတော်၊ သိကြားရုပ်၊ ကိန္နရီ ကိန္နရာရုပ်၊ နိပါတ်တော်ထွက်အရုပ်၊ တောကောင်အရုပ် စသည်ဖြင့် အမျိုးအမည်စုံ အမယ်စုံ ရောက်လာကြ၏။

ထောင်နှင့်ချီသော ဤပန်းပုရုပ်များအနက်၊ အများစုမှာ လက်ရာချင်း မတိမ်းမယိမ်းပင် ရှိနေကြသည်။ ဤမျှများပြောင်လှစွာသော လက်ရာမြောက် ပန်းပုရုပ်များကို ဘယ်ပုံရွေးချယ်မည်နည်းဟု တိုင်းရင်းသားပြည်သူတို့ လွန်စွာ စိတ်ဝင်စားလာကြသည်။

ဒုတိယစည်းမျဉ်းနှင့် အစီအစဉ်ကို လွှတ်ရုံးမှ ထုတ်ပြန်လိုက်၏။

"တင်သွင်းလာသော ပန်းပုရုပ်များအတိုင်း တင်သွင်းသူတည်ရှင်း ဘုရင်မင်းမြတ်နှင့် လွှတ်ရုံးတော်ဝန် အကြီးအမှူးများရှေ့တော်မှောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ထုလုပ်ပြရမည်။

အံ့ဩစရာလည်းဖြစ်၏။ သုနာပရန္တတိုင်းသားတို့အဖို့ ပျော်စရာလည်း ကောင်းသော အချင်းအရာတစ်ရပ်ဖြစ်ပေါ်လာ၏။

ထိုဒုတိယအမိန့်တော် ထွက်ပေါ်လာပြီးနောက်တွင် မူလက ထောင် နှင့်ချီရောက်လာလိုက်ကြတာ၊ ဟော-ဒုတိယ အမိန့်တော်လဲထွက်လာရော ကြက်ပျောက် ငှက်ပျောက်ပျောက်ကုန်ကြရော၊ ကိုယ်တိုင်ထုတာ မဟုတ် ဘဲ သူများဆီက ထုပြီးသားပန်းပုရုပ်ကိုဝယ် ကိုယ်တိုင်ထုဆိုပြီး ပြိုင်ကြတာလေ၊ ရှေ့တော်မှောက်မှာ တင်သွင်းတဲ့ အရုပ်အတိုင်း ကိုယ်တိုင်ထုပြရမယ်ဆိုတော့ တစ်ခါတည်း နေလာနှင်းပျောက်ဖြစ်ကုန်တာပါကလား။ အယောင်ဆောင် လူလိမ်လူညာတွေ အနားတောင်မသီဝံ့တော့ဘူးလေ။

"ဟုတ်သပ၊ ဘကာယ့်အစစ်နဲ့ အတုကို ခွဲထုတ်လိုက်တာပေါ့. . . ကိုင်း အခုတို့များနေပြည်တော်ကြီးမှာ ကိုယ်တိုင်တတ်ကျွမ်းထုလုပ်နိုင်တဲ့ ပန်းပု ပညာရှင် တစ်ရာပဲရှိတယ်ဆိုတာ ထင်ထင်ရှားရှားပေါ်လာပြီပေါ့ကွဲ့။"

သူတစ်ပါးအရုပ် ကိုယ့်အရုပ်လုပ်ကာပြိုင်ပွဲဝင် တင်သွင်းခဲ့ကြပြီး ဒုတိယအဆင့်တွင် ရှောင်ပြေးသွားကြသောအခါ ပန်းပုရုပ်ပေါင်များစွာတို့သည် တိုင်းပိုင်ပြည်ပိုင် ဘဏ္ဍာအဖြစ် ဗြတိုက် စာရင်းဝင်သွားလေသည်။

"ဒုတိယ အဆင့်မှာ ဘယ်လိုပြိုင်ခိုင်းပြီး ဘယ်လိုရွေးချယ်မလဲ မသိဘူးနော်။ စောင့်ကြည့်ကြရအောင်"

ပန်းပုပြိုင်ပွဲကြီးသည် သုနာပရန္တတိုင်းသားတို့၏ စိတ်နှလုံးကို ယူကျုံးဆွဲငင်နေပေပြီ။

၃

ဒုတိယစည်းကမ်းချက်အရ တင်သွင်းသော အရုပ်တိုင်း ကိုယ်တိုင် ထုလုပ်စေရာတွင် ပြိုင်ပွဲဝင် ပန်းပုပညာရှင် ဦးရေတစ်ရာမှ ထက်ဝက်ကျော် တို့သည် ရှုံးနိမ့်သွားကြ၏။ အကြောင်းမှာ ဘုရင်မင်းမြတ်ရှေ့တော်နှင့် လွှတ် ရုံး အကြီးအမှူးတို့ မျက်မှောက်ဝယ်၊ သူတို့သည် စိတ်လှုပ်ရှားကာ အလွဲတွေ အများများ ဖြစ်ကုန်ကြသောကြောင့်ပင်။

ဆောက်အသွား အရွယ်အစား အရွေးမှားကြ၏။ လက်ရိုက်အကြီး အသေး အရွေးမှားကြ၏။ လက်ဆလွန်၍ ရုပ်မပီဖြစ်သွားကြ၏။ အချို့မှာ





ပုံကြမ်းလောင်းဖို့ စရွေးကတည်းက အယောင်ယောင်အမှားမှား၊ အချို့မှာ ဆောက်သွားကိုပင် တည်ငြိမ်အောင် မချိန်ရွယ် နိုင်တော့။ မြေခဲဓာ ရှုံးပြိုင် ပြိုင်ပွဲဝင်သူအချို့မှာလည်း လက်ဆ အဖိအနှိပ်အဖြည့် အကော် ချိန်သား ပျက်သွားကြ၏။

တစ်ခဲနက် အားပေးကြည့်ရှုကြသော တိုင်းသားပြည်သူတို့၏ တအံ့ အံ့ရယ်မောသံမှာ မဏ္ဍပ်ကြီးပွင့်ထွက်သွားမတတ်ပင် ဖြစ်ချေ၏။

ဘုရင်မင်းမြတ်ကမူ ထိုရှုံးနိမ့်သွားသူများအား အပြစ်မပေးဘဲ သင့် တင့်သောဆုလာဘ်ပေးသနားလျက် ဩဝါဒ မိန့်မြွက်လိုက်၏။

"မောင်မင်းတို့ ကိုယ်တိုင် ထုလုပ်တယ်ဆိုတဲ့ စိတ်မှန်ရှိသောမှု အတွက် ဆုလာဘ်ချီးမြှင့်လိုက်တယ်။ သို့သော် နောင်အခါမှာတော့ အနုပညာရှင်တို့ရဲ့ သမာဓိ၊ စိတ်တည်ငြိမ်မှု စူးစိုက်ဝင်စားမှု ဆိုတာကို မပိုင်နိုင် မဆုပ်ကိုင်နိုင် သေးသမျှ ပြိုင်ပွဲဝင်ဖို့ မကြိုးစားကြနဲ့"

ဒုတိယအဆင့် ပြီးသောအခါ ပြိုင်ပွဲဝင်ပညာရှင် သုံးဆယ်သာ ကျန် ရစ်ခဲ့လေသည်။ ထိုအယောက်သုံးဆယ်အတွက် တတိယအဆင့်ပြိုင်ပွဲ စည်းကမ်းကို လွှတ်ရုံးတော်က ထုတ်ပြန်လိုက်သည်။

"ပညာရှင်သုံးဆယ်တို့သည် ဘုရင်မင်းမြတ် အမိန့်တော်အရ လွှတ်ရုံး မှ ပေးထားသော အရာဝတ္ထုကိုကြည့်ကာ ယင်းအတိုင်းထုလုပ်ကြရမည်"

သစ်သား၊ ရွှံ့မြေစေး. . မိမိတို့အားသန်ရာ နှစ်သက်ရာကို ရွေးချယ် နိုင်ခွင့်ရှိကြသော်လည်း တတိယပြိုင်ပွဲကို မည်သို့သော စနစ်ဖြင့် အမှတ်ပေး ရွေးချယ်မည်ကိုကား မည်သူမျှ မသိကြချေ။

၄

တတိယပြိုင်ပွဲအတွက် ပေးထားသောအရာဝတ္ထုမှာ ပိဘီဆိုးစင်းလှ သော 'ဆွမ်းအုပ်' တစ်အုပ်ပင်ဖြစ်လေသည်။

ပြိုင်ပွဲကျင်းပသောနေ့တွင် ဆန်ခါတင် သုံးဆယ်တို့သည် ပရိသတ် အားလုံးမြင်သာအောင် တင်ထားသည့် ဆွမ်းအုပ်ကို ပန်းပုထုကြ၏။ နေ့လက်မှ ဖြင့်ပင် ပြိုင်ပွဲချိန် ပြီးစီးသွားသည်၊ ဆွမ်းအုပ်ပုံ ပန်းပုရုပ်သုံးဆယ်တို့ စီ ခင်းကျင်းထားသည်။

လွှတ်ရုံးအကြီးအမှူးဝန်ကြီး တစ်ပါးက ဘုရင်မင်းမြတ်ထံ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ကာ ပရိသတ်ဘက်သို့ မျက်နှာမူလိုက်ပြီး ကြေညာသည်။

"သုနာပရန္တ တိုင်းသားတို့၊ ဆွမ်းအုပ်သုံးဆယ်ကို သင်တို့ မြင်ကြပြီ။ ဒီပန်းပုရုပ်တွေကို ထုလုပ်ခဲ့ကြတဲ့ ထုလုပ်မှု အဆင့်ဆင့်ကို ဘုရင်မင်းမြတ်နှင့်တကွ ကျွန်ုပ်တို့ အပါအဝင် လွှတ်ရုံးအဖွဲ့ကသာ စောင့်ကြည့်တာမဟုတ်ပါဘူး။ တတ်သိနားလည်ကျွမ်းကျင်တဲ့ ပန်းပုပညာရှင် ပဂေးကြီးတွေ အဖွဲ့ကလဲ စောင့်ကြပ်စစ်ဆေးခဲ့ကြတယ်။ ဒီအဖွဲ့ကြီးရဲ့ ဆုံးဖြတ်ချက်အရ. . ."

"ပုံကြမ်းဖော်ပုံ၊ ရွေ့ပုံ၊ လက်နက်ကိရိယာအသုံးပြုပုံ၊ ကိုင်တွယ်ပုံ၊ ထုလုပ်ပုံ၊ နောက်ဆုံးထွက်ပေါ်လာတဲ့ ပန်းပုရုပ်ရဲ့ အချိုးအစား၊ သပ်ယပ်ညီညွတ်မှုနဲ့ ထုလုပ်မှုအချိန်ကာလများကို အသေးစိတ် စစ်ဆေးကြီးကြပ်လိုက်တဲ့ အခါမှာ ပန်းပုပညာရှင် ငါးဦးကို ဆန်ခါတင် ရွေးချယ်လိုက်ပါတယ်"

တတိယပြိုင်ပွဲအဆင့်တွင် ပြုတ်ကျန်ရစ်ခဲ့သော ပန်းပုပညာရှင်နှစ်ဆယ့်ငါးဦးကို ဘုရင်မင်းမြတ်က ပထမ အသုတ်ကို ပေးသနားခဲ့စဉ်ကထက် ပိုမိုများပြားသော ဆုလာဘ်များချီးမြှင့်လေသည်။

ဆုလာဘ်ချီးမြှင့်စဉ် ဘုရင်မင်းမြတ်ကမိန့်တော်မူ၏။

"မောင်မင်းတို့ဟာ အနုပညာရှင်တို့ရဲ့သမာဓိနဲ့ ပြည့်စုံသူတွေပဲ။ သို့သော် အထပ်ထပ်အခါခါ လေ့ကျင့်မှုအရာမှာ အားနည်းခဲ့လို့ ကျွမ်းကျင်မှုအရာမှာ လျှော့ပါးသွားခဲ့ခြင်းဖြစ်တယ်။ မိမိတို့ရဲ့ လိုအပ်ချက်ကို မိမိတို့သိရှိပြီး မဆုတ်မနစ် ကြိုးစားသွားရင်း မောင်မင်းတို့ဟာ ပန်းပု ပညာရှင် အကျော်အမော်တွေဖြစ်ကြမှာ မုချပါ။"

၅

စတုတ္ထအဆင့်ပြိုင်ပွဲတွင် ပန်းပုပညာရှင် ငါးဦးရဲ့ ယှဉ်ပြိုင်ရသော အရာမှာ၊ 'ပန်းပင်တစ်ပင်' ဖြစ်၏။ အရွက်၊ အလက်၊ အခက်၊ အဖူး၊ အငုံ၊ အပွင့်များဖြင့် အင်္ဂါစုံလင်သော ထိုပန်းပင်ကို ပန်းပုရုပ်အဖြစ် ထုလုပ်ရသည်မှာခက်ခဲသော ပညာဖြစ်လာခဲ့သည်။ ပို၍တင်းကြပ်သော စည်းကမ်းတစ်ချက်မှာလည်း မြေးစေးရွှံ့ကို အသုံးမပြုရ။ သစ်သားကိုသာ အသုံးပြုရမည်ဟူ၏။ ဤအဆင့်တွင် ပန်းပုပညာရှင် သုံးဦး ပြုတ်ကျန်သွားသည်။ ထိုသုံးဦးအား ဆုလာဘ်များစွာ ပေးသနားလျက် ဘုရင်မင်းမြတ် မိန့်၏။

"မောင်မင်းတို့ဟာ ထုလုပ်မှု အတတ်ပညာမှာရော၊ လက်နက်ကိရိ





ယာကိုင်တွယ်အသုံးပြုပုံမှာရော ကျွမ်းကျင်သူများဖြစ်ကြကြောင်း ထင်ရှားခဲ့တယ်။ သို့သော် ပန်းပုပညာရဲ့ နက်နဲတဲ့ လျှို့ဝှက်ချက် သို့မဟုတ် ပန်းပုပညာရှင် တစ်ယောက်ရဲ့ အားကောင်းတဲ့ အဇ္ဈတ္တ နှလုံးသားအရာမှာ မောင်မင်းတို့ လိုအပ်နေသေးတယ်။ အဲဒါကတော့ မိမိထုတဲ့သစ်သား၊ အထုခံ သရုပ်ပစ္စည်း မိမိရဲ့ အတတ်ပညာ၊ မိမိရဲ့ အနုပညာ မိမိအသုံးပြုတဲ့ လက်နက်ကိရိယာ. . .အဲဒါတွေ အားလုံး တစ်ပေါင်း တစ်စည်းတည်းနှိုရမယ် ဆိုတဲ့ အချက်ပဲ။ ဒီအချက်ကိုသာ ပိုင်နိုင်စွာ နှလုံးသွင်းတတ်ရင် မောင်မင်းတို့ဟာ ပန်းပုပညာရှင် ပဂေးကြီးတွေ ဖြစ်လာမှာပါ။ ဆက်ကြိုးစားကြ။"

စတုတ္ထအဆင့်ကို ကျော်ဖြတ်ကာ ပဉ္စမအဆင့်သို့ ထက်လာသူ နှစ်ဦးတည်းသာရှိတော့ပြီ။

ထိုနှစ်ဦးကား အသက်ခြောက်ဆယ်ကျော်အရွယ် ပန်းပုဆရာကြီး ကုန္ဒနှင့်၊ အသက်သုံးဆယ် မပြည့်သေးသော ပန်းပု ဆရာလေး ဝဏ္ဏတို့ပင်ဖြစ်၏။ မြေးအဖိုး သားအဖအရွယ် ဆန်ခါတင်ပြိုင်ပွဲနောက်ဆုံးကျန်သူနှစ်ဦးတို့ထက်ပို၍ စိတ်ဝင်စားစရာအချက်ကား ဆရာကြီးကုန္ဒနှင့် ဝဏ္ဏတို့သည် ဆရာတပည့် အရင်း အချာများ ဖြစ်နေခြင်း ပင်တည်း။

ပြိုင်ပွဲသည် အရေးအကြီးဆုံး အဆင့်သို့ရောက်လာပေပြီ။ ဆရာကြီးကုန္ဒကား၊ သုနာပရန္တတိုင်း၏ ဂုဏ်ဆောင်ပန်းပုပညာရှင်ကြီးဖြစ်သည့်အပြင် သူ၏ လက်ရာမြောက်လှသော ပန်းပုရုပ်များကြောင့် ရပ်ဝေးမြေခြားတိုင်းတစ်ပါးအထိ သတင်းဂုဏ်မြောက်ပေါက်ရောက်ကျော်မော်သူဖြစ်လေသည်။ သတင်းကြီးသည့် အလျောက် ပန်းပုပညာဖြင့်ပင် ချမ်းသာကြွယ်ဝနေသူ ဆရာကြီးလည်း ဖြစ်လေသည်။

တပည့်ဖြစ်သူ ဝဏ္ဏကိုကား သုနာပရန္တတိုင်းအတွင်းမှာပင် ကြားဖူးသူများများ စားစားမရှိလှချေ။ သို့သော် ထိုအချက်မှာ ပြိုင်ပွဲ ပဉ္စမအဆင့်မတိုင်မီကသာ ရှိခဲ့သောအချက်ဖြစ်၏။ တိုင်းကျော် ပြည်ကျော်ဆရာကြီးနှင့် အတူနောက်ဆုံး ဆန်ခါတင်ကျန်ရစ်သူ ပြိုင်ပွဲအဆင့်ဆင့်ကို ကျော်ဖြတ်ခဲ့သူ လူငယ်ကလေးဟူသော အဖြစ်က ဝဏ္ဏအား နေ့ချင်းညချင်းပင်ကြီးကျယ်ထင်ရှားသော အဆင့်သို့ထိုးတင်ပေးလိုက်သည်။

ဆရာကြီးကုန္ဒနှင့် တပည့်ဝဏ္ဏတို့ နှစ်ယောက်တည်း ဆန်ခါတင်အဖြစ်ဖြင့် ပြိုင်ပွဲနောက်တစ်ဆင့်သို့ တက်လာသတဲ့. . . ဟူသော သတင်းစကား



www.burmeseclassic.com

www.burmeseclassic.com



သုနာပရန္တတစ်တိုင်းလုံးကို သောသောရုတ်ရုတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ၏။

၆

ပဌမအဆင့် ပြိုင်ပွဲရက်ဖြစ်၏။

မဏ္ဍပ်ကြီးတွင် ပရိသတ် မဆန့်တော့သဖြင့် ဘုရင်မင်းမြတ် အမိန့်တော်အရ ပြိုင်ပွဲကျင်းပရာနေရာကို စစ်ရေးလေ့ကျင့်ကွင်းပြင်သို့ ရွှေ့ကာပရိသတ်ရာပေါင်းများစွာ မြင်သာအောင် ခင်းကျင်းပြင်ဆင်ကြရသည်။

ဆရာကြီးက္ကန္ဒနှင့် ဝဏ္ဏတို့ရှေ့တွင် ပန်းပုလက်နက်ကိရိယာများ အစုံအလင်ချပေးထားသည်။ တစ်တောင်ခန့်အမြင့်ရှိသော သစ်တုံးတစ်တုံးစီကိုလည်း ခုံတစ်ခုပေါ်တွင် တင်ထားပေးသည်။ သို့သော် ပြိုင်ပွဲဝင်နှစ်ဦးတို့မည်သည့် အရုပ်ကို ထုလုပ်ကြရမည် မသိသေး။ မည်သည့် အရာကိုမှလည်း ပြသထားခြင်းမရှိသေး။

ဆရာကြီးက္ကန္ဒသည်လည်းဆွဲ၊ ဘယက်ကြီးတစ်ကုံးကို ဆွဲဆင်ယင်လျက် ရွှေကျင်ခတ် ပိုးပဝါကို ခေါင်းပေါင်းထား၏။ ခရမ်းရင့်ရောင် ရွှေဇာနားကွပ်ဝတ်ရုံကြီးကို ဝတ်ဆင်ကာ ကြွားရွှား ရပ်နေ၏။ မိမိကိုယ်မိမိယုံကြည်မှုအပြည့်ဖြင့် ခမ်းနားသိုက်မြိုက်စွာရှိနေသော ဆရာကြီးက္ကန္ဒကို ကြည့်ရသည်မှာပင် လက်ရာမြောက်သော ပန်းပုရုပ်ကြီးတစ်ခုနှင့် တူနေသေးတော့၏။

တပည့်ဝဏ္ဏကား အနည်းငယ် တုန်လှုပ်နေသော လက္ခဏာရှိနေလေသည်။ ဆရာဖြစ်သူနှင့် အတူယှဉ်ပြိုင်ရမည့် အတွက် တုန်လှုပ်လေသလော၊ ဝတ်ရုံခေါင်းပေါင်းစသောအဆင်တန်ဆာတို့ ဆရာထက်ညိုးငယ်နေ၍လောဆိုသည်ကိုကား သူသာလျှင် အသိဆုံးဖြစ်လေသည်။ သို့သော် ဝဏ္ဏသည် မိမိကိုယ်မိမိ အဘတ်နိုင်ဆုံး ဆောက်တည်နေဟန်ရှိပြီး ရှေ့မှောက်ရှိ သစ်တုံးကြီးကိုသာ မမှိတ်မသုန် ကြည့်နေလေသည်။

ပြိုင်ပွဲဝင် လက်ရွေးစင် ဆရာတပည့် နှစ်ယောက်ကို ကြည့်ရင်းပရိသတ်ကြီးမှာလည်း တဝေါဝေါ ဖြစ်နေ၏။ သို့သော် သံတော်ဆင့်က မကြာမီ ပြိုင်ပွဲစတော့မည့်အချက်ပေး တံပိုးသံကို မှုတ်လိုက်သောအခါ ပရိသတ်ကြီးငြိမ်ကျသွား၏။ သို့ရာတွင် သိုတိတ်ဆိတ်ခြင်းမှာ ခေတ္တမျှသာဖြစ်ပြီး ချက်ချင်းလိုပင် အုတ်အုတ်ကျက်ကျက် ဖြစ်သွားပြန်သည်။





အကြောင်းမူကား ပြိုင်ပွဲဝင် ဆရာတပည့်နှစ်ဦး ရှေ့မှောက်သို့ ဘွင်းယူလာသည့် အရာကြောင့် ဖြစ်၏။ ထိုအရာကား. . .

ဘုရင်မင်းမြတ်၏ စီးတော်မြင်း ဖြစ်လေသည်။

"ဘုရားရေ. . ဘုရင့်စီးတော်မြင်းကို ပန်းပုထုခိုင်းမှာပါလား"

မအောင့်အည်းနိုင်သော တစ်ယောက်ယောက်၏ အလွန်အမင်းအံ့သြသော အာမေဋိတ်သံတစ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏၊

ပန်းပုအထုခံမည့် သရုပ်ပြအရာကား၊ သက်မဲ့အရာ[illegible]မဟုတ်၊ သက်ရှိဖြစ်၏။ သက်ရှိမှာလည်း ငြိမ်သက်စွာ ပုံစံပြပေးနေမည့်[illegible]မဟုတ်ဘဲ မြင်းတစ်ကောင်ဖြစ်နေ၏။ ထိုမြင်းမှာလည်း ဘုရင်မင်းမြတ်၏ စီးတော်မြင်း။

စီးတော်မြင်းသည် ယခုမှာပင် ဇောင်းထဲမှ ထုတ်လာသည့်အပြင်ကောင်းစွာနေထိုင်စားသောက်ရသဖြင့် မန်ဟကြွကြွဖြင့် လှုပ်ခါနေ၏၊ အမြီးလည်းဆံ၊ ခြေအစုံ၊ လည်ပင်း၊ ဦးခေါင်း၊ ဦးစွန်းဖုတ်. . . နေရာတိုင်းမှာပင် တစ်ဒင်္ဂလေးမှ ငြိမ်သက်မနေဘဲ တလှုပ်လှုပ်တယမ်းယမ်း. . .။

လှုပ်ရှားနေသော ဤအရာကို ပန်းပုထုကြမည့် အဖြစ်၊ ပြိုင်ပွဲအား အထွတ်အထိပ်သို့ရောက်လေပြီ။ မယုံနိုင်စရာကောင်းလောက်အောင် ခက်ခဲလွန်းသော ပြိုင်ပွဲအခင်းအကျင်းကိုမှ ဘုရင်မင်းမြတ်နှင့် လွှတ်ရုံးတော်အဖွဲ့ပညာရှင်အဖွဲ့တို့ ကြံဆဖန်တီးကြလေပြီ။

အခက်အခဲပေါ်တွင် နောက်ထပ်အခက်အခဲတစ်ခု ဖန်တီးကြပြန်၏၊ ထိုအရာကား. . ဖန်ပေါင်းချောင်ဖြင့် ပြုလုပ်ထားသောသဲနာရီတစ်ခု

"မြတ်စွာဘုရား. . . အချိန်ကာလသတ်မှတ်ချက်အတွင်းမှာပြီးအောင်ထုကြရမှာပါလား. . ."

အာမေဋိတ်သံများ ကျွတ်ကျွတ်ညံထွက်ပေါ်လာကြလေသည်၊

ဆရာကြီးက္ကန္ဒ၏ ခန္ဓာကိုယ်တောင့်တောင့်တင်းတင်းဖြစ်သွားချိန်တွင် တပည့်ဝဏ္ဏ၏ မျက်ဝန်းများက ပို၍စူးရှသွားကြသည်၊ မြင်းတစ်ကောင်၏ခန္ဓာဗေဒသည် ပန်းပုထုရာတွင် အခက်ခဲဆုံးအရာဝတ္ထုဖြစ်ကြောင်း သုနာပရန္တတိုင်းသားတို့ ကြားဖူးနားဝရှိထားကြပေသည်။ ထိုမြင်းကလည်း အမြဲတစေလှုပ်ရှားယမ်းခါနေသည့် စီးတော်မြင်း။

အချက်ပေး တံပိုးသံ ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



၇

လှုပ်ရှားနေသော မြင်းတစ်ကောင်ကို အရအမိဖမ်းယူလျက် ပန်းပုရုပ်ထုလုပ်ပြိုင်ပွဲသည် သတ်မှတ်ထားသော အချိန်တွင် ပြီးစီးသွားသည်။ သစ်သားနှင့် ဆောက်သွား၊ ဆောက်သွားလက်ကိုင်နှင့် လက်ရိုက်တို့ တဒေါက်ဒေါက်ထိခတ်မြည်သံ နှစ်သံစလုံးရပ်တန့်သွားကြသည်။

အံ့မခန်း ပညာစွမ်းကို တွေ့ကြရလေပြီ။

သစ်သားပန်းပုမြင်းရုပ် နှစ်ရုပ်တို့ကြော့ရှင်းစွာပေါ်လာကြ၏။

ဘုရင်မင်းမြတ် လွှတ်ရုံးဝန်အကြီး အမှူးနှင့် ပညာရှင်အဖွဲ့တို့ ခေတ္တမျှ တီးတိုးတိုင်ပင်ကြပြီးနောက် သံတော်ဆင့်၏ ကျေညာသံပေါ် လာသည်။

"ပညာရှင် နှစ်ဦးစလုံးဘယ်သူ့ဘယ်သူကိုမှ မကျော်လွန်ကြပါ။ နှစ်ဦးစလုံး အဆင့်အမှတ် တူညီကြပါတယ်"

ပရိသတ်ကြီး တစ်ခုလုံး အုံးအုံးကျွက်ကျွက် ဖြစ်သွားချိန်မှာပင် တံပိုးသံစူးခနဲ ပေါ်လာပြန်ကာ ကြေညာသံဆက်လက်ထွက်ပေါ်လာသည်။

"ဆက်လက်ပြီး ဘုရင့်သမီးတော်ကို ပုံတူပန်းပုထု ယှဉ်ပြိုင်ကြရမှာ ဖြစ်ပါတယ်"

သို့သော် ဘုရင့်သမီးတော်သည် ခေတ္တမျှသာ ထွက်ကြွတော်မူလာမှာ ဖြစ်ပြီး ပညာရှင်နှစ်ဦးက ထိုခေတ္တအမြင် အာရုံကိုပဲ စိတ်အာရုံနဲ့ မှတ်သားကာ အလွတ်ထုလုပ်ကြရမှာ ဖြစ်ပါတယ်"

ဘုရင့်သမီးတော် ထွက်ကြွလာ၏။ ကွမ်းတစ်ရာညက်ပင်မကြာလိုက်ဘဲ သမီးတော်ပြန်လည် ထွက်ခွာသွားသည်။ စိတ်အာရုံဖြင့် မှတ်သားကာ မျက်မှောက်မရှိတော့သော အရာကို ပုံတူထုလုပ်ကြရသည့် ပြိုင်ပွဲ။

၈

"စိတ်အာရုံနဲ့မှတ်သားပြီး ထုလုပ်ကြတဲ့ ဘုရင့်သမီးတော်ပုံတူ ပန်းပုမှာလဲ ပညာရှင်နှစ်ဦးစလုံးဟာ အမှတ်တူ အဆင့်တူ ဖြစ်နေကြပါတယ်. . ."

စစ်ရေးလေ့ကျင့်ကွင်းတစ်ခုလုံး ပရိသတ်အားလုံး အသက်မျှပင် မရှူကြတော့ဟု ထင်ရလေသည်။

ဘုရင်မင်းမြတ်က ပြိုင်ပွဲဝင်ဆရာနှင့် တပည့်တို့အား ရှေ့မှောက်သို့ ခေါ်ယူလိုက်၏။

"ပညာရှင်တို့။ ဇမ္ဗူဒိတ်မှာ အတုမရှိတဲ့ အံ့မခန်းပညာဖြစ်ပါပေတယ်။ ကျွန်ုပ်ကိုယ်တိုင် လွှတ်ရုံးတော်အဖွဲ့နဲ့ ပညာရှင်အဖွဲ့တို့မှာလဲ ပညာရှင်တို့ရဲ့ ချောက်ချား မွှေနှောက်စွမ်းကြီးလှတဲ့ ပညာကို အဆင့်အမှတ်ပေးရန် မစွမ်းသာတော့ပါဘူး။ ဒါကြောင့် ယခုနောက်ဆုံး အဆင့် အနေနဲ့ ပြိုင်ပွဲဝင်ကြဖို့က. . ."

ဘုရင်မင်းမြတ်က တစ်လုံးချင်းပြတ်သားစွာ ဆက်လက်မိန့်၏၊

"ပညာရှင်တို့ရဲ့ စိတ်ထဲမှာ ယခုဘာကိုတွေးနေသလဲ၊ ဘာဖြစ်ပေါ်နေသလဲ. . . ဆိုတာကိုပဲ၊ ပန်းပုပညာနဲ့ ဖော်ပြပေးကြပါ. . .။ သင်တို့ရဲ့ပညာစွမ်းကို သိမြင်ပြီးကြပြီမို့ သစ်သားကို မသုံးတော့ဘဲ ရွှံ့စေးနဲ့သာ ထုလုပ်ကြပါ။"

ရွှံ့စေးနှင့် ခုံများကို သယ်ဆောင်လာကြသည်။

"သင်တို့ စိတ်အတွေးထဲမှာ ယခုဘာဖြစ်ပေါ်နေသလဲ. . ထိုအရာကိုပဲ လွတ်လပ်စွာ ပန်းပုရုပ်ထုကြပါ. ."

၉

ရွှံ့စေးတုံးကြီးကို ပိုင်နိုင်စွာ ဆုပ်ကိုင်လျက် ဆရာကြီး ဣန္ဒ၏ လက်ချောင်းများသည် ငှက်တစ်ကောင်၏ အတောင်ပံများနှယ် မနားမနေလှုပ်ရှားသွားကြ၏။ အားလုံး၏ မျက်မှောက်မှာပင် ထင်ရှားပေါ်လာသည့် ပုံကား ဘုရင်မင်းမြတ်၏ ပုံတူဖြစ်ချေသည်။

ဘုရင်မင်းမြတ်နှစ်ပါးဖြစ်နေသည်။ ခွဲမရအောင်တူလှသည်။ ဆရာကြီးဣန္ဒသည် ဝင့်ကြွားသောအပြုံးဖြင့် ဘုရင်မင်းမြတ်ပုံတူရွှံ့ရုပ်ကို ရှေ့သို့တိုးရွှေ့ပြလိုက်သည်။

ထိုအချိန်ဝယ် တပည့်ဝဏ္ဏရှေ့မှ ရွှံ့စေးတုံးကြီးကား ပုံရာခွာရာများဖြင့် အပိုင်းပိုင်းဖြစ်နေသော်လည်း မည်သည့် ပုံသဏ္ဌာန်မှ ပေါ်မလာဘဲရှိနေ၏၊ လေနီကြမ်း ဆင်သည့်နှယ် ပရိသတ်ကြီးအသံမှာ တဝေါဝေါ ထွက်ပေါ်လာနေသော်လည်း ဝဏ္ဏသည် ရွှံ့စေးတုံးကြီးမှ ရွှံ့များကို ခွာယူရင်းအဆက်မပြတ်လှုပ်ရှားသောလက်ချောင်းများဖြင့် သူ၏ ပန်းပုတွင် နစ်မြုပ်နေ၏၊

"ပညာရှင်. . . သင်ဘာပုံထုလုပ်ပြီးပါလဲ"

ဘုရင်မင်းမြတ်က မေးလိုက်သည်။





သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏက မည်သို့မျှ မဖြေဘဲ ရွှံ့စေးတုံးအောက်ဘက် ခုံပေါ်တွင် ဘင်ထားသော ရွှံ့ရုပ်များကို ပြသလိုက်သည်။

အရုပ်တစ်ခုတည်း မဟုတ်။ အများအပြားဖြစ်၏။ သို့သော်လည်း ဆောက်ဝတ်မှုသည် လက်ချောင်းများအထိသာ ထုထားသော လက်ပုံများဖြစ်လေသည်။

"ပညာရှင် သင့်အရုပ်များကို သင်ရှင်းလင်းပြပါဦး"

"မြတ်စွာဗုဒ္ဓရဲ့ မုဒြာလက်တော်များ ဖြစ်ပါတယ်အရှင်။ ဒါက အဘယမုဒြာပါ၊ ဒါက ဘူမိဖဿမုဒြာပါ၊ ဒါက ဓမ္မစက္ကမုဒြာပါ၊ ဒါက ဝိတက္က မုဒြာပါ၊ ဒါက မဟာသီရိ မုဒြာပါ၊ ဒါက တိလောက ဝိဇယမုဒြာပါ။ ဒါက သန္တိဒမုဒြာပါ။ ဒါက မဟာကရုဏာ မုဒြာပါ၊ ဒါက ပြာဋိဟာရိယ မုဒြာပါ။ ဒါက. . .

၁၀

ပြိုင်ပွဲကြီး ပြီးဆုံးခဲ့ပေပြီ။

ဘုရင်မင်းမြတ်က ပြိုင်ပွဲကြီး၏ နိဂုံးကမ္ပတ်မိန့်မြွက်စကားဆို၏။

"သုနာပရန္တ တိုင်းသားအပေါင်းတို့။ သင်တို့အားလုံး မျက်ဝါးထင်ထင် ရှုမြင်ခဲ့ကြရတဲ့အတိုင်း အံ့မခန်း အစွမ်းထက်လှတဲ့ ပညာရှင်နှစ်ဦးရဲ့ နောက်ဆုံးပြိုင်ပွဲ အဆင့်အဖြစ် ဆရာကြီးကဿပက သူ့စိတ်အတွေးထဲ လတ်တလောရှိနေတဲ့ အရာကို ထုလုပ်ခဲ့ရာမှာ ကျွန်ုပ်ရဲ့ပုံတူကို တစ်မဟုတ်ချင်းထုလုပ်ပြခဲ့ပေတယ်။ ဆရာကြီးရဲ့ အနုပညာစွမ်းဟာ တကယ့်ကို နှစ်ယောက် အတူမရှိ ဖြစ်ပါပေတယ်။ သို့သော် ဆရာကြီးရဲ့စိတ်အာရုံထဲမှာ ရှိနေတာက ရာဇ ဖြစ်တယ်။ ကျွန်ုပ်ဖြစ်တယ်။ တစ်ဘက်မှာ တော့ တပည့် ဝဏ္ဏဟာ ဗုဒ္ဓမြတ်စွာရဲ့ မုဒြာ များကိုထုလုပ်ပြခဲ့တယ်။ သူ့စိတ်ထဲမှာ ရှိနေတာက ဗုဒ္ဓဖြစ်တယ်။ ဓမ္မ ဖြစ်တယ်။ အဘယ်စိတ်အာရုံက ပိုမိုမြင့်မြတ်တယ်ဆိုတာ အထူးပြောစရာ မလိုတော့ဘူး။ ဒါကြောင့် ပညာအတူ လက်စွမ်းအတူရှိကြလေတဲ့ ပညာရှင်နှစ်ဦးမှာ စိတ်အာရုံနဲ့ နှလုံးသား ပိုမိုမြင့်မြတ်သော ပညာရှင် ဝဏ္ဏအား သုနာပရန္တရဲ့ မဟာပန်းပုပညာရှင် အဖြစ်ချီးမြှောက်ဂုဏ် ပြုလိုက်ပါတယ်"

ဆရာကြီးကဿပယူကျုံးမရစွာ ရှိနေချိန်တွင် တပည့်ဝဏ္ဏသည် မိမိဆံ ဘွဲ့ကို ဆရာကြီးအား အပ်နှင်းပူဇော်လိုက်၏။





သို့သော်ဆရာကြီးက မျက်ရည်များတွေတွေကျဆင်းလျက်

"ဝဏ္ဏ၊ ငါဟာ မင်းဆရာပါပဲ။ သို့သော် တပည့်က ဆရာ့ထက် ပိုမြင့်မြတ်တာကြောင့် မင်းရဲ့ နှလုံးသားကို ပူဇော်တဲ့အနေနဲ့ မင်းဘွဲ့ကို မင်းထံပြန်ပြီး အပ်နှံပါတယ်" ဟုဆိုလေသည်။

၁၁

သုနာပရန္တသားအားလုံး တသသ ပြောမဆုံးရှိနေကြသည်၊

"ပန်းပု ပြိုင်ပွဲကြီးကျင်းပ ရတဲ့ ရည်ရွယ်ချက်. . အင်း. . ဟုတ်ပေ သကိုး. . သုနာပရန္တ တိုင်းသားတို့၏ ယဉ်ကျေးမှု ဝိဉာဉ်ကို မြှင့်တင်ရန်. . တဲ့ . ပြိုင်ပွဲကြီး ဟာအမှန်တကယ်ပဲ တို့များရဲ့ ယဉ်ကျေးမှုဝိဉာဉ်ကို မြှင့်ပေးလိုက် ပါပြီကွယ်. . "

ယဉ်ကျေးမှု ဒဂ္ဂုန်

www.burmeseclassic.com

www.burmeseclassic.com

# ဖြတ်ကျော်ကူးသန်းကြသူ နှစ်ယောက်အကြောင်း

၁

တိုင်းပြည်နိုင်ငံတို့၏ အချုပ်အခြာအာဏာကို ပိုင်းခြားသတ်မှတ်ရာ၌ ပထဝီဝင်နယ်နိမိတ်လည်း တစ်ခုအပါအဝင်ဖြစ်သည်ဟု မှတ်သားရပါသည်။ ထိုနယ်နိမိတ်တို့ ထိစပ်နေသောနေရာကို နယ်စပ် ဟုခေါ်ကြသည်။ နယ်စပ်ဒေသဟူသည့် ဝေါဟာရပေါ်ပေါက်လာသည့် မြေပုံအညွှန်းပေါ်မှာကြည့်လျှင်တော့ နယ်စပ်မျဉ်းကြောင်းသည် ထင်ရှားပြတ်သားမှုရှိသည်။ တောတောင်ရေမြေ၊ မြစ်ချောင်းတွေဖြင့် ဖွဲ့စည်းထားသော သဘာဝမြေပုံတွင်ကား စာရွက်ပေါ်မှ မျဉ်းကြောင်းကို လွယ်လွယ်ရှင်းရှင်း မရှိတော့ပေ။

ထိုအခါ တစ်ပြည်တစ်နိုင်ငံနှင့် အခြားတစ်ပြည် တစ်နိုင်ငံတို့ မိမိတို့၏ နယ်နိမိတ်ပိုင်းခြားမှု၊ ပိုင်စိုးမှု၊ သက်ရောက်မှုနှင့် ပတ်သက်ပြီး အတော်လေးညှိယူကြရသည်။ အချို့က သဘောထားကြီးမှု၊ နားလည်မှု၊ အပြန်အလှန်လေးစားစောင့်ထိန်းမှုတို့ဖြင့်ညှိနှိုင်းကြသည်။ အချို့ကတော့ တယူသန်မှု၊ တင်းမာမှု၊ စွက်ဖက်မှုတို့ဖြင့် ထိတွေ့ကြသည်။ ပြဿနာဖြေရှင်းပုံ နည်းလမ်းအမျိုးမျိုး ပေါ်ပေါက်ကြသည်။

ရောင်းဝယ်ဖောက်ကားမှု နယ်ပယ်မှာလည်း၊ အကျိုးသက်ရောက်မှု



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်ပေါ်လာသည်။ အပေးအယူ အလျှော့အတင်း၊ အသာ အနာ. . . ဒါတွေကို ကိုင်တွယ်ဖြေရှင်းဖို့ တာဝန်ယူရသူများ၊ ဒေသခံများ၊ ဖြတ်ကျော်ကူးသန်းသူများ အတော်တော့ မလွယ်သော ကိစ္စဖြစ်သည်။

ကျွန်တော်နားလည်သည်မှာ ဒါပဲဖြစ်၏။

ကျွန်တော့် ဗဟုသုတ လက်တံလှမ်းမမီသော အဲဒီကိစ္စကို ဆက်ပြောဖို့ အခြေအနေ၊ အခွင့်အရေး ကျွန်တော့်မှာ မရှိပါ။ မသိတာကို မသိဘူးပြောတာပဲ ကောင်းပါ၏။ နည်းနည်းသိခြင်း (LITTLE KNOWLEDGE) သည် အန္တရာယ် ဖြစ်သည်. . . တဲ့။

ကျွန်တော်သိတာပဲ ကျွန်တော်ပြောပြပါမည်။ နယ်စပ်ဒေသကို ကူးသန်းဖြတ်ကျော်ကြသူ နှစ်ယောက်အကြောင်း ဖြစ်သည်။ ထိုနှစ်ယောက်အကြောင်းကိုတော့ ကျွန်တော် ကောင်းကောင်းသိသည်။ သူတို့ ဖြတ်ကျော်ကူးသန်းကြသော နယ်စပ်ဒေသနှင့် ဖြတ်ကျော်ကူးသန်းကြပုံကိုလည်း၊ ကျွန်တော် ကောင်းကောင်းသိသည်။

ဘာကြောင့်လဲဆိုတော့. . . ထိုနှစ်ယောက်မှာ၊ ကျွန်တော့် မိခင်၏ မိဘနှစ်ပါး ကျွန်တော့် အဘိုးနှင့် ကျွန်တော့် အဘွား တို့ဖြစ်နေသောကြောင့်။

၂

ဦးဘတင့် ဟုခေါ်သည်။ ပိန်ပိန်ပါးပါး အရပ်ရှည်ရှည်၊ လက်ဖက်ရည်ကြိုက်သည်။ ဆေးပေါ့လိပ် ကြိုက်သည်။ ချက်နိုင်ငံလုပ် တယောပြားလေးကို ချင်းရက်စ် (CHIN REST) ခေါ် မေးညှပ်ခုံတပ်ကာ၊ အနီးအနားက လူတွေ ပျင်းစရာကောင်းလောက်အောင် မပျင်းမရိ ထိုးတတ်သည်။ အင်္ဂလိပ်စာ ကျွမ်းကျင်သည်။ ရှေးခေတ် ဟိုင်းယား ဂရိတ် (HIGHER GRADE) အောင်ထားသည်။ စက်ဘီးဆိုင်ကယ်ဟု ကျွန်တော်တို့သိသော စက်တပ်စက်ဘီးကိုစီးသည်။ သူကိုယ်တိုင်က ပိန်ပိန်သွယ်သွယ် ဖြစ်သော်လည်း ဘော်လီဘော၊ ဘက်စကက် အားကစားနည်းများကို စနစ်တကျ တတ်မြောက်ပိုင်နိုင်သည်။ ညစာ စားခါနီးတွင် ဝါတာဘာရီကွန်ပေါင်းနှင့် ရမ်အရက် တစ်ပက်တိုသောက်တတ်သည်။ သူ့အလုပ်က ကျောင်းဆရာ။

"ဟေ့ ဖိုးကျော် (ကျွန်တော့ကို ခေါ်သောအမည်)၊ ဘာသာဘာလတ်ရှိ၊ ဟက်ဖ်ယူအဲနီးမိုး. . . ဆိုစမ်းမယ်စေနဲ့၊ ပြီပစေ၊ ခြေဟန်လက်ဟန်ပါလေ





စေ။ ကောင်းကောင်းဆိုနိုင်ရင် ရွှေတိုက်ရုံမှာပြနေတဲ့ အိုင်ဗင်ဟိုးဇာတ်ရှင် ပြမယ်ကွ"

အဘိုးကို ကျွန်တော်က အဖေကြီးဟုခေါ်၏။

"ဓါတ်ရှင်ပြီးရင် ကျုံးထောင့်ပွဲထိုင်က အိုက်စ်ကရင်ကော ကျွေးအုံးမှာလား အဖေကြီး. . ."

"အိုက်စ်ကရင်ပါစားချင်ရင်. . . ဂစ်ဖ်မီဖိုတ်း မိုနင်း. . . ပါဆက်ဆို ရမယ်ဟေ့. . ."

အဖေကြီးနှင့် ကျွန်တော်တို့၏ ဆက်ဆံရေးမှာ ထိုသို့ဖြစ်သည်၊ အဖေကြီးသည် ကျွန်တော့် အတွက်အလွန်စမတ်ကျသော ပုဂ္ဂိုလ်ထင်ရှားသည်ဖြစ်၏။ ဝတ္ထုထဲမှာဖတ်ရသော ဘလေဇာကုတ်တို့၊ မာဖလာတို့ စမ်းနှင့်ကောစ်မက်တစ်တို့ကို အဖေကြီးထံတွင် မျက်ဝါးထင်ထင် တွေ့ရသောအခါ (ဆရာကြီးရွှေဥဒေါင်းစကားဖြင့် ပြောရလျှင်) အဖေကြီးသည် ကျွန်တော့် အတွက် "ဟီးရိုး" ဖြစ်လေသည်။

ကျွန်တော် ခုနှစ်တန်းကတည်းက ကျွန်တော့်ကို သူ့စက်ဘီးဆိုင်ကယ် ပေါ်တင်ကာ မန္တလေးတက္ကသိုလ်ကို လိုက်ပြဖူး၏။ "မင်း . . . တစ်နေ့ ဒီကောလိပ်ကျောင်းတက်ရမှာ၊ ကြည့်ထား ဖိုးကျော်" ဟုပြောသည်။ ကျွန်တော် ဆယ်တန်းအောင်သောအခါ၊ အဖေကြီးက (ကျွန်တော့်တောင်းဆိုမှုအရ)၊ စုံထောက်မောင်စံရှား ဝတ္ထုတွဲများ (ထိုစဉ်က ပေါင်းချုပ်မထွက်သေး)၊ စစ်ကိုင်းဦးဖိုးသင်း၏ သူ့အမြင်သူ့အတွေးအတွဲလိုက်၊ ဝါတာကာလာတစ်ဘူး၊ ပုံဆွဲစာအုပ်အကောင်းစားနှင့် ဝက်စတပ်ဖ် သက္ကလပ်ဦးထုပ်တစ်လုံး ဆုချခဲ့၏။ ပြီးတော့ အဖေကြီးက အပိုဆုအဖြစ် (သူ့အစီအစဉ်အရ)၊ WREN & MARTIN ဂရမ်မာစာအုပ်နှင့် ဆွမ်းဖောင်တိန် တစ်ချောင်း၊ ထပ်ဆောင်းပေးခဲ့ပါသည်။

၁၉၆၂ - ၆၃ တွင်၊ ကျွန်တော်တို့ မိသားတစ်စုလုံး မန္တလေးလက်ငုတ်များ ဖြုတ်ချကာ၊ ရန်ကုန်သို့ ပြောင်းခဲ့ကြ၏။ အဖေကြီးမှာ ပင်စင်စား ဖြစ်နေပြီ။ ဒဿနိကဗေဒ အဓိကဖြင့် ကျွန်တော် ရန်ကုန်တက္ကသိုလ်ပထမနှစ်စတက်ချိန်တွင် အဖေကြီးသည် ဘာထရန်ရပ်ဆဲလ်၏ စာအုပ်ကြီးကို ဝယ်ခဲ့လာ၏။ ဂုဏ်ထူးသုံးဘာသာရပြီး ခရက်ဒစ်ဖြင့် ဘွဲ့ရသောအခါ အဖေကြီးက သူ့အိမ်ရှိကိုဖွင့်၍ "ဖိုးကျော် မင်းကြိုက်တဲ့ အဝတ်အစားယူကွာ၊ အဖေကြီးကြိုက်



www.burmeseclassic.com

www.burmeseclassic.com



လဲအားလုံးယူ" ဟုပြောလေသည်။ ထိုအချိန်တွင် အဖေကြီးသည် ဆူးလေဘုရား၌ ဖွင့်လှစ်ထားသော အဘိဓမ္မာ ပြန့်ပွားရေး အသင်းဝင်တစ်ဦး ဖြစ်နေပေပြီ။

လုပ်သားများကောလိပ်တွင် ကျူတာအဖြစ် အလုပ်စဝင်ပြီး၊ ပထမလခထဲမှ ပုဆိုးတစ်ထည်ဝယ်၍ အဖေကြီးကို ကန့်တော့သောအခါ 'ငါမဝတ်ပါဘူး ငါ့မှာပုဆိုးတွေအများကြီး၊ မင်းကန့်တော့တာကို ငါသိမ်းထားမယ်" ဟု ဆို၏။ စစ်တွေကောလိပ်သို့ ကျွန်တော် ထရန်စဖာ ရွှေ့သောအခါတွင်မူ "ရခိုင်ပုဆိုး အကောင်းစားတစ်ထည် ပို့လိုက်စမ်းဟေ့" ဟု ဆိုသည်။

အဖေကြီးနှင့်ပတ်သက်၍ အမှတ်ထင်ထင်ဖြစ်ရဆုံးနှစ်ခုရှိ၏။ တစ်ခုမှာ ဗဟန်းသုံးလမ်းထိပ်တွင် ဖွင့်ထားသော (CURIODE CITY) အမည်ရှိဆိုင်မှ ရှေးဟောင်းပစ္စည်း များကို ဝယ်ယူစုဆောင်းခြင်းဖြစ်သည်။ အဖေကြီးအိပ်ရာခေါင်းရင်းစားပွဲပေါ်တွင် ကလောင်စိုက်ခုံ၊ ပန်းအိုးအဟောင်း၊ ဖောင်တိန်အဟောင်းနှင့် အခြားစုံစီနဖာ ပစ္စည်းလေးတွေဖြင့် ပြည့်နေတတ်၏။ နောက်တစ်ခုမှာ အဖေကြီး၏ စာအုပ်စင်။

တရားစာအုပ်တွေချည်းဖြစ်၏။ စာအုပ်တိုင်းမှာလည်း မင်နီတွေ မင်စိမ်းတွေ မျဉ်းသားထားလိုက်သည်မှာ သူဘယ်လောက်စာဖတ်ကြောင်း ထင်ရှားဖော်ပြနေ၏။ "ဘတင်" ဟု ဆိုင်းထိုးထားသော တရားစာအုပ်တွေကို (ထိုစဉ်က) ကျွန်တော် တန်ဖိုးမထားတတ်ခဲ့ခြင်းသည် ယခုအထိ နောင်တတရားအဖြစ် ကျွန်တော့်ရင်ကို နှိပ်စက်ဆဲပင်။

နောက်ဆက်တွဲလေးတစ်ခု ချိတ်ပါ ဦးမည်။ ဒါလေးက ဦးဘတင်ဆိုသော အဖိုးကြီး တစ်ယောက်၏ ရုပ်ပုံလွှာကို တစ်ကြောင်းဆွဲရေးရာတွင်၊ အရေးပါသော စရိုက်မျဉ်းကြောင်းလေးဖြစ်တန်ရာသည်။ အခြားမဟုတ်ပါ။ အဖေကြီးသည် သူ၏ မှတ်စုစာအုပ်တွင် ရက်သတ္တပတ် အတွင်းရှိ ခုနစ်နေ့ ခုနစ်ရက်အတွက်၊ တစ်ရက်တစ်နေ့လျှင် မည်သည့်ဝတ်စုံများ ဝတ်ဆင်မည်ကို အစီအစဉ်ချတေးမှတ်ထားခြင်းဖြစ်၏။

ဥပမာ - တနင်္ဂနွေ. . . စတစ်ကော်လာအညိုရုပ်၊ လုံချည်မာစရိုက်အဖြူအတွက်၊ တနင်္လာ. . . တက်ထရွန် နက်ပြာကော်လာရှည်၊ လုံချည် ရခိုင်စိမ်းရင့်. . . စသည့် ၊ "မှတ်ချက်" ဟုရေးထားသော ကွက်လပ်၌ "လက်ကိုင်ပုဝါနှင့် ဘီနပ်တို့ သင့်တော်ရာအသုံးပြု " ဟု မှတ်ထားသေး၏။

ရန်ကုန်ရောက်သောအခါ အဖေကြီးသည် လက်ဖက်ရည်ဆိုင်





(တစ်ယောက်တည်း) ထိုင်သော်လည်း သူကြိုက်သည့် "ခါတ်ရှင်" တိုတော့ခြင်း လိုက်၏။ လက်ဖက်ရည်၊ ဆေးပေါ့လိပ်၊ အဘိဓမ္မာပြန့်ပွားရေးအသင်းရွှေတိဂုံ အရှေ့စောင်းတန်း တောင်စောင်းတန်း ပိဋကတ်စာအုပ်ဆိုင်များကျွရိယို ဒီစစ်တီးအဟောင်းဆိုင်. . . . အဲဒါသည်ပင် ဦးဘတင်ဖြစ်၏။

အဖေကြီးအကြောင်း ဤတွင်တစ်ခန်းရပ်ပါမည်၊

၃

ဒေါ်ကြေင်ဟုခေါ်သည်။ ပုပုပြတ်ပြတ်၊ အနည်းငယ်ဖိုင့်သည်၊ မုန့်တီကြိုက်သည်။ တမာရွက်နှင့် ခရမ်းချဉ်သီးငါးပိချက် ကြိုက်သည်၊ [illegible]နန်းတော်ရှေ့ တနယ်လုံးတွင် အမေကြီး (အမေ့ကို အမေကြီးဟု ကျွန်တော်တို့ခေါ်ပါသည်) ကို မသိသူမရှိ။ "ဆရာမကြီး" ဟုဆိုလျှင်၊ ဒေါ်ကြေင်ဟဲ့ဟု အားလုံးသညာစွဲမှတ်ကြ၏။ အမေကြီးက နန်းတော်ရှေ့၊ ရွာသာရပ်၊ မတ္တရာတိုက်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဖွင့်ထားသော၊ အစိုးရမှုလတန်းကျောင်းကျောင်းအုပ်ဆရာမကြီး ဖြစ်သည်။ အမေကြီး၏ကျောင်းမှ ကျွန်တော်သည် ကံလာတရားတော် နှုတ်ဖြေစာမေးပွဲကို အောင်မြင်၏။ တစ်လစတိုင်ပင်ငါးကျပ်ရခဲ့၏။ အမေကြီး၏ ကျောင်းမှပင် စတုတ္ထတန်း စကောလားရှစ်ဆုရတာ၊ တစ်လ စတိုင်ပင် တစ်ဆယ်ကျပ် ရခဲ့၏။

အမေကြီး၏ ဂုဏ်ပုဒ်များစွာတို့ကို၊ တစ်ခုတည်းဖြင့် အနှစ်ချုပ်ဝိသေသပြုရလျှင်၊ "အမေကြီးမှာ မုန်းသူမရှိ" ဟူသော စကားဖြင့် လုံလောက်ပေပြီ၊ ရပ်ရေးရွာရေး၊ လူမှုရေး၊ စာသင်ကြားရေး၊ လျှုရေးတန်းရေး. . . အမေကြီးသည်ပုပြတ်ပြတ်ဖြင့်၊ နန်းရှေ့တစ်နယ်လုံးလှည့်လည်လှုပ်ရှားခဲ့၏။ သရက်သီးလှိုင်လှိုင်ပေါ်သောရာသီတွင် မတ္တရာတိုက် ဆရာတော်ဦးနန္ဒိယ၏ ခွင့်ပြုချက်ဖြင့်၊ ကျောင်းတိုက်ပရဝုဏ်အတွင်းမှ သရက်ပင်များမှ ရှမ်းပြင်းနှင့် ပင်မှည့်သီးများကို ခူးဆွတ်ကာ၊ ကျောင်းသူကျောင်းသားတွေကို ဝေခြမ်းပေးသည်။ နန်းရှေ့နယ်လုံးဆိုင်ရာ ကထိန်တွင်၊ အမေကြီးသည် ပဒေသာပင် သုံးခုတာဝန်ယူကာ ထမြတ်စည်းအရှည်၊ အတိုများကို ပဒေသာပင်သီးသည်။

"ငါ့မြေး မင်းကြိုက်တဲ့ ငါးရှတ်သီးချက်ဟေ့. . . ကိုင်း ဆယ့်ခြောက်အလီဆိုစမ်း. . .၊ လက်ပိုက်ပြီးဆို. . . လက်ပိုက်"

ငရုတ်သီး ကြက်သွန်ဆီသပ်နေသေ အနံ့ကို ရှူရှိုက်ရင်း အမေကြီး



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ "အဝေရာကြီး" ကိုလည်း ကျွန်တော်သတိထားနေရ၏။

အုတ်စက်သချိုင်းတွင် သုဿန်ဇရပ်တစ်ဆောင် ဆောက်လှူမည့် အမေကြီးက စီစဉ်သောအခါ၊ ကျွန်တော်သည် ဘာမှနားမလည်နိုင်သေးသော ကလေးငယ်တို့၏အသိဖြင့် ကြောက်စရာကြီးဟု ထင်ခဲ့လေသည်။

ခုနစ်တန်း (အစိုးရစစ်) အောင်သောအခါ၊ ကျွန်တော့်ပူဆာမှုအား ဘင်ဂျိုလေးတစ်လက် အမေကြီးကဝယ်ပေးခဲ့၏။ "ကဲ. . . ကိုဘတင်၊ တော့်မြေးကို ဘင်ဂျိုသင်ပေးလိုက်ဦး၊ ဟိုဒင်းကို ရအောင်တက်ပေး၊ လူမိုက်ဆိုလူ့ ချောင်သွေ့လွဲလို့၊ မမှီဝဲနဲ့ကင်းအောင်နေ၊ နည်းယူစေ. . ." "အဲဒီက စသင်" ဟုညွှန်ကြားလေသည်။

ကျောက်ဆည် အထကကျောင်းမှ မန္တလေးလက်ဟောင်း၊ ကျောက်ဆည်သို့ မူလတန်းကျောင်းအုပ်အဖြစ် အဖေကြီးဦးဘတင် ပြောင်းရွှေ့ အမှုထမ်းချိန်တွင် ဦးဘတင်သည် စက်ဘီးဆိုင်ကယ်ဝယ်စီးခဲ့၏။ စက်သံ တဖုန်းဖုန်းဖြင့် ထွက်ခွာသောအဖေကြီးကိုကြည့်ကာ အမေကြီးက "ကိုဘတင် နယ်မကြီးငယ်နဲ့" ဟုပြောတတ်လေသည်။

ရန်ကုန်မြို့သို့ပြောင်းရွှေ့ကြပြီးအချိန်မှစ၍ အမေကြီးသည် ကန်တော်ကြီးထောင့်ရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်သို့ ယောဂီတစ်ဦးအဖြစ် ရောက်ရှိခဲ့၏။ မူလတန်းကျောင်းအုပ်ဆရာမကြီးအဖြစ် သက်ပြည့်ပင်စင်ယူခဲ့ရာမှ ရရှိသော၊ ပင်စင်လစာ၊ မန္တလေးနန်းရှေ့ ဒွါမောင်းရပ်ရှိ နေအိမ်ကိုရောင်းချခဲ့သောငွေနှင့် အခြားစုဆောင်းငွေများကို အမေကြီးသည် ရွှေထည်များအဖြစ် ပြန်လည်ရင်းနှီးလိုက်၏။ ကျွန်တော်တို့မိသားစုမှာ ဖခင်ဖြစ်သူ၏ ယဉ်ကျေးမှုဌာန အကြဲပေးပုဂ္ဂိုလ် လစဉ်ထောက်ပံ့ငွေဖြင့် စားစရိတ်မလုံလောက်သော အမေကြီးသည် သူ၏ရွှေဘီးကို ထောက်ကနဲထောက်ကနဲ ချိုးဖွဲ့ပစ်ကာ "စိန်ရင်ရေ (ကျွန်တော့်အမေ၏ငယ်နာမည်)၊ ငါမြေနီကုန်းက ဆန်ကွဲအိတ်ချလာခဲ့ပြီဟေ့" ဟု အားပါးတရပြောလေသည်။

မိုးကုတ်ဝိပဿနာတွင် ဆယ်ရက်စခန်းများ ဆက်တိုက်ဝင်ခဲ့ပြီးနောက်၊ တစ်သက်လုံး ဆရာမလုပ်လာခဲ့သော အမေကြီးသည် နယ်လှည့်ဝိပဿနာပြ ယောဂီဆရာမကြီးတစ်ဦးဖြစ်လာခဲ့ပြန်၏။

ပဋ္ဌာန်စွဲသမဟုဗ္ဗါဒ်တရားပြ စက်ဝိုင်းချပ်ကြီး တစ်ခုဖြင့်၊ ဒေါ်ကြေင်က တရားဟောနေချိန်ဝယ်၊ ဦးဘတင်သည်လည်း ခန္တီးဆရာတော်ဘုရားကြီး၏





ဘက်ဖြတ်ဝိပဿနာကျမ်းကို ဖွင့်ကာ စာကြောင်းများအောက်မှ မင်နီလိုင်းရေးထားနေလေသည်။

ကျွန်တော် စစ်တွေကောလိပ်သို့ ပြောင်းရွှေ့ရကာနီး၌၊ အမေကြီးက. . . "အင်း. . . ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာ" ဟု ရေရွတ်ပြန်၏၊ စစ်တွေမှ ရန်ကုန်သို့ ပြန်ရောက်လာတော့လည်း "အင်း. . . ဒုက္ခသစ္စာ. . . ဟု ရေရွတ်ပြန်၏။ အဖေကြီးကမူ သူ့အခန်း၏တံခါးရွက်၌ မြေဖြူခဲဖြင့် "ANTI XI-ZERO" ဟုသူရေးထိုးထားသော စာတမ်းကိုပြလေသည်။

ကျွန်တော်အစိုးရအမှုထမ်းအဖြစ်မှ နုတ်ထွက်ကာ စန္ဒာဦးအောင်အဖွဲ့သို့ဇာတ်ညွှန်းဒါရိုက်တာအဖြစ် ဝင်ရောက်ချိန်တွင်၊ အမေကြီးက "အင်း. . . ဒုက္ခသစ္စာ" ဟု ပင်ရေရွတ်ပြန်၏။ အဖေကြီးကတော့ မာဖလာတို လည်ပင်းမှဆွဲဖြုတ်၍ "မိုက်လုံးကြီးတဲ့ အကောင် ပါမောက္ခအထိမှန်းတော့ ဘယ်သူတတရားစွဲမှာလဲ" ဟု ကောင်းချီးပေးလေသည်။

ဦးဘကြင်နှင့် ဒေါ်ကြေင်တို့၏ ရုပ်ပုံလွှာ စကာက်ချ် ဖြစ်ပါသည်။

၄

ယခု အဖေကြီးနှင့် အမေကြီးတို့၏ "ဖြတ်ကျော်ကူးသန်းမှု" အကြောင်းကို ကျွန်တော်ပြောပြပါတော့မည်။

အလင်းရောင်သိပ်မရသော၊ အခန်းကျဉ်းလေးထဲမှာ ဆေးဝါးနံ့များ အဟောင်းနံ့များဖြင့် လေသည်သိပ်သည်းလေးလံနေ၏။ အခန်းထောင့်မှာ တစ်ယောက်အိပ် ကုတင်တစ်လုံးရှိသည်။ ထိုကုတင်ပေါ်မှာ အလွန်တရာ ကြုံလှီဖျော့တော့သော လူနာအဘိုးကြီး တစ်ဦး လဲလျောင်းနေသည်၊ ထိုသူမှာ ကျွန်တော်၏ အဖိုးဦးဘတင်။

ခုတင်ဘေးမှာ၊ အမေကြီးဒေါ်ကြေင်၊ အမေ ဒေါ်စိန်ရင်နှင့် ကျွန်တော်။ အဖေကြီး၏ နှာခေါင်းသည် အစိမ်းပုပ်ရောင်ပြော့ပြော့၊

"မင်းကြောင့်. . . ငါ့ကို ဂန္ဓီဆေးရုံအုပ်ကြီးက အိမ်ပြန်ခေါ်ပြီး စားချင်တာကျွေးကြတော့လို့ ပြောလိုက်ပြီမဟုတ်လား"

အမေကြီးလေသံ မလျော့သေးပါ။

"ဟုတ်တယ်. . . ကိုဘတင်"

"အကြောင်းမထူးတော့ဘူးလို့ကော ပြောလိုက်သေးတယ်ဆေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ကိုဘတင်"

အလွန်ရက်စက်သော အမေးအဖြေ စကားများကို ကျွန်တော်ဆက်လက်နားထောင်နိုင်စွမ်း မရှိတော့ပေ။

"ဖိုးကျော်လားဟေ့. . . လာစမ်းဟိုဘက်နည်းနည်းစောင်းချင် တယ်"

ခေါင်းအုံးနှင့် စောင်များကို ခုပေးရင်းအဖေကြီး၏ ပိန်လှီရှည်လျားသောခန္ဓာကိုယ်ကြီးဆီမှ လေးလံမာကြောမှုကို ကျွန်တော်ထိတ်လန့်စွာ ထိတွေ့နေရသည်။

အဖေကြီးထံမှ "တောက်" တစ်ချက်ခေါက်သံ ပေါ်လာ၏။

"ဘာဖြစ်လို့လဲ ကိုဘတင်"

"နာလို့ကွ၊ ပက်လက်နေလဲနာ၊ စောင်းတော့လဲနာ၊ ခဏနေရင်ပွလာပြန်ရော"

"ဩော်. . . ကိုဘတင်ရယ်၊ သူနာပါဆိုမှ နာပြီပေါ့. . ."

"အဲဒီ နာတာကြီးကို သည်းမခံနိုင်လို့ကွ. . . သေမှာဖြင့် မြန်မြန်သေတာမဟုတ်ဘူး. . ."

စကားလုံးတွေက ပို၍ကြောက်စရာ ကောင်းလာနေပြီ။

"ကိုဘတင်. . . တော့်နှယ့်တော်"

အမေကြီးအသံက စိုးစဉ်မျှတုန်ခါမှု မရှိပါ။ အမူအရာတစ်ချက်ကလေးမှ မပျက်။

"မန္တလေးကနေ ရန်ကုန်ပြောင်းလာကြတော့၊ မကြေင်. . . မင်းရဲ့အကိုက်ဆုံး ငါတွေ့လာပြီ ဆိုပြီး၊ မိုးကုတ်ရိပ်သာကို တရားဝင်ခိုင်းတာတော်ပဲလေ၊ ကျုပ်မိုးကုတ်ယောဂီဖြစ်လာတာ၊ တော့်လမ်းညွှန်မှုကြောင့် မဟုတ်လား"

"အင်း. . ."

"တရားစာအုပ်တွေ ရာနဲ့ချီပြီးတော်ဖတ်လိုက်တာ၊ စာအုပ်တိုင်းမှာလဲ စာမျက်နှာတွေ. . . တော်လိုင်းတားထားတာ ခြင်းခြင်းနီလို့. . . အဲဒီထဲကများ ဘယ်နှယ့်ဟာတွေ ပြောနေရတာတုံး၊ သေမှာဖြင့် မြန်မြန်သေတာ မဟုတ်ဘူး. . . တဲ့ တော် ဒေါသစေတသိတ်ကြီးနဲ့ အကုသိုလ်စေတသိတ် ဆယ့်လေးပါး"

"တော်တော့. . . မပြောနဲ့တော့၊ ငါသိတယ်. . . နာတာကိုးကွ"

"တော် သည်းခံမှပေါ့၊ ဒီအချိန်မှာ ဘယ်လောက်အရေးကြီးသလဲ"

"အေးပါကွာ. . . ငါသိပါတယ်"





အဖေကြီးမှာ ကုတင်နာတွေလည်း စွဲနေပြီဖြစ်၏။

"ငါ ပက်လက်ပြန်လှန်ဦးမယ်၊ မကြေင်. . . အဘိဓာသုတ်ရွတ်စမ်းကွာ၊ တောက်. . ."

တောက် တစ်ချက်ခေါက်ပြန်သည်။

"ကိုဘတင်. . . ဒေါသမထွက်နဲ့လေ. . ."

"အေးပါ. . . အေးပါ. . . ကွ၊ လွတ်သွားလို့ပါ"

ထိုညဉ့်က ထိတ်လန့်မောပမ်းစွာဖြင့် ကျွန်တော်အိပ်ပျော်သွားခဲ့၏။ နံနက် သုံးနာရီလောက်တွင် အမေကြီးက "ငါ့မြေး. . . ထ. . . ထ. မင်းအဖေကြီး အိပ်ရာသိမ်းပေးရအောင်" ဟု လှုပ်နှိုးလာသည်။ ထို့နောက် ကျွန်တော်မမေးခင် အမေကြီးက ပြော၏။

"မင်းအဖေကြီးဆုံးသွားပြီ"

အမေ၊ အဖေဘယ်နှ့်နေလဲ ဟုမေးသံတစ်ချက်ကြားလိုက်ရ၏၊ အမေ့အသံ ဖြစ်သည်။ ကျွန်တော်နားမလည်ပါ။ ဆုံးသွားပြီဆိုပါမှ ဘယ့်နှယ်နေလဲ. . . ဆိုတဲ့ မေးခွန်း။ အမေကြီးကတော့ တည်ငြိမ်အေးချမ်းစွာ ဖြေပါသည်။

"ဟန်ကျတယ် စိန်ရင်ရေ. . . အမေတစ်ချိန်လုံး အဘိဓာသုတ်ရွတ်ပေးနေတာ၊ တောက်လဲ မခေါက်တော့ဘူး။ တောက်လျှောက်ငြိမ်နေတယ်၊ ချုပ်ကာနီးကျမှ ပါးစပ်နည်းနည်းရွဲ့သွားတယ်၊ အကြောလဲသိပ်မဆွဲပါဘူး၊ အေးအေးဆေးဆေးပါပဲ"

အလောင်းကြီးတစ်ခု ရှေ့မှာအမေကြီးနှင့် အမေတို့ပြောနေကြသော စကားလုံးများ။ ဝမ်းနည်းပူဆွေးမှုသည် အံ့ဩတုန်လှုပ်ခြင်း အောက်တွင်သေးငယ်သွားသဖြင့် ကျွန်တော်မငိုမိဘဲ ဖြစ်နေ၏။

"ညဦးအဖေက သူ့သင်္ဂြိုဟ်စရိတ်ငွေနှစ်ထောင် ငါ့အပ်ထားတယ်၊ ရော့စိန်ရင် ကြည့်လုပ်ကြပေတော့"

သေဆုံးသွားသော အဖေကြီးနှင့် ရှင်သန်ရစ်ခဲ့ကြသော အမေကြီး အမေတို့ကြားမှာ ကျွန်တော်တစ်ယောက်သာ ဆုတ်တွယ်ခိုနားမဲ့ဖြစ်နေ၏။

"လာ. . . လာ. . . ငါ့မြေး. . . ဘုန်းကြီးကျောင်း သွားရအောင်၊ မင့်အဖေကြီး သရဏဂုံတည်ပြီးသားပါ၊ မတော်တဆပေါ့ကွာ၊ သေခါနီးတောင် ခေါက်လိုက်သေးတာမဟုတ်လား. . . အဲဒါလေးစွဲသွားရင် ဒုက္ခ[illegible]မှာစိုးလို့" ဟု အမေကြီးက ကျွန်တော့်ကိုပြောရင်း ပခုံးကို ထု[illegible]တယ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ငိုမိကြောင်း ကိုယ့်ကိုယ်ကို ပြန်သိသည်။ အဖေကြီးရေးထားသော စာခေါင်းစွန်ပေါ်မှ ANTI-XI-ZERO စာတမ်းကို ကျွန်တော်မော်ကြည့်မိသည်။

ဖိုးကျော်. . . ဘာဘာ ဘာလက်ခံရှိ ဟက်ယူအဲနီမိုး ဆိုစမ်းဟေ့ ဟူသောအသံ ဘယ်ဆီက လွင့်လာသလဲ မသိပါ။ ရင်ထဲမှာ မီးစအထိုးခံရသလို ဖြစ်သွားပြီး ကျွန်တော့်ပါးပြင်နှစ်ဖက် ပူနွေးစွတ်စို သွားလေသည်။

၅

သိမ်ဖြူကျောင်းတိုက် ပရဝုဏ်အတွင်းရှိ လူနာဆောင်လေးတစ်ဆောင်အနီးမှာ ယောဂီဝတ်လူပုဂ္ဂိုလ်များ ဖြစ်သည်။ ပရိသတ်သည် ငြိမ်သက်စွာတစ်လှည့်စီ အခန်းလေးထဲဝင်လာပြီး အချို့က လက်အုပ်ချီကြသည်။ အချို့က မျက်လွှာအစုံပိတ်ကြသည်။ ပရိသတ်အလယ် ညောင်စောင်းလေးပေါ်တွင် အသက်ဇီဝိန်မရှိတော့သော ရုပ်ကလာပ်တစ်ခုရှိသည်။

ထိုရုပ်ကလာပ်မှာ အမေကြီးဒေါ်ဧကြင်။

ဘာတစ်ခုမှ ပြင်ဆင်မွမ်းမံထားခြင်းမရှိပါ။ အမေကြီးအပေါ်တွင် ယောဂီတဘက်ကြီးတစ်ထည်သာ လွှမ်းထားသည်။ လွန်ခဲ့သည့် နာရီပိုင်းကမှ ကွယ်လွန်သွားခြင်းဖြစ်၏။

"သာဓု. . . သာဓု. . . ဆရာမကြီးကို အားကျလိုက်တာ"

"အသေလှလိုက်တာ. . . နော်"

"ဦးဇင်းတို့တောင်. . . ဒီလိုသေချင်မှ သေရမှာ၊ တကာမကြီး ကသိုလ်ကောင်းလိုက်တာ. . . အင်း"

"အမေကြင်တို့က သေသွားတာတောင်တရားပြနေတုန်းနော်. . ."

သေသူကို ရှင်သူများက အားကျစွာ မြည်တမ်းနေကြသည်။ အမေ့ကို ကြည့်လိုက်တော့ သူ့မိခင်ကွယ်လွန်ပုံကို အားပါးတရ ပြောပြနေသည်။ မိုးကုတ်ယောဂီများက ဪ. . . အင်း. . . ခေါင်းညိတ်ကာ နားထောင်နေကြသည်။ အမေ့မျက်လုံးအိမ်၌ မျက်ရည်စ လုံးဝမရှိ။

"အမေကြင်မူးလဲသွားလို့ဆိုပြီး၊ ရိပ်သာက လာခေါ်တယ်၊ ကျွန်မနဲ့ ဟောဒီ သားအကြီးလိုက်သွားတယ်၊ နောက် ကျွန်မခင်ပွန်းလိုက်လာတယ် မိုးကုတ်ရိပ်သာယောဂီဆောင်က သူ့ခုတင်မှာ မူးလဲနေတယ်၊ သတိတော့မလစ်





ဘူး. . .။ ဆေးခန်းတွေကလဲ မဖွင့်သေးဘူးလေ၊ ဒါနဲ့ သုံးဘီးလေးငှားပြီး ဒီတပ်ရက်က သိမ်ဖြူကို ခေါ်လာတာ၊ ကားပေါ်မှာပဲ အမေက ငါ့ချွေးခံအိတ်ထောင်ထဲမှာ ခန္ဓာကိုယ်လှူထားတဲ့ဖြတ်ပိုင်းရှိတယ်. . . ဆိုပြီး ထုတ်ပေးတယ်၊ ခေါင်းထဲနောက်လိုက်တာဆိုပြီး မှိန်းလိုက်လာတာ"

အမေ့အသံမှာ ဂုဏ်ယူအားရရှိလှ၏။

"ဒီရောက်တော့ အမူးမပြေသေးဘူးဆိုတာနဲ့ သားကြီးက ကရင်ဆိုဒါ တိုက်ဖို့ ထွက်ဝယ်တယ်၊ ကျွန်မ ခင်ပွန်းက အမေ့ကို ဘယ်ဘက်ကနေ ဖေးထားတယ်၊ စိန်ရင် ငါနည်းနည်းစောင်းချင်တယ်လို့ ပြောပြီး စောင်းပေးမယ် အလုပ်မှာ ပျောက်သွားတာ"

"အင်း. . . ညင်သာလိုက်တာနော်"

"ကြည့်ပါဦး ကိုယ်တောင်နွေးနေသေးတယ်၊ ခြေတွေ လက်တွေလဲ ပျော့လို့. . . တရားမှတ်နေတဲ့အတိုင်းပဲ"

"တရားစခန်းဝင်ရင်း တရားမှတ်ရင်း ဆုံးသွားတာကလား"

နေ့လည် ၃ နာရီလောက်မှာ ကွယ်လွန်သွားသော အမေကြီးအား ညနေ ၅ နာရီမှာ၊ ဆေးတက္ကသိုလ်သို့ ရုပ်အလောင်းသွားပို့ခဲ့ကြ၏။ အမေကြီး ချွေးခံအိတ်ထဲမှ ဖြတ်ပိုင်းကိုယူ၊ ဖုန်းဆက် စနေနေ့မို့ ဘာကားမှမရှိ ကိုယ့်အစီအစဉ်နဲ့ကိုယ် လာပို့ပါ. . . ဟု သက်ဆိုင်ရာက အကြောင်းပြန်ပါသည်။ အခေါင်းလုပ်သော ဆိုင်တစ်ဆိုင်မှ တောင်းတောင်းပန်ပန်ဖြင့် ခေါင်းသယ် ဒေါ့ဂျစ်ကားနှင့် သံပြားထမ်းစင်ငှားပြီး မိုးထဲ လေထဲမှာ အမေကြီးကို ကျွန်တော်တို့ သားအမိသားအဖ သုံးယောက်မိုးကုတ်ရိပ်သာမှ လူကြီးလေးငါးယောက် တို့လိုက်ပါကာ၊ ဆေးတက္ကသိုလ် ရေခဲတိုက်သို့ သွားပို့ခဲ့ရလေသည်။

မကွယ်လွန်မီ တစ်နှစ်ကတည်းက အမေကြီးသည် ဘုန်းကြီးပင့်ကာ သူ့ကိုယ်သူ သရဏဂုံတင်ပွဲ ပြုလုပ်ကျင်းပခဲ့ပြီး ဖြစ်၏။

"အမေ့လိုသေဖို့ မလွယ်ဘူး' ဟု အမေက အားကျဂုဏ်ယူစွာ ပြောလေသည်။ ထိုစဉ်ကလည်း ဒေါ်ဧကြင်၏ သမီးမငိုပါ။ ဒေါ်ဧကြင်၏မြေး ကျွန်တော်ပဲ ငိုသည်။ အေးစက်သော သေခြင်းတရားအပေါ် အမေကြီးတို့ တုန့်ပြန်မှုမှာ ပိုမိုအေးစက်တင်းမာလွန်းသည်ဟု ကျွန်တော်ထင်ခဲ့လေသည်။

အဖေကြီးနှင့်အမေကြီးတို့ ဖြတ်ကျော်ကူးသန်းသွားကြပုံကို ကျွန်တော် အကျဉ်းရုံးပြောပြ ပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

၆

အခုတော့. . . ရေးတေးတေး ကျွန်တော်မြင်ပြီဟု ထင်သည်။ အတိုင်းတိုင်းအပြည်ပြည်တို့၏ နယ်စပ်များတွင် ကျယ်ပြန့်သော ရှုပ်ထွေးသော အမျိုးအမယ်စုံသော ထိတွေ့ဆက်သွယ်မှုများစွာ ရှိသည်။ အဲဒီနယ်စပ်တွေမှာ ရောင်းဝယ်ဖောက်ကားကူးသန်းကြသည်။ အကောက်ခွန်၊ ဈေးနှုန်း၊ ငွေလဲလှယ်မှု တုန်စည်ပေါက်ဈေး၊ နှစ်ဘက်သဘောတူညီမှု၊ တရားဥပဒေ၊ ပြစ်ဒဏ်. . . စသည်. . . စသည်တွေ များစွာရှိကြမည်။ ကျွန်တော်အလှမ်းမမီပါ။ နားမလည်ပါ။

ကျွန်တော်ရေးတေးတေးအလှမ်းမီ နားလည်သည်က. . .

လူတွေမှာ အသီးသီး-အသကမျဉ်း ကိုယ်စီရှိကြ၏။

အင်မတန်ကို ပါးလွှားသိမ်မွေ့သော နယ်နိမိတ်မျဉ်းကြောင်းဖြစ်သည်။ မျက်တောင်တစ်ခတ်၊ အသက်တစ်ရှူ၊ ပါးစပ်တစ်ဟ၊ လက်တစ်လှုပ်. . . ဖြင့် နယ်စပ်မျဉ်းကို ဖြတ်ကျော်ကြသည်။ ရောက်ရှိသွားကြသည်။

လူတွေ၏ ဒီနယ်စပ်မှာကော၊ လူတွေဘယ်လိုကူးသန်း ရောင်းဝယ်ဖောက်ကားကြသလဲ၊ ဘယ်လိုအခွန်ကောက်ခံသလဲ၊ ဘယ်ကုန်ပစ္စည်းတွေကို သယ်ယူသလဲ၊ ဘယ်လို အပြစ်ဒဏ်ရပြီး ဘယ်လိုအကျိုးကျေးဇူးဖြစ်ထွန်းမလဲ။

ကျွန်တော်ကတော့ ဦးဘတင်အမည်ရှိ ကျွန်တော့်အဖိုးနှင့် ဒေါ်ဇကြင်အမည်ရှိ ကျွန်တော့်အဖွား. . .၊ သူတို့နှစ်ယောက် ဖြတ်ကျော်ကူးသန်းရောင်းဝယ်မှုအကြောင်းကို၊ အကျဉ်းမျှ ပြောပြရုံသာပဲ တတ်နိုင်ပါသည်။ ။

*မြည်သာယာ၊ ၁၉၉၇*

❖ ❖ ❖

## ဒေါက်တာမဟိန္ဒနှင့် သူ၏လောကနတ်များ

၁

ထိုညဉ့်က လသာလိုက်ပုံများ။ လပြည့်ဝန်းကြီးမှာ နောက်ညတွေအတွက် လရောင် ကျန်မှ ကျန်ပါဦးတော့မလားဟုထင်စရာ။

အဇ္ဈာ ကောင်းကင် ကြည်စင်လွန်းလှသဖြင့် အနန္တစကြဝဠာတွေ ဒိုးယိုပေါက်ဖြစ်သွားပြီဟု ဒေါက်တာမဟိန္ဒ တွေးမိလေသည်။ အခြား အခြားသော စကြဝဠာများမှ ဂြိုဟ်နက္ခတ်တွေ အားလုံး၊ ဤကမ္ဘာဂြိုဟ်၏ အာကာသထဲသို့ ရောက်ရှိလာကြပြီလား။ အသင်္ချေ. . . အသင်္ချာ အနာဒိ. . . အနန္တ. . .။ ဘန်ဆောင်မုန်းလပြည့်ကျော်တစ်ရက် လဝန်းပြည့်ကြီး အရည်ပျော်ကျသွားခါမတောင် စိုးရိမ်ရ၏။

ဒေါက်တာမဟိန္ဒသည် သူ၏ စာကြည့်ခန်း (စာဖတ်ခန်း၊ သုတေသနခန်း၊ စာကြည့်တိုက်၊ ပိဋကတ်တိုက်လည်းဖြစ်၏) ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ လျှပ်စစ်မီးမလာလို့ လေအေးစက်အလုပ်မလုပ်တာကိုပဲ ကျေနပ်နေသေး၏။ အင်ဂျင်စက်နှင့်ဘက်ထရီမီးကိုလည်း အားမကိုးတော့ဘဲ ဝါဆိုဖယောင်းတိုင်ကြီးများကိုထွန်းညှိလိုက်၏။ ဒါပေမယ့် ပြတင်းမှ သွန်တွေနေသည့်လရောင်တစ်ပွေ့တစ်ပိုက်ကြီးအောက်မှာ ဖယောင်းတိုင်မီးတ နိုးြ[illegible]



www.burmeseclassic.com

www.burmeseclassic.com



အရုပ်ဆိုးနေသဖြင့် ပြန်ငြိမ်းလိုက်ပြန်သည်။

အလျှုမီနီယမ် စားပွဲရှေ့ ဆုံလည်ကုလားထိုင်မှာ ထိုင်လျက် ဒေါက်တာမဟိန္ဒသည် လရောင်ကို. . . အင်း. . . လရောင်ကို ချီးသုံးလေသည်။ လက်နှိပ်စက်ပေါ်က ရိုက်လက်စစာရွက်ပေါ်မှာလည်း လရောင်ဖိတ်တလက်လက်။

ကွန်ပျူတာသည် လျှပ်စစ်စီးကြောင်းမဲ့စွာ ငူငူငိုင်ငိုင်။

လရောင်. . . လရောင်. . . လရောင်. . .

တစ်ခန်းလုံးမှာ ပြည့်မောက်ဖိတ်အန်လို့ စာမူများမှာ ဖြူပြာလဲ့ အရောင်ခြည်သို့ တောက်လက်လို့။ စာမူ၏ ခေါင်းစီးစာလုံးက ရှန်းကြွ ခုန်ထွက်လာတော့အံ့. . . ထင်ရ၏။

"မြန်မာ့ရိုးရာ ပဋိမာ သိပ္ပံ ပညာကျမ်းသစ်"

(A NEW TREATISE ON MYANMAR TRADITIONAL ICONOGRAPHY)

ဤသုတေသန စာကြည့်ခန်းအတွင်း၌ အာကာသနှင့် ကာလတို့ ပျောက်ဆုံးနေသည်။ ဤနေရာဝယ် ရက်ရက်စက်စက် သာလွန်သော လရောင်နှင့် "မြန်မာ့ရိုးရာ ပဋိမာ သိပ္ပံပညာကျမ်းသစ်" စာမူမှတစ်ပါး အခြားဘာမျှမရှိ ပကတိ နတ္ထိ။

သတ္တလောကနှင့် ဩကာသလောကတို့သည် မိမိတို့၏ ပင်ကိုသဘောများကို ပယ်စွန့်ကာ သင်္ခါရစမွဲအဖြစ်၊ ကိုယ်ထင်ပြ နေကြသည်။

လရောင်၊ ပြီးတော့ မြန်မာ့ရိုးရာ ပဋိမာ သိပ္ပံပညာကျမ်းသစ်. . . ဒါပဲ။

စာမူ-စာရွက်များ ဖျတ်ဖျတ် လူးလှုပ်သွားကြ၏။

အိုး. . . ဟုတ်ပါပြီ။ ဒါဟာ လပြည့်ဝန်း လရောင်က ပဋိမာ သိပ္ပံပညာကျမ်းကို ထိတွေ့ ဖတ်ရှုလိုက်တာဖြစ်မှာပါ။ အက္ခရာ ပါဒတိုင်းကို လဝန်းကသူ့ရောင်ခြည် လက်ဖျားတွေနဲ့ ထိတို့နေတာ. . .။

ဒေါက်တာမဟိန္ဒက စိတ်ထဲမှ ရေရွတ်ရင်း စားပွဲပေါ် မျက်နှာ ပါးအပ်မိသွား၏။ မျက်တောင်တွေစင်းကာ မျက်ခွံများအိကျလာကြသည်။ အင်း. . . အနည်းဆုံး. . . နာရီငါးဆယ်လောက် မအိပ်စက်ဘဲ နေခဲ့တာကလား. . .။ ဒါပေမယ့် လရောင်ရဲ့ ထွေးပွေ့မှုအောက်မှာ. . . အိပ်မပျော်မသွားနဲ့နော်. . . အိပ်ပျော်မသွားနဲ့. . . ဒေါက်တာမဟိန္ဒ. . .။





၂

"သူအိပ်ပျော်သွားပြီလား"

"အိပ်ပါစေကွယ်၊ ဆရာကြီးဟာ တို့များအတွက် ပင်ပန်းလွန်းလှပါပြီ"

တိုးတိုးဖွဖွ အသံလေး နှစ်ခု ပေါ်လာသည့်နေရာမှာ စာအုပ်ဗီရိုပေါ်မှဖြစ်၏။ စကားလုံးအဆုံးဝယ် သာသာညင်းညင်းအသံလေး နှစ်သံပါ လိုက်ပါလာ၏။

"ချွင်" "ချွင်"

"အိပ်ပျော်သွားတာမဟုတ်ပါဘူး၊ လရောင်ထဲမှာ နစ်မြုပ်သွားတာ. . . ချွင်"

"ဘာပဲဖြစ်ဖြစ် ဆရာကြီးအနားယူပါစေကွယ်. . . ချွင်"

"တို့များ စကားသံကို တိုးနိုင်သမျှ တိုးတိုးလေး ပြောကြရအောင်. . . ချွင်"

"အေး. . . ဟုတ်တယ်။ တိုးတိုးတိတ်တိတ်လေး. . . ချွင်"

"လ,ကလည်းသာလိုက်တာနော်-ချွင်"

"ဟော့. . . ဟော့. . . ဘာတွေ တွတ်ထိုးနေကြတာလဲချွင်"

စာအုပ်စင်ပေါ်မှ၊ ပန်းကလပ်ဘေးမှ၊ နံရံကပ်စင်ပေါ်မှ၊ ကလောင်ဗိုက်ခုံအနီးမှ အသံတွေ ပေါ်လာကြပြီး စကားအဆုံးမှာလည်း ချွင်. . . ချွင်. . . အသံများ။

တံခါးအပေါ်ဘက် တိုင်ကပ်နာရီအိမ်လေးထဲမှ ဥဩသည် သူ့အချိန်မကျသေးပါဘဲလျက် တံခါးရွက်ကို ဖွင့်ထွက်၍ ကြည့်လိုက်၏။ ဘယ်က ချွင်ချွင် အသံတွေပါလိမ့်. . . အလို. . .။

လောကနတ်ရုပ်တုလေးတွေပါလား။ ချွင်ချွင် အသံမှာ သူတို့၏ ခြေနှစ်ဖက်အကြား ညှပ်ထားသည့် စည်းစုပ်တွေက မြည်နေတာကိုး. . .။

"ကိုင်း. . . ကိုင်း. . . လရောင်အောက်မှာ တို့များ ဆွေးနွေးပွဲလေး ကျင်းပကြရအောင်လား. . . ချွင်"

"အို. . . သိပ်ကောင်းတာပေါ့. . . လရောင်ဆိုတာကလည်း အေးမြငြိမ်းချမ်းခြင်း၊ တို့များ လောကနတ်ဆိုတာကလည်း အေးမြငြိမ်းချမ်းခြင်း. . . ချွင်"

ရေညှိစိမ်းရောင် ဖောက်ထားသော ကြေးရုပ်လောကနတ်၏ အသံက



www.burmeseclassic.com

www.burmeseclassic.com



မဆိုစလောက် ကျယ်လောင်သွားသဖြင့် ကျန်လောကနတ်ရုပ်များက ယက်စောင်းဝိုင်းထိုးကြ၏။

"ဟေး. . . ဟေး. . . တိုးတိုးသက်သာ လုပ်ပါကွယ့်

. . . . ချွင်"

"ချွင်. . . ချွင်. . . ချွင်"

"ချွင်. . . ချွင်"

"ချွင်. . . "

၃

ကွမ်းယင်မယ်တော်ရုပ်တု၊ သူရဿတီရုပ်တု၊ အန်းကုံးဘိုးတော်ရုပ်တု၊ ပျူကချေသည်ရုပ်တု၊ ကျောက်ဖြူသား ဆင်ရုပ်၊ ကျွန်းသားဆင်ရုပ်၊ ပုဂံကချေသည်အရုပ်၊ ကာလီနတ်သမီးအရုပ်၊ တိုင်းရင်းသားမျိုးနွယ်စုအရုပ်. . .။ အားလုံးပင် လောကနတ်များဆီသို့ ငုံ့စောင်းကြည့် လိုက်ကြ၏။

ဒေါက်တာမဟိန္ဒ စုဆောင်းထားသော အရုပ်များတွင်လောကနတ်သည် အများဆုံးဖြစ်လေသည်။ စာကြည့်ခန်းတစ်ခုလုံး နေရာအနှံ့၊ အရွယ်အစား အသားအရောင် အမျိုးမျိုး။ တစ်တောင်မှ တစ်ကိုက်ခန့်၊ လက်သုံးလုံးခန့်. . .။ ပြီးတော့ကြေးဝါ၊ သက်ကနက်၊ ပလာစတာ၊ စဉ့်။ အဝါ၊ အနက်၊ အဖြူ၊ ရွှေ၊ ကျွန်းကွက်၊ ပိတောက်ခြောက်၊ နီညို. . .

စွယ်စုံကျမ်းနှစ်ချုပ်များရှိရာ ယွန်းပန်းချီးကားထဲမှလောကနတ်ကတော့ ရုပ်လုံးကြွမဟုတ်သဖြင့် စည်းစုပ်ကို ချွင်ချွင်မြည်အောင် မတီးနိုင်ရှာ။ ယွန်းမျက်နှာပြင်ပေါ်မှာ လွန့်လွန့် လူးလူးဖြစ်နေ၏။

"ဦးစွာ ပြောရမှာကတော့ တို့ရဲ့ဆရာကြီး ပြုစုနေတဲ့ မြန်မာ့ရိုးရာပဒ္ဒမာ သိပ္ပံကျမ်းထဲက တို့နဲ့သက်ဆိုင်တဲ့ အကြောင်းပဲ-ချွင်"

ပလာစတာ လောကနတ်က စကားစလိုက်သည်။ ထိုအခါ သစ်ကနက်လောကနတ်က-

"ဟေး. . . ဟေး. . . ဆွေးနွေးပွဲဆိုရင်တော့ သဘာပတိရွေးရမယ်. . . ချွင်" ဟု အမောတကော ဝင်ပြော၏။

"ဟုတ်တယ်. . . သဘာပတိရွေးရမယ်. . . ချွင်"

"ဟုတ်တယ်. . . ဟုတ်တယ်. . . ချွင်. . . ချွင်"





ချွင်သံချင်းဆက်သွားသဖြင့် တုန်ခါပဲ့တင်သံစဲသွားသည်အထိ အားလုံး ငြိမ်နေလိုက်ကြသည်။ ချွင်သံ စဲသွားမှ. . .

"သဘာပတိ. . . ငါပေါ့. . . ချွင်. . . ချွင်. . . "

ကြေးရုပ်လောကနတ်အသံဖြစ်၏၊ သူက ရှိရှိသမျှလောကနတ်တွေထဲမှာ အရွယ်အကြီးဆုံးဖြစ်သည်၊ ကြေးဝါဖြစ်သဖြင့် သူ၏ စည်းစုပ်ကလည်း ပိုအသံမြည်၏။ ဒါကိုသိသောကြေးရုပ်လောကနတ်တာ သူ၏စည်းစုပ်ကို ချွင်. . . ချွင်ဟု နှစ်ထပ်ကြော့ တီးလေသည်။

အားလုံး ကြေးဝါရုပ်ဆီ စောင်းငဲ့ကြည့်ကြစဉ် ပလာစတာလောကနတ်က-

"ဒီမှာ၊ ဒီမှာ၊ ကျုပ်ကတော့ ပလာစတာပြီပြီပဲ၊ ကျွှစ်တယ်၊ ဆတ်တယ်ပြောချင်ပြော. . .။ ကြေးရုပ်ကို သဘာပတိထားဖို့ သဘောတူနိုင်ဘူး. . . ချွင်"

"ဒါဖြင့်. . . ဘယ်သူ့ကို တင်မလဲ. . . ချွင်"

"လောကနတ်ထဲမှာ ဝါအရင့်ဆုံး၊ အနုပညာလက်ရာ အမြောက်ဆုံးရှေးအကျဆုံး. . . အချိုးအကျဆုံး၊ အလှပဆုံး. . . ဒီလိုမူနဲ့ ရွေးရမယ်. . . ချွင်"

"ဟုတ်တယ်၊ ဒါမှန်တယ်. . . ချွင်"

ချွင်. . . ချွင်. . . အသံများ ဗလုံးဗထွေးဖြစ်သွားပြန်၏။

"အားလုံးငြိမ်ပေးကြပါ. . . ချွင်"

အသံရှင်ကား အမြင့်တစ်တောင်ကျော်ရှိသော ရွှေရောင်ဝင်းနေသည့် လောကနတ်။

"အားလုံး. . . နားထောင်ကြပါ. . . ဒီအခန်းထဲက လောကနတ်ရုပ်တုတွေအားလုံးထဲမှာ ကျုပ်ဟာ အရွယ်အစားအကြီးဆုံးဖြစ်ရုံမက. . . အဟမ်း . . . သီတာသနပလ္လင်ရှေ့က လောကနတ်ရုပ်တု မူရင်းအတိုင်း ပွားယူထုလုပ်ထားတာဖြစ်တယ်။ ဒါကို သင်တို့အားလုံး အလေးမူကြရလိမ့်မယ်. . . ချွင်"

လက်တစ်ဝါးခန့် သစ်သားလောကနတ်ရုပ်ကလေးက သူဘေးမှ စဉ့်လောကနတ်ကို တီးတိုးလေသံဖြင့် "အလကားပါကွာ၊ သူက မိုလောင်းထားတဲ့ ပလာစတာကြီးပါ။ အရောင်လတ်နေတာကလည်း ရွှေမင်သုတ်ထားလို့ပါ. . . " ဟု ပြောနေ၏။

ရွှေရောင်လောကနတ်က ထိုတီးတိုးစကားကို မကြားလိုက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူစကားသူ ဆက်လေသည်။

"အဟမ်း. . . လောကနတ်များအားလုံး စဉ်းစားကြဖို့ အချက်တစ်ချက်ပြောလိုက်မယ်. . . ချွင်. . . ချွင်. . . ဟုတ်ရဲ့လား၊ တို့အားလုံးရဲ့ ခြေနှစ်ဖက်ကြားက စည်းစုပ်။ ဒါက ဘာကိုပြသလဲ၊ ငြိမ်းချမ်းခြင်း. . . ဂီတ၊ အဟိံသတရားရဲ့ သင်္ကေတ. . . ဟုတ်ရဲ့လား. . . ချွင်"

ဒါကတော့ သူပြောမှလား၊ တို့အားလုံးမှာ စည်းစုပ်ရှိကြတယ်။ ဒါရဲ့အဓိပ္ပါယ်ကိုလည်း အားလုံးသိပြီးသား၊ စကားကြောရှည်လိုက်တာ. . .၊ ရေရွှတ်သံများ၊ ချွင်ချွင်သံများ ခပ်အုပ်အုပ် ပေါ်လာကြသည်။

"ချွင်. . . တို့ရဲ့အောက်ခံကို ကြည့်လိုက်ကြစမ်း၊ ကြာကလပ်အဖြစ် ဖန်တီးထားတဲ့ ကြာဖက်၊ ဟုတ်လား။ ညွန်တွင်းက ရုန်းကြွပြီး ရေမျက်နှာပြင်ပေါ် တက်လာတဲ့ကြာ၊ ဒါက ဘာကိုပြောသလဲ. . . ချွင်. . ."

စဉ့်ရုပ်လောကနတ်ကလေးက ယောင်းယမ်း၍ သူ့အောက်သို့ ငုံ့ကြည့်၏။ စဉ့်ရုပ်လုံးဖော်လက်ရာမှာ သိပ်မပီသဖြင့် သူ၏ ကြာကလပ်အတွက် အားငယ်သွားလေသည်။

"ကြာဆိုတာ အသိဉာဏ်တရားနဲ့ လွတ်မြောက်ခြင်းပဲ၊ ဒါကြောင့် ငါတို့ဟာ အသိဉာဏ်မြင့်ရမယ်၊ အဝိဇ္ဇာကနေ လွတ်မြောက်ရမယ်. . . ချွင်"

"ဒါတွေကျုပ်တို့အားလုံး သိပြီးသားပါ၊ လိုရင်းပြောပါ"

ကြွေရောင်ဖွေးလက်နေသည့် လောကနတ်က သည်းမခံနိုင်စွာ ထအော်လိုက်ရာ စူးစူးရဲရဲ အသံထွက်လာ၏။

"ဟေး. . . ဟေး. . . လောကနတ် မပီသစွာ အော်လိုက်တာ ဘယ်သူလဲ. . . အံမာ၊ ကြွေရုပ်ပါလား၊ ဒီမှာသက်ကြီးဝါကြီးသမ္ဘာကြီးက ပြောနေတာကို ရိုင်းပျစွာ ပြန်အော်ရအောင်. . . သင်က. . . ဟင်း. . . ဟင်း. . . ဘာမို့လို့လဲ. . . သင့်ဒူးကိုသင် ကြည့်လိုက်စမ်း"သစ်ကနက်လောကနတ်၏ အသံဖြစ်၏။

"ဘာဖြစ်နေလို့လဲ. . . ကျုပ်ဒူးက"

"ဟ. . . အခြားလောကနတ်တွေနဲ့တူသလား၊ လောကနတ်တို့ထုံးစံ ဒူးတစ်ဖက်ထောင်၊ တစ်ဖက်ချအနေအထားမှာ သင့်ဒူးက မှားနေတယ်လေ သူများတွေက ညာထောင် ဘယ်ချ။ သင်က ဘယ်ထောင် ညာချ. . ."

လောကနတ်တွေအားလုံး ကိုယ့်ခြေ၊ ကိုယ့်ဒူးကိုငုံ့ကြည့်ကြသဖြင့်





ချွင်ချွင်အသံတွေ ဆူသွားလေသည်။

"အလိုလေးလေး. . . ကျုပ်တို့ဒူးတွေ အထောင်အချ၊ ဘယ်ညာ မညီပါလားဗျို့. . . ချွင်"

"မြတ်စွာဘုရား. . . ဟုတ်ပါရဲ့၊ ဒူးအထောင်အချတွေ အမျိုးမျိုးဖြစ်နေကြပါလား. . . ချွင်"

"ချွင်. . . ချွင်. . . ချွင်. . . ချွင်"

"အားလုံးငြိမ်ကြပါ"

ကြေးဝါရုပ်၏ အသံပေါ်လာ၏။

"ဒူးတွေမညီတာက ဒီလိုပါ။ လူတွေက အလှုထားဖို့ ရှင်တော့နှစ်ခုထုကြပြီး ဝယ်ယာထားကြတယ်။ ဒီတော့ အလွဲဖြစ်ပြီး ဘယ်ညာမတူကြတော့တာပေါ့။ ဘယ်ဒူးပဲ ထောင်ထောင်ချချ အရေးမကြီးပါဘူး။ အရေးကြီးတာက ဒူးခေါင်းမှာ ကဟန်လက်ရှိဖို့နဲ့ ခြေမှာ စည်းစုပ်ရှိဖို့ပါပဲ. . . ဟုတ်လား. . . ချွင်"

"အင်းတော်ပါသေးရဲ့ကွယ်ရို. . . ချွင်"

ဆေးရောင်မသုတ်ရသေးသော မြေစေးလောကနတ်ကလေးတစ်ခု "အင်း. . . ကိုယ့်ကျူး ကိုယ့်ဒူးတောင် မယုံရဆိုတာ တို့များလောကနတ်တွေဆီက ဆင်းသက်သလားမသိပါဘူး"

၄

"ကိုင်း-လောကနတ်တွေအားလုံး ဒူးကိစ္စပြီးရင် နီးရက်နဲ့ဝေး ဖြစ်နေကြတဲ့ကိစ္စတစ်ခုကို ငါပြောချင်တယ်. . . ချွင်"

သည်တစ်ခါပေါ်လာသော အသံကား ခပ်အက်အက်၊ တုန်ခါရိုက်ဆဲ အသံရှင်မှာ နံရံကပ် စာအုပ်စင်ရှိ ဘုရစ်တန်းနီးကား အင်ဆိုင်ကလိုပေးဒီးယားကျမ်းတွဲများအနီးမှ အညိုတက်နေသော ကြေးနီရောင် လောကနတ်ဖြစ်၏၊

အင်ဆိုင်ကလိုပေးဒီးယားအနီးမှာ ဇိမာန်ပေါက်သော လောကနတ်ဖြစ်သဖြင့် သူ့စကားကို အားလုံးကလေးလေးစားစား နားစွင့် ကြလေသည်၊

ကြေးနီလောကနတ်က စကားဆက်သည်။

"ရတနာရွှေဂူမှ ထွက်လာသော ကောသရာဇာခြင်္သေ့မင်းနှင့် ဆင်ဖြူ တို့သည် ကောင်းကင်ယံ၌ အစာဖြစ်သောတိမ်ညွန့်ကို အကြောင်းပြု၍ သကာလ ကြီးစွာခိုက်ရန်ဖြစ်ပွားကြသည်တဲ့။ ခြင်္သေ့က ဆင်ပြူ၏ ဦးခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



နင်း၍ နွားမောင်းကို စုပ်လေရာ ဆင်ပျံကလည်း ခြင်္သေ့ကို အစွယ်ဖြင့် ထိုးသည်တဲ့၊ ထိုအခါ ထိုသတ္တဝါနှစ်ဦးတို့၏ စစ်ပွဲကြောင့် ကမ္ဘာအလုံး အုံးအုံးကျွတ်ကျွတ်ညံလာသတဲ့"

"စာသံပေသံနဲ့ ပြောနေတော့တာကိုး" ဟု မြေစေးလောကနတ်က သူ့ဘေးမှ ကြွေလောကနတ်ကို လေသံဖြင့်ပြော၊ ကြွေလောကနတ်ကလည်း "အင်းဆိုင်ကလို ပေးဒီးယားအနီးမှာ စံမြန်းရလို့ စာသံပေါက်နေ ထင်ပါရဲ့ကွယ်" ဟု မှတ်ချက်ချလေသည်။

"အင်း. . . ယင်းရန်စစ်သည် ကမ္ဘာလောကကြီးကို မီးဟုန်းဟုန်းတောက်ကာ လောက်ကျွမ်းပျက်စီးစေတော့မတတ် ဖြစ်ခဲ့သတဲ့။ မည်သူကမျှလည်း သူတို့နှစ်ဦး၏ စစ်ပွဲအကြားသို့ မဝင်ရဲ၊ မဝင့်ဖြစ်နေခိုက်မှာ ရန်ပွဲချုပ်ငြိမ်းစေဖို့ လောကနတ်သည် စည်းစုပ်ကို ချွင်ချွင်တီးခတ်လျက်၊ ငြိမ်းချမ်းတေးသီကြွေးလျက်၊ လှပစွာ ကခုန်လျက် ကောင်းကင်အမြင့်ထက်မှ သက်ဆင်းလာသည်တဲ့။ ထိုတေးဂီတအနုပညာ၏ အစွမ်းအာနိသင် တန်ခိုးကြောင့် ဆင်ပျံနှင့်ခြင်္သေ့တို့ အမျက်မာန်ပြေပျောက်ကာ ငြိမ်းချမ်းမှုကို မျက်မောက်ပြု၊ ကမ္ဘာလောကကြီးသည်လည်း သတ္တန္တရကပ်ဘေးမှ လွန်မြောက်ခဲ့လေတော့သည်တဲ့. . . အို. . . အသင်လောကနတ်တို့၊ လောကနတ်၏ ဤအနှစ်သာရကို သင်တို့မမေ့မလျော့နှလုံးသွင်းကြကုန်လော့. . . အသင်တို့ မေ့လျော့နေကြပြီလော. . . "

လောကနတ်များအားလုံးကပင် ရှက်စနိုးဖြင့် ငုံ့ငိုင်သွားကြ၏။

"အသင်တို့သည်. . . သဘာပတိ ရွေးချယ်ခြင်းအမှုကို အကြောင်းပြုလျက် ငြင်းခုံခြင်း မပြုကြလင့်။ အသင်တို့ကိုယ်တိုင်က ဤသို့ ငြင်းခုံကွဲလွဲနေလျှင် ဆင်ပျံနှင့်ခြင်္သေ့တို့က အသင်တို့ကို ဟားတိုက်ရယ်မောကြတော့မည် မုချတည်း. . . ချွင်. . . "

ကြေးနီလောကနတ်စကားအဆုံးတွင် သစ်ကနက် လောကနတ်က-

"ဟုတ်ပါတယ်၊ ကြေးနီကြီးခင်ဗျား၊ ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးမြယုဂ်များဖြစ်ပါတယ်။ ဒါကြောင့် မငြင်းမခုန်တော့ဘဲ လောကနတ်သီချင်းကို သီကျူးကြပါစို့လို့တောင်ဆို တိုက်တွန်းလိုက်ပါတယ်" ဟု တက်ကြွစွာ ပြောလေသည်။

"ဟော့. . . ဟော့. . . ။ ဒီလို သိမ်းကျုံးရောချလို့ မဖြစ်သေးဘူးလေ. . ချွင်"





အားလုံး လှည့်ကြည့်ကြရပြန်၏။ အသံရှင်ကား လက်ရာမြောက်လှသော ကြွေရောင်စုံခြယ်လောကနတ်။

"လောကနတ်ဆိုရာမှာပဲ အနက်အမျိုးမျိုးရှိနေတယ်၊ အဟမ်း"

ကြွေရောင်စုံခြယ်လောကနတ်က ချောင်းတစ်ချက် ဟန့်ပြီး-

"လောကနတ်ဆိုတာ လောကနာထဆိုတဲ့ နတ်ဘုရားအမည်ကနေဆင်းသက်လာတာ။ လောက လူအများအားထားရာ. . . တဲ့။ ဘူရိဒတ်လင်္ကာကြီးမှာ မင်းစောဗြဟ္မဒတ်၊ လောကနတ်ဟု၊ မှတ်၍ခေါ်ယူလို့ ဖွဲ့ဆိုခဲ့တယ်"

"ဒါဆိုရင် ကျုပ်ကလည်း ပြောလိုက်ဦးမယ်"

ကျွန်စစ်သားရုပ်တုအနီးမှ သစ်ကနက်ရောင်လောကနတ်၏ အသံပေါ်လာ၏။ သူ့အသံမှာ မာကျောကြွပ်ဆတ်နေသည်။ စဉ့်ရုပ်လောကနတ်ထံမှ သူ့အနီးမှ ကြွေလောကနတ်အား သူဟာ သစ်ကနက်အစစ်မဟုတ်ဘူး၊ ရိုးရိုးသစ်သားကို ဆေးနက်သုတ်ထားတာ၊ ကျုပ်သိတယ်ဟုပြောနေ၏။

သစ်ကနက်က "ချွင်. . . ချွင်. . . ချွင်" ဟု စည်းစုပ်ကို ခတ်လိုက်ပြီး-

"ဒီမှာ. . . ကျုပ်တို့ဆရာကြီး ဒေါက်တာမဟိန္ဒရဲ့ ပဋိမာ သိပ္ပံပညာကျမ်းအလိုအရဆိုရင် ကေလာသဘာတောင်၊ စိတ္တဗျရဗိမာန်မှာနေတဲ့ သျှိဝနတ်မင်းကြီးဟာ လက်လေးဘက်စလုံးကို ဝှေ့ယမ်းပြီး က,တတ်လို့ သူ့ကို နာဋရာဇအကဘုရင် ထိပ်ခေါင်တင် မဟာနာဋက ကချေသည်နတ်မင်းကြီးရယ်လို့ ချီးကျူးဂုဏ်တင်ခဲ့ကြတယ်။ သျှိဝနတ်မင်းကြီးရဲ့ ကကြိုးကကွက်တွေက မြန်မာ့ယဉ်ကျေးမှု အနုသဘင်မှာ ပျံ့နှံ့လာပြီး မင်းခမ်းမင်းနား အဆောင်အယောင်၊ ပလ္လင်ဥကင် ဝဲယာမှာ လောကနတ်ရယ်လို့ မင်္ဂလာယူ ထုလုပ်တပ်ဆင်ကြတာဖြစ်တယ်. . . ချွင်"

"ချွင်. . . ဒါဗြဟ္မာ အယူအဆပဲ"

စည်းစုပ်သံ စူးစူးကျယ်ကျယ်ဖြင့် ဝင်ပြောလိုက်သူကား ဆေးရောင်ခြယ်သ,မထားရသေးသော သစ်သားရုပ်လောကနတ်ဖြစ်၏။

"ဟေး. . . ဒီမှာ သစ်ကနက်ရဲ့၊ အရောင်နက်နေလို့သာ သစ်ကနက်ခေါ်ရတာ။ အမှန်တော့ ကိုယ့်လူဟာ မန်ကျည်းသားဆိုတာ ကျုပ်သိသပေါ့ဟ။ ဒီမှာ ကျုပ်ဟာ ကိုယ့်လူတို့လို နောက်ပေါက်လောကနတ်မဟုတ်ဘူး။ ကျုပ်က ရေစကြိုမြို့နယ်ရွေးဟောင်း ဘုန်းကြီးကျောင်းမှာ နေလာခဲ့တဲ့ မူလလက်ဟောင်း သမိုင်းတန်ဖိုးရှိတဲ့ လောကနတ်. . . သိလား. . . ချွင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သပ. . . ချင်"

တွံတေးမြို့နယ်၊ ကန်ပွဲရွာ ဘုန်းကြီးကျောင်းမှ ရောက်လာသော သစ်သားလောကနတ်က စည်းစုပ်ကို အားပါးတရခတ်ကာ ထောက်ခံလိုက်၏။

"ဆက်ပြောပါ. . . ရေစကြိုလောကနတ်ခင်ဗျား"

"သစ်ကနက်ရဲ့ မဟာယန အယူအဆကို နားမယောင်ကြနဲ့၊ သမိုင်းကြောင်းကို ပြန်ကြည့်ကြ။ ဝေသာလီခေတ် ဗုဒ္ဓဆင်းတုတော်တွေမှာ လောကနာသသနထိုင်ဟန်တွေနဲ့ ထုလုပ်ထားတယ်။ ပုဂံက ပေါ်တော်မူစေတီ၊ ပေါင်းကူးစေတီ၊ အာနန္ဒနဲ့ အပယ်ရတနာစေတီတွေမှာ လောကနာထဟန်နဲ့ ဗောဓိသတ္တပုံတွေရှိတယ်၊ သိကြလား. . . ချင်. . . ချင်"

"ချင်. . . ချင်. . . ချင်. . . ချင်"

သစ်ကနက်ရုပ်မှာ ဒေါသထွက်လွန်းသဖြင့် စကားပြန်မပြောနိုင်ဘဲ စည်းစုက်ကိုသာ သဲသဲမဲမဲခတ်နေ၏။ စည်းစုပ်ကို ပြန်ငြိမ်စေပြီးမှ-

"ကျုပ်. . . ကျုပ်ကို မန်းကျည်းသားလို့ပြောလိုက်တာ ဒါ. . . ဒါ ပုဂ္ဂိုလ်ရေး စော်ကားမှုသက်သက်ပဲ။ ဒါဟာလောကနတ်ရုပ်တုတစ်ခု ပြောအပ်တဲ့ စကားမဟုတ်ဘူး၊ ပြန်ရုပ်သိမ်းပါ. . ."

"ဟော့. . . ဟော့. . . စစ်ကိုင်းဘောင်ရိုး၊ ပတ္တမြားစေတီတော်ကြီးရဲ့ ထီးတော်ရိပ်က လောကနတ်ကို တောင်စောင့် ဘိုးဘိုးကြီး ဘိုးရေချမ်းလို့တောင် ခေါ်ကြတယ်ကွ။ ကြားလား. . . ချင်"

"ဟာ. . . နေကြပါဦး. . . ချင်"

"မဟာယာန. . . ဗြဟ္မဏ အယူအဆတွေ. . . ချင်"

"ပဋိမာသိပ္ပံပညာကျမ်းအလိုအရ. . . ချင်"

"ဆင်ပျံနဲ့ ခြင်္သေ့တို့ရဲ့ တိုက်ပွဲကို သတိရကြပါဦး. . . ချင်"

"သစ်ကနက် မဟုတ်တဲ့ မန်းကျည်းသားကြီး. . . ချင်"

"ပုဂ္ဂိုလ်ရေးစော်ကားတယ် တောင်းပန်ရမယ်. . . ချင်"

"တော်ကြပါ၊ တော်ကြပါ. . . ချင်"

အသံတွေ ပွက်ပွက်ညံနေ၏။ စားပွဲပေါ်မှ၊ ပန်းတင်ခုံပေါ်မှ၊ စာအုပ်စင်ပေါ်မှ၊ ဗီရိုပေါ်မှ၊ သူရဿတီရုပ်၊ ကွမ်ယင်ရုပ်၊ အန်းကုန်းရုပ်၊ ပျော်ချေသည်ရုပ်၊ ကျောက်ဖြူဆင်ရုပ်၊ ပုဂံကချေသည်ရုပ် ရှိရှိသမျှ ရုပ်တုများအားလုံး တုန်လှုပ်ချောက်ချားနေကြသည်။ တိုင်ကပ်နာရီအိမ်လေးထဲမှ





ဥသြသည်ပြတင်းရွက်ကြားမှ ချောင်းကြည့်ရင်း မျက်လုံးတွေဝိုင်းနေ၏၊

ထိုစဉ်-

"အားလုံး တိတ်ကြစမ်း" ဟူသော အသံတစ်သံက စည်းစုပ်သံရှင်ရှင်များကို ထိုးဖောက်လျက် အင်းအားကြီးစွာ ပေါ်ထွက်လာ၏၊ အသံတားသြဇာတိက္ကမအပြည့်၊ လွှမ်းမိုး ဖြန့်ကြက်အုပ်စီးနိုင်ခြင်း အာနိသင်အပြည့်၊

လောကနတ်များ ငြိမ်ကျသွားကြ၏။

အသံပေါ်လာရာဆီသို့ အားလုံးလှမ်းကြည့်လိုက်ကြသည်၊

ကွန်ပျူတာစားပွဲအထက် နံရံပေါ်ရှိ ဆီဆေးပန်းချီကားကြီးဆီမှ ဖြစ်သည်။ ရွှေကနုတ်ဘောင်ကွပ် ပန်းချီကားကြီးထဲမှ ရုပ်ပုံရှင်၊

သိုရင်းဖြူ ရွှေစလွယ်၊ ခေါင်းပေါင်းဖြူဖော့လုံး နှစ်စထောင် ဘောင်းဘီ ပျံ့သောနဖူး၊ နှုတ်ခမ်းမွေးစစ၊ ရှင်းပြေဖြောင့်မတ်သောမျက်နှာ၊ ပန်းချီကားအောက်တွင် ရေးထိုးထားသည့် စာလုံးများက-

"ဣန္ဒကာရာမ အိုတ်ကျောင်းဒကာ ယောမင်းကြီး ဦးဘိုးလှိုင်"

၅

"တိမ်မှောင်ဝေကင်း. . . မြူမြေးရှင်း. . .

မြူမှောင်ဝေကင်း. . . တိမ်မြေးရှင်း. . .

စန္ဒာရောင်ဝင်း. . . ထွန်းလင်း. . .

သန့်စင်ကြည် မိုးမင်းလွင်ပေသည်"

အလိုလေး၊ ဘုရားဘုရား၊ လောကနတ်အားလုံး စိမ့်ခနဲဖြစ်သွားကြ၏။ ပန်းချီကားထဲမှ ယောမင်းကြီးသီကျူးလိုက်သော သီချင်းကား-"လောကနတ်ချင်း" ဖြစ်ချေသည်။

ပန်းချီကားရုပ်ပုံရှင်ထံမှ အသံဝါကြီးသည် အင်အားကြီးစွာ စီးဆင်းဖြန့်ကြက်လာလေသည်။

"မြောက်လေပြန်ညောင်း. . .

ဆောင်းလည်း. . . ရောက်ပြန်ပြီ

အို. . . ကံဆိုသည်. . .

ထွေထွေထူးလည်-ညွန့်ရှည်လန်းလို့

လောင်းပန်းဂမုန်းအင်-သဇင်မွှေးကြူ ပေါ်တော့မည်"



www.burmeseclassic.com

www.burmeseclassic.com

ယောမင်းကြီးသည် စကားအလျင်းမဆို လောကနတ်ချင်းကိုသာ ညာနှေ့ကြီးစွာ ကန္တရင့်၏။

“လျှောက်ကြား တင်တော်မူလေတည့်မှ
ထောက်နားဆင်တော်မူ
လွယ်ကူလေ. . . သနားကြောင်း. . .
ကြည်ဖြူလေ ညွှတ်တွားလျောင်း. . .
စိုးရိမ်လျှောက်ကြောင်း. . . ကယ်ချွတ်လောင်း
တေဇာလေ. . . တန်ခိုးပေါင်း. . . ။
ဉာဏ်ဝါရေအေးလောင်း. . .
သီတာရေချမ်းလောင်း. . .
သီတာ. . . သီတာ. . . ရေချမ်းလောင်း”

လရောင်ဖြူပြာလဲ့က အခြားတစ်ပါးသော နေရာများမှ တွယ်ပျောက်ကာ ယောမင်းကြီးအပေါ်တွင်သာ စုရုံးကျရောက်လှုံ့လာ၏။

လောကနတ်များအားလုံး ငြိမ်ကျနေရာမှ စဥ့်ရုပ်ကလေး၏ စူးစူးမျှော်မျှင်အသံ စတင်ပေါ်လာသည်။

“ဉာဏ်ဝါရေအေးလောင်း. . .
သီတာရေချမ်းလောင်း. . . ”

ပလာစတာရုပ်၊ ထို့နောက် သစ်ကနက်ရုပ်၊ ထို့နောက်ကြွေရုပ် ထို့နောက်ကြေးဝါ. . . ထို့နောက်. . .

လောကနတ်များအားလုံး၏ တေးသီကျူးသံသည် တစ်စတစ်စ သံပြိုင်ညီညာဖြစ်လာလေသည်။

“စိုးရိမ်လျှောက်ကြောင်း. . . ကယ်ချွတ်လောင်း
ဉာဏ်ဝါရေအေးလောင်း. . .
သီတာရေချမ်းလောင်း. . . ”

အရဏ်မပျို့တပျို့၊ လရောင် မပြယ့်တပြယ်တွင်ဒေါက်တာမဟိန္ဒ လူးလွန့်နိုးထလာ၏။ ကွန်ပျူတာရှေ့မှာ ခေါင်းထူရင်း ဒေါက်တာမဟိန္ဒ ဇဝေဇဝါ ဖြစ်နေသည်။

ကွန်ပျူတာ မျက်နှာပြင်တွင်ပေါ်နေသော စာလုံးများကို ကြည့်၍ ရေရွတ်၏။





“ညက ငါအိပ်ပျော်သွားခဲ့တယ်။ အိပ်မပျော်ခင်မှာ ငါပဲ စီခဲ့တာဖြစ်မှာပေါ့။ ဉာဏ်ဝါရေအေးလောင်း၊ သီတာ ရေချမ်းလောင်းတဲ့။ ဟင်၊ မဟုတ်သေးပါဘူး။ ညဥ့်က လျှပ်စစ်မီး မလာဘူးလေ။ ငါကွန်ပျူတာ ပိတ်ခဲ့တာပဲ။ ငါလုပ်တာ မဟုတ်ပါဘူး။ ဒါဖြင့်-”

ဒေါက်တာမဟိန္ဒသည် အတွေးစတန်းလန်းဖြင့် ပြုံးလေသည်။

“မြန်မာ့ရိုးရာ ပဋ္ဌမာ သိပ္ပံပညာကျမ်းထဲ စိတ်ရောက်စွဲလမ်းရင်း ငါအိပ်ပျော်သွားခဲ့တာပဲ။ လောကနတ်ချင်းကို ငါမရေးလို့ ဘယ်သူလာရေးမှာလဲ။ အလိုဒါက ဘာပါလိမ့်”

ကွန်ပျူတာမျက်နှာပြင် အောက်ခြေထောင့်တစ်နေရာလေးမှာ စာလုံးလေးတစ်လုံး။

“ချင်”

**စာပေဗိမာန်နယ် - ၁၉၉၅**

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။ သိပ်ချစ်တဲ့ ညီအစ်ကိုနှစ်ဦး။ သိပ် သံယောဇဉ်ကြီးကြတဲ့ညီအစ်ကိုနှစ်ဦး။ အယုဒ္ဓယနန်းတော်တစ်ခုလုံးကတောင်မှ ကျွန်တော်တို့ညီအစ်ကိုနှစ်ဦးရဲ့ သံယောဇဉ်ကို စံထားကြရတယ်။

"ကြည့်စမ်း. . . ဘုရင်ကြီးရဲ့သားတော်နှစ်ပါး ရာမနဲ့ လက္ခဏ ညီနောင်တို့ဟာ တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ချစ်ကြသလဲ၊ ဘယ်လောက် တွယ်တာကြသလဲ" တဲ့။

၁

တစ်ခါတစ်ခါ အစ်ကိုက ကျွန်တော့်ရဲ့ ရွှေရောင်ဆံပင်တွေကို လက်နဲ့သပ်ရင်း ကျွန်တော့်မျက်လုံးဝါဝါတွေထဲကို စူးစိုက်ကြည့်ရင်း ပီတိတွေ လွှမ်းနေတဲ့အသံနဲ့ ပြောတတ်တယ်။

"ညီလေးက တကယ်ချောတဲ့ မင်းယောကျ်ားပေပဲကွာ၊ ညီလေးရဲ့ မျက်လုံးဝါဝါကြီးတွေ၊ ညီလေးရဲ့ရွှေရောင်ဆံနွယ်တွေ ညီလေးရဲ့ဝါဝင်းတဲ့ အသားရောင်တွေဟာ နန်းတော်သူတွေရဲ့ အိပ်မက်ကို စိုးမိုးမယ့်အရာတွေပဲ"

ဒီအခါမှာ ကျွန်တော်က အားကျမခံအစ်ကို့ရဲ့ အကြောစိမ်းစိမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ယှက်သန်းနေတဲ့ လက်မောင်းအိုးကို ဆုပ်ကိုင်ရင်း. . .

"ညီက လူလားမမြောက်သေးတဲ့ လူပျိုပေါက်စပါ အစ်ကိုရာ၊ အစ်ကိုကသာ ရွှန်းလဲ့တဲ့မျက်လုံးစိမ်းကြီးတွေနဲ့ ရိုတ်သိမ်းစ ပါးသိုင်းတွေကြောင့် စိမ်းညို့နေတဲ့ မျက်နှာပြင်နဲ့၊ ပြီးတော့ ဝတ်ရုံအစိမ်းကြီးကိုဆင်လို့၊ အစ်ကိုကသာ မိန်းမပျိုတွေအတွက် တကယ့်ယောကျ်ားဘသားကြီးပါ" လို့ ပြန်ပြောမိတယ်။

ဟုတ်တယ်။ တကယ်တော့ အစ်ကိုဟာကျွန်တော့်ထက် အစစအရာရာ သာလွန်းသူပဲ။ အယူဒ္ဓယမှာ လက္ခဏာမင်းသားဟာ လေးမြားအတတ် တစ်ဖက်ကမ်းခတ်လို့ ဆိုကြတယ်။ ဒါပေမယ့် လက္ခဏာမင်းသားလေးအတတ် ကျွမ်းကျင်တယ်ဆိုတာလေ. . . ရာမမင်းသားခြေဖျားတောင် မမီပါဘူး။ ဒါကိုလဲ အားလုံးက သိကြပါတယ်။ ဒါပေမယ့် ငယ်ရွယ်သူ ကျွန်တော့်ကို အားမငယ်အောင် ဝိုင်းမြှောက်နေကြတယ်လေ။ ကျွန်တော် သိပါတယ်။ လက်ရုံးရည်. . . နှလုံးရည်. . . အစစခပ်သိမ်းမှာ အစ်ကိုဟာ ကျွန်တော့်ထက် သာလွန်ပိုကဲသူပဲ။

အို. . . အစ်ကိုဟာ ကျွန်တော် 'အကို' ဖြစ်နေခြင်းကိုက ကျွန်တော့်ထက်သာလွန်တယ်လို့ ကျွန်တော်ခံယူထားတယ်။ ခမည်းတော်ဒသရဇ္ဇဘုရင်ဟာ ကျွန်တော့်အတွက် နေတစ်ဆူပမာ ဆိုကြပါစို့။ မယ်တော် သုမိတ္တာရာဟာ ကျွန်တော့်အတွက် လတစ်ဆူပမာဆိုကြပါစို့။ ဒီလိုဆိုရင် 'အကို' ဟာကျွန်တော့်အတွက် နေလနက္ခတ်အပေါင်းတို့နဲ့ ပြည့်စုံကြွယ်ဝတဲ့ 'စကြာဝဠာ' ပမာပါပဲ။

ကျွန်တော် အကို့ကို အဲဒီလောက်ထိ ချစ်မြတ်နိုး ရှိသေလေးစားတာ။

၂

ဘိုးဘိုးကြီး ဝါသိဋ္ဌထံမှာ ကျွန်တော်တို့ အဋ္ဌာရသဆယ့်ရှစ်ရပ်အတတ်ပညာကို သင်ယူကြရတယ်။ ဆယ့်ရှစ်ရပ်သော အတတ်တို့မှာ လေးမြားအတတ်ဟာ အခက်ခဲ အနက်နဲဆုံးပညာပါပဲ။ ငယ်ရွယ်တဲ့ ကျွန်တော့်အဖို့ 'အက္ခဏာဝေမိ၊ သတ္တဝေမိ၊ ဝါလဝေမိ၊ သုရဝေမိ' ဆိုတဲ့ လေးအတတ်လေးပါးကို သင်ယူရချိန်မှာ ခက်ခဲလွန်းလှတဲ့အတွက် စိတ်ပျက်အားငယ်မိတယ်။

ဘိုးဘိုးကြီး ဝါသဋ္ဌကလည်း လပေါင်းများစွာ သင်ကြားလေ့ကျင့်ပေးနေပါလျက် တိုးတက်မလာတဲ့ ကျွန်တော့်ကို စိတ်မရှည်နိုင်တော့ဘူး ထင်ပါရဲ့။





"လက္ခဏာ. . . မင်းရဲ့ ရွှေရောင်ဆံပင်တွေ မင်းပခုံးထက် ဝဲကျလာတဲ့ အရွယ်ကျမှ လေးအတတ်ကို ပြန်သင်တော့" တဲ့။

ရွှေနားဆွဲပေါ်မှာ ဖုံးအုပ်နေတဲ့ ကျွန်တော့်ရွှေရောင်ဆံပင်တွေကို လက်နဲ့စမ်းသပ်မိရင်း ဘိုးဘိုးကြီးရဲ့ ငေါက်ငမ်းသံကို ကြားရတော့ ကျွန်တော် စိတ်ပျက်အားငယ်မိတော့တယ်။ ဘိုးဘိုးကြီးပြောသလိုဆိုရင် နောက်သုံးနှစ်လောက်ကြာမှ။

ဒီအခါမှာ လေးအတတ်ကို ကျွမ်းကျင်ပိုင်နိုင်နေပြီဖြစ်တဲ့ အစ်ကိုက ကျွန်တော့်ပခုံးနှစ်ဖက်ကို တယုတယဆုပ်ကိုင်လာတယ်။ ကျွန်တော်မျက်လုံးတွေထဲကို သူ့မျက်လုံးစိမ်းကြီးတွေနဲ့ စူးစိုက်ကြည့်တယ်။ ဒီတုန်းက ကျွန်တော့်မျက်လုံးဝါဝါတွေမှာ မျက်ရည်စတွေများဝဲနေသလား မသိဘူး။

"အားမငယ်ပါနဲ့ ညီလေးရာ. . .၊ ဒီအတတ်က နည်းနည်းခက်ခဲတဲ့အပိုင်းဖြစ်လေတော့ ညီလေး ရက်တရက် အခက်အခဲ တွေ့နေတာဖြစ်မှာပါ။ ဒီမှာ အရေးကြီးတာက စိတ်အာရုံ မနောဓာတ်ရဲ့ တည်ငြိမ်မှုနဲ့ လေ့ကျင့်မှုပဲ ညီလေးရဲ့၊ လေးကိုင်၊ လေးညို့၊ မြားတံတွေ ကိုင်တွယ်တပ်ဆင် ဆွဲငင်ပုံနည်းစနစ်မှာ ညီလေး ကျွမ်းကျင်နေပြီးသားပဲ မဟုတ်လား၊ အလေ့အကျင့်နဲ့ မနောအာရုံ တည်ငြိမ်ရင့်ကျက်မှုလေးတစ်ချက်ပဲ ထပ်ပြီး ကြိုးစားရမှာ"

အစ်ကို့မျက်လုံးစိမ်းတွေထဲမှာ ကြင်နာမှုအားမာန်တွေနဲ့ ပြည့်နေတယ်။

အစ်ကိုက ပြုံးပြုံရင်း ဆက်ပြောမြန်တယ်။

"ညီလေး မကြာခင် ကျွမ်းကျင်တတ်မြောက်သွားမှာပဲလို့. . . အစ်ကို ယုံတယ်၊ ညီလေးသာ လေးအတတ်မှာ ကျွမ်းကျင်သွားရင် အစ်ကို့ထက်တောင်မှ ပိုပြီးတော်လာဦးမှာ. . .၊ ဟုတ်တယ် ညီလေးရ. . ."

"ညီဟာ အစ်ကို့ထက်တော့ ပိုပြီး မတော်နိုင်ပါဘူး အစ်ကိုရာ၊ အစ်ကိုဟာ အစစအရာရာ ညီ့ထက် သာလွန်သူပါ"

ကျွန်တော်က သည်လိုဆိုတော့ အစ်ကိုက ဝမ်းသာအားရ ရယ်တော့တယ်။ ပြီးတော့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်ထားမိတော့တယ်။

"ကဲဟေ့. . . ကဲဟေ့၊ ညီအစ်ကိုနှစ်ယောက် နောက်မှ အလွမ်းသည်ကြ၊ နေမစောင်းခင် အချိန်ရှိတုန်း ဟိုဘက်က စက်ပစ်ကွင်းဆီ သွားကြရ



www.burmeseclassic.com

www.burmeseclassic.com



ခေအာင်၊ ရာမ လေးညီ့တွေ ပြန်ပြီးတပ်စမ်း၊ လက္ခဏာက မြားကျည်တောက်တွေ ယူခဲ့ ကဲ. . . လာကြ"

ဘိုးဘိုးကြီး ဝါသိဋ္ဌအမိန့်ပေးသံကြောင့် ကျွန်တော်တို့လက်တွေ ပြန်ပြီး ဆုတ်ခွာလိုက်ရတယ်။

အဌာရသဆယ့်ရှစ်ရပ်မှာ အမြင့်ဆုံးအပိုင်း လေးအတတ်ကိုလည်း အစ်ကိုရဲ့ လက်ထပ်မကွာ ကူညီသင်ကြားပေးမှုကြောင့် ကျွန်တော် တတ်မြောက်ကျွမ်းကျင်ခဲ့ရခြင်း ဖြစ်တယ်။

ဒီအခါမှာ. . .

အစ်ကိုဟာ ကျွန်တော့်အတွက် အစ်ကိုအဖြစ်နဲ့တင်မက 'ဂုရုဆရာသခင်' တစ်ပါးအဖြစ် ရောက်ရှိခဲ့ပြန်တယ်။

ချစ်မြတ်နိုးလေးစားရပါသော အစ်ကို ရာမမင်းသား. . .။

၃

သည်လိုနဲ့ ဘိုးဘိုးကြီးထံမှာ ပညာရပ်တွေ စုံလင်တတ်မြောက်ခဲ့ပြီးလို့၊ လတွေ၊ နှစ်တွေ ကြာခဲ့ပြီးလို့၊ အစ်ကိုဟာ တကယ့်သူရဲကောင်း မင်းယောကျ်ားကြီးတစ်ယောက်ဖြစ်လာခဲ့ပြီ။ ကျွန်တော်တို့ညီအစ်ကို နှစ်ယောက်စလုံးဟာ အားကောင်းမောင်းသန် လက်ရုံးနှလုံးပြည့်ဝတဲ့ အဆင့်ကို ရောက် ကြပြီလို့ ဘိုးဘိုးကြီးက ဆိုတယ်။

မယ်မယ် သုမိတ္တရာဒေဝီကိုလည်း ကျွန်တော် လွမ်းလှပြီ။ အယုဒ္ဓယ နန်းတော် အနောက်ဖက်ဆောင်က ကျွန်တော့်ပန်းဥယျာဉ်လေးကိုလည်း လွမ်းလှပြီ။ နေပြည်တော်ကို ပြန်ချင်ပြီ။

"ညီတော့ ပြန်ချင်ပြီအစ်ကိုရာ၊ ဒီတောထဲတောင်ထဲမှာ နေရတာ နှစ်တွေ ကြာလှပြီ၊ မယ်မယ့်ကိုလဲလွမ်းလှပြီ"

"အို. . . ညီလေးက လူကောင်ကြီး ထွားသလောက်အခုထိ ကလေးလိုနွဲ့ချင်တုန်းပဲလားကွ၊ ပြန်ရတော့မှာပါ ညီလေး၊ ဒီနေ့ပဲ အစ်ကိုတို့ အယုဒ္ဓယကို ပြန်ကြမှာပါ၊ ဘိုးဘိုးကြီးကိုယ်တိုင် လိုက်ပို့ပေးမှာ"/

"ကိုင်း. . . လာကြဟေ့၊ မြမင်းသားနဲ့ ရွှေမင်းသားတို့ စကားများမနေကြနဲ့၊ ခရီးထွက်ကြရအောင် ပြင်ကြ ဆင်ကြ"

ဘိုးဘိုးကြီးက ကျွန်တော်တို့နှစ်ယောက်ကို တစ်ခါတစ်ခါ စိတ်လိုလက်ရ နောက်ပြောင်ပြီး 'မြမင်းသား' နဲ့ 'ရွှေမင်းသား' လို့ခေါ်လေ့ရှိတယ်။





"အယုဒ္ဓယကို ပြန်မယ်မဟုတ်လား ဘိုးဘိုး"

ကျွန်တော်က ဘိုးဘိုးကြီးကို ပွေ့ဖက်ခုန်ပေါက်ရင်း မေးလိုက်မိတယ်။

"ရွှေမင်းသားကိုယ်တော်လေး ငြိမ်ငြိမ်နေစမ်း၊ အယုဒ္ဓယကို ပြန်ရမှာပဲ၊ ဒါပေမယ့် ငါတို့ တစ်ခါတည်း ပြန်လို့မဖြစ်သေးဘူး။ တိုင်းပြည်တစ်ပြည် ဝင်စရာရှိသေးတယ်၊ ငါ့မှာ တာဝန်တစ်ခုရှိသေးတယ်"

"ဟင်း. . . တစ်ခါတည်း မပြန်ရသေးဘူး ဟုတ်လား ဘိုးဘိုး"

"အေး. . . ဟုတ်တယ်၊ တို့ မိထိလာကို ဝင်ရဦးမယ်၊ မိထိလာဘုရင်က ငါ့ကို အသနားခံတယ်၊ အဲ. . . အသနားခံတာ မဟုတ်ပါဘူးကွာ၊ စကားလှအောင်သာ ပြောရတာပါ၊ ဘုရင့်အမိန့်နဲ့ ငါ့ကိုခိုင်းတာပဲ ဆောင်ကိစ္စ. . ."

ဘိုးဘိုးကြီးက သူ့ဝတ်ရုံစထဲက ပစ္စည်းတစ်ခုကို ထုတ်ပြီး ပြသလိုက်တယ်။ ရွှေခြည်ရွှေနန်းတွေနဲ့ ရက်ဖောက်ထားတဲ့ ပဝါစတစ်ခု။

ပြီးတော့ အဲဒီပဝါစပေါ်မှာ ရုပ်ပုံတစ်ခု။

အမျိုးသမီးတစ်ဦး။

တစ်သက်နဲ့တစ်ကိုယ်တစ်ခါမှ မဖြစ်ပေါ်ဖူးတဲ့ ခံစားမှုတစ်ခု ကျွန်တော့်ရင်ထဲကို အလုံးအရင်းနဲ့ တွန်းထိုးဝင်ရောက်လာတယ်။ ရင်တွေ တလှပ်လှပ် ခုန်လာတယ်။ ရုပ်ပုံထဲက အမျိုးသမီးဟာ ကျွန်တော့်တစ်ကိုယ်လုံးကို ထွင်းဖောက်သွားမတတ် စိုက်ကြည့်နေတယ်။ အို. . . သူ့မျက်လုံးတွေက အင်းအားကြီးမားလိုက်တာ. . .။

အရာခပ်သိမ်းကို တစ်ဒင်္ဂ ပျောက်ဆုံးသွားခဲ့သလို ဖြစ်နေတဲ့ ကျွန်တော့်ဘေးမှာ အစ်ကို့အသက်ရှူသံကို ကြားလိုက်ရတယ်။ သည်တော့မှ ကျွန်တော်မျက်တောင်ခတ်မိပြီး အစ်ကို့ကို လှည့်ကြည့်လိုက်မိတယ်။

အို. . .

အစ်ကို့မျက်လုံးစိမ်းကြီးတွေ ဒီလောက် စူးရှ တောက်ပြောင်နေတာမျိုး တစ်ခါမှ ကျွန်တော် မမြင်ဖူးဘူး။ အစ်ကို ဘာဖြစ်နေပါလိမ့်။

ဟင်း. . . ကျွန်တော်ကော ဘာဖြစ်နေပါလိမ့်။

"ကိုင်း. . . လက္ခဏာ အောက်ဖက်နားမှာ စာရေးထားတယ် ဖတ်စမ်း



www.burmeseclassic.com

www.burmeseclassic.com



ဟော့. . . ”

ဘိုးဘိုးကြီး အမိန့်ပေးသံ ပေါ်လာတော့မှ ကျွန်တော် သတိပြန်ဝင်လာတယ်၊ ရုပ်ပုံထဲက အမျိုးသမီးရဲ့ မျက်လုံးတွေဆီက ကျွန်တော့်အကြည့်ကို မနည်း ဖယ်ရှားယူရတယ်။ ဩော်. . . စာတွေလည်း ရေးထားသေးသကိုး။

'. . . မိထိလာပြည့်ရှင် ဘုရင်ဇနက၏ သမီးတော်သိ. . . သိတာ. . ဒေ. . . ဝီ. . . အတွက် ကြင်ယာရွေးပွဲတွင် အဋ္ဌစန္ဒာ လေးတော်တင်ပွဲ ယှဉ်ပြိုင်ကျင်းပပါမည် ဘုရား. . . ဘိုးတော်အား လေးတင်ပွဲ အမိပတိအဖြစ် ကြွရောက်ချီးမြှင့်ပေးပါရန် မိထိလာဘုရင်က အသနားတော်မြတ် ခံပါသည် ဘုရား. . . ”

စာဖတ်တဲ့ ကျွန်တော့်အသံတွေ တုန်ယင်ထစ်ငေါ့နေတယ်ဆိုတာ ကျွန်တော်သိနေတယ်။ အစ်ကိုကတော့ ပကတိ မတုန်မလှုပ်။

“ကိုင်း. . . တွေ့ပြီမဟုတ်လား၊ မိထိလာကို ဝင်ရမှာ အဲ ပဲ၊ ငါ့ကို ခိုင်းမှန်းသိပေမယ့် ဘုရင်ကိုယ်တိုင်က အသနားတော်မြတ် ခံပါသည် ဘုရား. . . ဘာညာဆိုတော့လဲ ငါ ဘဝင်မြင့်ပြီး လုပ်ပေးချင်လာတာပေါ့ကွ၊ ဟား. . . ဟား. . . ဟား. . . ကဲ. . . လာကြ လာကြ၊ မိထိလာကို သွားကြစို့”

၄

လေးတင်ပွဲကျင်းပတဲ့ လက်ထပ်တဲ့နန်းအတွင်းမှာ အခြေအနေတွေ အားလုံး ရှုပ်ထွေးနေပြီ။ ဘုရင်တွေ၊ မင်းသားတွေ၊ စစ်သည်တွေအားလုံး လက်နက်စွဲကိုင်ထားကြတယ်။ ထိုးခုတ်တိုက်ခိုက်ဖို့ အသင့်ပြင်နေကြတယ်။ ရယ်စရာတော့ အကောင်းသား။ ဒီဗိုလ်ပါထုကြီးက ဝိုင်းဝန်းတိုက်ခိုက်မယ့် ရန်သူက တစ်ယောက်တည်းသမား။

'ဒသဃီရိ'တဲ့။

ကိုယ်ခန္ဓာ သန်မာထွားကျိုင်းတဲ့ ဘုရင်တစ်ပါးပေပဲ။

သိန်းယိုင်ဠုပြည့်ရှင် ဘုရင်ဒသဃီရိတဲ့။

ဒသဃီရိဟာ ဘိုးဘိုးကြီးရှိရာ စင်မြင့်ပေါ် ခုန်တက်လာတယ်။ သူတို့ အငြင်းပွားနေကြတယ်။ ဒသဃီရိဟာ သန်လျက်ကို ဝင့်နေတယ်။ တနန်းတစ်ခုလုံးလည်း လှုပ်လှုပ်ရွရွ ဆူဆူညံညံ ဖြစ်လို့။

ဘာတွေဖြစ်နေကြပြီလဲ။ ကျွန်တော့်တော့ အစ်ကို့မျက်နှာကိုပဲ ကြည့်





နေတယ်။ အစ်ကိုက တစ်ခုခု အချက်ပေးပြီဆိုရင် အားလုံးကို တိုက်ခိုက်မယ်လေ။

ဒါပေမယ့် အစ်ကိုက ကျွန်တော့်ကိုလည်း မကြည့်ဘူး။ ဒသဃီရိကိုလည်းမကြည့်ဘူး။ အစ်ကို့မျက်လုံးအကြည့်တွေဟာ တနန်းအတွင်းအတော်တစ်နေရာဆီ ရောက်နေတယ်။ အဲ. . . အဲဒီနေရာမှာတော့ မိထိလာဘုရင်ရဲ့ သမီးတော် ရှိနေတယ်။

သီ. . . တာ. . . ဒေ. . . ဝီ. . . လေ. . .။

ဟို. . . ရုပ်ပုံထဲက . . . မိန်းမပျို။

“ဟုတ်တယ် သိန်းယိုင်ဠုပြည့်ရှင် ဘုရင်၊ ဒီတနန်းအတွင်းမှာ လေးတော်တင်ပွဲ မဝင်ရသေးသူနှစ်ဦး ရှိနေတယ်။ ဒါ. . . ကျုပ်ရဲ့အမိန့် ဒီပွဲသဘင်ရဲ့ အမိပတိဖြစ်တဲ့ ကျုပ် ဝါသဒ္ဒိရဲ့ အမိန့်ပဲ”

ဘိုးဘိုးကြီးရဲ့ တင်းမာတဲ့လေသံကို ကြားလိုက်ရတယ်။

ဒသဃီရိက အံကြိတ်ပြီး ပြန်လှည့်သွားတယ်။ ဘိုးဘိုးကြီးရဲ့ အမိန့်ပေးသံတစ်ခု ထွက်ပေါ်လာပြန်တယ်။

“ကဲ. . . မင်းတို့နှစ်ယောက် လေးတော်တင်ပွဲ ဝင်ကြပေတော့”

ဟင်. . . လေးတော်တင်ပွဲ၊ ဒါ. . . ဒါဖြင့်ရင် ကြင်ယာရွေးပွဲမှာ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်လည်း ဝင်ရမယ်။

“ညီလေး. . . သွားလေ၊ ဘုန်းစွမ်း လူစွမ်း ပြလိုက်လေ”

အစ်ကိုက ကျွန်တော့်ကို အမိန့်ပေးတယ်။ ကျွန်တော့်ရင်ထဲမှာ အားတက်ရွှင်လန်းမှုတွေနဲ့ ဖုံးလွှမ်းသွားတယ်။ လေးတင်ပွဲပြီးတော့ ကြင်ယာရွေးပွဲ။

ဒါပေမယ့်. . .

“အစ်ကိုက အစ်ကိုဖြစ်ပါတယ်။ အစ်ကို အရင်ဝင်ပါ”

“မဟုတ်ဘူး. . . ညီလေးဝင်ပါ”

“ညီ. . . ညီ. . . မပြိုင်ချင်ဘူး အစ်ကိုနဲ့သာ”

“လက္ခဏ၊ မင်းကို အစ်ကို အမိန့်ပေးနေတယ်”

အို. . . အစ်ကို့လေသံတွေ မခက်ထန်စဖူး ခက်ထန်လှချေလား၊ အကို့မျက်လုံးစိမ်းကြီးတွေဟာ အရောင်တွေ ထွက်နေပြီလား။

ကျွန်တော် ဘိုးဘိုးကို လက်အုပ်ချီလိုက်တယ်။ ပြီးတော့ အစ်ကို့ကို



www.burmeseclassic.com

www.burmeseclassic.com



လက်အုပ်ချီလိုက်တယ်။ ပြီးတော့ တဲနန်းအလယ်က လေးတင်ခုံရှိရာလာခဲ့တယ်။ ဒီလေးတင်ခုံရှိရာကို လှမ်းခဲ့ရတဲ့ ခြေလှမ်းတွေဟာ ကျွန်တော့်ဘဝမှာ အငင်ပန်းဆုံး အခက်ခဲဆုံးနဲ့ အနက်နဲ အရှုပ်ထွေးဆုံး ခြေလှမ်းတွေပါပဲ။

ဒသဂီရိက မလှမ်းမကမ်းကနေပြီး ကျွန်တော့်ကို ရယ်မောလှောင်ပြောင်နေတယ်။ သူဘာတွေ ပြောနေမှန်း ကျွန်တော်မသိဘူး။

"အဌစန္ဒာလေးတော်" တဲ့။

လေးကိုင်းဟာ ကျွန်တော့်လက် နှစ်ပြန်စာမက ကြီးမားလှတယ်။

အစ်ကိုက ကျွန်တော့်နောက်က ကပ်လိုက်လာပြီး ကျွန်တော့်ကို အားပေးနေတယ်။ ပြီးတော့လေ အစ်ကိုက ကျွန်တော့်လက်မောင်းတွေကို နှိပ်နယ်ပေးတယ်။ ကျွန်တော့်ရွှေရောင်ဆံပင်တွေကို သပ်ပေးတယ်။

"ညီလေး. . . အစ်ကို့ညီရဲ့ အစွမ်းကို ပြလိုက်နော်. . ."တဲ့။

အို. . . အစ်ကို့အသံတွေ မသိမသာ တုန်နေပါလား။ အစ်ကို့မျက်လုံးစိမ်းတွေလည်း မသိမသာ ရီဝေနေပါလား။ အစ်ကို. . . အစ်ကိုဘာဖြစ်နေသလဲဟင်။ ထူးဆန်းနက်နဲတဲ့ တစ်စုံတစ်ခုဟာ အစ်ကို့နှလုံးသားနဲ့ ကျွန်တော့်နှလုံးသားကို အပြန်အလှန် ရက်ယှက်သီဖောက်နေတယ်လို့ ကျွန်တော်ခံစားမိတယ်။

"ဟော့. . . လူဝါကလေး. . . ဒါ သူ့ရဲကောင်း မင်းယောက်ျားတွေနဲ့သာ ထိုက်တန်တဲ့ အဌစန္ဒာလေးတော်ကွနော်၊ ဒါ ကလေးတွေရဲ့ ကစားစရာ မဟုတ်ဘူး"

သိန်းယိုင်ဇူဘုရင့်အသံက ကျွန်တော့်နားထဲကို စူးစူးရှရှ ဝင်လာတယ်။ ကျွန်တော့်သွေးတွေ ဆူပွက်လာတယ်။ ဩော်. . . ငါ့ကို. . . လက္ခဏာကို. . . ကလေးပေါ့လေ. . .။

ဒသဂီရိနဲ့တကွသော ဘုရင်တွေ၊ မင်းသားတွေ လက်မှိုင်ချခဲ့ရတဲ့ အဌစန္ဒာလေးတဲ့လား။ အေး. . . ငါကလည်း ဒသရဌဘုရင့်သား၊ ဘိုးဘိုးဝါသိဒ္ဓရဲ့ တပည့်၊ ရာမမင်းသားရဲ့ ညီ၊ လက္ခဏာပါလေ။

လေးတော်ဟာ ကျွန်တော့်လက်ထဲ မြောက်ပါလာတယ်။

လေးညှို့ကို ကျွန်တော် ငင်တယ်။

တစ်ရစ်. . . နှစ်ရစ်. . .။

လေးတော်တင်ပွဲ၊ ကြင်ယာတော်ရွေးပွဲ၊ သီတာဒေဝီ၊ အစ်ကိုရာမမင်းသား၊ မျက်လုံးစိမ်းစိမ်း၊ ချစ်မြတ်နိုးရသော အစ်ကို၊ သိပ်လှတဲ့ သီတာဒေဝီ





လေးတော်တင်ပွဲ၊ ကြင်ယာရွေးပွဲ၊ အစ်ကို ရာမမင်းသား၊ ဆရာသခင်၊ အစ်ကိုး သီတာဒေဝီ၊ အချစ်၊ ချစ်ခြင်းမေတ္တာ၊ အစ်ကို၊ ဂုရုဆရာသခင်၊ အစ်ကို၊ ငါ့အစ်ကို၊ ငါ့အစ်ကို. . .။

"ဟယ်"

တဲနန်းတစ်ခုလုံး အသံတွေ တိန်းသွားတယ်။

ကျွန်တော့်ရင်ထဲက အသံတွေ မြည်ဟည်းသွားခဲ့တာကိုတော့ ဘယ်သူမှ ကြားကြမယ် မထင်ပါဘူး။

ဟုတ်တယ်။ ကျွန်တော် လေးညှို့ကို ဆက်မငင်ဘူး။

လေးညှို့ကို နောက်တစ်ရစ် ဆွဲငင်ရစ်ပတ်ပြီးရင် ကျွန်တော့် ဗွမ်းဆောင်မှုဟာ လုံးဝဥဿုံ ပြီးစီးအောင်မြင်တော့မယ်ဆိုတာ ကျွန်တော်သိတယ်။

ဒါပေမယ့်. . .

ဒါပေမယ့်. . . ကျွန်တော် လေးတော်ကို ခုံပေါ် ပြန်ချလိုက်တယ်။

လေးညှို့ကို ကျွန်တော် ရစ်ငင်နေစဉ်က ကျွန်တော့်မျက်လုံး ဝါဝါတွေဘယ်လိုလှုပ်ရှားသွားကြတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး။ ဘယ်သိကြမလဲလေ။ လျှပ်ပြက်သလို မြန်ဆန်တဲ့ အကြည့်ကလေးနှစ်ချက်တိုး

ပထမ. . . သီတာဒေဝီကို ကျွန်တော် လှမ်းကြည့်မိတယ်။ သီတာဒေဝီရဲ့ ရွှန်းလဲ့တဲ့ မျက်လုံးအစုံဟာ လေးတော်ကို ကိုင်စွဲထားတဲ့ ကျွန်တော့်ကိုကျော်လွန်ပြီး တစ်ဖက်မှာရှိနေတဲ့ အစ်ကို့ထံရစ်ဝဲနေကြောင်း ကျွန်တော်. . . ကျွန်တော် သိလိုက်ပါတယ်လေ။ ကျွန်တော်သိလိုက်ပါတယ်။

သည်တော့ အစ်ကို့ကို ကျွန်တော် ဒုတိယအကြည့်နဲ့ ကြည့်လိုက်မိတယ်။

ချစ်မြတ်နိုး လေးစားရပါတဲ့ အစ်ကိုကတော့လေ လေးညှို့ပေါ်မှာ တင်ထားတဲ့ ကျွန်တော့်လက်အစုံကို ကြည့်ရင်း တဖွဖွ အားပေးနေရှာတယ်လေ။ သူ့ညီကို၊ ကျွန်တော့်ကို အားပေးနေရှာတယ်လေ။

အဲဒီ. . . မျက်တောင်တစ်ခတ်၊ လက်ဖျစ်တစ်တွက်၊ လျှပ်တစ်ပြက် တစ်ဒင်္ဂကာလ အပိုင်းခြားလေးမှာ ကျွန်တော်ကမ္ဘာလောကအကြောင်း သိနားလည်လိုက်ပြီလို့ ထင်ပါတယ်။ တစ်ဒင်္ဂကာလလေးအတွင်းမှာ ကျွန်တော်ဟာ နှလုံးသားရဲ့ နက်ရှိုင်းသော အဖွဲ့တွဲ့အနှစ်သာရကို နားလည်သိရှိလိုက်ပြီလို့ ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့. . .

ချစ်ခြင်းမေတ္တာရဲ့ အဓိပ္ပါယ်အမှန်ကိုလည်း ကျွန်တော်လက္ခဏာမင်းသား သဘောပေါက် နားလည်လိုက်ပြီထင်ပါတယ်။

အတောမသတ်နိုင်အောင် နာကျင်နေတဲ့ ကျွန်တော့်နှလုံးသားက ကျွန်တော့်ရဲ့ လက်အစုံကို အမိန့်ပေးနေတယ်။

နာကျင်ကြေကွဲစွာနဲ့ နှလုံးသားက ခိုင်းစေနေတယ်။

"လက္ခဏာ. . . လက္ခဏာ. . . လေးကိုဆက်မတင်နဲ့၊ ပြန်ချထားလိုက်၊ ပြန်ချထားလိုက်. . . မင်းအစ်ကိုအတွက် လေးကို ပြန်ချထားလိုက်"

ဒါကြောင့်. . .

ကျွန်တော်. . . ကျွန်တော်. . .

အဋ္ဌစန္ဒာလေးတော်ကို ပြန်ချထားလိုက်တယ်။

ဘိုးဘိုးကြီးက လူပုံအလယ် အရှက်ခွဲရမလားဆိုပြီး ကျွန်တော့်ကို ရိုက်မယ်လုပ်တယ်။ အစ်ကိုက ဆူပူငေါက်ငမ်းတယ်။ ဒဿဂီရိက ရယ်မောလှောင်ပြောင်တယ်။ ပရိသတ်က ကရုဏာမျက်လုံးတွေနဲ့ ဝိုင်းကြည့်တယ်၊

"လက္ခဏာမင်းသား အရေးနိမ့်သွားပြီ" တဲ့။

ဩော်. . . လက္ခဏာမင်းသားဟာ အင်မတန် ကြီးကျယ်တဲ့ စစ်ပွဲကြီး တစ်ပွဲကို နှလုံးသွေးနဲ့စက်ပြီး အောင်မြင်လိုက်ပြီဆိုတာကို သူတို့ မသိကြပါလား။

အားလုံးရဲ့ လှောင်ပြောင်မှု၊ ကြိမ်းမောင်းဆူပူမှု၊ ကရုဏာသက်မှုတွေ အလယ်မှာ ကျွန်တော့်နှလုံးသားကတော့ ဆို့နစ်သည်းထန်စွာ ကောင်းချီးပေးနေတယ်။

သည့်နောက်ပိုင်းဖြစ်ရပ်တွေကို ကျွန်တော် အသေးစိတ်မပြောလိုတော့ဘူး။ ဘိုးဘိုးကြီးနဲ့ အစ်ကို့ကိုတော့ ကျွန်တော် ဖြေရှင်းပြခဲ့တယ်။

ကျွန်တော်လေ. . . အလှပဆုံး စကားလုံးတွေသုံးပြီး ဖြေရှင်းပြခဲ့ပါတယ်။

"သီတာဒေဝီဟာ အစ်ကိုနဲ့သာ ထိုက်တန်ပါတယ်၊ ညီ့အနေနဲ့က ငယ်ရွယ်သူဖြစ်ပါတယ်၊ ညီ့အရွယ်က အစ်ကိုနဲ့ မရီးရဲ့ ဆုံးမဩဝါဒကို ခံယူဖို့ အရွယ်ပါ၊ ညီလေး. . . ကြင်ယာတွေဘာတွေ မထားချင်သေးပါဘူး"

ဒီစကားတွေ ပြောခဲ့စဉ်က ကျွန်တော့်အသံတွေ တုန်သေးလား။





ကျွန်တော်ရယ်ကော ရယ်မိခဲ့သေးသလား. . . မသိဘူး။

အစ်ကို့လက်မောင်းတွေကို ကျွန်တော် နှိပ်နယ်ပေးတယ်၊

အစ်ကို့ဝတ်ရုံစတွေကို ကျစ်လျစ်အောင် ပြင်ဆင်ပေးတယ်။

ယောက်ျားကောင်းတို့ရဲ့ လက်ဆုံနဲ့ အစ်ကိုဟာ အဋ္ဌစန္ဒာလေးတော်ကို အပြီးတိုင် စွမ်းဆောင်သွားခဲ့တယ်၊ အစ်ကို့ အစွမ်းဟာ အံ့မခန်းပါပဲ၊

ပရိသတ်ဟာ ဦးရစ်ခေါင်းပေါင်းများဝှေ့ရမ်းမြှောက်ချီပြီး အစ်ကို့ကို ကောင်းချီးပေးကြတယ်။ အစ်ကို့ကို ထမ်းပိုးပြီး သီတာဒေဝီရှိရာကို ခေါ်သွားကြတယ်။ ဘိုးဘိုးကြီးက မျက်ရည်အပြည့်နဲ့ ပြုံးလို့နေတယ်၊

အစ်ကို့ရဲ့ အကြောစိမ်းတို့ ယှက်နွယ်သော လက်အစုံတို့နဲ့. . .

သီတာဒေဝီရဲ့ ဖယောင်းလို နူးညံ့သွယ်ပျောင်းတဲ့ လက်အစုံတို့. . .

ထိကပ်နှောင်တဲကြတယ်။

သူတို့မျက်လုံးတွေမှာ ကမ္ဘာလောကတစ်ခုလုံးရဲ့ ကြည်နူးမှုတွေ ကျရောက်နေကြတယ်။ ချိုမြတဲ့ ဂီတသံတွေ ပေါ်ထွက်လာတယ်၊ သင်းပျံ့တဲ့ ပန်းပေါင်းစုံတို့ဟာ တဲနန်းအတွင်း ဝဲပျံနေကြတယ်။

အစ်ကို. . . နဲ့ သီတာဒေဝီ. . . ။

ပရိသတ်အားလုံး. . . တဲနန်းရဲ့ တစ်ဖက်ဆီမှာ စုရုံးနေကြတယ်၊

ဒီဖက်မှာတော့. . .

ကျွန်တော် လက္ခဏာမင်းသား တစ်ယောက်တည်း။

ကောင်းချီးဩဘာပေးသံတကာတို့ထက် ကျယ်လောင်မြည်ဟည်းတဲ့ ကောင်းချီးပေးသံတစ်သံ ထွက်ပေါ်နေတယ်။ ဒါပေမယ့် ဘယ်သူမှ ကြားကြမှာ မဟုတ်ဘူး။ အဲဒီအသံက ကျွန်တော့်ရင်ထဲမှာ. . . ။

နက်ရှိုင်းတဲ့ ခံစားမှုထုထည်အတွင်း နစ်မြုပ်နေတဲ့ ကျွန်တော့်ကို ဘိုးဘိုးကြီး ဝါသိဋ္ဌရဲ့အသံက လှုပ်နှိုးလိုက်တယ်။

"လူလေး လက္ခဏာ. . . မင်းနှယ်ကွယ် ကလေးလိုပါပဲလား၊ အစ်ကို့အတွက် ဝမ်းသာလုံးဆို့ပြီး မင်းမျက်ရည်တွေ ကျနေတယ် ပေါ့လေ. . ."

ဩော်. . . ဘိုးဘိုးရယ်. . .

ရှုမဝ၊ ၁၉၉၀

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



နေလုံးကြီးဟာ ဟိုးအနောက်ဘက်တောင်တန်းတောင်စွယ်ပေါ်မှာ မေးတင်ထားရာကနေ ပြုတ်ကျသွားတယ်။ ရှည်လျားတဲ့ နေရောင်ခြည်တန်း အလင်းမျှင်တွေလည်း ချက်ချင်းဆိုသလိုပဲ ဖြုတ်ခနဲပျောက်သွားတယ်။

လက်ထဲက ဓားရိုးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း တံခါးနီမှူးကြီးကို ကျုပ်တစ်ချက် လှမ်းကြည့်လိုက်တယ်။ တံခါးနီမှူးကြီးက ခေါင်းတစ်ချက် ညိတ်အပြုမှာပဲ။

ကျုပ်လက်ထဲကဓား အပေါ်ကို မြောက်ကြွသွားတယ်။

ပြီးတော့ အောက်ပြန်အကျ . . .။

တစ်ချက်ကလေးတောင် မအော်နိုင်ပါဘူး။ ဘာဝေဒနာကိုမှလည်း ခံစားမသွားရပါဘူး။ ငမိုက်သားရဲ့ ဦးခေါင်းဟာ သူ့ကိုယ်ကနေလွင့်စင်သွားတယ်။ ဝေါက်ခနဲ ပန်းထွက်လာတဲ့ သွေးတွေကို တပည့်ကျော် "ငဆွံ့" က အင်တုံနဲ့ ခံပြီးတော့ ထုံးစံအတိုင်း သူသတ်ကုန်း မြေပေါ်ကို ဖျန်းပက်လိုက်တယ်။

ခွေးကြီး စက္ကကလည်း ရှည်ရှည်လျားလျားအူတယ်။

အမှောင်သန်းပြီ။



www.burmeseclassic.com

www.burmeseclassic.com



အင်း . . . ရာဇဝတ်သားတစ်ယောက်လည်း သူ့လမ်းသူ သွားခဲ့ပြီပေါ့၊

တစ်နေ့တာအတွက် တာဝန်ပြီးပြန်ပြီ။

သူသတ်ကုန်းထောင့်က တဲဆီကို ကျုပ်ပြန်လာခဲ့ရတယ်။ ကိုယ်တိုင်ချက်ထားတဲ့ အရက်ကို သောက်မယ်။ ထမင်းစားမယ်။ ပြီးတော့ အိပ်မယ်။

●

အမောင်တို့ အမိတို့ သိချင်သာဆိုလည်း ပြောရတာပ။

ကျုပ်နာမည်က ဗျူရှတဲ့။ နေပြည်တော်သူ နေပြည်တော်သားတွေအထော့ မကောင်းဆိုးဝါးကောင်ကြီး ဗျူရှလို့ခေါ်ကြလေရဲ့။ ဒါကလည်း သူတို့ဘာသာ သူတို့ အချင်းချင်းစကားပြောရင်း ကျုပ်ကို အမည်တပ်ကြတာပါ။ တကယ်တော့ ကျုပ်ကို စေ့စေ့ တောင်မှ ကြည့်ရဲကြတာ မဟုတ်ပါဘူး။

ကျုပ်နဲ့ မတွေ့ချင်၊ မဆုံချင်၊ အသိအကျွမ်းမဖြစ်ချင်ကြဘူး။ ကျုပ်ရှိရာ အရပ်ကိုလည်းမလာချင်ကြဘူး။ ဘယ်လို အကြောင်းကြောင့်နဲ့ နဲ့မပတ်သက်ချင်ကြဘူးလေ။

ဟား . . . ဟား . . . ဒီလိုပဲဖြစ်ရမှာပေါ့။

အမောင်တို့ အမိတို့ကော ကျုပ်နဲ့ ပတ်သက်ချင်ကြသလား။ မပတ်သက်ချင်ကြနဲ့။ ကိုယ်ကျိုးနည်းသွားမယ်နော်။

အေးလေ . . . သူသတ်ကုန်းက အာဏာပါးကွက်သားကြီး ဗျူရှဆိုတာ လူတွေအတွက် ခင်မင်နှစ်လိုဖွယ်မှ မဟုတ်တာကလား။ ကျုပ်ဆီကိုရောက်လာတဲ့သူတွေဟာ မြို့ဝန်မင်းရဲ့ အမိန့်တော်အရ ရာဇဝတ်သင့်လာသူတွေချည်းပဲ။ တောပုန်းဓားပြတွေ၊ မုဒိမ်း တန္တတွေ၊ ဘုရင်မင်းမြတ်ကို ပုန်းစားခြားနားသူတွေ။

ဓားတန်ဓား၊ ပုဆိန်တန် ပုဆိန်၊ ဝါးရင်တုတ်တန် ဝါးရင်းတုတ် အပြစ်ကြီးငယ်ကိုလိုက်ပြီး ကျုပ်က သင်းတို့ကို စီရင်ပေးရတယ်။ အင်း . . . စီရင်ပေးရတယ်ဆိုတဲ့စကားလုံး ကျုပ်ဟာကျုပ် တယ်ကြိုက်။ ဟုတ်သပ။ နေပြည်တော်ကလူတွေကတော့ ကျုပ်ကို လက်မရွံ့ ပါးကွက်သားကြီးတဲ့။ လူ့ဘီလူးကြီးတဲ့၊ လူ့ခန္ဓာကိုယ်ရှိတဲ့ တိရစ္ဆာန်ကြီးတဲ့။ ငရဲသားကြီးတဲ့။ စုံလို့ပါဘဲ။ အမည်နာမပေါင်းများစွာနဲ့ သဒ္ဓိတင်ပေးနေကြတာ။ အင်း . . . ဇနပုဒ်သားတွေကတော့ သူသတ်သမားကြီးတဲ့လေ။





ဒီ "သတ်" ဆိုတဲ့ စကားအသုံး ကျုပ် တယ်မကြိုက်ချင်ဘူး၊ ကျုပ်အလုပ်နဲ့ သိပ်မအပ်စပ်ဘူး။ ဒီစကားလုံးဟာ အမှန်က စီရင်ပေးရတာ၊ ဝီရင်ရတာ။

ကြည့်လေ၊ ဓားနဲ့လား၊ ပုဆိန်နဲ့လား၊ ဝါးရင်းတုတ်နဲ့လား၊ ဘာနဲ့ပဲအလှည့်သင့်သင့် ရာဇဝတ်သား ဝေဒနာမခံစားရအောင် ကျုပ်က တစ်ချက်နဲ့ အပြီးလုပ်ပေးရတာ။ သွေးရူးသွေးတန်း ထပြေးတာ၊ အော်ဟစ်နေတာမျိုးမရှိစေရ။ တစ်ချက်မှ တစ်ချက်တည်း။ ဒီလို ဗျူရှမျိုးပါ။ ဟေး . . . ဟေး . . . ဟေး . . .။

တစ်ခုတော့ ရှိသပေါ့လေ။ ရာဇဝတ်သားတွေဟာ ကျုပ်ဆီရောက်လာပြီး တုံးပေါ်လည်စင်းပေးတဲ့ အချိန်အထိတော့ ကယောင်ကတမ်းဖြစ်နေကြတာပါပဲ။ တချို့ဆို ကြောက်လွန်းအားကြီးပြီး ကျုပ်ဘာမှ မလုပ်ခင်မှာပဲရူးတဲ့လူရူး၊ မေ့တဲ့လူမေ့၊ နှလုံးသွေးရပ်တဲ့လူရပ်နဲ့။

အမှန်က ကျုပ်လက်ကြောင့်မို့တော့ ဘာမှ အနာတရ မခံစားစေရဘူး။ ဘယ့်နဲ့ ဗျူရှတို့ ပါးကွက်သားလုပ်လာတာ ကြာပြီပဲဟာ။

ကျုပ်က ကျုပ်အလုပ် သိပ်ဂုဏ်ယူတာ။ လောကမှာ ဘယ်သူမှ မလုပ်ရဲ၊ မလုပ်ချင်၊ မလုပ်တတ်တဲ့အလုပ်မျိုး ရှားရှားပါးပါး ကျုပ်တစ်ယောက်တည်းရှိတာ။ သြော် . . . ကျုပ်တစ်ယောက်တည်း ဆိုရင် စကားမှုသားပါနေဦးမယ်။

အမှန်က ကျုပ်လက်အောက်မှာ လူတစ်ယောက်နဲ့ ခွေးတစ်ကောင်ရှိတယ်။ မထူးပါဘူး။ လူနဲ့ခွေးဆိုပေမယ့် သတ္တဝါနှစ်ကောင်ပဲ ဆိုကြပါစို့၊ ဟုတ်တယ်လေ၊ ငဆွံ့ ဆိုတဲ့ အကောင်က လူဖြစ်နေလို့သာ လူခေါ်ရတာ၊ နာမည်နဲ့လည်း ကိုက်ပ။ စကားလည်း မပြောတတ်၊ နားမကြား။ အဲ . . . အထင်တော့မသေးနဲ့လေဗျာ။ ငဆွံ့ကလည်း သူ့အလုပ်တော့ သူအင်မတန်ကျွမ်းကျင်တာ။ သူ့အလုပ်က ဒီလိုလေ၊ ကျုပ် စီရင်လိုက်တဲ့ ရာဇဝတ်သားရဲ့ အလောင်းကို ရှင်းလင်းတဲ့ အလုပ်။

နောက်တစ်ကောင် ရှိပါသေးကော။ ကျုပ်ရဲ့ ခွေးကြီးလေ။ ဟဲ . . . ဟဲ . . . သူ့နာမည်ကိုကော သိချင်ကြသေးလား။ လွယ်ပါတယ်။ တခြားနာမည်မပေးတတ်တာနဲ့ ကျုပ်လည်း ကျုပ်ခွေးကို စက္ကူလို့ မှည့်လိုက်တယ်၊ ရှေ့ဘဲ၊ အံမာ၊ ခွေးဆိုပြီး အထင်မသေးလိုက်နဲ့နော်။ စက္ကူဟာ ခွေးလိုခွေး မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုခွေး၊ သုသတ်ကုန်းမှာ မြှုပ်ထားသမျှ အလောင်းတွေကို ဒီအကောင် ဖော်ဖော်ပြီးစားရင်းနဲ့ ဝဖီးနေတာ။ ရာဇဝတ်သားရဲ့ သွေးများဆို ဒီကောင် တယ်ကြိုက်သကိုး၊ အင်း . . . စက္ကကဲ ကျုပ်လိုပဲ။ မီးတောက်အရက် လည်းကြိုက်တယ်၊ သခင်ဗျှူ့ ခွေးစက္က၊ တယ်ဟုတ်သကိုး။

အဲ . . . ကျုပ်ရယ်၊ ငဆွံ့ရယ်၊ စက္ကရယ် ဒီသုံးယောက်ပဲ သုသတ်ကုန်း မှာ နေကြတာ။ ကျုပ်အဖို့လည်း ဘယ်မှ သွားစရာမလိုဘူး။ ဘယ်သူနဲ့မှလည်း တွေ့စရာမလိုဘူး။ ကိုယ့်အလုပ်ကိုယ်လုပ်၊ သေသောက်၊ ထမင်းစား၊ အိပ် ဒါပဲ။

ဘယ်သူမှလည်း ကျုပ်တို့ဆီ တခုတ်တရ မလာကြပါဘူး။

ဟဲ . . . ဟဲ . . . လာမိတယ်ဆိုရင်လည်း ပြန်ထွက်သွားစရာ အကြောင်းမှ မရှိတော့တာကိုး။

ကဲ . . . အမောင်တို့ အမိတို့ကော၊ ခုလို အကြောင်းအစုံအလင်သိကြ ရပြီးတဲ့နောက်၊ ဘယ်လိုရှိစ။ လာချင်ကြသလား။ ဟေး . . . ဟေး . . . ။

●

ခုတလော ရွှေနန်းတော်တစ်ဝိုက်မှာ အရေးတော်ပုံများ ရှုပ်ရှုပ်ထွေး ထွေးရှိလှတယ်လို့ တံခါးနီမှူးကြီးက ဟိုတစ်နေ့က ရာဇဝတ်သားတစ်ယောက် လာပို့ရင်း ပြောသွားတယ်။ ကျုပ်တော့ ဒါတွေကို နားမလည်ပါဘူး။ စိတ်ဝင် တစားလည်း မရှိလှပါဘူး။ ကျုပ်တို့ မြို့ဝန်မင်းကလည်း အတော်အလုပ်များနေ သတဲ့။ ရွှေနန်းတော် အခစားဝင်လိုက်၊ ဇနပုဒ်တွေ ဆင်းလိုက်နဲ့ မအားရဘူး တဲ့။

ထူးခြားတာ တစ်ခုတော့ ပြောသွားတဲ့စကားထဲမှာ မှတ်မိလိုက်ရဲ့၊

မြို့ဝန်မင်းက ဘုရင်မင်းမြတ်ရဲ့ သစ္စာတော်ကို လှို့လှို့ဝှက်ဝှက် ဖီဆန်နေတယ်ဆိုပဲ။ ဘဏ္ဍာတော်တွေကို ဖြတ်ယူသတဲ့။ ခိုးသား ဓားပြတွေ တိတ်တဆိတ် မွေးသတဲ့။ ဇနပုဒ်သားတွေ အပေါ်လည်း တယ်ဖိနှိပ်သတဲ့၊ အခွန်အတုတ်တွေဖိကောက်၊ ပစ္စည်းတွေ မတရားသိမ်း၊ ရွှေနန်းတော်ကို ဝင်တဲ့ အခါကျတော့ တစ်မျိုးတဲ့။ သူနယ်က ပြည်သားလူထုတွေကပဲ ဆိုးသယောင် သူက ရွှေနားတော်သွင်းသတဲ့။

တံခါးနီမှူးကြီးက ပြောသွားသေးတယ်။

"မြို့ဝန်မင်း အကောက်ကြံပြီး ဆိုးရွားရက်စက်နေပုံကို နေပြည်တော်





သူ နေပြည်တော်သားတွေက ဘုရင်မင်းမြတ် ရွှေနားတော် ပေါက်ကြားအောင် လုပ်ဖို့ ကြိုးစားနေတယ်။ ဒါကို မြို့ဝန်မင်းကလည်းသိတော့ အဖိအနှိပ် အတွင် အညှပ်တွေ ပိုများလာတယ်"

"ဒီအတိုင်းမှန်ရင်တော့ မြို့ဝန်မင်း တဆိတ်ရိုင်း သကိုး"လို့ ကျုပ် ကပြန်ပြောမိတယ်။ ဒါပေမယ့် ဒီအကြောင်းက ဒီလောက်နဲ့ပဲ ပြီးသွားတယ်၊ ကျုပ်က စိတ်ဝင်စားတာ မဟုတ်ဘူးလေ။ ကျုပ်နဲ့မှ မဆိုင်တာတလား၊ ကျုပ် အလုပ်က အမိန့်တော် တစ်ခုခုနဲ့ သုသတ်ကုန်းထဲ ရောက်လာမယ့် ရာဇဝတ် သားကို အမိန့်တော် အတိုင်းစီရင်ပေးဖို့ပဲ။

"ဟေး . . . ဗျှူ့ကြီး၊ ငါအခု ပြောသွားတာတွေကို ဘယ်သူ့မှ မကြား ပါစေနဲ့၊ နှုတ်လုံပါနော်" တဲ့။

တံခါးနီမှူးကြီးက ပြန်ခါနီးပြောသွားတယ်။

ကျုပ်ကလည်း ပြန်ပြောလိုက်ပါတယ်။

"ကျုပ်ကို ငဆွံ့လို့ပဲ အောက်မေ့လိုက်စမ်းပါဗျာ"

●

တောင်စွယ်မှာ နေကွယ်သွားပြီ။ ဘယ်ရာဇဝတ်သားမှ ရောက်မလာ ဘူး။ ဒီနေ့တော့ဖြင့် အနားရပဟဲ့လို့ မီးတောက် အရက်အိုးကိုဖွင့်ပြီး ထမင်း စားမယ်ပြင်ခါမှ သုသတ်ကုန်း အဝဆီက အသံတွေ ကြားလိုက်ရတယ်၊

စက္ကဝေါခနဲ ထိုးဟောင်တော့တာပဲ။

"ဗျှူ့ကြီး၊ ဟေ့ . . . ဗျှူ့ကြီး၊ ငါပါဟ၊ မီးတိုင်လေး ဘာလေး မြှပ်ဦး" တံခါးနီမှူးကြီးရဲ့အသံပဲ။

ဘယ့်နှယ်၊ ညဦး အချိန်မတော်ကျကာမှ ဘာအရေးအရာပေါ်ပြန် ပလဲလို့ စဉ်းစားရင်း တဲ အပြင်ထွက်လိုက်တယ်။ လကလည်း ခပ်သာသာတိုး သုသတ်ကုန်းပေါ် တက်လာတဲ့ လူတစ်သိုက် တွေ့လိုက်ရတယ်၊

"ဗျှူ့ကြီး ရာဇဝတ်သားပါလာသဟေ့"

"အား . . . နေကွယ်ပြီပါပကော"

"နေကွယ်ကွယ်၊ လထွက်ထွက်၊ အမိန့်တော်နဲ့ပဲ"

"ပြစမ်းပါဦး"

အမိန့်တော်စာကိုယူပြီး မီးတိုင်မှာ ကပ်ကြည့်လိုက်တယ်၊ ဘောင်း တာ မဟုတ်ပါဘူး။ ကျုပ်မှ စာမတတ်တာ။ ကျုပ်ကြည့်တာက အမိန့်အောင်



www.burmeseclassic.com

www.burmeseclassic.com



တာထဲက ရုပ်ပုံပါ။ ခေါ်ပုံလား၊ ပုဆိန်ပုံလား။ စီရင်ရမယ့် လက်နက်အမျိုးအစား၊

"အား. . . ဝါးရင်းတုတ်ပါလား"

"ဟုတ်တယ်၊ ကဲ. . . ဒီမှာ ရာဇဝတ်သားတွေထားခဲ့မယ်"

"ရာဇဝတ်သားတွေ ဟုတ်လား၊ တစ်ယောက်မဟုတ်ဘူးလား"

"နှစ်ယောက်၊ နှစ်ယောက် ဒီမှာ ထားခဲ့ပြီ၊ ငါတို့ပြန်တော့မယ်"

တံခါးနီမှူးကြီးရဲ့ ရဲမက် နှစ်ယောက် ခြေလှမ်းပြင်နေကြတယ်။

"နေပါဦးလား၊ တဲထဲဝင်ပြီး မီးတောက်လေး ဘာလေးချ"

"တန်ပါ ကောင်ကြီးရာ၊ ဒီလို အချိန်မတော်ကြီး မင့်နေရာ လာရတာကိုက စိတ်မသန့်ပါဘူး၊ အမိန့်တော် ကြောင့်သာ"

"အောင်မာ၊တံခါးနီမှူးကြီးနှယ့်၊မီးတောက်ကလေး ကောင်းလွန်းလို့ပါ"

အင်း ဒီည အနားရပြီ အောက်မေ့တာ။ အလုပ်က ပေါ်လာပြန်ပြီကိုး။ ဘာတဲ့။ ဝါးရင်းတုတ်တဲ့။ အမြဲမြဲသေးပါလား။ လည်မျိုကို ဝါးရင်းတုတ်နဲ့ရိုက်။ ဒီစီရင်နည်းမျိုးဟာ အင်မတန်ကို အပြစ်ကြီးမှ စီရင်တဲ့နည်းမျိုး၊ တော်တော်တန်တန်တွေဆိုရင် ခေါင်းဖြတ်တာလောက်၊ ပုဆိန်နဲ့ ခုတ်တာလောက်ပဲ။ ခုဟာက နေပါဦး။ ရာဇဝတ်သားကလည်း တစ်ယောက်တည်းမဟုတ်၊ နှစ်ယောက်။

မီးတိုင်ကို မြှောက်ကိုင်ပြီး ရာဇဝတ်သားတွေရဲ့ မျက်နှာနား ကပ်ကြည့်လိုက်တော့. . .

အလိုလေး . . .

မျက်စိများ မှောက်လေသလား။ မီးတောက်အရက်လည်း ဒီလောက်သောက်ရသေးတာ မဟုတ်ပါဘူး။ ဟုတ်မှ ဟုတ်ပါလေစ။

မီးရောင်နဲ့ ထပ်ကြည့်လိုက်တယ်။

ရာဇဝတ်သားနှစ်ယောက်။ တစ်ယောက်က အမျိုးသား၊ တစ်ယောက်က အမျိုးသမီး။ ငယ်ငယ်ရွယ်ရွယ် နုနုနယ်နယ်လေးတွေ။ လူပုံလေးတွေက နဖူးရေ ဒူးရေ သန့်သန့်ပြန့်ပြန့်။ ဘယ်နှယ့် ရာဇဝတ်သားပုံပန်းမဟုတ်ပါလား။ ပြီးတော့လည်း ဝါးရင်းတုတ်နဲ့ ရိုက်သတ်ရမှာဆိုတော့ အပြစ်က မြို့ဝန်မင်းလောက်ထိကို ပုန်စားပုန်ကန်လုပ်တဲ့ အပြစ်မျိုး။

သိချင်စိတ် မမျိုသိပ်နိုင်တော့တာမို့ ကျုပ်ဖွင့်မေးလိုက်တယ်။





"အမောင်နဲ့ အမိက ဘယ်လို အပြစ်မျိုးသင့်လာကြတာတုံး"

မဖြေဘူး။ မျက်လွှာတစ်ချက်ပဲ ပင့်ကြည့်ကြတယ်။

"အမောင်နဲ့ အမိက ဘာတော်သတုံး၊ မောင်နှမတော့ မဖြစ်တန်ဘူး"

ဒါလည်း မဖြေကြဘူး။

"ရော. . . ဘာမှ မပြောကြပါလား၊ အကြောက်လွန်ပြီး နှုတ်ဆွံ့သွားပြီလား"

ဒီတစ်ခါတော့ ယောကျ်ားပျိုက တစ်ချက်ပြုံးပြီး မိန်းမပျိုရဲ့လက်ကို ဆုပ်ကိုင်လိုက်တာ တွေ့ရတယ်။

ငဆွံ့ရောက်လာတယ်။ လက်ဟန် ခြေဟန်ပြတယ်။ သူသတ်ကုန်းထိပ်ကို ညွှန်ပြတယ်။ အဓိပ္ပာယ်ကတော့ ရာဇဝတ်ကောင်တွေကို စီရင်ဖို့အတွက် အသင့် ပြင်ဆင်ပြီးကြောင်း လာပြောတာ။ ငဆွံ့ဒါတွေ တော်တာ၊

သိုင်းထားတဲ့ လက်ပြန်ကြိုးစကို ငဆွံ့က စုဆွဲပြီး ရာဇဝတ်ကောင်တွေကို ခေါ်လာခဲ့တယ်။ ကျုပ်ကတော့ ဝါးရင်းတုတ်ကို ထမ်းလို့ပေါ့။ သူသတ်ကုန်းထိပ်ရောက်ခဲ့ပြီ။ လကလည်း ခပ်သာသာ။ သူသတ်ကုန်း တစ်ပြင်လုံးက မြေကမူမို့မို့တွေ၊ တွင်းချိုင့်ချိုင့်တွေ၊ ကားစင်တွေ၊ ပြီးတော့ ကားစင်ထိပ်မှာ ချိပ်ဆွဲထားတဲ့ အရာတွေကို လရောင်အောက်မှာ အထင်အရှား တွေ့နေရတယ်၊

စက္ကူကြီးကလည်း တအင်အင်နဲ့၊ အမြီးတနန့်နန့်နဲ့၊ သွေးအသစ်သောက်မြို့ဖို့ အသင့်ရှိနေပြီလေ။

ရာဇဝတ်သားနှစ်ယောက် တုံးရှေ့မှာထိုင်လိုက်ကြတယ်၊ ပြီးတော့ တုံးပေါ်ကို ဇက်တင်ပြီး လည်ပင်းကို မော့လိုက်ကြတယ်။ အားလုံး ငဆွံ့ရဲ့ အကူအညီနဲ့ပေါ့။ သက်သောင့်သက်သာ အဖြစ်ဆုံးအနေအထားရအောင်လေ၊

လရောင်အောက်မှာဝင်းနေတဲ့ လည်တိုင်နှစ်ခုကို ကြည့်ပြီး ကျုပ်လက်ထဲက ဝါးရင်းတုတ်ဟာ အလိုလို လှုပ်ရှားလာသလိုပဲ။ ဒါပေမယ့် ငယ်ရွယ်နုနယ်ပျိုမြစ်တဲ့ ရာဇဝတ်သားနှစ်ယောက်ကိုကြည့်ပြီး ဝါးရင်းတုတ်ကိုင်ထားတဲ့လက်တွေက မလှုပ်မရှုဖြစ်နေကြတယ်။

ကျုပ်ရင်ထဲမှာ မတင်မကျကြီး၊

သူတို့ ဘာတော်သလဲ၊ သူတို့ ဘာအပြစ် ကျူးလွန်ထားသလဲ၊ သူတို့ ဘယ်ကလဲ၊ ပြီးတော့ သူတို့ နှစ်ယောက်ဟာ သူသတ်ကုန်းထိပ်ကို ရောက်နေပြီ ဗျူဟာကြီး ရှေ့မှာ လည်မျို ဝါးရင်းတုတ်နဲ့ အရိုက်ခံဖို့ အသင့် ရှိနေကြပြီ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့ တုန်လှုပ်နေဟန် တစ်ချက်မပြဘူး။

ပကာတိ တည်ငြိမ်တဲ့ အမူအယာတွေနဲ့။

ကျုပ်ဆီရောက်လာတဲ့ ရာဇဝတ်သားတိုင်းဟာ သူ့နည်းနဲ့သူတော့ တုန်လှုပ်ချောက်ချားသွားကြတာချည်း။ အော်လိုအော်၊ ငိုလိုငို၊ တချို့ မေ့သွား တချို့ ရူးသွားနဲ့။

အခု သင်းတို့ နှစ်ယောက်ကျခါမှ ကျုပ်ရဲ့ ပါးကွက်သား သက်တမ်းဘဝ်မှာ ပထမဆုံးအကြိမ်တည်ငြိမ်သော ရာဇဝတ်သားကို တွေ့ရခြင်း။

ကျုပ်မအောင့်နိုင်တော့ဘူးလေ။

"ဟေ့ဟေ့၊ အခုဟာက နင်တို့ရဲ့ လည်တိုင်လှလှလေးတွေကို ဝါးရင်းတုတ်နဲ့ ရိုက်သတ်မယ့်ကိစ္စ နားလည်ရဲ့လား"

စကားမပြောဘူး။

"ဟေ့. . . ဟေ့၊ ဒါ သူသတ်ကုန်းနော်"

မတုန်မလှုပ်။

ကျုပ်စိတ်ရှုတ်လာတယ်။ သင်းတို့လည်တိုင်ကို ဝါးရင်းတုတ်နဲ့ မရိုက်ခင် အဲဒီအထဲက စကားပြောသံ တစ်သံတလေ ထွက်လာဖို့ကိုပဲ ကျုပ်အလို ရှိနေတယ်။ ခက်တာက နှစ်ယောက်စလုံး တုံဏှိဘာဝေ။

ကျုပ် ဝါးရင်းတုတ်ကို ဒီအတိုင်း ကိုင်လျက်သား၊ ဘာလုပ်ရမှန်း မသိဖြစ်နေချိန်မှာ သူတို့ဆီက သူတို့ချင်းပြောတဲ့အသံ ထွက်လာတယ်။

"နှမလေး"

"မောင်ကြီး"

"ကြောက်သလား"

"ဟင့်အင်း၊ မောင်ကြီးနဲ့ အတူရှိနေတာပဲ"

"တကယ်နော်"

"တကယ်ပါ မောင်ကြီး"

"စောင်းမရှိတာတော့ ဆိုးသကွယ်၊ ဒါပေမယ့် ဒီအတိုင်းပဲ တေးဆိုကြရအောင်၊ မောင်ကြီးပါ ရောဆိုမယ်လေ"

"အို. . . အင်မတန် အမိဟ္ဟယ်ပြည့်ဝတဲ့ အချိန်အခါပေါ့ မောင်ကြီး"

"သေခြင်းတရားကို မောင်ကြီးတို့နှစ်ယောက်ရဲ့ တေးနဲ့ ရင်ဆိုင်ရအောင်"





"တေးဆိုကြစို့ မောင်ကြီးရယ်"

အလိုလေး . . . တေးသံတစ်စ သူတို့နှုတ်က ထွက်လာပါပကော။ ကျုပ်နားထဲမှာ အဝေးဆီက သဲ့သဲ့လွင့်လာသလို အနီးကပ်ပြီး မြည်ဟီးထစ်ချုန်းလာသလို။ တေးသံဟာ နားကတဆင့် တစ်ကိုယ်လုံး အနှံ့အပြား စီးဆင်းလာတယ်။

"××× လှပသော အနာဂတ်၏ နံနက်ခင်းအခါ ထငြိမ်းချမ်းသော ငှက်ငယ်လေးများ တေးသံသာ လွတ်လပ်သော ပန်းပွင့်လေးများ ဒူဒွင့် ဝေဆာ ×× မွှေးပျံ့ရနံ့ ထုံယစ်ကြိုင်လှိုင်စွာ×× အို. . . လင်းအရုဏ်၏ ချိုမြ သော အလင်းရောင်× မဟာကမ္ဘာလောက သည်မြေအနှံ့ စီးပျံ့တော့ညော်သာ"

အလိုလေး . . . အလိုလေး၊ ဒီတေးတစ်ပိုဒ်ကို ကျုပ်စိတ်ထဲက လိုက်ဆိုနေမိပါပကောလား။

ဟုတ်သလေ။ နေပြည်တော်မှာ အလွန်လူကြိုက်များ လူတိုင်း ပါးစပ်ဖျားမှာ သီးနေတဲ့ တေး။ ကျုပ်လိုကောင်မျိုးတောင်မှ နားစွန်နားဖျားကြား တစ်ပိုင်းတစ်စရပြီး၊ သိပ်ကြိုက်နေတဲ့တေး။ ဒါ . . . ဒါဆိုရင် သူတို့တာ. . .။

"ဟေ့. . . ဟေ့ . . . မင်းတို့ဟာ ဂီတ မောင်နှံ ဝေဠုနဲ့ ဟေမာဆိုတာလား"

ကျုပ်အသံတွေ ထူးထူးခြားခြားတုန်နေတယ်။ တေးသံရပ်သွားတယ်။ ယောကျ်ားပျိုက မျက်လုံးပင့် ကြည့်တယ်။

"မှန်ပါတယ် ဗျာ့ကြီး၊ ကိုင်းကိုယ်လုပ်စရာရှိတာ လုပ်ပေတော့၊ ကျုပ်တို့ တေးဆိုလို့ ပြီးသွားပါပြီ"

"နေ. . . နေပါဦး. . . ဆရာလေး၊ ဒီလောက် ကျွမ်းကျင်ပြောင်မြောက်ပြီး လူချစ်လူခင်ပေါတဲ့ ဂီတမောင်နှံ နေပြည်တော်တစ်ဝန်းလုံးမှာ တေးအလှတွေကို ဖုံးလွှမ်းစေခဲ့တဲ့ ဂီတမောင်နှံဟာ ဘယ်လိုအပြစ်မျိုးနဲ့များ ကျုပ်ဆီကို ရောက်လာကြတာတုံး၊ ပြောကြစမ်းပါ၊ ပြောကြစမ်းပါ"

"ဟင်. . . ဗျာ့ကြီး တကယ်မသိဘူးလား"

"တကယ် မသိပါဘူး ဆရာလေး"

"မြို့ဝန်မင်းရဲ့ ရက်စက်ယုတ်မာ ကောက်ကျစ်ပုံတွေကို ကျုပ်တို့ တေးဖွဲ့တယ်လေ၊ ပြီးတော့ ဟောဒီ ချစ်ဇနီးဟေမာက တေးဆိုတယ်လေ၊ ပွဲနန်းတော်အဝမှာ ကျုပ်က စောင်းတီး၊ သူကတေးဆို၊ ဒီတေး ချက်ချင်းပျံ့နှံ့သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရွှေနန်းတော်ပွဲကြည့်ဆောင်ကို ရောက်သွားတယ်၊ မြို့ဝန်မင်းက ဒါက သိပြီး. . . ကျုပ်တို့နှစ်ယောက်ကို. . .”

ကျုပ်တစ်ကိုယ်လုံး သွေးရှုပ်သွားသလိုလို လက်မောင်းထဲမှာ စစ်ကနဲ တောင့်သွားတယ်။ အဆင်သင့်ရှိနေတဲ့ လက်က အပေါ်ကို မြောက်သွားတယ်။ ပြန်ကျလာတယ်။

သူတို့ နှစ်ယောက်ရဲ့ နောက်က မြေစိုင်ခဲတွေ ဖွာထွက်သွားတယ်။ ငါးခုင်းတုတ်လည်း အဝေးကို လွင့်သွားတယ်။

သူတို့ အနားမှာ ကျုပ် ဒူးတုပ်ထိုင်ချလိုက်တယ်။ ပြီးတော့ ကြိုးတွေ ဖြည်ပေးရင်း

“အလိုလေး၊ အချိန်မီ သိရလို့ပါလား ဆရာလေး၊ ကဲ. . . ကဲ. . . အချိန်မရှိဘူး၊ သူသတ်ကုန်းရဲ့ ဟောဟို ဆင်ခြေလျှောအတိုင်း ဆင်းသွား ခင်တန်း အစပ်ကိုလွန်ရင် ချောင်းကလေးတစ်ချောင်း တွေ့ရလိမ့်မ[illegible] ချောင်း ရိုးအတိုင်းသာ ဆင်းသွား ရွှေနန်းတော်သွားတဲ့ လမ်းမကြီး ရောက[illegible]ရော ကိုင်း. . . နံနက်မလင်းခင် ရွှေနန်းတော် အရောက်ဝင်ကြပေတော့”

သူတို့ အတိုင်းမသိ အံ့သြတဲ့ မျက်လုံးတွေနဲ့ ကြည့်နေကြတယ်။

“ကျုပ်ပြောတဲ့အတိုင်းလုပ်ပါ၊ ဒါဟာ ကျုပ်ကို ကူညီရာရောက်ပါ တယ်၊ ပါးကွက်သားကြီး ဗျူဟရဲ့ တစ်သက်မှာ ကောင်းသော အလုပ်တစ်ခုကို လုပ်ခွင့် ရစေဖို့ ကျုပ်ကိုကူညီပါ”

အလို၊ သူတို့ သူတို့ ကျုပ်ကို လက်အုပ်ချီ ကန်တော့နေကြလေရဲ့၊ ကျုပ်သဲသဲကွဲကွဲ မမြင်ရတော့ဘူး။ ထူးဆန်းပါလား။ ကျုပ် မျက်လုံးထဲမှာ မျက်ရည်တွေ စို့နေပါလား။

သူတို့ ဆင်းသွားကြပြီ။ အမှောင်ထုထဲ တိုးဝင်သွားကြပြီ။ အမှောင်ဟာ တဖြည်းဖြည်း ထူထပ်လာမယ်။ ပြီးတော့ တစ်စတစ်စပြန်ပြီး ပါးလျားသွားမယ်။ သည်လိုနဲ့ပဲ တစ်ညဉ့်ကုန်ပြီး နောက်တစ်နေ့ အလင်းရောက်တော့မယ်၊ အဲဒီအချိန်ဆို သူတို့လည်း ရွှေနန်းတော် ရောက်လောက်ပြီ။ တရားမှန်ကန်တဲ့ အတိုင်းဖြစ်သွားကြမယ်လို့ ကျုပ်ယုံကြည်တယ်။ ကောင်းလေခြင်း ဗျူဟ၊ ကောင်းလေခြင်း။

အင်း. . . ကျုပ်ရယ်၊ ငဆွံ့ရယ်၊ ခွေးစက္ကုရယ်ကတော့ ရှင်းရှင်းလေး ရာဇဝတ်သားကို အမိန့်နဲ့ အညီ မစီရင်ဘဲ အသက်ချမ်းသာပေးရုံမက နှောင်ကြိုးက လွှတ်ပေးလိုက်တဲ့ အပြစ်ဆိုတာဟာ ပါးကွက်သား တစ်ယောက်အဖို့ နည်းနည်းနောနော အပြစ်လား။

မြို့ဝန်မင်းက ဘယ်ညာလိမ့်မတုံး၊

အေးလေ. . . ကျုပ်ကလည်း အားလုံးကို ကြို့တွက်ပြီးသားပါ။

နောက်နေ့ တောင်စွယ်နေကွယ်ချိန်က စပြီး ဘျုပ်၊ ငဆွံ့နဲ့ ခွေးစက္ကု တို့ရဲ့ ခေါင်းပြတ်ကို သူသတ်ကုန်း ကားစင်ထိပ်မှာ အားလုံးတွေ့ကြရတော့ မယ်လေ။ ။

**ဝန်တွင်း ဘုဝေ**

❖ ❖ ❖





www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကို လှလာမယ့် ကောင်လေးပဲဟေ့"

လောကကြီးထဲသို့ သူ စရောက်ရောက်ချင်း ကြားလိုက်ရသော အသံဖြစ်၏။ အသံကြားရာသို့ သူ အားယူ မော့ကြည့်လိုက်တော့ ဝိုင်းစက်ပြူးကျယ်သည့် မျက်လုံးအစုံများကိုတွေ့လိုက်ရသည်။ တဖျပ်ဖျပ်လှုပ်နေသော နားရွက်များနှင့် အမြီးများကလည်း သူ့ကို ဝန်းရံလျက်ရှိသည်။

"ဟုတ်တယ်။ အဆက်အပေါက်ကလည်း ငါတွေ့ဖူးသမျှထဲမှာ အချိုးအစားအကျဆုံးပဲ။ မှန်းစမ်း ချို(ဂျို)ထွက်မယ့် ဘုနေရာ ကြည့်ရအောင်"

စိုစွတ်နေသော နှုတ်သီးမည်းမည်းကြီးတစ်ခု သူ့မျက်နှာပေါ်သို့ ဝဲကျလာ၏။ နှုတ်သီးပေါက်ထဲက လေမှုတ်သံကိုပင်သူကြားရသည်။ သူရှောင်တိမ်းဖို့ မစွမ်းနိုင်။ လည်တိုင်က ခိုင်မှ မခိုင်သေးဘဲလေ။

"အား. . . ဘု အစို့နေရာက အနေတော်ရုံတွင်မကဘူး၊ အတော့်ကို အဆင်ပြေတယ်။ ချိုလည်း လှမှာပဲဟေ့"

ဘာတွေ ပြောနေကြမှန်းမသိ။ သူနားမလည်သော စကားလုံးများ ခအောက်ဝယ် ယခုလောလောဆယ် သူအလိုချင်ဆုံးအရာမှာ နွေးထွေးမှုပဲဖြစ်သည်။ နွေးထွေးမှု. . . ပြီးတော့ ဆာလောင်မွတ်သိပ်မှုကို ဖြည့်ဆည်းဖို့ အစာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု. . . ၊ ချမ်းတာရယ်၊ ဆာတာရယ် ဒါပဲသိသည်။

မြက်ခင်းခြောက်ပေါ်မှာ ခွေခွေလေးကျနေရာမှ လူးလဲထဖို့ ကြိုးစားလိုက်သည်၊ ဦးစွာ ရှေ့ခြေနှစ်ချောင်းကို ဒူးပေါ်မှာ အားပြုပြီးမှ နောက်ခြေနှစ်ချောင်းကို ထောက်၍ စန့်ရရန် ဖြစ်အောင်ရပ်. . .။

အဆင်မပြေလိုက်တာ။ ခြေထောက်တွေထဲကို ဘယ်လို အားထည့်ရမှန်းမသိ၊ ခွာကို မြေအပြင်တွင် ကုတ်ရကောင်းမှန်းမသိ။ ဒူးဆစ်နှင့်ပေါင်တွေကလည်း တစ်ခုနှင့် တစ်ခု အချိတ်အဆက် မရှိကြဘူးထင်၏။ သူ့ရှေ့ခြေနှစ်ချောင်းက လိုသည်ထက်ပို၍ ကျဲကျဲကားကားကြီးဖြစ်သွားကာ နောက်ခြေနှစ်ချောင်းကလည်း အလိုက်သင့် ပါမလာဘဲ ကိုးရိုးကားရားဖြင့် ဘုံးခနဲ နောက်ထိုင်လဲကျသွားသည်။

ရယ်သံများ ထွက်ပေါ်လာသည်။ သို့သော် လှောင်ပြောင်ရယ်မောသံများမဟုတ်ဘဲ ချစ်ခင်ကြင်နာသည့် ရယ်သံများဖြစ်ကြောင်း သူအလိုလိုသိလိုက်၏။ ဒါပေမယ့် အဲဒီချစ်ခင်ကြင်နာသည့် ရယ်သံများကိုပင် သူမနှစ်မမြို့ရှိကြောင်း သူ့ဘာသာ ချက်ချင်းသိလိုက်ပြန်သည်။ ဘာ ချစ်ခင်ကြင်နာမှုလဲ။ ဟင်း မလိုပါဘူး။ လိုချင်တာက။

ထိုစဉ် သူ့မျက်နှာတစ်ဝိုက် နေရာအနှံ့အပြားသို့ ကျရောက်လာသော စိုစွတ်နွေးထွေး ညံ့သက် အတွေ့တစ်ခု ကိုခံစားလိုက်ရသည်။ ဘာပါလိမ့်. . .၊ ချောမွတ်သော၊ ပြီးတော့ ချောမွတ်နေရင်းမှာပင် ကြမ်းရှသော ထိုအရာ၊ ဩော် အမေ့လျှာပါလား။ အမေ့လျှာက သူ့မျက်နှာ၊ သူ့ခေါင်း၊ သူ့ကိုယ်ပေါ်မှ အရိအရွဲတွေကို ကျွမ်းကျင်နံ့စပ်စွာ လိမ်းသတ် သုတ်သင်ပေးနေသည်။ အမေ့လျှာ၏ ထက်အောက်ပြန်လှန် သုံးသပ်မှုထဲတွင် အလိုက်သင့်ပါသွားသော အမွေးများ၏ အစုန်အဆန် ရှိန်းရှိန်းဖိန်းဖိန်းအတွေ့ကို သူမိန်းမူးသွား၏။

ဟုတ်ပေသားပဲ။ ငါချမ်းခိုက်တုန်နေတာဟာ ဒီအရိအရွဲတွေနဲ့ စွတ်စိုနေလို့ပေါ့။ ဒါကို အမေက သန့်စင်ပေးနေတာ။ ကျေးဇူးပဲ အမေ။ အမေတာလျှာနဲ့လျက်၊ လေပြည်လေးကလည်း တသွေးသွေးနဲ့ မကြာခင် လုံးဝ ခြောက်သွားမှာ။ စွတ်စို ချမ်းတုန်တာတွေ သိသိသာသာကြီး လျော့ကျ ပျောက်ကင်းသွားမှာ။ ကျေးဇူးပဲ အမေ။

"အနက်ပါ"

"မဟုတ်ပါဘူး၊ အညိုပါ"





"မိုးခိုးရင့် . . . မိုးခိုးရင့်"

"အားလုံးမှားတယ်၊ ဒါကို အနက်ရောင်သန်းသော အညိုရင့်လို့ခေါ်တယ်။ ကြည့်ပါလား၊ လည်ကုပ်တစ်ဝိုက်က အမွေးတွေကိုကြည့်၊ ဒါနဲ့ဆုံးဖြတ်ရတယ်"

မလှမ်းမကမ်းမှ ရေရွတ်ငြင်းခုံသံများကိုကြားရပြန်၏၊ အမေ့လျှာအောက်မှာ နွေးထွေးစွာ မျက်ခွံကို မဟတဟ ထားရင်းမှ လှမ်းကြည့်လိုက်သောအခါ ကျောပေါ်တွင် အဖြူပြောက်များကွက်နေသည့်နီညိုရောင်မျှော့ကို တွေ့လိုက်ရသည်။

"ဟေး. . . ဒရယ်မတွေ လာပြီးတွတ်ထိုးမနေကြနဲ့၊ နင်တို့ထော ဒီလိုပဲ စိုင်သားပေါက်ပြီဆို နင်တို့ အသံချည်းပဲ"

ကျွက်စီကျွက်စီ အသံတွေက. . . "ဟွန့် အဲဒီသမင်ဖိုကြီးတယည်း သူများတွေကို ကြိမ်းဖို့လောက်ပဲ. . . " ဟူသော မသဲမကွဲ ရေရွတ်သံ တစ်ချက်နှင့် အတူငြိမ်ကျသွားကြသည်။

"ဒီမှာ . . . နင့်သားဟာ အတော်လှမယ့်ကောင်သိလား၊ ပြီးတော့ ငါထင်တယ်။ အို. . . ထင်ရုံမကဘူး၊ အတပ်ပြောလိုက်မယ်၊ အရွယ်ရောက်လာရင် အတော်ကြီးကို ထွားမယ့် အကောင်။ ခြေဆံလက်ဆံတွေနဲ့၊ ကုပ်ဝိုးနေရာကို ငါအသေအချာကြည့်ပြီးပြီ။ နင်တို့ စိုင်အုပ်စုမှာ ဒီလို ကောင်လေးမျိုးမပေါက်တာ အတော်ကြာပြီ။ နင့်သားဟာ ဂုဏ်ယူရမယ့် စိုင်တစ်ကောင်ဖြစ်မှာပဲဟေ့၊ သိလား"

ဆတ်ကြီးတစ်ကောင်က ချိုနုအဖတ်များလှုပ်ခါ သွားအောင် လည်တိုယမ်းရင်း အားပါးတရပြောနေ၏။ ဤတွင် အမေ့လျှာ ခဏသိမ်းသွားပြီး အမေ့ထံမှ ကြည်နူးတက်ကြွနေသော ရင့်ကျူးလိုက်သံပေါ်လာလေသည်၊

"အို. . . ကျွန်မရဲ့သားဟာ သမင်၊ ဒရယ်၊ ချေ၊ စိုင်ဆတ် အုပ်စုမှာ တင်မဟုတ်ဘူး၊ ဟောဒီမြိုင်ကြီးဟေမာ တစ်ခုလုံးမှာကို ဂုဏ်ယူရမယ့်သားဖြစ်လာမှာတော့. . . သိလား"

ထပ်ပြီး ကျေးဇူးပဲ အမေ။ အခုမှ အမိဝမ်းတ ဖွားသန့်စင်လာတဲ့ကျုပ်အခြေလေးချောင်းပေါ်မှာတောင် ခိုင်ခိုင်မြဲမြဲ မရပ်တတ်သေးတဲ့ကျုပ်၊ ဒီသားကို အမေ ဂုဏ်တင်လိုက်တာပါလား။

နောက်ခြေမထောက်နိုင်သေးသည့်တိုင် ရှေ့ဒူးနှစ်ဖက်ပေါ် အားပြု



www.burmeseclassic.com

www.burmeseclassic.com



ထားရင်း သူ့အပေါ် ကဲမိုးနေသည့် သမင်ချိုများ၊ ဒရယ် နားရွက်များ၊ ချေ အမြီးများ၊ ဆတ်လည်ကုတ်သားများကို မျက်လွှာတစ်ချက်တည်းဖြင့် ပင့်လှန် ပြန်ကြက်ကြည့်ကာ သူ၊ ကြွေးကျော်လိုက်၏။

"မြိုင်ကြီး ဟေမာမှာ ငါအလှဆုံး. . . "

အသံက ကြောင်စီစီထွက်သွားသဖြင့် ဝိုင်းရယ်သံများ ပေါ်လာသည်။ ဒါရယ်စရာလားဟု သူစိတ်တိုသွားကာ. . . နီးရာမြက်ခြောက်များကို မေးရိုးဖြင့် ပွတ်ချေပစ်လိုက်လေသည်။

●

လသာညဉ့်များ၏ ဆားမြေကွင်းသည် သူ့အတွက် မြိုင်ကြီးဟေမာ လေ့လာရေးသင်တန်းစခန်းဖြစ်လာသည်။ အမေ့ရင်ခွင်ထဲ တိုးကပ်ရင်း သူသည် မြိုင်ကြီးဟေမာ၏ ရှည်လျားလှသော ဖြစ်ပေါ်ပြောင်းလဲမှုများကိုနားဆင်ရ၏။

"ဟိုး. . . မြောက်ဘက်မှာ ရိုးမရှိတယ်။ ဟေဝန်သီလာလို့ခေါ်တယ်။ တောင်စဉ် အထပ်ထပ်မြင့်တက်သွားတဲ့ ဟေဝန်သီလာရဲ့ အဆုံးမှာ ဘာရှိမယ် ဆိုတာတော့ လင်းယုန်နဲ့ သိမ်းငှက်တွေတောင် အတိအကျ မပြောနိုင်ကြဘူး"

သမင်ဖိုကြီးက စကားပြော ကောင်းသည်။ သူ့ အသံသြကြီးကလည်း ဆွေးဆွေးမြည့်မြည့် အသံပေါက်နေသည်။

"သေချာတာတစ်ခုကတော့ ဟေဝန်သီလာရဲ့ အစွယ်တစ်ခုဖြစ်တဲ့ တောကြီးတောင်ကြီး တွေထဲမှာ ငါတို့ရဲ့ မြိုင်ကြီးဟေမာက အကောင်းဆုံးဖြစ် တယ်ဆိုတဲ့ အချက်ပဲကွယ့်။ ဒီအချက်ကို ငါက ငါ့ရဲ့ ချိုတွေနဲ့တောင် လောင်း ကြေးထပ်လိုက်စမ်းချင်တယ်"

သမင်ဖိုကြီး၏ အပြောကောင်းမှုကြောင့် မြိုင်ကြီးဟေမာသည် အတိုင်းမသိ နှစ်သက်ဖွယ်ဖြစ်လာ၏။ သို့သော် သမင်ဖိုကြီး၏ အကျင့် တစ်ခုမှာ သူသိသော အရာတစ်ခုခုကို အပိုင်အနိုင်ပြောပြီးတိုင်း သူ၏ လှပကြီးမားသော ချိုကြီးကို လောင်းကြေးထပ် စိန်ခေါ်ခြင်းမင် ဖြစ်သည်။ သူစိန်ခေါ်သည့် လောင်းကြေးကို ဘယ်သူကမှ ဝင်မငြင်းကြသည့် ကြားထဲက သူသည် ချိုကို ဝင့်ကာဝင့်ကာဖြင့် လောင်းကြေးထပ်စကားကို အထပ်ထပ်ပြောတတ်လေ သည်။

"အမေ. . . ဒီသမင်ဖိုကြီးဟာ မြိုင်ကြီးဟေမာအကြောင်း ပြောချင်





တာက နည်းနည်းရယ်။ လောင်းကြေးထပ်စကားနဲ့ သူ့ ချိုကြီးတွေကို ထုတ် ထုတ်ကြွားနေတာပဲလို့ ကျုပ်ထင်တယ်" ဟု သူက အမေကို ကပ်၍ပြောသော အခါ အမေက "တိုးတိုးပြောသားရဲ့၊ မင်းပြောတာ မှန်ပါတယ်။ ဒါပေမယ့် သမင်ဖိုကြီးဟာ အသက်ကြီးရှာပါပြီ။ သူ့မှာ ဒါပဲ ကြွားစရာရှိတော့ ကြွားပါ စေကွယ်" ဟု အမေက နှစ်သိမ့်လေသည်။

ချိုနုတွေ အဖတ်လိုက် အဖတ်လိုက် တွဲရရွဲကျနေသောဆတ်အိုကြီး ကလည်း ဆားမြေကို တပျတ်ပျတ်လျက်ကာ ကျောက်ဆောင်ပေါ် တုန်တုန် ချည့်ချည့် တက်ပြီးပြောတတ်သေးသည်။

"တို့များအရွယ်ကောင်းစဉ်ကတော့ မြိုင်ကြီးဟေမာဟာ ဘယ်ဒီလို ဟုတ်လိမ့်မလဲ။ ခုလို လသာတဲ့ညဉ့်တွေဆိုလည်း ခုလို ဆားမြေကွင်းမှာ ခုလို ဘယ် အေးအေးလူလူ ဆားလျက်လို့ ရမလဲ"

ဆတ်ကြီးမှာ သမင်ဖိုကြီးလို ဝေါဟာရ ကြွယ်သူမဟုတ်၍ သူ့စကား တစ်ခွန်းပြောတိုင်း ပြောတိုင်းခုလို. . . ခုလို ဆိုသော စကားလုံးက ထပ်ခါ ထပ်ခါ ပါတတ်သည်။

"ခုလို ဝိုင်းဖွဲ့ ပြောနိုင်ဖို့ ဝေးစွ။ ခုလို. . . အဲ ငြိမ်းချမ်းမှုရှိတာ မ ဟုတ်ဘူး။ အဲ. . . ဟိုး အရှေ့ဘက်ဆီက. . . ဘာတဲ့ကွာ၊ အဲ. . . စိမ့်ဝနိုင်ဆီက ကျားသစ်တစ်ကောင်ဟာ အင်မတန်ဆိုးတာကလား။ မြိုင်ကြီးဟေမာ တစ်ခုလုံး က သူ့ကို ဖိန့်ဖိန့်တုန် ကြောက်ရတာကလား. . .။ ဘယ် ခုလို ဟုတ်လိမ့် မတုန်း"

သူမမြင်ဖူးသေးသော ကျားသစ်ဆိုသောအကောင်ကို တွေးရင်း စိတ် ထဲမှာ ဖြိုးဖြိုးဖျင်းဖျင်း ဖြစ်လာ၏။ ဆတ်ကြီးက ဆက်ပြောသည်။

"ငါဆိုရင် ကျားသစ်တစ်ကောင်ရဲ့ လက်သည်းနဲ့ သွားစွယ်တွေကနေ သီသီကလေးလွတ်ခဲ့တဲ့ အကြိမ်ပေါင်းဘယ်နည်းမလဲ။ အဲဒီတုန်းက ခုလိုဘယ် ဟုတ်မလဲ၊ ငါ့လည်ကုပ်သားကြီးတွေကလည်း ခုလိုမဟုတ်ဘူး။ ခုတော့လည်း အင်း. . . ဒီချိုနုတွေပဲ ရှိတော့တယ်"

"အဲဒီကျားသစ် ဘယ်ရောက်သွားပြီလဲ"ဟုအသံတစ်သံထွက်လာ ၏။ အပျင်းထူသော ဒရယ်ဖိုကလေးတစ်ကောင်က သမ်းသမ်းဝေဝေဖြင့် မေး လိုက်ခြင်းဖြစ်သည်။ ဒရယ်ဖိုလေး၏ အသံက ဗလုံးဗထွေးနိုင်ရသည့်အထဲ ဆတ်ကြီးမှာလည်း နားလေးနေပြီဖြစ်၍ ပြန်ဖြေသံထွက်မလာသေး



www.burmeseclassic.com

www.burmeseclassic.com



"ကျားသစ်တွေက ကောက်ကျစ်တယ်"

အသံလာရာသို့ သူခေါင်းထောင်ကြည့်လိုက်၏။ သမင်တစ်ကောင်ဖြစ်သည်၊ သူ့ချိုမှာ နွယ်ပင်အချို့ ရစ်လိမ်လျက်ရှိသည်။

"ခြင်္သေ့လာမယ်ဆိုရင် ခပ်ဝေးဝေးကတည်းက အသံကြားရတာ၊ ငါတို့မှာ ရှောင်ပြေးဖို့ အချိန်ရသေးတယ်။ ကျားသစ်ကတော့ မဟုတ်ပေါင်၊ အလစ်ချောင်းပြီးဝင်တာ။ ဒါပေမယ့် ဆူးခြုံ ကွင်းပြင်ထဲ ဒင်းလိုက်လို့များတော့ တျပ်တို့က မမှုပေါင်၊ လွတ်တာချည်းပဲ"

"အို ဒီ စိမ့်ဂနိုင် ကျားသစ်အကြောင်း မပြောကြပါနဲ့တော့ရှင်"

ချေမတစ်ကောင်က ညည်းသံဖြင့် ဝင်ပြောသည်။ ထိုချေမ၏ သားပေါက်များ အားလုံးလိုလို ကျားသစ်အစားခံခဲ့ရကြောင်း အမေက ပြောပြသည်။

"ငါတော့ ခြင်္သေ့ အမကို ပိုလန့်တယ်။ သူ့ကလေးတွေကျွေးဖို့ အစာလိုပြီများဆိုရင် အမဟာ အထီးထက်တောင် ကြောက်စရာကောင်းသေး"

မျက်လုံးတစ်ဖက်ပျက်နေသည့် ပြောင်အိုကြီး၏ စကားဖြစ်၏။ သမင်ဖိုကြီးက ပြောင်အိုကြီးကို လှမ်းဟန့်လိုက်သည်။ သို့မဟုတ်လျှင် ပြောင်အိုကြီးသည် ခြင်္သေ့ အလိုက်ခံရစဉ်က သူ့မျက်လုံးတစ်ဖက်ထွက်သွားခဲ့ပုံကို ငြီးငွေ့စရာ ကောင်းလောက်အောင် ပြောပြဦးမည်ဖြစ်သည်။

လရောင်သည် ဆားမြေကွင်းပေါ်သို့ အတားအဆီးမဲ့ ဖိတ်လျှံကျနေ၏။ သမင်တွေ၊ ဒရယ်တွေ၊ ချေတွေ၊ ဆတ်တွေလည်း တစ်ကောင်ပြီးတစ်ကောင် မြိုင်ကြီးဟေမာ ဇာတ်လမ်းတွေကို ပြောပြကြသည်။

သူ. . . ပျင်းလာ၏။ အစာကလည်း ဝနေပြီ။ ဆားမြေကိုလည်း စိတ်တိုင်းကျ လျက်ထားသဖြင့် လျှာတွေ ထူပျစ်ပျစ်ဖြစ်လာပြီ၊ မြိုင်ကြီးဟေမာပုံပြင်တွေက မဆုံးသေး။ အမေကတော့ မှိန်းရင်းအိပ်ပျော်သွားပြီဖြစ်၏။

လရောင်အောက်မှ မြိုင်ကြီးဟေမာ စုံညီစည်းဝေးပွဲကို သူ တစ်ချက်သမ်းရင်း အကဲ ခတ်လိုက်၏။ တစ်ခုခု စိတ်အလိုမကျချင်စရာဖြင့် သူ၏ ပျင်းရိနေခြင်းများ လွင့်ပျောက်သွားသည်၊ လရောင်အောက် ဒီဆားမြေမှာ. . .

ကိုယ့်ချိုကိုယ် လောင်းကြေးထပ် ဂုဏ်ပေါ်နေသော သမင်ဖိုကြီးချိုနုတွေ အပျဉ်းအပျဉ်း ကျနေသော ဆတ်အိုကြီး၊ မျက်စိတစ်ဖက်လပ် ပြောင်အိုကြီး၊ ပြီးတော့ ဟန်ရေးပြနေကြသည့် သမင်မ မှတမ်းများ၊ အလကားနေရင်းနားရွက် တဆောင်ဆောင်ဖြင့် ဂနာမငြိမ်သော ဒရယ်များ၊ ခြင်္သေ့မအကြောင်း





မှလွဲ၍ ဘာမှ မပြောတတ်သော ပြောင်ကြီး၊ အမြဲတမ်း ကြောက်ရွံ့ အားငယ်နေသော ချေမ၊ ပြီးတော့ငိုက်မျဉ်းနေသည့် အမေ. . .။

မြိုင်ကြီးဟေမာဟာ . . . ဒါပဲလား၊ ဒီလောက်ပဲလား၊

ဘုဇပတ်ချုံ၊ ဆူးတော၊ ရေအိုင်၊ ချုံသီး စမ်းချောင်း၊ ဆားမြေကွင်းတွေမှာ လှည့်ပြီး အစာစားကြ၊ ရေသောက်ကြ၊ ဆားလျက်ကြ၊ မိတ်လိုက်ကြ၊ ရန်ဖြစ်ကြ၊ ညညဆိုလျှင် ဟောင်းနွမ်းဆွေးမြေ့ ပုံပြင်တွေ တို ထပ်တလဲလဲပြောကြ။ ဒါ. . . မြိုင်ကြီးဟေမာတဲ့လား. . .။

သူ့စိတ်ထဲမှာ မြိုင်ကြီးဟေမာသည် တစ်စက်တလေမှ ဝင်းလို့မကောင်းတော့သည့် အချိုရည်ကုန်နေသော ထုံပျဉ်းပျဉ်းနွယ်ဝင်လိုပါပဲတော့ ထင်လာ၏။ လသာညဥ့် ဆားမြေကွင်းသည်လည်း စိတ်လှုပ်ရှားစရာ မကောင်းတော့။ ပုံပြင်တွေကလည်း ငြီးငွေ့ဖွယ်၊ ခြင်္သေ့ နှင့် ကျားသစ်အလိုက်ခံရ၍ အသက်လုပြေးခဲ့ရတာတွေချည်းပဲ ထပ်တလဲလဲ။ ဒီစည်းဝေးပွဲမှနေ၍ သူသင်ယူလေ့လာစရာ ဘာမှ မရှိ။ အမေ့ကြည့်ပြန်တော့လည်း သူ့ကိုမွေးပြီးတာနဲ့ပဲ အမေ့မှာ စိုင်တို့၏ ဘဝတာဝန်ကြီးတစ်ရပ် ပြီးဆုံးသွားသည့်နှယ် အေးတိအေးစက်။ တိုးတိုးပြောပါသားရယ် ဟူသော စကားမှလွဲ၍ အမေဘာမှ မပြောတတ်တော့ဘူးထင်၏။

ဒါနဲ့များ မြိုင်ကြီးဟေမာတဲ့။ လည်ကုပ်ပေါ်လာနားသောမှုတ်တွေကို အငြိုးတကြီး အမြီးဖျားနှင့် ရိုက်ချလိုက်၏။

●

အိပ်စက်ရာမှ နိုးထလာပြီး ကျောကုန်းကိုဆန့် လည်ကုပ်သားတွေကိုရှန်းကြွစေကာ လေးတွေ သန်းတွေ လွင့်စင်ထွက်သွားအောင် တစ်ကိုယ်လုံးကိုခါပစ်လိုက်သည့် ခဏမှာပင်. . .

ထူးထူးခြားခြား ခံစားလိုက်ရ၏။

တစ်ကိုယ်လုံး ဖိန်းဖိန်းရှိန်းရှိန်း ဝမ်းဗိုက်ထဲက ဆာသော်လည်း အင်အားတွေပြည့်နေသလိုလို၊ အထူးသဖြင့် ဤနံနက် အိပ်ရာထချိန်မှ စုန့်စုန့်ပွပွ လည်ကုပ်သားတစ်ဝိုက်မှာ ယားယံနေသလိုမျိုး၊ တစ်မျိုးကြီးပဲ။ သူတစ်ခါမှ ဒီလို မခံစားဘူးခဲ့၊

ထရပ်ဖို့ ရှေ့ဒူးနှစ်ချောင်းကိုထောင်လိုက်ကာရှိသေး၊ တစ်ကိုယ်လုံးဘာမှ အားမစိုက်ရဘဲ ရပ်ပြီးသားဖြစ်သွားသည်။ ခြေထောက်ပေါ်တွင် သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုံးကြီး စွေ့ခနဲပါသွားသည်။ ယားယံသလိုလို ဖြစ်နေသောကြောင့် အနီးရှိ သရက်ပင်တစ်ပင်တွင် လည်ကုပ်သားကြီးကို ခပ်ကြမ်းကြမ်းပွတ်ပစ်လိုက်၏။ သရက်ပင် ပင်စည်မှ အခေါက်တွေ ဖွာကနဲ ဖွာခနဲ ကွာကျသွားကြသည်။ အား . .

ယားယံတာလည်း မဟုတ်။ ဘယ်လိုကြီးမှန်းကိုမသိ။ တရစပ်ခုန်ပေါက်ပြေးလွှားလိုက်ချင်သလိုလို။ သရက်ပင်မှာ သိမ့်သိမ့်ခါနေပြီး သူပွတ်တိုက်သောအရှိန်ဖြင့် သစ်ရွက်အချို့ တဖြောဖြောကြွေကျလာကြ၏။ နှာရောင်ပေါ်တည့်တည့်ကျလာသည် သရက်ရွက်တစ်ရွက်ကို လေဖြင့် မှုတ်ထုတ်လိုက်ရင်း သူပျော်ရွှင်လာသည်။

လည်ကုပ်သား၏ ယားယံခြင်းက ပျောက်မသွား။ဘယ်လိုကြီးပါလိမ့်။ အရေပြားပေါ်မှ မဟုတ်ဘဲ အတွင်းသားထဲမှ တမျိုးကြီးဖြစ်နေခြင်းပင်။ တစ်ခုခုက အတွင်းထဲမှ ထိုးဆောင့်နေသလို ခံစားရပြီး ထိုအရာကြောင့်ပင် သူအော်မြည်ချင် သလိုလို ဖြစ်လာ၏။ ထို့ကြောင့် သူတစ်ချက် အော်မြည်လိုက်သည်။

အလို့. . . . တစ်ခါမှ မကြားဖူးသော အသံ။ သူ့လည်ချောင်းထဲမှ ရုန်းထွက်လာကာ အာခေါင်၊ ပါးစောင်၊ နှုတ်သီးတစ်လျှောက် အပြည့်အဝ အားပါးတရကြီး ထွက်လာသည့် ဩဩအစ်အစ်အသံ။

အနီးတဝိုက်မှ အိပ်ပျော်နေကြဆဲ စိုင်ပေါက်ကလေးများအားလုံး သူ့အသံကြောင့် လန့်နိုးသွားကြ၏။ နားရွက်တွေအားလုံးသူ့ဆီသို့ စွင့်မတ်လျက်။

"ဘာကြည့်နေကြတာလဲကွ" ဟု သူက လှမ်းမေးလိုက်သည်။

ဟင်. . . ရိုးရိုးပြောလိုက်သော အသံကလည်း သူကိုယ်တိုင်ပင် မရင်းနှီးသော အသံဖြစ်နေပါလား။

အမေရောက်လာသည်။ အမေ့မျက်လုံးတွေကလည်း သားဖြစ်သူကို တစ်ခါမှ မမြင်ဖူးသလိုမျိုး။ ခါတိုင်းလို အကြည့်မျိုးမဟုတ်။

လျှာဖြင့် လျက်ပေးခဲ့စဉ်ကလို၊ လသာညဥ့် ဆားမြေကွင်းတွင် တိုးတိုးပြောပါသားရယ်ဟု ဆုံးမစဉ်ကလို အကြည့်မျိုးမဟုတ်တော့ဘဲ၊ အံ့ဩ ဝမ်းသာအကြည့်မျိုးဖြစ်နေ၏။ နိုးထလာသော စိုင်မပျိုတွေကလည်း သူ့အနားဝိုင်းအုံရောက်လာကာ သူ့လည်ကုပ်သားတစ်ဝိုက်ကို ကွက်ကြည့်ကွက်ကြည့်လုပ်နေကြသည်။ သူကလည်း စိုင်မပျိုတွေကို ခပ်စူးစူး ပြန်ကြည့်ပစ်လိုက်၏။ ဘာကြောင့်မှန်းမသိ၊ အရင်ကအတူတူ ခုန်ပေါက်ပြေးလွှား ကစားဖော် ကစားဖက်





စိုင်မပျိုများသည် သူ့အကြည့်ကိုမခံနိုင်သလို မျက်လုံးလွှဲသွားကြ၏။

ထိုအခိုက် ဘုဇပတ်နှင့် နဘူးချုံများဆီမှ ချိုးချိုးချွတ်ချွတ်အသံများနှင့် အတူ သမင်ဖိုကြီးထွက်လာသည်။

"ဟေ့. . . စောစောက ငါအသံတစ်သံကြားလိုက်. . ."

သမင်ဖိုကြီးမှာ စကား အဆုံးမသတ်နိုင်ဘဲ သူ့ကိုတွေတွေကြီး ငေးစိုက်ကြည့်နေပြီး ခဏကြာမှ. . .

"ဟေး . . . မင်းဟာ လှပသန့်စွမ်းတဲ့ စိုင်ပေါက်လေး တစ်ကောင် ဖြစ်နေပါပကော"

စိုင်မတွေရှေ့မှာ အပြောခံလိုက်ရသဖြင့် သူရှက်သလိုလို ဖြစ်သွားကာ လည်ကိုနှိမ့်ချ၍ မျက်နှာလွှဲလိုက်၏။ ထိုအခါမှပင်

"ဟော. . . ကြည့်ကြစမ်းဟဲ့၊ သူ့ချိုဟာ ကွေးကွေးလေး ထွက်နေပြီ သိပ်လှတဲ့ အနေအထားပဲ"

သမင်ဖိုကြီးက စွတ်ပြောနေတုံးမှာပဲ ဆတ်အိုကြီးရောက်လာသည်။

"ငါမပြောလား၊ ခုလိုဆိုတော့ ငါမမှန်ဘူးလား။ အနက်ရောင်လူနေတဲ့ အညိုရင့်ပါဆိုမှ၊ ကြည့်စမ်း မွေးကင်းစကတည်းက ငါနမိတ်ဖတ်ခဲ့တာ ခုလိုဖြစ်လာမယ်ဆိုတာ ငါအတတ်သိပြီးသား။ သူဟာ ရှားရှားပါးပါး စိုင် အထီးထဲမှာမှ ပိုပြီးရှားပါးတဲ့ အသွေးအရောင်မျိုးနဲ့ ခုလိုဖြစ်လာတာ။ အံမာ. . . အင်း လည်ကုပ်သားကြီးတွေတောင် စုန့်စုန့်ကြီး စူထွက်လာပါပကောဟ၊ နိပ်သတော့"

မကြာမီ အတွင်းမှာပင် သမင်များ၊ ဒရယ်များ၊ ချေများ ဆတ်များ သူ့အနီးသို့ ဝိုင်းအုံ ရောက်ရှိလာကြတော့၏။ အသံဗလံတွေ လည်း မြူးစုံသွားသည်။

"ခွာဆစ်အထက်က အဖြူရစ်တွေကလည်း ထင်းနေတာပဲတော့။ လည်ကုပ်ကနေ ခါးရိုးဆီသွယ်ဆင်းသွားပုံက အချိုးကျသကွာ၊ နှုတ်သီးတွေ နက်မှောင်နေပုံကလည်း လမိုက်ညဥ့်အတိုင်းပဲ၊ အညိုရင့် အမွေး ထဲမှာ အနက်ရောင် ဖောက်နေတာ တယ်လှ"

မြိုင်ကြီးဟေမာ အုပ်စုဝင်တို့၏ လွတ်လပ်ပွင့်လင်းသော ဝေဖန်အတဲ ခတ်မှုများကို သူအလူးအလဲခံနေရ၏။ သို့သော် ရှက်ရွံ့နေသော ခံစားမှုများ ကြည်းဖြည်း ပြယ်သွားပြီး သူ့ကိုယ်သူ အတိုင်းမသိ အားရ ကျေနပ်လာသည်။

"မင်းဟာ မြိုင်ကြီးဟေမာရဲ့ တကယ့် ဂုဏ်ဆောင် စိုင်တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ"

ဒရယ်ဖိုကြီးတစ်ကောင်က သူ့ကို တလေးတစား ပြောလေသည်။ ကြီးတောင်ဝင်သော ထိုနေ့နံနက်ကို သူ ဝင့်ကြွားစွာ ဖြတ်သန်းလိုက်၏။ တောက်ဆောင်ပေါ် တက်ကာ မြိုင်ကြီး ဟေမာကို တပြန့် တပြော ကြည့်ရင်း ရှင်းသန့်လေကို အားပါးတရကြီး ရှူရှိုက်၊ အားပါးတရကြီး နှာမှုတ်ထုတ်၍ ရင်ခေါင်းသံဖြင့် သူ ဟစ်ကြွေးလိုက်လေသည်။

"ငါဟာ မြိုင်ကြီးဟေမာရဲ့ ဂုဏ်ဆောင်စိုင်တစ်ကောင် ဖြစ်တယ်" တစ်တောလုံး တုစ်တောင်လုံးသို့ သူ လှည့်လည်ပစ်လိုက်သည်။

ဆူးချုံမြေပြန့်၊ မြက်ခြောက်ကွင်းပြင်၊ ရေတံခွန်စမ်းပေါက်၊ အရပ်အနား မရှိတော့လောက်အောင်ပင် ခုန်ပေါက် ပြေးလွှားလိုက်၏။ တောလှည့်ရင်း ခုန်ပေါက်ရင်းဖြင့် သူ့ခြေထောက်တွေ သန်စွမ်း တောင့်တင်းလာပုံ၊ သူ့ခွာတွေ မာကျောမြဲမြံလာပုံကို သူဘာသာ သူ တအံ့တသြ သိမှတ်မိသည်။ ဝဲယာတွင် တရိပ်ရိပ် ကျန်ရစ်ခဲ့သော မြက်ရှည်တောများကို အမြင်အာရုံစွန်းထဲမှာ အရသာခံကြည့်ပစ် လိုက်သည်။

မြိုင်ကြီးဟေမာသည် သာယာလှဘိခြင်း။

စိုင်အထီးတစ်ကောင် ဖြစ်ရတာဟာ ဘယ်လောက် ဂုဏ်ယူ စရာကောင်းသလဲဟေ့ . . .။ နီကြန်ကြန် သမင်တွေကို ကြည့်စမ်း . . . ကွေးကွေးလိမ်လိမ် ချိုတွေကို ခေါင်းပေါ် ရွက်ထားရတာ ဘယ်လောက် အလုပ်ရှုပ်လိုက်သလဲ။ တိုစိတိုနှံ့ အမြီးတွေကို ကွကြွေမြဲစွာနဲ့ အချိန်ကြည့် လှုပ်ရင်း မြက်ငုံ့စားနေတဲ့ ဒရယ်တွေကကော ဘယ်လောက်များ လျှပ်ပေါ် လိုက်ပါသလဲလို့။ ချေတွေကကော၊ တတစ်တစ် ဟောက်သံမြည်တာက လွဲလို့ ဘာမှ သုံးရတာမဟုတ်ဘူး။ ချိုးခနဲ ချွတ်ခနဲမြည်တာ လေးနဲ့ပဲ ရှေ့ဆုံးကနေ ခြေကုန်သုတ်ပြေးအလကားနေရင်း သွေးလန့်နေကြတဲ့ ကောင်တွေ။

ဆတ် . . .။ သွားစမ်းပါ။ ချိုဆိုလည်းချိုပေါ့ . . .။ ဘာလဲ၊ အသားနုဖတ်တွေတက်ပြီး အရေပြားတွေ အလွှားလိုက် အလွှားလိုက် ကွာကွာကျ၊ အသားနီတွေလန်၊ ဘတ်လတ် ဘတ်လတ်နဲ့။ ရွံစရာတောင်ကောင်းသေး . . .။ အင်း . . . ဆတ်အိုကြီးဆို ပိုဆိုးသေး။ ညီစို့စို့နဲ့၊ သူမို့လာပြီဆိုရင် ဖြုတ်တွေ မှတ်တွေ တလောင်းလောင်း။

အဲ . . . ပြောင်ကြီးတွေကကော၊ အလုံးအဖန်တော့ ကြီးပါရဲ့၊ ဒါပေ





မယ့် ကုပ်ပိုးသားကြီးတွေပဲ ခုံးခုံးထနေတော့ ခါးကျဉ်ဖင်ရှူးနဲ့။ အရှပ်ဆိုလိုက်တာ နှုတ်သီးပေါက်တွေက လည်း အနံ့ခံသာ မကောင်းရှိရမယ်၊ ငြက်ပြဲကြီး . . .။ ဒေါ်သပဲကြီးတတ်တာ။ သတ္တိရှိတာ မဟုတ်ဘူး။

ဟေ့ . . . ဘာပဲပြောပြော၊ မြိုင်ကြီးဟေမာမှာ စိုင်ဖြစ်ရတာ အကောင်းဆုံး။ အလောတော် ချိုကွေးကွေးလေးနဲ့ အနက်ရောင်ဖောက် အညိုရင့် အမွေးနဲ့၊ လှပပြီး အချိုးကျတဲ့ လည်ကုပ်သားနဲ့၊ ခါးနဲ့၊ အဖြူ ရောင် ရစ်ထားတဲ့ သန်စွမ်းသော ခြေထောက်တွေနဲ့၊ မြဲမြံမာကျောတဲ့ ခွာတွေ နဲ့ . . .၊ ကြွရွလှပနေတဲ့ စိုင် . . .၊ ငါ။

မြိုင်ကြီးဟေမာဟာ ငါပဲဟေ့ . . .။

ငါဟာ မြိုင်ကြီးဟေမာပဲဟေ့ . . .။

●

"သွားစမ်းပါ . . .။ ဘယ်ကလာ မုဆိုးရှိရမှာလဲ" သမင်ဖိုကို သူအာငေါက်ပစ် လိုက်၏။ သမင်မတွေက တောက်ပသော မျက်ဝန်းအိမ်များထဲ ပုတ်ခတ် ပုတ် ခတ်လုပ်ကာ သူ့ကို မရဲတရဲ လှမ်းကြည့်နေကြသည်။

"မင်းကိုယ်တိုင် ကြုံခဲ့ရလို့လား၊ မင်း ရင်ဆိုင်တွေခဲ့လို့လား"

သူ၏ စူးစူးရဲရဲ အကြည့်ကို သမင်ဖိုက မျက်လုံးလွှဲလျက် ဖြေသည်။

"ရင်ဆိုင်တွေ့ ခဲ့တာတော့ မဟုတ်ပါဘူးကွာ၊ သက်ကြီးရွယ်အို တွေက ပြောနေကြလို့ပါ။ အဲဒါ မင်းကိုလည်း သတိပေးလိုက်ပါဆိုလို့"

"သတ်ကြီးရွယ်အိုတွေ ပြောတိုင်း ယုံရမှာလားကွ။ သူတို့ဟာ ချိုတုံးနားရွက်ပဲ့တွေပဲ။ အရေပြားတွေ တွဲလောင်းကျလာတာနဲ့အမျှ ကြောက်စိတ်တွေက ပိုပို များလာကြတာ။ ကဲ . . . ငါ မေးစမ်းပါဦးမယ်၊ မြိုင်ကြီးဟေမာမှာ ခြသေ့်ဟိန်းသံ ကြားသလား"

"ဟင်အင်း . . . မကြားရပါဘူး"

"ကျားတစ်တဲ့ အသံကော"

"မကြားပါဘူး"

ဝါးလက်စ ချဉ်သီးကို ထွေးထုတ်ပြီး သူ ဆက်ပြော၏။ "ဒါပဲပေါ့ကွ ငါတို့အတွက် မုဆိုးဆိုတာ သူတို့ပဲပေါ့။ မြိုင်ကြီး ဟေမာရဲ့ အရှေ့ဖျားမှာဆင်တွေရှိတယ်ကွာ။ ဆင်ရိုင်းကြီးတွေ အုပ်စု အင်အားကောင်းလို့ ဘယ်အာ ဘယ်ခြသေ့်မှ မလာကြဘူး။ ဒီရွှတ်တွကြီးတွေ အားတိုင်း ယားတိုင်း ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ့ ပုံပြင်တွေကို ယုံမနေနဲ့၊ မြို့ကြီး ဟေမာမှာ ခြင်္သေ့မရှိဘူး။ ကျားမလာဘူး မှတ်ထား"

ထိုစဉ် မိုးနှံခြုံတွေကြားမှ တိုးထွက်လာသော ဆတ်အိုကြီး တစ်ကောင်က တုန်ချည့်တုန်ချည့်ဖြင့် အနားရောက်လာသည်။

"မုဆိုးဆိုတာ ခြင်္သေ့ပဲ၊ ကျားပဲလို့ ဘယ်သူပြောသလဲ"

"ဟေ. . . ပြောစမ်းပါကွ၊ ခြင်္သေ့၊ ကျားသစ်၊ ကျား မလာဘူးဆိုတာနဲ့ပဲ ဒီတောမှာ မုဆိုးမရှိဘူးလို့ ဘယ်သူပြောသလဲ"

"ကျုပ်ပြောတယ်"

သူက နှာမှုတ်ထုတ်ရင်း ပြောလိုက်၏။

"မင်း ငယ်ပါသေးတယ်ကွာ၊ အခု ပြောနေတဲ့ မုဆိုးဆိုတာ မင်းသိထားတဲ့ အဲဒီတောကောင်ကြီးတွေကို ပြောတာ မဟုတ်ဘူးကွ"

"သူတို့မဟုတ်ရင် ဘာလဲ"

"လူသား မုဆိုး . . ."

လူသားမုဆိုး . . .။ ကြားလိုက်ရသည့် ဤစကားလုံး အသစ်က သူ့ကုပ်ပိုးသား စုန့်စုန့်ကြီးတွေထဲအထိ ပွဲတင်မြည် သွားသည်ဟု ထင်ရ၏။ ဘာလဲ လူသားမုဆိုး . . .။ ထူးဆန်းသော ဝေါဟာရ။

ဆတ်အိုကြီးက ဆက်ပြောသည်။

"မြို့ကြီးဟေမာ တောင်ဘက်စွန်း ကျောက်ဂူရေတံခွန် စခန်းကို လူသားမုဆိုးတွေ ရောက်လာပြီတဲ့။ ဆင်အုပ်တွေတောင် နေရာပြောင်းဖို့ စီစဉ်နေကြပြီ"

"သင်းတို့က ဘာမို့လို့လဲ"

တဖျဉ်းဖျဉ်း ခံစားမှု များက ထူးဆန်းစွာ သူ့တစ်ကိုယ်လုံးသို့ ပြန့်သွားနေစဉ် လူသားမုဆိုး . . . ဆိုသော စကားလုံးကလည်း သူ့ကို ဖမ်းစားနေပြန်၏။

"ငါလည်း တစ်ခါမှတော့ မကြုံဖူးပါဘူး။ ဒါပေမယ့် တို့ရဲ့ ဘိုးဘေးများလက်ထက်တုန်းကတော့ လူသားမုဆိုးတွေနဲ့ ကြုံခဲ့ရဖူးသတဲ့။ သိပ်ကြောက်စရာကောင်းတယ်တဲ့၊ သိပ်လည်းဉာဏ်များတယ်တဲ့။ လူသား မုဆိုးတွေဟာ သူ တို့ရဲ့ ချိုတွေ၊ လက်သည်းတွေ၊ အစွယ်တွေကို အဝေးကို ပို့လွှတ် ပစ်ခတ်ထိုးခိုက်နိုင်စွမ်းလည်း ရှိကြတယ်တဲ့"

"မဖြစ်နိုင်တာ"





"ငါလည်း သိပ်မသိဘူး၊ သမင်ဖိုကြီးကို မေးကြည့်ဦး။ ကဲ ငါသွားမယ်။ ညကျရင် ဆားတွင်းမှာ ဒီအကြောင်း ဆွေးနွေးကြမယ်"

ဆတ်ဖိုကြီး ထွက်သွားပြီးနောက် သူ ချောင်းစပ်သို့ ဆင်းခဲ့သည်။ ရေသောက်ချလိုက်သော်လည်း လည်ချောင်းထဲ ရှင်းမသွားချေ။ ဗိုက်ပြည့်သွားသော်လည်း ရေငတ်နေတုန်းဟု ခံစားရ၏။

ချိုတွေ၊ လက်သည်းတွေ၊ အစွယ်တွေကို အဝေးသို့ ပို့လွှတ် ပစ်ခတ်ထိုးစိုက်နိုင်စွမ်း။ လူသားမုဆိုး။

ချောင်းထဲသို့ နှုတ်သီးထိုးနှစ်လိုက်ပြီးမှ သူ ရေသောက်ပြီးကြောင်း ပြန်သတိရသည်။ အယောင်ယောင် အမှားမှားပါလား။ အေးလေ . . . ညကျရင် ဆားမြေမှာ ဆုံကြမှာပေါ့။ ပုံပြင်ဟောင်းတွေနဲ့သာ အတိုင်းတဲ့ ဦးနှောက်ဆားတွင်း တွေ့ဆုံပွဲဟာ တစ်မျိုးတစ်ဖုံ စိတ် လှုပ်ရှားစရာတော့ ဖြစ်လာပြီပေါ့။

လူသားမုဆိုး . . . တဲ့။ ဒါပေမယ့် ငါဟာ မြို့ကြီးဟေမာရဲ့ စုံဘက်ခေါင် နှစ်ကောင်မရှိသော စိုင်ပေပဲ။

●

ခြေနှစ်ချောင်း၊ လက်နှစ်ဘက်ရှိ။ မတ်ရပ်လမ်း လျှောက်တတ်၊ အသံမျိုးစုံအော်တတ်။ ပရိယာယ်ကြွယ်ဝ။ ခြင်္သေ့၊ ကျား၊ ကျားသစ်၊ ဆင် စသော်ကြီးတွေကိုတောင် ယှဉ်ပြိုင် ရင်ဆိုင်တိုက်ခိုက်တတ်။ မီးကို ဖန်တီးတတ်။ ရင်ဆိုင်လုံးထွေး တိုးဝှေ့ သတ်ပုတ်ခြင်းမပြု၊ အဝေးမှနေ၍ ပစ်လွှတ်တိုက်ခိုက်။ ထိုသို့ ပစ်လွှတ်တိုက်ခိုက်ရာမှ ထူးဆန်းသောအသံကြီးများ မြည်ဟည်းလာ၊

ပြီးတော့. . . တောကောင်များ၏အသားကို စားသတဲ့၊ လူသားမုဆိုး။

"ကြောက်စရာအကောင်းဆုံးကတော့ တို့များလို ရင်ဆိုင် လုံးထွေး တိုးဝှေ့သတ်ပုတ်တာမဟုတ်ဘဲ အဝေးကနေ ပစ်လွှတ်တိုက်ခိုက်တာပဲ. . ."

သမင်အိုကြီးမှာ ပြောရင်းဖြင့်ပင် ကတုန်ကယင် ဖြစ်နေ၏။

"ငါ့ကို ပြောခွင့်ပေးကြပါ"

အမှောင်ရိပ်ထဲမှ အသံတစ်သံ ပေါ်လာ သည်။ အားလုံး လှည့်ကြည့်ကြသည်တွင် ဆားတွင်းတွေ့ဆုံပွဲသို့ တစ်ခါမှ မလာဖူးသော ပြောင်အိုကြီး တစ်ကောင်ကို တွေ့ကြရ၏။ ပြောင်အိုကြီးမှာ ခြေကျိုးနေသဖြင့် တရွတ်ဆွဲသာ ရလေသည်။

"လူသားမုဆိုးအကြောင်း ဆွေးနွေးကြမယ်ဆိုလို့ ငါမရောက် ရောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် လာခဲ့တာ၊ ငါ့အတွေ့ အကြုံကို ပြောပြချင်လွန်းလို့"

ပြောင်အိုကြီးက သူ့အနားတွင် ဝပ်ချရင်း ဆားမြေကို တပျတ်ပျတ် လျှက်သည်။ သူ့ အတော်ကြီးကို မောဟိုက်နေမှန်း သိသာ၏။ ခဏကြာမှ ပြောင်အိုကြီးသည် လျှာသိမ်းလျက်

"ဦးစွာ . . . ငါပြောချင်တာကတော့ မြိုင်ကြီးဟေမာဟာ ကံဆိုး မိုးမှောင်ကျဖို့ အစပျိုးနေပြီ ဆိုတာပဲ"

ညည်းတွားရေရွတ်သံများ၊ နှာမှုတ်သံများ ပေါ်လာ၏။

"ဒီမှာအဘိုးကြီး၊ ခင်ဗျားပြောစရာရှိတာပဲပြောစမ်း၊ ခြောက်လှန့်၊ လှန့်လုံးတွေ လာလုပ်မနေနဲ့"

သူက ပြောင်အိုကြီး၏ ခြေထောက်အနားမှ ပုပ်အဲ့အဲ့ အနံ့ကို စက်ဆုပ်စွာ ရှောင်ရှားရင်း ဟောက်ပစ်လိုက်သည်။

"ပြောပါမယ်ကွယ်။ ပြောပါမယ်။ ငါဟာ လူသား မုဆိုးနဲ့ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဆုံဖူးပါတယ်။ ငါခြေကျိုးတာဟာ အဲဒီတုန်းကရတဲ့ ဒဏ်ရာပါ။ အခု ဒီအလာမှာ သစ်ငုတ်နဲ့ ထိုးမိပြီး အနာပြန်ပေါ်၊ အင်း. . . ဒီဒဏ်ရာနဲ့ပဲ ငါသေမှာပါ"

"လူသား မုဆိုးအကြောင်းပဲပြောပါဆိုနေ"

"ပြောပါမယ်. . . ။ လူသားမုဆိုးဟာ အခုမြိုင်ကြီးဟေမာရဲ့မြောက်ဘက်၊ အဲ. . . ဟေဝန်သီလာကြောပေါ့။ အဲဒီတောင်ကြော ရိုးမအစပ်ကို ရောက်လာပြီ။ ခြသေ့်လာပစ်တာတဲ့"

"ဘာ. . . ခြသေ့်ကို လူသားမုဆိုးက။ ပစ်တယ်ဆိုတာ ဘာလဲ"

"ပစ်တယ်ဆိုတာ ခုနင်က မင်းတို့ ပြောနေကြတဲ့ အဝေးသို့ ပို့လွှတ် တိုက်ခိုက်တာပေါ့။ စဉ်းစားကြည့်နေဘ်၊ ခြသေ့်လို တောဘုရင်ကို လူသားမုဆိုး ကလာတိုက်ခိုက်တာ"

"တိုက်ပွဲ အကြောင်းပြောစမ်း အဘိုးကြီး၊ လိုရင်းပြော"

"လိုရင်းပြောရရင် ထူးဆန်းတဲ့ ပေါက်ကွဲသံကြီးနဲ့ အတူ ခြသေ့်ဟာ ဗုန်းဗုန်းလဲကျ သေဆုံးသွားတယ်။ ခြသေ့် အလောင်းကို သူတို့က ဘာလုပ်တယ် မှတ်သလဲ။ ကျကျနန ခွဲဖြတ်လှီးစိတ်ပြီး ခေါင်းရော လည်ဆံမွေးရောပါ ပါအောင် အရေခွံ ဆုတ်ယူသွားကြတယ်လေ"

သည်တစ်ခါတော့ ဟယ်ခနဲ အသံများ ထွက်လာလေသည်။ သူကိုယ်





တိုင်သည်ပင် မြက်သီးမဝါးရဘဲနှင့် ပျို့အံချင်သလို ဖြစ်သွား၏။

"လူသားမုဆိုးတွေဟာ ငါတို့တောကောင်တွေကို အဲလိုတိုက်ခိုက် သတ်ဖြတ်ပြီးတော့ အသားကို လှီးငြှာ်ယူ၊ အင်း. . . သူတို့က မီးတိုလည်း လုပ်တတ်တော့ အဲဒီမီးမှာ ကင်စားတယ်၊ အရေခွံ ဆုတ်ယူတယ်၊ ဆင်ကြီးတွေဆို အစွယ်ဖြတ်ခံ ရသတဲ့။ မြွေတွေက အရေခွံ ဖေးလိုက်ရတယ်၊ ဝံတွေဆိုတ သည်းခြေထုတ်ယူတယ်။ မျောက်တွေကျတော့ သွေးစိမ်းတိုသောင် အသောက် ခံရသတဲ့"

အလိုလေး . . . တယ်ရက်စက်ပါလား။ ကယ်ကြပါ . . . အသံများ ထွက်လာသည်။ "ဆတ်တွေရဲ့ ချိုနဲ့၊ ဒရယ်တွေရဲ့ အရေခွံ၊ သင်းခွေနဲ့ ချိုအိုကွာ . . . အမြီးဖျားနဲ့ ခွာကအစ သူတို ယူကြတယ်"

ဝေ့ခနဲ ထိုးအန်သံများ ပေါ်လာ၏။

"တစ်ခါတော့ ငါ့ရှေ့မှာပဲ စိုင်တစ်ကောင်ကွာ၊ အသတ်ခံလိုက်ရပုံ။ ပေါက်ကွဲသံကြီးနဲ့အတူ စိုင်ပေါက်ကြီးဟာ လေထဲ မြောက်တတ် သွားတယ်။ နောက် ဝုန်းခနဲပြန်ကျပြီး သွေးကွက်ထဲမှာ ဆန့်ငင်ဆန့်ငင်နဲ့အကြောဆွဲနေတုန်း လူသားမုဆိုးရောက်လာပြီး ချွန်ထက်တဲ့ အရာနဲ့ လည်မျိုထဲ ထိုးစိုက် . . ."

"တော်ပါတော့ . . . တော်ပါတော့"

အသံများ ကျွက်ကျွက်ညံသွားချိန်ဝယ် သူက ရင်ခေါင်းသံကြီး ဖြင့် ဆောင့်မေးလိုက်သည်။

"အဘိုးကြီး . . . ပြန်ပြောစမ်း။ အသတ်ခံလိုက်ရ တာဟာ စိုင်ခေါက် ကြီးတစ်ကောင်လို့ ခင်ဗျား ပြောလိုက်သလား"

"အေး . . . ဟုတ်တယ်။ စိုင်ပေါက်ကြီးမှ သိပ်လှတဲ့တောင်ကြီး အနက်ရောင်ဖောက်ထားတဲ့ အညိုရင့် အမွေးတွေနဲ့"

အီခနဲ အသံတစ်ချက် ပေါ်လာ၏။ အလို . . . ဒါအမေ့ အသံပါ လား။ တော်ကြပါတော့၊ မပြောပါနဲ့တော့၊ မမေးပါနဲ့တော့။ သူ့အကြောင်းမကြား ပါရစေနဲ့။ ဆို့ဆို့နင့်နင့် ရှိုက်သံနှင့်အတူ အမေ ဗလုံးဗထွေး မြည်တမ်းနေ၏။

သူ့တစ်ကိုယ်လုံး တင်းမာ အေးစက်သွားသည်။

စိုင်ပေါက်ကြီး၊ အနက်ရောင် ဖောက်ထားတဲ့ အညိုရင့်၊ သူ့ အမွေဆက်ခံရရှိထားသော အသွေးရောင်။ ဒါ . . . ဒါဟာ . . . သူ့ အဖေ တုန်းကမှ စိတ်ကူးဖို့ သတိမရခဲ့သော . . . သူ့ဖခင်အကြောင်းပါလား



www.burmeseclassic.com

www.burmeseclassic.com



နှုတ်သီးတွေ သွေ့ခြောက်လာကာ နှာခေါင်းပေါက်ထဲမှ နှာရေတွေစီးကျလာသည်၊ ကုပ်ပိုးသား မို့မို့ကြီးထဲမှာ တစ်ခုခု ထိုးဆောင့်လာ သလို ခံစားရသည်၊

ပြောင်အိုကြီးက ကစဉ့်ကလျားအသံဖြင့် ဆက်ပြောသည်။ "ဒီတော့ ကွယ် . . . ငါပြောချင်တာက အခု လူသားမုဆိုးဟာ မြိုင်ကြီးဟေမာဘက်ကို လှည့်လာပြီလို့ သတင်းရတယ်။ လင်းယုန်နဲ့ သိမ်းငှက်ရဲတွေက စတွေ့တာတဲ့၊ သူတို့က တစ်ဆင့် မြွေဟောက်နဲ့ ငန်းမြွေ တွေက သိလာပြီး ဟိုတစ်နေ့က နွံတောမှာ ဒရယ်ဖိုကြီးနဲ့ဆုံလို့ သတင်း စကားပါးလိုက်တာတဲ့။ ဒီတော့ သတိနဲ့ နေကြဖို့ . . . မသကာ ကြုံပြီး ရှောင်သင့်ရှောင်"

"တိတ်စမ်း . . . ခွေးအကြီး၊ လင်းတကြီး"

သူ ပေါက်ကွဲစွာ အော်လိုက်၏။ ပြောင်အိုကြီးမှာ တုန်သွားသည်၊ ခွေးအ၊ လင်းတနှင့် အနှိုင်းခံလိုက်ရသည်မှာ တောကောင် လောကတွင် အနာဆုံးဖြစ်၏။

ကျောက်ဆောင်ပေါ် သူတက်လိုက်သည်။ "ဒီမှာ . . . အားလုံးနားထောင်ကြစမ်း၊ အဲဒီလူသား မုဆိုး ဆိုတာကို ကျုပ် တိုက်ခိုက် သုတ်သင်မယ်၊ မြိုင်ကြီးဟေမာအတွက်၊ ပြီးတော့ အခုမှ သိလိုက်ရတဲ့ ကျုပ်ရဲ့ ဖခင်အတွက်၊ ပြီးတော့ ကျုပ်လို စိုင်တစ်ကောင်ရဲ့ ဂုဏ်သိက္ခာ အတွက်၊ လူသားမုဆိုးကို ကျုပ် လက်စားချေမယ်၊ သုတ်သင်မယ်။ ကျုပ်လို စိုင်တစ်ကောင်ရှိနေတဲ့မြိုင်ကြီး ဟေမာမှာ ဘယ်လူသားမုဆိုးမှ အနားသီခွင့်မပေးဘူး။ ခွေးအလို၊ လင်းတလိုကောင်မျိုးတွေတော့ ရှောင်ချင်ရှောင် သွားကြ၊ ထွက်သွားကြ . . . ဒါပဲ"

ပြောပြီးပြီးချင်း ဝုန်းခနဲ ခုန်ချကာဆုန်စိုင်းခဲ့၏။ အခုပဲ တွေ့လိုက်စမ်းချင်တယ်။ လူသားမုဆိုးဆိုတဲ့ ကောင်ကို။

●

စိုင်ပေါက်တို့၏ ပကတိသဘာဝစွမ်းရည်များ အပေါ်တွင် သူက ထပ်ဆင့်စွမ်းရည်တွေ တည်ဆောက်ယူလိုက်သည်၊ ပထမဆုံး လုပ်ငန်းကတော့ အုပ်စုခေါင်းဆောင် နေရာ ရယူရေးဖြစ်၏။ ဒါကလည်း လွယ်လင့်တကူပင် အထမြောက်သွားသည်။ သူ့လောက် လှပသော၊ အချိုးအဆက်ကျသော၊ ခွန်အားကြီးသော စိုင်ပေါက်မျိုး သမင်၊ ဒရယ်၊ ချေ၊ ပြောင်၊ ဆတ် စိုင်မျိုးနွယ်စုကြီးထဲမှာ သူမှအပ ဘယ်သူမှမရှိ။ သူမှ သူတစ်ကောင်တည်းသာ ရှိ၏။ ခေါင်း





ဆောင်နေရာကို ရယူလိုက် ခြင်းဖြင့် သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုမှာလည်း ပိုမိုဖွံ့ဖြိုးလာသည်။ စိတ်ဓာတ်ရေးရာအရရော ရုပ်သွင်ခွန်အား အရာမှာပါ သူအကောင်းဆုံးအခြေအနေဖြစ်နေသည်၊

ခေါင်းဆောင်ဖြစ်လာပြီးနောက် ဒုတိယလုပ်ငန်းမှာ မြိုင်ကြီးဟေမာ တစ်ကြောလုံး ကိုးကုန်းကိုးကျင်းအနှံ့အပြား သူ လှည့်လည်လေ့လာခြင်းဖြစ်သည်။ မြိုင်ကြီးဟေမာတွင် ရှိရှိသမျှ တောအုပ်၊ ခင်တန်း၊ ယျိုး ဂူ၊ မြောင်း ရေတံခွန်၊ ကျောက်ဆောင်၊ စမ်းပေါက် . . . အို ဆူးခြုံ မြက်ခုတ်တစ်လေး တစ်ခုကအစ အာရုံထဲမှာ အလွတ်ရအောင် သူ နယ်မြေကျွမ်းကျင်အောင်တိုင်း သင်ယူလေ့ လာ၏။ တတိယလုပ်ငန်းမှာ အပြေးအလွှား အတိုက်အခိုက် အခုန်အပေါက် အသတ်အပုတ်တွေကို လေ့ကျင့်ခန်း ယူခြင်းဖြစ်သည်။ ယှဉ်ပြိုင် လေ့ကျင့် ဖက်၊ အခြားစိုင်ပေါက်များမှာ သူနှင့်ကြာရှည်ယှဉ်ပြိုင် လေ့ကျင့်နိုင်စွမ်းမရှိ ကြသဖြင့် အဆင့်မြင့်စွမ်းရည်များတွင် တစ်ကိုယ်တော် လေ့ကျင့်ခန်းကိုသာ လုပ်လိုက်ရသည်။

နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်း အပတ်တကုတ် လေ့ကျင့်အားထုတ်ရင်း သန်စွမ်းလာသော သူ့ကိုကြည့်၍ မျိုးနွယ်စုက 'မြိုင်ကြီးတောမာအတွက် အရ တော်လေစွ'ဟု ဂုဏ်ပြု ချီးကျူးကြလေသည်။

မြိုင်ကြီးဟေမာတွင် ရွက်ပင် ပျိုနုတို့ ပုရစ်ဖူးကိုယ်စီလှုခိုန်း မြက်ရှည်ပင်တို့ အစိမ်းသွေးတောက်ပလာချိန်၊ နေရောင်ခြည်တို့ လင်းပွင့် သုတ်ဖြာတော့ လာချိန် သမယ တစ်ခုသို့ရောက်သောအခါ၊ သူသည်လည်း အဘတ်ဘတ်တလိုလေသေးမရှိ၊ ပြည့်စုံကုံလုံသော စိုင်တစ်ကောင်ဖြစ်လာပေပြီ၊

●

တစ်နေ့သော နံနက် နှောင်း၌ သူသည် အမြင့်ဆုံး ကျောက်ဆောင်ကြီးထက်မှ ကျောက်ဖြာပေါ်တွင် နေပူစာလှုံရင်း နေ၏ အပူအနွေးဓာတ်တို့ သူ့ကိုယ်ထဲ ပို့ဆောင်အားမွေးနေခိုက် သမင်ဖိုကြီးရောက်လာသည်၊ သမင်ဖိုကြီးသည် ခက်ခက်ခဲခဲ တက်လာရသဖြင့် မောဟိုက်နေလေသည်၊

"မင်း ဒီမှာ ရှိနေတယ်ဆိုလို့"

"ဘာပြောချင်လို့လဲ အဘိုးကြီး"

"လူသားမုဆိုးဟာ မြိုင်ကြီးဟေမာကို ဒီရာသီဦးမှာပဲ ရောက်လာနိုင်တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လာချင်တဲ့အချိန်လာလေ၊ ကျုပ်ကစောင့်နေတာ ကြာပြီ"

"ငါ ပြောချင်တာက မင်းဟာပြီးပြည့်စုံတဲ့ မျိုးနွယ်စုခေါင်းဆောင်ဖြစ်လာပြီဆိုတော့ နောက်ထက်သိသင့်တာလေးတွေပါ။ သတိဆိုတာ ပိုတယ်မရှိဘူး မဟုတ်လား"

"ဘာတွေသိသင့်သေးလို့လဲ။ ခုချိန်က ကျုပ်ဗဟုသုတတွေ၊ မြိုင်ကြီးဟောမာ ပုံပြင်တွေကိုနားထောင်နေရမယ့် အချိန်မဟုတ်ဘူး"

"အေးအေးဆေးဆေး ပြောပါကွယ်။ ဒီစကားလေး တစ်ခွန်း ပြောဖို့ မင်းရှိရာ ဒီနေရာကို ငါ့အသက်အရွယ်မှ မထောက်၊ ခက်ခက်ခဲခဲတက်လာခဲ့ရတာပါ . . ."

"ကဲ . . . ပြောဗျာ . . ."

"ငါတို့မြိုင်ကြီးဟောမာ သက်ကျားအိုကြီးတွေ အားလုံး ဒီအချက်ကို ဝိုင်းဝန်းစဉ်းစားကြတာ ချိုဖျားက အငွေ့ထွက်လာမလား ထင်ရတယ်။ အတော်ကို အားစိုက် စဉ်းစားဖော်ထုတ်ကြရတာ။ နောက်ဆုံး အသက်အကြီးဆုံး မျက်စိကွယ်နေတဲ့ ဒရယ်ဖိုကြီးဆီကို အရောက်သွားပြီး ဒီအချက်ကို ဆွေးနွေးတိုင်ပင်ဖော်ထုတ်ကြတယ်"

"ဘာကို ဖော်ထုတ်တာလဲ"

"စကားလေးတစ်ခွန်းပါ၊ မုဆိုးစိုင်သင် . . . တဲ့"

သူဆက်ခနဲ ဖြစ်သွား၏။ မုဆိုးစိုင်သင် . . .။

မုဆိုးနှင့် စိုင်ကို တွဲထားသော ဝေါဟာရ။

"ဘာအဓိပ္ပာယ်။ ကျုပ်တစ်ခါမှ မကြားဘူးပါလား။ ဒါပေမယ့် ဒီထဲမှာ ကျုပ်နာမည်ပါနေတယ်"

"အင်း . . . လူသားတွေရဲ့ လက်သုံးဆောင်ပုဒ်။ အဓိပ္ပာယ်ကတော့"

ပူဆွေးနေခြည်အောက်၊ ချောမွတ် ကျောက်ဖျာထက်တွင် လဲလျောင်းရင်း သမင်ဖိုကြီး၏ အဓိပ္ပာယ် ရှင်းလင်းချက်များကို သူနားစိုက်ထောင်သည်။

သမင်ဖိုကြီးကရှည်လျားစွာ ရှင်းလင်းဖွင့်ဆိုပြီးနောက် . . . "ဒါပါပဲကွာ၊ အဲဒါလေးကို သတိချပ်မိစေချင်လို့ . . ." ဟု အဆုံးသတ်ကာ ကျောက်ဆောင်ပေါ်မှ ဆင်းသွား၏။ သူ မလှုပ်မယှက် ကျန်ရစ်ရင်း အပြန်ပြန်အလှန်လှန် ထိုစကားပုံကို သုံးသပ်နေမိသည်။ မုဆိုးစိုင်သင် . . . မုဆိုးစိုင်သင် . . . .

●





ထိုတစ်နေ့သို့ အကယ်ပင် ရောက်ခဲ့လေသည်။ မြိုင်ကြီးဟောမာသို့ လူသားမုဆိုး ချဉ်းနင်းခဲ့လေပြီ။ ဦးဦးဖျားဖျား ခံလိုက်ရသူများမှာ ကြောက်ဒူးတလွဲပြီး ဘာမှမသိသော ယုန်များဖြစ်၏။ ထို့နောက် သမင်ပေါက်မျာ။ မျောက်များ . . .။

မြိုင်ကြီးဟောမာ၏ အစိမ်းဝယ် အနီတို့ စွန်းထင်းခဲ့ပေပြီ၊ မျိုးနွယ်စုတို့မှာ ထိတ်လန့်နေကြသည်။ သူကိုယ်တိုင်လည်း အဝေးသို့ ပို့လွှတ်ပစ်ခတ်ထိုးစိုက်သော လက်နက်နှင့် ပေါက်ကွဲ မြည်းဟည်းသံ ဆိုတာတို့ ဆက်ဆက်ကြားမြင်ရပြီဖြစ်သည်။

မြိုင်ကြီးဟောမာ ချောက်ချားနေသော်လည်း သူကမူ စိတ်ခေတ်တွေတဖွားဖွား တက်ကြွနေ၏။ သူ့ စွမ်းပကား အကြီးမားဆုံးအချိန်တွင် လူသားနှင့်ရောက်လာခြင်းကပင် အောင်ပွဲရန့်ဟု သူ ယူဆသည်။

လူသားမုဆိုး . . .။ ချွန်မြသော လက်နက်တွေကို အဝေးမှ ပို့လွှတ်ပစ်စိုက်တက်သည်။ ချောင်းမြောင်းတိုက်ခိုက်မှုလည်း လုပ်တတ်သည်။ သင်းသည် ခြသေ်၊ ကျား၊ ကျားသစ် သုံးမျိုး ပေါင်းထားသော သတ္တဝါတစ်ကောင်လိုအန္တရာယ်ကြီးကြောင်းကိုတော့ သံသယဖြစ်စရာ မရှိ။ ဉာဏ်များသူ ဝရိုသာတ်များသူ၊ ပြီးတော့သူ့နေရာမဟုတ်ပါဘဲ မြိုင်ကြီးဟောမာကို တောကျွမ်းသူ။

ဒါပေမယ့် . . . ဟင်း . . .။ ဘယ်ရမလဲကွာ။ ပထမဆုံးအကြိမ် ထိပ်တိုက်တွေ့ဆုံမှု။ မျောက်တစ်အုပ် နောက်သို့ သင်းလိုက်စဉ် နဂါးသန်လျှော်ချုံတစ်ချုံဘေးမှာ သူနှင့်လူသားမုဆိုး ပြုန်းခနဲ ရင်ဆိုင် ပက်ပင်းတိုးခဲ့သည့်နေ့ လည်ကုပ်သားကြီးများ ပေါ်မှ အနက်ရောင်အမွေးကြမ်းတွေ ဖွားဖွားထောင်ထကာ နှာတစ်ချက် ရှုပ်လိုက်ရုံရှိသေး၊ ဘာပြောကောင်းမလဲ လူသားမုဆိုးနဲ့ ရဲ့အကောင် တစ်ချိုးတည်းနောက်ကြောင်းပြန်ပြေးတော့သည်။ ထိုအချိန်လေးမှာပဲ သူမှာလည်း ဒေါသနှင့်အတူ မေ့ဖျောက်ပစ်လိုက်၏။

ထိုအတွေ့အကြုံကို သူကပြန်ပြောပြသောအခါ မျိုးနွယ်စုတစ်ခုလုံး ဟင် ဟယ် အသံများ ပွက်လောရိုက်သွားလေသည်။

"ဒီမှာ၊ မြိုင်ကြီးဟောမာကို သိမ့်သိမ့်တုန်သွားစေ တယ်ဆိုတဲ့ လူသားမုဆိုးဟာ ကျုပ်နဲ့ရင်ဆိုင်တွေ့တဲ့အခါကျတော့ ဖိန့်ဖိန့်တုန်ပြီးနောက်ကြောင်းပြန်ပြေးတာပဲ။ သင်းကို ကျုပ် ပွဲဦးထွက်အနိုင်ရလိုက်ပြီ၊ သိရဲ့လား"

ဤတွင် ပြောင်အိုကြီးက အမြီးဖျားကို ကျောပေါ် ပင့်တင်ရင်းခြော



www.burmeseclassic.com

www.burmeseclassic.com



၏၊ "ဂုဏ်ယူစရာပါပဲကွယ်၊ ဒါပေမယ့် မုဆိုးစိုင်သင်ဆိုတဲ့ စကားလေးကိုတော့ မခံနိုင်ဘူး"

သူ ဟားတိုက်ရယ်မောလိုက်သည်။ "ဒီစကားကို သမင်ဖိုကြီး ရှင်းပြပြီး နောက်မှာ ကျုပ်ကိုယ်တိုင်ပဲ ကျေညက်နေအောင် သုံးသပ်ပြီးပြီ။ ပညတ်သွားရာ ဓာတ်သက်ပါပဲ။ မုဆိုး စိုင်သင်။ မုဆိုးက တပည့်၊ စိုင်က ဆရာ။ မုဆိုးက လက်အောက်ခံ၊ စိုင်က စိုးမိုးသူ၊ ကိုင်း . . . ဘာပြောချင်သေးသလဲ"

"မပြည့်စုံသေးဘူးကွယ်၊ အခြားတစ်ဘက်က စဉ်းစားသင့်တယ်"

"ဘာလဲ အခြားတစ်ဘက်က"

"ဆရာဖြစ်သူ စိုင်ထံမှ သင်ယူလေ့လာ တတ်မြောက်လာခြင်း အားဖြင့် တပည့်ဖြစ်သော မုဆိုးသည် တစ်စတစ်စ ပိုပြီး ကျွမ်းကျင် ပြောင်မြောက်လာတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ"

"အဲဒီတော့ကော ဘာဖြစ်သေးလဲ၊ သူဘယ်လိုပဲ ကျွမ်းကျင်လာသည်ဖြစ်စေ သူဟာတပည့်ပဲ။ မုဆိုးဟာ တပည့်ပဲ၊ စိုင်က ဆရာပဲလေ"

"ဒီလိုလည်း မဟုတ်သေးဘူးကွယ့်။ နဂိုက မတက်တဲ့ မုဆိုးဟာ စိုင်နောက် လိုက်ရင်းနဲ့ စိုင်က သင်းပေးသလို ဖြစ်ပြီး စိုင်ကြောင့် ပိုမို တတ်မြောက်လာတယ်၊ ဒီသဘော"

"ခက်ပါလား . . .။ ဘယ်လိုပဲ ပိုမိုတတ်မြောက် တတ်မြောက်၊ မုဆိုးဟာ စိုင်နောက်မှာပဲ ကျန်နေခဲ့တာ မဟုတ်လား။ မုဆိုးရဲ့ အတတ်ပညာဆိုတာ စိုင်ရဲ့နောက်ကနေပဲ လိုက်လံမှီခိုတုပရတာပဲ မဟုတ်လား"

"အေးပါ . . . ဟုတ်ပါတယ်၊ အဲဒီလိုပိုပိုပြီး တတ်မြောက်လာရင်း ကျွမ်းကျင်လာရင်းနဲ့ပဲ . . ."

သူ သည်းမခံနိုင်တော့သည့် အဆုံး ခွာကို စုံပေါက်ကာဟိန်းဟောက်လိုက်၏။

"ဒီမှာ အဘိုးကြီး။ ခင်ဗျားကြီးဟာ အနိဋ္ဌာရုံသမားကြီးပဲ။ ဒီမှာ ရှင်းရှင်းလေးဟာ။ ဒီဝေါဟာရဟာ လူသားမုဆိုးတွေရဲ့ ဝေါဟာရ။ စိုင်ကို သူတို့ ဘယ်လောက် ဆရာတင်သလဲဆိုတာ ဒီဝေါဟာရကို တီထွင်လိုက်တာပဲကြည့်၊ တပည့်ဟာ ဆရာကို ဘယ်တော့မှ အံမတုနိုင်ဘူး၊ မလွှမ်းမိုးနိုင်ဘူး . . . မှတ်ထား"

ထိုညဉ့်က ဆွေးနွေးပွဲသည် မရေမရာ ဖြင့်ပင် ပြီးဆုံးသွားခဲ့လေသည်။

●





စူးရှသော နေရောင်ခြည်တို့ မြိုင်ကြီးဟေမာတစ်ခွင်လုံးပေါ်သို့ ဖြန့်ကြက်ကျရောက်ချိန်မှာပင် ပွဲကြီးပွဲကောင်း စလေသည်။

ပထမတစ်ပွဲမှာ ကျွန်းပင်ပေါက်တောစပ်မှာ ဖြစ်၏၊ ချဉ်သီးများကို တဖြုတ်ဖြုတ် သူဝါးနေခိုက် လေညာမှ လွင့်လာသော အနံ့တစ်ခုကို သူရလိုက်သည်။ လပေါင်းများစွာ လေ့ကျင့်ထားသော အာရုံများက တနုစပ်လည်ပတ်သွားကြပြီး သူ့အသိ၌ လူသားမုဆိုးဟူသော ဆုံးဖြတ်ချက်က တဖွတ်ဖွတ်ပွင့်သွားသည်။ ချဉ်သီးပင် နောက်ကွယ်ရှိ နွယ်ချုံ များအကြားသို့ သူ ကိုယ်ယောင် ဖျောက်လိုက်ချိန်မှာ လူသားမုဆိုးသည် မိုက်မဲစွာပင် လေညာရှိ ကျောက်တုံးတစ်တုံးကို အကွယ်ယူလျက် သူရှိရာသို့ ချောင်းမြောင်းနေခဲ့၏။

နီညိုရင့် ဇော်ဂျီတောင်ဝှေးအုံကြီးနှင့် အနက်ရောင်နွယ်ပင်များ အကြား သူ၏ကိုယ်လုံးကို နှစ်မြှုပ်လိုက်ချိန်တွင် လူသားမုဆိုးသည် မျက်စိအောက်မှ သူ့ရုပ်ခြည်းပျောက်ကွယ် သွားသဖြင့် တအံ့တသြ ဖြစ်ကျန်ခဲ့၏၊ နှာမှုတ်သံကို ထိန်းသိမ်းလျက် တစ်ကိုယ်လုံး အသေကောင်ပမာ ငြိမ်သက်လှုပ်ရှားမှုမဲ့ သူ ရပ်နေလိုက်သဖြင့် မုဆိုးသည် ခေါင်းကို ခါယမ်းရင်း တစ်ဘက်သို့ ဆင်းသွားလေသည်။

ဤအတွေ့အကြုံကို သူက တဟားဟားရယ်ရင်း ပြောပြတော့ သမင်ဖိုကြီးက "မုဆိုးဟာ မင်းဆီက သင်ယူတတ် မြောက်သွားခဲ့ပြီ၊ နောက်တစ်ခါ ဒီနည်းကို မင်းသုံးလို့ မရတော့ဘူး"ဟု ဆို၏။

ဒုတိယအချီကား ပို၍နှလုံးတုန်ဖွယ်ပင်။

မုဆိုးအနံ့ကို သူ လုံးဝမရလိုက်မီမှာပင် ဗိုးခနဲအသံ တစ်သံ ကြားလိုက်ရ၏။ ချောင်းရေစပ်မှာ ဖြစ်သဖြင့် လေထဲမှ ထိုပျံ့သန်း နီးကပ် လာသံကို အစဉ်နိုးကြားနေသော သူ့အာရုံများက အဦးအဖျားခံစားနိုင်ခဲ့ကာ တစ်ကိုယ်လုံး မြောက်တက်သွားအောင် ခုန်လွှားလိုက်နိုင်သည်။

ချွန်မြမြ ရှည်မျောမျော အရာတစ်ခု သူ့ဝမ်းဗိုက်အောက်မှ ဖြတ်သန်းကာရေထဲကျသွား၏။ အချည်းနှီးလက်နက်။ နှာတစ်ချက် မှုတ်ထုတ်ရင်း ချောင်းစပ်လေအောက်အရပ် တညင်းပင်ကို ကွယ်ရပ် နေမည့် မုဆိုးအားလှောင်ပြောင်ရင်း သူ လွှားခနဲ ပြေးထွက်ခဲ့လေသည်။

ဤပွဲကို ပြန်လည် သုံးသပ်ကြပြီးနောက် ဒရယ်ဖိုကြီးက ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခုကို မုဆိုးဟာ သင်ယူတတ်မြောက်သွားပြန်ပြီ"

သည့်နောက်တော့ အပွဲပွဲတွေပါပဲ။ မုဆိုး၏ ခြေသံမလုံသော တတိယပွဲ၊ ကလစ်ဟုသော မြည်သံကို မထိန်းသိမ်း တတ်သည့် လက်နက်ပြင်ဆင်မှုကြောင့် မုဆိုးလက်မှိုင်ချသွားရသည် စတုတ္ထပွဲ။ ဖြုန်းဖြုန်း ဖြင်းဖြင်း တောချောက်သံပေး ကာ စက်ဝိုင်းကွန်ရက်လို အုပ်စုလိုက် ဝိုင်းအုံလာကြသော်လည်း ကြောက်တတ်သော ရှေ့ပြေးလမ်းပြအဖွဲ့ကို ထိုးဖောက်လိုက်နိုင်သဖြင့် လူသားမုဆိုးတို့ ကစဉ်ကလျား ဖြစ်သွားသောပဉ္စမပွဲ။ ကျွန်းပင်မြင့်ခွကြားတွင် လင့်ထိုးကာတစ် ညဥ့်လုံး စောင့်ပြီးမှ စကားပြောသံနှင့် အညစ်အကြေးစွန့်ခြင်းကို မချုပ်တီးနိုင်သောကြောင့် အဟောသိကံ ဖြစ်သွားရသော ဆဋ္ဌမပွဲ။

မုဆိုး၏ညံ့ဖျင်းမှုတွေနှင့်အတူ သူ၏ လှပကျွမ်းကျင်မှုမှာ တစ်ခုပြီးတစ်ခု ပေါက်ဖွားလာနေကြ၏။ အောင်ပွဲအလီလီဖြင့် စိုင်ပို့မ တွေက သူ့အနားတစ်ကောင်ပြီးတစ်ကောင် ရောက်လာချိန်ဝယ် သက်ကြီးရွယ်အိုတွေကတော့ တဖွဖွပြောနေကြဆဲ။

"မုဆိုးစိုင်သင်နော်။ ဒင်းတို့ဟာ တစ်ခုပြီးတစ်ခု တက်မြောက်သွားပြီ။ သတိထား . . . သတိထား"

●

မိုးဦးကျစ။ မြေသင်းနံ့လေးတွေ ပျံ့တက်မွှေးပျံ့လေ သော အလွန်မြူးရွှင်ဖွယ်ကာလသို့ ရောက်လာ၏။

ဆားတွင်းဆွေးနွေးပွဲ တစ်ညဥ့်ဝယ် သူကပင် စကားစလိုက်သည်။ "တစ်နွေလုံးလုံး အချည်းနှီး အရှုံးဆက်နေတဲ့ မုဆိုးဟာခံနိုင်ရည် မရှိတော့ဘူး။ သင်း ကယောင်ချောက်ချား ဖြစ်နေပြီ"

ခြေကျိုးပြောင်အိုကြီးက ဇွတ်ဝင်ပြောတော့သည်။

"မထင်နဲ့ . . . မထင်လေနဲ့။ လူသားအသိဉာဏ်နဲ့ သုံးသပ်ဖယ်ခွာပြီး ဇွဲလုံ့လနဲ့သတ္တိကို အစားထိုးတတ်ကြတယ်။ သင်းတို့ဟာ ပါးနပ်လိမ္မာရုံတင်မကဘူး၊ မျက်ခြည်အပြတ်မခံတဲ့ စိတ်ဓာတ်ရှိတယ်။ ဒါလုပ်ရမယ်ဆိုရင် မပြီးမချင်း သူတို့ လက်မလျှော့ဘူး။ ခြင်္သေ့၊ ကျား၊ ကျားသစ်၊ လင်းယုန်၊ သိန်းစွန်ရဲ့ ငှက်ကြီးဝန်ပို၊ မျောက်ဝံ၊ အိုကွာ ရှိရှိသမျှ တောကောင်တွေရဲ့ အကောင်းဆုံးဆိုတဲ့ အရည်အသွေးတွေကို သင်းတို့က ပေါင်းရုံးပိုင်ဆိုင်ထားတယ်။ သတိထား။ ငါတော့ မရဏရဲ့ အနံ့ကို ရှူရှိုက်မိနေ တယ်"





ပြောင်အိုချေကျိုးကြီးကို သူ စက်ဆုပ်စွာ အော်ဟစ်မောင်းထုတ် လိုက်သည်။

"ဘာ မရဏအနံ့လဲ . . . ခင်ဗျား ရှူရှိုက်မိနေတာက ခင်ဗျားကြီးရဲ့ ခြေကျိုးအနာက ပုပ်အဲ့နေတဲ့ အနံ့ပဲ၊ ခွေးအကြီး လင်းတကြီး ထွက်သွား . . ."

ပြောင်အိုကြီး ယော့နင်း ယော့နင်းဖြင့် ထွက်သွားပြီးနောက် သူတမျိုးနွယ်စုဝင်တို့ကို ပြောလိုက်၏။

"မုဆိုးစိုင်သင်တဲ့ မှတ်ထား၊ မုဆိုးဟာတပည့် စိုင်ဘာဆရာ"

●

လေအဝှေ့မှ အနံ့။ ထိုနောက် အလွန် တိုးတမ်သော 'ထယ်' မြည်သံသဲ့သဲ့၊ အလိုအလျောက် ပွင့်ဟနိုးကြားပြီးသား သူ၏ နှာဝနှင့် နားရွက်ထဲသို့ အတိုင်းသား ဝင်လာ၏။ ညံ့လိုက်တာ၊ ဘာများ သင်ယူ တတ်မြောက်လို့လဲ၊ သူက စိတ်ထဲမှ ပြောရင်း ကညင်ပင်တောတန်း နောက် ဘုဖယ်ကြားသို့ ဝင်ကာ မြေကပ် ကျောက်ခက်ပင်များပေါ်သို့ ခွာကိုအသာအယာတင်ထား လိုက်သည်။

သူ့ကို မုဆိုးမမြင်သော်လည်း သူကတော့ မုဆိုးကို မြင်နေ၏၊

အစိမ်းပြောက်ဝတ်စုံ။ အံမာ၊ ဒါတောရဲ့ အရောင်အဆင်းတို လိုက်လုပ်ထားတာပဲ။ ချုံအကွယ် ဒူးထောက်နေပုံ ကလည်း ငြိမ်သက် လွန်းစွာ။ ဒါကလည်း ငါ့ဆီက သူ သင်ယူ တက်မြောက်ထားတာမဲပေါ့။ ပြီးတော့ လေညာအထက်မဟုတ်။ လေအောက်။

အင်း . . . ဒါလည်း သင်ယူတက်မြောက်နည်းတစ်ခု ပေါ့လေ၊ ဆော့ဝိုက်တိုက်ခတ်လာသော လေကြောင့် လေအောက်က မုဆိုးအနံ့ကို သူ၏ လှစ်နေသော အာရုံကသိလိုက် ခြင်းဖြစ်သည်။

အတော်ကို သင်ယူတက်မြောက်နေပြီပေါ့လေ။ ဟင်း ဟင်း၊

လေတိုးသောကြောင့် သစ်ရွက်လှုပ်သံ ရှဲရှဲမြည်သံမှ အပ မြိုင်တြွေ့ ဟေမာတစ်ခုလုံး တိတ်ဆိတ်လျက်။ တစ်နေ့ခင်း လုံးလုံးပင် ငြိမ်သက်တိတ်ဆိတ်ခြင်းဖြင့်သာ ကုန်ဆုံးသွား၏။ သူလည်းမလှုပ်။ မုဆိုးလည်း မရွေ့၊ ကြာတော့ သူ့ခြေထောက်များ တောင့်တင်းကိုက်ခဲလာ၏၊ မုဆိုးလည်း ချွေး... အနေထားပျက်ယွင်းနေပြီ။ နှုတ်ခမ်းတွေကို လျက် လျက်နေသည် သင်း . . . ရေငတ်နေပြီ။ အား . . . ငါကကော၊ ငါလည်း အာခေါင်ခြွေ ခြောက်



www.burmeseclassic.com

www.burmeseclassic.com



လည်ချောင်းတွေ ပူနေပါပကော။ ချဉ်သီး စားထားခဲ့သဖြင့် ပိုရေငတ် သည်။ နှုတ်သီးဝ အရေပြားတွေပင် တင်းချင်လာပြီ။ တောင့်ထားစမ်းဟေ့. . .။ ဒါဟာ သင်ကြားပို့ချပေးတဲ့ စိုင်နဲ့ သင်ယူတတ်မြောက်လာပြီဆိုတဲ့ မုဆိုးတို့ရဲ့ စွမ်းပကားပြိုင်ပွဲ။

နေညိုသွားပြီ။

မုဆိုးခိုအောင်းနေသော ချုံပုတ်လှုပ်သွား၏။

သင်း ဒူးထောက်ရာမှ လှဲချသည်။ ပြီးတော့ ပြန်ရပ်သည်။ သင်း လက်လျှော့သွားပြီ။ မုဆိုး ဆုတ်ခွာတော့မည်။ ချုံးချုံးကျနေသော အသွင်။ စိတ်ပျက်အားငယ် ဒေါသထွက်။ ဟင်း . . . အရှုံးမျက်နှာ။

မုဆိုးလှည့်ထွက်သွား၏။

သူလည်း မြောက်ကပ်ကျောက်ခက်ပင်များပေါ်မှ ခွာတိုကို အသာအယာ နုတ်ယူလိုက်သည်။ အသံလုံးဝမထွက်။ သို့သော် နောက်ခြေတစ်ဖက်ကို အသိမ်းတွင် ကျောက်ခက်ပင်လေးတွေ အောက်မှ ဖုံးကွယ်နေသော နွယ်ဒါန်းခြောက်တစ် ခုပေါ်သို့ သိမ်းပြီးသား ခွာတစ်ဖက် ကျသွား၏။

ချာခနဲ ပြန်လှည့်လိုက်သည့် မုဆိုး။

ထို့နောက် ဒူးထောက်ချ၊ တစ်စုံတစ်ခုကို ကောက်ကိုင် . . .။

ပေါက်ကွဲမြည်ဟည်းသံတစ်ခု။

ဟိတ် . . .၊ လက်ဦးမှုယူ။ ဒါက သင်းဆီကလာတာ။

ခွာက နွယ်ခြောက်တွင်ငြိနေ။ စုန့်စုန့်ပုံ့ပုံ့ လည်ကုပ် သားကြီးကနွယ်ဒါန်းကွင်းထဲမှာ စွပ်လျက်သား ဆို့တစ်နေ။

တစ်ကိုယ်လုံး ပူလောင်။ လွင့်စင်မြောက်တက်သွား။ ဗုန်းခနဲ ပြန်ကျ။ ထိပြီဟု သူ သိလိုက်၏။

အနီရောင်မြင်ကွင်း၊ အတိုင်းအဆမဲ့ နာကျင်ခြင်း။

လည်ကုပ်သားအောက်၊ လက်ပြင်နေရာမှာ ပူနွေး စိုရွှဲသွား၏။ မဟန်နိုင်တော့သဖြင့် ဝေါခနဲ ထိုးအလဲတွင် ပြေးဝင်လာသော မုဆိုးကို ရိပ်ခနဲ မြင်လိုက်ရ၏။

ပေါက်ထွက်မတက် ပြူးကျယ်လာသော ကိုယ့်မျက်လုံးများကိုပင် ကိုယ်မယုံချင်။ နောက်ဆုံးအဖြင့် လူသားမုဆိုးကို ကြည့်သွားချင်တယ်။ ငါ သင်ပေးထားတဲ့ ငါ့တပည့်မုဆိုးကိုလေ။





ကိုယ့်ဆီက သင်ယူတတ်မြောက်သွားသူကြီး . . .။ သင်းကို တစ်ခုခု ပြောခဲ့ချင်သည်။

"ဟေ့ . . . မုဆိုးရဲ့ . . .၊ ငါ့တပည့်ရဲ့ . . .။ ဘာပဲဖြစ်ဖြစ် မြိုင်ကြီးဟေမာမှာ တစ်ချိန်က အင်မတန် စွမ်းပကားကြီးမားတဲ့ စိုင်ကြီး တစ်ကောင်ရှိတယ်ဆိုတာတော့ ဘယ်သူမှ မငြင်းနိုင်ဘူး သိလား။ အဲဒီ စိုင်ကြီးဟာ မုဆိုးကို သင်ကြားပေးခဲ့တဲ့ ဆရာသမားလည်း ဖြစ်ခဲ့တယ်။ မင်းအခုလို ငါ့ကို သုတ်သင်လိုက်နိုင်တာဟာ ငါက မင်းကို သင်းပေးခဲ့လို့ ဆိုတာလည်းကွယ် မင်း လက်မခံလို့ မရဘူးလေ။ ဟင်း . . . ဟင်း . . .၊ ဘာပဲဖြစ်နေနေ၊ မုဆိုးစိုင်သင်ပါတွေ့ယ်။ ဟဲ . . . ဟဲ။ ငါဟာ အင်မတန်မှ ကြီးကျယ်တဲ့ စိုင်။ မုဆိုးရဲ့ ဆရာ . . . စိုင်။ ဒါကို မြိုင်ကြီးဟေမာကရော၊ လူသားမုဆိုးလောကကပါ တစ္စဉ်ဆိုး . . ."

စကားလုံးတွေက မဆုံးသေးဘဲ အသံက ပျောက်သွားသည်။ သူ နောက်ဆုံးအမှတ်ရလိုက်သည်မှာ သူ့ကိုယ်ပေါ်မှ အရိ အရွဲတွေကို လျှက်သျှက်ပေးနေသော အမေ၏ လျှာနွေးနွေး။

မုံရွေးစာစဉ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## တစ်ဆိတ်ဆိတ် ဖေယျာအောင်ချာ

အမှန်တော့ ကျုပ်လုပ်ရမည့် အလုပ်ကို ကျုပ်လုပ်တာပါပဲဗျာ။

ဘာမှ ကြီးကြီးကျယ်ကျယ် ပြောစရာလည်း မရှိပါဘူး။ ပြောလဲ မပြောတတ်ပါဘူး။ ပြောလဲ ဘယ်သူကမှ ကျုပ်စကားကို အရာသွင်းမှာ မဟုတ်ပါဘူး။ ဇာတ်ပွဲဆိုင်းထဲက စည်းတီးတစ်ယောက်ရဲ့ စကား ဘာများအရေးပါမှာမို့လဲ။ အဲ. . . စည်းတီးလည်းဖြစ်ပြန်၊ ဘိန်းကလဲ စားပြန်ဆိုတော့ ပိုတောင် အဖတ်မလုပ်ချင်ကြသေး။

တတ်နိုင်ဘူးဗျာ ကျုပ်စည်းတီးတတ်တယ်၊ ပြီးတော့ ဘိန်းစားတယ်၊ ဒီနှစ်ခုနဲ့ပဲ 'ကိုဇီးယို' ဆိုတဲ့ ကျုပ်ဟာ ရုပ်လုံးပေါ်သွားပါပြီ။ ဇာတ်ဆိုင်းထဲမှာ စည်းတီး ဘာကြောင့် လုပ်သတဲ့လဲတဲ့။ စည်းတီးအလုပ်ကို ကျုပ် ဝါသနာပါတယ်ဗျာ။ စည်းတီးနေရတာပျော်တယ်ဗျာ။ ဒါပါပဲ၊ အင်း. . . ဘိန်းကော ဘာကြောင့် စားသလဲတဲ့။ ဒါလဲ ရှင်းပါတယ်၊ ကြိုက်လို့ပေါ့ဗျာ။ ဘိန်းမှိန်းနေရတဲ့ အရသာလောက် ကောင်းတာ လူ့ဘဝမှာ မရှိတော့ဘူးလို့ ကျုပ်ထင်တယ်။ တစ်ခုတော့ ရှိတယ်ဗျာ၊ ဘိန်းစား ဘိန်းစားဆိုပြီး ကျုပ်ဟာ သူတကာ ဘိန်းစားတွေလို အလုပ်မရှိ အကိုင်မရှိ၊ ဟိုကဆွဲ၊ ဒီကတောင်း၊ ဟိုကအလစ်သုတ်၊ ဒီကချေးငှားနှင့် ဘိန်းဖိုးရှာသူတော့ မဟုတ်ရေချ မဟုတ်လေဘူး။ ဘိန်းဝယ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ပိုက်ဆံကို စည်းတီးအလုပ်နဲ့ ကျွေးပ်ရှာတယ်။ ဘယ်သူမှ အပူမကပ်ဘူး။

ပြီးတော့ ဘိန်းမှိန်းပြီးတော့များ အလုပ်ထဲမှာ ပေါ့လျော့ပျက်ကွက်သိမ့်မယ် မထင်ပါနဲ့၊ ခုနစ်သံချီ ဧည့်ခံကနေ တစ်ညဥ့်လုံးလုံး နောက်တစ်နေ့မိုးလင်း ဇာတ်သိမ်းတဲ့အထိ ဇာတ်ပေါင်းသီချင်းဆိုတဲ့အထိ ကျုပ် စည်းတီးပါတယ်၊ တစ်ချက်ကလေးမှ မပျက်ကွက်ပါဘူး။

အဟင်း ဟင်း ဝတ္ထုရေးကျော်လှချေလားလို့ မထင်နဲ့ဦးဗျာ၊ ဘိန်းစားပြီးဘိန်းမှိန်းရင်း ကျုပ်က စည်းတီးတာလေ။ တယ်ကောင်းဗျာ။ ဘိန်းမှိန်းရင်းစည်းတီး၊ စည်းတီးရင်း ဘိန်းမှိန်း သိပ်ငြိမ့်တာနော်။ နောင်ကြီးမသိလို့။ အဟင်း . . . ဟင်း. . . ဟင်း. . .

●

အံမာ စည်းတီးသမား ဘိန်းစားဆိုပြီး အထင်တော့မသေးလိုက်ပါနဲ့နော်၊ မင်္ဂလာဦးအောင်မောင်းကြီးရဲ့ နာမည်ကျော် ခြေထိုးအကမှာ ပတ်မကြီးနဲ့ အပေးအယူ လုပ်သွားရတဲ့ စည်းတီးသမားဗျ။ သီချင်း တီးလုံး အဆုံးနဲ့ ခြေထိုးပြီး အကဆုံးတာနဲ့ အံကျ ဖြစ်ဖို့ ပတ်မတီးက "ဖြထီးပိုး ဂျေထိ" လို့ ဆွဲအချမှာ ကျုပ်ရဲ့စည်းကလည်း ကွက်တိ ခွင်ကျ။ "ချွင်. . . ခေါက်" လိုက်ပေးရတာ လွယ်သမှတ်လို့။

ဒါကြောင့် သခင်အောင်မောင်းကြီးက ကျုပ်ကို လက်မလွှတ်တာ။

"ဖိုးယို မင်းမလဲ ဘိန်းဖြတ်ဖို့ စိတ်မကူးတော့ဘူးလား" လို့ ခဏခဏ မေးရှာတယ်။ ကျုပ်က အဟင်း. . . ဟင်း လို့ပဲ ရယ်ပြပြီး သူ့ရှေ့က ရှောင်ထွက်ခဲ့တယ်။ ကျုပ်အဲဒီလို ဘိန်းစွဲနေမှန်း သိရက်နဲ့ ကျုပ်ကို ဇာတ်ထဲက ထုတ်မပစ်တာဟာ ကျုပ်ရဲ့ စည်းတီးပညာကို သူ သဘောကျလို့ပဲပေ့ါ။ လက်မလွှတ်နိုင်လို့ပေါ့။

ပြောကြစတမ်းဆိုရင် ကျုပ်ကလဲ မင်္ဂလာဦးအောင်မောင်းကြီးရဲ့ ဇာတ်ထဲမှာပဲ အလုပ်လုပ်ချင်တယ်၊ ဘယ်မှမပြောင်းချင်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ကို ကြည်ညိုလို့ပဲ။ ဒီနေရာမှာလဲ သူ့ကို ကြည်ညိုတယ်ဆိုတာ နာမည်ကြီး ခြေထိုးအကနဲ့ ပရိသတ်ကြိုက်လှတဲ့ ပန်းပဲမောင်တင့်တယ် ဇာတ်ထုပ်တွေကြောင့် မဟုတ်ပါဘူး။ ဒါတွေက သူ့အနုပညာအစွမ်းတွေ၊ အနုပညာ အစွမ်းကို ကျုပ်လေးစားပါတယ်။ ချီးကျူးပါတယ်။ ဒါပေမယ့် မင်္ဂလာဦးအောင်မောင်းကြီးကို ကျုပ်တကယ်ကြည်ညိုမိတာက သူ့ရဲ့ စိတ်ဓါတ်ပါ။





သူက လူရွှတ်ကြီးဗျ။ ရွှတ်ပုံကလည်း စာတင်လောက်တယ်၊

တစ်နေ့၊ ဇာတ်ရုံထဲကို ညနေဘက် ငါးနာရီလောက် စတိုင်ကောင်းကောင်းနဲ့ လူကြီး နှစ်ယောက် ပေါက်ချလာပြီး ဦးအောင်မောင်း ဘယ်နှစ်နာရီ ပွဲစထွက်သလဲလို့ မေးတယ်၊ ထုံးစံအတိုင်း တိုးနာရီ ပွဲစထွက်ကြောင်း ပြောတော့ အဲဒီလူကြီးတွေက နက်ဖြန် ခုနှစ်နာရီ စထွက်ပါ၊ ပွဲဘောနဲ့ ဦးအောင်မောင်းကိုယ်တိုင် ထွက်ကပါ။ အရေးပိုင်ပွဲလာကြည့်မယ်၊ အရေးပိုင်မင်းက ညဥ့်နက်ထိ မနေနိုင်ဘူးတဲ့။

ဘေးနားမှာ ကျုပ်က ရှိနေတာကိုး၊ ပြဿနာပဲ၊ သုံးရောင်ခြယ်အလံ ဒေါင်းအလံနဲ့ ယိမ်းကတဲ့။ သခင်အောင်မောင်း ဘာများ ပြန်ပြောလိုက်မလဲ ပေ့ါ။ ပက်ကနဲ ပြန်တွယ်လိုက်မယ်ထင်တာ။ မဟုတ်ဘူးဗျာ၊ တော်ပါခဲ့ ဇာတ်ဆရာက ကောင်းပါပြီ. . . ကောင်းပါပြီတဲ့။ ဟ ဘယ်လိုဖြစ်သွားတာတုန်းပေါ့၊ ကျုပ် ဘိန်းယစ်ယစ်နဲ့ တွေးကြည့်တယ်။ အဖြေမထွက်လာဘူး၊

အဲဗျာ။ နောက်တစ်နေ့ညမှာ အဖြေ ထွက်လာတာဝါလဲ၊

အရေးပိုင်မင်းက သူ့တပည့် လက်သားတွေနဲ့ ပွဲလယ်ခေါင် ပွဲခင်းထဲမှာ အကျအန နေရာယူထားတယ်။ အစောင့်အရှောက်တွေ၊ သတ်ဆော်စောင့်တွေကလည်း တစ်ရုံလုံးမှာ ဟိုနေရာ ဒီနေရာ ချထားလိုက်တာ၊

ခုနှစ်နာရီ ပွဲထွက်ပါမယ်ဆိုပြီး ကျုပ်တို့ကိုလဲ ဘာမှပြောမထားဘူး ဘာတစ်ခုမှလည်း ကားလိပ်တွေဘာတွေ ပြင်ဆင်ထားတာမရှိဘူး၊ အဲ ခုနှစ်နာရီလည်းထိုးရော၊ ကားလိပ်ဆွဲတင်လိုက်တယ်။ လူတစ်ယောက်ထွက်လာတယ်၊ ဦးအောင်မောင်းရဲ့ တပည့်. . . ။

"ပရိသတ်များခင်ဗျား။ မင်္ဂလာဦးအောင်မောင်းဟာ ဖြူနီးစားကြီးထဲ ဘေးထိုးရင်ကြပ်ဖြစ်သွားလို့ ဒီည ပွဲမကနိုင်တော့ပါဘူး။ ဒီနေ့ည အစီအစဉ် ဖျက်လိုက်ရပါတယ်။ လက်မှတ်ရောင်းထားငွေများကို ရုံပေါက်မှာ ပြန်လည် ထုတ်ယူ နိုင်ကြပါတယ်ခင်ဗျား" လို့ ကျေညာလိုက်ရော. . .

ဘာပြောကောင်းမလဲ။ တစ်ရုံလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားတာပေါ့။

အရေးပိုင်မင်းဆိုတာလဲ မျက်နှာကြီး နီရဲပြီး ရုံထဲက ပြန်ထွက်သွားရတယ်။ တကယ်ဘေးထိုးရင်ကျပ်ဖြစ်တာ မဟုတ်ဘူးဆိုတာ ရိပ်မိပုံရတယ်၊ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ။ ပရိသတ်ကတော့ ပြုံးပြုံးစေ့စေ့၊ တော့တော့



www.burmeseclassic.com

www.burmeseclassic.com



နပ်နပ်ကြီးပဲ၊ လက်မှတ်ခ ပြန်မထုတ်ကြဘူး၊ နောက်နေ့ည ဆက်ကြည့်ကြမှာ တဲ့၊

ကျုပ် ဦးအောင်မောင်းကြီးကို ကြည်ညိုတယ်ဆိုတာ၊ အဲလိုမျိုးကြောင့်ဗျ၊

●

တစ်ခုပြောလိုက်ရဦးမယ်။ စည်းတီးဆိုပြီးတော့ ပညာနုံတယ်လို့ မထင်လိုက်နဲ့။ "သဘင်မှာ စည်း၊ ထီးမှာ ခရိုင်၊ နိုင်ငံမှာ အမတ်" တဲ့ဗျ။ စည်းက အချုပ်နော်။ အဟင်း. . . ဟင်း

ဘိန်းစားဆိုတော့ ဘိန်းစားပေါ့ဗျာ။ ဒါပေမယ့် မင်္ဂလာဦးအောင်မောင်းရဲ့ ဇာတ်ပို့ဆိုင်းထဲက စည်းတီး ဘိန်းစားနော်။ ဇီးယိုတို့က အဲဒီလို၊ အင်း ကျုပ်အရေးပါပုံလေး ကြွားလိုက်ရဦးမယ်။ ကျုပ်တို့ဆိုင်းဆရာက ဦးဒါန တဲ့၊ ရွာစားကြီး ဦးဒါနကလည်း သူ့နာမည်နဲ့ လိုက်ဖက်စွာပေါ့လေ၊ အလှူဒါန ဘယ်လောက်ရှိမရှိတော့ မသိဘူး၊ ပညာမာနကြတော့အကြီးသား။ ကြီးလောက် အောင်လည်း သူက ဇာတ်ပို့ကောင်းတာကလား။ လူရွှင်ကြီး ဦးအောင်မောင်း သူ့ကို လက်မလွှတ်နိုင်တာပဲကြည့်။ နှစ်ကျွတ်အထိ၊ တွဲကကြတာ။

ဦးဒါနကိုလည်း ကျုပ်က သဘောကျသဗျာ။ သူ့ခေါင်းက ဗိုလ်ချုပ်အောင်ဆန်း ခေါင်းပုံမျိုးဗျ။ အံမာ ဆံပင် ခေါင်းတုံးဆံတောက်ထားတာကအစ တူတာ။ ရွာစားဦးဒါနကလဲ ခေတာမဟုတ်ဘူး၊ သူ့ဆိုင်းကို ဇာတ်နဲ့ လိုက်ဖို့ ဦးအောင်မောင်းကငှားတော့ ဘာပြောတယ်မှတ်သလဲ။

"ဇာတ်ဆရာ။ ခင်ဗျားကလည်း ရွှတ်ရွှတ်ပဲလို့ ကြားဖူးတယ်။ ကျုပ်ကလည်း လူရွှတ်ပဲ။ ကျုပ်အလုပ်ကျုပ်သိတယ်။ ဆိုင်းဆိုတာ ဇာတ်ဒဏ် ကိုခံရတာချည်းပဲ။ ဇာတ်ကောင်းတာနဲ့ ဆိုင်းကောင်းသွားရိုးမရှိဘူး။ ဆိုင်း ကောင်းမှ ဇတ်ကောင်းတာ။ ဇာတ်ဆရာတို့ကောင်းအောင် ကျုပ်ပို့ပေးမယ် စိတ်ချ။ အဲ သူ့အလုပ် ကိုယ့်အလုပ်၊ သူ့စည်း ကိုယ့်စည်းတော့ ရှိထားမှ၊ ခုကတည်းက ကြိုပြောထားတာ။ အလုပ်လုပ်ကြပြီ ဆိုတော့မှ စကားမများချင် ဘူး။ များတဲ့နေ့ ကျုပ်ဆိုင်းဝိုင်း ဖြုတ်သိမ်းမှာပဲ။ ဟောဒီမှာ ကျုပ်လမ်းစရိတ် ကျုပ်အသင့်ပြင်ထားတယ်။ ငွေငါးရာတွေ့လား"

အဲဒီလို ပြောင်ပြောတဲ့ လူကြီးမျိုး။

မင်္ဂလာဦးအောင်မောင်းနဲ့ ရွာစား ဦးဒါနကြားမှာ လူမသိ သူမသိ





ကြားဝင်စေ့ပေးတဲ့သူကတော့ ကျုပ် ဇီးယိုပေါ့။ ကလို့ကောင်းအောင် တီးသို့ ကောင်းအောင် ကျုပ်က စည်းကို လေးသင့် လေးပေးရတယ်။ သွက်သင့် သွက် ပေးရတယ်။ ချွင် ချပ် ဆိုတာက သဘင့်အသက်ဗျ၊ အဲ ဦးအောင်မောင်း ကြီး နှစ်ပါးသွား ဝဲလက်ထဲမှာ ကျုပ်က စည်းတစားပေးသလို ဦးဒါနရဲ့ ဆိုင်း သမားတွေ အိပ်ငိုက်ပြေအောင်၊ ခြောက်ပေါက်ကိုက်အသံနဲ့ ညာသံ အော်အော် ပေးရတယ်။

ဘိန်းစား ဇီးယိုရဲ့ အသံသေးအသံကြောင်ကို ကြားရရင် တစ်ဆိုင်းလုံး ပွဲကျကျသွားတယ်။ ဘာပဲဖြစ်ဖြစ် သူတို့ အိပ်ငိုက်ပြေတာပေါ့။ ကျုပ်က ဘိန်းမှိန်းနေရတဲ့ အရသာလေး အပျက်ခံပြီး ညာသံအော်ရတာ၊

ထားပါတော့လေ၊ ဇာတ်ပို့ဆိုင်းပညာဆိုတာ နက်နဲပါတယ်၊ အဲဒီထဲ က စည်းတီးပညာဆိုတာလည်း သူ့နက်နဲမှုနဲ့ သူဗျ။ ဘိန်းစားစကားမို့ နောင်ကြီး တို့ အရေးတယူမလုပ်ချင်ရှိင်လည်း သဘောပေါ့။

●

ကျုပ်တစ်သက် ဘယ်တော့မှ မမေ့နိုင်တဲ့ ကိစ္စကို ပြောပြပါမယ်၊

ကျုပ်ဘဝမှာ အပြောင်းအလဲကြီး ပြောင်းသွားရတဲ့ အဖြစ်မို့ပါ။

အဲဒီညက နှစ်ပါးသွားစခန်းအချမှာ ဦးအောင်မောင်းကြီးက "ဇေယျာ အောင်ချာ"ကို ဆိုတယ်။ ဇေယျာအောင်ချာ ဆိုတဲ့ စောင်းတော်ဘွဲ့ ကြိုးသီ ချင်း၊ သဘင်သမားတိုင်းသိပါတယ်။ မဟာဂီတထွက် သီချင်းကြီးပေါ့၊

ဦးအောင်မောင်း ဒီသီချင်းမဆိုတာကြာပြီ။ ခုမှ ဘာစိတ်ကူးပေါ်ပြီး နှစ်ပါး စခန်းအချ ကောက်ဆိုသလဲမသိဘူး။

" ဇေယျာအောင်ချာ. . . စိုးမိုးသိမ်းမြန်း. . . ရွှေပြန်သာလှတိုင်းခန်း ဘုန်းမိုးရွာသွန်းဖြန်း. . . "

'တစ်ပိုဒ်ဆိုလိုက် ကလိုက်၊ ဦးဒါနက တီးပေးလိုက်နဲ့ ဟုတ်နေတယ်၊ ကြိုး သီချင်းဝါးလပ်စည်း မနှေးမမြန်။ ကျုပ်လည်း လိုက်ပေးနေရတယ်၊

"စံခန်းမြန်းဘွေလယ်. . . ခဝပ်ရွှေညီဝယ်" တပိုဒ်ဆို။ ဖြတ်၊ ဒါကို အတီးပိုဒ်ကောက်ပြန်က။

"စံပယ်ငယ်. . . ခါတော်ချိန်ပြင်တည့်သာ ပဥ္စသိန်"

ကျုပ်လည်း စည်းတီးရင်း စိတ်ထဲက လိုက်ဆိုနေမိတယ်၊

"ဝတိန်ညီလာ. . . နွဲ့နွဲ့လေး. . . စောင်းတော်ရွှေကြိုးအဘွဲ့အေး"



www.burmeseclassic.com

www.burmeseclassic.com



"ရစ်ဘွဲ့ငယ်ကြူးလှိုင် . . . သံချင်းငယ်ပြိုင်"

ဆိုလိုက် တစ်ပိုဒ်ဖြတ်လိုက် တီးလိုက်၊ ကလိုက်၊ ဟုတ်လို့။

"ပြည်တော်ဝေမြှိုင် မြပုလဲတိုင်"

စိတ်ထဲက လိုက်ဆိုရင်း စားထားတဲ့ ဘိန်းအရှိန်လေးနဲ့ မှိန်းကောင်းနေတုန်းမှာ၊ သီချင်းသံက တစ်ပိုင်းတန်းလန်းကြီး ရပ်သွားလို့ ဇာတ်ခုံပေါ် မော့ကြည့်လိုက်မိတယ်။

ဦးအောင်မောင်းက သီချင်းအဆိုရပ်ထားပြီး စကားပြောတယ်။ "အင်း အောင်မောင်း ဒီညကတာ မာယဇာတ်ထုပ်၊ နက်ဖြန်တော့ မိဘပြည်သူတို့ ကြိုက်ကြတဲ့ ပန်းပဲဇာတ်ထုပ်ကမယ်" ပရိသတ် ဝေါဝေါနဲ့ပေ့ါ။ ပန်းပဲမောင်တင့်တယ်ဆိုတာ ဦးအောင်မောင်းရဲ့ အကောင်းဆုံး ဇာတ်ထုပ်ကိုး . . .

စခန်းချဆိုတော့ ဆိုင်းက စိမ်ပေးနေရတယ်။ ကျုပ်ကလည်း စည်းကို ဖော့တီးပေးရင်း မေ့ပေးထားရတယ်။ ဒီအစိမ်ထဲမှာ ဦးအောင်မောင်းက အဆိုရပ်ပြီး၊ စကားဖြတ်ပြောတာ။

ဦးအောင်မောင်း အဆိုပြန်ကောက်တယ်။

"ဇေယျာအောင်ချာ စိုးမိုးသိမ်းမြန်း"

ဟ ဘယ့်နှာပါလိမ့်။ အစကနေပြန်ကောက်နေပါလား။ ထုံးစံမရှိပါဘူး။ ဒီလိုနဲ့ တစ်ပိုဒ်ဆို ဖြတ်၊ တီးပိုဒ်မှာက။ ဆက်ဆို၊ ပြည်ဝေမြှိုင် အပိုဒ်ခုနင်က နေရာ ရောက်လာခဲ့ပြန်ရော။

"ပြည်တော်ဝေမြှိုင် မြပုလဲတိုင် အင်း ပန်းပဲနှော် ပရိတ်သတ်ကြီးများ၊ အောင်မောင်းရဲ့ ပန်းပဲဇာတ်ထုပ် နက်ဖြန်ည" ဆိုနေရင်းနဲ့ စကားဖြတ်ပြောပြန်တယ်။

ကျုပ်သိလိုက်ပြီ ဦးအောင်မောင်း ရှေ့စာသားမေ့နေပြီး စာသားကျက်နေပြီ။ ဒါ့ကြောင့် ဆိုနေရင်း ရပ်ပြီး စကားဖြတ်ပြောနေတာ။ ကျုပ်က ဆိုင်ဝိုင်းထဲလှမ်းကြည့်လိုက်တယ်။ ကျုပ်တင် မဟုတ်ပါဘူး။ တစ်ဝိုင်းလုံးပါဘဲ။ ဦးဒါနကို လှမ်းကြည့်နေကြတယ်။ ဇာတ်ဆရာ စာသားပျောက်နေပြီလေ။ ဒါကို ဦးဒါနက ပရိသတ် မသိစေရအောင် ပတ်လုံးလေးနဲ့ အသာလေး အသံပြပေးလိုက်ရင် ဦးအောင်မောင်းကြီး စာသားပြန်ပေါ်လာမှာပေ့ါ။

အဲ . . . သူတို့ချင်း ဘာစိတ်ခုထားသလဲမသိဘူး။

ဦးဒါနက အသံမပြဘူးဗျာ။ ဖေါ်မပေးဘူးဗျာ။ သူက ပြမပေးတော့





ကြေးတို့ နှဲတို့ မောင်းတို့ အပီတီးတွေကလည်း ဘယ်လုပ်ရဲကြမလဲ။

ဦးအောင်မောင်းကလည်း မာနနဲ့ဗျ။ ဆိုင်းကို လှမ်းကြည့်တာတို့ ချောင်းဟန့်တာတို့ ဘာတို့နဲ့ အကူအညီမတောင်းဘူး။

ဇေယျာအောင်ချာကို အစကနေ ပြန်ဆိုတယ်လေ။

ဒီလိုနဲ့ ဆိုလာ တစ်ပိုဒ်ချင်း တစ်ပိုဒ်ချင်း အဲ . . . ပြည်တော်ဝေမြှိုင် မြပုလဲတိုင် ရောက်တော့ ရပ်သွားပြန်ရောဗျာ။

"မိဘများရဲ့ မေတ္တာကြောင့် ပန်းပဲ ကိုအောင်မောင်း တရုပ်မယ်ကြွခဲ့ကြပါဦး ဟုတ်လား။ ပန်းပဲမောင်တင့်တယ်မှာ အောင်မောင်း ဘယ်လိုဆိုမယ်၊ ပြောမယ်ဆိုတာ သေသေချာချာကြီး ရှုစား နားဆင်ကြပါဦးလို့ ဟုတ်လား"

တစ်ခါနှစ်ခါ မဟုတ်ဘူး။ ဒီလိုနဲ့ချည်း လေးငါးခါ ပြန်တော့ ဒီအပိုဒ်အရောက်မှာ အဆိုရပ်၊ စကားဖြတ်ပြောဖြစ်လာတော့ ပရိသတ်တ သိလာကြပြီလေ။ တဝေါဝေါ ဖြစ်လာပြီ။

ကျုပ် မနေနိုင်တော့ဘူးဗျို့။

နောက်တစ်ခေါက် ပြန်အကျော့ ပြည်တော်ဝေမြှိုင် မြပုလဲတိုင်လည်း ရောက်ရော စည်းတီးရင်းနဲ့ "ဆေးဆေးလေးလေး" ဆိုတဲ့ သီချင်းစာသားကို ကျုပ်ရဲ့ အသံသေး အသံကြောင်နဲ့ အော်ပေးလိုက်တယ်။

ဘာပြောကောင်းမလဲ။ ခုံပေါ်က ဦးအောင်မောင်းရော၊ ဆိုင်းထဲက ဦးဒါနကော၊ ပွဲခင်းထဲက ပရိသတ်တွေရော အားလုံး ကျုပ်ကို ဝိုင်းကြည့်ကြတော့တယ်။ တတ်နိုင်ဘူးဗျာ။

ပြီးသေးဘူးဗျ။ သောက်ကျိုးနည်း အံသြစရာကြီး။ ဦးအောင်မောင်းကြီးရယ်လေ ခုံပေါ်ကနေ ကျုပ်ရှိရာဘက် လှည့်ထိုင်ချပြီး ကန်တော့နေလေရဲ့၊ ကန်တော့ရင်းကနေပြောလိုက်ပုံက . . .

"ကိုဖိုးယို ခင်ဗျားဆိုလိုက်တဲ့ ဆေးဆေးလေးလေး" ပြီးတော့မှ မတ်တပ်ပြန်ရပ်ပြီး

"အောင်မောင်းသီချင်းမေ့နေတာ။ ဇေယျာအောင်ချာကို ကြိုတ်လို့ အမြွတ်တနိုးကောက်ဆိုတာပါပဲ။ မဆိုတာကြာလို့ စာသားပျောက်နေတယ်၊ ဘယ်သူမှ ဝင်မကယ်ကြဘူး။ ကိုဖိုးယိုသာ ဆက်မပေးရင် ပရိသတ်တို့ ဒီည ဇေယျာအောင်ချာနဲ့ပဲ မိုးလင်းတော့မှာ။ ဆိုင်းဆရာ မအောပေးကလည်း သိရဲ့သားနဲ့ ဖော်မပေးဘူး။ အောင်မောင်းကို ညစ်ထားတယ်။ ကိုဖိုးယိုတာ



www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းရဲ့ ကျေးဇူးရှင်ပဲ ဒါကြောင့်"

ဦးအောင်မောင်းအထဲ ပြန်ဝင်သွားတယ်။ ဘာပါလိမ့်ပေါ့။ ပြန်ထွက်လာတော့ သူ့လက်ထဲမှာ ငွေဒင်္ဂါး အိတ်ကြီး. . .

"ကျေးဇူးရှင် ကိုဇီးယိုကို အောင်မောင်း ကန်တော့တာ၊ ပရိသတ်ကြီးရှေ့မှောက်မှာပဲ ကန်တော့တာ၊ ဒီအထဲမှာ ဒင်္ဂါး သုံးရာပါပါတယ်"

ဘာပြောကောင်းမလဲ တစ်ရုံလုံး အုံးအုံး အုံးအုံး ဖြစ်သွားတာပေါ့။ ကြည့်ပါဦး၊ အရေးပိုင်မင်း ပွဲကြည့်တုန်းက ခုနှစ်နာရီထွက်ခိုင်းတာကိုဆန့်ကျင်ပြီး ဘေးထိုးရင်ကျပ်ဖြစ်လို့ ဒီညမကတော့ဘူးလို့ ကျေညာတဲ့ မင်္ဂလာဦးအောင်မောင်းကြီး အခု ဘိန်းစား စည်းတီး ဇီးယို ကျုပ်ကို ငွေသုံးရာနဲ့ ကန်တော့သတဲ့ဗျာ။

●

မိုးလင်းတော့ ဦးဒါနနဲ့ ဦးအောင်မောင်းတို့လည်း ဘာပြဿနာမှ မဖြစ်ကြပါဘူး။ ဦးဒါနက ကျုပ်ညစ်ပြီး သီချင်းထောက်မပေးတာ မှားတယ်။ နက်ဖြန်ညမှာ ဇာတ်ဆရာနဲ့ ပရိသတ်ကို ကျုပ်တောင်းပန်မယ်တဲ့။

ပြီးတော့ ဦးဒါနက ကျုပ်ကိုလှမ်းမေးတယ်။

"ဟေ့ကောင် ဇီးယို မင်း ပြည်တော်ဝေမြို့င် အပိုဒ်ကို ဇာတ်ဆရာမေ့နေတာ။ ဆက်ဖော်ပေးလိုက်တာ ဘာကြောင့်တုန်းကွ။ ငါတောင် ပေကပ်ပြီး မဖော်ဘဲထားတာ ငါ့ကိုကျော်ပြီး မင်းကလုပ်တာ ငါ့ကိုမကြောက်ဘူးလား။ ဘာလဲ ဇာတ်ဆရာကို သနားလို့လား"

ကျုပ်လဲ စိတ်ထဲရှိတဲ့အတိုင်း ပြန်ပြောလိုက်မိတယ်။

"ရှာစားကိုလည်း ကြောက်ပါတယ်၊ ဇာတ်ဆရာကိုလည်း သနားပါတယ်။ ဒါပေမယ့် ညကတော့ အဲဒီ ကြောက်တာတွေ သနားတာတွေကို သတိမရဘူး ခင်ဗျ။ သီချင်းအဆိုရပ် စကားတွေပြောနဲ့ ပရိသတ်ကြီးလည်း ခိုးလိုးခုလုဖြစ် အဲဒီလိုကြီး ဖြစ်နေတာကို ကျွန်တော့စိတ်ထဲ မခံနိုင်လို့ ထအော်ပေးလိုက်တာပါ"

အနားမှာထိုင်နေတဲ့ မင်္ဂလာဦးအောင်မောင်းကြီးက တဟားဟားရယ်လိုက်ပြီးနောက် အရယ်ရပ်ပြီးပြောတယ်။

"အဲဒါ အနုပညာသမား စိတ်ဓါတ်ပဲကွ၊ တွေ့လား ကိုဒါန။ လောကကြီးထဲမှာ တစ်နေရာရာ တစ်ခုခု ကိုးလိုးကန့်လန့်နဲ့ မရေမရာဖြစ်နေတာမျိုး၊





အဆင်မပြေဖြစ်နေတာမျိုး၊ တစ်ဆို့ဆို့ဖြစ်နေတာမျိုးဆိုရင် အနုပညာသမားစိတ်ဓါတ်က အလိုလိုယားကျိကျိ ဖြစ်လာတာဗျ။ ဒါမျိုးကို သူကြားလည်း မကြားချင်ဘူး။ မြင်လည်းမမြင်ချင်ဘူး။ အဲဒါကြီးကို ရှင်းပစ်ရမှ သူ့ရင်ချောင်တာ။ ဇီးယိုဖြစ်တာအဲဒါမျိုး"

ဦးဒါနကလည်း သူ့ပေါင်ကို ဖြန်းကနဲပုတ်ပြီး "ဟုတ်လိုက်လေခြင်း ဇာတ်ဆရာရယ်" တဲ့။

သူတို့ပြောနေကြတဲ့စကားကို ကျုပ်အသေအချာ နားမလည်ပါဘူးဗျာ။ ဒါပေမယ့် သေချာတာတစ်ခုတော့ ရှိတယ်ဗျ။

မင်္ဂလာဦးအောင်မောင်း ကန်တော့တဲ့ငွေနဲ့ ကျုပ်ဆေးဆရာကောင်းတွေကို စုံစမ်းပြီး ဘိန်းဖြတ်လိုက်တယ်။ တစ်ရာလောက်ပဲ တုန့်ဝါတယ်၊ ဘယ်တုန်းကမှ ဘိန်းဖြတ်ဖို့ စိတ်မကူးခဲ့တဲ့ကျုပ် သေတဲ့အထိ ဘိန်းစားဘဝနဲ့ သေမယ်ထင်တဲ့ ကျုပ်။

ကျုပ် ဘိန်းစားဘဝကျွတ်ပြီ။

ဘိန်းစား ဇီးယို မဟုတ်တော့ဘူး။ စည်းတီးဇီးယို။

<u>ဝန်ခံချက်</u>

၁၉၈၈ ခုနှစ် မေလထုတ်၊ သဘင်မဂ္ဂဇင်း၊ အမှတ် (၅၅) မှ (ရှာစား စိန်တင်ဟန်)၏ (ကိုဇီးယို) ဆောင်းပါးကို ဝတ္ထုတိုအဖြစ် ပြန်ရေးခြင်း ဖြစ်ပါသည်။

ပန်းဝေသီ၊ ၁၉၉၅

❖ ❖ ❖

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ချစ်ဦးညို၏ ဘဝဖြစ်စဉ်မှတ်တမ်း

၁၉၄၇ - ဦးရွှေဒေါင်းညို + ဒေါ်စိန်ရင်တို့မှ မန္တလေးမြို့၌ ဒီဇင်ဘာ ၃၀ တွင် ဖွားမြင်၊ မွေးချင်း ၇ ယောက်အနက် အကြီးဆုံး၊ အမည်ရင်း ကျော်စွာ။

၁၉၅၂ - မန္တလေးမြို့၊ နန်းတော်ရှေ့၊ မဟ္တာရာတိုက်၊ မူလတန်းကျောင်းတွင် ပညာဆည်းပူး။

၁၉၅၆ - မန္တလေးမြို့၊ ဝက်စလီကျောင်းနှင့် ဘီဘီအိုအေကျောင်းများတွင် အလယ်တန်းတက်ရောက်။

၁၉၅၇-၆၁ - မန္တလေးမြို့၊ အမှတ် (၁) အထကတွင် အထက်တန်း တက်ရောက်။

၁၉၆၂ - မန္တလေးတက္ကသိုလ်တွင် ဥပစာဝိဇ္ဇာ(က)တန်းတက်ရောက်။

၁၉၆၃-၆၈ - ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် ဒဿနိကဗေဒအဓိကဖြင့် တက်ရောက်၊ ၁၉၆၈ တွင် ဂုဏ်ထူးသုံးဘာသာဖြင့် ဝိဇ္ဇာဘွဲ့ရရှိ၊ မဟာဝိဇ္ဇာ ဆက်လက်တက်ရောက်။

၁၉၆၉-၇၂ - ရန်ကုန်လုပ်သားကောလိပ်၊ စစ်တွေကောလိပ်၊ ဒဿနိကဗေဒဌာနတွင် နည်းပြဆရာအဖြစ် လုပ်ကိုင်။

၁၉၇၂-၇၄ - ရန်ကုန်ဗဟိုသမဝါယမသင်တန်းကျောင်း၊ နည်းပြဆရာအဖြစ် ပြောင်းရွှေ့အမှုထမ်း။

၁၉၇၅ - အမှုထမ်းဘဝကိုစွန့်လွှတ်။

၁၉၇၆-၇၈ - စန္ဒာဦး ယဉ်ကျေးမှုဇာတ်အဖွဲ့တွင် ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် လုပ်ကိုင်။ (၁၉၇၇မှစ၍စာပေရေးသားခြင်းဖြင့်ရပ်တည်)

၁၉၈၃-၈၈ - သဘင်မဂ္ဂဇင်းတွင် တာဝန်ခံစာတည်း၊ စာတည်းချုပ်အဖြစ် လုပ်ကိုင်။

၁၉၉၉-၂၀၀၀ - ရွှေပြည်တန်ဂျာနယ်၊ အယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်။

၁၉၉၉မှယခုထိ - ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်တွင် ပညာရေးအဖွဲ့ဝင် ပြင်ပစာစစ်မှူးနှင့် ဇာတ်သဘင်ပညာဌာန၊ အကြံပေးပညာရှင်အဖြစ် တာဝန်ယူ။

## ယဉ်ကျေးမှုအနုပညာဆိုင်ရာ

## ဖြစ်စဉ်မှတ်တမ်း

၁၉၇၀ - တက္ကသိုလ်ရွှေရတုသဘင်တွင် လုပ်သားများကောလိပ် ဖျော်ဖြေမှုကော်မတီအတွင်းရေးမှူးအဖြစ် တာဝန်ယူတင်ဆက်။ ရုပ်ကြီးစင် မင်းသားအက ကိုယ်တိုင်ပါဝင် တင်ပြ။

၁၉၇၃ - ဗဟိုသမဝါယမ သင်တန်းကျောင်း နှစ်လည်ဝတ်ပြုပွဲတွင် ရာမသမင်လိုက်ခန်း ကောက်နုတ်ချက်ဇာတ်၌ ရာမအဖြစ် ပါဝင်ကပြ။

၁၉၇၅ - စန္ဒာဦး ယဉ်ကျေးမှုဇာတ်အဖွဲ့တွင် ပါရဂူ၏(အဓွန့်ရှည်) (ဗီဇ္ဇာလေခါ)ဝတ္ထုများကို ဇာတ်ညွှန်းရေးသား စီစဉ်တင်ဆက်။

၁၉၉၇ - တက္ကသိုလ်ဘုန်းနိုင်၏ (သူကျွန်မခံပြီ) ဝတ္ထုကို ရုပ်ရှင်ရိုက်ကူးရာတွင် ဇာတ်ညွှန်းနှင့်အနုပညာဒါရိုက်တာအဖြစ်တာဝန်ယူ။ (၁၉၉၈-၂၀၀၁) ဆိုကရေးတီး ပြိုင်ပွဲ၊ ဇာတ်သဘင်ပြိုင်ပွဲကဏ္ဍတွင် အကဲဖြတ်အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူ။

၁၉၉၈ - စင်ကာပူနိုင်ငံသို့ မြန်မာရုပ်သေးအဖွဲ့ ခေါင်းဆောင်အဖြစ် သွားရောက်။

၁၉၉၉ - အိန္ဒိယနိုင်ငံသို့ မြန်မာရာမယဏကဇာတ် အကြံပေးအဖွဲ့ဝင်အဖြစ် သွားရောက်။

၂၀၀၀ - တရုတ်နိုင်ငံသို့ မြန်မာယဉ်ကျေးမှုကဇာတ် အကြံပေးအဖွဲ့ဝင်အဖြစ် သွားရောက်။

၂၀၀၀ - ယိုးဒယားနိုင်ငံ (ဗန်ကောက်၊ ချူလာလောင်ကွန်တက္ကသိုလ်)သို့ မြန်မာရာမယဏ ကောက်နုတ်ချက် စာတမ်းရှင်နှင့် ဒဿနိကအက သရုပ်ပြအဖြစ်သွားရောက်။

၂၀၀၁ - အမေရိကန်ပြည်ထောင်စု (မြောက်အီလီနွိုက်တက္ကသိုလ် အပြည်ပြည်ဆိုင်ရာ ရာမယဏကွန်ဖရင့်)တွင် မြန်မာ ရာမယဏ စာတမ်းတင်သွင်းဖတ်ကြား။

၂၀၀၂ - မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ရိုက်စပီးယားပြဇာတ်တင်ဆက်မှု လေ့လာကြည့်ရှုသူအဖြစ် သွားရောက်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ချစ်ဦးညို၏ ရေးသားထုတ်ဝေပြီး စာအုပ်များ

၁၉၇၀ - မိုးဝေစာပေမဂ္ဂဇင်း၊ အောက်တိုဘာလထုတ်တွင် ပထမဆုံး ပုံနှိပ်စာမူအဖြစ် 'ရန်ကုန်မြို့အလယ်'ဝတ္ထုတိုကို ဖော်ပြ။

၁၉၇၁-၇၅ - မိုးဝေစာပေမဂ္ဂဇင်းတွင် ဝတ္ထုတိုဆောင်းပါးဘာသာပြန်ရေးသား။

၁၉၇၇ - ပထမဆုံး လုံးချင်းဝတ္ထု (လက်ဘဒီပချစ်သူ)

၁၉၇၈ - ရှုမဝရုပ်စုံမဂ္ဂဇင်းတွင် ဝတ္ထုတို၊ ဝတ္ထုရှည်များစတင်ရေးသား။

၁၉၇၈ - စပယ်ဖြူ၊ ရွှေစင်နှင့်ထား ဝတ္ထုရှည်သုံးပုဒ် စုစည်းမှု။

၁၉၇၉ - ချစ်သောပါဒကေရီ

၁၉၇၉ - နှင်းကေသရာချစ်တဲ့ သူရဲကောင်း

၁၉၈၀ - သုဝဏ္ဏဘူမ္မိငရဲ သုဝဏ္ဏဘုမ္မိနိဗ္ဗာန်

၁၉၈၀ - ကသောလက်နှင့် ရက်စက်သောမျက်နှာ

၁၉၈၁ - ခုနှစ်အိမ်တန်းက မဂျမ်းဘုံ

၁၉၈၂ - ကောင်းလှချည်လား ဒေါင်းမြကြည်နှင့် ဝတ္ထုတိုများ

၁၉၈၂ - ဘုရင့်ကချေသည်နှင့် ရာဇဝင်ဝတ္ထုရှည်များ

၁၉၈၂ - မလေးမဏိစန္ဒာ (မောင်ဝဏ္ဏနှင့်အတွဲ)

၁၉၈၃ - (သဘင်မဂ္ဂဇင်း၊ တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူ)

၁၉၈၃ - တိမ်တိမ်တွေ ဖုံးပါလို့ အုံးမြိုမ့်မြိုမ့်ည

၁၉၈၄ - တရွှေနှင့် အခြားဝတ္ထုတိုများ

၁၉၈၄ - ပန်းမှုံဝေ လုံးချင်းဝတ္ထု (ပ + ဒု)

၁၉၈၅ - အဆိပ်နှင့် ကမ္ဘာတစ်သိန်းဝတ္ထုရှည်နှစ်ပုဒ်စုစည်းမှု။

၁၉၈၅ - ချစ်သူမင်းနန္ဒာ

၁၉၈၆ - ရွှေတိုက်စိုး

၁၉၈၆ - လက်ဘဒီပချစ်သူ လုံးချင်းသရုပ်ပြ (ပန်းချီဝသုန်)

၁၉၈၆ - ဒေဝန္တရာနှင့် တွေ့ဆုံခြင်း

၁၉၈၆ - မဟာသေနာပတိ

၁၉၈၆ - အနုပညာဝေဖန်ရေးစာပေစာတမ်း (စာပေဗိမာန် စာတမ်းဖတ်ပွဲတွင် တင်သွင်းဖတ်ကြားခဲ့သည်။)

၁၉၈၇ - ဥပေက္ခာဒေဝီ (ပ + ဒု)

၁၉၈၇ - ပန်းခြွေလက်

၁၉၈၈ - စောင်းသံနှင့် ဗုဒ္ဓယဉ်ကျေးမှုဝတ္ထုများ

၁၉၈၉ - ငြိမ်းချမ်းရေးမဟာတမန်

၁၉၈၉ - ဗုဒ္ဓယဉ်ကျေးမှုဝတ္ထုတိုပေါင်းချုပ်

၁၉၈၉ - ရတနာဝီရိအကျဉ်းသား

၁၉၉၀ - ကာဠုဗုဒ္ဓရက္ခိတ

၁၉၉၀ - ချစ်သူသုန္ဒရီ

၁၉၉၁ - မဏိစန္ဒာဥဒါန်း

၁၉၉၂ - စာမရှိသို့ ထူးထူးခြား

၁၉၉၂ - ထားမိ၏ ဥက္ကာပျံနှလုံးသား

၁၉၉၃ - ဘဒ္ဒါ

၁၉၉၄ - ရာဇကုမာရ

၁၉၉၃ - ကုန္ဒပတ္တာနှလုံးသား

၁၉၉၄ - နဝရတ်ကိုးသွယ်

၁၉၉၄ - အစီရဝတီနှင့် ကုဏ္ဍလကေသာ

၁၉၉၄ - တရားရှင်နှင့် ရာဟုလာ

၁၉၉၄ - အင္ဂုနီ

၁၉၉၄ - မဟာဒေသစာရီနိဒါန်းနှင့် ဗုဒ္ဓယဉ်ကျေးမှုဝတ္ထုများ

၁၉၉၅ - ဟိမဝန္တာခရီးသည်

၁၉၉၅ - ရှုကွဲစိုးမယားနှင့် အခြားပြိတ္တာများ

၁၉၉၆ - ဝိဇိတာဝီ

၁၉၉၆ - ရှင်စောပု

၁၉၉၆ - လောကဇာတ်ခုံ၊ ဇာတ်ခုံလောက (ဒေါ်ခင်မျိုးချစ်နှင့် ပူးတွဲ)

၁၉၉၇ - တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် ယဉ်ကျေးမှု မျက်နှာစာ လူမှုရေးသိပ္ပံစာအုပ်

၁၉၉၈ - အချစ်ဖြင့် လောင်ကျွမ်းတောက်ပသူများ

၁၉၉၉ - လောကဓံနှင့်လမ်းလျှောက်အတူထွက်ခြင်းလူမှုရေးသိပ္ပံစာအုပ်

၁၉၉၉ - လောကဓံနှင့်လမ်းလျှောက်အတူထွက်ခြင်းလူမှုရေးသိပ္ပံစာအုပ်

၁၉၉၉ - သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေတဲ့စကားများ

၂၀၀၀ - မိမိနှင့် အဝိဇ္ဇာဏကများ

၂၀၀၀ - မငြိမ်းသာရဲ့ ရွှေနန်းတော်နှင့် မဂ္ဂဇင်းဝတ္ထုရှည်များ

၂၀၀၂ - သန္တိသုခနိုင်ငံတော်သို့ ပထမခြေလှမ်းများ

www.burmeseclassic.com

www.burmeseclassic.com

## ထပ်မံပုံနှိပ်ထုတ်ဝေသော စာအုပ်များ

| | |
|---|---|
| လက်ာဒီပချစ်သူ | - ၁၉၇၇၊ ၁၉၇၉၊၁၉၈၁၄၊၁၉၈၈၊ ၁၉၉၄၊ ၁၉၉၉နှင့် ယခု ၂၀၀၂ |
| ချစ်သောပါဒကေရီ | - ၁၉၇၉၊ ၁၉၈၆၊ ၁၉၉၆ |
| နှင်းကေသရာချစ်တဲ့သူရဲကောင်း | - ၁၉၇၉၊၁၉၈၄၊၁၉၉၈ |
| သုဝဏ္ဏဘုမ္မိင်ရဲ့ သုဝဏ္ဏဘုမ္မိနိဗ္ဗာန် (သုဝဏ္ဏဘုမ္မိဝေဒနာသို့အမည်ပြောင်း) | - ၁၉၈၀၊ ၁၉၉၁၊ ၁၉၉၄ |
| ကသောလက်နှင့် ရက်စက်သောမျက်နှာ | - ၁၉၈၀၊ ၁၉၉၅ |
| ခုနှစ်အိမ်တန်းက မဂျမ်းဘုံ | - ၁၉၈၁၊ ၂၀၀၁ |
| ငြိမ်းချမ်းရေးမဟာတမန် | - ၁၉၈၉၊ ၁၉၉၅၊ ၁၉၉၉ |
| အဆိပ်နှင့် ကမ္ဘာတစ်သိန်း | - ၁၉၈၅၊ ၁၉၉၂၊ ၂၀၀၀ |
| ရာဇကုမာရ | - ၁၉၉၃၊ ၁၉၉၇ |
| ရွှေတိုက်စိုး | - ၁၉၈၆၊ ၁၉၉၉ |
| မဏိစန္ဒာဥဒါန်း | - ၁၉၉၁၊ ၁၉၉၉၊ ၂၀၀၁ |
| မဟာသေနာပတိ | - ၁၉၈၆၊ ၂၀၀၂ |
| ဝိဇိတာဝီ | - ၁၉၉၆၊ ၂၀၀၁ |
| ဥပေက္ခာဒေဝီ | - ၁၉၈၇၊ ၂၀၀၂ |
| ရတနာဂီရိအကျဉ်းသား | - ၁၉၈၉၊ ၁၉၉၉ |
| ရှင်စောပု | - ၁၉၉၆၊ ၂၀၀၁ |
| နဝရတ်ကိုးသွယ် | - ၁၆၆၄၊ ၁၉၉၉ |
| သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေတဲ့ စကားများ | - ၁၉၉၉၊ ၂၀၀၁ |
| ရက္ခစိုးမယားနှင့် အခြားပြိဇ္ဇာများ | - ၁၉၉၅၊ ၂၀၀၂ |

## ပုံနှိပ်ထုတ်ဝေရန် စီစဉ်နေဆဲ 'စာအုပ်များ

- မှူးမတ်များနှင့်တွေ့ဆုံခြင်း
- ဗုဒ္ဓယဉ်ကျေးမှုဝတ္ထုတိုပေါင်းချုပ်
- ဝသုန္ဒြေမြေသိကြားစေသက်သေညွှန်း
- နှင်းကေသရာချစ်တဲ့ သူရဲကောင်း (စတုတ္ထအကြိမ်)
- အမိဋ္ဌာန ကုမာရ
- ချစ်သူသုန္ဒရီ (ဒုတိယအကြိမ်)
- အတုံးလိုက်အတစ်လိုက်နှင့် စာပေအနုပညာ
- နေမင်း၊ လမင်း သိန်းရာထောင်
- အဂ္ဂနိ (ဒုတိယအကြိမ်)
- ချစ်သူမင်းနန္ဒာ (ဒုတိယအကြိမ်)
- ချစ်သောပါဒကေရီ (စတုတ္ထအကြိမ်း
- ရာဇာကုမာရ (တတိယအကြိမ်)
- သုဝဏ္ဏဘုမ္မိဝေဒနာ (စတုတ္ထအကြိမ်)
- အချစ်ဖြင့်လောင်ကျွမ်းတောက်ပသူများ (ဒုတိယအကြိမ်)
- လောကဇာတ်ခုံ၊ ဇာတ်ခုံလောက (ဒုတိယအကြိမ်) (ခင်မျိုးချစ်နှင့်ပူးတွဲ)

www.burmeseclassic.com